| သင်္ချာဘာဝ ဖော်ပြတိ | ၃၈၁ |
| သင်္ချာ သံတွဲတိ သောတိုင် | ၃၉၂ |
| သဒ္ဒ | ၃၄၀ |
| သစ်ဝ ဘာယုံ | ၃၅၅ |
| သညာဂဟိကာ သာ သုတ် | ၄၁၃ |
| သညာသုတ် | ၄၁၁ |
| သညာသုတ် ၂-မျိုး | ၄၁၁ |
| သတ္တသုဒ္ဓဘာ | ၃၇၅ |
| သတေသော သတသ ရုံသိ | ၃၉၂ |
| သတသ နိုက် နိုသတ် | ၃၉၁ |
| သတ္တမီ သရုပ်သော | ၃၇၅ |
| သတ္တမီ ဖော်ပြတိ | ၃၈၀ |
| သတ္တမီတိနှာ ဝိကာရ | ၃၅၉ |
| သတ္တမီဝိဘတ် | ၃၉၄ |
| သတ္တမီ သုဒ္ဓသမ္ဗန် | ၃၇၈ |
| သတ္တမီယိတ် | ၃၅၆ |
| သတ္တာ စ သာဓိုလ္လော စ ဓမ္မ သေသော် | ၃၈၃ |
| သတ္တာ စ သာဓိုလ္လော စ ဓမ္မ သေသန္ဓ | ၃၈၃ |
| သတ္တာဒီဂိုဏ်း | ၃၃၈ |
| သဒ္ဒ ဘာဝိသိနိ | ၃၄၉ |
| သဒ္ဒတ္တ ဘာဝိသိနိ | ၃၅၀ |
| သဒ္ဒသမာသ် | ၃၆၈ |
| သဒ္ဒတ္ထသမာသ် | ၃၆၉ |
| သဒ္ဒတ္ထသရူပကသေသ | ၃၉၀ |
| သဒ္ဒသရူပကသေသ | ၃၉၀ |
| သဒ္ဓိ | ၃၂၀/၃၂၃ |
| သန္တေနာ့ နိမ္မိတ် | ၃၄၅ |
| သန္ဓိ ၃-မျိုး | ၃၂၀ |
| သန္ဓိ ၇-မျိုး | ၃၂၀ |
| သန္ဓိဒွေသန္ဓိ | ၃၂၃ |
| သန္ဓိဒွေသ ရုဿသန္ဓိ | ၃၂၃ |
| သဗ္ဗ ဝိဂ္ဂဟ | ၄၁၀ |
| သမ္ဗိုလာယ ဝိဂ္ဂဟ | ၄၁၀ |
| သမ္မာန | ၃၄၃ |
| သမ္ပို သမ္ပို | ၃၈၉ |
| သမ္ဗန္ဓကြိယာဗျာပိကာရုပ | ၃၄၁ |
| သမ္ဗန္ဓကြိယာဗျာပိ-ကာရုပ ၂-မျိုး | ၃၄၀ |
| သမ္ဗန္ဓနာမ် | ၃၃၀ |
| သမ္ဗန္ဓနာမ် ၁၀-မျိုး | ၃၃၂ |
| သမ္ဗ သမ္ဗန္ဓနာမ် | ၃၃၃ |
| သမ္ဗသရူပကသိဒ် | ၃၈၉ |
| သမာဝတ်ဃိုင် | ၃၃၇ |
| သမာဝေပကာဟိတ် | ၃၅၇ |
| သမ္ဘာဝနာရုပ | ၃၄၁ |
| သမ္ဘာဝနိ ၂-မျိုး | ၃၄၇ |
| သမ္ဘာဝနိ ၃-မျိုး | ၃၄၇ |
| သမ္ဘာဝနိတ္တိထေ | ၃၈၄ |
| သမ္ဘာဝနိတ္ထေ | ၃၉၂ |
| သမ္ဘာဝနိသာရ | ၄၀၇ |
| သမ္ဘူသဘော | ၃၈၁ |
| သမ္ဘာဝကာဟိတ် | ၃၅၆ |
| သမ္ဘူ | ၃၅၂ |

http://www.dhammadownload.com




| | |
|---|---|
| သမ္ဘန် ဘာလုံ ဆေးစုံ တို့အကာရာ | ၃၅၂ |
| သမ္ဗုသမ္ဘ | ၃၉၁ |
| သမ္ဗုဒ္ဓပါလ | ၃၈၄ |
| သမ္ဗုပါလ | ၃၉၃ |
| သမ္ဗုသမ္ဗန် | ၃၅၃ |
| သမ္ဗုကြရာမ် | ၃၃၂ |
| သမ္ဗုဒ္ဓိတ် ဗုဒ္ဓေ | ၄၁၀ |
| သမ္မာလာကမ္မာရုံး | ၃၇၅ |
| သမဏကြာတ္တကာ | ၃၃၂/၃ |
| သမဏသ ရောဓော သစ္စ | ၃၄၇/၈ |
| သမဝါယ | ၃၅၅ |
| သမာဟာရဒ်ိ | ၃၇၆ |
| သမာဟာရန်ိ | ၃၈၂ |
| သမိယသမ္ဗန် | ၃၅၃ |
| သမ္ဗုယတ္တပါလ | ၃၈၃ |
| သမ္ဗုတ္တန် | ၃၈၂ |
| သမ္ဘူတကန္တိ | ၃၈၆ |
| သမ္ဘူတသမ္ဗန် | ၃၅၃ |
| သမာသ် | ၃၆၇ |
| သမာသ် ၆-မျိုး | ၃၇၀ |
| သမာသ်ပြင်/ မပြင်သော ဒွန် | ၃၈၃ |
| သမာသ်နာမ် | ၃၃၀ |
| သမာသ်ပါလ ဥဏ်း- | ၃၈၃ |
| သမာသ်သုဒ္ဓနာမ် | ၃၃၁ |
| သယံကတ္တား | ၃၄၂ |
| သယ္ဗု | ၃၃၆ |
| သရ ၈-လုံး | ၃၁၈ |
| သရုပ် ရုပကယာ | ၃၆၂ |
| သရုပကတ်သမ္ဗန် | ၃၂၃ |
| သရုပကော ဝသမ္ဗန် | ၃၂၀/၂ |
| သရုပ်တာ ရသမ္ဗန် | ၃.၂၃ |
| သရုပ်မ္ဗန် | ၃၂၀ |
| သရုပဝသမ္ဗန် | ၃၂၂ |
| သရုပ ဝေသသမ္ဗန် | ၃၂၂ |
| သရူပေကသေသ | ၃၈၉ |
| သရူပေကသိသ် ၂-မျိုး | ၃၈၉ |
| သရူပေကသိသ် ၃-မျိုး | ၃၉၀ |
| သလ္လမ်နေ့ | ၃၇၇ |
| သဝိကတ္တာ | ၃၈၂ |
| သသာမုန် | ၃၆၅ |
| သသတ္တု | ၃၅၅ |
| သသတ္တုဏ ပောဂ္ဂိယ | ၃၈၂ |
| သသာသော၈ | ၃၅၅ |
| သသာဒ်းယော၈ | ၃၅၅ |
| သသာပ် ဝေဒနေ | ၃၅၅ |
| သာဓန ၇-မျိုး | ၄၀၆ |
| သာဓနကြိယာ | ၃၆၆ |
| သာမညတန္တိ | ၃၈၅ |
| သာမညတန္တိ ၁၅-မျိုး | ၃၈၅ |
| သာမည-ဓသော နာမ် ၄-မျိုး | ၃၂၉ |
| သာမညနာမ် | ၃၂၉ |
| သာမဏ နာမ်မ်ံ | ၃၆၆ |
| သာမိသော ပုဒ်သုံး ပြဓမ် | ၃၃/၃/၄ |
| သာမိသော ပုဒ်သေ့ ပြဓမ် ပါဌ- | ၃၃ |
| သာမိကော ဓာရ | ၃၅၀ |
| သာမိသမ္ဗန် | ၃၅၃ |
| သာမူဟိကနာမ် | ၃၃၀/၂ |
| သာ, ရာ | ၃၃၅ |
| သာဝိုန်ဏာ | ၃၉၃ |
| သာဓေတာသမ္ဘိ | ၄၁၄ |
| သာသနေ ဓာတ် | ၃၅၂ |
| သျှာ သုဋ္ဌုပ် | ၃၂၇ |
| သိတ္တာ အဆို | ၃၅၇ |
| သိလေသာ ဗုဒ္ဓေါ | ၃၅၇ |
| သိသာဝတ်ိ သတ်တာရ | ၄၁၂ |
| သိတ်ဝိသော ဆ္ဓ သတ်တာရ | ၄၁၂ |
| သုတ္တသ ဘာဓေါ် သုတ္တတ် | ၃၈၇ |
| သုံသတော် | ၃၆၀/၃၉၉/၄၀၀ |
| သုတ် | ၄၁၁ |
| သုတ် ၄-မျိုး | ၄၁၁ |
| သုဒ္ဓ ဗောဓ တတ္တု သာဓနေ ၂-မျိုး | ၄၀၉ |
| သုဒ္ဓ တတ္တုသာဓနေ | ၄၀၉ |
| သုဒ္ဓ တဒ္ဓသာဓနေ | ၄၀၉ |
| သုဒ္ဓ ဗောဓတဒ္ဓသာဓနေ ၂-မျိုး | ၄၀၉ |
| သုဒ္ဓတတ္တုန်သ် ၆-မျိုး | ၃၇၇ |
| သုဒ္ဓနာမ် ၄-မျိုး | ၃၃၀ |
| သုဒ္ဓလိင်္ဂ | ၃၅၄ |
| သုဝဏ္ဏ ထည်း ကဓောတ် | ၃၄၅/၃၄၆ |
| သုဝဏ္ဏသော ဂုဏ်သိ | ၃၅၃ |
| သော ဝတာရော တတာ- | ၃၈၅ |
| သော ဝတ္တမယံ | ၃၈၇ |
| သုတ္တ တန္တိ | ၃၈၈ |
| သွာဒိတတ်ိတာဓ ဂတ် | ၄၀၃ |
| သွာဒိ တနာဒိ ထင်ိက ဗတ်- | ၄၀၄ |
| ဟဒ္ဓိတုန္နသော ပြဓမ် | ၃၄၉ |
| ဟိယျတ္တနိဝိဘတ် | ၃၉၅ |
| ဟိနုသာရက် | ၃၆၅ |
| ဟိတ် | ၃၅၆ |
| ဟိတ်, ယကျလ ဆေးစုံ တို့အကာရာ | ၃၅၂ |
| ဟေတုကတ္တား | ၃၄၂ |
| ဟေတုတတ္တုသာဓနေ | ၄၀၉ |
| ဟေတု တဒ္ဓသာဓနေ | ၄၀၉ |

http://www.dhammadownload.com



➢ ယ (၃)မျိုး ။ ။ ယဓာတ်နှင့်သာသော,သော သုတ်တို့တွင် ဖိုက်ဘ်သော ယ သည် "ဘာဝေ–ယ" မည်၏၊ အနက်တော ယော ကျန်–သုတ်တို့တွင် သာယ ရှေ့တော ရှေ့မှာ တတ်တိုးနေရာ၌ လာသော 'ယ'သည် "ဘာဝေ–ယ" မည်၏၊ ဘာဝကနေ့ယူ ယော၊ ဒိထိ ယော ယော–သုတ်တို့တွင် သက်ဆိုင်သော 'ယ'သည် "ပစ္စည်း–ယ" မည်၏၊

# ၁၃၆၇ (၂၀၀၆) ခုနှစ် ရန်ကုန်တိုင်း မေးခွန်း

၁။ အောက်ပါတို့ကို သုတ်၊ ဝုတ္တိ၊ ဥဒါဟရဏ် ကုန်စင်အောင် ဖော်ပြရေးပါ၊

(က) ကိတ်ပစ္စည်းတို့၏ သက်ရာ ကာလကို ပြဆိုသော သုတ်၊ (ခ) ကိတ်ပစ္စည်းတို့၏ သက်ရာ သာ နေရာကို ပြဆိုသော သုတ်၊

(က) အဖြေ– တာ သဘော တော တော ထိတာ (ခ) အဖြေ– တတ္တ နိုတ် [စာမျက်နှာ (၄၂၆) ကြည့်]

၂။ အောက်ပါတို့တွင် (က–ခ–ဂ)တို့ကို အညွှန်းပါဠိနှင့်ယှဉ်၍ ရေးပြလည်းကောင်း (ဃ–င)တို့ကို ပိုဒ်ဖြတ်၍ အနက် ပေးလျှင်ရေးပြလည်းကောင်း အနက်ပေးပါ၊ (က) အညွှ ဒိသာ၊ (ခ) အညွှာ တော ဝေး၊ (ဂ) အညွှန်းသုခ၊ (ဃ) မဇ္ဈာ၊ (င) မှုန်း

အဖြေ– ပထမတွဲ စာမျက်နှာ – ၁၁/ ၄၁၁/ ဒုတိယတွဲ– ၄၃–တို့ကို ကြည့်ပါ၊

(ဃ) မဇ္ဈာ –အမျှင်မျှင် လုံးထွေးသော်ထုတ်တတ်သော ထက်ဝန်းသည့် ထက်ရှေ့သမား၊ (င) မှုန်–အကျိုး၌ အကျိုးခံကို သိတတ်သော ရသေ့ရဟန်း၊ (တစ်နည်း) မှုန်–ဒေ ယျာကရာ ဆိုတို့ ထက္ကော အမျိုးသည်တို့၏ အခွင်းကြွင်း သိတတ်သော ရဟန်း [ပြ] စာ အုပ် စာမျက်နှာ – ၂၉၁/ ၃၀၃ ကြည့်]

၃။ ဝဏ္ဏ သုတ္တဟိတာဝေတ္တ သုသန့်ကုန်–၌ (က) ဝဏ္ဏမိ–ကို ဘာ ချာ တ်ရှင်၊ (ခ) သုတ္တဟိတာဝေတ္တ–ကို ယသမ္မေ၊ (ဂ) သန့်–ကို ကိတ်ဝိဂ္ဂဟပြု၍ပြီး၊ (ဃ) ထပ်–၌ ဖြစ်သင့်သော ဝိဘတ်ကို သက်ရာ အနက်နှင့်တကွ ဖော်ပြရေးပါ၊ [သဒ္ဒါနိဒ္ဒိသ် အတွက် ထော ကြည့်ပါ]

၄။ အသော ရသေ့ယောကနေ ယော သွမ်–သုတ်၌ တော တော–ဘ ရ ပုဒ်လုံးဆိုထုတ်ကို သုတ်သော ထံနှင့်တကွ ဖော်ပြပြီးလျှင် အဝါ ဒိဏ္ဍ တော တော–၌ ထံနှစ် ထိပ်ရှိ အတယ်သည့် အဓိပ္ပါယ်ကြောင့် အကယ်တ်ပြဲရမည်နည်း? ထုတ္တိနှင့် အော တ်၍ ဖော်ပြပါ၊ [ပ–အုပ် စာမျက်နှာ –၁၀၈/ ၂၁၁

၅။ (က) အနုဿာဝေဘာ၊ (ခ) ဓမ္မနိဿော–တို့ကို အဓိပ္ပါ+အပေါင်း ဝိဂ္ဂဟပြု၍ ဝိဂ္ဂဟအားလျော်စွာ ဖြစ်သင့်သော သမာသ်၊ တဒ္ဓိတ်အမည်တို့ကို သုတ်ပြီးလျှင် ဟူမာ တံနောင် အဝိဘာ၌ ဝရသတ်၊ ဝဓာရုဝ်၊ ဆောရှိကတ်ကြွင်း ပြီးနိုင်သော ရုပ်ကိုလည်း ဖော်ပြရေးပါ၊

[ပထမအုပ် ၃၆၈/ ၅၆၈/ ၅၃၅–တို့ကို ကြည့်ပါ]

၆။ သော ပုညာ နိ ကာ တဝေ ဝုတ္တတိ–ပုဒ်၌ သမာ ရကတ္တုတစ်ပုဒ်ကို ရှင်းပြ၍ အော တ်ပါ ပစ္စည်းတို့ကိုလည်း ထူးခြားချက်နှင့်တကွ ဖော်ပြရေးပါ၊

(က) တောကာ လိတပစ္စည်း၊ (ခ) နိတာ လိတပစ္စည်း [ဒုတိယအုပ်–၁၀၇/ ၁၆၈–တို့ကို ကြည့်ပါ]

၇။ အဘ္ဗနော ဝဒေိ ဝရသတတ္တ–သုတ်တွင် အသယ်တရာ မျှ၌ အဘ္ဗနော ပုဒ်ကို ဝရသတ်ပုဒ် ဖြစ်နေရမည်ဟု ဆော်ပြ၍ ဒိသသ ပသ ဒိသ သတ္တာ ဝါ– သုတ်တွင် ဒိသယ်ပြုရာ၌ လိုက်ရာ ရသည့် ရောက်မှုတို့ကိုလည်း အကြောင်းနှင့်တကွ ဖော်ပြရေးပါ၊ [ဒုတိယအုပ်–၁၂၁ ၀၀–တို့ကို ကြည့်ပါ]

၈။ သိမာ/ သိမာ –ဟူ၍ ပိုင်းခြားမှတ်ထားရာ အနိုင်ဖြတ်သော ပိုင်ကို ပူဆုံးဒိ ဘလိုက် အကြောင်းပြ ဆုံးဖြတ်ပြီးလျှင်၊ ဘဝိတဝ္ဂ ဘဝတာ ပဉ္စနုန်–ဝယ် ဘဝိတဝ္ဂ–ဟူသော ဘော တော ကြိယာ၌ ပထမာ ကောဝုဒ် သိဝိဘတ်သော သက်ရှင်ခြင်းအကြောင်း ကိုလည်း ဖော်ပြရေးပါ၊ [ဒုတိယအုပ်– ၂၅၄/ ၁၅၂]

၉။ ဃဝိနော –ကို ပူဆုံးနှင့်အညီ ထိုက်ရုပ်အောင်တွက်ပြပြီးနောက် နိဂ္ဂဟိနည်း ဝါစနိုက်ကိုလည်း အစဉ်တကွ ရေးတွက်ပြပါ၊

[ဃဝိနော ရုပ်တွက်ပုံ သဒ္ဒါရုပ်တွက် အတွက် ထော ကြည့်ပါ၊ နိဂ္ဂဟိဝါဒများ ဒုတိယအုပ်– ၃၁၂ ကြည့်ပါ]

၁၀။ အောက်ပါတို့၏ အထူးကို ပုဒ်ဖော်ချွန်းနှင့်အညီ ဖော်ပြရေးပါ၊

(က) သဒ္ဒနေကသေသနှင့် ဝိရူပေကသေသ၏ အထူး၊ (ခ) ကော့ဆာ တ်နှင့် နာဓော တ်၏ အထူး [ဒုတိယအုပ်–(က) ၃၈၇ (ခ) ၄၀၀ ကြည့်ပါ]

http://www.dhammadownload.com

# သဒ္ဒါအောင်ပန်း

## (ဒုတိယတွဲ)

### နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### အာချာတကဏ္ဍ

➤ **အာချာတ်ကျမ်း၏ မဟာသမုဒ္ဒရာအလား ကြီးကျယ်ခမ်းနားပုံ**

(က) အာချာတသာဂရ မထင္ဂတနီတရင်္ဂံ၊ ဓာတုဇ္ဇလံ ဝိကရဏာဂမကာလမီနံ။
လောပါနုဗန္ဓရိယမတ္ထဝိဘာဂတီရံ ဓီရာ တရန္တု ကဝိနော ပုထုပုဗ္ဗိနာဝါ။

(က) အထ၊ထိုတဒ္ဓိတ်ကျမ်း၏ အခြားမဲ့၌။ဝုစ္စမာနံ၊ဆိုအပ်လတ္တံ့သော။အင္ဂတနီ တရင်္ဂံ၊အင္ဂတနီဝိဘတ်ဖြင့် မှတ်အပ်သော ဝိဘတ်ရှစ်မျိုး လှိုင်းတံပိုးလည်းရှိထသော။ ဓာတုဇ္ဇလံ၊ဓာတ်ဟူသော ရေလည်းရှိထသော။ဝိကရဏာဂမကာလမီနံ၊ဝိကရဏပစ္စည်း အာဂုံ, ကာလ-ဟူသော ငါးလည်းရှိထသော။လောပါနုဗန္ဓရိယံ၊အနုဗန် ဏာအက္ခရာကျေခြင်း,စသော ညွန်လည်းရှိထသော။အတ္ထဝိဘာဂတီရံ၊အနက်ကိုဝေဖန်ရာ သဒ္ဒါဟူသော ကမ်းလည်းရှိထသော။အာချာတသာဂရံ၊အာချာတ်ကြီယာတည်းဟူသော သမုဒ္ဒရာကို။ ကဝိနော၊နှစ်သက်ဖွယ်စကားကို ဆိုတတ်ကုန်သော။ဓီရာ၊ပညာရှိတို့သည်။ပုထုပုဗ္ဗိနာဝါ- ပုထုပုဗ္ဗိနာဝါယ၊ကြီးကျယ်ခိုင်ခြေ ပညာတည်းဟူသော လှေ, သင်္ဘောဖြင့်။တရန္တု၊လွယ်ကူရောက်အောင် ကူးမြောက်နိုင်ကြကုန်၏။

➤ **အာချာတ်ကျမ်း၏ ကြီးကျယ်ခမ်းနားပုံနှင့် ဥပမာ ။ ။** (၁) အင္ဂတနီ,စသော ဝိဘတ်ရှစ်မျိုးသည် လှိုင်းတံပိုးနှင့် တူပါသည်။ (၂) ဓာတ်သည် ရေနှင့် တူပါသည်။ (၃) ဝိကရဏပစ္စည်း, အာဂုံ, ကာလတို့သည် ငါးနှင့်တူပါသည်။ (၄) ဏာအနုဗန်ကျေခြင်း သည် ညွန်(ရေအဟုန်)နှင့် တူပါသည်။ (၅) အနက်ကိုဝေဖန်ရာ သဒ္ဒါသည် ကမ်းနှင့် တူပါသည်။ (၆) အာချာတ်ကြိယာသည် သမုဒ္ဒရာနှင့် တူပါသည်။ (၇) ကြီးကျယ်ခိုင် ခြေသော ပညာသည် လှေသင်္ဘောနှင့် တူပါသည်။

**မေး ။ ။** အာချာတ်ကျမ်း၏ သမုဒ္ဒရာ,စသည်တို့နှင့် တူပုံကို ဥပမာန-ဥပမေယျ နှိုင်း ယှဉ် ပြပါ။

**ဖြေ ။ ။** (၁) သမုဒ္ဒရာနှင့် အာချာတ်ကျမ်း၊ (၂) လှိုင်းတံပိုးနှင့် ဝိဘတ်ရှစ်သွယ်၊ (၃)

http://www.dhammadownload.com



ရေနှင့် ဓာတ်၊ (၄) ငါးနှင့် ဝိကရဏပစ္စည်း, အာဂုံ, ကာလ၊ (၅) ညွန်နှင့် အနုဗန် ဏ အတွရာကျေခြင်း၊ (၆) ကမ်းနှင့် အနက်ကိုဝေဖန်ခြင်း၊ (၇) လေ့သဘော်နှင့် ကြီးကျယ်သော ဉာဏ်ပညာ ဖြစ်ပါသည်။

(၁) ဝိစိတ္တသဒ္ဒါရပရိက္ခိတံ ဣမံ၊ အာချာတသဒ္ဒံ ဝိပုလံ အသေသတော။
ပဏမျ သမ္ဗုဒ္ဓ မနန္တဂေါစရံ သုဂေါစရံ ယံ ပဒတော သုဏာထ မေ။

(၁) အနန္တဂေါစရံ၊အဆုံးမရှိ အာရုံကိုသိနိုင်သော သဗ္ဗညုတဉာဏ်ရှိတော်မူထသော။သုဂေါစရံ၊နိဗ္ဗာန်တည်းဟူသော ကောင်းသောအာရုံ ရှိတော်မူထသော။သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ပဏမျ၊ရှိခိုးပြီး၍။ယံ အာချာတသဒ္ဒံ၊အကြင်အာချာတ်ကျမ်းကို။(အာချာတ-သဒ္ဒါကို)။ဝဒတော၊ဆိုလတ္တံ့သော။မေ-မမ၊(ကစ္စည်းဆရာ) ငါ၏ အထံမှ။ဝိစိတ္တသဒ္ဒါရပရိက္ခိတံ၊ဆန်းကြယ်သော ကြိယာတို့ဖြင့် ခြံရံအပ်သော။ဝိပုလံ၊ပြန့်ပြော ကျယ်ဝန်းထသော။ဣမံ အာချာတသဒ္ဒံ၊ဤအာချာတ်ကျမ်းကို။(သဒ္ဒါကို)။အသေသတော၊အကြွင်းအကျန် မရှိသောအားဖြင့်။သုဏာထ၊နာယူမှတ်သား ဆောင်ထားကြကုန်လော။

➤ **အရှင်ကစ္စည်းမထေရ် အာချာတ်ကျမ်းကို မရေးသားမီ ဘုရားရှင်ကို ရှိခိုးရခြင်း အကြောင်း ။ ။** ဘုရားရှင်သည် အဆုံးမရှိ အာရုံကို သိနိုင်သော သဗ္ဗညုတဉာဏ်တော် ရှိတော်မူသောကြောင့်ရင်း၊ နိဗ္ဗာန်တည်းဟူသော ကောင်းသောအာရုံ ရှိတော်မူသော ကြောင့်ရင်း၊(ဝါ) အရဟတ္တဖိုလ်တည်းဟူသော ကောင်းသောအာရုံ ရှိတော်မူသော ကြောင့်ရင်း၊ ရှင်ကစ္စည်းမထေရ်သည် ဘုရားရှင်ကို ရှိခိုးရပါသည်။

➤ **အာချာတ်ကျမ်း၏ ဂုဏ်အင်္ဂါ ။ ။** (၁) ဆန်းကြယ်သော ကြိယာတို့ဖြင့် ခြံရံခြင်း၊ (၂) ပြန့်ပြော ကျယ်ဝန်းခြင်း-တို့ ဖြစ်ပါသည်။

➤ **သုဏာထ-အရ ။ ။** နီတတ္ထအားဖြင့် အရှင်ကစ္စည်းမထေရ်၏ ကရုဏာပြဋ္ဌာန်းသော မဟာကြိယာစိတ္တုပ္ပါဒ်ကို ယူရပါမည်။ နေယျတ္ထအားဖြင့် အာချာတ်ကျမ်းကို သင်ကြားလတ္တံ့သော စာသင်သားအပေါင်း၏ ဆန္ဒ, ဝီရိယ, ဉာဏ်ပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်ကို ယူရပါမည်။

➤ **အထ-သဒ္ဒါ ဟောနိုင်သော အနက်များ**

(၈) အဓိကာရေ မင်္ဂလေစေဝ၊ နိပ္ဖန္နေ စာဝဓာရဏေ။
အနန္တရေစ ' ပါဒါနေ၊ အထသဒ္ဒေါ ပဝတ္တတိ။

(၈) အထသဒ္ဒေါ၊(နိပါတ်) အထ-သဒ္ဒါသည်။အဓိကာရေ၊အဓိကာရအနက်၌ရင်း။မင်္ဂလေစေဝ၊မင်္ဂလာအနက်၌ရင်း။နိပ္ဖန္နေစေဝ၊ပြီးခြင်းအနက်၌ရင်း။အဝဓာရဏေစ၊အဝဓာရဏ အနက်၌ရင်း။အနန္တရေစ၊အခြားမဲ့အနက်၌ရင်း။အပါဒါနေစ၊အပါဒါန်အနက်၌ရင်း။ပဝတ္တတိ၊ဖြစ်၏။

http://www.dhammadownload.com



➤ **ဝိဂ္ဂဟ မပြုကောင်းသော ပုဒ်များ ။ ။** (၁) ရုဠှီနာမ်ပုဒ်၊ (၂) အာချာတ်ပုဒ်၊ (၃) ဥပသာရပုဒ်၊ (၄) နိပါတ်ပုဒ်၊ (၅) အာလုပ်ပုဒ်၊ (၆) သဗ္ဗနာမ်ပုဒ်-တို့ ဖြစ်ပါသည်။

➤ **ရုဠှီနာမ်ပုဒ်ကို ဝိဂ္ဂဟ မပြုရခြင်းအကြောင်း ။ ။** သကတ်အနက် မရှိသောကြောင့် (တိဿော,စသော) ရုဠှီနာမ်ပုဒ်ကို ဝိဂ္ဂဟ မပြုရပါ။

➤ **အာချာတ်ပုဒ်ကို ဝိဂ္ဂဟ မပြုရခြင်းအကြောင်း ။ ။** သွားခြင်းကြိယာ,စသော သကတ်အနက်ရှိသော်လည်း ကတ္တား,စသော ဒြဗ်မှ အပြင်ကျနေသောကြောင့် (ဂစ္ဆတိ စသော) အာချာတ်ပုဒ်ကို ဝိဂ္ဂဟ မပြုရပါ။

➤ **ဥပသာရပုဒ်, နိပါတ်ပုဒ်ကို ဝိဂ္ဂဟ မပြုရခြင်းအကြောင်း ။ ။** ဒြဗ်အနက်ကို ဟောနိုင်သော ဝါစကသတ္တိ မရှိ၊ ထွန်းပြရုံ ဇောတကမျှသာ ဖြစ်သောကြောင့် (ပ, ပရာ စသော) ဥပသာရပုဒ်၊ (ယထာ, တထာ,စသော) နိပါတ်ပုဒ်ကို ဝိဂ္ဂဟ မပြုရပါ။

➤ **အာလုပ်ပုဒ်ကို ဝိဂ္ဂဟ မပြုရခြင်းအကြောင်း ။ ။** ဒြဗ်အနက်ကို မဟောနိုင်၊ ရှေးရှုကာမျှသာ ဖြစ်သောကြောင့် (ဘောပုရိသ,စသော) အာလုပ်ပုဒ်ကို ဝိဂ္ဂဟ မပြုရ။

➤ **သဗ္ဗနာမ်ပုဒ်ကို ဝိဂ္ဂဟ မပြုရခြင်းအကြောင်း ။ ။** ဒြဗ်နာမ်ကို ဟောသော်လည်း ထင်ထင်ရှားရှား မဟောနိုင်သောကြောင့် သဗ္ဗနာမ်ပုဒ်ကို ဝိဂ္ဂဟ မပြုရပါ။

➤ **နာမ်ဖြစ်လျက် အာချာတ်ဟု ခေါ်ရခြင်းအကြောင်း ။ ။** ပဗ္ဗတ,စသော နာမ်ပုဒ်နောက်၌ အာယပစ္စည်းနှင့် တိဝိဘတ်သက်ထားသောကြောင့် ပဗ္ဗတ,စသော နာမ်ပုဒ်ကို အာချာတ်ဟု ခေါ်ရပါသည်။

➤ **အာချာတ်ဖြစ်လျက် နာမ်ဟုခေါ်ရခြင်းအကြောင်း ။ ။** မာခလိ,စသောပုဒ်သည် အာချာတ်ဖြစ်သော်လည်း ချော်လဲခြင်းကြိယာကို မဟောမူ၍ "မာခလိမည်သောသူ" ဟူသော အနက်ကိုသာ ဟောသောကြောင့် "မာခလိ"ဟူသော အာချာတ်ပုဒ်ကို နာမ်ပုဒ်ဟု ခေါ်ရပါသည်။

➤ **ဝိဂ္ဂဟ ၂-မျိုး ။ ။** (၁) မိမိတတ်၏အနက်ရှိသော တတ်တစ်ပါးဖြင့် ပြုလုပ်ရသော ဝိဂ္ဂဟသည် တဒွတ္တဝိဂ္ဂဟ၊ (ပုံစံ) အာစိက္ခတီတိ အာချာတံ။ [အာပုဗ္ဗ ချာ-ကထနေ ကထနနှင့် အာစိက္ခဏသည် အနက်တူ၏။] (၂) မိမိတတ်ရင်းဖြင့် ပြုလုပ်ရသော ဝိဂ္ဂဟသည် တတုဝိဂ္ဂဟ၊ (ပုံစံ) အာချာယတီတိ အာချာတံ။

(တစ်နည်း) (၁) ကိတ်ကြိယာဖြင့် ပြုလုပ်ရသော ဝိဂ္ဂဟသည် သပဒဝိဂ္ဂဟ မည်၏၊ (ပုံစံ) အာစိက္ခိတဗ္ဗန္တိ အာချာတံ၊ (၂) အာချာတ်ကြိယာဖြင့် ပြုလုပ်ရသော ဝိဂ္ဂဟသည် အသပဒဝိဂ္ဂဟ မည်၏၊ (ပုံစံ) အာစိက္ခတီတိ အာချာတံ။

➤ **အာချာတ်မည်ပုံ ။ ။** ကြိယာကို ဟောတတ်သောကြောင့် အာချာတ်မည်ပါသည်။ (တစ်နည်း) ဂစ္ဆတိ-သွား၏ ဟူရာ၌ သွားတတ်သူဖြစ်သည် မထင်ရှားဘဲ သွားခြင်း ကြိယာ,သာ ထင်ရှားသကဲ့သို့ ကာလ, ကာရက, ပုရိသ်ကို ပြတတ်သော ကြိယာ

http://www.dhammadownload.com



အမှတ်အသားရှိသော ပုဒ်သည် "အာချာတ်" မည်ပါသည်။

➤ **အာချာတ–အရ** ။ ။ ဂစ္ဆတိ, ပစတိ (သွားခြင်း, ချက်ခြင်း) စသော ကြိယာကို ဟောသော ပုဒ်များကို ယူရပါမည်။

**မေး** ။ ။ အဘယ်ကဲ့သော ပုဒ်မျိုးကို အာချာတ်ပုဒ်ဟု ခေါ်သည်ကို ဖြေဆိုပါ။

**ဖြေ** ။ ။ [**အာချာတ်ပုဒ်ခေါ်ပုံ**] ကာလသုံးပါး, ပုရိသ်သုံးပါး, ကာရကသုံးပါး, ဝုစ်နှစ်ပါး ရှိ၍ လိင်ကွဲပြားမှု မရှိဘဲ ကြိယာကို ဟောတတ်သောပုဒ်ကို "အာချာတ်ပုဒ်" ဟု ခေါ်ပါသည်။

➤ **ကာလ–အရ/ ကာလ–ဟူသည်** ။ ။ အတိတ်,စသော ကာလကို ဆိုပါသည်။

➤ **ကာရက–အရ/ ကာရက–ဟူသည်** ။ ။ ကတ္တား, ကံ, ဘောကို ဆိုပါသည်။

➤ **ပုရိသ–အရ/ ပုရိသ်–ဟူသည်** ။ ။ ပဌမ, မဇ္ဈိမ, ဥတ္တမပုရိသ်ကို ဆိုပါသည်။

➤ **ကြိယာ–အရ/ ကြိယာ–ဟူသည်** ။ ။ သွားခြင်း, ချက်ခြင်း,စသော ဓာတ်နက်ကို ဆိုပါသည်။

➤ **ပုရိသ အဓိပ္ပါယ်** ။ ။ စကားဝါကျကို ပြည့်စေတတ်သည်၏ အဖြစ်ကြောင့် "ပုရိသ" မည်ပါသည်။ (တနည်း) ကြိယာ, ကာလ, သင်္ကေတ်, ဗြဲ, ဧကဝုစ်, ဗဟုဝုစ်, သချ်ာ, ကံ,စသော ကာရက-ဟုဆိုအပ်သော အနက်တို့ကို ပြည့်စုံစေတတ်သောကြောင့် "ပုရိသ" မည်ပါသည်။

➤ **အာချာတ်၏ လက္ခဏာ (ဝါ) အာချာတ်ပုဒ်တစ်ပုဒ်ဖြစ်ရန် လိုအပ်သော အင်္ဂါ**

(၁) ပစ္စုပ္ပန်, အတိတ်, အနာဂတ်ဟူသော ကာလသုံးပါးရှိခြင်း၊ (၂) ပဌမ, မဇ္ဈိမ, ဥတ္တမ-ဟူသော ပုရိသ်သုံးပါးရှိခြင်း၊ (၃) ကြိယာကိုဟောခြင်း၊ (၄) ဘော, ကံ, ကတ္တား ဟူသော ကာရကသုံးပါးရှိခြင်း၊ (၅) လိင်သုံးပါး မရှိခြင်း၊ (၆) ဝုစ်နှစ်ပါးရှိခြင်း။

➤ **အာချာတ်သည် လိင်သုံးပါးမှ ကင်းခြင်းအကြောင်း** ။ ။ အာချာတ်သည် ကြိယာကို ဟောသောကြောင့် လိင်သုံးပါးမှ ကင်းပါသည်။

➤ **အာချာတ်သည် လိင်အထူး မရှိခြင်းအကြောင်း** ။ ။ အာချာတ်ကြိယာမည်သည် လိင်၏အစွမ်းဖြင့် မဖောက်ပြန်မူ၍ သာမညအားဖြင့် လိင်သုံးပါးတို့နှင့် ဆက်ဆံခြင်းကြောင့် လိင်အထူး မရှိပါ။ (ပုံစံ) ပုရိသော ဂစ္ဆတိ၊ ဣတ္ထီ ဂစ္ဆတိ၊ စိတ္တံ ဂစ္ဆတိ။

➤ **ဝိဘတ္တိ (ဝိဘတ်) မည်ပုံ** ။ ။ ကာလ,စသည်တို့၏ အပြားအားဖြင့် ဓာတ်အနက်ကို ဝေဖန်တတ်သောကြောင့် "ဝိဘတ္တိ-ဝိဘတ်" မည်ပါသည်။

[**ရှင်းလင်းချက်**] ဂစ္ဆတိ-၌ ဂမုဓာတ်၏အနက်သည် ဂတိအနက်တည်း၊ ဝိဘတ်မပါဘဲ ဂမု-ဟုသာ ဆိုလျှင် ဂတိအနက်ကိုသာ သိရ၏၊ ဂစ္ဆတိ-ဟု ဝိဘတ်နှင့်တွဲဖက်၍ ဆိုသည့်အခါ၌ကား ပစ္စုပ္ပန်ကာလ, ကတ္တုကာရက, ဧကဝုစ်အနက်ကိုလည်း သိရ၏၊ ဤသို့လျှင် တိ, အန္တိ-စသော သဒ္ဒါတို့သည် ဓာတ်နက်ဖြစ်သော ကြိယာတစ်ခုတည်းကို

http://www.dhammadownload.com



ကာလအမျိုးမျိုး ကာရကအမျိုးမျိုး ဝုစ်အမျိုးမျိုးအားဖြင့် ခွဲခြားဝေဖန်တတ်သောကြောင့် "ဝိဘတ်" မည်ပါသည်။

➤ **ဝိဘတ္တိ–အရ** ။ ။ တိ,စသော ဝိဘတ်များကို ယူရပါမည်။

➤ **ဓာတု (ဓာတ်) ခေါ်ပုံ** ။ ။ ကြိယာကို ဆောင်တတ်သောကြောင့် ဓာတု (ဓာတ်) မည်ပါသည်။ ➤ **ဓာတု–အရ** ။ ။ ဘူ,စသော ဓာတ်များနှင့် ခ,စသော ဓာတုပစ္စယန္တ သဒ္ဒါတို့ကို ယူရပါမည်။

➤ **ကြိယာကို ဆောင်ခြင်း အဓိပ္ပါယ်** ။ ။ ကြိယာအနက်ကို ဟောနိုင်ခြင်း ကြိယာအနက်ရှိခြင်းကို "ကြိယာကို ဆောင်ခြင်း"ဟု ဆိုပါသည်။

➤ **ဓာတ် ၂–မျိုး** ။ ။ (၁) သကမ္မကဓာတ်= ကံရှိသော ဓာတ်၊ (ပုံစံ) ကရ ကရောတိ (၂) အကမ္မကဓာတ်= ကံမရှိသော ဓာတ်၊ (ပုံစံ) အစ္ဆတိ၊ သေတိ၊ တိဋ္ဌတိ။

➤ **သကမ္မက အဓိပ္ပါယ်** ။ ။ ကံကိုငဲ့လျက် ကြိယာကိုဟောသော ဓာတ်သည် "သကမ္မကဓာတ်" မည်ပါသည်။

➤ **အကမ္မက အဓိပ္ပါယ်** ။ ။ ကံကို မငဲ့ဘဲ ကြိယာကိုဟောသော အာသ, သိ, ဌာ, စသော ဓာတ်များသည် "အကမ္မကဓာတ်" မည်ပါသည်။

➤ **ဝိကရဏပစ္စည်းတို့၏ အပြားအားဖြင့် ဓာတ် ၇–မျိုးနှင့် အဓိပ္ပါယ်**

(၁) အ,ဟူသော ဝိကရဏပစ္စည်းရှိသော ဓာတ်တို့သည် **ဘူဝါဒိဓာတ်** မည်၏။ (၂) နိဂ္ဂဟိတ်ရှေ့ရှိသော အ,ဟူသော ဝိကရဏပစ္စည်းရှိသော ဓာတ်တို့သည် **ရုဓာဒိဓာတ်** မည်၏။ (၃) ယ,ဟူသော ဝိကရဏပစ္စည်းရှိသော ဓာတ်တို့သည် **ဒိဝါဒိဓာတ်** မည်၏။ (၄) ဏု, ဏာ, ဥဏာ-ဟူသော ဝိကရဏပစ္စည်းရှိသော ဓာတ်တို့သည် **သွာဒိဓာတ်** မည်၏။ (၅) နာ, ပ္ပ, ဏှာ-ဟူသော ဝိကရဏပစ္စည်းရှိသော ဓာတ်တို့သည် **ကိယာဒိဓာတ်** မည်၏။ (၆) ဩ, ယိရ-ဟူသော ဝိကရဏပစ္စည်းရှိသော ဓာတ်တို့သည် **တနာဒိဓာတ်** မည်၏။ (၇) သကတ်အနက်၌ ဏေ, ဏယပစ္စည်းအဆုံးရှိသော ဓာတ်တို့သည် **စုရာဒိဓာတ်** မည်ပါသည်။

➤ **ဝိကရဏပစ္စည်းနှင့် သုတ်များ** ။ ။ (၁) ဘူဝါဒိတော အဲ-သုတ်ဖြင့် အပစ္စည်း၊ (၂) ရုဓာဒိတော နိဂ္ဂဟီတ ပုဗ္ဗဥ္စသုတ်ဖြင့် အပစ္စည်း၊ ၎င်းသုတ် စသဒ္ဒါဖြင့် ဣ, ဤ, ဧ, ဩပစ္စည်း၊ (၃) ဒိဝါဒိတော ယောသုတ်ဖြင့် ယပစ္စည်း၊ (၄) သွာဒိတော ဏုဏာ ဥဏာ စသုတ်ဖြင့် ဏု, ဏာ, ဥဏာပစ္စည်း၊ (၅) ကိယာဒိတော နာသုတ်ဖြင့် နာပစ္စည်း၊ (၆) ဂဟာဒိတော ပ္ပဏှာသုတ်ဖြင့် ပ္ပ, ဏှာပစ္စည်း၊ (၇) တနာဒိတော ဩယိရာသုတ်ဖြင့် **ဩ,** ယိရပစ္စည်း၊ (၈) စုရာဒိတော ဏေဏယာသုတ်ဖြင့် ဏေ, ဏယပစ္စည်း။

➤ **ဝိကရဏပစ္စည်းများ** ။ ။ အ, အ, ဣ, ဤ, ဧ, ဩ, ယ, ဏု, ဏာ, ဥဏာ, နာ, ပ္ပ, ဏှာ, ဩ, ယိရ, ဏေ, ဏယ-အားဖြင့် (၁၇) ပစ္စည်း ဖြစ်ပါသည်။

http://www.dhammadownload.com



မေး ။ ။ အာချာတ်ဂိုဏ်းကြီး (၈)ဂိုဏ်း၏ အမှတ်လက္ခဏာကို သုတ်ထောက်ပြ၍ ဖြေဆိုပါ။ [အာချာတ်ဂိုဏ်းကြီး (၈)ဂိုဏ်းတား]

ဖြေ ။ ။ (၁) ဘူဝါဒိတော အ-သုတ်ကိုထောက်၍ ဘူ,စသောဓာတ်နောင် အပစ္စည်းသက်၍ ပြီးကောင်းသော ဓာတ်အပေါင်းသည် ဘူဝါဒိဂိုဏ်း၊ (၂) ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဉ္စ-သုတ်ကို ထောက်၍ ရုဓ,စသော ဓာတ်နောင် နိဂ္ဂဟိတ်ရှေ့ရှိသော အပစ္စည်းသက်၍ ပြီးကောင်းသော ဓာတ်အပေါင်းသည် ရုဓာဒိဂိုဏ်း၊ (၃) ဒိဝါဒိတော ယော-သုတ်ကိုထောက်၍ ဒိဝု,စသောဓာတ်နောင် ယပစ္စည်းသက်၍ ပြီးကောင်းသော ဓာတ်အပေါင်းသည် ဒိဝါဒိဂိုဏ်း၊ (၄) သွာဒိတော ဏုဏာဉဏာစ-သုတ်ကိုထောက်၍ သု,စသောဓာတ်နောင် ဏု, ဏာ, ဉဏာပစ္စည်းသက်၍ ပြီးကောင်းသော ဓာတ်အပေါင်းသည် သွာဒိဂိုဏ်း၊ (၅) ကီယာဒိတော နာ-သုတ်ကိုထောက်၍ ကီ,စသောဓာတ်နောင် နာပစ္စည်းသက်၍ ပြီးကောင်းသော ဓာတ်အပေါင်းသည် ကီယာဒိဂိုဏ်း၊ (၆) ဂဟာဒိတော ပ္ပဏှာ-သုတ်ကိုထောက်၍ ဂဟ,စသော ဓာတ်နောင် ပ္ပပစ္စည်း, ဏှာပစ္စည်းသက်၍ ပြီးကောင်းသော ဓာတ်အပေါင်းသည် ဂဟာဒိဂိုဏ်း၊ (၇) တနာဒိတော ဩ ယိရာ-သုတ်ကိုထောက်၍ တနု,စသော ဓာတ်နောင် ဩပစ္စည်း, ယိရပစ္စည်းသက်၍ ပြီးကောင်းသော ဓာတ်အပေါင်းသည် တနာဒိဂိုဏ်း၊ (၈) စုရာဒိတော ဏေဏယာ-သုတ်ကိုထောက်၍ စုရ,စသော ဓာတ်နောင် ဏေ, ဏယပစ္စည်းသက်၍ ပြီးကောင်းသော ဓာတ်အပေါင်းသည် စုရာဒိဂိုဏ်း-တို့ ဖြစ်ပါသည်။

✿ ✿ ✿ ✿ ✿ ✿ ✿ ✿ ✿ ✿

## အာချာတ ပဋ္ဌမကဏ္ဍ

### ၄၀၆။ အထ ပုဗ္ဗာနိ ဝိဘတ္တီနံ ဆ ပရဿပဒါနိ

အထ သဗ္ဗာသံ ဝိဘတ္တီနံ ယာနိ ယာနိ ပုဗ္ဗကာနိ ဆပဒါနိ၊ တာနိ တာနိ ပရဿ ပဒသညာနိ ဟောန္တိ။ တံ ယထာ? တိ အန္တိ, သိ ထ, မိ မ။

ပရဿပဒမိစ္စနေန ကွတ္ထော? ကတ္တရိ ပရဿပဒံ။

✱ အထ၊ထိုတဒ္ဓိတ်ကျမ်း၏ အခြားမဲ့၌။[အနန္တရတ္ထကြံ] အထ၊အနိဋ္ဌဖလ, ဘယ အစုတ်, ပယ်ဖြတ်သန့်ရှင်း, ကောင်းခြင်းအရပ်ရပ် ဣဋ္ဌဓာတ်အဖြာဖြာ မင်္ဂလာနှင့် ကောင်းစွာ ပြည့်စုံပါစေသော်။ [အထ-သဒ္ဒါ မင်္ဂလအနက်ဟောကြံ] ဝုစ္စမာနာနံ၊ဆိုအပ်လတ္တံ့ ကုန်သော။ဝိဘတ္တီနံ၊ဝိဘတ်ရှစ်သွယ်တို့တွင်။(ဝါ)တို့၏။ပုဗ္ဗာနိ၊ရှေ့၌ဖြစ်ကုန်သော။ဆ၊ ခြောက်ပုဒ် ခြောက်ပုဒ်တို့သည်။ပရဿပဒါနိ၊ပရဿပုဒ်မည်ကုန်၏။

✱ အထ၊၌။ဝုစ္စမာနာနံ၊ကုန်သော။ဝိဘတ္တီနံ၊တို့တွင်။(ဝါ) တို့၏။ပုဗ္ဗကာနိ၊ရှေ့၌ဖြစ်ကုန်သော။ယာနိ ယာနိ ဆပဒါနိ၊အကြင် အကြင် ခြောက်ပုဒ် ခြောက်ပုဒ်တို့သည်။သန္တိ၊ရှိကုန်၏။တာနိ တာနိ ဆပဒါနိ၊ထိုထို ခြောက်ပုဒ် ခြောက်ပုဒ်တို့သည်။ပရဿ ပဒါနိ၊ပရဿ

http://www.dhammadownload.com



ပုဒ်မည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ * တံ၊ထိုပရဿပုဒ်တို့သည်။ယထာ၊ ဘယ်ဟာတို့ပါနည်း။တိ အန္တိ(လ)မ၊ မ-ဟူသည်တို့တည်း။ ပရဿပဒမိစ္စနေန၊ပရဿ ပုဒ်ဟူသော အမည်ကို မှည့်ရသဖြင့်။ကွတ္ထော၊ဘယ် အကျိုးရှိပါသနည်း။ကတ္တရိ ပရဿ ပဒံ၊ကတ္တရိ ပရဿပဒံ-စသောသုတ်၌ ပရဿပုဒ်ဟု ခေါ်ဆိုရခြင်း အကျိုးရှိ၏။

**➤ အထ+ပုဗ္ဗာနိ+ဝိဘတ္တီနံ+ဆ+ပရဿပဒါနိ–ဟူ ၅–ပုဒ်ရှိသော သညာသုတ်**

**➤ အထ–သဒ္ဒါဟောနိုင်သော အနက်များ ။ ။** အဓိကာရ–အဓိကာရအနက်၊ မင်္ဂလ –မင်္ဂလာအနက်၊ နိပ္ဖန္န–ပြီးခြင်းအနက်၊ အဝတာရဏ–အဝတာရဏအနက်၊ အနန္တရ–အခြားမဲ့ အနက်၊ အပါဒါန–အပါဒါန်အနက်တို့ ဖြစ်ပါသည်။ (ဂါထာကိုထောက်)

**➤ သညာဝိဓာနကို စီရင်ရခြင်းအကျိုး ။ ။** ခေါ်ဝေါ်သုံးစွဲပုံကို နားလည်စေခြင်း အကျိုးငှာ သညာဝိဓာနကို စီရင်ရပါသည်။

**➤ ပရဿပုဒ် မည်ပုံ ။ ။**သူတစ်ပါးအနက်ကို ဟောတတ်သောကြောင့် "ပရဿ ပုဒ်" မည်ပါသည်။ **➤ ပရဿပဒ–အရ ။ ။** ဝိဘတ်ရှစ်သွယ်တို့တွင် ရှေ့ (၆)လုံး ရ၏။

**➤ မုချပရဿပုဒ်ကား ။ ။** အာချာတ်ဝိဘတ် ရှေ့ (၆)လုံးတို့တွင် ပဌမပုရိသ်နှင့် မဇ္ဈိမပုရိသ်တို့သည် သူတစ်ပါးဟူသော နာမသဒ္ဒါ, တုမှ-သဒ္ဒါကို ပြတတ် ဟောတတ်သောကြောင့် "မုချပရဿပုဒ်" မည်ပါသည်။

**➤ နေယျတ္ထ (ဝါ) ဥပစာ ပရဿပုဒ်ကား** ဥတ္တမပုရိသ်သည် မိမိ-ဟူသော အမှသဒ္ဒါ၏အနက်ကို ပြတတ်သော်လည်း တဗ္ဗဟုလနည်း, ယေဘုယျနည်းအားဖြင့် ပရဿပုဒ်ဟု ဆိုအပ်သောကြောင့် "ဥပစာပရဿပုဒ်" မည်ပါသည်။

**➤ ဝတ္တမာန်ဝိဘတ်တို့တွင် မုချပရဿပုဒ်ကား ။ ။** တိ အန္တိ သိ ထ ဝိဘတ်တို့ ဖြစ်ပါသည်။ **➤ ဥပစာ ပရဿပုဒ်ကား –** မိ မဝိဘတ်တို့ ဖြစ်ပါသည်။

**➤ မိ မဝိဘတ်တို့ကို ပရဿပုဒ်ဟု ခေါ်နိုင်ခြင်းအကြောင်း ။ ။** တိ အန္တိ သိ ထ ဟူသော သူတစ်ပါးအနက်ကို ဟောနိုင်သောပုဒ်တို့က မိမိအနက်ကိုဟောနိုင်သော ပုဒ်တို့ ထက် များသောကြောင့် ယေဘုယျနည်းအားဖြင့် မိ, မဝိဘတ်တို့ကိုလည်း ပရဿပုဒ်ဟု ခေါ်နိုင်ပါသည်။ [ဥပမာ] ရှားပင်တွေများ၍ အခြားအပင်လည်း အနည်းငယ်ပါသော သစ်ပင်အပေါင်းကို ယေဘုယျနည်းအားဖြင့် "ခဒိရဝန–ရှားတော"ဟု ခေါ်ရသကဲ့သို့ ဖြစ်ပါသည်။

---

### ၄၀၇။ ပရာန္တတ္တနော ပဒါနိ

သဗ္ဗာသံ ဝိဘတ္တီနံ ယာနိ ယာနိ ပရာနိ ဆပဒါနိ၊ တာနိ တာနိ အတ္တနော ပဒသညာနိ ဟောန္တိ။ တံ ယထာ? တေ အန္တေ သေ ဝှေ ဧ မှေ။

အတ္တနောပဒမိစ္စနေန ကွတ္ထော? အတ္တနောပဒါနိ ဘာဝေစ ကမ္မနိ။

http://www.dhammadownload.com



* သဗ္ဗာသံ၊ခပ်သိမ်းကုန်သော။ဝိဘတ္တီနံ၊ဝိဘတ်တို့တွင်။ပရာနိ၊နောက်၌ဖြစ်ကုန်သော။ ဆ၊ခြောက်ပုဒ် ခြောက်ပုဒ်တို့သည်။အတ္တနောပဒါနိ၊အတ္တနောပုဒ်မည်ကုန်၏။

* သဗ္ဗာသံ၊ခပ်သိမ်းကုန်သော။ဝိဘတ္တီနံ၊ဝိဘတ်တို့တွင်။(ဝါ)တို့၏။ပရာနိ၊ကုန်သော။ ယာနိ ယာနိ ဆပဒါနိ၊အကြင် အကြင် ခြောက်ပုဒ် ခြောက်ပုဒ်တို့သည်။သန္တိ၊ရှိကုန်၏။ တာနိ တာနိ ဆပဒါနိ၊ထိုထို ခြောက်ပုဒ် ခြောက်ပုဒ်တို့သည်။အတ္တနောပဒ သညာနိ၊ အတ္တနောပုဒ်မည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

* တံ၊ထိုအတ္တနောပုဒ်တို့သည်။ယထာ၊ဘယ်ဟာတို့ပါနည်း။တေ(လ)မှေ၊မှေ-ဟူသည် တို့တည်း။အတ္တနောပဒမိစ္စနေနေ၊အတ္တနောပုဒ်ဟူသော အမည်ကိုမှည့်ရသဖြင့်။ကွဲထွော ဘယ်အကျိုးရှိသနည်း။အတ္တနော ပဒါနိ ဘာဝေစ ကမ္မနိ၊အတ္တနော ပဒါနိ ဘာဝေစ ကမ္မနိ စသောသုတ်တို့၌ အတ္တနောပုဒ်ဟု ခေါ်ဆိုရခြင်းအကျိုးရှိ၏။

> ပရာနိ+အတ္တနောပဒါနိ–ဟူ ၂–ပုဒ်ရှိသော သညာသုတ်

> **အတ္တနောပဒါနိ–ဝိဂ္ဂဟ** ။ ။ အတ္တနော အတ္ထာနိ ပဒါနိ အတ္တနောပဒါနိ။ (အလုတ္တ တပ္ပုရိသ်သမာသ်)

> **အတ္တနောပုဒ်မည်ပုံ** ။ ။ မိမိအနက်ကို ဟောတတ်သောကြောင့် "အတ္တနော ပုဒ်" မည်ပါသည်။

> **ဝတ္တမာန်ဝိဘတ်တို့တွင် မုချအတ္တနောပုဒ်ကား** ။ ။ ဧ, မှေဝိဘတ်တို့ဖြစ်ပါသည်။

> **ဥပစာ အတ္တနောပုဒ်ကား** ။ ။ တေ အန္တေ သေ ဝှေ ဝိဘတ်တို့ဖြစ်ပါသည်။

> **ဝိဘတ်ရှစ်သွယ်တို့တွင် မုချအတ္တနောပုဒ်ကား** ။ မိမိဟူသော အမှုသဒ္ဒါ၏ အနက်ကို ပြတတ်သောကြောင့် ဥတ္တမပုရိသ်ဝိဘတ်များ ဖြစ်ပါသည်။

> **ဥပစာ အတ္တနောပုဒ်ကား** ။ ။ ရုဠှီနည်းအားဖြင့် အတ္တနောပုဒ်ဟု ဆိုအပ်သော ကြောင့် ပဌမပုရိသ်, မဇ္ဈိမပုရိသ် ဝိဘတ်များ ဖြစ်ပါသည်။

> **သူတစ်ပါးအနက်ကိုဟောသော တေ, အန္တေ, သေ, ဝှေဝိဘတ်တို့ကို အတ္တနော ပုဒ်ဟု ဆိုရခြင်းအကြောင်း** ။ ။ ရှေးပညာတ်၏အစွမ်းအားဖြင့် (ဝါ) အတွင်ရုဠှီနည်းအား ဖြင့် အတ္တနောပုဒ်ဟု ဆိုရပါသည်။

> **ပရဿပုဒ်/ပရာဏျတ္တနော ပါဌ်အဆုံးအဖြတ်** ။ ။ ပရာဏိတ္တေ ဣတိနော နိပါတနေန နဿ ဏတ္တံ-ဟူသော ရူပသိဒ္ဓိဋီကာနှင့်အညီ ရဟာဒိဂိုဏ်းဖြစ်သောကြောင့် ပရာဏျတ္တနောပါဌ်သာ မှန်ပါသည်။

## ၄၀၈။ ဒွေ ဒွေ ပဌမ မဇ္ဈိမုတ္တမပုရိသာ

တာသံ သဗ္ဗာသံ ဝိဘတ္တီနံ ပရဿပဒါနံ, အတ္တနောပဒါနဉ္စ ဒွေဒွေ ပဒါနိ ပဌမ မဇ္ဈိမုတ္တမပုရိသာသညာနိ ဟောန္တိ။

http://www.dhammadownload.com



တံ ယထာ? တိ အန္တိ ဏ္ဍတိ ပဋ္ဌမပုရိသာ၊ သိ ထ ဏ္ဍတိ မဇ္ဈိမပုရိသာ၊ မိ မ ဏ္ဍတိ ဥတ္တမပုရိသာ။ အတ္တနောပဒါနမ္ပိ တေ အန္တေ ဏ္ဍတိ ပဋ္ဌမပုရိသာ၊ သေ ဝှေ ဏ္ဍတိ မဇ္ဈိမပုရိသာ၊ ဧ မှေ ဏ္ဍတိ ဥတ္တမပုရိသာ။ ဧဝံ သဗ္ဗတ္ထ။

ပဋ္ဌမမဇ္ဈိမုတ္တမပုရိသမိစ္စနေန ကွတ္ထော? နာမမှိ ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ပဋ္ဌမော၊ တုမှေ မဇ္ဈိမော၊ အမှေ ဥတ္တမော။

➤ ဒွေဒွေ+ပဌမ မဇ္ဈိမုတ္တမပုရိသာ–ဟူ ၂–ပုဒ်ရှိသော သညာသုတ်

* သဗ္ဗာသံ၊ခပ်သိမ်းကုန်သော၊ဝိဘတ္တီနံ၊ဝိဘတ်တို့တွင်၊ဒွေဒွေ၊နှစ်ပုဒ် နှစ်ပုဒ်တို့သည်၊ ပဋ္ဌမ မဇ္ဈိမုတ္တမပုရိသာ၊ပဋ္ဌမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ် မည်ကုန်၏။ ။

* သဗ္ဗာသံ၊ခပ်သိမ်းကုန်သော၊ဝိဘတ္တီနံ၊ဝိဘတ်တို့တွင်၊(ဝါ) တို့၏၊ပရဿပဒါနဥ္စ၊ ပရဿပုဒ်တို့၏ရင်း၊အတ္တနောပဒါနဥ္စ၊အတ္တနောပုဒ်တို့၏ရင်း၊ဒွေ ဒွေ ပဒါနိ၊နှစ်ပုဒ် နှစ်ပုဒ်တို့သည်၊ပဋ္ဌမ မဇ္ဈိမုတ္တမပုရိသသညာနိ၊ပဋ္ဌမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ် မည်ကုန်သည်၊ဟောန္တိ၊ဖြစ်ကုန်၏။

တံ၊ထိုပုရိသ်တို့သည်၊ယထာ၊ဘယ်ဟာတို့ပါနည်း၊တိ အန္တိ ဏ္ဍတိ၊တိ အန္တိ-ဟူသော နှစ်ပုဒ်တို့သည်၊ပဋ္ဌမပုရိသာ၊ပဋ္ဌမပုရိသ်မည်ကုန်၏၊သိ ထ ဏ္ဍတိ၊သိ ထ-ဟူသော နှစ်ပုဒ်တို့သည်၊မဇ္ဈိမပုရိသာ၊မဇ္ဈိမပုရိသ် မည်ကုန်၏။ မိ မ ဏ္ဍတိ၊မိ မ-ဟူသော နှစ်ပုဒ်တို့ သည်၊ဥတ္တမပုရိသာ၊ဥတ္တမပုရိသ် မည်ကုန်၏။ * အတ္တနောပဒါနမ္ပိ၊အတ္တနောပုဒ်တို့တွင် လည်း၊တေ အန္တေ ဏ္ဍတိ၊တို့သည်၊ပဋ္ဌမပုရိသာ၊ကုန်၏၊သေ ဝှေ ဏ္ဍတိ၊တို့သည်၊မဇ္ဈိမ ပုရိသာ၊ကုန်၏၊ဧ မှေ ဏ္ဍတိ၊တို့သည်၊ဥတ္တမပုရိသာ၊ကုန်၏။ သဗ္ဗတ္ထ၊အလုံးစုံသော ဝိဘတ် တို့၌၊ဧဝံ၊ဤအတူတည်း။ * ပဋ္ဌမ မဇ္ဈိမုတ္တမပုရိသမိစ္စနေန၊ပဋ္ဌမ, မဇ္ဈိမ, ဥတ္တမပုရိသ် အမည်ကို မှည့်ရသဖြင့်၊ကွတ္ထော၊ဘယ်အကျိုးရှိသနည်း၊နာမမှိ (လ) ဥတ္တမော၊ဥတ္တမော စသော သုတ်တို့၌ ပဋ္ဌမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်-ဟု ခေါ်ဆိုရခြင်းအကျိုးရှိ၏။

၄၀၉။ သဗ္ဗေသ မေကာဘိဓာနေ ပရော ပုရိသော

သဗ္ဗေသံ တိဏ္ဏံ ပဋ္ဌမ မဇ္ဈိမုတ္တမပုရိသာနံ ဧကာဘိဓာနေ ပရော ပုရိသော ဂဟေတဗ္ဗော။

သောစ ပဌတိ၊ တွဥ္စ ပဌသိ၊ တုမှေ ပဌထ။ သောစ ပစတိ၊ တွဥ္စ ပစသိ၊ တုမှေ ပစထ။ ဧဝံ သေသာသု ဝိဘတ္တီသု ပရော ပုရိသော ယောဇေတဗ္ဗော။

* သဗ္ဗေသံ၊အလုံးစုံသော ပုရိသ်နှစ်ပါး သုံးပါးတို့၏၊ဧကာဘိဓာနေ၊တူသော ကာလ တူသောကြိယာကို ဟောသည်၊သတိ၊ရှိလတ်သော်၊ပရော၊နောက်ဖြစ်သော၊ပုရိသော၊ ပုရိသ်ကို၊ဂဟေတဗ္ဗော၊ယူအပ်၏။ ။ * သဗ္ဗေသံ၊အလုံးစုံကုန်သော၊တိဏ္ဏံ၊သုံးပါးကုန် သော၊ပဋ္ဌမမဇ္ဈိမုတ္တမပုရိသာနံ၊ပဋ္ဌမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ်တို့၏၊ဧကာဘိဓာနေ၊

http://www.dhammadownload.com



တူသောကာလ, တူသောကြိယာကိုဟောသည်။သတိ၊ရှိလတ်သော်။ပရော၊နောက်ဖြစ်သော။ပုရိသော၊ပုရိသ်ကို။ဂဟေတဗ္ဗော၊ယူအပ်၏။

သောစ၊ထိုသူတစ်ယောက်သည်လည်း။ပဌတိ၊ရွတ်ဆို၏။တွံ့ဥ၊သင်တစ်ယောက်သည်လည်း။ပဌသိ၊ရွတ်ဆို၏။တုမှေ၊သင်တို့သည်။ပဌထ၊ရွတ်ဆိုကြကုန်၏။သောစ၊ထိုသူတစ်ယောက်သည်လည်း။ပစတိ၊ချက်၏။တွံ့ဥ၊သင်သည်လည်း။ပစသိ၊ချက်၏။တုမှေ၊သင်တို့သည်။ပစထ၊ချက်ကြကုန်၏။ဝေါ၊ဤအတူ။သေသာသု၊ကြွင်းကုန်သော။ဝိဘတ္တီသု၊ဝိဘတ်တို့၌။ပရော၊နောက်ဖြစ်သော။ပုရိသော၊ပုရိသ်ကို။ယောဇေတဗ္ဗော၊ယှဉ်အပ်၏။

> **သဗ္ဗေသံ+ကောဘိတာနေ+ပရော+ပုရိသော–တု ၄–ပုဒ်ရှိသော ပရိဘာသာသုတ်**

> **ပရော ပုရိသော–အရ ။ ။** နာမမှိ ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ပဌမော၊ တုမှေ မဇ္ဈိမော၊ အမှေ ဥတ္တမော-ဟု အစဉ်အတိုင်း ဆိုလတ္တံ့ဖြစ်သောကြောင့် ပဌမ, မဇ္ဈိမပုရိသ်တို့တွင် မဇ္ဈိမပုရိသ်၊ ပဌမ, ဥတ္တမပုရိသ်တို့တွင် ဥတ္တမပုရိသ်၊ ပဌမ, မဇ္ဈိမ, ဥတ္တမပုရိသ်တို့တွင် ဥတ္တမပုရိသ်ကို ယူရပါမည်။

**မေး ။ ။** ပုရိသ်နှစ်မျိုး သုံးမျိုး သက်ခွင့်ကြုံလျှင် အဘယ်ပုရိသ် သက်ရမည်ကို သုတ်ထောက်၍ ဖြေဆိုပါ။

**ဖြေ ။ ။** သဗ္ဗေသမေကာဘိတာနေ ပရော ပုရိသော-သုတ်ကို ထောက်၍ နောက်ပုရိသ်ကို ယူရပါမည်။

> **ကောဘိတာနေ–အရ ။ ။** တူသောကာလ, တူသောကြိယာဟူသော အနက်ကို ယူရပါမည်။ (တစ်နည်း) တပေါင်းတည်းဆိုအပ်သော ပုရိသ်ကို ယူရပါမည်။

> **ဤသုတ်ကို ဆိုရခြင်း/တည်ရခြင်းအကြောင်း ။ ။** သောစ တွံ့ဥ-ဟု ကတ္တားရှိရာ၌ သောစ-ကိုငဲ့၍ တိဝိဘတ်၊ တွံ့ဥ-ကိုငဲ့၍ သိဝိဘတ်သက်လျှင် ပစတိ, သိ-ဟု ပုရိသ်နှစ်ခုတွဲ သက်ရလေမည်လားဟု ယုံမှားဖွယ်ရှိ၍ ယင်းယုံမှားသံသယကို ပယ်ဖျောက်ခြင်းအကျိုးငှာ (ဝါ) ပယ်ဖျောက်လိုသောကြောင့် -ဆိုရပါသည်။

> **ပရော ပုရိသ်အင်္ဂါ ၂–ပါး ။ ။** (၁) ကာလတူခြင်း။ (၂) ကြိယာတူခြင်း။

> **ပရော ပုရိသ်သက်ရာဌာန (ဝိသယ) ။ ။** ကာလတူ ကြိယာတို့ကို တပေါင်းတည်း ဆိုလိုရာ၌သာ ပရောပုရိသ် သက်ရပါမည်။

> **ပရောပုရိသ်ယှက်ပုံ ။ ။** (၁) သောစ ပစတိ, တွံ့ဥ ပစသိ-တုမှေ ပစထ။ (၂) သောစ ပစတိ, အဟဥ္စ ပစာမိ-မယံ ပစာမ။ (၃) တွံ့ဥ ပစသိ, အဟဥ္စ ပစာမိ-မယံ ပစာမ။ (၄) သောစ ပစတိ, တွံ့ဥ ပစသိ, အဟဥ္စ ပစာမိ-မယံ ပစာမ။ [ရူပသိဒ္ဓိ]

(တစ်နည်း) ၁။ သောစ တွံ့ဥ ပစတိ၊ သောစ တွံ့ဥ ပစသိ၊ သောစ တွံ့ဥ တုမှေ ပစထ။[ပရိယာယ] သောစ ပစတိ, တွံ့ဥ ပစသိ, သောစ တွံ့ဥ တုမှေ ပစထ။[ကေဠ]

၂။ သောစ အဟဥ္စ ပစတိ, သောစ အဟဥ္စ ပစာမိ၊ သောစ အဟဥ္စ မယံ ပစာမ။

http://www.dhammadownload.com



[ပရိယာယ] သောစ ပစတိ, အဟဉ္စ ပစာမိ, သောစ အဟဉ္စ မယံ ပစာမ။ [ကေဋ္ဌ]

၃။ တွဉ္စ အဟဉ္စ ပစသိ, တွဉ္စ အဟဉ္စ ပစာမိ၊ တွဉ္စ အဟဉ္စ မယံ ပစာမ။[ပရိယာယ] တွဉ္စ ပစသိ, အဟဉ္စ ပစာမိ, တွဉ္စ အဟဉ္စ.မယံ ပစာမ။ [ကေဋ္ဌ]

၄။ သောစ တွဉ္စ အဟဉ္စ ပစတိ, သောစ တွဉ္စ အဟဉ္စ ပစသိ, သောစ တွဉ္စ အဟဉ္စ ပစာမိ, သောစ တွဉ္စ အဟဉ္စ မယံ ပစာမ။ [ပရိယာယ] သောစ ပစတိ, တွဉ္စ ပစသိ, အဟဉ္စ ပစာမိ၊ သောစ တွဉ္စ အဟဉ္စ မယံ ပစာမ။[ကေဋ္ဌ] (ဂဏ္ဌိ)

➤ **ပုရိသ်ယှက် အဓိပ္ပါယ်** ။ ။ တူသောကာလ, တူသောကြိယာရှိသော ပုရိသ် နှစ်ပါး သုံးပါးတို့၏ တပေါင်းတည်း တစ်ပြိုင်နက် ဖြစ်ကြသည်ကို "ပုရိသ်ယှက်သည်" ဟု ဆိုပါသည်။

➤ **ကောဘိတာနဖြစ်ပုံ** ။ ။ သောစ ပဌတိ, တွဉ္စ ပဌသိ-၌ ပဌတိ-သဒ္ဒါ ပဌသိ-သဒ္ဒါတို့၏ ပစ္စုပ္ပန်ကာလကို ဟောခြင်း ရွတ်ဖတ်ခြင်းကြိယာကို ဟောခြင်း၌ တူသည်၏ အဖြစ်သည် "ကောဘိတာန" ဖြစ်ပါသည်။

➤ **ကောဘိတာနေ ထည့်ဆိုရကျိုး** ။ ။ သောစ ပစတိ, တွဉ္စ ပစိဿသိ, အဟံ ပစိ ပြယုဂ်တို့ဝယ် ကာလကွဲပြားရာ၌ "မယံ အပစိမှာ"ဟူ၍ အဂါိသိတ၏ အစွမ်းဖြင့် နောက် ဆုံး ပုရိသ်ဝိဘတ် မသက်ရခြင်းအကျိုးရှိပါသည်။

➤ **သောစ ပစတိ, တွဉ္စ ပစိဿသိ, အဟံ ပစိ-၌ မယံ ပစိမှာ-ဟု နောက်ပုရိသ် ကို မယူရခြင်းအကြောင်း/ "မယံ ပစိမှာ"ဟု ဓရောဝပုရိသ် မဖြစ်နိုင်ခြင်းအကြောင်း**

ဤပြယုဂ်၌ ပစတိ, ပစိဿသိ, ပစိ-ဟု ပစ္စုပ္ပန် အတိတ် အနာဂတ်အားဖြင့် ကွဲ ပြားသော ကာလရှိသောကြောင့်--နောက်ပုရိသ်ကို မယူရပါ။

**၄၁၀။ နာမမှိ ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ပဌမော**

နာမမှိ ပယုဇ္ဇမာနေပိ အပ္ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ပဌမပုရိသော ဟောတိ။ ။ သော ဂစ္ဆတိ၊ တေ ဂစ္ဆန္တိ။ အပ္ပယုဇ္ဇမာနေပိ- ဂစ္ဆတိ၊ ဂစ္ဆန္တိ။

တုလျာဓိကရဏေတိ ကိမတ္ထံ? တေန ဟညသေ တွံ ဒေဝဒတ္တေန။

* တုလျာဓိကရဏေ၊တူသောတည်ရာ အနက်ရှိသော၊နာမမှိ၊နာမ-သဒ္ဒါကို၊ပယုဇ္ဇမာနေ ပိ၊တိုက်ရိုက်ယှဉ်အပ်သော်ငြား။အပ္ပယုဇ္ဇမာနေပိ၊တိုက်ရိုက်မရှိ ဆ၍ သိအပ်သော်ငြား။ ပဌမော၊ပဌမပုရိသ်သည်။ဟောတိ၊ဖြစ်၏။

* တုလျာဓိကရဏေ၊သော။နာမမှိ၊ကို။ပယုဇ္ဇမာနေပိ၊ငြား။အပ္ပယုဇ္ဇမာနေပိ၊ငြား။ ပဌမပုရိသော၊ပဌမပုရိသ်သည်။ဟောတိ၊၏။ * သော၊ထိုသူသည်။ဂစ္ဆတိ၊သွား၏။တေ၊ ထိုသူတို့သည်။ဂစ္ဆန္တိ၊သွားကုန်၏။ * အပ္ပယုဇ္ဇမာနေပိ၊တိုက်ရိုက်မရှိ ဆ၍ သိအပ်ရာ၌ လည်း၊ ဂစ္ဆတိ၊သွား၏။ဂစ္ဆန္တိ၊သွားကုန်၏။ တုလျာဓိကရဏေတိ ပဒံ၊တုလျာဓိကရဏေဟူ

http://www.dhammadownload.com



သော ပုဒ်သည်။ကိမတ္တ။ဘယ်အကျိုးရှိသနည်း။ * တေန ဒေဝဒတ္တေန၊ထိုဒေဝဒတ်သည်။ တွံ၊သင့်ကို။ဟညသေ၊သတ်အပ်၏။

➤ **နာမမို+ပယုဇ္ဇမာနေ+အပိ+တုလျာဓိကရဏေ+ပဌမော-ဟူ ၅-ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်။**

➤ **တုလျာဓိကရဏ-ဝိဂ္ဂဟ** ။ ။ တုလျံ အဓိကရဏံ အတ္ထော ယဿာတိ တုလျာ ဓိကရဏံ။ ➤ **တုလျာဓိကရဏ အဓိပ္ပါယ်** ။ ။ နာမ်ပုဒ်နှင့် ကြိယာပုဒ်တို့ ဖြစ်အနက် ဟောခြင်း တူသည်ကို "တုလျာဓိကရဏ"ဟု ဆိုပါသည်။

➤ **ပုရိသော မဂ္ဂံ ဂစ္ဆတိ-၌ အာချာတ်နှင့် နာမ်ပုဒ်တို့ တုလျာဓိကရဏဖြစ်ပုံ**

ပုရိသော မဂ္ဂံ ဂစ္ဆတိ-၌ ပုရိသ-သဒ္ဒါသည် ဇာတ်ကို အကြောင်းပဝတ္တိနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို ဟော၏၊ ဂစ္ဆတိ-သဒ္ဒါသည်လည်း သွားခြင်းကြိယာကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ ယောကျ်ားဖြစ်ကိုဟော၏၊ ဤသို့ ပုရိသနှင့် ဂစ္ဆတိ-တို့ ယောကျ်ား ဖြစ်အနက်ဟောချင်း တူကြသည်ကို "တုလျာဓိကရဏ"ဟု ဆိုပါသည်။

➤ **နာမမို-အရ** ။ ။ (နာမမို-ဟု သာမညအားဖြင့် ဆိုသော်လည်း) တုမေ့ မဇ္ဈိမော အမှေ့ ဥတ္တမော-ဟု ဆိုလတ္တံ့ဖြစ်သောကြောင့် တုမှ, အမှ-မှတစ်ပါး ကတ္တား, ကံကို ဟောသော နာမ်ပုဒ်တို့ကိုသာ ယူရပါမည်။

➤ **နာမမို-အရ တုမှ, အမှ-သဒ္ဒါတို့ကို မယူရခြင်းအကြောင်း** ။ ။ တုမေ့ မဇ္ဈိမော သုတ်ဖြင့် တုမှ-သဒ္ဒါ၊ အမှေ့ ဥတ္တမောသုတ်ဖြင့် အမှ-သဒ္ဒါတို့ကို ယူလတ္တံ့ဖြစ်သောကြောင့် နာမမို-အရ တုမှ, အမှ-သဒ္ဒါတို့ကို မယူရပါ။

➤ **တေန ဟညသေ တွံ ဒေဝဒတ္တေန-၌ (နာမသဒ္ဒါနှင့် ယှဉ်ပါလျက်) ပဌမပုရိသ် မသက်ရခြင်းအကြောင်း** ။ ။ တေန ဒေဝဒတ္တေန-အရ သတ်တတ်သူ ဒေဝဒတ်ရ၍ ဟညသေ-အရ သတ်ခံရသူ ရ၏၊ ဤသို့ တေန-အရနှင့် ဟညသေ-အရသည် အနက် ဖြစ် အရခြင်း မတူသည့်အတွက် တုလျာဓိကရဏ မဖြစ်သောကြောင့် -ပဌမပုရိသ် မသက်ရပါ။

➤ **တေန ဟညသေ တွံ ဒေဝဒတ္တေန-၌ တုလျာဓိကရဏ မဖြစ်ပုံ** ။ ။ တေန-အရ သတ်တတ်သူဖြစ် ရ၏၊ ဟညသေ-အရ ကံဟောဖြစ်၍ သတ်အပ်သူဖြစ်ရသည်၊ ဤသို့ တေန-နှင့် ဟညသေ-သည် အရ မတူသောကြောင့် တုလျာဓိကရဏ မဖြစ်ပါ။

➤ **တေန ဟညသေ တွံ ဒေဝဒတ္တေန-၌ မဇ္ဈိမပုရိသ် သက်ရခြင်းအကြောင်း**

တွံ-အရ သတ်ခံရသူ ရ၏၊ ဟညသေ-အရလည်း သတ်ခံရသူပင် ရ၍ တွံ-နှင့် ဟညသေ-သည် အနက်ဖြစ် အရခြင်းတူရကား တုလျာဓိကရဏဖြစ်သောကြောင့် မဇ္ဈိမ ပုရိသ် သက်ရပါသည်။

http://www.dhammadownload.com



➢ **တေန ဟညသေ တွံ့ စေတေနတ္တနေ-၌ တွံ့-နှင့် ဟညသေ-တို့ တုလျာဓိကရဏ ဖြစ်ပုံ** ။ ။ ဟညသေ-အရ သတ်ခံရသူ ရ၏၊ တွံ-အရလည်း သတ်ခံရသူပင် ရ၏၊ ဤသို့ ဟညသေ-အရနှင့် တွံ-အရသည် အနက်ဖြစ်ခြင်း အရတူရကား ဟညသေ-နှင့် တွံ-သည် တုလျာဓိကရဏ ဖြစ်ပါသည်။

➢ **ပထမပုရိသ် သတ်နိုင်ရန် လိုအပ်သော အင်္ဂါ** ။ ။ (၁) နာမ-သဒ္ဒါကို တိုက်ရိုက် ယှဉ်စပ်ထားခြင်း၊ (ဝါ) နာမ-သဒ္ဒါ၏ အနက်ကို သိလောက်ခြင်း၊ (၂) ကြိယာနှင့် နာမ သဒ္ဒါတို့ တုလျာဓိကရဏဖြစ်ခြင်း-တို့ ဖြစ်ပါသည်။

➢ **ပယုဇ္ဇမာနေပိ-၌ အပိ-သဒ္ဒါ၏အနက်** ။ ။ အပိ-သဒ္ဒါသည် အပ္ပယုဇ္ဇမာနသဒ္ဒါကို ဆည်းယူသောကြောင့် သမုစ္စည်းအနက် ဖြစ်ပါသည်။

## ၄၁၁။ တုမှေ မဇ္ဈိမော

တုမှေ ပယုဇ္ဇမာနေပိ အပ္ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ မဇ္ဈိမပုရိသော ဟောတိ။ ။ တွံ ယာသိ၊ တုမှေ ယာထ။ အပ္ပယုဇ္ဇမာနေပိ - ယာသိ၊ ယာထ။

တုလျာဓိကရဏေတိ ကိမတ္ထံ? တယာ ပစ္စတေ ဩဒနော။

* တုလျာဓိကရဏေ၊တူသောတည်ရာ အနက်ရှိသော။တုမှေ၊တုမှ-သဒ္ဒါကို။ပယုဇ္ဇမာနေပိ၊တိုက်ရိုက်ယှဉ်အပ်သော်၎င်း။အပ္ပယုဇ္ဇမာနေပိ၊တိုက်ရိုက် မရှိ ဆ၍ သိအပ်သော်၎င်း။မဇ္ဈိမော၊မဇ္ဈိမပုရိသ်သည်။ဟောတိ၊ဖြစ်၏။ [ ဝုတ္တိအနက်နည်းတူ]

* တွံ၊သင်သည်။ယာသိ၊သွား၏။တုမှေ၊သင်တို့သည်။ယာထ၊သွားကုန်၏။အပ္ပယုဇ္ဇ မာနေပိ၊တိုက်ရိုက် မရှိ ဆ၍ သိအပ်ရာ၌လည်း။ယာသိ၊သွား၏။ယာထ၊သွားကုန်၏။ တုလျာဓိကရဏေတိ ပဒံ၊တုလျာဓိကရဏေ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘယ်အကျိုးရှိ သနည်း။ * တယာ၊သင်သည်။ဩဒနော၊ထမင်းကို။ပစ္စတေ၊ချက်အပ်၏။

➢ **တုမှေ+မဇ္ဈိမော-ဟု ၂-ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**

➢ **တယာ ပစ္စတေ ဩဒနော-၌ (တုမှ-သဒ္ဒါနှင့် ယှဉ်ပါလျက်) မဇ္ဈိမပုရိသ် မသက် ရခြင်းအကြောင်း** ။ ။ ဤပုံစံ၌ တယာ-အရ ချက်တတ်သူ လူဖြစ်၍ ပစ္စတေ-အရ ချက်အပ်သော ထမင်းရသဖြင့် တယာ-အရနှင့် ပစ္စတေ-အရသည် အနက်ဖြစ်အရခြင်း မတူရကား တုလျာဓိကရဏ မဖြစ်သောကြောင့် မဇ္ဈိမပုရိသ် မသက်ရပါ။

➢ **တယာ ပစ္စတေ ဩဒနော-၌ (တုမှ-သဒ္ဒါနှင့် ယှဉ်ပါလျက် )ပထမပုရိသ် သက် ရခြင်းအကြောင်း** ။ ။ ပစ္စတေ-အရ ချက်အပ်သော ထမင်းရ၏၊ ဩဒနော-အရလည်း ထမင်းပင် ရ၏၊ ဤသို့ ပစ္စတေ-နှင့် ဩဒနော-တို့သည် အနက်ဖြစ်အရခြင်း တူရကား တုလျာဓိကရဏဖြစ်သောကြောင့် ပထမပုရိသ် သက်ရပါသည်။

➢ **တယာ ပစ္စတေ ဩဒနော-၌ တုလျာဓိကရဏ ဖြစ်ပုံ** ။ ။ ပစ္စတေ-အရ ချက်အပ်

http://www.dhammadownload.com



သော ထမင်း ရ၏၊ ဩဒနော-အရလည်း ထမင်းပင် ရ၏၊ ဤသို့ ပစ္စတေ-အရနှင့် ဩဒနော-အရသည် အနက်ဖြစ်ခြင်း အရတူရကား တုလျာဓိကရဏ ဖြစ်ပါသည်။

## ၄၁၂။ အဓမ္မေ ဥတ္တမော

အဓမ္မေ ပယုဇ္ဇမာနေပိ အပ္ပယုဇ္ဇမာနေပိ တုလျာဓိကရဏေ ဥတ္တမပုရိသော ဟောတိ။ ။ အဟံ ယဇာမိ၊ မယံ ယဇာမ။ အပ္ပယုဇ္ဇမာနေပိ - ယဇာမိ၊ ယဇာမ။

တုလျာဓိကရဏေတိ ကိမတ္ထံ? မယာ ဣဇ္ဇတေ ဗုဒ္ဓေါ။

* တုလျာဓိကရဏေ၊တူသောတည်ရာ အနက်ရှိသော။အဓမ္မေ၊အမှ-သဒ္ဒါကို။ပယုဇ္ဇမာနေပိ၊တိုက်ရိုက်ယှဉ်အပ်သော်ရင်း။အပ္ပယုဇ္ဇမာနေပိ၊တိုက်ရိုက် မရှိ ဆဲ၍ သိအပ်သော်ရင်း။ဥတ္တမော၊ဥတ္တမပုရိသ်သည်။ဟောတိ၊ဖြစ်၏။ [ ဝုတ္တိအနက်နည်းတူ]

* အဟံ၊ငါသည်။ယဇာမိ၊ပူဇော်၏။မယံ၊ငါတို့သည်။ယဇာမ၊ပူဇော်ကုန်၏။ အပ္ပယုဇ္ဇမာနေပိ၊တိုက်ရိုက် မရှိ ဆဲ၍သိအပ်ရာ၌လည်း။ယဇာမိ၊ပူဇော်၏။ယဇာမ၊ပူဇော်ကုန်၏။ တုလျာဓိကရဏေတိ ပဒံ၊တုလျာဓိကရဏေ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘယ်အကျိုးရှိသနည်း။ * မယာ၊ငါသည်။ဗုဒ္ဓေါ၊ဘုရားကို။ဣဇ္ဇတေ၊ပူဇော်အပ်၏။

**➤ အဓမ္မ+ဥတ္တမော–ဟူ ၂–ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**

**➤ မယာ ဣဇ္ဇတေ ဗုဒ္ဓေါ–၌ (အမှ–သဒ္ဒါနှင့် ယှဉ်ပါလျက်) ဥတ္တမပုရိသ် မသက်ရခြင်းအကြောင်း** ။ ။ မယာ-အရ ပူဇော်တတ်သူဖြစ် ရ၏၊ ဣဇ္ဇတေ-အရ ပူဇော်အပ်သော ဘုရားဖြစ် ရ၏၊ ဤသို့ မယာ-နှင့် ဣဇ္ဇတေ-တို့သည် အနက်ဖြစ်ခြင်း အရမတူရကား တုလျာဓိကရဏ မဖြစ်သောကြောင့် ဥတ္တမပုရိသ် မသက်ရပါ။

**➤ မယာ ဣဇ္ဇတေ ဗုဒ္ဓေါ–၌ အမှ–သဒ္ဒါနှင့်ယှဉ်ပါလျက် ပဌမပုရိသ်သက်ရခြင်းအကြောင်း** ။ ။ ဣဇ္ဇတေ-အရ ပူဇော်အပ်သော ဘုရားဖြစ် ရ၏၊ ဗုဒ္ဓေါ-အရလည်း ဘုရားဖြစ်ပင် ရ၏၊ ဤသို့ ဣဇ္ဇတေ-နှင့် ဗုဒ္ဓေါ-တို့သည် အနက်ဖြစ် အရခြင်းတူရကား တုလျာဓိကရဏဖြစ်သောကြောင့် ပဌမပုရိသ် သက်ရပါသည်။

**➤ မယာ ဣဇ္ဇတေ ဗုဒ္ဓေါ–၌ ဣဇ္ဇတေ–နှင့် ဗုဒ္ဓေါ–တို့ တုလျာဓိကရဏဖြစ်ပုံ**

ဣဇ္ဇတေ-အရ ပူဇော်အပ်သော ဘုရားဖြစ်ရ၍ ဗုဒ္ဓေါ-အရလည်း ဘုရားဖြစ်ပင် ရ၏၊ ဤသို့ ဣဇ္ဇတေ-အရနှင့် ဗုဒ္ဓေါ-အရသည် အနက်ဖြစ်ခြင်း တူရကား ဣဇ္ဇတေ-နှင့် ဗုဒ္ဓေါ-တို့သည် တုလျာဓိကရဏ ဖြစ်ပါသည်။

## ၄၁၃။ ကာလေ

"ကာလေ" ဣစ္စေတံ အဓိကာရတ္ထံ ဝေဒိတဗ္ဗံ။

* ပရာ၊နောက်ဆိုလတ္တံ့သော ဝိဘတ်ရှစ်သွယ်တို့သည်။ကာလေ၊သင့်လျော်ရာ ကာလ၌။ဟောန္တိ၊ဖြစ်ကုန်၏။ ။ * ကာလေ ဣစ္စေတံ၊ကာလေ-ဟူသော သုတ်ကို။အဓိ

http://www.dhammadownload.com



ကာရတ္တံ၊လိုက်ဖို့ရာ။ဝေဒိတဗ္ဗံ၊သိအပ်၏။

➤ ကာလေ–ဟု ၁–ပုဒ်သာရှိသော အဓိကာရသုတ်

➤ ကာလ–အရ ॥ ॥ ကြိယာကို ယူရပါမည်။

➤ ကာလ–အရ ကြိယာကို ယူရကျိုး ॥ ॥ တိ,စသော အာချာတ်ဝိဘတ်တို့သည် ဓာတ်နောင်သာ သက်၏ဟု အနက်ထူးကို သိရခြင်းအကျိုး ရှိပါသည်။

➤ ကာလ–ရှုပ်ပြီးပုံ ॥ ॥ ကရဏံ ကာရော–ဟု ဝိဂ္ဂဟပြု၍ ဒေါ ဿေစ၌ စသဒ္ဒါဖြင့် (မဟာသာရော မဟာသာလော ပြီးသကဲ့သို့) ရ-ကို လပြု၍ ကာလော-ဟု ပြီး၏။

---

၄၁၄။ ဝတ္တမာနာ ပစ္စုပ္ပန္နေ

ပစ္စုပ္ပန္နေ ကာလေ ဝတ္တမာနာဝိဘတ္တိ ဟောတိ။

ပါဋလိပုတ္တံ ဂစ္ဆတိ၊ သာဝတ္ထိံ ပဝိသတိ။

* ပစ္စုပ္ပန္နေ၊ပစ္စုပ္ပန်ဖြစ်သော။ကာလေ၊ကာလ၌။ဝတ္တမာနာ၊ဝတ္တမာန်ဝိဘတ်သည်။ ဟောတိ၊ဖြစ်၏။ [ဝုတ္တိအနက် နည်းတူ] * ပါဋလိပုတ္တံ၊ပါဋလိပုတ်ပြည်သို့။ဂစ္ဆတိ၊သွား၏ * သာဝတ္ထိံ၊သာဝတ္ထိပြည်၌။ပဝိသတိ၊ဝင်သွား၏။

➤ ဝတ္တမာနာ+ပစ္စုပ္ပန္နေ–ဟု ၂–ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်

➤ ပစ္စုပ္ပန္နေ–ဟု အထူးပြု၍ ဆိုခြင်းအကြောင်း ॥ ॥ ကာလ၏ အနက်ဖြစ်သော ကြိယာသည် အာချာတ်အရာဝယ် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အာဏတ္တိ, ပရိကပ္ပ, ကာလာတိပတ္တိအားဖြင့် ခြောက်မျိုးပြားသောကြောင့် "ပစ္စုပ္ပန္နေ"ဟု အထူးပြု၍ ဆိုရပါသည်။

➤ ပစ္စုပ္ပန်မည်ပုံ ॥ ॥ ထိုထိုအကြောင်းကို စွဲ၍ အထင်အရှား ဖြစ်ဆဲလည်းမဟုတ်၊ ပြီးလည်း မပြီးသေးသော ကြိယာသည် "ပစ္စုပ္ပန်" မည်ပါသည်။

➤ ပစ္စုပ္ပန္န–အရ ॥ ॥ ပရမတ်သဘောအားဖြင့်ဖြစ်စေ, ပညတ်သဘောအားဖြင့် ဖြစ်စေ ထင်ရှားရှိသော ကြိယာကို ယူရပါမည်။

➤ ဝတ္တမာန် ၂–မျိုး ॥ ॥ (၁) ဝေးသော အတိတ်ကိုငဲ့၍ သုံးစွဲသော တံကာလဝစနိစ္ဆာယ ဝတ္တမာန် (ဝါ) တံကာလာပေက္ခ ဝတ္တမာန်၊ (ပုံစံ) ဂစ္ဆာမိ အမ္ဗရေ တဒါ။ [တဒါ၊ ထိုသုမေဓာဖြစ်သောအခါ၌။အမ္ဗရေ၊ကောင်းကင်ထက်ဝယ်။ဂစ္ဆာမိ၊သွားတော်မူခဲ့၏။]

(၂) သမီပဝတ္တမာန်။ ထိုသမီပဝတ္တမာန်သည်လည်း (၁) အတိတ်သမီပ ဝတ္တမာန်၊ (ပုံစံ) ကုတော ဘဝံ အာဂစ္ဆတိ၊ ပါဋလိပုတ္တတော အာဂစ္ဆာမိ။ (၂) အနာဂတ် သမီပ ဝတ္တမာန်၊ (ပုံစံ) ကုဟိံ ဂစ္ဆသိ၊ သာဝတ္ထိယံ ဂစ္ဆာမိ။

➤ ဝတ္တမာန်ဝိဘတ် သက်နိုင်ရာကာလ ॥ ॥ ပစ္စုပ္ပန်ဝေါဟာရကို တင်စားသော သမီပူပစာရအားဖြင့် ပစ္စုပ္ပန်၏ အနီးဖြစ်သော အတိတ် အနာဂတ်ကြိယာ၌ရင်း၊ အတိတ်

http://www.dhammadownload.com



၌ ဖြစ်ဆဲကာလကို ဆိုလိုခြင်းကြောင့် ဝေးသော အတိတ်ကြီးယာ၌ရင်း ဝတ္တမာန်ဝိဘတ် သက်ရပါမည်။

**မေး** ။ ။ ဝတ္တမာန်ဝိဘတ်များသည် ပစ္စုပ္ပန်ကာလ၌သာ သက်နိုင်ပါသလော?

**ဖြေ** ။ ။ မဟုတ်ပါ။ ကုတော နု တွံ ဘိက္ခု အာဂစ္ဆသိ (အတိတ်ကာလ)၊ ပုရေ အဓမ္မော ဒိပ္ပတိ (အနာဂတ်ကာလ)ပုံစံတို့၌ ဝတ္တမာနာ–ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂ ဖြင့် အတိတ်ကာလ, အနာဂတ်ကာလတို့၌လည်း ဝတ္တမာန်ဝိဘတ်များ သက်နိုင်သည်။

➤ **ဝတ္တမာန်ဝိဘတ်များ အနာဂတ်ကာလ၌ သက်နိုင်ခြင်းအကြောင်း** ။ ။ ယာဝ သဒ္ဒါ, ပုရေသဒ္ဒါ, ပုရာသဒ္ဒါတို့နှင့် ယှဉ်သောကြောင့် ဝတ္တမာန်ဝိဘတ်များ အနာဂတ်ကာလ၌ သက်နိုင်ပါသည်။

➤ **မုချဝတ္တမာန်အား** ။ ပစ္စုပ္ပန်ကာလ ဖြစ်ပါသည်။

➤ <u>**ဥပစာရဝတ္တ ဝတ္တမာန်အား** ။ အတိတ်ကာလ, အနာဂတ်ကာလ ဖြစ်ပါသည်။</u>

### ၄၁၅။ အာဏတျာသိဋ္ဌေ နုတ္တကာလေ ပဉ္စမီ

အာဏတျတ္ထေစ အာသီသတ္ထေစ အနုတ္တကာလေ ပဉ္စမီဝိဘတ္တိ ဟောတိ။

ကရောတု ကုသလံ၊ သုခံ တေ ဟောတု။

* (ကစ္စည်းအလို) အနုတ္တကာလေ၊အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ဟု မဆိုအပ်သော ကာလသာမန်၌။အာဏတျာသိဋ္ဌေ၊စေခိုင်းခြင်း, တောင်းတခြင်းအနက်၌။ပဉ္စမီ၊ပဉ္စမီ ဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ (ရူ-အလို) အနုတ္တကာလေ၊အနီး၌ ပြောဆိုအပ်သော ပစ္စုပ္ပန်ကာလ၌။[အနုတ္တ–၌ ရှေ့ပုဒ်ကို ဥပသဂ္ဂအဖြစ်ကြံ] (ဝါ) အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဟု သီးခြားကမ်းသတ် မသုံးသတ်အပ်သော အနာမဋ္ဌကာလ၌။[နိပါတပကြံ] အာဏတျာသိဋ္ဌေ၊စေခိုင်းခြင်း, တောင့်တခြင်းအနက်၌။ပဉ္စမီ၊ပဉ္စမီဝိဘတ်သည်။ဟောတိ။ (ဝုတ္တိအနက်)* အနုတ္တကာလေ၊၌။အာဏတျတ္ထေစ၊စေခိုင်းခြင်းအနက်၌၎င်း။အာသီသတ္ထေစ၊ တောင့်တခြင်း အနက်၌၎င်း။ပဉ္စမီဝိဘတ္တိ၊ပဉ္စမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

* ကုသလံ၊ကုသိုလ်ကို။ကရောတု၊ပြုပါစေ။ * တေ၊သင့်အား။သုခံ၊ချမ်းသာခြင်း သည်။ဟောတု၊ဖြစ်ပါစေ။

➤ **အာဏတျာသိဋ္ဌေ+အနုတ္တကာလေ+ပဉ္စမီ–ဟူ ၃–ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**

➤ **ကာလ–သဒ္ဒါ တစ်ဖန်ဆိုရခြင်းအကျိုး** ။ ။ ကာလ-သဒ္ဒါဖြင့် [ကာလော ပဗ္ဗဇေတုံ ဟောတု-ဝယ်] ဝိဓိအနက်, [ကာလော နိသီဒတု ဘဝံ-ဝယ်] နိမန္တနအနက်, [ဒေသေတု ဘန္တေ ဘဂဝါ ဓမ္မံ-ဝယ်] အဇ္ဈေသနအနက်, [ပုစ္ဆတု ဘဝံ ပဉ္ဟံ-ဝယ်] အနုမတိအနက်, [ဒဒါဟိ မေ ဂါမဝရာနိ ပဉ္စ-ဝယ်] ပတ္ထနာအနက်, [ကမ္မံ ကရောတု ဘဝံ-ဝယ်] ပတ္တကာလအနက် စသည်တို့၌လည်း ပဉ္စမီဝိဘတ် သက်ရခြင်းအကျိုး ရှိပါသည်။

http://www.dhammadownload.com



➤ **ကာလ–သစ္စါပိုင်းခြင့် ပဋ္ဌမိဝိဘတ် သက်နိုင်သောအနက်များ ။ ။** ဝိဓိအနက်, နိမန္တနအနက်, အဇ္ဈေသနအနက်, အနုမတိအနက်, ပတ္တကာလအနက်, ပတ္တကာလအနက် စသည်တို့ဖြစ်ပါသည်။

➤ **ပဋ္ဌမိဝိဘတ် သက်ရာဌာန/သက်နိုင်သော အနက်များ ။ ။** အာဏတ္တိအနက် အာသိသအနက်, ဝိဓိအနက်, နိမန္တနအနက်, အဇ္ဈေသနအနက်, အနုမတိအနက်, ပတ္တနာ အနက်, ပတ္တကာလအနက် စသည်တို့ဖြစ်ပါသည်။

➤ **အစိဝါသေထု ဓေ အဓန္တေ အဝဝါ ဘောခနံ–ဝါကျ၌ အစိဝါသေတု–ဝယ် ပဋ္ဌမိ တုဝိဘတ် သက်သောအနက် -** နိမန္တနအနက် ဖြစ်ပါသည်။

➤ **အနုတ္တကာလ–အရ ။ ။** အနု ဥတ္တကာလော အနုတ္တကာလော-ဟု ဝစနတ္ထပြု၍ ပစ္စုပ္ပန်ကာလကို ယူရပါမည်။ (တစ်နည်း) န ဥတ္တကာလော အနုတ္တကာလော-ဟု ဝစနတ္ထပြု၍ အနာဂတကာလသာမန်ကို ယူရပါမည်။

➤ **ဥတ္တကာလ–အရ ။ ။** အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလကို ယူရပါမည်။

➤ **ဝိဓိ ခေါ်ပုံ ။ ။** မသိအပ်သော အမူ,စသော အကျိုးစီးပွားကို သူတစ်ပါးတို့အား သိစေခြင်းသည် "ဝိဓိ" မည်ပါသည်။ ➤ **နိမန္တနခေါ်ပုံ ။ ။** အလှူဝတ္ထုကိုခံခြင်း စသည်အကျိုးငှာ ပင့်ဖိတ်ခြင်းကို ပြုခြင်းသည် "နိမန္တန" မည်ပါသည်။

➤ **အဇ္ဈေသနခေါ်ပုံ ။ ။** တရားဟောခြင်း စသည်အကျိုးငှာ ပူဇော်ခြင်းလျှင် ပြဌာန်းခြင်းရှိသည်တို့ဖြင့် တောင်းပန်ခြင်းသည် "အဇ္ဈေသန" မည်ပါသည်။

➤ **အာသိဋ္ဌ (ဝါ) အာသိသခေါ်ပုံ ။ ။** အလိုရှိသဖြင့် မရောက်သေးသော အကျိုးကို ဆုတောင်းခြင်းသည် "အာသိဋ္ဌ (ဝါ) အာသိသ" မည်ပါသည်။

➤ **အာဏတ္တိ ခေါ်ပုံ ။ ။** စေခိုင်းခြင်းသည် "အာဏတ္တိ" မည်ပါသည်။

➤ **အာသိဋ္ဌနှင့် ပတ္ထနာ အထူး ။ ။** လက်ငင်းအလိုရှိအပ်သော အကျိုးကို တောင့်တခြင်းသည် "အာသိဋ္ဌ" မည်၏။ ကောင်းသည်ဖြစ်စေ, မကောင်းသည်ဖြစ်စေ နောင်အခါ၌ ရလတ္တံ့သော အကျိုးကို တောင့်တခြင်းသည် "ပတ္ထနာ"မည်၏။

➤ **ကာရိတ်နှင့် အာဏတ္တိ အထူး ။ ။** စေခိုင်းတတ်သော အာဏာပတ ဗျာပါရ ရှိသဖြင့် ဟေတုကတ္တားကို မရှိမသေ စေခိုင်းခြင်းသည် ကာရိတ်၊ အာဏာပတ ဗျာပါရ ကင်းသဖြင့် ဟေတုကတ္တားကို ရှိသေ, မရှိသေ စေခိုင်းခြင်းသည် အာဏတ္တိ မည်၏။ [နိဒ္ဒေသ] (တစ်နည်း) ဖြစ်ကို စေခိုင်းခြင်းသည် အာဏတ္တိ၊ ကြိယာနှင့်ယှဉ်၍ စေခိုင်းခြင်းသည် ကာရိတ်၊ ဤသို့ ထူးပါသည်။ [အတ္ထဗျာချာန်ကျမ်း]

➤ **အာဏတ္တိ၌ ဟေတုကတ္တား မရှိသင့်ခြင်းအကြောင်း ။ ။** အာဏတ္တိသည် စေခိုင်းတတ်သော ပုဂ္ဂိုလ်၏ ကြောင့်ကြဗျာပါရနှင့် မစပ်သောကြောင့် အာဏတ္တိ၌ ဟေတုကတ္တား မရှိသင့်ပါ။

http://www.dhammadownload.com



### ၄၁၆။ အနုမတိ ပရိကပ္ပတ္ထေသု သတ္တမီ

အနုမတျတ္ထေစ ပရိကပ္ပတ္ထေစ အနုတ္တကာလေ သတ္တမီဝိဘတ္တိ ဟောတိ။

တွံ ဂစ္ဆေယျာသိ၊ ကိမဟံ ကရေယျာမိ။

* အနုတ္တကာလေ၊အနီး၌ပြောဆိုအပ်သော ပစ္စုပ္ပန်ကာလ၌။ (ဝါ) အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ဟု သီးခြားကမ်းသတ် မသုံးသပ်အပ်သော အနာမဋ္ဌကာလ၌။အနုမတိပရိကပ္ပတ္ထေသု၊ခွင့်လွှတ်စုံစမ်းခြင်း, ကြံစည်အောက်မေ့ခြင်းအနက်တို့၌။သတ္တမီ၊သတ္တမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ ။ * အနုတ္တကာလေ၊၌။(ဝါ)၌။အနုမတျတ္ထေစ၊ခွင့်လွှတ်ခြင်းစုံးစမ်းခြင်းအနက်၌ရင်း။ပရိကပ္ပတ္ထေစ၊ကြံစည်အောက်မေ့ခြင်းအနက်၌ရင်း။သတ္တမီဝိဘတ္တိ၊သတ္တမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

* တွံ၊သင်သည်။ဂစ္ဆေယျာသိ၊သွားလိုသလော။(ဝါ) သွားလိုသွားတော့။ * အဟံ၊ငါသည်။ကိံ ကရေယျာမိ၊ဘယ်လို ပြုလုပ်ရပါမည်နည်း။

> **အနုမတိပရိကပ္ပတ္ထေသု+သတ္တမီ–ဟု ၂–ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**

> **အတ္ထ–သဒ္ဒါထည့်ဆိုရခြင်းအကျိုး ။ ။** အတ္ထ-သဒ္ဒါဖြင့် ဝိဓိအနက်, နိမန္တနအနက်စသည်တို့၌လည်း သတ္တမီဝိဘတ် သက်ရခြင်းအကျိုးရှိပါသည်။

> **သတ္တမီဝိဘတ်သက်ရာအနက် (ဝါ) သက်နိုင်သောအနက်များ ။ ။** အနုမတိ, ပရိကပ္ပ, ဝိဓိ, နိမန္တန, အာမန္တန, အဇ္ဈိဋ္ဌ, သမ္ပုစ္ဆ, ပတ္ထနာအနက်များ ဖြစ်ပါသည်။

> **အနုမတိ မည်ပုံ ။ ။** တစ်စုံတစ်ခု ပြုလုပ်လိုသူကို ခွင့်ပြုခြင်းသည် "အနုမတိ" မည်ပါသည်။ > **ပရိကပ္ပ မည်ပုံ ။ ။**အကယ်၍ဖြစ်အံ့ဟု မှတ်သားခြင်း, ကြံစည်ခြင်းသည်ရင်း၊ အကြောင်းကြိယာဖြစ်ခဲ့သော် အကျိုးကြိယာ၏ ဖြစ်သင့်ခြင်းကို ကြံဆခြင်းသည်ရင်း "ပရိကပ္ပ" မည်ပါသည်။

> **ပရိကပ္ပ ၂–မျိုး ။ ။** (၁) ဟေတုပရိကပ္ပ=အကြောင်းကို ကြံဆခြင်း၊ (ပုံစံ) သစေ သဝ်ရာ နိစ္စာ ဘဝေယျုံ၊ ဤပုံစံ၌ သင်္ခါရတို့ နိစ္စဖြစ်ကုန်အံ့-ဟု ကြံဆခြင်းသည် မချုပ်ခြင်း၏ အကြောင်းကို ကြံဆသောကြောင့် "**ဟေတုပရိကပ္ပ**" ဖြစ်ပါသည်။

(၂) ဖလပရိကပ္ပ=အကျိုးကို ကြံဆခြင်း၊ (ပုံစံ) န နိရုဇ္ဈေယျုံ၊ ဤပုံစံ၌ မချုပ်ကုန်ရာ-ဟု ကြံဆခြင်းသည် နိစ္စဖြစ်ခြင်း၏အကျိုးကို ကြံဆသောကြောင့် **ဖလပရိကပ္ပ**။

> **အနုမတိနှင့် ပရိကပ္ပ အထူး ။ ။** သူ့အလိုကို ခွင့်ပြုခြင်းသည် အနုမတိ၊ မိမိအလိုကို ကြံဆခြင်းသည် ပရိကပ္ပ၊ ဤသို့ ထူးပါသည်။

> **ယဒိ သော ပဌမဝယေ ပဗ္ဗဇေယျ အရဟာ ဘဝေယျ–၌ ပရိကပ္ပ ဖြစ်ပုံ**

ဤပုံစံ၌ ယဒိ သော ပဌမဝယေ ပဗ္ဗဇေယျ-ကား ရဟန်းပြုရခြင်း၏ အကြောင်းကို ကြံစည်သောကြောင့် ဟေတုပရိကပ္ပ၊ အရဟာ ဘဝေယျ-ကား ပဌမအရွယ်၌ ရဟန်းပြုခဲ့

http://www.dhammadownload.com



လျှင် ရဟန္တာဖြစ်လောက်ရာ၏-ဟု ရဟန္တာဖြစ်ခြင်း၏ အကျိုးကို ကြံစည်သောကြောင့် ဖလပရိကပ္ပ၊ ဤကား ပရိကပ္ပ ဖြစ်ပုံတည်း။

➤ **သစေ သဒ်ါရော နိစ္စာ ဘဝေယျုံ န နိရုဇ္ဈေယျုံ-၌ ပရိကပ္ပ ဖြစ်ပုံ**

သစေ သဒ်ါရော နိစ္စာ ဘဝေယျုံ-ကား သဒ်ါရတရားတို့၏ အမြဲတည်မှုကို ကြံဆသောကြောင့် ဟေတုပရိကပ္ပ၊ န နိရုဇ္ဈေယျုံ-ကား သဒ်ါရတရားတို့ အမြဲတည်ရှိနေလျှင် ယင်းသဒ်ါရတရားတို့သည် မချုပ်ကုန်တော့ရာဟု သဒ်ါရတရားတို့၏ မချုပ်ခြင်း ဟူသော အကျိုးကို ကြံဆသောကြောင့် ဖလပရိကပ္ပ၊ ဤကား ပရိကပ္ပ ဖြစ်ပုံတည်း။

### ၄၁၇။ အပစ္စက္ခေ ပရောက္ခာတီတေ

အပစ္စက္ခေ အတီတေ ကာလေ ပရောက္ခာဝိဘတ္တိ ဟောတိ။

သုပိနေ ကိလမာဟ၊ ဧဝံ ကိလ ပေါရာဏာဟု။

* အပစ္စက္ခေ၊မျက်ကွယ်ဖြစ်သော။အတီတေ၊အတိတ်ဖြစ်သော။ကာလေ၊ကာလ၌။ ပရောက္ခာ၊ပရောက္ခာဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ [ဝုတ္တိအနက်လွယ်ပြီ]

* သုပိနေ၊အိပ်မက်၌။အာဟကိလ၊ဆိုသတဲ့။ * ဧဝံ၊ဤသို့။ပေါရာဏာ၊ရှေးဆရာတို့သည်။အာဟုကိလ၊ဆိုကုန်သတဲ့။

➤ **အပစ္စက္ခေ+ပရောက္ခာ+အတီတေ-ဟူ ၃-ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**

➤ **ပစ္စက္ခ-အရ** ။ ။ အက္ခိနော ပဋိမုခေါ ပစ္စက္ခော-ဟု ဝစနတ္ထပြု၍ ပစ္စုပ္ပန်ကာလကို ယူရပါမည်။ ➤ **အပစ္စက္ခ-အရ** န ပစ္စက္ခော အပစ္စက္ခော-ဟု ဝစနတ္ထပြု၍ အတိတ်ကာလကို ယူရပါမည်။ (နိဒ္ဒေသ) ➤ **အက္ခ-အရ** ＝ စက္ခုံစသော ဣန္ဒြေကို ယူရမည်။

➤ **အတီတ (အတိတ်) အဓိပ္ပါယ်** ။ ။ ပစ္စုပ္ပန် အခိုက်အတန့်ကို လွန်၍ဖြစ်လေပြီးသော ကြိယာသည်ရင်း၊ ထိုကြိယာဖြင့် မှတ်အပ်သော ကာလသည်ရင်း "အတီတ＝အတိတ်" မည်ပါသည်။

➤ **အပစ္စက္ခေ-ဟု ဝိသေသနပုဒ် ထည့်ဆိုရခြင်းအကျိုး** ။ ။ ပစ္စက္ခအတိတ်, အပစ္စက္ခအတိတ် နှစ်မျိုးတို့တွင် ဤသုတ်၌ ပစ္စက္ခအတိတ်ကို နစ်စေ၍ အပစ္စက္ခအတိတ်ကို ယူစေခြင်းအကျိုးငှာ "အပစ္စက္ခေ"ဟု ဝိသေသနပုဒ်ကို ထည့်ဆိုရပါသည်။

➤ **ပရောက္ခာ အဓိပ္ပါယ်** ။ ။ ဣန္ဒြေတို့၏ ကွယ်ရာဖြစ်သော အာရုံကြိယာသည် "ပရောက္ခာ" မည်ပါသည်။

➤ **ပရောက္ခံ ရုပ်ပြီးပုံ** ။ ။ အက္ခပရ-ဟု ဆိုလိုလျက် ဤနိပါတနဖြင့် အက္ခနှင့် ပရကို ရှေ့နောက်ပြန်၊ အ-ကို ဩပြု၊ ရ-၏ အ-ကိုချေ၊ ရ-ကို ဩသို့ကပ်၊ နာမ်င့် သိ သက်၊ သိကို အံပြု၊ "ပရောက္ခံ" ပြီး၏။

➤ **ပရောက္ခာဝိဘတ် သက်ရာဌာန** ။ ။ (၁) မိမိပြုလုပ်လိုက်မိသည်ကို အမှတ်

http://www.dhammadownload.com



မရရာဌာန၊ (ပုံစံ) သုပိနေ ကိလမာဟ၊ (၂) အမြစ်အရင်းက စ၍ ဖုံးကွယ်လိုရာဌာန၊ (ပုံစံ) နာဟံ ကလိင်္ဂေ ဇဂါမ၊ (၃) မြင်မှု ကြားမှုစသော ဤန္ဒြေငါးပါး၏ ကွယ်ရာဌာန၊ (ပုံစံ) ဓဝံ ကိလ ပေါရာဏာဟု။ (ကစ္စာယနသာရ)

## ၄၁၈။ ဟိယျော ပဘုတိ ပစ္စက္ခေ ဟိယျတ္တနီ

ဟိယျော ပဘုတိ အတီတေ ကာလေ ပစ္စက္ခေ ဝါ အပစ္စက္ခေ ဝါ ဟိယျတ္တနီ ဝိဘတ္တိ ဟောတိ။ ။ သော အဂမာ မဂ္ဂံ၊ တေ အဂမူ မဂ္ဂံ။

* ဟိယျောပဘုတိ၊ယမန်နေ့(မနေ့က)မှ စ၍။ပစ္စက္ခေဝါ၊မျက်မှောက်လည်းဖြစ်သော အပစ္စက္ခေဝါ၊မျက်ကွယ်လည်းဖြစ်သော။အတီတေ၊အတိတ်ဖြစ်သော။ကာလေ၊ကာလ၌။ ဟိယျတ္တနီ၊ဟိယျတ္တနီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ [ဝုတ္တိအနက် နည်းတူ]

* သော၊ထိုသူသည်။မဂ္ဂံ၊ခရီးကို (လမ်းကို)။အဂမာ၊သွားပြီ။ * တေ၊ထိုသူတို့သည်။ မဂ္ဂံ၊လမ်းကို။အဂမူ၊သွားကုန်ပြီ။

➤ **ဟိယျော ပဘုတိ+ပစ္စက္ခေ+ဟိယျတ္တနီ–ဟု ၃–ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**

➤ **ဤသုတ်သို့ အပစ္စက္ခ–သဒ္ဒါ လိုက်သင့်ခြင်းအကြောင်း** ။ ။ သုတ်၌ ဟိယျော ပဘုတိ-ဟု ဆိုထားသောကြောင့် "အပစ္စက္ခ"သဒ္ဒါ လိုက်သင့်ပါသည်။

➤ **အပစ္စက္ခ–သဒ္ဒါ အလိုက်စံရခြင်းအကျိုး** ။ ။ ဟိယျော ပဘုတိ-ဟု ဆိုအပ်သော ကြောင့် မျက်ကွယ်ဖြစ်သော အတိတ်ကာလကိုလည်း ယူစေခြင်းအကျိုးငှာ "အပစ္စက္ခ" သဒ္ဒါ အလိုက်ခံရပါသည်။

## ၄၁၉။ သမီပေ'ဇ္ဇတနီ

အဇ္ဇပ္ပဘုတိ အတီတေ ကာလေ ပစ္စက္ခေ ဝါ အပစ္စက္ခေ ဝါ သမီပေ အဇ္ဇတနီ ဝိဘတ္တိ ဟောတိ။ ။ သော မဂ္ဂံ အဂမိ၊ တေ မဂ္ဂံ အဂမုံ။

* အဇ္ဇပ္ပဘုတိ၊ယနေ့မှစ၍။ပစ္စက္ခေဝါ၊မျက်မှောက်လည်းဖြစ်သော။အပစ္စက္ခေဝါ၊ မျက်ကွယ်လည်းဖြစ်သော။သမီပေ၊အနီး၌ဖြစ်သော။အတီတေ၊အတိတ်ဖြစ်သော။ကာလေ၊ ကာလ၌။အဇ္ဇတနီ၊အဇ္ဇတနီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ [ဝုတ္တိအနက် နည်းတူ]

* သော၊ထိုသူသည်။မဂ္ဂံ၊လမ်းကို။အဂမိ၊သွားပြီ။ * တေ၊ထိုသူတို့သည်။မဂ္ဂံ၊လမ်း ကို။အဂမုံ၊သွားကုန်ပြီ။

➤ **သမီပေ+အဇ္ဇတနီ–ဟု ၂–ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**

➤ **အဇ္ဇ ၃–မျိုး** ။ ။ (၁) ပစ္စုပ္ပန်အဇ္ဇ=ယနေ့ပြုလုပ်ဆဲကြိယာ၊ (၂) အတီတအဇ္ဇ= ယနေ့ပြုလုပ်ပြီးကြိယာ၊ (၃) အနာဂတ်အဇ္ဇ=ယနေ့ မရောက်သေးသော ကြိယာ။

➤ **ဤ၌ အလိုရှိသော အဇ္ဇကား** - အပစ္စက္ခေ ပရောက္ခာတီတေသုတ်မှ အတီတေ ဟူသော ဝိသေသနပုဒ် လိုက်လာသောကြောင့် အတိတ်အဇ္ဇကို ယူရပါမည်။

http://www.dhammadownload.com



➤ **အဇ္ဇတနီဝိဘတ် အဓိပ္ပါယ်** ။ ။ ယနေ့မှစ၍ လွန်ခဲ့သမျှ အတိတ်ကြိယာ၌ ဖြစ်သော ဝိဘတ်သည် "အဇ္ဇတနီဝိဘတ်" မည်ပါသည်။

➤ **သမီပေပုဒ် ထည့်ဆိုရခြင်းအကြောင်း** ။ ။ ဟိယျအတိတ်သည်လည်း ပစ္စက္ခ, အပစ္စက္ခ နှစ်ပါးပင်ဖြစ်၍ ထိုဟိယျ အတိတ်နှစ်ပါးကို နစ်စေလိုသောကြောင့် "သမီပေ" ပုဒ်ကို ထည့်ဆိုရပါသည်။

➤ **ယောဂဝိဘာဂ/အဇ္ဇတနီ-ဟု သုတ်ခွဲ၍ တည်ရကျိုး** ။ ။ (ဤသုတ်ဖြင့် အတိတ်ကာလ၌သာ အဇ္ဇတနီဝိဘတ် သက်နိုင်သည်မဟုတ်) ယော ရာဂံ ဥတ္တိဒါ အသေသံ ပြယုဂ်၌ အဇ္ဇတနီ-ဟူသော ဒွိဓာကရဏယောဂဝိဘာဂဖြင့် ပစ္စုပ္ပန်ကာလ၌လည်း အဇ္ဇတနီ ဝိဘတ် သက်ရခြင်းအကျိုး ရှိပါသည်။

**၄၂၀။ မာ ယောဂေ သဗ္ဗကာလေ စ**

ဟိယျတ္တနီ အဇ္ဇတနီ ဣစ္စေတာ ဝိဘတ္တိယော ယဒါ မာ ယောဂါ၊ တဒါ သဗ္ဗ ကာလေ စ ဟောန္တိ။ ။ မာ ဂမာ၊ မာ ဝစာ၊ မာ ဂမိ၊ မာ ဝစိ။

**စဂ္ဂဟဏေန** ပဉ္စမီဝိဘတ္တိပိ ဟောတိ။ မာ ဂစ္ဆာဟိ။

* မာ ယောဂေ၊မာ ပတိသေဓနှင့်ယှဉ်သည်။သတိ၊ဖြစ်လတ်သော်။သဗ္ဗကာလေ၊ အလုံးစုံသော ကာလ၌။ဟိယျတ္တနဇ္ဇတနီယော၊ဟိယျတ္တနီ, အဇ္ဇတနီဝိဘတ်တို့သည် လည်း။ဟောန္တိ၊ဖြစ်ကုန်၏။ ။ * ဟိယျတ္တနီ အဇ္ဇတနီ ဣစ္စေတာ ဝိဘတ္တိယော၊ ဟိယျတ္တနီ, အဇ္ဇတနီဝိဘတ်တို့သည်လည်း။ယဒါ၊အကြင်အခါ၌။မာယောဂေ၊မာပတိသေဓ နှင့် ယှဉ်သည်။သတိ၊ဖြစ်လတ်သော်။တဒါ၊ထိုအခါ၌။သဗ္ဗကာလေ၊၌။ဟောန္တိ၊ဖြစ်ကုန်၏

* မာဂမာ၊မသွားပြီ။(မသွားလတ္တံ့၊ ယခု မသွား။ ဘယ်ကာလမှ မသွား) မာဝစာ၊ မဆိုပြီ။(မဆိုလတ္တံ့၊ ယခု မဆို၊ ဘယ်ကာလမှ မဆို) မာ ဂမိ၊မသွားပြီ၊ (မသွားလတ္တံ့၊ ယခု မသွား၊ ဘယ်ကာလမှ မသွား) မာ ဝစိ၊မဆိုပြီ၊(မဆိုလတ္တံ့၊ ယခု မဆို၊ ဘယ်ကာလမှ မဆို) * စဂ္ဂဟဏေန၊စသဒ္ဒါဖြင့်။ပဉ္စမီဝိဘတ္တိ၊ပဉ္စမီဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ မာ ဂစ္ဆာဟိ၊ဘယ်ကာလမှ မသွားလင့်။

➤ **မာ ယောဂေ+သဗ္ဗကာလေ+စ-ဟု ၃-ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**

➤ **သဗ္ဗကာလ-သဒ္ဒါ ဆိုရခြင်းအကျိုး** ။ ။ သဗ္ဗကာလ-သဒ္ဒါဖြင့် ပစ္စုပ္ပန်ကာလ, အနာဂတ်ကာလ၌လည်း ဟိယျတ္တနီ, အဇ္ဇတနီဝိဘတ်တို့ကို စီရင်ရခြင်းအကျိုးရှိသည်။

➤ **ဤသုတ်က တားမြစ်သော သုတ်များ** ။ ။ ဝတ္တမာနာ ပစ္စုပ္ပန္နေ၊ အနာဂတေ ဘဝိဿန္တိ-သုတ်တို့ ဖြစ်ပါသည်။

➤ **ဤသုတ်ကို ဆိုရခြင်းအကျိုး** ။ ။ ဟိယျတ္တနီ, အဇ္ဇတနီဝိဘတ်တို့သည် မာ ပဋိသေဓ နိပါတ်ပုဒ်နှင့်ယှဉ်လျှင် ကာလသုံးပါးလုံး၌ သက်နိုင်ကြ၏ဟု သိစေခြင်းအကျိုး

http://www.dhammadownload.com



ဌာ "မာ ယောဂေ သဗ္ဗကာလေစ"-သုတ်ကို ဆိုရပါသည်။

**မေး** ။ ။ မာ-သဒ္ဒါနှင့်ယှဉ်ရာ၌ အဘယ်ဝိဘတ်များသည် ကာလမည်မျှ၌ ဖြစ်နိုင်သည်ကို ပုံစံနှင့်တကွ ယှဉ်တွဲပြပါ။

**ဖြေ** ။ ။ မာဂမာ မာဝစာ မာဂမိ မာဝစိ စသည်တို့၌ ဟိယျတ္တနီ အဇ္ဇတနီဝိဘတ်တို့သည် မာသဒ္ဒါနှင့်ယှဉ်ရာ၌ အလုံးစုံသော ကာလ၌ ဖြစ်နိုင်ပါသည်။

➤ **မာ ယောဂ-အရ** ။ ။ မာ-ဟူသော ပဋိသေဓနိပါတ်နှင့် ယှဉ်စပ်နေသော ဂမုဓာတ်, ဝစဓာတ် စသည်တို့ကို ယူရပါမည်။ ➤ **သဗ္ဗကာလ-အရ** ။ ။ အလုံးစုံသော ပစ္စုပ္ပန်, အတိတ်, အနာဂတ်, ကာလာတိပတ္တိကာလတို့ကို ယူရပါမည်။

➤ **စသဒ္ဒါ ဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် မာ ဂစ္ဆာဟိ-စသော ပုံစံတို့၌ ပဉ္စမီဝိဘတ် သက်ရခြင်း အကျိုးရှိပါသည်။ ➤ **စသဒ္ဒါ၏ အနက်** ။ ။ သမုစ္စည်းအနက် ဖြစ်ပါသည်။

**မေး** ။ ။ သဗ္ဗကာလ၌ သက်နိုင်သော ဝိဘတ်တို့ကို ဖော်ပြ၍၊ ၎င်းဝိဘတ်တို့သည် အဘယ်သဒ္ဒါ၏ အယှဉ်ဝယ် သဗ္ဗကာလ၌ သက်သည်ကို ဖော်ပြပါ။

➤ **သဗ္ဗကာလ၌ သက်နိုင်သော ဝိဘတ်များ** ။ ။ ဟိယျတ္တနီ, အဇ္ဇတနီ, ပဉ္စမီ ဝိဘတ်တို့ ဖြစ်ပါသည်။

* <u>၎င်းဝိဘတ်တို့သည်- မာသဒ္ဒါ၏ အယှဉ်ဝယ် သဗ္ဗကာလ၌ သက်ပါသည်။</u>

## ၄၂၁။ အနာဂတေ ဘဝိဿန္တိ

အနာဂတေ ကာလေ ဘဝိဿန္တိ ဝိဘတ္တိ ဟောတိ။

သော ဂစ္ဆိဿတိ၊ ကရိဿတိ၊ တေ ဂစ္ဆိဿန္တိ၊ ကရိဿန္တိ။

အနာဂတေ၊အနာဂတ်ကာလ၌။ဘဝိဿန္တိ၊ဘဝိဿန္တိဝိဘတ်သည်။ဟောတိ၊ဖြစ်၏။ [ဝုတ္တိအနက် လွယ်ပြီ။] * သော၊ထိုသူသည်။ဂစ္ဆိဿတိ၊သွားလတ္တံ့။ကရိဿတိ၊ပြုလတ္တံ့။ * တေ၊ထိုသူတို့သည်။ဂစ္ဆိဿန္တိ၊သွားကုန်လတ္တံ့။ကရိဿန္တိ၊ပြုကုန်လတ္တံ့။

➤ **အနာဂတေ+ဘဝိဿန္တိ-ဟု ၂-ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**

**မေး** ။ ။ အတိတ်ကာလ၌လည်း ဘဝိဿန္တိဝိဘတ် သက်နိုင်ပါသေးသည်ဟု ဆိုလျှင် ၎င်းရှင် လက်ခံနိုင်ပါမည်လော? ပုံစံနှင့်တကွ အကြောင်းသွင်း ရှင်းလင်းပြပါ။

➤ **အတိတ်ကာလ၌လည်း ဘဝိဿန္တိဝိဘတ် သက်နိုင်ခြင်းအကြောင်း**

အနေကဇာတိ သံသာရံ သန္ဓာဝိဿံ,စသော ပြယုဂ်တို့၌ ထိုအနာဂတ်ကာလဖြင့် ဆိုလိုခြင်းကြောင့် အတိတ်အနက်၌လည်း ဘဝိဿန္တိဝိဘတ် သက်နိုင်သောကြောင့်-- လက်ခံနိုင်ပါသည်။

➤ **သန္ဓာဝိဿံ-၌ အာချာတ်ဝိဘတ်သက်ပုံ** ။ ။ အတိတ်ကာလကိုပင် အနာဂတ်ကာလ အနေဖြင့် ဆိုလိုသောကြောင့် သန္ဓာဝိဿံ-ဝယ် (အနာဂတေ ဘဝိဿန္တိ-သုတ်၌

http://www.dhammadownload.com



ဘဝိဿန္တိ-ဟူသော ဒွိတာကရဏ ယောဂဝိဘာဂဖြင့်) အတိတ်အနက်၌ ဘဝိဿန္တိ "သံ" ဝိဘတ် သက်ထားပါသည်။

➤ **အန္ဒာဝိဿံ ရှုမ်ပြီးမို ။** ။ သန္ဓာဝိဿံ-ကား သံပုဗ္ဗ ဓာဝုဓာတ်၊အနာဂတေ ဘဝိဿန္တိ-သုတ်၌ ဘဝိဿန္တိ-ဟူသော ဒွိတာကရဏ ယောဂဝိဘာဂဖြင့် အတိတ်အနက်၌ ဘဝိဿန္တိ ကေဝုစ် သံဝိဘတ်သက်၊ဓာတ်၏အဆုံးသရကိုချေ၊ ဣကာရာဂမော အသဗ္ဗ ဓာတုကမှိသုတ်ဖြင့် ဣလာ၊ နိဂ္ဂဟိတ်ကို တဝဂ္ဂန္တ န-ပြု၊ဝ-ဣသို့ကပ်။

➤ **ဘဝိဿန္တိ ယောဂဝိဘာဂဖြင့် ဆိုရကျိုး/ဘဝိဿန္တိ-ဟု သုတ်ခွဲ၍ ထည်ရကျိုး**

အနေကဇာတိ သံသာရံ သန္ဓာဝိဿံ-ဝယ် သန္ဓာဝိဿံ-၌ ဘဝိဿန္တိ-ဟူသော ဒွိတာ ကရဏ ယောဂဝိဘာဂဖြင့် အတိတ်ကာလ၌ ဘဝိဿန္တိဝိဘတ် သက်နိုင်ရခြင်း အကျိုးရှိပါသည်။

➤ **အနာဂတေ(အနာဂတ်) အဓိပ္ပါယ် ။** ။ လာပြီး လာဆဲ ဖြစ်ပြီး ဖြစ်ဆဲမဟုတ်၊ ဖြစ်ဖို့ရှေ့ရှုနေသော အကြောင်းညီညွတ်လျှင် ဧကန်ဖြစ်မည့် ကြိယာသည် အနာဂတ၊ အနာဂတ် မည်ပါသည်။

➤ **ဘဝိဿန္တိဝိဘတ် သက်နိုင်သော ကာလများ ။** ။ (၁) ဘဝိဿန္တိဝိဘတ်သည် ကဲ့ရဲ့ရှုတ်ချခြင်း အနက်ရှိသော နာမ-သဒ္ဒါနှင့်ယှဉ်ရာဝယ် ပစ္စုပ္ပန်ကာလ, အတိတ်ကာလ တို့၌ သက်နိုင်ပါသည်။ (ပုံစံ) အတ္ထိ နာမ တာတ သုဒိန္န အာဘိဒေါသိကံ ကုမ္မာသံ ပရိ ဘုဉ္ဇိဿသိ။[ပစ္စုပ္ပန်] န ဟိ နာမ ဘိက္ခဝေ တဿ မောဃ ပုရိသဿ ပါဏေသု အနုဒ္ဒ ယာ ဘဝိဿတိ။ [အတိတ်ကာလ]

၂။ ကဲ့ရဲ့ရှုတ်ချခြင်းအနက်ရှိသော ကထံ ဟိ နာမ-သဒ္ဒါနှင့် ယှဉ်ရာဝယ် အတိတ် ကာလ၌လည်း ဘဝိဿန္တိဝိဘတ် သက်နိုင်ပါသည်။ (ပုံစံ) ကထံ ဟိ နာမ တွံ မောဃ ပုရိသ ဧဝံ သွာက္ခာတေ ဓမ္မဝိနယေ ဥဒရဿ ကာရဏာ ပဗ္ဗဇိဿသိ။

၃။ အံ့သြခြင်းအနက်ရှိသော နာမ-သဒ္ဒါနှင့်ယှဉ်ရာဝယ် အတိတ်ကာလ, ပစ္စုပ္ပန် ကာလ၌လည်း ဘဝိဿန္တိဝိဘတ် သက်နိုင်ပါသည်။ (ပုံစံ) အစ္ဆရိယံ အန္ဓော နာမ ပဗ္ဗတံ အာရောဟိဿတိ။ [တက်နိုင်တုံဘိ၏။]

## ၄၂၂။ ကြိယာတိပန္နေ' တီတေ ကာလာတိပတ္တိ

ကြိယာတိပန္နမတ္တေ အတီတေ ကာလေ ကာလာတိပတ္တိ ဝိဘတ္တိ ဟောတိ။

သော စေ တံ ယာနံ အလဘိဿာ၊ အဂစ္ဆိဿာ။ တေ စေ တံ ယာနံ အလဘိဿံသု၊ အဂစ္ဆိဿံသု။

* ကြိယာတိပန္နေ၊ကြိယာမဖြစ်ဘဲ လွန်၍သွားသော။အတီတေ၊အတိတ်ကာလ၌။ ကာလာတိပတ္တိ၊ကာလာတိပတ္တိဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

F 4-A

http://www.dhammadownload.com



* ကြိယာတိပန္နမတ္တေ၊ကြိယာမဖြစ်ဘဲ လွန်သွားပြီးကာမျှဖြစ်သော၊အတီတေ ကာလေ၊ အတိတ်ကာလ၌။ကာလာတိပတ္တိ ဝိဘတ္တိ၊ကာလာတိပတ္တိ ဝိဘတ်သည်။ဟောတိ၊၏။

* သော၊ထိုသူသည်။တံ ယာနံ၊ထိုယာဉ်ကို။စေ အလဘိဿာ၊အကယ်၍ ရသည်ဖြစ်အံ့။အဂစ္ဆိဿာ၊သွားရလေရာပြီ။ * တေ၊ထိုသူတို့သည်။တံ ယာနံ၊ထိုယာဉ်ကို။စေ အလဘိဿံသု၊အကယ်၍ ရကုန်သည်ဖြစ်အံ့၊အဂစ္ဆိဿံသု၊သွားရလေကုန်ရာပြီ။

**➤ ကြိယာတိပန္န+အတီတေ + ကာလာတိပတ္တိ–ဟု ၃–ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**

**➤ ကြိယာတိပန္န အဓိပ္ပါယ်/ ကြိယာတိပန္န ဖြစ်ပုံ ။ ။** ကြိယာကို ပြီးစေတတ်သော ကာရက၏ သတ္တိကင်းမှုကြောင့် စင်စစ် ကြိယာမဖြစ်ဘဲ လွန်သွားခြင်းသည် "ကြိယာတိပန္န" မည်ပါသည်။ (တနည်း) ဆန့်ကျင်ဘက်အကြောင်း၏ ကျရောက်ခြင်းကြောင့်ရင်း၊ အကြောင်းကြိယာ ချို့တဲ့ခြင်းကြောင့်ရင်း ကြိယာမဖြစ်ဘဲ လွန်သွားခြင်းသည် "ကြိယာတိပန္န" မည်ပါသည်။

**➤ ဒသော စ ပဋ္ဌမဝယေ ပဗ္ဗဇ္ဇံ အလဘိဿ အရဟာ–၌ ကြိယာတိပန္န ဖြစ်ပုံ**

ဤပုံစံ၌ ရဟန္တာဖြစ်ခြင်းကြိယာ ဖြစ်သင့်ဖြစ်ထိုက်ပါလျက် ရဟန်းပြုခြင်းဟူသော အကြောင်းချို့တဲ့ခြင်းကြောင့် ရဟန္တာဖြစ်ခြင်းအကျိုးကြိယာ စင်စစ်ဖြစ်ပေါ် မလာခြင်းကို "ကြိယာတိပန္န"ဟု ဆိုပါသည်။

**➤ သော စေ တံ ခနံ အလဘိဿ ဩဒနံ အပစိဿ–၌ ကြိယာတိပန္န ဖြစ်ပုံ**

**➤ ဝဏ္ဏာ–အရ ॥ ॥** ဏွအက္ခရာနှင့် ဤအက္ခရာတို့၏ တာလုဇ အက္ခရာချင်းတူသောကြောင့် ဤ-အက္ခရာကို ယူရပါမည်။

**➤ ဘောတ်အနက်၌သက်သော ယပစ္စည်းနောင်းဝါဒျက် ဤသုတ်ဖြင့် ဏွဝဏ် မလာနိုင်သော ဓာတ်များ။ ॥** ယမို ဒါဓာမာဌာဟာပါ မဟ မထာဒိနမိ-သုတ်ကို ထောက်၍ ဒါ, ဓာ, မာ, ဌာ, ဟာ, ပါ, မဟ, မထ, စသော ဓာတ်များဖြစ်ပါသည်။

**➤ အာဂမ အဓိပ္ပါယ် ॥ ॥** ထင်ရှားစွာ မရှိသေးသော ဏွ-အက္ခရာ, ဤ-အက္ခရာ တို့၏ ထင်ရှားစွာ ဖြစ်ပေါ်လာခြင်းသည် "အာဂမ" မည်ပါသည်။

**➤ ဝါ–သဒ္ဒါ၏အနက် ॥ ॥** ဝါ-သဒ္ဒါသည် (ကစ္စည်းအလို) ဝိကပ်အနက်၊ (ရူပသိဒ္ဓိ အလို) ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။

**➤ ဝါ–သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်/ဝါ–သဒ္ဒါဖြင့် ပိုင်းခြားသတ်မှတ်ချက်**

ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ဂမ္မတေ, ဂမျတေ, ပစ္စတေ စသော ရုပ်များ၌ ဏွဝဏ် မလာရခြင်း အသန္တဝိဓိ၊ ဂမီယတေ, ဂစ္ဆီယတေ, ပစီယတေ, စသည်၌သာ ဏွဝဏ်လာရခြင်း နိစ္စဝိဓိ နှစ်မျိုးကို ပိုင်းခြားပြပါသည်။ (ဘာသာဋီကာ)

ဇ-အဆုံးရှိသောဓာတ်, ဉာဓာတ်, ကရ, ဂမု, ပစ, စသော ဗျဥ္ဇနန္တဓာတ်, ဓာတု ပစ္စယန္တဓာတ်တို့၌ ရံခါ ဏွ, ဤ လာရခြင်း အနိစ္စဝိဓိ၊ ဇ-အဆုံးရှိသောဓာတ်မှ တစ်ပါး ဒါ, ဌိ, ကီ, သု, ဘူ, မထ,စသော ဓာတွန်မကြေသော ဓာတ်တို့၌ ဏွ, ဤ မလာရခြင်း အသန္တဝိဓိ နှစ်မျိုးကို ပိုင်းခြားပြပါသည်။ (ရူပသိဒ္ဓိ ဂဏ္ဌိ)

ဂစ္ဆီယတေ၊ ဂစ္ဆီယန္တေ စသည်၌ နိစ္စဝိဓိ၊ ဂမိယတေ, ဂမ္မတေ, ကရီယတေ, ကယျ တေ, စသည်၌ အနိစ္စဝိဓိ၊ ပစ္စတေ, ပစ္စန္တေ စသည်၌ အသန္တဝိဓိ သုံးမျိုးကို ပိုင်းခြားပြ ပါသည်။ (တောင်လေးလုံး နိသျ)

**➤ ဤသုတ်တည်ရကျိုး/ ဏွဝဏ်လာရကျိုး ॥ ॥** တသ္သ စဝဂ္ဂ,စသော သုတ်ဖြင့် ဓာတွန်ဗျည်းနှင့်တကွ ယပစ္စည်းကို စီရင်သော စဝဂ်ပြု, ယပြု, ဝပြု၊ ပုဗ္ဗရူပဥ္စ-သုတ်ဖြင့် ပုဗ္ဗရုပ် အပြုကို တားမြစ်ရခြင်းအကျိုး ရှိပါသည်။

**➤ ဏွဝဏ္ဏာဂမောဝါ–သုတ်နှင့် ဏွကာရာဂမော–သုတ်တို့ ဏွလာရာ၌ခြားနားချက်**

ဏွဝဏ္ဏာဂမောဝါ-သုတ်ဖြင့် ကရီယျတေ, ကရီယတေ-ဝယ် ကရဓာတ်၏ အဆုံး၌

http://www.dhammadownload.com



သာ ဣဝဏ်လာရသည်။ ဣကာရာဂမော-သုတ်ဖြင့် အပစ္စိတ္တ စသည်ဝယ် ပစဓာတ်၏ အဆုံး ယပစ္စည်း၏အဆုံး၌ ဣ-အက္ခရာ လာရပါသည်။ ဤသို့ ထူးပါသည်။

**➤ ဣ, ဤ လာပုံအထူး ။ ။** ဣ-အက္ခရာ လာရာ၌ နိမိတ်ဖြစ်သော ယပစ္စည်းကို ဖွေဘော်ပြုရပါသည်။ (ပုံစံ) ကရိယျတိ။ ဤ-အက္ခရာ လာရာ၌ နိမိတ်ဖြစ်သော ယပစ္စည်းကို ဖွေဘော် မပြုရ။ (ပုံစံ) ကရီယတေ။

**➤ အာဝဓာမွတ္တ ယပစ္စည်း နိမိတ်အဖြစ် ဝါဝင်ဆောင်ရွက်ရသော အမီအရင်များ**

(၁) ဣဝဏ္ဏာဂမောဝါ-သုတ်ဖြင့် ယပစ္စည်းကြောင့် အချို့ဣဝဏ်လာရခြင်း၊ (၂) ဝစ ဝသ ဝဟာဒီနံ မုကာရော ဝဿ ယေ-သုတ်ဖြင့် ယပစ္စည်းကြောင့် ဝ-ကို (တနည်း) ဝ-၏ အစိတ် အ, ကို ဥပြုရခြင်း၊ (၃) ဟ ဝိပရိယယော လောဝါ-သုတ်ဖြင့် ယပစ္စည်းကြောင့် ဟဝိပရိတ်ပြုရခြင်းနှင့် ယ-ကို လပြုရခြင်း၊ (၄) ယမှိ ဒါဓာ မာဌာဟာပါ မဟ မထာဒီနမီ-သုတ်ဖြင့် ယပစ္စည်းကြောင့် ဓာတွန်သရကို ဤပြုရခြင်း၊ (၅) ယဧဿာဒိဿိ သုတ်ဖြင့် ယပစ္စည်းကြောင့် ယဧဓာတ်၏အစ ယ-ကို ဣပြုရခြင်းတို့ ဖြစ်ပါသည်။

## ၄၄၃။ ပုဗ္ဗရူပဉ္စ

သဗ္ဗေဟိ ဓာတူဟိ ယပစ္စယော ပုဗ္ဗရူပ မာပဇ္ဇတေ ဝါ။

ဝုဍ္ဎတေ၊ ဖလ္လတေ၊ ဒမ္မတေ၊ သက္ကတေ၊ လဗ္ဘတေ၊ ဒိဿတေ။

* သော၊ထိုယပစ္စည်းသည်။ပုဗ္ဗရူပဥ္စ၊ပုဗ္ဗရုပ်အဖြစ်သို့လည်း။(ဝါ) ရှေ့ဓာတွန်၏ ရုပ်သွင် သဏ္ဌာန်သို့လည်း။ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏။

.(ကစ္စည်းအလို) ဓာတူဟိ၊အလုံးစုံသော ဓာတ်တို့နောင်မှ။ယော၊ယပစ္စည်းသည်။ ပုဗ္ဗရူပဥ္စ၊သို့လည်း။(ဝါ) သို့လည်း။ ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏။

[ရူအလို] ဓာတူဟိ၊ကဝဂ်, ဋဝဂ်, ပဝဂ်, ယအက္ခရာ, လ, သ, အဆုံးရှိသော ဓာတ်တို့နောင်မှ။ယော၊ယပစ္စည်းသည်။ပုဗ္ဗရူပဥ္စ၊သို့လည်း။(ဝါ) သို့လည်း။ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏။ [ဝုတ္တိအနက်] * သဗ္ဗေဟိ၊အလုံးစုံကုန်သော။ဓာတူဟိ၊ဓာတ်တို့မှ။ပရေ၌။ ယပစ္စယော၊ယပစ္စည်းသည်။ပုဗ္ဗရူပံ၊သို့။ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏။

ဝုဍ္ဎတေ၊ပွားခြင်း, ပွားအပ်၏။ ဖလ္လတေ၊ပြီးခြင်း, ပြီးအပ်၏။ ဒမ္မတေ၊ဆုံးမခြင်း, ဆုံးမအပ်၏။ သက္ကတေ၊စွမ်းနိုင်ခြင်း, (ဝါ) ပူဇော်ခြင်း, ပူဇော်အပ်၏။ လဗ္ဘတေ၊ရခြင်း, ရအပ်၏။ ဒိဿတေ၊ရှုကြည့်ခြင်း, ရှုကြည့်အပ်၏။

**➤ ပုဗ္ဗရူပ်+စ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

**➤ သဗ္ဗေဟိ ဓာတူဟိ-အရ/နိမိတ်ဖြစ်သင့်သော ဓာတ် ။ ။** ကဝဂ္ဂန္တဓာတ်, ဋဝဂ္ဂန္တဓာတ်, ပဝဂ္ဂန္တဓာတ်, ယ-အက္ခရာ, လ-အက္ခရာ, သ-အက္ခရာ အဆုံးရှိသော ဓာတ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ပုဗ္ဗရူပ–အရ/ပုဗ္ဗရှုပ် ပြုရမည့်အက္ခရာများ/ကာရိယဖြစ်သင့်သော အက္ခရာများ** ॥ ကဝဂ်ငါးလုံး ဍဝဂ်ငါးလုံး ပဝဂ်ငါးလုံး ယ, လ, သ-အက္ခရာတို့ ဖြစ်ပါသည်။

**မေး** ॥ ဤသုတ်ဖြင့် ပုဗ္ဗရှုပ်ပြုရမည်ဟုဆိုရာ အဘယ်ဓာတ်တို့နောင်ရှိသော ယပစ္စည်းကို ပုဗ္ဗရှုပ်ပြုရမည်နည်း။?

**ဖြေ** ॥ တဿ စဝဂ္ဂ ယကာရ ဝကာရတ္တံ သဓာတွန္တဿ-သုတ်ဖြင့် ၓဝဂ်, တဝဂ်, ရ အက္ခရာ, ဝ-အက္ခရာတို့ကို ဆိုခဲ့ပြီးဖြစ်သောကြောင့် ကဝဂ်, ဍဝဂ်, ပဝဂ်, ယ, လ, သ-အက္ခရာ အဆုံးရှိသောဓာတ်တို့နောင် ယပစ္စည်းကိုသာ ပုဗ္ဗရှုပ်ပြုရပါမည်။

➤ **ပုဗ္ဗရူပ (ပုဗ္ဗရှုပ်) အဓိပ္ပါယ်** ॥ [ပုဗ္ဗေ ဋ္ဌိတဿ အက္ခရဿ ရူပံ ပုဗ္ဗရူပံ-ဟူသည်နှင့်အညီ] ယပစ္စည်းကို ယင်း၏ ဓာတွန်အက္ခရာနှင့် ရုပ်သွင်သဏ္ဌာန်တူအောင် ပြုလုပ်ခြင်းကို ပုဗ္ဗရူပ (ပုဗ္ဗရှုပ်) ဟု ဆိုပါသည်။(ဥပမာ) ဖလ်+ယ+တေ=ဖလ်+လ+တေ =ဖလ္လတေ- ယပစ္စည်းကို ယင်း၏ ရှေ့က ဓာတွန်လနှင့် ရုပ်သွင်သဏ္ဌာန်တူ လပြုရသကဲ့သို့တည်း။

➤ **စ–သဒ္ဒါ၏အနက်** ॥ စ-သဒ္ဒါသည် ရှေ့သုတ်မှ ဝါ-သဒ္ဒါကို ငင်သောကြောင့် အနုကဖုနအနက်၊ ယပစ္စည်းကို စဝဂ်, ယ, ဝ-တို့သာ ပြုရသည်မဟုတ်၊ ပုဗ္ဗရှုပ်လည်း ပြုသေးသည်ဟု ပေါင်းဆည်းယူသောကြောင့် သမ္ပိဏ္ဍနအနက်တို့ ဖြစ်ပါသည်။

➤ **ဘာဝကမ္မ ယပစ္စည်း၏ ကာရိယအစီအစဉ်များ** ॥ တဿ စဝဂ္ဂ ယကာရ ဝကာရတ္တံ သဓာတွန္တဿသုတ်ကို ထောက်၍ ယပစ္စည်းကို ဓာတွန်နှင့်တကွ စဝဂ်ပြု, ယပြု, ဝပြုပါသည်။ပုဗ္ဗရူပဥ္စ-သုတ်ကိုထောက်၍ ယပစ္စည်းကို ပုဗ္ဗရှုပ်ပြု (ကဝဂ်ပြု, ဍဝဂ်ပြု, ပဝဂ်ပြု, ယပြု, လပြု, သပြု) ပါသည်။

---

### ၄၄၄။ တထာ ကတ္တရိ စ

ယထာ ဟေဋ္ဌာ ဘာဝကမ္မေသု ယပစ္စယဿ အာဒေသော ဟောတိ တထာ ကတ္တရိပိ ယပစ္စယဿ အာဒေသော ကာတဗ္ဗော။

ဝုဇ္ဈတိ၊ ဝိဇ္ဈတိ၊ မညတိ၊ သိဗ္ဗတိ။

* တထာ၊ထို တဿ စဝဂ္ဂသုတ်, ပုဗ္ဗရူပဥ္စ-သုတ်တို့၌ ဆိုအပ်ပြီးသည်နှင့်အတူ။ ကတ္တရိစ၊ကတ္တားအနက်၌လည်း။ယဿ၊ဖိဝါဒိ ယပစ္စည်း၏။အာဒေသော၊ကာရိယပြုသည်။(ဝါ) စဝဂ်ပြု, ယပြု, ဝပြု, ပုဗ္ဗရှုပ် အပြုသည်။ဟောတိ၊ဖြစ်၏။(တနည်း) ကတ္တရိစ၊ ကတ္တားအနက်၌လည်း။ယပစ္စယော၊ယပစ္စည်းကို။ဘာဝကမ္မေသု၊ဘောကံအနက်တို့၌။ ယပစ္စယော ယထာ၊ယပစ္စည်းကဲ့သို့။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။

[ ရှုအလို] ဘာဝကမ္မေသု၊ဘော, ကံအနက်တို့၌။ယဿ၊ယပစ္စည်း၏။အာဒေသော၊ စဝဂ်ပြု, ယပြု, ဝပြု, ပုဗ္ဗရှုပ် အပြုသည်။ဟောတိ ယထာ၊ဖြစ်သကဲ့သို့။တထာ၊ထို့အတူ။

http://www.dhammadownload.com



ကတ္တရိပိ၊ကတ္တားအနက်၌လည်း။သဓာတ္တုန္တသား၊ဓာတ်၏အစိတ်နှင့်တကွဖြစ်သော။ယဿ ယပစ္စည်း၏။စဝဂ္ဂ ယကာရ ဝကာရတ္တံ၊စဝဂ်, ယ အက္ခရာ, ဝ အက္ခရာ အဖြစ်တိုင်း။ ပုဗ္ဗရူပဥ္စ၊ပုဗ္ဗရုပ် အဖြစ်တိုင်း။ကာတဗ္ဗာနိ၊ပြုအပ်ကုန်၏။

* ပဟေဋ္ဌာ၊အောက်သုတ်၌။ဘာဝကမ္မေသု၊ဘောက်အနက်တို့၌။ယပစ္စယဿ၊ယ ပစ္စည်း၏။အာဒေသော၊သည်။ဟောတိ ယထာ၊ဖြစ်သကဲ့သို့။တထာ၊ထို့အတူ။ကတ္တရိစ၊ ကတ္တားအနက်၌လည်း။ယပစ္စယဿ၏။အာဒေသော၊ကို။ကာတဗ္ဗော၊ပြုအပ်၏။

ဇုဇ္ဇတိ၊သိ၏။ ပိဇ္ဇတိ၊ပစ်ဖောက်၏။ မညတိ၊သိ၏။ သိဗ္ဗတိ၊စပ်ချုပ်၏။

**➤ တထာ+ကတ္တရိ+စ–တူ ၃–ပုဒ်ရှိသော အတိဒေသသုတ်**

**➤ ပဟေဋ္ဌာ–အရ** ။ ။ တဿ စဝဂ္ဂ-စသောသုတ်နှင့် ပုဗ္ဗရူပဥ္စသုတ်တို့ကို ယူရမည်။

**➤ အာဒေသ–အရ/ကာရိယဖြစ်သင့်သော အက္ခရာများ** ။ ။ တဿ စဝဂ္ဂ-သုတ်၌ ဆိုခဲ့ပြီးသော စဝဂ်, ယ-အက္ခရာ, ဝ-အက္ခရာ၊ ပုဗ္ဗရူပဥ္စ-သုတ်၌ ဆိုခဲ့ပြီးသော ကဝဂ် ငဝဂ်, ပဝဂ်, ယ, လ, သ အက္ခရာတို့ ဖြစ်ပါသည်။

**➤ ယထာ တတ္တရိ/တထာ ကတ္တရိ ဆဲဆုံးအဖြစ်** ။ ။ ဆိုခဲ့ပြီး ပြခဲ့ပြီးသော စကား အရာဝတ္ထုကို ညွှန်ပြရာ၌ တထာ-သဒ္ဒါဖြင့်သာ ညွှန်ပြမြဲဖြစ်သောကြောင့် တထာ ကတ္တရိ-ပါဌ်၌ မှန်ပါသည်။ ဝိယ, ယထာ, ဣဝ-ဟူသော နိပါတ်ပုဒ်တို့ကား ဥပမာနဇောတက တည်း၊ ဧဝံ, တထာ-ဟူသော နိပါတ်ပုဒ်တို့ကား ဥပမေယျဇောတကတည်း၊ အတိဒေသ သုတ်တို့မှာ ဥပမာနဇောတက နိပါတ်ပုဒ်တို့ဖြင့်သာ သဒ္ဒါကျမ်း၌ ပြမြဲဖြစ်သောကြောင့် ယထာ ကတ္တရိပါဌ်၌လည်း မှန်ပါသည်။[သေသေသု ဋ္ဌ၊ ကာရိတံဝိယ ဏာနုဗန္ဓော-သုတ်တို့ကိုထောက်။]

**မေး** ။ ။ ဤသုတ်သည် အတိဒေသသုတ် ၆-မျိုးတို့တွင် အဘယ့်ကြောင့် အဘယ်သုတ် မျိုး ဖြစ်ပါသနည်း။

**ဖြေ** ။ ။ ဘောက ဝိသယပစ္စည်းကိုလွှန်၍ ကတ္တုဝိသယပစ္စည်းကို ညွှန်ပြသောကြောင့် နိမိတ္တာတိဒေသသုတ် ဖြစ်ပါသည်။ (တစ်နည်း) ကတ္တားဟော ယပစ္စည်းကို စဝဂ် ယ, ဝနှင့် ပုဗ္ဗရုပ် အပြုကို ညွှန်ပြသောကြောင့် ကာရိယာတိဒေသသုတ်ဖြစ်သည်။

**➤ စသဒ္ဒါ၏အနက်** ။ ။ စ-သဒ္ဒါသည် ယပစ္စည်းကို ငင်သောကြောင့် အနုကဍ္ဎန အနက် ရှိပါသည်။ (တစ်နည်း) တဿ စဝဂ္ဂ-သုတ် ပုဗ္ဗရူပဥ္စ-သုတ်တို့၌ ဆိုခဲ့သော အာ ဒေသကို ငင်သောကြောင့် အနုကဍ္ဎနအနက် ရှိပါသည်။

**မေး** ။ ။ ဤသုတ်၌ ကတ္တရိ-သဒ္ဒါသည် အဘယ်သုတ်များသို့ လိုက်ပါသနည်း။

**ဖြေ** ။ ။ ကတ္တရိ-သဒ္ဒါသည် ဝိကရဏပစ္စည်းကို စီရင်သော ဘူဝါဒိတော အ, စသော သုတ်များသို့ လိုက်ပါသည်။

http://www.dhammadownload.com



## ၄၄၅။ ဘူဝါဒိတော အ

ဘူ ဣစ္စေဝမာဒိတော ဓာတုဂဏာတော အပစ္စယော ဟောတိ ကတ္တရိ။
ဘဝတိ၊ ပဌတိ၊ ပစတိ၊ ဇယတိ။

[ဘူဝါဒိန္ဒ ဝ–ကို အနက်မဲ့ကြံ့ ဖေးပုံ] ✱ ဘူဝါဒိတော၊ဘူ အစရှိသော ဓာတ်အပေါင်းမှ။ ပရေနောက်၌။ကတ္တရိ၊ကတ္တားအနက်၌။အ၊အ-ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

[ဘူဝါဒိန္ဒ ဝ–ကို အနက်ရှိကြံ့တာ ဖေးပုံ ] ✱ ဘူဝါဒိတော၊ဘူ, ဝါ အတူရှိသော ဓာတ်အပေါင်းမှ။ပရေနောက်၌။ကတ္တရိ၊ကတ္တားအနက်၌။အ၊အ-ပစ္စည်းသည်။ဟောတိ၊ ဖြစ်၏။ [ဍ္ဍ–အလို] ✱ ကတ္တရိ၊ကတ္တားအနက်၌။ဝိဟိတေသု၊စီရင်အပ်သော ဝိဘတ် ပစ္စည်းတို့ကြောင့်။ဘူဝါဒိတော၊ဘူ, ဝါ အတူရှိသော ဓာတ်အပေါင်းမှ။ပရေနောက်၌။ အ၊အ-ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

[ဝုတ္တိအနက်] ဘူ ဣစ္စေဝမာဒိတော၊ဘူ အစရှိသော။ဓာတုဂဏာတော၊ဓာတ်အပေါင်းမှ။ ပရေ၌။ကတ္တရိ၊ကတ္တားအနက်၌။အပစ္စယော၊အ-ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။
ဘဝတိ၊ဖြစ်၏။ ပဌတိ၊ရွတ်ဆို၏။ ပစတိ၊ချက်၏။ ဇယတိ၊အောင်နိုင်၏။

➤ ဘူဝါဒိတော+အ–ဟူ ၂–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ ဘူဝါဒိတောပုဒ်ပြတ် ။ ။ ဘူဝါဒိတော-ကို ဘူ+အာဒိတော/ဘူဝါ+အာဒိတော

➤ အာဒိ–အရ ။ ။ ဘူဓာတ်, ဝါဓာတ်တို့ကို ယူရပါမည်။ [ကစ္စည်းအလို] ပဌ, ပစ, ဇိဓာတ် စသည်တို့ကို ယူရပါမည်။ [ရူပသိဒ္ဓိ-အလို] အာဒိ, အာဒိဝဏ္ဏ–အရ ။ ။ သိ, ဟူ, အသ, စသော အကမ္မကဓာတ်၊ ဂမု, ပစ, စသော သကမ္မကဓာတ်တို့ကို ယူရပါမည်။

➤ အ–ပစ္စည်း၏ ရှေ့နိမိတ်ကား • ဘူ, စသော အကမ္မကဓာတ်နှင့် ဝါ, စသော သကမ္မကဓာတ်တို့ ဖြစ်ပါသည်။ ✱ နောက်နိမိတ်ကား • ကတ္တားအနက်၌စီရင်သော သဗ္ဗဓာတ်ဝိဘတ်နှင့် မာန, အန္တ, စသော ပစ္စည်းတို့ ဖြစ်ပါသည်။

➤ ဝိဘတ္တိပစ္စယေသု–၌ ဝိဘတ္တိ–အရ ။ ။ တိ,စသော သဗ္ဗဓာတ်ဝိဘတ်တို့ကို ယူ ရပါမည်။ ✱ ပစ္စယ–အရ ။ ။ သံပစ္စည်း, န္တုပစ္စည်း, မာနပစ္စည်း, အာနပစ္စည်း-တို့ကို ယူရပါမည်။

➤ အာဒိ–သဒ္ဒါ၏ အနက် ။ ။ အာဒိ-သဒ္ဒါသည် ပကာရအနက် ဖြစ်ပါသည်။

➤ အ–ပစ္စည်းသက်ရာဌာန ။ ။ ဝတ္တမာန်, ပဉ္စမီ, သတ္တမီ, ဟိယျတ္တနီ-ဟုဆိုအပ် သော သဗ္ဗဓာတ်ဝိဘတ်နှင့် မာန, အန္တ,စသော ပစ္စည်းနှောင်းရာ၌သာ အ-ပစ္စည်း သက် ရပါမည်။

မေး ။ ။ အ-ပစ္စည်းကို အဘယ်ဝိဘတ်နှောင်းရာ၌သာ အလိုရှိအပ်ပါသနည်း။
ဖြေ ။ ။ အ-ပစ္စည်းကို သဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌သာ အလိုရှိအပ်ပါသည်။

http://www.dhammadownload.com



➢ **အသဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌ အ-ပစ္စည်း မသက်နိုင်ခြင်းအကြောင်း**

ပရောက္ခာ,စသော အသဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌ မှီဘိုရာ အ, ဥ, စသော သရ ဝိဘတ်များရှိသောကြောင့်ရင်း။ တွ, မှ-တို့ကဲ့သို့ သရဝိဘတ် မဟုတ်ရာ၌လည်း က္ကကာရာ ဂမော အသဗ္ဗဓာတုကမှိ-သုတ်ဖြင့် က္ကသရလာ၍ 'ပစ္စိတ္တ' စသည်ဖြင့် ရုပ်ပြီးနိုင်သော ကြောင့်ရင်း အသဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌ အ-ပစ္စည်း မသက်နိုင်ပါ။

➢ **သဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌ အ-ပစ္စည်း သက်ရခြင်းအကြောင်း**

တိ,စသော သဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌ အ-ပစ္စည်း မသက်လျှင် 'ပစတိ'ကဲ့သို့ သော ရုပ်များ၌ စ၏မှီရာ သရမရှိသည့်အတွက် ပစ်+တိ-ဟုသာဖြစ်၍ 'ပစတိ'ဟု မပြီးနိုင်ရာ ထို့ကြောင့် ရုပ်ပြီးစေဘို့ရာ သဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌ အ-ပစ္စည်း သက်ရပါသည်။

**၄၄၆။ ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဉ္စ**

ရုဓ က္ကစ္စေဝမာဒိတော ဓာတုဂဏာတော အပစ္စယော ဟောတိ ကတ္တရိ၊ ပုဗ္ဗေ နိဂ္ဂဟိတာဂမော ဟောတိ။ ရုန္ဓတိ၊ ဆိန္ဒတိ၊ ဘိန္ဒတိ။ စဂ္ဂဟဏေန က္က ဉ္ဇ ဧ ဩ က္ကစ္စေတေ ပစ္စယာ ဟောန္တိ နိဂ္ဂဟိတပုဗ္ဗဉ္စ။ ရုန္ဓိတိ၊ ရုန္ဓီတိ၊ ရုန္ဓေတိ၊ ရုန္ဓောတိ၊ သုမ္ဘောတိ၊ ပရိသုမ္ဘောတိ။

* [ကစ္စည်းအလို] ရုဓာဒိတော၊ရုဓ အစရှိသော ဓာတ်အပေါင်းမှ။ပရေနောက်၌။ အစ၊အ-ပစ္စည်းသည်လည်း။ကတ္တရိ၊ကတ္တားအနက်၌။ဟောတိ၊ဖြစ်၏။တတော၊ထိုအ ပစ္စည်းမှ။ (ပုဗ္ဗ အပါဒါန်) ပုဗ္ဗံ၊ရှေ့၌။နိဂ္ဂဟိတံ၊နိဂ္ဂဟိတ်သည်။အာဂမော၊လာ၏။

* [ရူပသိဒ္ဓိအလို] ကတ္တရိ၊ကတ္တားအနက်၌ စီရင်သော ဝိဘတ်ပစ္စည်းတို့ကြောင့်။ ရုဓာဒိတော၊ရုဓ အစရှိသော ဓာတ်အပေါင်းမှ။ပရေနောက်၌။အစ၊အ-ပစ္စည်းသည်လည်း။ ဟောတိ၊ဖြစ်၏။တတော၊ထိုအ ပစ္စည်းမှ။ (ပုဗ္ဗ အပါဒါန်) ပုဗ္ဗံ၊ရှေ့ဖြစ်၍။(ကြိယာ ဝိသေ သနကြံ) နိဂ္ဂဟိတံ၊နိဂ္ဂဟိတ်သည်။အာဂမော၊လာ၏။

* ရုဓ\ က္ကစ္စေဝမာဒိတော၊ရုဓ, အစရှိသော။ဓာတုဂဏာတော၊ဓာတ်အပေါင်းမှ။ပရေ နောက်၌။ကတ္တရိ၊ကတ္တားအနက်၌။အပစ္စယော၊အ-ပစ္စည်းသည်။ဟောတိ၊၏။ပုဗ္ဗေ၊ရှေ့၌။ နိဂ္ဂဟိတာဂမော၊နိဂ္ဂဟိတ်လာသည်။ဟောတိ၊၏။

ရုန္ဓတိ၊ပိတ်ဆို့၏။ ဆိန္ဒတိ၊ဖြတ်၏။ ဘိန္ဒတိ၊ခွဲ၏။ * စဂ္ဂဟဏေန၊စသဒ္ဒါဖြင့်။က္က ဉ္ဇ ဧ ဩ က္ကစ္စေတေ ပစ္စယာ၊က္က, ဉ္ဇ, ဧ, ဩပစ္စည်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။နိဂ္ဂဟိတ ပုဗ္ဗဉ္စ၊ရှေ့၌ နိဂ္ဂဟိတ်လာသည်လည်း။ဟောတိ၊ဖြစ်၏။ * ရုန္ဓိတိ၊ ရုန္ဓီတိ၊ရုန္ဓေတိ၊ရုန္ဓောတိ၊ ပိတ်ဆို့၏။ သုမ္ဘောတိ၊ ပရိသုမ္ဘောတိ၊ ပုတ်ခတ်၏။

➢ ရုဓာဒိတော+နိဂ္ဂဟီတပုဗ္ဗံ+စ-ဟူ ၃-ပုဒ်၊ (တနည်း)[ရူပသိဒ္ဓိအလို] ရုဓာဒိတော+ နိဂ္ဂဟိတံ+ပုဗ္ဗံ+စ-ဟု ၄-ပုဒ်ရှိသော ပစ္စယဝိဓိ/အာဂမဝိဓိသုတ်။

http://www.dhammadownload.com



➤ **အာဒိ–အရ** ။ ။ (ကစ္စည်းအလို) ဆိဒိ, ဘိဒိဓာတ်တို့ကို ယူရပါမည်။
(ရူပသိဒ္ဓိအလို) ဆိဒိ, ဘိဒိ, ယုဇ, ဘုဇ, မုစ, စသော ဓာတ်ဘို့ကို ယူရပါမည်။

➤ **အပစ္စည်း၏ ရှေ့နိမိတ်ကား** ။ ။ ရုဓ, အစရှိသော ဓာတ်အပေါင်း ဖြစ်ပါသည်။

➤ **နောက်နိမိတ်ကား** ။ ။ ပရောက္ခာ, ဟီယျတ္တနီကြည် အာချာတ်ဝိဘတ် ၆-မျိုးနှင့် မာနပစ္စည်း, အန္တပစ္စည်း၊ သေသေသ္ဓု မာနာနာ-သုတ်မှ န္တပစ္စည်း, မာနပစ္စည်းတို့ ဖြစ်ပါသည်။

➤ **စ–သဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် ဏ္ဏ, ဏ္ဍ, ဧ, ဩ ပစ္စည်းသက်ခြင်းကို ဆည်းယူသောကြောင့် သမုစ္စည်းအနက်ရှိပါသည်။ (ကစ္စည်း+ရူ)

(နိဒ္ဒေသအလို) အ-ပစ္စည်းသာ သက်ရသည်မဟုတ်၊ နိဂ္ဂဟိတ်လည်း လာရသေး၏ဟု နှစ်ခုမြောက်သောအနက်ကို ပေါင်းသောကြောင့် သမ္ပိဏ္ဍနအနက် ရှိပါသည်။

➤ **စ–သဒ္ဒါဆိုရကျိုး** ။ ။ စ-သဒ္ဒါဖြင့် ရုန္ဓိတိ၊ ရုန္ဓီတိ၊ရုန္ဓေတိ၊ရုန္ဓောတိ ပြယုဂ်တို့၌ ဏ္ဏ, ဏ္ဍ, ဧ, ဩ ပစ္စည်းများသက်၍ ရှေ့၌ နိဂ္ဂဟိတ်လည်း လာရခြင်းအကျိုးရှိပါသည်။

➤ **ပုဗ္ဗ–အရ** ။ ။ နိဂ္ဂဟိတ်ဟူသည် ဗျည်းဟူသော မိမိပင်ကိုယ်သဘောအတိုင်း ရသသရသို့ အစဉ်လိုက်၍ ဖြစ်တတ်သောကြောင့် ရှေ့ဓာတ်၏ အစသရမှ နောက်ကို ယူရပါမည်။ ➤ **ပုဗ္ဗ–အပါဒါန်အရ** ။ ။ အ-ပစ္စည်းကို ယူရပါမည်။

➤ **နိဂ္ဂဟိတံပုဗ္ဗေ–ဟု မဆိုဘဲ နိဂ္ဂဟိတပုဗ္ဗံ–ဟု ဆိုရပုံ** ။ ။ သုခုစ္စာရဏ အကျိုးငှာ နိဂ္ဂဟိတ်ကိုချေ၍ အာဒိတော ဩစ-သုတ်၌ စသဒ္ဒါဖြင့် သို့ဝိဘတ်ကို အံပြု၍ "နိဂ္ဂဟိတပုဗ္ဗံ" ဟု ဆိုပါသည်။

➤ **နိဂ္ဂဟိတ်လာရာဌာန** ။ ။ နိဂ္ဂဟိတ်သည် ပင်ကိုယ်သဘောအားဖြင့် ရသသရသုံးလုံးသို့ အစဉ်လိုက်၍ဖြစ်တတ်သောကြောင့် ဓာတ်သရနောင် လာပါသည်။

➤ **ရုန္ဓတိ–၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း** ။ ။ သံယုဂ်အဆုံးရှိသောကြောင့် ဝုဒ္ဓိ မပြုရပါ။ [ရှင်းလင်းချက်] ရုန္ဓတိ-ဝယ် ရုံ-၌ နိဂ္ဂဟိတ်တည်းဟူသော အာဂုံရှိ၏၊ ထိုနိဂ္ဂဟိတ်တည်းဟူသော အာဂုံရှိသောဓာတ်ကိုလည်း သံယောဂန္တ-သဒ္ဒါဖြင့် ယူနိုင်သောကြောင့် ရုံ-၌ ဥ-ကို ဩဝုဒ္ဓိ မပြုရပါ။

➤ **ရုန္ဓတိ–ဝယ် ရုံ–၌ နိဂ္ဂဟိတ်ကို သံယောဂန္တ–ဟု ဆိုရခြင်းအကြောင်း**

ဓာတ်ပေါ်၌လာသော နိဂ္ဂဟိတ်ကို ဓာတ်၏အလားကဲ့သို့ ယူနိုင်သောကြောင့် ရုံ ၌ နိဂ္ဂဟိတ်ကို သံယောဂန္တ-ဟု ဆိုရပါသည်။

➤ **ယောဂဝိဘာဂ/လိုက်ပုဒ်ကိုကြည့်၍ သုတ်တည်ရကျိုး** ။ ။ ကတ္တရိလိုက်ပုဒ်ကို ကြည့်၍ ရုဓာဒိတော နိဂ္ဂဟိတပုဗ္ဗဉ္စ-ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် ဘုဉ္ဇိတဗ္ဗံဝယ် ဘောကံအနက်၌လည်း နိဂ္ဂဟိတ်လာရခြင်း အကျိုးရှိပါသည်။ (ရူ)

http://www.dhammadownload.com



➤ **နိဂ္ဂဟိတ် ၅–မျိုး အထူး ။ ။** သန္ဓိနိဂ္ဂဟိတ်သည် နိဂ္ဂဟိတန္တ-သုတ်ကို ထောက်၍ သရနောင်းရာ ဗျည်းနောင်းရာ၌ လာပါသည်။နာမ်နိဂ္ဂဟိတ်သည် အံမော နိဂ္ဂဟိတံ ဈလပေဟိ-သုတ်ကို ထောက်၍ အံဝိဘတ် မ-အတွရာ၏ အပြုဖြစ်ပါသည်။ တဒ္ဓိတ်နိဂ္ဂဟိတ်သည် အန္တေ နိဂ္ဂဟိတန္တ-သုတ်ကို ထောက်၍ သင်္ချာသဒ္ဒါ၏ အဆုံး၌ လာပါသည်။ အာချာတ် နိဂ္ဂဟိတ်သည် ရုဓာဒိတော နိဂ္ဂဟိတပုဗ္ဗဉ္စ၊ နိဂ္ဂဟိတန္တ-သုတ်တို့ကို ထောက်၍ ပစ္စည်းရှေ့မှရင်း, အဗ္ဘာသ၏ အဆုံး၌ရင်း လာပါသည်။ ကိတ်နိဂ္ဂဟိတ်သည် နု နိဂ္ဂဟိတံ ပဒန္တေ-သုတ်ကို ထောက်၍ နုအာဂုံ၏ အပြု ဖြစ်ပါသည်။

## ၄၄၇။ ဒိဝါဒိတော ယော

ဒိဝု ကြွစ္စေဝမာဒိတော ဓာတုဂဏတော ယပစ္စယော ဟောတိ ကတ္တရိ။

ဒိဗ္ဗတိ၊ သိဗ္ဗတိ၊ ယုဇ္ဈတိ၊ ဝိဇ္ဈတိ၊ ဗုဇ္ဈတိ။

* ဒိဝါဒိတော၊ဒိဝု အစရှိသော ဓာတ်အပေါင်းမှ။ပရေနောက်၌။ကတ္တရိ၊ကတ္တား အနက်၌။ယော၊ယ-ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ * [ရူပသိဒ္ဓိ-အလို] ကတ္တရိ၊ကတ္တား အနက်၌စီရင်သော ဝိဘတ်ပစ္စည်းတို့ကြောင့်။ဒိဝါဒိတော၊ဒိဝု အစရှိသော ဓာတ်အပေါင်းမှ။ပရေနောက်၌။ယော၊ယ-ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

* ဒိဝု ကြွစ္စေဝမာဒိတော၊ဒိဝု အစရှိသော။ဓာတုဂဏတော၊ဓာတ်အပေါင်းမှ။ပရေ နောက်၌။ကတ္တရိ၌။ယပစ္စယော၊ယပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ဒိဗ္ဗတိ၊ထွန်းပ၏။ သိဗ္ဗတိ၊စပ်ချုပ်၏။ ယုဇ္ဈတိ၊ထိုးပစ် ပုတ်ခတ်၏။ ဝိဇ္ဈတိ၊ထွင်း ဖောက်၏။ ဗုဇ္ဈတိ၊သိ၏။

### ➤ ဒိဝါဒိတော+ယော–ဟူ ၂–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ **အာဒိ–အရ ။ ။** [ ကစ္စည်းအလို ] သိဝု, ယုဓ, ဝိဓ, ဗုဓဓာတ်တို့ ယူရပါမည်။ [ရူပသိဒ္ဓိ-အလို] သိဝု, ပဒ, ဗုဓ, ယုဓ, ကုဓ, ဝိဓ, နဟ, မန, ဒါ, တုသ, သမု, ကုပ, ဇန ဓာတ်တို့ကို ယူရပါမည်။

➤ **ဒိဝါဒိ ယ–ပစ္စည်းနှင့် တွဲစပ်သင့်သော ဓာတ်များ ။ ။** ဒိဝု, သိဝု, ပဒ, ဗုဓ, ယုဓ, ကုဓ, ဝိဓ, နဟ, မန, ဒါ, တုသ, သမု, ကုပ, ဇန ဓာတ်တို့ ဖြစ်ပါသည်။

➤ **ယ–ပစ္စည်း၏ ရှေ့နိမိတ်ကား ။ ။** ဒိဝု အစရှိသော ဓာတ်အပေါင်း ဖြစ်ပါသည်

➤ **နောက်နိမိတ်ကား ။** ကတ္တားအနက်၌ စီရင်သော ပရောက္ခာ, ဟိယျတ္တနီကြဉ် အာချာတ်ဝိဘတ် ၆-မျိုးနှင့် မာနပစ္စည်း, အန္တပစ္စည်း၊ သေသေသွန္တ မာနာနာ-သုတ်မှ န္တပစ္စည်း, မာနပစ္စည်းတို့ ဖြစ်ပါသည်။

➤ **ဤသုတ်၏ နိမိတ်ဖြစ်သင့်သော သုတ်များ ။ ။** ဝတ္တမာနာ ပစ္စုပ္ပန္နေ၊ အာဏတျာသိဋ္ဌေ နုတ္တကာလေ ပဉ္စမီ၊ အနုမတိ ပရိကပ္ပတ္ထေသု သတ္တမီ၊ သမီပေဝ္ဝတနီ၊ အနာဂတေ ဘဝိဿန္တိ၊ ကြိယာတိပန္နေ တီတေ ကာလာတိပတ္တိ၊ ဝတ္တမာနေ မာနန္တာ၊ သေ

http://www.dhammadownload.com



သေသဿန္တ မာနာနာ-သုတ်တို့ ဖြစ်ပါသည်။

➤ ယောဝစိဘာဝ/လိုက်ပုဒ်ကိုကြည့်၍ ဆုံးဖြတ်ရကျိုး ။ ။ ကတ္တရိလိုက်ပုဒ်ကို ကြည့်၍ ဒိဝါဒိတော ယော-ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် ဥပ္ပန္နိတဗ္ဗံ၊ ဥပ္ပန္နနီယံ- ပြယုဂ်တို့ဝယ် ဘောက်အနက်၌လည်း ယပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

## ၄၄၈။ ဿွာဒိတော ဏှု ဏာ ဥဏာ စ

သု ဣစ္စေဝမာဒိတော ဓာတုဂဏတော ဏှု ဏာ ဥဏာ ဣစ္စေတေ ပစ္စယာ ဟောန္တိ ကတ္တရိ။ ။ အဘိသုဏောတိ၊ အဘိသုဏာတိ၊ သံဝုဏောတိ၊ သံဝုဏာတိ၊ အာဝုဏောတိ၊ အာဝုဏာတိ၊ ပါပုဏောတိ၊ ပါပုဏာတိ။

* ဿွာဒိတော၊သု အစရှိသော ဓာတ်အပေါင်းမှ။ပရေနောက်၌။ကတ္တရိ၊ကတ္တား အနက်၌။ဏှု ဏာ ဥဏာစ၊ဏှုပစ္စည်း, ဏာပစ္စည်း, ဥဏာပစ္စည်းတို့သည်လည်း။ဟောန္တိ ဖြစ်ကုန်၏။ [ရူပသိဒ္ဓိအလို] ကတ္တရိ၊ကတ္တားအနက်၌ စီရင်သော ဝိဘတ်ပစ္စည်းတို့ ကြောင့်။ဿွာဒိတော၊သု အစရှိသော ဓာတ်အပေါင်းမှ။ပရေနောက်၌။ဏှု ဏာ ဥဏာ စ၊ဏှုပစ္စည်း, ဏာပစ္စည်း, ဥဏာပစ္စည်းတို့သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။

* သု ဣစ္စေဝမာဒိတော၊သု အစရှိသော။ဓာတုဂဏတော၊ဓာတ်အပေါင်း မှ။ပရေ၌။ ကတ္တရိ၌။ဏှု ဏာ ဥဏာ ဣစ္စေတေ ပစ္စယာ၊ဏှုပစ္စည်း,ဏာပစ္စည်း, ဥဏာ ပစ္စည်းတို့ သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။

* အဘိသုဏောတိ၊အဘိသုဏာတိ၊ရှေ့ရှုနာ၏။ သံဝုဏောတိ၊သံဝုဏာတိ၊ အာဝုဏောတိ၊အာဝုဏာတိ၊စောင့်ရှောက်၏။ပါပုဏောတိ၊ပါပုဏာတိ၊ရောက်၏။

➤ ဿွာဒိတော+ဏှု ဏာ ဥဏာ+စ–ဟု ၃–ပုဒ်ရှိသော ဝဓ္ဓယဝိဓိသုတ်

(တနည်း) ဿွာဒိတော+ဏှု+ဏာ+ဥဏာ+စ–ဟု ၅–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်။

➤ ၅–ပုဒ်ခွဲခြင်းအကြောင်း ။ ။ နောက်ဥဏာ နှစ်လုံးကို တစ်ပစ္စည်းယူလျှင် ရှေ့ ဏှုဏာ-လည်း တစ်ပစ္စည်းပင်ဟု မှတ်ထင်ကာ ပစ္စည်းနှစ်လုံးကိုပင် ယူမည်စိုး သောကြောင့် (ဝါ) ပစ္စည်းနှစ်လုံး ယူခြင်းကို နစ်စေခြင်းအကျိုးငှာ ၅-ပုဒ် ခွဲရပါသည်။

➤ အာဒိ–အရ ။ ။ [တစ္စည်းအလို] ဝုဓာတ်, အပဓာတ်တို့ကို ယူရမည်။ [ရူပသိဒ္ဓိ အလို] ဟိဓာတ်, ဝုဓာတ်, မိဓာတ်, အပဓာတ်, သကဓာတ်တို့ကို ယူရပါမည်။

➤ ဏှု, ဏာ, ဥဏာ ပစ္စည်းတို့၏ ရှေ့နိမိတ်တား ။ ။ သု အစရှိသော ဓာတ် အပေါင်း ဖြစ်ပါသည်။ * နောက်နိမိတ်တား တတ္တားအနက်၌ စီရင်သော ပရောက္ခာ, ဟိယျတ္တနီကြဉ် အာချာတ်ဝိဘတ် ၆-မျိုးနှင့် မာနပစ္စည်း, အန္တပစ္စည်း၊ သေသေသဿန္တ မာနာနာ-သုတ်မှ န္တုပစ္စည်း, မာနပစ္စည်းတို့ ဖြစ်ပါသည်။

➤ သုဏောတိ–၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း ။ ။ အညေသုစ-သုတ်သို့ ယဋ္ဌာဒိနံဝါ

http://www.dhammadownload.com



သုတ်မှ အစဉ်လိုက်လာသော ဝါ-သဒ္ဒါဖြင့် သု,စသော သဒ္ဒါတို့၏ ဏု, ဏာ, ဥဏာ ပစ္စည်းတို့ကြောင့် ဝုဒ္ဓိ မဖြစ်ရကား သုဏောတိ-၌ ဝုဒ္ဓိ မပြုရပါ။

➤ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် ဏု, ဏာ, ဥဏာဟူသော ပစ္စည်းသုံးခုကို ပေါင်းသောကြောင့် သမ္ပိဏ္ဍနအနက်၊ ဏုပစ္စည်း၏ ဝုဒ္ဓိ အပြုကို ဆည်းယူသောကြောင့် သမုစ္စည်းအနက်တို့ ဖြစ်ပါသည်။

➤ **ယောဂဝိဘာဂ/လိုက်ဖွင့်ကိုကြည့်၍ သုတ်တည်ရကျိုး** ။ ။ ကစ္စာနရိလိုက်ပုဒ်ကို ကြည့်၍ သွာဒိတော ဏုဏာ ဥဏာစ-ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် သုဏိ တဗ္ဗော-ဝယ် ကံအနက်၌လည်း ဏာပစ္စည်း သက်ရခြင်းအကျိုးရှိပါသည်။

## ၄၄၉။ ကိယာဒိတော နာ

ကီ ဣစ္စေဝမာဒိတော ဓာတုဂဏာတော နာပစ္စယော ဟောတိ ကတ္တရိ။

ကိဏာတိ၊ ဇိနာတိ၊ ဓုနာတိ၊ မုနာတိ၊ လုနာတိ၊ ပုနာတိ။

* ကိယာဒိတော၊ကီ, အစရှိသော ဓာတ်အပေါင်းမှ၊ပရေနောက်၌၊ကတ္တရိ၊ကတ္တား အနက်၌၊နာ၊နာပစ္စည်းသည်၊ဟောတိ၊ဖြစ်၏။ ။ * ကီ ဣစ္စေဝမာဒိတော၊ကီ, အစရှိ သော၊ဓာတုဂဏာတော၊ဓာတ်အပေါင်းမှ၊ပရေ၌၊ကတ္တရိ၌၊နာပစ္စယော၊နာပစ္စည်းသည်၊ ဟောတိ၊ဖြစ်၏။ * ကိဏာတိ၊ ဝယ်၏။ ဇိနာတိ၊ အောင်၏။ ဓုနာတိ၊ လှုပ်၏။ မုနာတိ၊ သိ၏။ လုနာတိ၊ဖြတ်၏။ ပုနာတိ၊ စင်ကြယ်၏။

➤ **ကိယာဒိတော+နာ-ဟူ ၂-ပုဒ်ရှိသော ဝစနသိဒ္ဓိသုတ်**

➤ **အာဒိ-အရ** ။ ။ (ကစ္စည်းအလို) ဇိ, ဓူ, မု, လူ, ပုဓာတ် စသည်တို့ကို ယူရမည် [ရူပသိဒ္ဓိအလို] ဇိ, စိ, ဉာ, မာ, လူ, ဓူ, စသော ဓာတ်တို့ကို ယူရပါမည်။

➤ **နာပစ္စည်း၏ ရှေ့နိမိတ်ကား** ။ ။ ကီ, အစရှိသော ဓာတ်အပေါင်း ဖြစ်ပါသည်။

➤ **နောက်နိမိတ်ကား** ။ ။ ပရောက္ခာ, ဟိယျတ္တနီကြဉ် အာချာတ်ဝိဘတ် ၆-မျိုး နှင့် မာနပစ္စည်း, အန္တပစ္စည်း။ သေသေသ္ဝန္တု မာနာနာ-သုတ်မှ န္တုပစ္စည်း, မာနပစ္စည်း တို့ ဖြစ်ပါသည်။

➤ **ကိယာဒိ/ကိယာဒိ အဆုံးအဖြတ်** ။ ။ ကီ+အာဒိ-ဟု ပုဒ်ဖြတ်၍ ဤ-ကို ဈအမည် မှည့်၊ ဈလာနမိယုဝါ သရေဝါသုတ်ဖြင့် ဈမည်သော ဤ-ကို ဣယပြု၍ ပြီးသောကြောင့် ကိယာဒိပါဌ်သာ မှန်ပါသည်။ (ရူ-ဋီ)

➤ **ယောဂဝိဘာဂ/လိုက်ဖွင့်ကိုကြည့်၍ သုတ်တည်ရကျိုး** ။ ။ ကစ္စာနရိလိုက်ပုဒ်ကို ကြည့်၍ ကိယာဒိတော နာ ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် ဝိနိစ္ဆိနိတဗ္ဗံ, ဝိနိစ္ဆနနိယ စသော ပြယုဂ်တို့၌ တဗ္ဗ, အနိယ, တုံ, တုန, စသော ပစ္စည်းတို့ကြောင့်လည်း ဘောက် အနက်၌ နာပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com



➤ ကတ္တုရိုလိုက်ပုဒ်ကို ကြည့်လျှင် နာပစ္စည်း၏ နိမိတ်ကား ။ တဗ္ဗ, အနီယ, တုံ, တုန, စသော ပစ္စည်းတို့ ဖြစ်ပါသည်။ ➤ ဝိတ္တိကာတိ-၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း ဝိတ္တိကာတိ-၌ နာပစ္စည်းနှောင်း သောကြောင့် ဝုဒ္ဓိ မပြုရပါ။

## ၄၅၀။ ဂဟာဒိတော ပ္ပ ဏှာ

ဂဟ ဣစ္စေဝမာဒိတော ဓာတုဂဏတော ပ္ပ ဏှာ ဣစ္စေတေ ပစ္စယာ ဟောန္တိ ကတ္တရိ။ ။ ဃေပ္ပတိ၊ ဂဏှာတိ။

* ဂဟာဒိတော၊ဂဟ, အစရှိသော ဓာတ်အပေါင်းမှ၊ပရေနောက်၌၊ကတ္တုရိုကတ္တား အနက်၌၊ပ္ပ ဏှာ၊ပ္ပပစ္စည်း, ဏှာပစ္စည်းတို့သည်၊ဟောန္တိ၊ဖြစ်ကုန်၏။ ။ * ဂဟဣစ္စေဝ မာဒိတော၊ဂဟ အစရှိသော၊ဓာတုဂဏတော၊ဓာတ်အပေါင်းမှ၊ပရေ၌၊ကတ္တုရိုကတ္တား အနက်၌၊ပ္ပ ဏှာ ဣစ္စေတေ ပစ္စယာ၊ပ္ပပစ္စည်း, ဏှာပစ္စည်းတို့သည်၊ဟောန္တိ၊ဖြစ်ကုန်၏။ * ဃေပ္ပတိ၊ ဂဏှာတိ၊ယူ၏။

➤ ဂဟာဒိတော+ပ္ပ ဏှာ–ဟု ၂–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ အာဒိ–သဒ္ဒါ၏ အနက် ။ ။ အာဒိ-သဒ္ဒါသည် ပကာရအနက်ရှိပါသည်။

➤ ပ္ပ, ဏှာပစ္စည်းတို့၏ ရှေ့နိမိတ်ကား ။ ။ ဂဟ, စသော ဓာတ်အပေါင်းဖြစ်ပါသည်။

➤ နောက်နိမိတ်ကား ။ ။ ပရောက္ခာ, ဟိယျတ္တနီကြဉ် အာချာတ်ဝိဘတ် ၆-မျိုး နှင့် မာနပစ္စည်း, အန္တပစ္စည်း၊ သေသေသဿ မာနာန္တာ-သုတ်မှ န္တုပစ္စည်း, မာနပစ္စည်း တို့ ဖြစ်ပါသည်။

➤ ယောဂဝိဘာဂ/လိုက်ပုဒ်ကိုကြည့်၍ သုတ်ထည့်ရကျိုး ။ ။ ကတ္တုရိုလိုက်ပုဒ်ကို ကြည့်၍ ဂဟာဒိတော ပ္ပ ဏှာ ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် သက်ကိုတဗ္ဗော-ဝယ် ကံ အနက်၌လည်း ဏှာပစ္စည်း သက်ရခြင်းအကျိုး ရှိပါသည်။

➤ ဏှာပစ္စည်း၏ သက်ရာ ဝိသယ(ဌာန) ။ ။ တတ္တား, ကံအနက် ဖြစ်ပါသည်။

➤ ဏှာပစ္စည်းကို သီးခြားဆိုရကျိုး ။ ။ (ကိယာဒိတော နာ-သုတ်ဖြင့် နာပစ္စည်း သက်လျှင် ပြီးလျက်)ဏှာပစ္စည်းကို သီးခြားအားထုတ်ခြင်းသည် ဟာနှင့် ဏ-တို့၏ ဝိပရိတ် မြဲခြင်း အကျိုးရှိပါသည်။ [ရှင်းလင်းချက်] ဂဏှာတိ-၌ ဂဟဓာတ်၊ ကိယာဒိတော နာ ဖြင့် နာပစ္စည်းသက်၍ ဂဟ+နာတိ-ဟု ပြီးသည့်အခါ ရဟာဒိတော ဏ-သုတ်ဖြင့် န-ကို ဏပြု၊ ဟ-ကို ဏာ-သို့ကပ်လျှင် ဂဏှာတိ-ဟု ဖြစ်ရသောကြောင့် ဟာနှင့်ဏ-ကို ရှေ့ နောက်ပြန်ပြီးသား ဖြစ်စေခြင်းအကျိုးငှာ ဏှာပစ္စည်းကို သီးခြားဆိုရပါသည်။

## ၄၅၁။ တနာဒိတော ဩ ယိရာ

တနု ဣစ္စေဝမာဒိတော ဓာတုဂဏတော ဩ ယိရ ဣစ္စေတေ ပစ္စယာ ဟောန္တိ ကတ္တရိ။ ။ တနောတိ၊ တနောဟိ၊ ကရောတိ၊ ကရောဟိ၊ ကယိရတိ၊ ကယိရာဟိ။

http://www.dhammadownload.com



* တနာဒိတော၊တနု, အစရှိသော ဓာတ်အပေါင်းမှ၊ပရေနောက်၌၊ကတ္တုရိုကတ္တား အနက်၌၊ဩ ယိရာ၊ဩပစ္စည်း, ယိရပစ္စည်းတို့သည်၊ဟောန္တိ၊ဖြစ်ကုန်၏။

* တနု ဣစ္စေဝမာဒိတော၊တနု, အစရှိသော၊ဓာတုဂဏတော၊ဓာတ်အပေါင်းမှ၊ ပရေ၌၊ကတ္တုရို၌၊ဩ ယိရ ဣစ္စေတေ ပစ္စယာ၊ဩပစ္စည်း, ယိရပစ္စည်းတို့သည်၊ဟောန္တိ၊ ဖြစ်ကုန်၏။ ။ တနောတိ၊ချဲ့၏။ တနောဟိ၊ချဲ့လော။ ကရောတိ၊ပြု၏။ ကရောဟိ၊ ပြုလော။ ကယိရတိ၊ပြု၏။ ကယိရာဟိ၊ပြုလော။

**➢ တနာဒိတော+ဩ ယိရာ–ဟူ ၂–ပုဒ်ရှိသော ဝစ္စယဝိဓိသုတ်**

**➢ ယိရပစ္စည်း သက်ရာဌာန** ။ ။ ယိရပစ္စည်းသည် ကရဓာတ်မှနောက်၌သာ သက်ပါသည်။

**➢ တနုဓာတ်နောင် ယိရပစ္စည်း မသက်နိုင်ခြင်းအကြောင်း** ။ ။ ယိရပစ္စည်းကို ကရဓာတ်မှနောက်၌သာ သက်ရမည်ဟုဆိုသောကြောင့်-မသက်နိုင်ပါ။

**➢ ဩပစ္စည်းနှင့် ယိရပစ္စည်းအထူး** ။ ။ ဩပစ္စည်းသည် တနာဒိဂိုဏ်းဝင် ဓာတ် အားလုံးတို့နောင် သက်နိုင်ပါသည်။ ယိရပစ္စည်းကား ထိုတနာဒိဂိုဏ်းဝင် ဓာတ်တို့တွင် ကရဓာတ်တစ်ခုနောက်၌သာ သက်ပါသည်။

**➢ ဩပစ္စည်း၏ ရှေ့နိမိတ်ကား** ။ ။ တနု, အစရှိသော ဓာတ်အပေါင်းဖြစ်ပါသည်

**➢ ယိရပစ္စည်း၏ ရှေ့နိမိတ်ကား** ။ ကရဓာတ်ဖြစ်ပါသည်။

**➢ ဩ+ယိရပစ္စည်းတို့၏ နောက်နိမိတ်ကား** ။ ။ ပရောက္ခာ, ဟိယျတ္တနီကြဉ် အာချာတ်ဝိဘတ် ၆-မျိုးနှင့် မာနပစ္စည်း, အန္တပစ္စည်း စသည်တို့ဖြစ်ပါသည်။

---

## ၄၅၂။ စုရာဒိတော ဏေ ဏယာ

စုရ ဣစ္စေဝမာဒိတော ဓာတုဂဏတော ဏေ ဏယ ဣစ္စေတေ ပစ္စယာ ဟောန္တိ ကတ္တရိ, ကာရိတသညာ စ။

စောရေတိ၊ စောရယတိ၊ စိန္တေတိ၊ စိန္တယတိ၊ မန္တေတိ၊ မန္တယတိ။

* စုရာဒိတော၊စုရ, အစရှိသော ဓာတ်အပေါင်းမှ၊ပရေနောက်၌၊ကတ္တုရိုကတ္တား အနက်၌၊ဏေ ဏယာ၊ဏေပစ္စည်း, ဏယပစ္စည်းတို့သည်၊ဟောန္တိ၊ဖြစ်ကုန်၏၊ကာရိတ သညာစ၊ကာရိတ်လည်း မည်ကုန်၏။ * [ရှုပသိဒ္ဓိအလို] စုရာဒိတော၊စုရ, အစရှိသော ဓာတ်အပေါင်းမှ၊ပရေနောက်၌၊ကတ္တုရိုကတ္တားအနက်၌ရင်း၊ဘာဝေ၊ဘောအနက် ၌ရင်း၊ကမ္မနိစ၊ကံအနက်၌ရင်း၊ဝိဘတ္တိပ္ပစ္စယေသု၊ဝိဘတ်ပစ္စည်းတို့ကြောင့်၊ဏေ ဏယာ၊ တို့သည်၊ဟောန္တိ၊ဖြစ်ကုန်၏၊ကာရိတသညာစ၊ကာရိတ်လည်း မည်ကုန်၏။

* စုရ ဣစ္စေဝမာဒိတော၊စုရ, အစရှိသော၊ဓာတုဂဏတော၊ဓာတ်အပေါင်းမှ၊ပရေ နောက်၌၊ကတ္တုရိုကတ္တားအနက်၌၊ဏေ ဏယ ဣစ္စေတေ ပစ္စယာ၊ဏေပစ္စည်း, ဏယ

http://www.dhammadownload.com



ပစ္စည်းတို့သည်။ဟောဏ္ဍိဖြစ်ကုန်၏၊တာရိတသညာ၏၊တာရိတ်လည်း မည်ကုန်၏။

စောရေတိ၊စောရယတိ၊ခိုးဝှက်၏။ စိန္တေတိ၊စိန္တယတိ၊ကြံစည်၏။ မန္တေတိ၊မန္တယတိ၊ တိုင်ပင်၏။

> **စုရာဒိဓာတ်+ဏေ ဏယ-တွေ ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်**

> **အာဒိ-အရ ။ ။** (ကစ္စည်းအလို) စိန္တဓာတ်, မန္တဓာတ်တို့ကို ယူရပါမည်။ (ရှုပသိဒ္ဓိအလို) စိန္တ, မန္တ, ပါလ, ယဋ, ဝိဒ, ဂဏဓာတ်တို့ကို ယူရပါမည်။

> **ဏေ, ဏယပစ္စည်းတို့၏ ရှေ့နိမိတ်ကား ။ ။** စုရ, စသော ဓာတ်အပေါင်း ဖြစ်ပါသည်။ *** နောက်နိမိတ်ကား *** ပရောက္ခာ, ဟိယျတ္တနီကြဉ် အာချာတ်ဝိဘတ် ၆-မျိုးနှင့် မာနပစ္စည်း, အန္တပစ္စည်း, တဗ္ဗ, အနီယပစ္စည်း, တုံ, တုန, တွာ, တွာန, တဝေပစ္စည်း, တို့ ဖြစ်ပါသည်။

**မေး ။ ။** ဤသုတ်သို့ အဘယ်သုတ်မှ အဘယ်နည်းဖြင့် အဘယ်ပုဒ်များ လိုက်လာပါသနည်း။

**ဖြေ ။ ။** တထာ ကတ္တရိစ-သုတ်မှ ကတ္တရိပုဒ်၊ အတ္တနော ပဒါနိ ဘာဝေစ ကမ္မနိ-သုတ်မှ သီဟာဝိလောကနနည်းအားဖြင့် ဘာဝသဒ္ဒါ, ကမ္မသဒ္ဒါ၊ ဓာတူဟိ ဏေ ဏယ-သုတ်မှ မဏ္ဍူကဂတိကနည်းအားဖြင့် ကာရိတသဒ္ဒါတို့ လိုက်လာပါသည်။

> **ဏေ ဏယပစ္စည်းတို့ ဆက်ရာဝိသယ(ဌာန) ။ ။** တထာ ကတ္တရိစ-သုတ်မှ ကတ္တရိသဒ္ဒါ လိုက်လာသောကြောင့်ရင်း။ အတ္တနော ပဒါနိ ဘာဝေစ ကမ္မနိ-သုတ်မှ သီဟာဝိလောကန အဓိကာရနည်းအားဖြင့် ဘာဝသဒ္ဒါ, ကမ္မ-သဒ္ဒါများ လိုက်လာသောကြောင့်ရင်း ကတ္တား, ကံ, ဘောအနက်တို့ ဖြစ်ပါသည်။

> **ဏေ, ဏယ-တွေ အအနုဝန်နှင့်အတွ ဆိုရကျိုး ။ ။** ဝုဒ္ဓိပြုရခြင်း အကျိုးရှိပါသည်။

> **စိန္တေတိ မန္တေတိ-တို့၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း ။ ။** သံယုဂ်အဆုံးရှိသောကြောင့် ဝုဒ္ဓိ မပြုရပါ။

> **ဟိတ်အနက်၌သက်သော ဏေ, ဏယပစ္စည်းနှင့် စုရာဒိ ဏေ, ဏယပစ္စည်းတို့အထူး ။ ။** ဟိတ်အနက်၌သက်သော ဏေ, ဏယပစ္စည်းတို့သည် သုဒ္ဓဓာတ် ကတ္တားတစ်ပါးကို စေခိုင်းနိုင်သော ဖျာပါရသတ္တိရှိပါသည်။ စုရာဒိ ဏေ, ဏယပစ္စည်းတို့ကား စေခိုင်းနိုင်သော ဖျာပါရသတ္တိ မရှိ၊ မိမိကိုယ်တိုင် ကြိယာကို ပြီးစေနိုင်သော သုဒ္ဓကတ္တုသာ ရှိပါသည်။ ဤသို့ ထူးပါသည်။

> **အရွှားအနက်၌သက်သော သုတ်နှင့် ပစ္စည်းများ ။ ။** ဘူဝါဒိတော အ-သုတ်ဖြင့် အပစ္စည်း၊ ရုဓာဒိတော နိဂ္ဂဟိတ ပုဗ္ဗဉ္စ-သုတ်ဖြင့် အပစ္စည်း၊ ဧင်သုတ် စ-သဒ္ဒါဖြင့် ဣ, ဤ, ဧ, ဩပစ္စည်း။ ဒိဝါဒိတော ယော-သုတ်ဖြင့် ယပစ္စည်း။ သွာဒိတော ဏု ဏာ

http://www.dhammadownload.com



ဥဏာစ-သုတ်ဖြင့် ဏုပစ္စည်း, ဏာပစ္စည်း, ဥဏာပစ္စည်း။ တိယာဒိတော နာ-သုတ်ဖြင့် နာပစ္စည်း။ ဂဟာဒိတော ပ္ပဏှာ-သုတ်ဖြင့် ပ္ပပစ္စည်း, ဏှာပစ္စည်း။ တနာဒိတော ဩယိရာ သုတ်ဖြင့် ဩပစ္စည်း, ယိရပစ္စည်း။ စုရာဒိတော ဏေ ဏယာ-သုတ်ဖြင့် ဏေပစ္စည်း, ဏယပစ္စည်းတို့ ဖြစ်ပါသည်။[အ, အ, ဣ, ဤ, ဧ, ဩ, ယ, ဏု, ဏာ, ဥဏာ, နာ, ပ္ပ, ဏှာ, ဩ, ယိရ, ဏေ, ဏယ+၁၇]

## ၄၅၃။ အတ္တနော ပဒါနိ ဘာဝေ စ ကမ္မနိ

ဘာဝေစ ကမ္မနိစ အတ္တနောပဒါနိ ဟောန္တိ။

ဥစ္စတေ၊ ဥစ္စန္တေ။ မဇ္ဇတေ၊ မဇ္ဇန္တေ။ ယုဇ္ဇတေ၊ ယုဇ္ဇန္တေ။ ကုဇ္ဈတေ၊ ကုဇ္ဈန္တေ။ လဗ္ဘတေ၊ လဗ္ဘန္တေ။ ကယျတေ၊ ကယျန္တေ။

* အတ္တနောပဒါနိ၊အတ္တနောပုဒ်တို့သည်။ဘာဝေ၊ဘောအနက်၌ရင်း။ကမ္မနိစ၊ကံအနက်၌ရင်း။ဟောန္တိ၊ဖြစ်ကုန်၏။ [ ဝုတ္တိအနက်ထွေ၏။] * ဥစ္စတေ၊ ဆိုခြင်း, ဆိုအပ်၏။ ဥစ္စန္တေ၊ဆိုခြင်း, ဆိုအပ်ကုန်၏။ မဇ္ဇတေ၊ဆုပ်နယ်ခြင်း, ဆုပ်နယ်အပ်၏။မဇ္ဇန္တေ၊ ဆုပ်နယ်ခြင်း, ဆုပ်နယ်အပ်ကုန်၏။ယုဇ္ဇတေ၊ ယှဉ်ခြင်း, ယှဉ်အပ်၏။ယုဇ္ဇန္တေ၊ ယှဉ်ခြင်း, ယှဉ်အပ်ကုန်၏။ကုဇ္ဈတေ၊အမျက်ထွက်ခြင်း, အမျက်ထွက်အပ်၏။ကုဇ္ဈန္တေ၊ အမျက်ထွက်ခြင်း, အမျက်ထွက်အပ်ကုန်၏။လဗ္ဘတေ၊ရခြင်း, ရအပ်၏။လဗ္ဘန္တေ၊ ရခြင်း, ရအပ်ကုန်၏။ကယျတေ၊ပြုခြင်း, ပြုအပ်၏။ ကယျန္တေ၊ပြုခြင်း, ပြုအပ်ကုန်၏။

➤ **အတ္တနောပဒါနိ+ဘာဝေ+စ+ကမ္မနိ–ဟူ ၄–ပုဒ်ရှိသော ဝိဓာတ္တိဝိဓိသုတ်**

➤ **စ–သဒ္ဒါဆိုရကျိုး ။ ။** စ-သဒ္ဒါဖြင့် ကမ္မကတ္တားအနက်၌လည်း အတ္တနောပုဒ် ဝိဘတ်များ သက်နိုင်ရခြင်း အကျိုးရှိပါသည်။(ပုံစံ) ကုသူလော သယမေဝ ဘိဇ္ဇတေ။

➤ **စသဒ္ဒါ၏အနက် ။ ။** စသဒ္ဒါသည် ကမ္မကတ္တားကို ဆည်းသောကြောင့် အဝုတ္တ သမုစ္စည်းအနက် ရှိပါသည်။

➤ **ဘာဝ (ဘော) အဓိပ္ပါယ် ။ ။** ကမ္မကာရက, ဘာဝကာရကတို့နှင့် မရောမယှက် သက်သက် ဖြစ်ခြင်း, ရိုတ်ခြင်း,စသော ဓာတ်အနက်သည် ဘာဝ(ဘော)မည်ပါသည်။

➤ **ဘာဝ–အရ ။ ။** ဘဝန္တံ ဘာဝေါ-ဟု ဝစနတ္ထပြု၍ ကမ္မကာရက, ဘာဝကာရက တို့နှင့် မရောမယှက် သက်သက် ဖြစ်ခြင်း, ရိုတ်ခြင်း,စသော ဓာတ်အနက်ကို ယူရပါမည်။

➤ **ကမ္မ (ကံ) အဓိပ္ပါယ် ။ ။** ပြုလုပ်သော အမှုကိစ္စဟူသမျှသည် ကမ္မ (ကံ)မည်၏။

➤ **ဘောအနက်၌သက်သော အတ္တနောပုဒ်ဝိဘတ်များ ။ ။** အတ္တနောပုဒ်ဝိဘတ် (၄၈)လုံးတို့တွင် ပထမပုရိသ် ဧကဝုစ်ဝိဘတ် (၈)လုံး ဖြစ်ပါသည်။

➤ **ကံအနက်၌သက်သော အတ္တနောဝိဘတ် ။ ။** အတ္တနောပုဒ်ဝိဘတ် (၄၈)လုံးပင် ဖြစ်ပါသည်။

http://www.dhammadownload.com



မေး ။ ။ အကမ္မကဓာတ်ကို သကမ္မကဓာတ် ပြုလုပ်လိုလျှင် အဘယ်သဒ္ဒါတို့နှင့် ယှဉ်တွဲ ရမည်နည်း။?

➤ **အကမ္မကဓာတ်ကို သကမ္မကဓာတ် ပြုလိုပါက** = အနု,စသော ဥပသာရပုဒ်တို့နှင့် ယှဉ်တွဲရပါမည်။ (ပုံစံ) အနုဘူယတေ။

## ၄၅၄။ ကတ္တရိ စ

ကတ္တရိ စ အတ္တနောပဒါနိ ဟောန္တိ။

မညတေ၊ ရောစတေ၊ သောစတေ၊ ဗုဇ္ဈတေ၊ ဇာယတေ။

* ကတ္တရိစ၊ကတ္တားအနက်၌လည်း။အတ္တနောပဒါနိ၊အတ္တနောပုဒ်တို့သည်။ဟောန္တိ ဖြစ်ကုန်၏။ [ဝုတ္တိအနက် တူ၏။] မညတေ၊သိတတ်၏။ ရောစတေ၊တင့်တယ်တတ်၏။ သောစတေ၊စိုးရိမ်တတ်၏။ ဗုဇ္ဈတေ၊သိတတ်၏။ ဇာယတေ၊ဖြစ်တတ်၏။

➤ **ကတ္တရိ+စ–ဟု ၂–ပုဒ်ရှိသော ဝိဓာန္တဝိဓိသုတ်**

➤ **ဤသုတ်သို့ လိုက်လာသော သဒ္ဒါများ** ။ ။ ဓာတူဟိ ဏေ ဏယ-စသောသုတ်မှ ဓာတူဟိသဒ္ဒါ, အတ္တနောပဒါနိ-စသောသုတ်မှ အတ္တနောပဒါနိသဒ္ဒါတို့ ဖြစ်ပါသည်။

➤ **စသဒ္ဒါ ဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် ဘုဝိအနက်ကိုဟောသော အသ,စသောဓာတ်တို့ဝယ် ကတ္တားအနက်၌ အတ္တနောပုဒ်သက်ခြင်းကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

➤ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် အတ္တနော ပဒါနိ ဘာဝေစ ကမ္မနိ-သုတ်၌ လာသော ဘောအနက်, ကံအနက်ကို ပေါင်းသောကြောင့် သမ္ပိဏ္ဍနအနက်, အသဓာတ်စသည်၌ အတ္တနောပုဒ်ဝိဘတ်သက်ခြင်းကို တားမြစ်သောကြောင့် နိဝတ္တာပနာဝဓာရဏ အနက် ဖြစ်ပါသည်။(ရူပသိဒ္ဓိ)

(တနည်း) အတ္တနောပုဒ်ကိုငင်သောကြောင့် အနုကဍ္ဎနအနက် ဖြစ်ပါသည်။

➤ **အတ္တနောပဒါနိ ဘာဝကမ္မကတ္တူသု–ဟု တစ်သုတ်တည်းပေါင်း၍ မဆိုဘဲ နှစ်သုတ်ခွဲ၍ ဆိုရကျိုး** ။ ။ အတ္တနောပဒါနိ ဘာဝေစ ကမ္မနိ-သုတ်ကား ဘော,ကံအနက်တို့၌ အတ္တနောပုဒ် အမြဲသက်ရ၏၊ ကတ္တရိစ-သုတ်ကား ကတ္တားအနက်၌ အတ္တနောပုဒ် အမြဲ မသက်ရ-ဟု မြဲခြင်းကို နစ်စေခြင်းအကျိုးရှိပါသည်။

➤ **အတ္တနောပဒါနိ–သုတ်နှင့် ကတ္တရိစ–သုတ် အထူး** ။ ။ အတ္တနောပဒါနိ-သုတ်ကား ဘောကံအနက်တို့၌ အတ္တနောပုဒ် အမြဲသက်ရသည်။ ကတ္တရိစ-သုတ်ကား ကတ္တား အနက်၌ အတ္တနောပုဒ် အမြဲ မသက်ရ၊ ဤသို့ ထူးပါသည်။

➤ **အတ္တနောပုဒ်ဝိဘတ် ဟောနိုင်သော အနက် (ဝါစ္စ) များ** ။ ။ အတ္တနော ပဒါနိ ဘာဝေစ ကမ္မနိ၊ ကတ္တရိစ-သုတ်တို့ကို ထောက်၍ အတ္တနောပုဒ်ဝိဘတ်များသည် ဘော ကံ, ကတ္တားအနက် သုံးပါးကို ဟောနိုင်ပါသည်။

http://www.dhammadownload.com



**➤ အတ္တနောပဒ်ဝိဘတ် သက်ရောက်ခြင်း** ။ ။ အတ္တနော ပဒါနိ ဘာဝေ စ ကမ္မနိ-သုတ်ကိုယောက်၍ ဘောအနက်, ကံအနက်၊ ကတ္တရိစ-သုတ်ကို ယောက်၍ ကတ္တား အနက်တို့ ဖြစ်ပါသည်။

**➤ ကတ္တားအနက်၌ အတ္တနောပဒ်ဝိဘတ် သက်သင့်/မသက်သင့်** ။ ။ ကတ္တရိစ-သုတ်ကို ယောက်၍ ကတ္တားအနက်၌ အတ္တနောပဒ်ဝိဘတ် သက်သင့်ပါသည်။

## ၄၅၅။ ဓာတုပစ္စယေဟိ ဝိဘတ္တိယော

ဓာတုနိဒ္ဒိဋ္ဌေဟိ ပစ္စယေဟိ ခါဒိကာရိတန္တေဟိ ဝိဘတ္တိယော ဟောန္တိ။

တိတိက္ခတိ၊ ဇိဂုစ္ဆတိ၊ ဝီမံသတိ၊ သမုဒ္ဒါယတိ၊ ပုတ္တီယတိ၊ ကာရေတိ၊ ပါစေတိ။

* ဝိဘတ္တိယော၊ဝိဘတ်တို့သည်။ဓာတုပစ္စယေဟိ၊ဓာတ်အနက်၌ ညွှန်းပြစီရင်အပ်သော ခ, အစ ကာရိတ်ပစ္စည်း အဆုံးရှိကုန်သော ပစ္စည်းတို့မှ။ပရာ၊နောက်၌သက်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ * ဝိဘတ္တိယော၊တို့သည်။ဓာတုနိဒ္ဒိဋ္ဌေဟိ၊ဓာတ်အနက်၌ ညွှန်းပြစီရင်အပ်ကုန်သော။ခါဒိကာရိတန္တေဟိ၊ခ, အစ ကာရိတ်ပစ္စည်း အဆုံးရှိကုန်သော။ ပစ္စယေဟိ၊ပစ္စည်းတို့မှ။ပရာ၊ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ တိတိက္ခတိ၊ သည်းခံ၏။ ဇိဂုစ္ဆတိ၊ တွဲရွံ စက်ဆုတ်၏။ ဝီမံသတိ၊ စူးစမ်း၏။ သမုဒ္ဒါယတိ၊ သမုဒ္ဒရာကဲ့သို့ ပြု၏။ ပုတ္တီယတိ၊ သားကဲ့သို့ ပြု၏။ ကာရေတိ၊ပြုစေ၏။ပါစေတိ၊ ချက်စေ၏။

**➤ ဓာတုပစ္စယေဟိ+ဝိဘတ္တိယော–ဟု ၂–ပုဒ်ရှိသော ပရိဘာသာသုတ်**

**➤ ဤသုတ်ကို ဆိုရခြင်းအကြောင်း** ။ ။ တိတိက္ခတိ-၌ တိတိက္ခ-ဟု ဖြစ်သည့် အခါ ခပစ္စည်းဆုံးလျက်ရှိ၏၊ တိ,စသော ဝိဘတ်များ၏ ထုံးစံမှာ ဓာတ်နောက်၌သာ သက်လေ့ရှိသည့်အတွက် ပစ္စည်းနောက်၌ တိ,စသော ဝိဘတ်တို့ မသက်နိုင်သကဲ့သို့ ဖြစ်နေသောကြောင့် ဓာတုပစ္စယေဟိ-သုတ်ကို ဆိုရပါသည်။

**➤ ဓာတု–အရ** ။ ။ ဓာတ်၏အနက်ကို ယူရပါမည်။

**➤ ပစ္စယ–အရ** ။ ။ ခ, အစ ကာရိတ်အဆုံးရှိသော ပစ္စည်းတို့ကို ယူရပါမည်။

**➤ ဝိဘတ္တိ–အရ** ။ ။ တိ, စသော အာချာတ်ဝိဘတ်တို့ကို ယူရပါမည်။

**➤ ဓာတုပစ္စယ အဓိပ္ပါယ်** ။ ။ ဓာတ်အနက်၌ ပြုအပ်ကုန်သော ခ, အစ ကာရိတ် အဆုံးရှိသော ပစ္စည်းတို့သည် "ဓာတုပစ္စယ" မည်ပါသည်။

မေး ။ ။ ဓာတုနိဒ္ဒိဋ္ဌေဟိ ပစ္စယေဟိ-အရ ယူရမည့်ပစ္စည်းများကို ပစ္စယဝိဓိသုတ်နှင့် တကွ ရေးသားခဲ့ပါ။

**➤ ဓာတုပစ္စယ–အရ/ဓာတုနိဒ္ဒိဋ္ဌ=ဓာတ်အနက်ကို ညွှန်ပြနိုင်သော ပစ္စည်းနှင့်သုတ်များ**

တိဇ ဂုပ ကိတ မာနေဟိ ခ ဆ သာ ဝါ၊ ဘုဇ ဃသ ဟရ သုပါဒီဟိ တုမိစ္ဆတ္ထေသု သုတ်တို့ဖြင့် ခ, ဆ, သ-ပစ္စည်း၊ အာယ နာမတော ကတ္တုပမာနာ ဒါစာရေ-သုတ်ဖြင့်

http://www.dhammadownload.com



အာယပစ္စည်း၊ ဤယူပမာနာစ၊ နာမမှာတွဲ့စွတွေ-သုတ်တို့ဖြင့် ဤယပစ္စည်း၊ ဓာတုပတိ ဏော ဏယ ဏာပေ ဏာပယ ကာရိတာနိ ဟေတွတ္တေ-သုတ်ဖြင့် ဏေ, ဏယ, ဏာပေ ဏာပယပစ္စည်း၊ ၎င်းသုတ် အတ္တ-သဒ္ဒါဖြင့် အလပစ္စည်း။ ဓာတုရူပေ နာမသ္မာ ဏယော စ-သုတ်ဖြင့် ဏယပစ္စည်း၊ ၎င်းသုတ် စ-သဒ္ဒါဖြင့် အာရ, အာလပစ္စည်းတို့ ဖြစ်ပါသည်။ (သာစေ) ဓာတုနိဒ္ဒိဋ္ဌေဟိ ပစ္စယေဟိ ခါဒိကာရိတန္တေဟိ။

➤ **ဓာတုပစ္စယ ပစ္စည်းတို့ကို ဓာတု+ဓာတုရူပ+ကာရိတ်ခွဲပုံ** ။ ။ ခ, ဆ, သပစ္စည်း သုံးပါးတို့သည် ဓာတ်စစ်စစ်နောက်၌ သက်ရသောကြောင့် "ဓာတု" ပစ္စည်း ဖြစ်ပါသည် အာယ, ဤယ, ဏယ, အာရ, အာလပစ္စည်းတို့သည် ဓာတ်သဘောရှိသော နာမ်ပုဒ် နောက်၌ သက်ရသောကြောင့် "ဓာတုရူပ" ပစ္စည်း ဖြစ်ပါသည်။ ဏေ, ဏယ, ဏာပေ, ဏာပယ, အလပစ္စည်းတို့သည် သုဒ္ဓဓာတ်တတ္တားကို စေခိုင်းတတ်သော ပယောဇက ကတ္တား၏ ဗျာပါရအနက်၌ သက်ရသောကြောင့် "ကာရိတ်"ပစ္စည်း ဖြစ်ပါသည်။

➤ **ပစ္စယ-သဒ္ဒါ နှစ်မျိုးအထူး** ။ ။ ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ-၌ ပစ္စယ-အရ တဒ္ဓိတ်ပစ္စည်း, ကိတ်ပစ္စည်း, ကိစ္စပစ္စည်း, ဣတ္ထိဇောတက အာ,စသောပစ္စည်း၊ ခ,စသော ဓာတုပစ္စည်း၊ အကွဲရေဟိ ကာရ-စသောသုတ်ဖြင့် သက်ရသော ကာရ,စသော ပစ္စည်း အပြားအားလုံးကို ယူရပါသည်။ * ဓာတုပစ္စယေဟိ ဝိဘတ္တိယော-သုတ်၌ ပစ္စယ-အရ ခ, အစ ကာရိတ်အဆုံးရှိသော ဓာတ်အနက်၌ စီရင်အပ်သော ဓာတုပစ္စည်းတို့ကိုသာ ယူရပါသည်။ ဤသို့ ထူးပါသည်။

➤ **တိ,စသော ဝိဘတ်တို့ကို ဓာတ်၏ရှေ့၌ မသက်ဘဲ ဓာတ်၏နောက်၌ သက်ရ ခြင်းအကြောင်း** ။ ။ ဓာတုလိင်္ဂေဟိ ပရာ ပစ္စယာ-ဟူ၍ ပရိဘာသာ လာသောကြောင့် ဓာတ်၏နောက်၌ သက်ရပါသည်။

➤ **အာချာတ်ကျမ်း၌ ဝိဘတ်မသက်ခင် သက်ရသော ပစ္စည်းများ**

ခ-အစ ကာရိတ်ပစ္စည်းအဆုံးရှိသော ပစ္စည်းများ ဖြစ်ပါသည်။

➤ **ဝိဘတ်သက်ပြီးမှ သက်ရသော ပစ္စည်း** ။ ။ အ-အစရှိသော ဝိကရဏပစ္စည်း များနှင့် ယ-စသော ပစ္စည်းများ ဖြစ်ပါသည်။

➤ **ဝိဘတ် မသက်ခင် သက်ရသောပစ္စည်းနှင့် ဝိဘတ်သက်ပြီးမှ သက်ရသော ပစ္စည်းများ/ ဝိကရဏပစ္စည်းနှင့် ဓာတုပစ္စယ ပစ္စည်းအထူး** ။ ။ ဝိကရဏပစ္စည်းများ သည် ကြိယာကာရကကို မဟော၊ တိ,စသော ဝိဘတ်ကိုသာ ဟော၍ ရုပ်ပြီးရုံမျှသာ ဖြစ်သောကြောင့် ဝိဘတ်သက်ပြီးမှ သက်ရပါသည်။ * ဓာတုပစ္စယမည်သော ခ, အစ ကာရိတ်အဆုံးရှိသော ပစ္စည်းများကား ကြိယာကာရကအနက်ကို ဟောတတ်သဖြင့် ဓာတ်သဘောရှိသောကြောင့် ဝိဘတ်မသက်ခင် သက်ရပါသည်။

http://www.dhammadownload.com



## ၄၅၆။ ကတ္တရိ ပရဿပဒံ

ကတ္တရိ ပရဿပဒံ ဟောတိ။ ။ ကရောတိ၊ ပစတိ၊ ပဌတိ၊ ဂစ္ဆတိ။

* ကတ္တရိ၊ကတ္တားအနက်၌။ပရဿပဒံ၊ပရဿပုဒ်ဝိဘတ်သည်။ဟောတိ၊ဖြစ်၏။

[ ရှု-အရို ] ကတ္တရို၊ကတ္တားဖြစ်သော ကာရကကို။အဘိဓေယျေ၊ဟောအပ်သော်။ ဓာတူဟိ၊အလုံးစုံသော ဓာတ်တို့နောင်မှ၊ပရဿပဒံ၊ပရဿပုဒ်ဝိဘတ်သည်။ဟောတိ။

[ဗုဒ္ဓိအနက်ဗျူပြီ] ကရောတိ၊ပြု၏။ ပစတိ၊ချက်၏။ ပဌတိ၊ရွတ်ဆို၏။ ဂစ္ဆတိ၊သွား၏။

➤ **ကတ္တရိ+ပရဿပဒံ-ဟု ၂-ပုဒ်ရှိသော ဝိဘတ္တိဝိဓိသုတ်**

➤ **ဤသုတ်သို့လိုက်လာသော သဒ္ဒါ** ။ ။ ဓာတူဟိ ဏေ ဏယ-စသောသုတ်မှ ဓာတူဟိ-သဒ္ဒါ လိုက်လာပါသည်။

➤ **နိမိတ်-အရ** ။ ။ ဓာတ်အားလုံး ဖြစ်ပါသည်။

➤ **ကတ္တရိ-သဒ္ဒါ တစ်ဖန်ဆိုရကျိုး** ။ ။ ကတ္တရိ-သဒ္ဒါ တစ်ဖန်ဆိုခြင်းသည် ပရဿပုဒ် ဝိဘတ်များသည် ကတ္တားအနက်၌သာ အမြဲသက်ရသည်ဟု ပြရခြင်းအကျိုးရှိပါသည်။

➤ **အာချာတ်ဝိဘတ်သက်ရာ ဝိသယ (ခွာန)** ။ ။ အတ္တနော ပဒါနိ ဘာဝေစ ကမ္မနိ၊ ကတ္တရိစ-သုတ်တို့ကိုထောက်၍ အတ္တနောပုဒ်ဝိဘတ်သည် ဘော, ကံ, ကတ္တား အနက်တို့၌ သက်ပါသည်။ ကတ္တရိ ပရဿပဒံ-သုတ်ကိုထောက်၍ ပရဿပုဒ်ဝိဘတ်များ သည် ကတ္တားအနက်၌သာ သက်ပါသည်။

---

## ၄၅၇။ ဘူဝါဒယော ဓာတဝေါ

ဘူ ဣစ္စေဝမာဒိတော ယေ သဒ္ဒဂဏာ၊ တေ ဓာတုသညာ ဟောန္တိ။

ဘဝတိ၊ ဘဝန္တိ၊ စရတိ၊ စရန္တိ၊ ပစတိ၊ ပစန္တိ၊ စိန္တယတိ၊ စိန္တယန္တိ၊ ဟောတိ၊ ဟောန္တိ၊ ဂစ္ဆတိ၊ ဂစ္ဆန္တိ။

* [ကစ္စည်းအလို] ဘူဝါဒယော၊ဘူ အစရှိသော သဒ္ဒါအပေါင်းတို့သည်။ဓာတဝေါ၊ ဓာတ်မည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ * [ရူပသိဒ္ဓိအလို] ဘူဝါဒယော၊ကြိယာကို ဟော သော ဘူလျှင်ပိုင်းခြားခြင်းရှိကုန်သော သဒ္ဒါတို့သည်။ (ဝါ) ဘူ, ဝါ-လျှင် အတူရှိကုန် သော သဒ္ဒါတို့သည်။ (ဝါ) ကြိယာကိုဟောကုန်သော သဒ္ဒါတို့သည်။ဓာတဝေါ၊ဓာတ် အမည်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

* ဘူ ဣစ္စေဝမာဒိတော၊ဘူ, ဤသို့ အစရှိကုန်သော။ယေ သဒ္ဒဂဏာ၊အကြင်သဒ္ဒါ အပေါင်းတို့သည်။သန္တိ၊ရှိကုန်၏။ တေ၊ထိုသဒ္ဒါအပေါင်းတို့သည်။ဓာတုသညာ၊ဓာတ် အမည်ရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ ဘဝတိ၊ဖြစ်၏။ဘဝန္တိ၊ဖြစ်ကုန်၏။စရတိ၊ ကျင့်၏။စရန္တိ၊ကျင့်ကုန်၏။ပစတိ၊ချက်၏။ပစန္တိ၊ချက်ကုန်၏။စိန္တယတိ၊ကြံစည်၏။စိန္တယန္တိ

http://www.dhammadownload.com



ကြံစည်ကုန်၏။ဟောတိ၊ဖြစ်၏။ဟောန္တိ၊ဖြစ်ကုန်၏။ဂစ္ဆတိ၊သွား၏။ဂစ္ဆန္တိ၊သွားကုန်၏။

➤ ဘူဝါဒယော+ဓာတဝေါ–ဟု ၂–ပုဒ်ရှိသော သညာသုတ်

➤ ဘူဝါဒယော–ဝိဂ္ဂဟ ॥ ဘူအာဒိ ယေသံ တေ ဘူဝါဒယော [ဤအလို-ဘူဝါဒယော-ကို ဘူ+အာဒယော-ဟု ပုဒ်ဖြတ်၍ ယဝမဒန-ဖြင့် ဝ-လာ။]

ဘူဝါအာဒိ ပကာရာ ယေသံ တေ ဘူဝါဒယော။ [ဤအလို-ဘူဝါဒယော-ကို ဘူဝါ+အာဒယော-ဟု ပုဒ်ဖြတ်ပါ။]

➤ ဘူဝါဒယော နာမ်ရှစ်ကျဉ်း ॥ ဘူဝါဒယော-ကို ဘူဝါဒိလိင်တည်း၊ယော- သက်၊ ဣကို ဈအမည်မှည့်၊ ယောသွကတရသော ဈောသုတ်ဖြင့် ဈမည်သော ဣ-ကို အ-ပြု

➤ ဓာတဝေါ နာမ်ရှစ်ကျဉ်း ॥ ဓာတဝေါ-ကို ဓာတု-လိင်တည်၊ ယော-သက်၊ တတော ယောန မောတု-သုတ်၌ တုသဒ္ဒါဖြင့် ယော-ကို ဩပြု၊ ဩသရေစ-သုတ်၌ စ သဒ္ဒါဖြင့် တု-၌ ဥကို အဝပြု၊ ဝ-ဩသို့ကပ်၊ဓာတဝေါ-ပြီး၏။(တနည်း) ဓာတုလိင်တည်၊ ယော-သက်၊ ဥကို လ,အမည်မှည့်၊ လတော ဝေါကာရောစ-သုတ်ဖြင့် ယောကို ဝေါပြု၊ ဝေ ဝေါသု လောစ-သုတ်ဖြင့် ဥကို အ-ပြု၊ဓာတဝေါ ပြီး၏။

➤ ဘူအာဒယော–ဟု မဆိုဘဲ ဘူဝါဒယော–ဟု ဆိုခြင်းအကြောင်း

ဝ-လာရခြင်းသည် အာဂမသန္ဓိအရာ ဖြစ်၏ဟု သိစေလိုသောကြောင့် ဘူဝါဒယော ဟု ဆိုရပါသည်။

➤ အာဒိ–သဒ္ဒါ၏အနက် ॥ အာဒိ-သဒ္ဒါသည် ပကာရအနက်ရှိပါသည်။

မေး ॥ ဘူဓာတ် ဝါဓာတ်တို့ဖြင့် အဘယ်ကို ယူရမည်နည်း။?

ဖြေ ॥ "ဘူဓာတ်" ဖြင့် အကမ္မကအဖြစ်ဖြင့်တူသော အသဓာတ်, ဌာဓာတ် စသည် ကို ယူရပါမည်။ "ဝါဓာတ်" ဖြင့် သကမ္မကအဖြစ်ဖြင့်တူသော ဂမုဓာတ်, ပစဓာတ် စသည်တို့ကို ယူရပါမည်။

➤ အာဒိ–အရ/ ဓာတု–အရ ॥ ဘူဓာတ်နှင့် အကမ္မကကြိယာဟောချင်းတူသော အသဓာတ် ဌာဓာတ်,စသော သဒ္ဒါအပေါင်းကိုရင်း၊ ဝါဓာတ်နှင့် သကမ္မကကြိယာဟော ချင်းတူသော ဂမုဓာတ်, ပစဓာတ်,စသော သဒ္ဒါအပေါင်းကိုရင်း ယူရပါမည်။

➤ ဓာတဝေါ–ဟု ဂရုသညာ ပြုရကျိုး ॥ကြိယာကို ဟောကုန်သော ဓေန္တဓာတ် တို့ကိုသာ ယူရခြင်းအကျိုးရှိပါသည်။ (ဋီကာ)

➤ ကစ္စည်းကျမ်းလာ ဓာတု–သဒ္ဒါ၏ လိင် ॥ ဘူဝါဒယော ဓာတဝေါ-သုတ်ကို ထောက်၍ ဓာတု-သဒ္ဒါကား ပုလ္လိင်၊ ဓာတုယာ ကမ္မာဒိမှိ ဏော-သုတ်ကိုထောက်၍ ဓာတု-သဒ္ဒါကား ဣတ္ထိလိင် ဖြစ်ပါသည်။

အာချာတ်ဒုတိယပိုင်း ပြီး၏။

http://www.dhammadownload.com



## အာချာတ တတိယကဏ္ဍ

### ၄၅၈။ ကွစာစိဏ္ဏောနှ ဓေကဿရာနံ ဓွေဘာဝေါ

**အာဒိဘူတာနံ ဝဏ္ဏာနံ ဧကဿရာနံ ကွစိ ဒွေဘာဝေါ ဟောတိ။**

**တိတိက္ခတိ၊ ဇိဃစ္ဆတိ၊ တိကိစ္ဆတိ၊ ဝီမံသတိ၊ ဗုဘုက္ခတိ၊ ပိဝါသတိ၊ ဒဒ္ဒလ္လတိ၊ ဒဒါတိ၊ ဇဟာတိ၊ စင်္ကမတိ။ ကွစီတိ ကိမတ္ထံ? ကမ္ပတိ၊ စလတိ။**

* အာဒိဝဏ္ဏာနံ၊အစဖြစ်သော ဝဏ္ဏတို့၏၊ဧကဿရာနံ၊တူသော သရရှိကုန်သည် ဖြစ်၍၊ကွစိ၊အချို့သော ပုံစံ၌၊ဒွေဘာဝေါ၊ဒွေဘော်သည်၊ဟောတိ၊ဖြစ်၏။

* အာဒိဘူတာနံ၊အစဖြစ်၍ ဖြစ်ကုန်သော၊ဝဏ္ဏာနံ၊ဝဏ္ဏတို့၏၊ဧကဿရာနံ၊တူသော သရရှိကုန်သည်ဖြစ်၍၊ကွစိ၊၌၊ဒွေဘာဝေါ၊ဒွေဘော်သည်၊ဟောတိ၊ဖြစ်၏။

တိတိက္ခတိ၊ သည်းခံ၏၊ဇိဃစ္ဆတိ၊ စက်ဆုတ်၏၊တိကိစ္ဆတိ၊ ဆေးကု၏၊ဝီမံသတိ၊ စုံစမ်း၏။ ဗုဘုက္ခတိ၊ စောင့်ရှောက်တတ်လို၏။ ပိဝါသတိ၊ သောက်တတ်လို၏။ ဒဒ္ဒလ္လတိ၊ လွန်စွာတောက်ပ၏။ ဒဒါတိ၊ ပေး၏။ ဇဟာတိ၊ စွန့်၏။ စင်္ကမတိ၊ စင်္ကြံသွား၏။

ကွစီတိပဒံ၊ကွစိ-ဟူသောပုဒ်သည်၊ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ ကမ္ပတိ၊ စဉ်းငယ် တုန်လှုပ်၏။ စလတိ၊ တုန်လှုပ်၏။ (ဝါ) ရွေ့ရှား၏။

➢ **ကွစိ+အာဒိဝဏ္ဏာနံ+ဧကဿရာနံ+ဒွေဘာဝေါ-ဟူ ၄-ပုဒ် အာဒေသဝိဓိသုတ်**

➢ **ဤသုတ်သို့လိုက်လာသော သဒ္ဒါ ။ ။** ဓာတုဟိ ဏေ ဏာယ-စသောသုတ်မှ ဓာတု-သဒ္ဒါသည် ဆဋ္ဌီဝိဘတ်ပြန်၍ လိုက်လာပါသည်။

➢ **ဧကဿရာနံ-ဟူ အထူးပြု၍ ဆိုရခြင်းအကြောင်း ။ ။** ပစဓာတ် စသည်၌ ပ သည် ဓာတ်၏အစ ဝဏ္ဏတည်း၊ ထိုဓာတ်၏အစ ဝဏ္ဏသည်လည်း သရရှိသော ဝဏ္ဏ တည်းဟု သိစေလိုသောကြောင့် "ဧကဿရာနံ" ဟု အထူးပြု၍ ဆိုပါသည်။

➢ **ဧကဿရာနံ အဓိပ္ပါယ် ။ ။** တိဇဓာတ် စသည်၌ အစ, တိအက္ခရာနှင့် သရ တူ ဒွေဘော်ဖြစ်သော သရနှင့်တကွ တိဗျည်းကို "ဧကဿရာနံ"ဟု ဆိုပါသည်။

➢ **ဧကဿရ-အရ ။ ။** ဧကော သမာနော သရော ဧတေသန္တိ ဧကဿရာ-ဟု ဝစနတ္ထပြု၍ တိဇ,စသော ဓာတ်တို့၏ အစ, တိအက္ခရာနှင့်တူသော သရရှိသော နောက် ဒွေဘော် တိဗျည်းကို ယူရပါမည်။

➢ **အာဒိဝဏ္ဏ အဓိပ္ပါယ် ။ ။** တိဇ,စသည်တို့၏ အစ တိအက္ခရာကို "အာဒိဝဏ္ဏ" ဟု ဆိုပါသည်။ ➢ **အာဒိဝဏ္ဏ-အရ ။ ။** အာဒိဘူတာ ဝဏ္ဏာ အာဒိဝဏ္ဏာ-ဟု ဝစနတ္ထ ပြု၍ တိဇဓာတ် စသည်၌ အစ တိအက္ခရာကို ယူရပါမည်။

➢ **အာဒိဝဏ္ဏာနံ-ဟူ ဗဟုဝုစ်ဖြင့် ဆိုရကျိုး ။ ။** သရနှင့်တကွ ဓာတ်၏ အစဗျည်း ကို ဒွေဘော်ပြုရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com



➤ **သန္ဓိဓွနိတော်နှင့် အာချာတ်ဓွနိတော် အထူး** ॥ ॥ အပ္ပမာဒေါ-ကို အ+ပမာဒေါ ဟု ပုဒ်ဖြတ်၍ သဝိသဓွနိတော် လာသည့်အခါ သရ မပါ။ ပဗျည်းသက်သက်လာခြင်း သည် "သန္ဓိဓွနိတော်" မည်၏။ သု-၌ ဓွနိတော်လာသည့်အခါ သု-သု-ဟု သရနှင့်တကွ လာရခြင်းသည် "အာချာတ်ဓွနိတော်" မည်၏။ ဤသို့ ထူးပါသည်။

➤ **ဓွနာဂမ(ဓွနိတော်) အဓိပ္ပါယ်** ॥ ॥ တိဇာတ် စသည်၌ အစ တိနှင့် ပုံတူ တိ တိ-ဟု တိ-တစ်လုံးပိုလာခြင်းသည် ဓွနာဂမ(ဓွနိတော်) မည်ပါသည်။

➤ **ဓွနိတော်ဖြစ်ရာ၌ နိမိတ်ဖြစ်သင့်သော ဝိတတ်ပစ္စည်း** ॥ ॥ ပရောက္ခာဝိဘတ်နှင့် ခ, ဆ, သပစ္စည်း၊ အပစ္စည်း, ကိစ္စပစ္စည်း, တုံ, တွာ,စသော နိပါတ်ပစ္စည်း၊ အန္တ, မာန ပစ္စည်းတို့ ဖြစ်ပါသည်။

➤ **ကွစိ-သဒ္ဒါ၏အနက်** ॥ ॥ ကွစိ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသည်။

➤ **ကွစိ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်/ကွစိ-သဒ္ဒါဖြင့် ဝိဓိသုံးပါးမိုင်းခြားပုံ**

တိတိက္ခတိ၊ဇိဃစ္ဆတိ၊ပိဝါသတိ စသည်ဝယ် ခ, ဆ, သပစ္စည်းတို့ကြောင့်ရင်း။ဗဘူဝ ဇဂါမ၊ ပပစ စသည်ဝယ် ပရောက္ခာဝိဘတ်ကြောင့်ရင်း၊ ဇုဟောတိ-ဝယ် ဇုဟောတျာဒိ ဓာတ်တို့၏ရင်း၊ ဓွနိတော်အမြဲပြုရခြင်း နိစ္စဝိဓိ၊ ဇဟိတဗ္ဗံ၊ဟောတဗ္ဗံ၊ပဇဟိတဗ္ဗံ၊ပဟာ တဗ္ဗံ၊ဝိဓာတဗ္ဗံ စသည်တို့၌ ကိစ္စပစ္စည်းကြောင့်ရင်း, ဇဟိတွာ၊ဇဟိတုံ၊ဟောတုံ၊ပိဒဟိတွာ ပိဓာယ စသည်တို့၌ ကိတကပစ္စည်းတို့ကြောင့်ရင်း ဓွနိတော်ရခါပြုရခြင်း အနိစ္စ ဝိဓိ၊ ဒါတဗ္ဗံ, ဒတွာ, ဟုတံ, ဟိနံ, ဝိနံ့ စသည်တို့၌ ဓွနိတော်လုံးဝ မပြုရခြင်း အသန္တဝိဓိ သုံးမျိုးကို ပိုင်းခြားပြပါသည်။ (ရှုနှင့် ရှုငို)

---

## ၄၅၉။ ပုဗ္ဗောဗ္ဘာသော

ဓွေဘူတဿ ဓာတုဿ ယော ပုဗ္ဗော၊ သော အဗ္ဘာသသညော ဟောတိ။

ဒဓာတိ၊ ဒဒါတိ၊ ဗဘူဝ။

* ပုဗ္ဗော၊ရှေးဖြစ်သော ဓာတ်တစ်လုံးသည်။အဗ္ဘာသော၊အဗ္ဘာသမည်သည်။ ဟောတိ၊ဖြစ်၏။ ॥ * ဓွေဘူတဿ၊နှစ်လုံးဖြစ်၍ဖြစ်သော။ဓာတုဿ၊ဓာတ်၏။ပုဗ္ဗော၊ ရှေးဖြစ်သော။ယော၊အကြင်အက္ခရာသည်။အတ္ထိ၊ရှိ၏။သော၊ထိုအက္ခရာသည်။အဗ္ဘာသ သညော၊အဗ္ဘာသ အမည်ရှိသည်။ဟောတိ၊ဖြစ်၏။ * ဒဓာတိ၊ ဆောင်၏။ဒဒါတိ၊ ပေး၏။ ဗဘူဝ၊ဖြစ်ပြီတဲ့။

➤ **ပုဗ္ဗော+အဗ္ဘာသော-ဟု ၂-ပုဒ်ရှိသော သညာသုတ်**

➤ **အဗ္ဘာသော ပုဒ်ဖြတ်** ॥ ॥ အဘိ+ဘာသော/အဘိ+အာသော-ဟု ဖြတ်ပါ။

➤ **အဗ္ဘာသ အဓိပ္ပါယ်** ॥ ॥ သူ-ဟုရှိရာ၌ နောက်ထပ်ဆိုအပ်သော (အပိုလာသော) ဘူအက္ခရာသည် (ထပ်၍ဆိုအပ်သောကြောင့်) "အဗ္ဘာသ" မည်ပါသည်။ (တစ်နည်း)

http://www.dhammadownload.com



ပုဒ်ကိုတန်ဆာဆင်ခြင်းငှာ အပိုအလွန်ပြု၍ ရွတ်ဆိုအပ်သောကြောင့် "အဋ္ဌာသ" မည်ပါသည်။ (နိဒ္ဒေသ) ➤ **အဋ္ဌာသ-အရ** ။ ။ ဓာတ်ရင်း အက္ခရာထက် ပိုမို၍ ရွတ်ဆိုအပ်သော ဒွေဘော် အက္ခရာကို ယူရပါမည်။

➤ **ပုဗ္ဗောဘာသော/ပုဗ္ဗောဗ္ဘာသော ပါဠိအဆုံးအဖြတ်** ။ ။ ဓာတ္တွဂ္ဂိပုဒ်ကဲ့သို့ အဘိပုဒ်၌ ဘ-အက္ခရာကို အသဒိသဒွေဘော်ပြုရမည်ဖြစ်သောကြောင့် ပုဗ္ဗောဗ္ဘာသော ပါဠိသာ မှန်ပါသည်။

## ၄၆၀။ ရဿော

အဗ္ဘာသေ ဝတ္တမာနဿ သရဿ ရဿော ဟောတိ။ ဒဓာတိ၊ ဇဟာတိ။

* အဗ္ဘာသဂတဿ၊အဗ္ဘာသ၌ဖြစ်သော သရ၏။ရဿော၊ရဿပြုသည်။ဟောတိ၊ဖြစ်၏။ * အဗ္ဘာသေ၊အဗ္ဘာသ၌။ဝတ္တမာနဿ၊ဖြစ်သော။သရဿ၊သရ၏။ရဿော၊ရဿပြုသည်။ဟောတိ၊ဖြစ်၏။ * ဒဓာတိ၊ ဆောင်၏။ ဇဟာတိ၊ စွန့်၏။

### ➤ ရဿော-တွင် ၁-ပုဒ်သာရှိသော အာဓေယျဝိဓိသုတ်

➤ **သရဿ-အရ / ကာရီ-အရ** ။ ။ ဒဓာတိ ဇဟာတိ ပုံစံတို့ကို ရှု၍ အဗ္ဘာသ အမည်ရသော ဓာဓာတ်, ဟာဓာတ်တို့၏ အစိတ်အာသရကို ယူရပါမည်။

➤ **ရဿော-အရ/ကာရိယ-အရ** ။ ။ အရဿကို ယူရပါမည်။

➤ **ဤသုတ်၏ နိမိတ်ဖြစ်သင့်သောသုတ်များ** ။ ။ ကွစာဒိ-သုတ်ဖြင့် ဓာတ်၏အစ အက္ခရာကို ဒွေဘော်ပြုပြီးမှသာရင်း၊ ပုဗ္ဗောဗ္ဘာသော-သုတ်ဖြင့် နှစ်လုံးသော ဓာတ်၏ ရှေ့ အက္ခရာကို အဗ္ဘာသ မှည့်ပြီးမှသာရင်း၊ ရဿပြုနိုင်သောကြောင့် ကွစာဒိဝဏ္ဏာန မေကဿရာနံ ဒွေဘာဝေါ၊ ပုဗ္ဗောဗ္ဘာသော-သုတ်တို့ ဖြစ်ပါသည်။

➤ **သန္ဓိရဿနှင့် အာချာတ်ရဿ အထူး** ။ ။ သန္ဓိရဿကား- နောက်ဗျည်းနိမိတ် ကြောင့် ဆန်းစောင့်လိုရာ အာဂုံနှောင်းရာ သံယုဂ်နှောင်းရာ၌ အဗ္ဘာသ အမည် မရသော အစိတ်သရကို ရဿပြုပါသည်။ အာချာတ်ရဿကား- အဗ္ဘာသ အမည်ရသော ဒွေဘော်ဗျည်း၏ အစိတ်သရကိုသာ ရဿပြုပါသည်။ ဤသို့ ထူးပါသည်။

## ၄၆၁။ ဒုတိယစတုတ္ထာနံ ပဌမတတိယာ

အဗ္ဘာသဂတာနံ ဒုတိယစတုတ္ထာနံ ပဌမတတိယာ ဟောန္တိ။

စိစ္ဆေဒ၊ ဗုဘုက္ခတိ၊ ဗဘူဝ၊ ဒဓာတိ။

* အဗ္ဘာသဂတာနံ၊အဗ္ဘာသ၌ဖြစ်ကုန်သော။ဒုတိယစတုတ္ထာနံ၊ဒုတိယက္ခရာ, စတုတ္ထက္ခရာတို့၏။ပဌမတတိယာ၊ပဌမက္ခရာ, တတိယက္ခရာပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ [ဝုတ္တိအနက်တူပြီ] * စိစ္ဆေဒ၊ဖြတ်ပြီတဲ့။ ဗုဘုက္ခတိ၊ စောင့်ရှောက်တတ်လို၏။ ဗဘူဝ၊ဖြစ်ပြီတဲ့။ ဒဓာတိ၊ ဆောင်၏။

http://www.dhammadownload.com



➤ ဒုတိယစတုတ္ထာနံ+ဝဇ္ဇမတတိယာ–ဟု ၂–ပုဒ်ရှိသော အာခေသေဝိဝိသုတ်

➤ ဤသုတ်၏ နိမိတ်ဖြစ်သင့်သော သုတ်များ ။ ။ ကွစာဒိဝဏ္ဏာနမေကေသံရာနံ ဒွေဘာဝေါ၊ ပုဗ္ဗောဗ္ဗာသော-သုတ်တို့ ဖြစ်ပါသည်။

## ၄၆၂။ ကဝဂ္ဂဿ စဝဂ္ဂေါ

အဗ္ဘာသေ ဝတ္တမာနဿ ကဝဂ္ဂဿ စဝဂ္ဂေါ ဟောတိ။

စိကိစ္ဆတိ၊ ဇိဂုစ္ဆတိ၊ ဇိဃစ္ဆတိ၊ ဇိဂီသတိ၊ ဇင်္ဂမတိ၊ စင်္ကမတိ။

* အဗ္ဘာသဂတဿ၊အဗ္ဘာသ၌ဖြစ်သော။ကဝဂ္ဂဿ၊ကဝဂ်၏။စဝဂ္ဂေါ၊စဝဂ်ပြုသည်။ ဟောတိ၊ဖြစ်၏။ ။ * အဗ္ဘာသေ၊အဗ္ဘာသ၌၊ဝတ္တမာနဿ၊ဖြစ်သော၊ကဝဂ္ဂဿ၊ကဝဂ်၏။ စဝဂ္ဂေါ၊စဝဂ်ပြုသည်။ဟောတိ၊ဖြစ်၏။ ။ * စိကိစ္ဆတိ၊ ကုစားတတ်၏။ ဇိဂုစ္ဆတိ၊ ကဲ့ရဲ့ စက်ဆုပ်တတ်၏။ ဇိဃစ္ဆတိ၊ စားတတ်လို၏။ ဇိဂီသတိ၊ဆောင်တတ်လို၏။ဇင်္ဂမတိ၊ သွား တတ်၏။ စင်္ကမတိ၊ စင်္ကြံသွား၏။

➤ ကဝဂ္ဂဿ+စဝဂ္ဂေါ–ဟု ၂–ပုဒ်ရှိသော အာခေသေဝိဝိသုတ်

➤ ဤသုတ်၏ နိမိတ်ဖြစ်သင့်သော သုတ်များ ။ ။ ကွစာဒိဝဏ္ဏာနမေကေသံရာနံ ဒွေဘာဝေါ၊ ပုဗ္ဗောဗ္ဗာသော-သုတ်တို့ ဖြစ်ပါသည်။

မေး ။ ။ ဤသုတ်ဖြင့် မည်သည့် ကဝဂ်ဗျည်းကိုသာ စဝဂ်ပြုမည်နည်း။?

ဖြေ ။ ။ ပြယုဂ်ပြီးစေခြင်းအကျိုးငှာ သုတ်ကိုဆိုရသောကြောင့် ပြယုဂ်အားလျော်စွာ ကဝဂ်ဖြစ်သော က, ဂ, ဃဗျည်းတို့ကိုသာ စဝဂ်ဖြစ်သော စ, ဇ, ဈ ဗျည်းပြုရမည်

## ၄၆၃။ မာနကိတာနံ ဝတဝ္တံ ဝါ

မာနကိတ ဣစ္စေတေသံ ဓာတူနံ အဗ္ဘာသဂတာနံ ဝကာရတကာရတ္တံ ဟောတိ ဝါ ယထာသင်္ချံ။ ဝီမံသတိ၊ တိကိစ္ဆတိ။ ဝါတိ ကိမတ္ထံ? စိကိစ္ဆတိ။

* အဗ္ဘာသဂတာနံ၊အဗ္ဘာသ၌ဖြစ်ကုန်သော။မာနကိတာနံ၊မာနဓာတ်, ကိတဓာတ်တို့ ၏။ဝတတ္တံ၊ဝ၏အဖြစ် တ၏အဖြစ်သည်။ဝါ၊အချို့။ဟောတိ၊၏။ ။ * အဗ္ဘာသဂတာနံ၊ အဗ္ဘာသ၌ဖြစ်ကုန်သော။မာနကိတ ဣစ္စေတေသံ၊မာန, ကိတ-ဟူကုန်သော။ဓာတူနံ၊ ဓာတ်တို့၏။ယထာသင်္ချံ၊အစဉ်အတိုင်း။ဝကာရ တကာရတ္တံ၊ဝ-အက္ခရာ, တ-အက္ခရာ အဖြစ်သည်။ဝါ၊အချို့။ဟောတိ၊၏။ ။ * ဝီမံသတိ၊ စူးစမ်း၏။ တိကိစ္ဆတိ၊ ဆေးကု၏။ ဝါတိပဒံ၊ဝါ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ စိကိစ္ဆတိ၊ ဆေးကု၏။

➤ မာနကိတာနံ+ဝတတ္တံ+ဝါ–ဟု ၃–ပုဒ်ရှိသော အာခေသေဝိဝိသုတ်

➤ ဤသုတ်၏ နိမိတ်ဖြစ်သင့်သော သုတ်များ ။ ။ ကွစာဒိဝဏ္ဏာနမေကေသံရာနံ ဒွေဘာဝေါ၊ ပုဗ္ဗောဗ္ဗာသော-သုတ်တို့ ဖြစ်ပါသည်။

မေး ။ ။ မာနကိတာနံ-ဟု သာမညဆိုသောကြောင့် အဘယ်အက္ခရာတို့ကို ဝ-တ ပြုရ

http://www.dhammadownload.com



မည်နည်း။?

ဖြေ ။ ။ အဗ္ဘာသဂတာနံ-ဟု အထူးပြု၍ဆိုသောကြောင့် မာနစာတ်, ကိတစာတ်တို့တွင် ရှေ့ဖြစ်သော မ-အက္ခရာကို ဝပြု၊ က-အက္ခရာကို တ-ပြုရပါမည်။(နိဒ္ဒေသ)

➤ **ဒွေဘော်ဖြစ်သော မာ-အက္ခရာ ကိ-အက္ခရာတို့ကို မာနစာတ် ကိတစာတ်ဟု ခေါ်ဆိုရခြင်းအကြောင်း** ။ ။ အကြောင်းဖြစ်သော မာနစာတ်, ကိတစာတ်တို့၏ မာန, ကိတ-ဟူသောအမည်ကို အကျိုးဖြစ်သော ဒွေဘော်ပြုထားသော မာ-အက္ခရာ, ကိ-အက္ခရာပေါ်၌ တင်စား၍ ဆိုထားသောကြောင့်-- တည်း။

## ၄၆၄။ ဟဿ စော

အဗ္ဘာသေ ဝတ္တမာနဿ ဟကာရဿ စော ဟောတိ။

ဇဟာတိ၊ ဇုဟွတိ၊ ဇုဟောတိ၊ ဇဟာရ။

* အဗ္ဘာသဂတဿ၊အဗ္ဘာသ၌ဖြစ်သော။ဟဿ၊ဟ၏။စော၊စပြုသည်။ဟောတိ၊၏။

* အဗ္ဘာသေ၊အဗ္ဘာသ၌။ဝတ္တမာနဿ၊ဖြစ်သော။ဟကာရဿ၊ဟ-အက္ခရာ၏။စော၊စပြုသည်။ဟောတိ၊ဖြစ်၏။ ။ * ဇဟာတိ၊စွန့်၏။ ဇုဟွတိ၊ ဇုဟောတိ၊ ပူဇော်၏။ဇဟာရ၊ ဆောင်ပြီတဲ့။

### ➤ ဟဿ+စော-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **ဤသုတ်၏ နိမိတ်ဖြစ်သင့်သော သုတ်များ** ။ ။ ကွစာဒိဝဏ္ဏာနမေကဿရာနံ ဒွေဘာဝေါ၊ ပုဗ္ဗောဗ္ဘာသော-သုတ်တို့ ဖြစ်ပါသည်။

➤ **ဟ-ကို စပြုရမည့် စာတ်အမျိုးအစား** ။ ။ ဟာစာတ်, ဟုစာတ်, ဟရစာတ်တို့၏ ဒွေဘော်ပြုပြီးသော အဗ္ဘာသ၌ဖြစ်သော ဟ-အက္ခရာကို ဇပြုရမည်။ (ပုံစံ) ဇဟာတိ၊ ဇုဟွတိ၊ ဇဟာရ။

➤ **ဤသုတ်ဖြင့် အဗ္ဘာသ-ဟကို စပြုခြင်းသည် မြဲ/မမြဲ** ။ ။ အန္တဿိဝဏ္ဏာကာရော ဝါ-သုတ်၌ ဆိုလတ္တံ့သော ဝါ-သဒ္ဒါဖြင့် မာနကိတာနံ ဝတတ္တံ ဝါသုတ်၌ ဆိုအပ်ပြီးသော ဝါသဒ္ဒါကို ဟဿ စော-သုတ်သို့ လိုက်ခြင်းကို တားမြစ်ထားသောကြောင့် အဗ္ဘာသဟ-ကို စပြုခြင်းသည် မြဲပါသည်။ (ဝါ) နိစ္စဝိဓိဖြစ်သည်။

## ၄၆၅။ အန္တဿိဝဏ္ဏာကာရော ဝါ

အဗ္ဘာသဿ အန္တဿ ဣဝဏ္ဏော ဟောတိ အကာရော ဝါ။

ဇိဂုစ္ဆတိ၊ ပိဝါသတိ၊ ဝီမံသတိ၊ ဇိဃစ္ဆတိ၊ ဗဘူဝ၊ ဒဓာတိ။

ဝါတိ ကိမတ္ထံ? ဗုဘုက္ခတိ။

အဗ္ဘာသဂတဿ၊အဗ္ဘာသ၌ဖြစ်သော။အန္တဿ၊အဆုံးသရ၏။ဣဝဏ္ဏာကာရော၊ဣဝဏ်ပြု၊ အပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ * အဗ္ဘာသဿ၊အဗ္ဘာသ၏။အန္တဿ၊

http://www.dhammadownload.com



အစိတ်သရ၏။ ဣဝဏ္ဏော၊ ဣဝဏ်ပြုသည်ရှင်း။ အကာရော၊ အပြုသည်ရှင်း။ ဝါ၊ အချို့။ ယောတိ၊ ၏။ ။ ဇိဂ္ဃတိ၊ တွဲရဲ့စက်ဆုတ်၏။ ပိဝါသတိ၊ သောက်တတ်လို၏။ ဝီမံသတိ၊ စူးစမ်း၏။ ဇိဃစ္ဆတိ၊ စားတတ်လို၏။ ဗဘူဝ၊ ဖြစ်ပြီတဲ့။ ဒဓာတိ၊ ဆောင်၏။ ဝါတိပဝံ၊ ဝါ-ဟူသောပုဒ်သည်။ ကိမတ္ထံ၊ ဘာအကျိုးရှိသနည်း။ ဗုဘုက္ခတိ၊ စောင့်ရှောက်တတ်လို၏။

➢ အန္တဿ+ဣဝဏ္ဏောကာရော+ဝါ-ဟူ ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➢ အန္တဿ-အရ/ကာရီ-အရ ။ ။ ဇိဃစ္ဆတိ-၌ အသရ၊ ပိဝါသတိ, ဝီမံသတိ, ဒဓာတိ-တို့၌ အာသရ၊ ဇိဂုစ္ဆတိ-၌ ဥသရ၊ ဗဘူဝ-၌ ဦသရတို့ကို ယူရပါမည်။

➢ ကာရိယ-အရ ။ ။ ဣဝဏ်, အ-အက္ခရာတို့ ဖြစ်ပါသည်။

➢ နိမိတ်-အရ ။ ။ ခ, ဆ, သပစ္စည်းနှင့် ပရောက္ခာဝိဘတ်တို့ ဖြစ်ပါသည်။

➢ ဝဏ္ဏ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး ။ ။ ဣ-အက္ခရာနှင့် တာလုဋ္ဌာန် အဖြစ်ဖြင့် တူသော ဧ-အက္ခရာကို ယူရခြင်းအကျိုးရှိပါသည်။

➢ ကာရ-သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး ။ ။ အ-အက္ခရာနှင့် ကဏ္ဌဋ္ဌာန်အဖြစ်ဖြင့် တူသော အာ-အက္ခရာကို ယူရခြင်းအကျိုး ရှိပါသည်။

➢ ဝါသဒ္ဒါ၏အနက် ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ဖြစ်ပါသည်။

➢ ဝါ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်/ဝါ-သဒ္ဒါဖြင့် ပိုင်းခြားပုံ

ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ဇိဃစ္ဆတိ-၌ ဆပစ္စည်းကြောင့် အဗ္ဘာသ-၏ အစိတ် အ-ကို ဣပြု၊ ပိဝါသတိ-၌ သပစ္စည်းကြောင့် အဗ္ဘာသ၏ အစိတ်အာ-ကို ဣပြု၊ ဇိဂုစ္ဆတိ-၌ ဆပစ္စည်းကြောင့် အဗ္ဘာသ၏ အစိတ် ဥကို ဣပြု၊ ဝီမံသတိ-၌ သပစ္စည်းကြောင့် အဗ္ဘာသ၏ အဆုံးဖြစ်သော အာကို ဤပြု၊ ဗဘူဝ-၌ ပရောက္ခာဝိဘတ်ကြောင့် အဗ္ဘာသ၏ အစိတ်ဦကို အပြုရခြင်း နိစ္စဝိဓိ၊ စိကိစ္ဆတိ ဒဓာတိ ဒဒါတိ-တို့၌ အဗ္ဘာသ သရ၏ ဣဝဏ်အပြု, အ-အပြု မရှိခြင်း အသန္တဝိဓိကို ပြဆိုသည်။

➢ ဣ,အပြုအတွက် ဖြစ်ဆိုက်သော နိမိတ်နှင့် ကာရီ ။ ။ နိမိတ်ကား- ဆပစ္စည်း, သပစ္စည်း ဖြစ်ပါသည်။ ကာရီကား- အဗ္ဘာသ အမည်ရသော ဃသဓာတ်, ပါဓာတ်, ဂုပဓာတ်တို့၏ အစိတ် အ, အာ, ဥသရတို့ ဖြစ်ပါသည်။ ➢ ဤ,အပြုအတွက် ဖြစ်ဆိုက်သော နိမိတ်နှင့် ကာရီ ။ ။ နိမိတ်ကား-သပစ္စည်း ဖြစ်ပါသည်။ ကာရီကား- အဗ္ဘာသ အမည်ရသော မာနဓာတ်၏ အစိတ်အာသရ ဖြစ်ပါသည်။ ➢ အ,အပြုအတွက် ဖြစ်ဆိုက်သော နိမိတ်နှင့် ကာရီ ။ ။ နိမိတ်ကား-ပရောက္ခာဝိဘတ် ဖြစ်ပါသည်။ ကာရီကား- အဗ္ဘာသ အမည်ရသော ဘူဓာတ်၏ အစိတ်ဦသရ ဖြစ်ပါသည်။

➢ ဝါ-သဒ္ဒါကို ထပ်မံဆိုရကျိုး ။ ။ ဟဿ ဓေ-သုတ်၌ ဝါ-သဒ္ဒါကို နစ်စေခြင်း အကျိုးရှိပါသည်။ (ဝါ) မလိုက်စေခြင်း အကျိုးရှိပါသည်။ (နိဒ္ဒေသ)

http://www.dhammadownload.com



## ၄၆၆။ နိဂ္ဂဟိတခ္ခ

အတ္တာသသ အန္တေ နိဂ္ဂဟိတာဂမော ဟောတိ ဝါ။

စက်မတိ၊ စဠုလတိ၊ ဇင်မတိ။ ဝါတိ ကိမတ္ထံ? ပိဝါသတိ၊ ဒဒ္ဒလ္လတိ။

* အန္တေ၊အတ္တာသ၏ အဆုံး၌။နိဂ္ဂဟိတခ္ခ၊နိဂ္ဂဟိတ်လာသည်လည်း။ဝါ၊အချို့၊ဟောတိ၊ ဖြစ်၏။ ။ * အတ္တာသသ၊အတ္တာသ၏။အန္တေ၊အဆုံး၌။နိဂ္ဂဟိတာဂမော၊နိဂ္ဂဟိတ်လာ သည်။ဝါ၊အချို့၊ဟောတိ၊ဖြစ်၏။ ။ * စက်မတိ၊စကြီသွား၏။ စဠုလတိ၊တုန်လှုပ်၏။ ဇင်မတိ၊သွား၏။ ဝါတိပဒံ၊ဝါ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ပိဝါသတိ၊ သောက်တတ်လို၏။ ဒဒ္ဒလ္လတိ၊ထွန်းပ၏။

➤ နိဂ္ဂဟိတ်ထံ+စ-ဟု ၂-ပုဒ်ရှိသော အာဂမဝိဓိသုတ်

➤ ဤသုတ်သို့ လိုက်လာသော သဒ္ဒါ ။ ။ ဤသုတ်သို့ ပုဗ္ဗောတ္တာသော-သုတ်မှ အတ္တာသ-သဒ္ဒါ၊ အန္တသိဝဏ္ဏာကာရော ဝါ-သုတ်မှ အန္တ-သဒ္ဒါ ဝါ-သဒ္ဒါများလိုက်သည်။

➤ အန္တ-အရ ။ ။ စက်မတိ-ဝယ် အတ္တာသ အမည်ရသော က-အက္ခရာ၊ စဠုလတိ- ဝယ် စ-အက္ခရာ၊ ဇင်မတိ-ဝယ် ဂ-အက္ခရာတို့ကို ယူရပါမည်။

မေး ။ ။ ဤသုတ်ဖြင့် အမှတ်မရှိ ဓာတ်တိုင်းနောင် နိဂ္ဂဟိတ် လာနိုင်ခွင့် ရှိ/မရှိ ပုံစံ သာဓကပြလျက် စိစစ်ခဲ့ပါ။

ဖြေ ။ ။ အန္တသိဝဏ္ဏာကာရော ဝါ-သုတ်မှ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာ အနက်ရှိသောကြောင့် စက်မတိ၊ စဠုလတိ၊ ဇင်မတိ ပုံစံတို့ဝယ် ကမု၊ စလ၊ ဂမု အစရှိသောဓာတ်တို့၏ အတ္တာသအဆုံး၌သာလျှင် နိဂ္ဂဟိတ်လာနိုင်ခွင့် ရှိပါသည်။

➤ နိဂ္ဂဟိတ်လာရာဌာန ။ ။ အန္တသိဝဏ္ဏာကာရော ဝါ-သုတ်မှ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် ကမု၊ စလ၊ ဂမုဓာတ်တို့၏ အတ္တာသ၏ အဆုံး၌သာ နိဂ္ဂဟိတ်လာရပါမည်။

➤ စ-သဒ္ဒါ၏အနက် ။ ။ စ-သဒ္ဒါသည် အန္တသ-ကို ငင်သောကြောင့် အနုကဍ္ဎန အနက် ဖြစ်ပါသည်။ (နိဒ္ဒေသ)

➤ ဝါ-သဒ္ဒါဖြင့် ပိုင်းခြားပုံ ။ ။ စက်မတိ၊ စဠုလတိ၊ ဇင်မတိ ပုံစံတို့၌ အမြဲ နိဂ္ဂဟိတ် လာရခြင်း နိစ္စဝိဓိ၊ ပိဝါသတိ စသည်၌ နိဂ္ဂဟိတ် မလာရခြင်း အသန္တဝိဓိကို ပိုင်းခြား ပြပါသည်။

➤ အဓိကာရ ဝါ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။ ဝါ-သဒ္ဒါဖြင့် ကမု၊ စလ၊ ဂမုဓာတ်တို့၏ အတ္တာသ အဆုံး၌သာ နိဂ္ဂဟိတ်လာရမည်ဟူသော အဓိပ္ပါယ်ကိုပြသည်။

မေး ။ ။ အာချာတ်ကျမ်းလာ နိဂ္ဂဟိတ်လာရာဌာန နှစ်ခုကို သုတ်အထောက်ပြ ဖြေပါ

http://www.dhammadownload.com



➤ နိဂ္ဂဟိတ်လာရာဒွာန နှစ်ခု ॥ ॥ ရုဓာဒိတော နိဂ္ဂဟိတပုဗ္ဗဥ္စ-သုတ်ကိုထောက်၍ ဓာတ်၏အစသရနောင် နိဂ္ဂဟိတ်လာရမည်။ နိဂ္ဂဟိတဥ္စ-သုတ်ကိုထောက်၍ အဗ္ဘာသ၏ အဆုံးသရနောင် နိဂ္ဂဟိတ်လာရပါမည်။

## ၄၆၇။ တတော ပါမာနာနံ ဝါ မံ သေသု

တတော အဗ္ဘာသတော ပါ မာန ဣစ္စေတေသံ ဓာတူနံ ဝါ မံ ဣစ္စေတေ အာဒေသာ ဟောန္တိ ယထာသင်္ချံ သပစ္စယေ ပရေ။ ॥ ပိဝါသတိ၊ ဝီမံသတိ။

* သေသု၊သပစ္စည်းတို့ကြောင့်။တတော၊ထိုအဗ္ဘာသမှ။ပရေသံ၊နောက်၌ဖြစ်ကုန်သော။ပါ မာနာနံ၊ပါဓာတ်, မာနဓာတ်တို့၏။ဝါ မံ၊ဝါပြု, မံပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏

* ပရေနောက်ဖြစ်သော။သပစ္စယေ၊သပစ္စည်းကြောင့်။တတော အဗ္ဘာသတော၊ထိုအဗ္ဘာသမှ။ပရေသံ၊ကုန်သော။ပါ မာန ဣစ္စေတေသံ၊ပါ, မာန-ဟူကုန်သော။ဓာတူနံ၊ဓာတ်တို့၏။ယထာသင်္ချံ၊အစဉ်အတိုင်း။ဝါ မံ ဣစ္စေတေ အာဒေသာ၊ဝါပြု မံပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ပိဝါသတိ၊ သောက်တတ်လို၏။ ဝီမံသတိ၊ စူးစမ်း၏။

➤ တတော+ပါမာနာနံ+ဝါမံ+သေသု–ဟူ ၄–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ ဤသုတ်၏ နိမိတ်ဖြစ်သင့်သောသုတ်/သပစ္စယဝိဓိသုတ် ॥ ॥ တိဇဂုပကိတမာနေဟိ ခဆသာ ဝါ၊ ဘုဇဃသဟရ သုပါဟိ တုမိစ္ဆတ္ထေသု-သုတ်တို့ ဖြစ်ပါသည်။

➤ တတော–အရ ॥ ॥ အဗ္ဘာသ အမည်ရသော ပါ, မာ-သဒ္ဒါတို့ကို ယူရပါမည်။

➤ သေသု–ဟု ဗဟုဝုစ်ဖြင့် ဆိုရကျိုး ॥ ॥ သေသု-ဟု ဗဟုဝုစ်ဖြင့် ဆိုခြင်းသည် ပါဠိတော် ပြယုဂ်များ၌ [ဧကဝုစ်မှ ဗဟုဝုစ်၊ ဗဟုဝုစ်မှ ဧကဝုစ်ပြန်ခြင်းဟူသော] ဝစနဝိပလ္လာသ ရှိသေးသည်ဟု သိစေခြင်း အကျိုးရှိပါသည်။ (ရူပသိဒ္ဓိ)

(နိဒ္ဒေသအလို) တိဇဂုပ-သုတ် ဘုဇဃသ-သုတ်တို့ဖြင့် သက်သော သပစ္စည်းနှစ်လုံးကို သိမ်းယူခြင်းအကျိုးငှာ သေသု-ဟု ဗဟုဝုစ်ဖြင့် ဆိုပါသည်။ (တစ်နည်း) သုတ်ကို ပြေပြစ် ချောမောစေခြင်းအကျိုးငှာ သေသု-ဟု ဗဟုဝုစ်ဖြင့် ဆိုပါသည်။

➤ တတော–သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး ॥ ॥ အဗ္ဘာသ-သဒ္ဒါ၏ နောက်နောက်သုတ်များသို့ မလိုက်စေခြင်းအကျိုးငှာ "တတော"သဒ္ဒါကို ထည့်ဆိုရပါသည်။

➤ ပိပါသာ–၌ ဤသုတ်ဖြင့် ပါဓာတ်ကို ဝါ, မပြုနိုင်ခြင်းအကြောင်း ॥ ॥ အန္တသဝဏ္ဏာကာရော ဝါ-သုတ်မှ မဏ္ဍူကဂတိကနည်းဖြင့် လိုက်လာသော ဝါသဒ္ဒါက တားမြစ်သောကြောင့် ပိပါသာ-၌ ပါဓာတ်ကို ဝါ, မပြုရပါ။

➤ ပိဝါသတိ/ပိပါသတိ ရုပ် ၂–မျိုးရှိနိုင်ခြင်းအကြောင်း ॥ ॥ အန္တသဝဏ္ဏာကာရော ဝါ-သုတ်မှ ဝါ-သဒ္ဒါအစဉ်လိုက်လာသောကြောင့်၎င်း၊ တဒနုပရောဓေန-ဟု ပရိဘာသာ လာသောကြောင့်၎င်း ပါဓာတ်ကို ဝိကပ် ဝါပြု၍ ပြီးသောကြောင့် ပိဝါသတိ/

http://www.dhammadownload.com



ပိပါသတိ ရုပ် ၂-မျိုးရှိနိုင်ပါသည်။ (ရှုဒီ)

➤ **ဝါစာတ်, မာနစာတ်တို့ကို ဝါပြု, မပြုခြင်းသည် မြဲ/မမြဲ** ။ ။ အန္တသိဝဏ္ဏာကာရော ဝါ-သုတ်မှ ဝါ-သဒ္ဒါအစဉ်လိုက်လာသောကြောင့်ရင်း၊ တဒနုပရောဇေန-ဟု ပရိဘာသာ လာသောကြောင့်ရင်း ပါစာတ်ကို ဝါပြုခြင်းသည် မမြဲပါ။ (ပုံစံ) ပိဝါသတိ၊ ပိပါသတိ။ * မာနစာတ်ကို မပြုခြင်းသည်ကား မြဲပါသည်။ (ပုံစံ) ဝီမံသတိ။

➤ **ဓုတ္တိ-၌ ပါမာနာနံ ဓာတူနံ-ဟု ဆိုရခြင်းအကြောင်း** ။ ။ မပြုသောအခါ မာနစာတ် တစ်ခုလုံးကို ပြုရမည်ဟု သိစေလိုသောကြောင့် (ဝါ) မာနစာတ်၏ အစိတ်ဖြစ်၍ ဓာတ်ဟူသော ဝေါဟာရဖြင့် "ပါမာနာနံ ဓာတူနံ" ဟု ဆိုပါသည်။

## ၄၆၈။ ဌာ တိဋ္ဌော

ဌာ ဣစ္စေတဿ ဓာတုဿ တိဋ္ဌာဒေသော ဟောတိ ဝါ။
တိဋ္ဌတိ၊ တိဋ္ဌတု၊ တိဋ္ဌေယျ၊ တိဋ္ဌေယျုံ။ ဝါတိ ကိမတ္ထံ? ဌာတိ။

* ဌာ၊ဌာဓာတ်၏၊တိဋ္ဌော၊တိဋ္ဌပြုသည်၊ဝါ၊အချို့၊ဟောတိ၊ဖြစ်၏။ * ဌာ ဣစ္စေတဿ ဓာတုဿ၊ဌာဓာတ်၏၊တိဋ္ဌာဒေသော၊တိဋ္ဌပြုသည်၊ဝါ၊အချို့၊ဟောတိ၊ဖြစ်၏။

တိဋ္ဌတိ၊ရပ်တည်၏၊တိဋ္ဌတု၊ရပ်တည်လော၊တိဋ္ဌေယျ၊တည်ရာ၏၊တိဋ္ဌေယျုံ၊တည်ကုန်ရာ၏၊ဝါတိပဒံ၊ဝါ-ဟူသောပုဒ်သည်၊ကိမတ္ထံ၊အဘယ်အကျိုးရှိသနည်း၊ဌာတိ၊ရပ်တည်၏

### ➤ ဌာ+တိဋ္ဌော-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **တိဋ္ဌ-အပြု၏ နိမိတ်တား** ။ ။ ဝတ္တမာန်, ပဉ္စမီ, သတ္တမီ, ဘဝိဿန္တိ, ကာလာတိပတ္တိဝိဘတ်နှင့် မာန, အန္တ,စသော ပစ္စည်းတို့ ဖြစ်ပါသည်။ (ပုံစံ) တိဋ္ဌတိ၊ တိဋ္ဌတု၊ တိဋ္ဌေယျ၊ ပတိဋ္ဌိဿတိ၊ ပတိဋ္ဌိဿ၊ တိဋ္ဌမာနော၊ တိဋ္ဌန္တော။

➤ **ဝါ-သဒ္ဒါ၏အနက်** ။ ။ လိုက်လာသော ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။

➤ **အဝိကာရ ဝါ-သဒ္ဒါဖြင့် ပိုင်းခြားပုံ** ။ ။ လိုက်လာသော ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် တိဋ္ဌတိ-၌ ဌာဓာတ်ကို တိဋ္ဌပြု၍ ဌာတိ-၌ ဌာဓာတ်ကို တိဋ္ဌ မပြုရခြင်း အနိစ္စဝိဓိ၊ သဏ္ဌာဟတိ, အဓိဋ္ဌေတိ-တို့၌ တိဋ္ဌ မပြုရခြင်း အသန္တဝိဓိကို ပိုင်းခြားပြပါသည်။

➤ **အဝိကာရဝါ-သဒ္ဒါဖြင့် ပြဆိုအပ်သော အစီမွါယ်** ။ ။ ဝါ-သဒ္ဒါဖြင့် သဏ္ဌာတိ, အဓိဋ္ဌာတိ,စသော ပြယုဂ်တို့၌ရင်း၊ ဌာဓာတ်၏ အာကို ဧပြုထားသော အဓိဋ္ဌေတိ,စသော ပြယုဂ်တို့၌ရင်း၊ ဌာဓာတ်၏ အာကို အ-ပြု၍ ဟ-လာထားသော သဏ္ဌဟတိ,စသော ပြယုဂ်တို့၌ရင်း၊ တပစ္စည်းသက်၍ ဌာဓာတ်၏ အာကို ဣပြုထားသော ဋ္ဌိတော, သဏ္ဌိတော,စသော ပြယုဂ်တို့၌ရင်း ဌာဓာတ်ကို တိဋ္ဌ မပြုရဟု သိစေပါသည်။

http://www.dhammadownload.com



၄၆၉။ ဗါ ဝိဓေါ

ပါ ဣက္ခေဝုတဿ ဓာတုဿ ဝိဝါဒေသော ဟောတိ ဝါ။

ပိဝတိ၊ ပိဝတု၊ ပိဝေယျ၊ ပိဝေယျုံ။ ဝါတိ ကိမတ္ထံ? ပါတိ။

* ပါ၊ပါဓာတ်၏၊ပိဝေါ၊ပိဝပြုသည်၊ဝါ၊အချို့၊ဟောတိ၊ဖြစ်၏။ * ပါ ဣက္ခေဝုတဿ ဓာတုဿ၊ပါဓာတ်၏၊ပိဝါဒေသော၊ပိဝပြုသည်၊ဝါ၊အချို့၊ဟောတိ၊ဖြစ်၏။

ပိဝတိ၊သောက်၏၊ပိဝတု၊သောက်လော၊ပိဝေယျ၊သောက်ရာ၏၊ပိဝေယျုံ၊သောက်ကုန်ရာ၏။ ဝါတိပဒံ၊ဝါ-ဟူသောပုဒ်သည်၊ကိမတ္ထံ၊အဘယ်အကျိုးရှိသနည်း၊ပါတိ၊သောက်၏

➤ ဝါ+ပိဝေါ-တု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ ပါဓာတ်ကို ပိဝပြုရာ၌ ဖြစ်ခွင့်သော နိမိတ် ။ ။ ပရောက္ခာ, ဟိယျတ္တနီကြဉ် အာချာတ်ဝိဘတ် ၆-မျိုးနှင့် မာန, အန္တ-စသော ပစ္စည်းတို့ဖြစ်ပါသည်။ (ပုံစံ) ပိဝတိ၊ ပိဝတု၊ ပိဝေယျ၊ ပိဝိ၊ ပိဝိဿတိ၊ အပိဝိဿ၊ ပိဝမာနော၊ ပိဝန္တော။

➤ ပါဓာတ်၏ အာရီယများ ။ ။ ပိဝပြု, ပိဗပြု, ပိပ အပြုတို့ ဖြစ်ပါသည်။

➤ ဝါ-သဒ္ဒါ၏အနက် ။ ။ လိုက်လာသော ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။

➤ ဝါ-သဒ္ဒါဖြင့် ပိုင်းခြားပုံ ။ ။ ဝါ-သဒ္ဒါဖြင့် ပိဝတိ-၌ ပါဓာတ်ကို ပိဝပြု၍ ပါတိ ၌ ပါဓာတ်ကို ပိဝ မပြုရခြင်း အနိစ္စဝိဓိ၊ ပါနီယ, ပါတဗ္ဗ စသည်၌ ပိဝ မပြုရခြင်း အသန္တဝိဓိကို ပိုင်းခြားပြပါသည်။

➤ အဓိကာရ ဝါ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။ အဓိကာရ ဝါ-သဒ္ဒါဖြင့် ပါဓာတ်ကို ပိဝပြုခြင်း၌ အနိစ္စဝိဓိကို ပြသောကြောင့် ပိဝတိ ပါတိ,စသော ဒွိရုပ်ကို ဖြစ်စေခြင်းအကျိုးရှိပါသည်။

➤ ပိဝတိ/ပိဗတိ အဆုံးအဖြတ် ။ ။ ပိဗတိ-ကား ပါဓာတ် အပစ္စည်း တိဝိဘတ်၊ ပါဝိဓော-သုတ်ဖြင့် ပါဓာတ်ကို ပိဗပြု၊ ဗ-အသို့ကပ်၍ ပိပတိ-ဟု ရုပ်ပြီးသောကြောင့်ရင်း။ ကွစိဓာတု သုတ်ကြီးဖြင့် ဗ-ကို ဝပြုလျှင် ပိဝတိ-ဟု ရုပ်ပြီးသောကြောင့်ရင်း ပိဝတိ/ပိဗတိ နှစ်မျိုးလုံး သင့်ပါသည်။

➤ ယောဂဝိဘာဂ/ဝါ-ဟု သုတ်ခွဲ၍ တည်ရခြင်း ။ ။ ပါ-ဟူသော ဒွိဓာကရဏာ ယောဂဝိဘာဂဖြင့် ပိဗတိ ပိပတိ ဖြယုက်တို့၌ ပါဓာတ်ကို ပိဗပြု, ပိပပြုရခြင်း အကျိုးရှိပါသည်။ — — — — — — — — — — — — — — — —

၄၇၀။ ဉာဿ ဇာနံနာ

ဉာ ဣက္ခေဝုတဿ ဓာတုဿ ဇာ ဇံ နာ အာဒေသာ ဟောန္တိ ဝါ။

ဇာနာတိ၊ ဇာနေယျ၊ ဇာနိယာ၊ ဇညာ၊ နာယတိ။

http://www.dhammadownload.com



* ဉာသ။ဉာဓာတ်၏။ဇာဇံနာ။ဇာပြု, ဇံပြု, နာပြုတို့သည်။ဝါ။အချို့။ဟောန္တိ။ဖြစ်ကုန်၏။ * ဉာ ဣစ္စေတဿ ဓာတုဿ။ဉာဓာတ်၏။ဇာဇံနာ အာဒေသာ။ဇာပြု, ဇံပြု, နာပြု တို့သည်။ဝါ။အချို့။ဟောန္တိ။ဖြစ်ကုန်၏။ ။ * ဇာနာတိ၊သိ၏။ဇာနေယျ။ဇာနိယာ။ဇညာ၊သိရာ၏။နာယတိ၊သိ၏။

**➢ ဉာဿ+ဇာဇံနာ–ဟူ ၂–ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

**➢ ဇံမိကာရ ဝါ–သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်/ဉာဓာတ်ကို ဇာ, ဇံ, နာ ပြုရာ၌ သတ်မှတ်ချက်** ။ ။ အန္တဿိဝဏ္ဏာကာရော ဝါ-သုတ်မှ ဝဝတ္ထိတဝိဘာသာ အနက်ရှိသော ဝါသဒ္ဒါအစဉ်လိုက်လာသောကြောင့်ရင်း၊ တဒနုပရောဓေန-ဟူ ပရိဘာသာ လာသောကြောင့်ရင်း၊ ဇာနာတိ-ဝယ် နာပစ္စည်းနောင်းရာ၌သာ ဉာဓာတ်ကို ဇာပြုရပါမည်၊ ဇညာ-ဝယ် ယေျဿ ဉာတော ဣယာ ဉာ-သုတ်ဖြင့် ယေျ-ကို ဉာပြု၍ ထို ဉာ အပြုနောင်းရာ၌သာ ဉာဓာတ်ကို ဇံပြုရပါမည်။ နာယတိ-ဝယ် တိဝိဘတ်နောင်းရာ၌ သာ ဉာဓာတ်ကို နာပြုရပါမည်။

**➢ ဇာ–အပြု၏ နိမိတ်ကား** • နာပစ္စည်း၊ (ကိယာဒိတော နာ)

**➢ ဇံ–အပြု၏ နိမိတ်ကား** • ဉာ-အပြု၊ (ယေျဿ ဉာတော ဣယာ ဉာ)

**➢ နာ–အပြု၏ နိမိတ်ကား** • တိဝိဘတ်၊ (ဝတ္တမာနာ ပစ္စုပ္ပန္နေ) [တစ်နည်း] ယ အပြု ဖြစ်ပါသည်။(နာဿ လောပေါ ယကာရတ္တံ)

## ၄၇၁။ ဒိသဿ ပဿ ဒိဿ ဒက္ခာ ဝါ

ဒိသ ဣစ္စေတဿ ဓာတုဿ ပဿ ဒိဿ ဒက္ခ ဣစ္စေတေ အာဒေသာ ဟောန္တိ ဝါ။ ။ ပဿတိ၊ ဒိဿတိ၊ ဒက္ခတိ၊ အဒက္ခ၊ ဝါတိ ကိမတ္ထံ? အဒ္ဒသ။

* ဒိသဿ၊ဒိသဓာတ်၏။ပဿ ဒိဿ ဒက္ခာ၊ပဿပြု, ဒိဿပြု, ဒက္ခပြုတို့သည်။ဝါ။အချို့။ဟောန္တိ။ဖြစ်ကုန်၏။ * ဒိသ ဣစ္စေတဿ ဓာတုဿ၊ဒိသဓာတ်၏။ပဿ ဒိဿ ဒက္ခ ဣစ္စေတေ အာဒေသာ၊ပဿပြု, ဒိဿပြု, ဒက္ခပြုတို့သည်။ဝါ။အချို့။ဟောန္တိ။ဖြစ် ကုန်၏။ ။ * ပဿတိ၊ ဒိဿတိ၊ ဒက္ခတိ၊မြင်၏။အဒက္ခ၊မြင်ပြီ။ ဝါတိပဒံ၊ဝါ-ဟူသော ပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။အဒ္ဒသ၊မြင်ပြီ။

**➢ ဒိသဿ+ပဿ ဒိဿ ဒက္ခာ+ဝါ–ဟူ ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

မေး ။ ။ ဒိသဓာတ်ကို ဒိဿ-ပြောင်းလဲရာဝယ် သိသင့်သော သဒ္ဒါစည်းမျဉ်းကို ရှုပသိဒ္ဓိ အဆိုအမိန့်အရ သတ်မှတ်ပြပါ။(၁၃၄၈-ခု ကြီး)

ဖြေ ။ ။ ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ကံအနက်၌ ဟိယျတ္တနီ စသော သဗ္ဗဓာတ်ဝိဘတ်နောင်းရာ၌သာ ဒိသဓာတ်ကို ဒိဿ ပြောင်းလဲရမည်။

**➢ ဒိဿ–သဒ္ဒါ ထည့်ဆိုရကျိုး** ။ ။ [ဒိသ-တည်၊ဓာတွန်ချေတေသက်၊ယသက်၊

http://www.dhammadownload.com



ပုဗ္ဗရုပ်ပြုလျှင် ဒိသတိ-ဟု ပြီးပါလျက်] ဒိသသ ပသ ဒက္ခာဝါ-ဟုသာ မဆိုဘဲ "ဒိသ"သဒ္ဒါ ထည့်၍ဆိုခြင်းသည် ပသ-အပြု မဖြစ်ခြင်း၏ လျှင်းပါးခြင်းကို နစ်စေခြင်းအကျိုး ရှိပါသည်။ (ဝါ) ကံအနက်၌ ပသ-ဖြစ်၏ဟု သိစေခြင်းအကျိုးရှိပါသည်။

➤ ဝါ-သဒ္ဒါ၏အနက် ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။

➤ ဝါ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။ ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် ကံအနက်၌ ဟိယျတ္တနီ,စသော သဗ္ဗဓာတ်ဝိဘတ်နောင်းရာ၌သာ ဒိသဓာတ်ကို ဒိသပြုရမည်ဟု သိစေပါသည်။ ➤ ဝါ-သဒ္ဒါ တစ်ဖန်ဆိုရကျိုး ဝိကပ်အနက်ရှိသော ဝါသဒ္ဒါကို နစ်စေခြင်း အကျိုးရှိပါသည်။

➤ ဒိသပြုရာ၌ ဖြစ်သင့်သော နိမိတ် ။ ။ ဟိယျတ္တနီ,စသော သဗ္ဗဓာတ်ဝိဘတ် ဖြစ်ပါသည်။ (ပုံစံ) ဒိသတိ၊ ဒိသတု၊ ဒိသေယျ၊ အဒိသ။

➤ ပသ-ပြုရာ၌ ဖြစ်သင့်သော နိမိတ် ။ ။ ပရောက္ခာ, ဟိယျတ္တနီကြဉ် အာချာတ်ဝိဘတ် ၆-မျိုးနှင့် မာန, အန္တ,စသော ပစ္စည်းတို့ဖြစ်ပါသည်။ (ပုံစံ) ပသတိ၊ ပသတု၊ ပသေယျ၊ အပသိ၊ ပသိဿတိ၊ အပသိဿ၊ ပသမာနော၊ ပသန္တော။

➤ ဒက္ခ-ပြုရာ၌ ဖြစ်သင့်သော နိမိတ် ။ ။ ပရောက္ခာကြဉ် အာချာတ်ဝိဘတ် ၇-မျိုးနှင့် မာန, အန္တ,စသော ပစ္စည်းတို့ဖြစ်ပါသည်။ (ပုံစံ) ဒက္ခတိ၊ ဒက္ခတု၊ ဒက္ခေယျ၊ အဒက္ခ၊ အဒက္ခိ၊ ဒက္ခိဿတိ၊ အဒက္ခိဿ၊ ဒက္ခမာနော၊ ဒက္ခန္တော။

မေး ။ ။ ဒိသတိ-သည် ကတ္တား/ကံ နှစ်မျိုးတို့တွင် မည်သည့်အမျိုးအစား ဖြစ်သနည်း

ဖြေ ။ ။ ဤသုတ်၌ ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် သဗ္ဗဓာတ်ဝိဘတ်နောင်းရာ၌ ကံပုဒ်မျိုးဖြစ်၍ အသဗ္ဗဓာတ်ဝိဘတ်နောင်းရာ၌ ကတ္တားပုဒ်မျိုး ဖြစ်ပါသည်။

---

## ၄၇၂။ ဗျဥ္ဇနန္တဿ စော ဆပစ္စယေသု စ

ဗျဥ္ဇနန္တဿ ဓာတုဿ စော ဟောတိ ဆပစ္စယေသု ပရေသု။

ဇိဃစ္ဆတိ၊ တိကိစ္ဆတိ၊ ဇိဃစ္ဆတိ။

* ဆပစ္စယေသု၊ဆပစ္စည်းတို့ကြောင့်။ဗျဥ္ဇနန္တဿ၊ဓာတ်၏အစိတ်ဗျည်း၏။စော၊စ ပြုသည်။ဟောတိ၊ဖြစ်သည်သာလျှင်တည်း။ ။* ပရေသု၊နောင်းကုန်သော။ဆပစ္စယေသု၊ တို့ကြောင့်။ဓာတုဿ၊ဓာတ်၏။ဗျဥ္ဇနန္တဿ၊အစိတ်ဗျည်း၏။စော၊စပြုသည်။ဟောတိ၊၏။

ဇိဂုစ္ဆတိ၊ ကဲ့ရဲ့စက်ဆုတ်၏။တိကိစ္ဆတိ၊ ဆေးကု၏။ဇိဃစ္ဆတိ၊ စားတတ်လို၏။

➤ ဗျဥ္ဇနန္တဿ+စော+ဆပစ္စယေသု+စ-တူ ၄-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ ဤသုတ်၏ နိမိတ်ဖြစ်သင့်သောသုတ်/ဆပစ္စယဝိဓိသုတ် ။ ။ တိဇ ဂုပ ကိတ မာနေဟိ ခဆသာ ဝါ၊ ဘုဇ ဃသ ဟရ သုပါဒီဟိ တုမိစ္ဆတ္ထေသု-သုတ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ဗျဉ္ဇနန္တသာ–အရ/စပြုရမည့် ကာရိ–အက္ခရာများ ။ ။** ဝိဂ္ဂဏှတိ-ဝယ် ဂုပဓာတ်၊ တိကိစ္ဆတိ-ဝယ် ကိတဓာတ်၊ ဇိဃစ္ဆတိ-ဝယ် ဃသဓာတ်တို့၏အဆုံးဖြစ်သော ပဗျည်း, တဗျည်း, သဗျည်း, စသည်တို့ကို ယူရပါမည်။

➤ **ဆပစ္စယေသုစ–ဟု ဗဟုဝုစ်ဖြင့် ဆိုရခြင်းအကြောင်း ။ ။** ဝစ္ဆတိ ဆေစ္ဆတိ လစ္ဆတိ, စသော ပြယုဂ်တို့၌ ကရဿ သပ္ပစ္စယဿ ကာဟော-သုတ်ဝယ် သပ္ပစ္စယ-သဒ္ဒါပိုဖြင့် ဝသ, ဆိဒ, လဘ,စသော ဓာတ်တို့နောင် ဝိဘတ်၏ အစိတ်သ-ကို ပြုထားသော ဆ-ကိုလည်း ယူစေလိုသောကြောင့် ဆပစ္စယေသုစ-ဟု ဗဟုဝုစ်ဖြင့် ဆိုရပါသည်။ (ရှင်မို)

(တစ်နည်း) တိဇ ဂုပ-သုတ်ဖြင့် သက်သော အတုမိစ္ဆတ္ထ ဆပစ္စည်း၊ ဘုဇ ဃသ-သုတ်ဖြင့်သက်သော တုမိစ္ဆတ္ထ ဆပစ္စည်း နှစ်မျိုးလုံးကို ယူစေလိုသောကြောင့် ဆပစ္စယေသုစ-ဟု ဗဟုဝုစ်ဖြင့် ဆိုရပါသည်။ (နိဒ္ဒေသ)

➤ **ဆေသု–ဟု မဆိုဘဲ ဆပစ္စယေသု–ဟု ပစ္စယ–သဒ္ဒါနှင့်တကွ ဆိုရကျိုး**

ပစ္စယ-သဒ္ဒါဖြင့် အပြုဖြစ်သော ဆ-အက္ခရာကို နစ်စေခြင်းအကျိုးရှိပါသည်။

➤ **စ–သဒ္ဒါ၏အနက် ။ ။** စ-သဒ္ဒါသည် ဝါ-သဒ္ဒါကို နစ်စေသောကြောင့် နိဝတ္တာပနာဝဓာရဏအနက် ရှိပါသည်။

➤ **စ–သဒ္ဒါဆိုရကျိုး ။ ။** စ-သဒ္ဒါဖြင့် ဒိသဿ ဝဿ ဒိဿ ဒက္ခာဝါ-သုတ်မှ ဝါ-သဒ္ဒါလိုက်ခြင်းကို နစ်စေခြင်းအကျိုးရှိပါသည်။

---

၄၇၃။ **ကော ခေ စ**

ဗျဉ္ဇနန္တဿ ဓာတုဿ ကော ဟောတိ ခပစ္စယေ ပရေ။

တိတိက္ခတိ၊ ဗုဘုက္ခတိ။

* ခေ၊ခပစ္စည်းကြောင့်လည်း။ဗျဉ္ဇနန္တဿ၊ဓာတ်၏အစိတ်ဗျည်း၏။ကော၊ကပြုသည်။ဟောတိ၊ဖြစ်၏။ ။ ပရေနောက်ဖြစ်သော။ခပစ္စယေ၊ခပစ္စည်းကြောင့်။ဓာတုဿ၊ဓာတ်၏။ဗျဉ္ဇနန္တဿ၊အစိတ်ဗျည်း၏။ကော၊ကပြုသည်။ဟောတိ၊ဖြစ်၏။

တိတိက္ခတိ၊ သည်းခံ၏။ ဗုဘုက္ခတိ၊ စောင့်ရှောက်(စားတတ်) လို၏။

➤ **ကော+ခေ+စ–ဟု ၃–ပုဒ်ရှိသော အာခေသဝိဓိသုတ်**

➤ **ဗျဉ္ဇနန္တသာ–အရ/ကာရိ–အရ/ကပြုရမည့်ဗျည်း ။ ။** တိတိက္ခတိ, ဗုဘုက္ခတိ ပုံစံတို့၌ တိဇ, ဘုဇဓာတ်တို့၏ အစိတ်ဖြစ်သော ဇ-ဗျည်းဖြစ်ပါသည်။

➤ **နိမိတ်ဖြစ်သင့်သော သုတ်များ/ ခ–ပစ္စယဝိဓိသုတ် ။ ။** တိဇ ဂုပ ကိတ မာနေဟိ ခဆသာ ဝါ၊ ဘုဇ ဃသ ဟရ သုပါဒီဟိ တုမိစ္ဆတ္ထေသု-သုတ်တို့ ဖြစ်ပါသည်။

➤ **စ–သဒ္ဒါ၏အနက် ။ ။** စ-သဒ္ဒါသည် ဗျဉ္ဇနန္တဿ-ကို ငင်သောကြောင့် အနုကဍ္ဎနအနက် ရှိပါသည်။

http://www.dhammadownload.com



## ၄၇၄။ ဟာရဿ ဓိ ဓေ

ဟာရ ဣစ္စေတဿ ဓာတုဿ သဗ္ဗဿေဝ ဂီအာဒေသော ဟောတိ သပစ္စယေ ပရေ။ ။ ဇိဂီသတိ။

* သေ၊ပစ္စည်းကြောင့်။ဟာရဿ၊အလုံးစုံသော ဟာရဓာတ်၏။ဂီ၊ဂီပြုသည်။ဟောတိ၊ ဖြစ်၏။ ။ ပရေ၊နောက်ဖြစ်သော။သပစ္စယေ၊သပစ္စည်းကြောင့်။သဗ္ဗဿေဝ၊အလုံးစုံသာ လျှင်ဖြစ်သော။ဟာရ ဣစ္စေတဿ ဓာတုဿ၊ဟာရဓာတ်၏။ဂီအာဒေသော၊ဂီပြုသည်။ ဟောတိ၊ဖြစ်၏။ ။ဇိဂီသတိ၊ ဆောင်တတ်လို၏။

➤ ဟရဿ+ဓိ+ဓေ–ဟူ ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ နိမိတ်ဖြစ်သင့်သောသုတ်/ဤသုတ်၏ သပစ္စယဝိဓိသုတ် ။ ။ ဘုဇ ယသ ဟရ သုပါဒီဟိ တုမိစ္ဆတ္ထေသု-သုတ် ဖြစ်ပါသည်။

➤ ဓိဓာတ်သည် ဓာတ်ဖော်ပါဘဲလျက် ဂီ–ကိုသာ ဓွေဘော်ပြုရခြင်းအကြောင်း

➤ ဇိဂီသတိ–၌ ဂီ–အပြုကို ဓွေဘော်ပြုနိုင်ခြင်းအကြောင်း ။ ။ ဟရ-၏ ဓာတ်ဟူ သော အမည်ကို ဂီအာဒေသ အပေါ်၌ တင်စား၍ ဌာနူပစာရအားဖြင့် ဂီကိုလည်း ဓာတ်ဟုပင် ခေါ်နိုင်သောကြောင့် ဂီ-ကိုသာ ဒွေဘော်ပြုရပါသည်။

➤ ယောဂဝိဘာဂ/ဓိသေ–ဟူ သုတ်ခွဲ၍ တည်ရကျိုး ။ ။ ဂိသေ ဝိဓာကရဏ ယောဂဝိဘာဂဖြင့် ဝိဇိဂီသတိ-ဝယ် ဇိဓာတ်ကိုလည်း ဂိပြုရခြင်းအကျိုး ရှိပါသည်။

➤ ဂိပြုရာ၌ ကာရီဖြစ်သင့်သော ဓာတ် ။ ။ ဇိဂီသတိ-၌ ဟာရဓာတ်, ဝိဇိဂီသတိ- ၌ ဇိဓာတ်တို့ ဖြစ်ပါသည်။ ➤ ဥပစာရဏ္ဍ ဓွေဓော် ပုံစံ ▪ ဇိဂီသတိ ဖြစ်ပါသည်။

---

## ၄၇၅။ ဗြူဘူနမာဟဘူဝါ ပရောက္ခာယံ

ဗြူ ဘူ ဣစ္စေတေသံ ဓာတူနံ အာဟ ဘူဝ ဣစ္စေတေ အာဒေသာ ဟောန္တိ ယထာသင်္ချံ ပရောက္ခာယံ ဝိဘတ္တိယံ။

အာဟ၊ အာဟု၊ ဗဘူဝ၊ ဗဘူဝု။ ပရောက္ခာယမိတိ ကိမတ္ထံ? အဗြဝုံ။

* ပရောက္ခာယံ၊ပရောက္ခာဝိဘတ်ကြောင့်၊ဗြူဘူနံ၊ဗြူဓာတ်, ဘူဓာတ်တို့၏။အာဟ ဘူဝါ၊အာဟပြု, ဘူဝပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ * ပရောက္ခာယံ ဝိဘတ္တိယံ၊ ပရောက္ခာ ဝိဘတ်ကြောင့်၊ဗြူဘူ ဣစ္စေတေသံ ဓာတူနံ၊ဗြူဓာတ်, ဘူဓာတ်တို့၏။ယထာ သင်္ချံ၊အစဉ်အတိုင်း၊အာဟ ဘူဝ ဣစ္စေတေ အာဒေသာ၊အာဟပြု, ဘူဝပြုတို့သည်။ ဟောန္တိ၊ကုန်၏။ ။ အာဟ၊ဆိုပြီ။အာဟု၊ ဆိုကုန်ပြီ။ဗဘူဝ၊ဖြစ်ပြီတဲ့။ဗဘူဝု၊ဖြစ်ကုန်ပြီတဲ့။ ပရောက္ခာယမိတိ ပဒံ၊ပရောက္ခာ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။အဗြဝုံ၊ ဆိုကုန်ပြီ။

http://www.dhammadownload.com



➤ ဗြူဘူနံ+အာဟဘူဝါ+ပရောက္ခာယံ-ဟူ ၃-ပုဒ်ရှိသော အာခေ်သေဝိစိသုတ်

➤ ဗြူဓာတ်ကို အာဟပြုရာ၌ ဖြစ်သင့်သော နိမိတ် ॥ ॥ ပရောက္ခာဝိဘတ်၊ တိ, အန္တိ-ဟူသော ဝတ္တမာနိဝိဘတ်၊ အဇ္ဇတနီဝိဘတ်တို့ ဖြစ်ပါသည်။

➤ ယထာသစ်-အရ ကာရီ/ကာရိယ စဉ်ပုံ ॥ ॥ ဗြူဓာတ်ကို အာဟပြု, ဘူဓာတ်ကို ဘူဝပြုပါသည်။

မေး ॥ ॥ အဘယ်ဝိဘတ် နှောင်းသောကြောင့် အဘယ်သုတ်ဖြင့် ဗြူဓာတ်ကို အာဟပြုပါသနည်း။

ဖြေ ॥ ॥ ၁။ ပရောက္ခာဝိဘတ်နှောင်းသောကြောင့် ဗြူဘူနမာဟဘူဝါ ပရောက္ခာယံ-သုတ်ဖြင့် ဗြူဓာတ်ကို အာဟပြုပါသည်။ (ပုံစံ) ပုဗ္ဗေါ် တေ ဝစနံ အာဟ၊ (၂) တိ အန္တိ-ဟူသော ဝတ္တမာနိဝိဘတ်နှောင်းသောကြောင့် ကွစိဓာတု-သုတ်ကြီးဖြင့် ဗြူဓာတ်ကို အာဟပြုပါသည်။ (ပုံစံ) ဣဒါနိ အာဟ။ (၃) အဇ္ဇတနီဝိဘတ်နှောင်းသောကြောင့် ဗြူဘူနမာဟဘူဝါ ပရောက္ခာယံ-၌ အာဟ-ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ဗြူဓာတ် အာဟပြုပါသည်။(ပုံစံ) ဗျာဟာသိ-အထူးထူး ဆိုပြီ။

---

## ၄၇၆။ ဂမိဿန္တော စ္ဆော ဝါ သဗ္ဗာသု

ဂမု ဣစ္စေတဿ ဓာတုဿ အန္တော မကာရော စ္ဆော ဟောတိ ဝါ သဗ္ဗာသု ပစ္စယဝိဘတ္တီသု။ ॥ ဂစ္ဆမာနော၊ ဂစ္ဆန္တော၊ ဂစ္ဆတိ၊ ဂမေတိ၊ ဂစ္ဆတု၊ ဂမေတု၊ ဂစ္ဆေယျ၊ ဂမေယျ၊ အဂစ္ဆာ၊ အဂမာ၊ အဂစ္ဆိ၊ အဂမိ၊ ဂစ္ဆိဿတိ၊ ဂမိဿတိ၊ အဂစ္ဆိဿာ၊ အဂမိဿာ။ ဂမိဿေတိ ကိမတ္ထံ? ဣစ္ဆတိ။

* သဗ္ဗာသု၊ခပ်သိမ်းကုန်သော ပစ္စည်း,ဝိဘတ်တို့ကြောင့်။ဂမိဿ၊ဂမုဓာတ်၏။ အန္တော၊အစိတ်မ-သည်။စ္ဆော၊စ္ဆပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ॥ * သဗ္ဗာသု၊ခပ်သိမ်းကုန်သော။ပစ္စယဝိဘတ္တီသု၊ပစ္စည်း ဝိဘတ်တို့ကြောင့်။ဂမု ဣစ္စေတဿ ဓာတုဿ၊ဂမု ဓာတ်၏။အန္တော၊အစိတ်ဖြစ်သော။မကာရော၊မ-အက္ခရာသည်။စ္ဆော၊စ္ဆပြုသည်။ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။ ॥ ဂစ္ဆမာနော၊ဂစ္ဆန္တော၊သွားသောသူသည်။ဂစ္ဆတိ၊ဂမေတိ၊သွား၏။ဂစ္ဆ တု၊ဂမေတု၊သွားလော။ဂစ္ဆေယျ၊ဂမေယျ၊သွားရာ၏။အဂစ္ဆာ၊အဂမာ၊အဂစ္ဆိ၊အဂမိ၊သွားပြီ ဂစ္ဆိဿတိ၊ဂမိဿတိ၊သွားလတ့်။အဂစ္ဆိဿာ၊အဂမိဿာ၊သွားရလေပြီ။ * ဂမိဿေတိပဒံ၊ ဂမိဿ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ဣစ္ဆတိ၊အလိုရှိ၏။

➤ ဂမိဿ+အန္တော+စ္ဆော+ဝါ+သဗ္ဗာသု-ဟူ ၅-ပုဒ်ရှိသော အာခေ်သေဝိစိသုတ်

➤ သဗ္ဗာသု-အရ/နိမိတ်-အရ ॥ ॥ [ကစ္စည်းအလို] မာနပစ္စည်း, အန္တပစ္စည်းနှင့် ပရောက္ခာ,ကြဉ် အာချာတ်ဝိဘတ် ၇-မျိုးတို့ကို ယူရပါမည်။

[ရူပသိဒ္ဓိ-အလို] မာန, အန္တ, ယပစ္စည်း၊ ကာရိတ်ပစ္စည်းနှင့် ပရောက္ခာကြဉ် အာချာတ်

http://www.dhammadownload.com



ဝိဘတ် ၇-မျိုးတို့ကို ယူရပါမည်။

➤ **သဗ္ဗာသု-အရတွင် မပါဝင်သော အာချာတ်ဝိဘတ်** ॰ ပရောက္ခာဝိဘတ်။

➤ **သဗ္ဗ-သဒ္ဒါ ထည့်ဆိုရကျိုး** ॥ ॥ သဗ္ဗ-သဒ္ဒါဖြင့် ဂစ္ဆမာနော ဂစ္ဆန္တော ဂစ္ဆာပေတိ စသော ပြယုဂ်တို့၌ မာန, အန္တ, ယပစ္စည်း, ကာရိတ်ပစ္စည်းတို့ကြောင့်ဂမုဓာတ်၏ အဆုံး မ-ကို ဆ္ဆပြုရခြင်း အကျိုးရှိပါသည်။

➤ **ဝါ-သဒ္ဒါအနက်** ॥ ॥ ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိပါသည်။

➤ **ဝါ-သဒ္ဒါဖြင့် ဗိဓိသုံးပါး ပိုင်းခြားပုံ/ ဝါ-သဒ္ဒါဖြင့် ခြားဆိုအပ်သော အဓိပ္ပါယ်**

ဝါ-သဒ္ဒါဖြင့် ဂစ္ဆမာနော ဂစ္ဆန္တော ပြယုဂ်တို့ဝယ် ကတ္တုကာရက၌ စီရင်အပ်သော မာန, အန္တပစ္စည်းတို့ကြောင့် ဂမုဓာတ်၏ အစိတ် မ-အက္ခရာကို အမြဲ ဆ္ဆပြုရခြင်း နိစ္စဝိဓိ၊ ဂစ္ဆတိ ဂမေတိ,စသော ပြယုဂ်တို့၌ ပရောက္ခာကြဉ် အာချာတ်ဝိဘတ် (၇)သွယ်ကြောင့် ဂမုဓာတ်၏အစိတ် မ-အက္ခရာကို ရံခါ ဆ္ဆပြုရခြင်း အနိစ္စဝိဓိ၊ ဇဂမ ဇဂမု,စသော ပြယုဂ်တို့၌ ပရောက္ခာဝိဘတ်ကြောင့် ဂမုဓာတ်၏အစိတ် မ-အက္ခရာကို ဆ္ဆ မပြုရခြင်း အသန္တဝိဓိကို ပိုင်းခြားပြပါသည်။

➤ **ဂမုဓာတ်၏ အစိတ် မ-ကို ဆ္ဆပြုရာ၌ (က) အမြဲပြုနိုင်သည့် ပစ္စည်း** ॰ကတ္တုကာရက၌ စီရင်အပ်သော မာနပစ္စည်း, အန္တပစ္စည်းတို့ ဖြစ်ပါသည်။ (ခ) **ရံခါပြုနိုင်သော ပစ္စည်း, ဝိဘတ်** ॥ ॥ ယပစ္စည်း, ကာရိတ်ပစ္စည်း, ပရောက္ခာကြဉ် အာချာတ်ဝိဘတ် (၇)မျိုး ဖြစ်ပါသည်။ (ဂ) **လုံးဝ မပြုနိုင်သော ဝိဘတ်** ॥ ॥ ပရောက္ခာဝိဘတ် ဖြစ်ပါသည်။

➤ **ယောဂဝိဘာဂ/ ဂမိဿန္တော-ဟု သုတ်ခွဲ၍ တည်ရကျိုး** ॥ ॥ ဂမိဿန္တော-ဟူသော ဒွိတကရဏ ယောဂဝိဘာဂဖြင့် ဂမုဓာတ်၏ မ-အက္ခရာကို ဥ,ပြု, ဋ္ဌပြုရခြင်း အကျိုးရှိပါသည်။ (ပုံစံ) ဂဥ္ဆတိ၊ ဂဋ္ဌတိ။

➤ **ဂမုဿ-ဟု မဆိုဘဲ ဂမိဿ-ဟု ဆိုရကျိုး** ॥ ॥ သုခုစ္စာရဏ အကျိုးငှာ ဣ-အက္ခရာ၏ အစွမ်းဖြင့် "ဂမိဿ"ဟု ဆိုပါသည်။ (နိဒ္ဒေသ)

➤ **ဓာတ်ကို ညွှန်ပြနိုင်သော ဓာတုနိဒ္ဒေသ ၄-မျိုး** ॥ ॥ (၁) ဏကာရန္တဓာတုနိဒ္ဒေသ॰ပစ္စာသုဏ-၌ ဏ-ကား သုဓာတ်ကို ညွှန်ပြပါသည်။ (၂) ဣကာရန္တ ဓာတုနိဒ္ဒေသ॰ဂမိဿ၌ ဣ-ကား ဂမုဓာတ်ကို ညွှန်ပြပါသည်။ (၃) ဣဏကာရန္တ ဓာတုနိဒ္ဒေသ॰အနုပတိဂိဏ-၌ ဣဏ-ကား ဂေဓာတ်ကို ညွှန်ပြပါသည်။ (၄) တိကာရန္တ ဓာတုနိဒ္ဒေသ॰ဟောတိဿရေ၌ တိ-ကား ဟူဓာတ်ကို ညွှန်ပြပါသည်။ (နိဒ္ဒေသ)

---

## ၄၇၇။ ဝစဿဇ္ဇတနိမှိ မကာရော ဩ

ဝစ ဣစ္စေတဿ ဓာတုဿ အကာရော ဩတ္တမာပဇ္ဇတေ အဇ္ဇတနိမှိ ဝိဘတ္တိမှိ။ ॥ အဝေါစ၊ အဝေါစုံ၊ အဇ္ဇတနိမှိတိ ကိမတ္ထံ? အဝစ၊ အဝစူ။

http://www.dhammadownload.com



* အဝ္ဂတနိမှိ၊အဝ္ဂတနိဝိဘတ်ကြောင့်။ဝစဿ၊ဝစဓာတ်၏။အကာရော၊အ-အက္ခရာသည်။ညြ၊ညြ-အဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။ ။ အဝ္ဂတနိမှိ ဝိဘတ္တိမှိ၊အဝ္ဂတနိဝိဘတ်ကြောင့်။ဝစ ဣစ္စေတဿ ဓာတုဿ၊ဝစဓာတ်၏။အကာရော၊အ-အက္ခရာသည်။ညြတ္တံ၊ညြ-အဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။ ။ အဝေါစ၊ဆိုပြီ။ အဝေါစုံ၊ဆိုကုန်ပြီ။ အဝ္ဂတနိမှီတိ ဝဒံ၊အဝ္ဂတနိမှိ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။အဝစ၊ဆိုပြီ။ အဝစူ၊ဆိုကုန်ပြီ။

**➢ ဝစဿ+အဇ္ဇတနိမှိ+အကာရော+ညြ-ဟူ ၄-ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

**➢ အကာရော-အရ/ တာရိ-အရ/ ညြပြုရမည့် အက္ခရာ**

[အကာရော-ဟု သာမညအားဖြင့် ဆိုသော်လည်း] ဓာတုဿန္တော-စသော သုတ်ဖြင့် ဝစဓာတ်၏ စ-အက္ခရာ၏ အ-အက္ခရာကို ချေပြီးဖြစ်သောကြောင့် ဝ-အက္ခရာ၏ အ-ကိုသာ ယူရမည်။/ဝ-အက္ခရာ၏ အ-ကိုသာ ညြပြုရပါမည်။

**➢ <u>ညြ-အရ ။ ။ ဝ-၏ အ-ကိုပြုထားသော အာဒေသ ညြကို ယူရပါမည်။</u>**

**၄၇၈။ အကာရော ဒီဃံ ဟိမိမေသု**

အကာရော ဒီဃမာပဇ္ဇတေ ဟိ မိ မ ဣစ္စေတေသု ဝိဘတ္တိသု။

ဂစ္ဆာဟိ၊ ဂစ္ဆာမိ၊ ဂစ္ဆာမ၊ ဂစ္ဆာမှေ။

မိကာရဂ္ဂဟဏေန ဟိဝိဘတ္တိမှိ အကာရော ကွစိ န ဒီဃမာပဇ္ဇတေ။ ဂစ္ဆဟိ

* ဟိမိမေသု၊ဟိ, မိ, မ ဝိဘတ်တို့ကြောင့်။အကာရော၊အ-အက္ခရာသည်။ဒီဃံ၊ဒီဃအဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။ ။ * ဟိ မိ မ ဣစ္စေတေသု ဝိဘတ္တိသု၊ဟိ, မိ, မ ဝိဘတ်တို့ကြောင့်။အကာရော၊အ-အက္ခရာသည်။ဒီဃံ၊ဒီဃအဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။ ။ ဂစ္ဆာဟိ၊သွားလော။ဂစ္ဆာမိ၊သွား၏။ဂစ္ဆာမှေ၊သွားကုန်၏။ * မိကာရဂ္ဂဟဏေန၊မိ-သဒ္ဒါပိုဖြင့်။ဟိ ဝိဘတ္တိမှိ၊ဟိဝိဘတ်ကြောင့်။အကာရော၊အ-အက္ခရာသည်။ကွစိ၊အချို့သော ပုံစံ၌။ဒီဃံ၊ဒီဃ အဖြစ်သို့။န အာပဇ္ဇတေ၊မရောက်။ ဂစ္ဆဟိ၊သွားလော။

**➢ အကာရော+ဒီဃံ+ဟိမိမေသု-ဟူ ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

**➢ အကာရ-အရ ။ ။** ဓာတ်၏အစိတ်ဖြစ်သော အသရ, ပစ္စည်းဖြစ်သော အသရ, ပစ္စည်း၏ အစိတ်ဖြစ်သော အသရ ဖြစ်ပါသည်။

**➢ တွံ ဂစ္ဆာဟိ/တွံ ဂစ္ဆဟိ-ဟူ နှစ်မျိုးရှိနိုင်/မရှိနိုင် ။ ။** အကာရော ဒီဃံ ဟိမိမေသု-သုတ်ကိုထောက်၍ ဂစ္ဆာဟိ၊ ယင်းသုတ်ပါ မိ-အက္ခရာပိုဖြင့် ဟိဝိဘတ်နောင်းရာ၌ အချို့ ဒီဃ-အပြု မဖြစ်သောကြောင့် ဂစ္ဆဟိ-ဟု ပြီးသောကြောင့် တွံ ဂစ္ဆာဟိ/တွံ ဂစ္ဆဟိ ဟု နှစ်မျိုးရှိနိုင်ပါသည်။

**➢ မိ-သဒ္ဒါ ပိုလွန်ပုံ ။ ။** ဟိမေသု-ဟုဆိုလျှင် မ-အက္ခရာချင်းတူသော မိဝိဘတ်

http://www.dhammadownload.com



ကိုလည်း ယူနိုင်ပါလျက် ဟိမိမေသု-ဟု ဆိုခြင်းသည် 'မိ'သဒ္ဒါ ပိုလွန်ပါသည်။

➤ **'မိ'သဒ္ဒါ အပိုထည့်ဆိုရကျိုး ။ ။** 'မိ'သဒ္ဒါပိုဖြင့် ဂစ္ဆဟိ-ဝယ် ဟိဝိဘတ်နှောင်းရာ၌ အ-အက္ခရာကို ရံခါ ဒီဃ မပြုရဟု အနက်ပိုကို သိရခြင်းအကျိုးရှိပါသည်။

➤ **ဟိမိမမှ ဣစ္ဆေတေသု-ဟု ဝုတ္တိ၌ ဖွင့်ဆိုရခြင်းအကြောင်း ။ ။** ဟိမိမေသု-၌ မေ-သဒ္ဒါဖြင့် မ-အက္ခရာချင်းတူသော မှေဝိဘတ်ရှိ မ-အက္ခရာကိုပါ ယူနိုင်သောကြောင့် ဟိမိမမှေ ဣစ္ဆေတေသု-ဟု ဝုတ္တိ၌ ဖွင့်ဆိုရပါသည်။ (နိဒ္ဒေသ)

➤ **အကာရ-သဒ္ဒါ အစ်မန်ဆိုရကျိုး ။ ။** ဝစဓာတ်ကို နစ်စေခြင်းအကျိုး ရှိပါသည်။ (တစ်နည်း) ဣ-အက္ခရာ၏ ဒီဃ အပြုကို နစ်စေခြင်းအကျိုး ရှိပါသည်။ (နိဒ္ဒေသ)

➤ **ဒီဃပြုရာ၌ ဖြစ်သင့်သော ဝိဓိသုံးပါး ။ ။** (၁) မိ, မ, မှေ ဝိဘတ်နှောင်းရာ၌ အ-အက္ခရာကို ဒီဃ အမြဲပြုရခြင်း နိစ္စဝိဓိ၊ (၂) ဟိဝိဘတ်နှောင်းရာ၌ ရံခါ ဒီဃပြုရခြင်း အနိစ္စဝိဓိ၊ (၃) ထိုဝိဘတ်လေးလုံးမှကြွင်းသော ဝိဘတ်နှောင်းရာ၌ ဒီဃလုံးဝ မပြုရခြင်း အသန္တဝိဓိ-တို့ ဖြစ်ပါသည်။

➤ **ဤသုတ်ဖြင့် ဒီဃအမြဲ ပြုနိုင်သော ဝိဘတ် ။ ။** မိ, မ, မှေဝိဘတ်။ * **ရံခါ ပြုနိုင်သော ဝိဘတ်** = ဟိဝိဘတ်။ * **လုံးဝ မပြုနိုင်သော ဝိဘတ်** = ဟိ, မိ, မ, မှေ ဝိဘတ် (၄)လုံးမှတစ်ပါး ကြွင်းဝိဘတ်များ ဖြစ်ပါသည်။

➤ **အကာရ ၂-မျိုး အထူး ။ ။** ဝစဿမ္ဘတနိမှိ-သုတ်လာ အကာရ-ကား ဝစဓာတ်၏ ဝ-အက္ခရာ၏ အစိတ်ဖြစ်သော ဓာတွန္တသရ ဖြစ်ပါသည်။ အကာရော ဒီဃံ-သုတ်လာ အကာရ-ကား ဓာတ်၏အစိတ်ဖြစ်သော အသရ, ပစ္စည်းဖြစ်သော အသရ, ပစ္စည်း၏ အစိတ်ဖြစ်သော အသရ ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

## ၄၇၉။ ဟိ လောပံ ဝါ

ဟိဝိဘတ္တိမှိ လောပ မာပဇ္ဇတေ ဝါ။ ။ ဂစ္ဆ၊ ဂစ္ဆာဟိ၊ ဂမ၊ ဂမာဟိ၊ ဂမယ၊ ဂမယာဟိ။ ဟီတိ ကိမတ္ထံ? ဂစ္ဆတိ၊ ဂမယတိ။

* ဟိ၊ဟိဝိဘတ်သည်။လောပံ၊ကျေပျောက်ခြင်းသို့။ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏[ရူပသိဒ္ဓိအလို]အကာရတော၊အ-အက္ခရာမှ။ပရော၊နောက်ဖြစ်သော။ဟိ၊ဟိဝိဘတ်သည် လောပံ၊သို့။ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏။ * ဟိဝိဘတ္တိမှိ၊ဟိဝိဘတ်သည်။လောပံ၊သို့။ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏။ ။ ဂစ္ဆ၊ဂစ္ဆာဟိ၊ဂမ၊ဂမာဟိ၊သွားလော့။ဂမယ၊ဂမယာဟိ၊သွားစေလော့။ ဟီတိပဒံ၊ဟိ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ဂစ္ဆတိ၊သွား၏။ဂမယတိ၊သွားစေ၏။

➤ **ဟိ+လောပံ+ဝါ-ဟု ၃-ပုဒ်ရှိသော လောပဝိဓိသုတ်**

➤ **ဟိဝိဘတ်ချေရကျိုး ။ ။** ဂါထာတို့၌ ဆန်းဂိုဏ်းကို စောင့်ရှောက်ခြင်းအကျိုး

http://www.dhammadownload.com



ငှာရင်း, စုဏ္ဍိယတို့၌ စကားကို ပြေပြစ်စေခြင်း, ရှုတ်လွယ်စေခြင်း အကျိုးငှာရင်း ဓာတ်နောင် သက်ပြီးသော ဟိဝိဘတ်ကို ချေရပါသည်။

မေး ။ ။ ဤသုတ်ဖြင့် ဟိဝိဘတ်ကျေရာ၌ အဘယ့်ကြောင့် အဘယ်သရနှောင်းမှသာ ဟိဝိဘတ်ကျေသည်ကို ဖြေဆိုပါ။

ဖြေ ။ ။ အကာရော ဒီဃံ ဟိမိမေသု-သုတ်မှ အကာရ-သဒ္ဒါ ဝိဘတ်ပြန်၍ လိုက်လာသောကြောင့် အ,သရနှောင်းမှသာ ဟိဝိဘတ်ကျေပါသည်။

➤ **ဟောတိ-၌ ဟိဝိဘတ် မကျေခြင်းအကြောင်း** ။ ။ အ,အက္ခရာ မနှောင်းသောကြောင့် ဟောဟိ-၌ ဟိဝိဘတ် မကျေပါ။

## ၄၈၀။ ဟောတိဿရေ ဟောဟေ ဘဝိဿန္တိမှိ ဿဿစ

ဟူ ဣစ္စေတဿ ဓာတုဿ သရော ဟေ ဩဟ ဧတ္တေ မာပဇ္ဇတေ ဘဝိဿန္တိမှိ ဿဿစ လောပေါ ဟောတိ ဝါ။

ဟေဟိတိ၊ ဟေဟိန္တိ၊ ဟောဟိတိ၊ ဟောဟိန္တိ၊ ဟေတိ၊ ဟေန္တိ၊ ဟေဟိဿတိ၊ ဟေဟိဿန္တိ၊ ဟောဟိဿတိ၊ ဟောဟိဿန္တိ၊ ဟေဿတိ၊ ဟေဿန္တိ။

ဟူတိ ကိမတ္ထံ? ဘဝိဿတိ၊ ဘဝိဿန္တိ။ ဘဝိဿန္တိမှိတိ ကိမတ္ထံ? ဟောတိ။

* ဘဝိဿန္တိမှိ၊ဘဝိဿန္တိ ဝိဘတ်ကြောင့်။ဟောတိဿရော၊ဟူဓာတ်၏ အစိတ် ဦး သရသည်။ဟောဟေ၊ဟေပြု, ဩဟပြု, ပြေသို့။အာပဇ္ဇတေ၊ရောက်၏။ဿဿ၊ဿ ဝိဘတ်၏။လောပေါ၊ကျေသည်လည်း။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

* ဘဝိဿန္တိမှိ၊ကြောင့်။ဟူ ဣစ္စေတဿ ဓာတုဿ၊ဟူဓာတ်၏။သရော၊အစိတ် ဦး သရသည်။ဟေ ဩဟ ဧတ္တံ၊ဟေပြု, ဩဟပြု, ပြေသို့။အာပဇ္ဇတေ၊ရောက်၏။ဿဿ၊ ဿဝိဘတ်၏။လောပေါ၊ကျေသည်လည်း။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

- ဟေဟိတိ၊ဖြစ်လတ္တံ့။ဟေဟိန္တိ၊ဖြစ်ကုန်လတ္တံ့။ (ကြွင်းတူပြီ) ဟူတိ ပဒံ၊ဟူ-ဟူသော ပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ဘဝိဿတိ၊ဖြစ်လတ္တံ့။ဘဝိဿန္တိ၊ဖြစ်ကုန်လတ္တံ့။ ဘဝိဿန္တိမှိတိ ပဒံ၊ဘဝိဿန္တိ-ဟူသောပုဒ်သည်။ကိမတ္ထံ၊နည်း။ဟောတိ၊ဖြစ်၏။

➤ **ဟောတိဿရော+ဧဟောဟေ+ဘဝိဿန္တိမှိ+ဿဿ+စ-ဟူ ၅-ပုဒ်ရှိသော အာဒေသဝိဓိ/လောပဝိဓိသုတ်**

➤ **အာဒေသ, လောပ နှစ်ပါးစုံဖြစ်သော ပြယုဂ်** ။ ။ ဟေဟိတိ၊ဟေဟိန္တိ၊ ဟောဟိတိ၊ဟောဟိန္တိ၊ ဟေတိ၊ ဟေန္တိ-တို့ ဖြစ်ပါသည်။

➤ **အာဒေသ-သာဖြစ်၍ လောပ မဖြစ်သော ပြယုဂ်** ။ ။ ဟေဟိဿတိ၊ဟေဟိဿန္တိ၊ ဟောဟိဿတိ၊ဟောဟိဿန္တိ၊ ဟေဿတိ၊ဟေဿန္တိ-တို့ ဖြစ်ပါသည်။

➤ **အာဒေသ, လောပ နှစ်ပါးစုံ မဖြစ်သော ပြယုဂ်** ။ ။ ပဟောဿတိ ဖြစ်ပါသည်။

http://www.dhammadownload.com



➢ **စ-သဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် ရှေ့သုတ်မှ လောပ-ဟူသော ကာရိယ-ကို ဆွဲငင်သောကြောင့် အနုကဍ္ဎနအနက်၊ ဟူဓာတ်၏အစိတ်ဖြစ်သော ဦးသရကိုသာ ဖော, ကြဲဟ, ပြေသည်မဟုတ်၊ ဝိဘတ်၏အစိတ် ဿ-အက္ခရာကိုလည်း ချေသေး၏ဟု နှစ်ခု မြောက်သော အနက်ကို ပေါင်းသောကြောင့် သမုစ္စယအနက် ဖြစ်ပါသည်။

➢ **အဝိကာရ ဝါ-သဒ္ဒါဖြင့် ဖြစ်ဆိုအပ်သော အဝိဓ္ဓါယ်** ။ ။ လိုက်လာသော ဝါ-သဒ္ဒါဖြင့် ဟေဿတိ,စသော ပြယုဂ်၌ ဿ-အက္ခရာ၏ ကျေခြင်းကို တားမြစ်၍ ပဟော ဿတိ,စသော ပြယုဂ်၌ ဟူဓာတ်၏အစိတ်ဖြစ်သော ဦးသရကို ဖော, ကြဲဟ, ပြေခြင်း ကိုရင်း, ဿ-အက္ခရာ၏ ကျေခြင်းကိုရင်း တားမြစ်ပါသည်။

➢ **ဃောဂဝိဘာဂ/ဘဝိဿန္တိမှိ ဿဿစ-ဟု သုတ်ခွဲ၍ တည်ရကျိုး**

ဘဝိဿန္တိမှိ ဿဿစ-ဟူသော ဒွိဓာကရဏ ယောဂဝိဘာဂဖြင့် ဒက္ခိတိ၊ ဒက္ခိန္တိ ပြယုဂ်တို့၌ ဒိသဓာတ်နောင် ဝိဘတ်၏အစိတ် 'ဿ'ကိုလည်း ချေရခြင်းအကျိုးရှိသည်။

## ၄၈၁။ ကရဿ သပစ္စယဿ ကာဟော

ကရ ဣစ္စေတဿ ဓာတုဿ သပစ္စယဿ ကာဟာဒေသော ဟောတိ ဝါ ဘဝိဿန္တိမှိ ဝိဘတ္တိမှိ၊ ဿဿ စ နိစ္စံ လောပေါ ဟောတိ။

ကာဟတိ၊ ကာဟိတိ၊ ကာဟသိ၊ ကာဟိသိ၊ ကာဟာမိ၊ ကာဟာမ။

ဝါတိ ကိမတ္ထံ? ကရိဿတိ၊ ကရိဿန္တိ။

သပ္ပစ္စယဂ္ဂဟဏေန အညေဟိပိ ဘဝိဿန္တိယာ ဝိဘတ္တိယာ ခါမိ ခါမ ဆာမိ ဆာမ ဣစ္စာဒယော အာဒေသာ ဟောန္တိ။ ဝက္ခာမိ၊ ဝက္ခာမ၊ ဝစ္ဆာမိ၊ ဝစ္ဆာမ။

* ဘဝိဿန္တိမှိ၊ဘဝိဿန္တိဝိဘတ်ကြောင့်။သပစ္စယဿ၊ဩဝိကရဏပစ္စည်းနှင့်တကွ သော။(ဝါ) ဘဝိဿန္တိဝိဘတ်တည်းဟူသော ပစ္စည်းနှင့်တကွ တည်နေသော။(ဝါ) ဘဝိ ဿန္တိ ဝိဘတ်၏ အဆုံးဖြစ်သော ဿ-ပစ္စည်းနှင့်တကွဖြစ်သော။ကရဿ၊ ကရဓာတ် ၏။ကာဟော၊ကာဟပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ဿဿ၊ဿဝိဘတ်၏။နိစ္စံ၊အမြဲ။ လောပေါ၊စ၊ကျေသည်လည်း။ဟောတိ၊ဖြစ်၏။

* ဘဝိဿန္တိမှိ ဝိဘတ္တိမှိ၊ဘဝိဿန္တိဝိဘတ်ကြောင့်။သပစ္စယဿ၊ပစ္စည်းနှင့်တကွသော။ ကရ ဣစ္စေတဿ ဓာတုဿ၊ကရဓာတ်၏။ကာဟာဒေသော၊ကာဟပြုသည်။ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။ဿဿ၊ဿဝိဘတ်၏။နိစ္စံ၊အမြဲ။လောပေါ၊စ၊ကျေသည်လည်း။ဟောတိ။

ကာဟတိ၊ကာဟိတိ၊ ကာဟသိ၊ ကာဟိသိ၊ ကာဟာမိ၊ပြုလတ္တံ့။ကာဟာမ၊ပြုကုန် လတ္တံ့။ * ဝါတိ ပဒံ၊ဝါ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ကရိဿတိ၊ပြု လတ္တံ့။ကရိဿန္တိ၊ပြုကုန်လတ္တံ့။ * **သပ္ပစ္စယဂ္ဂဟဏေန**၊သပစ္စယ-သဒ္ဒါပိုဖြင့်။အညေဟိပိ၊ တစ်ပါးသော ဓာတ်တို့မှနောက်၌လည်း။ဘဝိဿန္တိယာ ဝိဘတ္တိယာ၊ဘဝိဿန္တိဝိဘတ်၏

http://www.dhammadownload.com



ခါမိ ခါမ ဆာမိ ဆာမ ဣစ္စာဒယော၊ခါမိ, ခါမ, ဆာမိ, ဆာမ ဤသို့ အစရှိကုန်သော။ အာဒေသာ၊အပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ဝက္ခာမိ၊ဆိုလတ္တံ့။ဝက္ခာမ၊ဆိုကုန်လတ္တံ့။ ဝစ္ဆာမိ၊နေလတ္တံ့။ဝစ္ဆာမ၊နေကုန်လတ္တံ့။

➤ ကရဿ+သပစ္စယဿ+ကာဟော–ဟု ၃-ပုဒ်ရှိသော အာခေသ/လောပဝိဓိသုတ်

➤ ဤသုတ်သို့ လိုက်လာသော သဒ္ဒါ ॥ ॥ ဤသုတ်သို့ ဟိလောပံ ဝါ-သုတ်မှ ဝါ သဒ္ဒါ, လောပ-သဒ္ဒါ၊ ဟောတိဿတေ,စသော သုတ်မှ ဘဝိဿန္တိမှိ, ဿဿစ-သဒ္ဒါ များ လိုက်လာပါသည်။

➤ ပစ္စည်းနှင့်တကွ ပြုတွသည် ॥ ॥ ဘဝိဿန္တိဝိဘတ် ဿတိ,စသည်၌ပါသော ဝိဘတ်ဿနှင့်တကွ ပြုသည်ကို "ပစ္စည်းနှင့်တကွ ပြုသည်"ဟု ဆိုပါသည်။

➤ ပစ္စယ–အရ ॥ ॥ ဘဝိဿန္တိဝိဘတ်ကို ယူရပါမည်။ (တစ်နည်း) ဝိကရဏ ဩ ပစ္စည်းကို ယူရပါမည်။ ➤ သပစ္စယ–အရ ॥ ॥ ဘဝိဿန္တိဝိဘတ်၏ အစိတ်ဖြစ်သော ဿတိ,စသည်မှ ဿကို ယူရပါမည်။ (တစ်နည်း) ပစ္စည်းအမည်ရသော ဿနှင့်တကွ တည်နေသော ကရဓာတ် တစ်ခုတည်းကို ယူရပါမည်။

➤ သပစ္စယ–သဒ္ဒါ ဗိုလွှန်ပုံ ॥ ॥ ကရဿ ကာဟော-ဟု သုတ်တည်လျှင်ပြီးလျက် ကရဿ သပစ္စယဿ ကာဟော-ဟု သုတ်တည်သောကြောင့် "သပစ္စယ" ဗိုလွှန်သည်။

➤ သပစ္စယ–သဒ္ဒါ အဓိုထည့်ဆိုရကျိုး ॥ ॥ [ကစ္စည်းအလို] သပစ္စယ-သဒ္ဒါပိုဖြင့် ဝက္ခာမိ၊ဝက္ခာမ၊ဝစ္ဆာမိ၊ဝစ္ဆာမ ပြယုဂ်တို့၌ ကရဓာတ်မှတစ်ပါး ဝစ, ဝသဓာတ်တို့နောင် ဘဝိဿန္တိဝိဘတ်ကို ခါမိ, ခါမ, ဆာမိ, ဆာမ ပြုရခြင်းအကျိုး ရှိပါသည်။

[ရူပသိဒ္ဓိအလို] သပစ္စယ-သဒ္ဒါပိုဖြင့် ဝက္ခတိ၊ မောက္ခတိ၊ဘောက္ခတိ,စသော ပြယုဂ် တို့၌ ဝစ, မုစ, ဘုဇ,စသော ဓာတ်တို့နောင် ဝိဘတ်၏အစိတ် ဿ-ကို ခပြု၍ ဝစ္ဆတိ၊ လစ္ဆတိ၊ ဆေစ္ဆတိ,စသော ပြယုဂ်တို့၌ ဝသ, ဆိဒိ, လဘ,စသော ဓာတ်တို့နောင် ဝိဘတ်၏ အစိတ် ဿ-ကို ဆပြုရခြင်းအကျိုး ရှိပါသည်။

➤ အဓောဟိမိ–၌ အဓ–၏ အပါဓါန်ကား ॥ ॥ ကရဓာတ်ဖြစ်ပါသည်။

➤ အဓ–အရကား ॥ ॥ ဝစဓာတ်, ဝသဓာတ်တို့ ဖြစ်ပါသည်။

**အာချာတ် တတိယပိုင်း ပြီး၏။**

❀ ❀ ❀ ❀ ❀ ❀ ❀ ❀ ❀ ❀

## အာချာတ စတုတ္ထကဏ္ဍ

### ၄၈၂။ ဒါ ဒန္တဿံ မိ မေသု

ဒါ ဣစ္စေတဿ ဓာတုဿ အန္တဿ အံ ဟောတိ မိ မ ဣစ္စေတေသု။
ဒမ္မိ၊ ဒမ္မ။

http://www.dhammadownload.com



* မိမေသုံမိ, မ ဝိဘတ်တို့ကြောင့်။ဒါဒန္တသာ၊ဒါဓာတ်၏ အစိတ် အာ၏။အံ၊အံပြု သည်။ဟောတိ၊ဖြစ်၏။

* မိ မ ဣစ္စေတေသုံမိ, မ ဝိဘတ်တို့ကြောင့်။ဒါ ဣစ္စေတဿ ဓာတုဿ၊ဒါဓာတ်၏။ အန္တဿ၊အစိတ်အာ၏။အံ၊အံပြုသည်။ဟောတိ၊ဖြစ်၏။ ဒမ္မိ၊ပေး၏။ဒမ္မ၊ပေးကုန်၏။

**➢ ဒါ+အန္တဿံ+မိမေသု–တူ ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

➢ **အန္တဿ–အရ/ကာရိ–အရ** ။ ။ ဒါ-ဟူသော သဒ္ဒန္တရိုက်ကိုထောက်၍ အာသရ ကို ယူရပါမည်။

➢ **ဤသုတ်သို့ ဝါ–သဒ္ဒါလိုက်သင့်ခြင်းအကြောင်း** ။ ။ ဒမ္မိ ဒမ္မ ဒေမိ ဒေမ ပြယုဂ် တို့ကို တွေ့မြင်ရသောကြောင့် ဝါ-သဒ္ဒါလိုက်သင့်ပါသည်။

➢ **ဤသုတ်အစီအရင် မပြုခြင်းအကြောင်း** ။ ။ ဒမ္မိ ဒမ္မ ဒေမိ ဒေမ ပြယုဂ်တို့ကို တွေ့မြင်ရသောကြောင့်ရင်း, ဟိ လောပံဝါ-သုတ်မှ ဝါ-သဒ္ဒါလိုက်လာသောကြောင့်ရင်း ဤသုတ်အစီအရင်သည် မပြုပါ။

➢ **အဓိကာရ ဝါ–သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ အဓိကာရ ဝါ-သဒ္ဒါဖြင့် မိ, မဝိဘတ်နှောင်းရာ၌ ဒါဓာတ်၏အဆုံးအာကို ရံခါ အံပြု၍ ရံခါ အံ-မပြုရခြင်း၊ မိ မ ဝိဘတ်တို့မှတစ်ပါး အခြားသော ဝိဘတ်နှောင်းရာ၌ လုံး၀ အံ, မပြုရခြင်းဟူသော အဓိပ္ပါယ်ကို သိစေပါသည်။

---

## ၄၈၃။ **အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ**

အသံယောဂန္တဿ ဓာတုဿ ကာရိတေ ဝုဒ္ဓိ ဟောတိ။

ကာရေတိ၊ ကာရေန္တိ၊ ကာရယတိ၊ ကာရယန္တိ၊ ကာရာပေတိ၊ ကာရာပေန္တိ၊ ကာရာပယတိ၊ကာရာပယန္တိ။အသံယောဂန္တဿေတိ ကိမတ္ထံ? စိန္တယတိ၊မန္တယတိ။

* ကာရိတေ၊ကာရိတ်ပစ္စည်းကြောင့်။အသံယောဂန္တဿ၊သံယုဂ် အဆုံးမရှိသော ဓာတ်၏။ဝုဒ္ဓိ၊ဝုဒ္ဓိပြုသည်။ဟောတိ၊ဖြစ်၏။ ။ * ကာရိတေ၊ကာရိတ်ပစ္စည်းကြောင့်။ အသံယောဂန္တဿ၊သံယုဂ် အဆုံးမရှိသော။ဓာတုဿ၊ဓာတ်၏။ဝုဒ္ဓိ၊ဝုဒ္ဓိပြုသည်။ဟောတိ၊ ဖြစ်၏။ ။ ကာရေတိ၊ ပြုစေ၏။ကာရေန္တိ၊ပြုစေကုန်၏။ကာရယတိ၊ပြုစေ၏။ကာရယန္တိ၊ ပြုစေကုန်၏။ကာရာပေတိ၊ပြုစေ၏။ကာရာပေန္တိ၊ပြုစေကုန်၏။ကာရာပယတိ၊ပြုစေ၏။ ကာရာပယန္တိ၊ပြုစေကုန်၏။ * အသံယောဂန္တဿေတိ ပဒံ၊အသံယောဂန္တဿ-ဟူသောပုဒ် သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ စိန္တယတိ၊ကြံ၏။မန္တယတိ၊ တိုင်ပင်၏။

**➢ အသံယောဂန္တဿ+ဝုဒ္ဓိ+ကာရိတေ–တူ ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

➢ **ဤသုတ်၏ နိမိတ်ဖြစ်သင့်သောသုတ်များ** ။ ။ ဓာတူဟိ ဏေ ဏယ ဏာပေ ဏာပယ ကာရိတာနိ ဟေတွတ္ထေ၊ စုရာဒိတော ဏေ ဏယာ-သုတ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **ဤသုတ်၏ အစီအရင်ကို တားမြစ်သောသုတ်** ॥ ॥ ဂုဟ ဒုသာနံ ဒီဃံ၊ ယဋ္ဌာဒီနံ ဝါ-သုတ်တို့ ဖြစ်ပါသည်။

➤ **သံယောဂန္တ-အရ** ॥ ॥ [သံယောဂေါ အန္တော ဧတဿာတိ သံယောဂန္တော-ဟု ဝစနတ္ထပြု၍] စိန္တ, မန္တ, စသည်၌ နှစ်လုံးဆင့် သံယုဂ်အဆုံးရှိသော စိ, မ, စသည်ကို ယူရပါမည်။ ➤ **သံယောဂန္တ အဓိပ္ပါယ်** ॥ ॥ သံယုဂ်ဆုံးလျက်ရှိသော စိန္တ, မန္တ, ပုဏ္ဍ, စသော သဒ္ဒါများသည် "သံယောဂန္တ" မည်ပါသည်။

➤ **အသံယောဂန္တ-အရ** ॥ ॥ [ န သံယောဂန္တော အသံယောဂန္တော-ဟု ဝစနတ္ထပြု၍] နှစ်လုံးဆင့် သံယုဂ်အဆုံးမရှိသော ကရ, ပစ, စသည်တို့၏ က, ပ,စသည်ကို ယူရပါမည်။ ➤ **အသံယောဂန္တ အဓိပ္ပါယ်** ॥ ॥ သံယုဂ်အဆုံး မရှိသော ဘူ, ဟူ, ကရ, ပစ, ဂမု စသော ဓာတ်များသည် "အသံယောဂန္တ" မည်ပါသည်။

➤ **ဂဏေတိ, ဂဏယတိ-တို့၌ ဝုဒ္ဓိ မပြုခြင်းအကြောင်း** ॥ ॥ ယဋ္ဌာဒီနံ ဝါ-ဟု ဆိုသောကြောင့် ဂဏေတိ, ဂဏယတိ-တို့၌ ဝုဒ္ဓိ မပြုရပါ။

➤ **စိန္တယတိ မန္တယတိ-တို့၌ ဝုဒ္ဓိ မပြုခြင်းအကြောင်း** ॥ ॥ သံယုဂ်အဆုံးရှိသောကြောင့် စိန္တယတိ မန္တယတိ-တို့၌ ဝုဒ္ဓိ မပြုရပါ။

## ၄၈၄။ ယဋ္ဌာဒီနံ ဝါ

ယဋ္ဌာဒီနံ ဓာတူနံ အသံယောဂန္တာနံ ဝုဒ္ဓိ ဟောတိ ဝါ ကာရိတေ။

ယာဋ္ဌေတိ၊ ယဋ္ဌေတိ၊ ယာဋ္ဌယတိ၊ ယဋ္ဌယတိ၊ ယာဋ္ဌာပေတိ၊ ယဋ္ဌာပေတိ၊ ယာဋ္ဌာပယတိ၊ ယဋ္ဌာပယတိ၊ ဂါမေတိ၊ ဂမေတိ၊ ဂါမယတိ၊ ဂမယတိ၊ ဂါမာပေတိ၊ ဂမာပေတိ၊ ဂါမာပယတိ၊ ဂမာပယတိ။ ယဋ္ဌာဒီနမိတိ ကိမတ္ထံ? ကာရေတိ။

* ကာရိတေ၊ကာရိတ်ပစ္စည်းကြောင့်။အသံယောဂန္တာနံ၊သံယုဂ် အဆုံးမရှိကုန်သော။ ယဋ္ဌာဒီနံ၊ယဋ္ဌ, အစရှိကုန်သော ဓာတ်တို့၏။ဝုဒ္ဓိ၊ဝုဒ္ဓိ အပြုသည်။ဝါ၊အချို့။ဟောတိ၏။

* ကာရိတေ၊ကြောင့်။အသံယောဂန္တာနံ၊သံယုဂ် အဆုံးမရှိကုန်သော။ယဋ္ဌာဒီနံ၊ ယဋ္ဌ,အစရှိကုန်သော။ဓာတူနံ၊ဓာတ်တို့၏။ဝုဒ္ဓိ၊ဝုဒ္ဓိ အပြုသည်။ဝါ၊အချို့။ဟောတိ၏။

ယာဋ္ဌေတိ (ပ)ယဋ္ဌာပယတိ၊အားထုတ်စေ၏။ ဂါမေတိ (ပ) ဂမာပယတိ၊သွားစေ၏။ ယဋ္ဌာဒီနမိတိ ပဒံ၊ယဋ္ဌာဒီနံ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ကာရေတိ၊ ပြုစေ၏။

### ➤ ယဋ္ဌာဒီနံ+ဝါ-ဟု ၂-ပုဒ်ရှိသော အာဓေသဝိဓိသုတ်

**အာဒိ-အရ** ॥ ॥ အာဒိ-သဒ္ဒါသည် ပကာရအနက်ကိုဟောသောကြောင့် ယဋ္ဌကဲ့သို့ ဝုဒ္ဓိ အပြု မပြုခြင်းတူသော ဂမု, ဂဏ, ကမု, ဒမု, သမု,စသော ဓာတ်များကို ယူရပါမည်။

➤ **ဤသုတ်၏ နိမိတ်ဖြစ်ဆင့်သောသုတ်** ▪ ဓာတူဟိ ဏေ ဏယ ဏာပေ-သုတ်။

http://www.dhammadownload.com



➤ **ယာဒေ့တိ ယဒ္ဒေတိ–ဟု ဒွိရုပ်ရှိခြင်းအကြောင်း** ॥ ယဣာဒိဂိုဏ်း ဖြစ်သော ကြောင့် ယာဒေ့တိ ယဒ္ဒေတိ-ဟု ဒွိရုပ်ရှိရပါသည်။

➤ **အသံယောဂန္တဿ–သုတ်နှင့် ယဣာဒိနံဝါ–သုတ် အထူး** ॥ အသံယောဂန္တဿ သုတ်ကား- ကရာဒိ အာကတိဂိုဏ်းဓာတ်၌ ဝုဒ္ဓိပြုပါသည်။ ယဣာဒိနံဝါ-သုတ်ကား ယဣာဒိအာကတိဂိုဏ်းဓာတ်၌ ဝုဒ္ဓိပြုပါသည်၊ ဤသို့ ထူးပါသည်။

➤ **ဝါသဒ္ဒါ၏အနက်** ॥ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက် ဖြစ်ပါသည်။

➤ **ဝါ–သဒ္ဒါဖြင့် ခြံဆိုအပ်သော အဓိပ္ပါယ်** ॥ ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် ယဒ္ဒေတိ ဉဿဒ္ဒေတိ အတိက္ကာမေန္တော,စသော ပုံစံတို့၌ ရံခါဝုဒ္ဓိ ပြု၍ ရံခါ ဝုဒ္ဓိ မပြုရခြင်း အနိစ္စဝိဓိ၊ ဂမေန္တော ဒမေန္တော သမေန္တော,စသော ပုံစံတို့၌ ဝုဒ္ဓိ လုံးဝ မပြုရခြင်း အသန္တဝိဓိကို ပိုင်းခြားပြုပါသည်။ (ရှုဒီ-၂၁၀)

## ၄၈၅။ အညေသု စ

အညေသု စ ပစ္စယေသု သဗ္ဗေသံ ဓာတူနံ အသံယောဂန္တာနံ ဝုဒ္ဓိ ဟောတိ။

ဇယတိ၊ ဟောတိ၊ ဘဝတိ။

စဂ္ဂဟဏေန ကာုပစ္စယဿာပိ ဝုဒ္ဓိ ဟောတိ။ အဘိသုဏောတိ။

* အညေသု၊ကာရိတ်ပစ္စည်းမှတစ်ပါးသော ပစ္စည်းတို့ကြောင့်လည်း။အသံယော ဂန္တာနံ၊သံယုဂ် အဆုံးမရှိကုန်သော အလုံးစုံသော ဓာတ်တို့၏။ဝုဒ္ဓိ၊ဝုဒ္ဓိပြုသည်။ဟောတိ၊ ဖြစ်၏။ [ရှ–အလို့ အညအပါဓါန်ထည့်၍ သုတ်နက်ပေးပုံ] ကာရိတတော၊ကာရိတ် ပစ္စည်းမှ။ အညေသု၊တစ်ပါးကုန်သော ပစ္စည်းတို့ကြောင့်လည်း။အသံယောဂန္တာနံ၊သံယုဂ် အဆုံး မရှိကုန်သော အလုံးစုံသော ဓာတ်တို့၏။ဝုဒ္ဓိ၊ဝုဒ္ဓိပြုသည်။ဟောတိ၊ဖြစ်၏။

[ဝုတ္တိအနက်] * အညေသု၊ကာရိတ်ပစ္စည်းမှတစ်ပါးကုန်သော။ပစ္စယေသု၊ပစ္စည်းတို့ ကြောင့်လည်း။အသံယောဂန္တာနံ၊သံယုဂ်အဆုံး မရှိကုန်သော။သဗ္ဗေသံ၊ခပ်သိမ်းကုန်သော။ ဓာတူနံ၊ဓာတ်တို့၏။ဝုဒ္ဓိ၊ဝုဒ္ဓိပြုသည်။ဟောတိ၊၏။ * ဇယတိ၊ အောင်၏။ဟောတိ၊ဖြစ်၏။ ဘဝတိ၊ဖြစ်၏။ * စဂ္ဂဟဏေန၊စသဒ္ဒါဖြင့်။ကာ ပစ္စယဿာပိ၊ကာပစ္စည်း၏လည်း။ဝုဒ္ဓိ၊ ဝုဒ္ဓိပြုသည်။ဟောတိ၊ဖြစ်၏။အဘိသုဏောတိ၊ ရှိသေစွာ နာခံ၏။

### ➤ အညေသု+စ–ဟု ၂–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **အည–အရ/နိမိတ်–အရ** ॥ [ အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ၊ ယဣာဒိနံ ဝါ သုတ်တို့ဖြင့် ကာရိတ်ပစ္စည်းနှောင်းရာ၌ ဝုဒ္ဓိ အပြုကို စီရင်ပြီးဖြစ်သောကြောင့်] ကာရိတ် ပစ္စည်းမှ တစ်ပါးသော ပစ္စည်းတို့ကို ယူရပါမည်။

➤ **အည အပါဓါန်–အရ** ॥ [ အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ၊ ယဣာဒိနံ ဝါ၊ သုတ်တို့ဖြင့် ကာရိတ်ပစ္စည်းနှောင်းရာ၌ ဝုဒ္ဓိ အပြုကို စီရင်ပြီးဖြစ်သောကြောင့်] ကာရိတ်

http://www.dhammadownload.com



ပစ္စည်းတို့ ဖြစ်ပါသည်။

➤ **ဝုဒ္ဓိပြုခွင့် မရှိသော ပစ္စည်းများ/ နိမိတ်–အရ မပါဝင်သော ပစ္စည်းများ** ကာရိတ်ပစ္စည်းနှင့် ယ, ဏှု, ဏာ, နာပစ္စည်း၊ နိဋ္ဌပစ္စည်း, ကိတ်ပစ္စည်းတို့ဖြစ်ပါသည်။

➤ **စ–သဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် သမုစ္စည်းအနက် ဖြစ်ပါသည်။

➤ **စ–သဒ္ဒါဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် အဘိသုဏောတိ-စသော ပြယုဂ်တို့၌ ဏှု ပစ္စည်းကိုလည်း ဝုဒ္ဓိပြုရခြင်း အကျိုးရှိပါသည်။

➤ **ဏှုပစ္စယသ္သာပိ–၌ အပိ–သဒ္ဒါ၏အနက်** ။ ။ သမ္ဘာဝနာအနက် ဖြစ်ပါသည်။

➤ **အပိ–သဒ္ဒါ အဓိပ္ပါယ်** ။ ။ အပိ-သဒ္ဒါဖြင့် ဓာတ်၏အစိတ်သရကိုသာ ဝုဒ္ဓိပြုသည် မဟုတ်၊ ဏှုပစ္စည်း၏ အစိတ်သရကိုလည်း ဝုဒ္ဓိပြုသေး၏ဟု ပေါင်းခြင်းအကျိုး ရှိပါသည်။

➤ **ဇိနာတိ–၌ သံယုဂ်မနှောင်းအဲ ဝုဒ္ဓိ မပြုရခြင်းအကြောင်း** ။ ။ နာပစ္စည်းနှောင်းရာ၌ ဝဝတ္ထိတဝိဘာသာအနက်ရှိသော ဝါ-သဒ္ဒါတားမြစ်သောကြောင့် ဇိနာတိ-၌ ဝုဒ္ဓိ မပြုရပါ။

➤ **ဗုဇ္ဈတိ–၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း** ။ ။ [ ဗုဇ္ဈတိ-ကား ဗုဓဓာတ်၊ ယပစ္စည်း၊ တိဝိဘတ်ဖြစ်၍] ယပစ္စည်းနှောင်းသောကြောင့် ဝုဒ္ဓိ မပြုရပါ။

➤ **သုဏာတိ–၌ သံယုဂ်မနှောင်းအဲ ဝုဒ္ဓိ မပြုရခြင်းအကြောင်း** ။ ။ ဏာပစ္စည်းနှောင်းရာ၌ ဝဝတ္ထိတဝိဘာသာအနက်ရှိသော ဝါ-သဒ္ဒါတားမြစ်သောကြောင့် သုဏာတိ ၌ ဝုဒ္ဓိ မပြုရပါ။

➤ **ပစတိ–၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း** ။ ။ ဣဝဏ်, ဥဝဏ် မဟုတ်သောကြောင့် ပစတိ-၌ ဝုဒ္ဓိ မပြုရပါ။

➤ **တုဒတိ–၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း** ။ ။ အညေသုစ-သုတ်သို့ အစဉ်လိုက်လာသော ဝါသဒ္ဒါဖြင့် တုဒါဒိဂိုဏ်းဓာတ်တို့ကို ဝုဒ္ဓိ မပြုနိုင်သောကြောင့် တုဒတိ-၌ ဝုဒ္ဓိ မပြုရပါ။

➤ **အဓိကာရ ဝါ–သဒ္ဒါအနက်** ။ ။ ဝဝတ္ထိတဝိဘာသာ အနက်ဖြစ်ပါသည်။

➤ **အဓိကာရ ဝါ–သဒ္ဒါဖြင့် ပြအပ်သော အဓိပ္ပါယ် / ဝါသဒ္ဒါဖြင့် ဝိဓိသုံးပါး မိုင်းခြားပုံ** ။ ။ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ဇေတိ နေတိ, သဝတိ, ဘဝတိ, ဓောတိ, လေဟတိ, စသော ပုံစံတို့၌ ဣဝဏ် ဥဝဏ် အဆုံးရှိသော ဇိ, နီ, သု, ဘူ, စသော ဧကသရဓာတ်၊ လဟုအနီးရှိသော ဣသ, လိဟ, စသော အနေကသရဓာတ်တို့၏ ဣ, ဤ, ဥ, ဦကိုသာ ဧ, ဩ ဝုဒ္ဓိပြုရခြင်း နိစ္စဝိဓိ၊ ဇိယတိ, နီယတိ, သူယတိ, အဘိဘူယတိ, သုဏောတိ, သုဏာတိ, ဇိနာတိ, ဇိတော, ဇိတွာ, ဇိတာဝိ, တုဒတိ,စသော ပုံစံတို့၌ ယပစ္စည်း, ဏှုပစ္စည်း, ဏာပစ္စည်း, နာပစ္စည်း, နိဋ္ဌ-

http://www.dhammadownload.com



ပစ္စည်း, ကိတ်ပစ္စည်းတို့ကြောင့် ဣဝဏ် ဥဝဏ်တို့ကို ဝုဒ္ဓိ မပြုရခြင်း၊ အပစ္စည်းနှောင်းရာ၌ တုဒါဒိဂိုဏ်းဓာတ်တို့ကို ဝုဒ္ဓိ မပြုရခြင်း အသန္တဝိဓိ၊ ဆေတွာ, ဆိန္ဒိတွာ, ဘေတွာ, ဘိန္ဒိတွာ,စသော ပုံစံတို့၌ တွာ, တုန, တွာန, တုံ, တဝေ, တာယေပစ္စည်းနှောင်းရာဝယ် ရံခါ ဝုဒ္ဓိပြု၍ ရံခါ ဝုဒ္ဓိ မပြုရခြင်း အနိစ္စဝိဓိကို ပိုင်းခြားပြပါသည်။

➢ ဤသုတ်ဖြင့် ပြုနိုင်သော ဝုဒ္ဓိအမျိုးအစား ॥ ॥ ယဏာဒိနံဝါ-သုတ်မှ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသည့်အတွက် ဣဝဏ် ဥဝဏ်တို့မှတစ်ပါးသော အ-အက္ခရာကို ဝုဒ္ဓိ မပြုနိုင်သောကြောင့် ဧဝုဒ္ဓိ, ဩဝုဒ္ဓိ-တို့ ဖြစ်ပါသည်။

➢ ဦ-ကို ဩဝုဒ္ဓိပြုရခြင်းအကြောင်း ॥ ॥ အယုဝဏ္ဏာနမွာယော ဝုဒ္ဓိ-ဟု ပရိဘာသာ လာသောကြောင့် ဦ-ကို ဩဝုဒ္ဓိပြုရပါသည်။

## ၄၈၆။ ဂုဟာဒုသာနံ ဒီဃံ

ဂုဟ ဒုသ ဣစ္စေတေသံ ဓာတူနံ သရော ဒီဃ မာပဇ္ဇတေ ကာရိတေ။

ဂူဟယတိ၊ ဒူသယတိ။

* ကာရိတေ၊ကာရိတ်ပစ္စည်းကြောင့်။ဂုဟ ဒုသာနံ၊ဂုဟဓာတ်, ဒုသဓာတ်တို့၏။ သရော၊အစိတ်သရသည်။ဒီဃံ၊ဒီဃအဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။ ॥ * ကာရိတေ၊ ကြောင့်။ဂုဟ ဒုသ ဣစ္စေတေသံ ဓာတူနံ၊ဂုဟဓာတ်, ဒုသဓာတ်တို့၏။သရော၊သည်။ဒီဃံ၊ သို့။အာပဇ္ဇတေ၊၏။ ॥ ဂူဟယတိ၊စောင့်ရှောက်စေ၏။ဒူသယတိ၊ပျက်စီးစေ၏။

➢ ဂုဟ ဒုသာနံ+ဒီဃံ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➢ ကာရိတ်ပစ္စည်းနှောင်းရာ၌ ဝုဒ္ဓိစီရင် မဝင်နိုင်ရန် စိမံတည်ဆောက်သောသုတ် ဂုဟ ဒုသာနံ ဒီဃံ-သုတ် ဖြစ်ပါသည်။

➢ ဤသုတ်တည်ရကျိုး ॥ ॥ ဝုဒ္ဓိ အပြုကို တားမြစ်ခြင်းအကျိုးငှာ (ဝါ) တားမြစ်လိုသောကြောင့် ဂုဟဒုသာနံ ဒီဃံ-သုတ်ကို တည်ရပါသည်။

မေး ॥ ॥ ဤသုတ်ဖြင့် သရ+ဗျည်း နှစ်မျိုးတို့တွင် အဘယ်ကို ဒီဃပြုရမည်နည်း။?

ဖြေ ॥ ॥ (ဂုဟ ဒုသာနံ-ဟု သာမညအားဖြင့် ဆိုသော်လည်း) ဗျည်းအစိတ်၏ ဒီဃ အပြု မရှိသောကြောင့် အစဖြစ်သော ဂ, ဒ ဗျည်းတို့၏ အစိတ်ဥသရကိုသာ ဒီဃ ပြုရပါမည်။ (နိဒ္ဒေသ)

➢ ကာရိတ်ပစ္စည်းနှောင်းပါလျက် ဝုဒ္ဓိ မရောက်သောဓာတ် ॥ ॥ ဂုဟ ဒုသာနံ ဒီဃံ-သုတ်ကိုထောက်၍ ဂုဟဓာတ်, ဒုသဓာတ်တို့ ဖြစ်ပါသည်။

➢ ဤသုတ်က တားမြစ်သောသုတ် - အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ။

➢ ဥ-ကို ဩဝုဒ္ဓိပြုလျက် ဓါဿထိ-ဟု ရှုမ်ပြီးနိုင်/ပြေးနိုင် ॥ ॥ ဂုဟ ဒုသာနံ ဒီဃံ-သုတ်ဖြင့် ဒုသဓာတ်၏ ဝုဒ္ဓိ အပြုကို တားမြစ်သောအားဖြင့် ဒီဃပြုရမည်ဟု မိန့်

http://www.dhammadownload.com



ဆိုထားသောကြောင့် "ဒေါသယတိ" ဟု ရုပ်မပြီးနိုင်ပါ။

**➢ ဂူဟယတိ ဒူသယတိ–တို့၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း ။ ။** ဂုဟ ဒုသာနံ ဒီဃံ သုတ်ဖြင့် ကာရိတ်ပစ္စည်းကြောင့် ဂုဟဓာတ်, ဒုသဓာတ်တို့၏ အစိတ် ဥသရကို ဒီဃပြု ရမည်ဖြစ်သောကြောင့် ဂူဟယတိ ဒူသယတိ-တို့၌ ဝုဒ္ဓိ မပြုရပါ။

**➢ ဂုဟ, ဒုသဓာတ်တို့၏ ဝုဒ္ဓိ အပြုကို တားမြစ်သော သုတ်**

ဂုဟ ဒုသာနံ ဒီဃံ-သုတ် ဖြစ်ပါသည်။

**➢ ယောဂဝိဘာဂ/ လိုက်ပုဒ်ကိုကြည့်၍ သုတ်တည်ရကျိုး ။ ။** ကာရိတေ အလိုက် ကိုကြည့်၍ ဂုဟ ဒုသာနံ ဒီဃံ ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် ဂူဟတိ, ဒူသေတိ ပုံစံ တို့ ဝယ် ကာရိတ်ပစ္စည်း မနှောင်းရာ၌လည်း ဂုဟဓာတ်, ဒုသဓာတ်တို့၏ အစိတ်ဥသရကို ဒီဃပြုရခြင်းအကျိုး ရှိပါသည်။

**၄၈၇။ ဝစ ဝသ ဝဟာဒီနံ ဝုကာရော ဝဿ ယေ**

ဝစ ဝသ ဝဟ ဣစ္စေဝမာဒီနံ ဓာတူနံ ဝကာရဿ ဥကာရော ဟောတိ ယပစ္စယေ ပရေ။ ။ ဥစ္စတေ၊ ဝုစ္စတိ၊ ဝုဿတိ၊ ဝုယှတိ။

* ယေ၊ဘောကံ၌သက်သော ယပစ္စည်းကြောင့်။ဝစ ဝသ ဝဟာဒီနံ၊ဝစဓာတ်, ဝသ ဓာတ်, ဝဟဓာတ် အစရှိသည်တို့၏။ဝဿ၊ဝ၏။ဥကာရော၊ဥပြုသည်။ဟောတိ၊ဖြစ်၏။

[ **ဝဿ–ကို ဧကသေသနည်း တန္တနည်းဖြင့်၍ သုတ်ကိုအနက်ပေးပုံ**] ယေ၊ကြောင့်။ ဝစ ဝသ ဝဟာဒီနံ၊ဝစဓာတ်, ဝသဓာတ်, ဝဟဓာတ် အစရှိသည်တို့၏။ဝဿ၊ဝ-အက္ခရာ, ဝ-အက္ခရာ၏ အစိတ် အ-၏။ဥကာရော၊ ဥပြုသည်။ဟောတိ၊ဖြစ်၏။

* ပရေနောက်ဖြစ်သော။ယပစ္စယေ၊ဘောကံ၌သက်သော ယပစ္စည်းကြောင့်။ဝစ ဝသ ဝဟ ဣစ္စေဝမာဒီနံ ဓာတူနံ၊ဝစဓာတ်, ဝသဓာတ်, ဝဟဓာတ် အစရှိသည်တို့၏။ ဝကာရဿ၊ဝ-အက္ခရာ၏။ဥကာရော၊ဥပြုသည်။ဟောတိ၊၏။ * ဥစ္စတေ၊ဆိုခြင်း ဆိုအပ် ၏။ဝုစ္စတိ၊ဆိုအပ်၏။ဝုဿတိ၊သုံးနေခြင်း, သုံးနေအပ်၏။ဝုယှတိ၊ဆျောခြင်း ဆျောအပ်၏

**➢ ဝစ ဝသ ဝဟာဒီနံ+ဥကာရော+ဝဿ+ယေ–ဟု ၄–ပုဒ် အာဒေသဝိဓိသုတ်**

**➢ ဤသုတ်၏ နိမိတ်ဖြစ်သင့်သော သုတ်/ယဝစ္စယဝိဓိသုတ်**

ဘာဝကမ္မေသု ယော-သုတ် ဖြစ်ပါသည်။

**ယေ–အရ/ နိမိတ်–အရ ။ ။** [ ယေ-ဟု သာမညအားဖြင့် ဆိုသော်လည်း] ဝစ, ဝသ, ဝဟဓာတ်များသည် ဆိုခြင်း, နေခြင်း, ဆောင်ခြင်းအနက်ကို ဟောရာ၌ ဒိဝါဒိ ဂိုဏ်း မဖြစ်သောကြောင့် ဘာဝကမ္မေသု ယော-သုတ်ဖြင့် ဘောကံအနက်၌သက်သော ယပစ္စည်းကိုသာ ယူရပါမည်။ [ဒိဝါဒိတော ယော-သုတ်ဖြင့် ကတ္တားအနက်၌သက်သော ယပစ္စည်းကို မယူရပါ။]

http://www.dhammadownload.com



➤ **ဝ–အက္ခရာ နှစ်မျိုး** ။ ။ (၁) ဝ-အက္ခရာအား ဥပြုသောအဘို့၌ သက်သက်သော ဝ-အက္ခရာ၊ (၂) အ-အက္ခရာအား ဥပြုသောအဘို့၌ သမာသ်ဖြစ်သော ဝ-အက္ခရာ။

➤ **ဝဿ–အရ** ။ ။ ဥပြုသော ဝနှင့် ဝ-၏အစိတ် အသရကို ဥပြုသော နှစ်ခုမြောက်သော ဝ-တို့ကို ယူရပါမည်။

(တစ်နည်း) ဝဿ-အရ - နိတတ္တအားဖြင့် ဝ- အက္ခရာကို ယူ၍ နေယျတ္တအားဖြင့် ဝ-အက္ခရာ၏ အစိတ်ဖြစ်သော အ-အက္ခရာကို ယူရပါမည်။

➤ **အာဒိ–အရ** ။ ။ ဝဓုဓာတ်ကို ယူရပါမည်။

➤ **အာဒိ–သဒ္ဒါ ဆိုရကျိုး** ။ ။ အာဒိ-သဒ္ဒါဖြင့် ဝုဓုတော-၌ ဝဓုဓာတ်၏ ဝ-၏ အစိတ် အ-အက္ခရာကိုလည်း ဥပြုရခြင်းအကျိုး ရှိပါသည်။

➤ **ဝစ ဝဒ ဝဟဓာတ်တို့၏ အ–အက္ခရာကို ဥပြုနိုင်ခြင်းအကြောင်း**

ဝဿ အ ဝ-ဟု ဝစနတ္တပြု၍ ဒုတိယ ဝ-အက္ခရာကို ယူနိုင်သောကြောင့် ဝစ ဝဒ ဝဟဓာတ်တို့၏ အ-အက္ခရာကို ဥပြုနိုင်ပါသည်။

➤ **ယောဂဝိဘာဂ** ။ ။ ဝစ ဝဒ ဝဟာဒီန မုကာရော ဝဿ-ဟူသော ဒွိဓာတရဏ ယောဂဝိဘာဂဖြင့် ဥပဝုဠှော-၌ တ-ပစ္စည်းကြောင့်လည်း ဝ၏ အ-အက္ခရာကို ဥပြုနိုင်ခြင်း အကျိုးရှိပါသည်။ (ရှုသုတ်-၆၂၁)

---

၄၈၈။ ဟာ ဝိပရိယယော လော ဝါ

ဟကာရဿ ဝိပရိယယော ဟောတိ ယပစ္စယေ ပရေ ယပစ္စယဿ စ လော ဟောတိ ဝါ။ ။ ဝုလှတိ၊ ဝုယှတိ။

* ယေ၊ဘောက်၌သက်သော ယပစ္စည်းကြောင့်။ဟာဝိပရိယယော၊ဟ-၏ ဝိပရိတ် ပြုသည်။(ဝါ) ဟ-၏ ယနှင့် ရှေ့နောက်ပြန်ခြင်းသည်။ဟောတိ၊ဖြစ်၏။ယဿ၊ယပစ္စည်း၏။လော၊လပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ * ပရေနောက်ဖြစ်သော။ယပစ္စယေ၊ဘောက်၌သက်သော ယပစ္စည်းကြောင့်။ဟတာရဿ၊ဟ-အက္ခရာ၏။ဝိပရိယယော၊ဝိပရိတ်ပြုသည်။(ဝါ) ယနှင့် ရှေ့နောက်ပြန်ခြင်းသည်။ဟောတိ၊၏။ယပစ္စယဿ၊စ၊ယပစ္စည်း၏လည်း။လော၊လပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ * ဝုလှတိ၊ ဝုယှတိ၊မျှောခြင်း၊ မျှောအပ်၏။

➤ ဟာ ဝိပရိယယော+လော+ဝါ–တု ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **ဤသုတ်၏ နိမိတ်ဖြစ်သင့်သော သုတ်** ။ ။ဘာဝကမ္မေသု ယော-သုတ်။

➤ **ယပစ္စယေ–အရ/ နိမိတ်–အရ** ။ ။ ရှေ့သုတ်၌ကဲ့သို့ ဘောက်ဟော ယပစ္စည်းကိုသာ ယူရပါမည်။ [ သို့သော် မုယှတိ-(တွေဝေ၏) ၌ မုဟဓာတ် ဒိဝါဒိ ယပစ္စည်းဖြင့် ပြီးသောကြောင့် ကတ္တားဟော ဒိဝါဒိ ယပစ္စည်းကိုပါ ယူသင့်သည်။]

http://www.dhammadownload.com



➤ **ဟာဝိပရိယာသ(ဟာဝိပရိတ်) အဓိပ္ပါယ်** ။ ။ ဝုလှတိ,စသော ပြယုဂ်၌ ဟ-အက္ခရာ၏ ယ-အက္ခရာနှင့် ရှေ့နောက် အထက်အောက်ပြန်၍ ထားခြင်းသည် ဟာဝိပရိယာယ (ဟာဝိပရိတ်) မည်ပါသည်။

➤ **ဝိပရိယာယ (ဝိပရိတ်) အဓိပ္ပါယ်** ။ ။ ဖောက်ပြန်သည်၏ အစွမ်းဖြင့် ဖြစ်ခြင်းသည် ဝိပရိယာယ (ဝိပရိတ်) မည်ပါသည်။ (တစ်နည်း) ယ-အက္ခရာ၏ ရှေ့၌ ဟ-အက္ခရာ ထားခြင်းသည် ဝိပရိယာယ (ဝိပရိတ်) မည်ပါသည်။

➤ **ဝါ-သဒ္ဒါ၏အနက်** ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက် ဖြစ်ပါသည်။

➤ **ဝါ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ ဝါ-သဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာ အနက်ရှိသောကြောင့် ဂယှတိ စသည်၌ လ, မပြုရခြင်း အသန္တဝိဓိ၊ ဝုလှတိ, ဝုယှတိ စသည်၌ ရံခါ လပြု၍ ရံခါ လ, မပြုရခြင်း အနိစ္စဝိဓိကို ပိုင်းခြားပြပါသည်။

➤ **လမပြုရာဌာန** ။ ။ သုတ်၌ ယေ-ဟု ယ-အက္ခရာကိုသာ ကြားရသောကြောင့် နိမိတ်ဖြစ်သော ယ-ကိုသာ လပြုရပါမည်။

➤ **ယပစ္စယဿ-ဟု ဝုတ္တိ ဖွင့်ရခြင်းအကြောင်း** ။ ။ သုတ်၌ လောဝါ-ဟု ကာရိယသာ ရှိ၍ ကာရီ မရှိသော်လည်း နိမိတ်ယ-မှ တစ်ပါး ဟ ဝိပရိယယော လောဝါသုတ်၌ မကြားသောကြောင့်ရင်း, ရှေ့ဝါကျမှ လိုက်နိုင်သောကြောင့်ရင်း ဝိဘတ်ပြောင်းလွဲ၍ "ယပစ္စယဿ"ဟု ဝုတ္တိဖွင့်ရပါသည်။ (ဋီကာ-၁၉၄)

---

## ၄၈၉။ ဂဟဿ ဃေ ပ္ပေ

ဂဟ ဣစ္စေတဿ ဓာတုဿ သဗ္ဗဿ ဃေကာရော ဟောတိ ပ္ပ ပစ္စယေ ပရေ။ ။ ဃေပ္ပတိ။

* ပ္ပေ၊ပ္ပ ပစ္စည်းကြောင့်။ဂဟဿ၊အလုံးစုံသော ဂဟဓာတ်၏။ဃေ၊ဃေပြုသည်။ဟောတိ၊ဖြစ်၏။ ။ * ပရေနောက်ဖြစ်သော။ပ္ပ ပစ္စယေ၊ပ္ပ ပစ္စည်းကြောင့်။သဗ္ဗဿ၊အလုံးစုံသော။ဂဟ ဣစ္စေတဿ ဓာတုဿ၊ဂဟဓာတ်၏။ဃေကာရော၊ဃေပြုသည်။ဟောတိ၊ဖြစ်၏။ ။ ဃေပ္ပတိ၊ယူ၏။

➤ ဂဟဿ+ဃေ+ပ္ပေ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ နိမိတ်ဖြစ်သင့်သောသုတ်/ပ္ပ-ပစ္စယဝိဓိသုတ် - ဂဟာဒိတော ပ္ပဏှာသုတ်။

---

## ၄၉၀။ ဟ လောပေါ် ဏှာမှိ

ဂဟ ဣစ္စေတဿ ဓာတုဿ ဟကာရဿ လောပေါ ဟောတိ ဏှာမှိ ပစ္စယေ ပရေ။ ။ ဂဏှာတိ။

* ဏှာမှိ၊ဏှာ ပစ္စည်းကြောင့်။ဂဟဿ၊ဂဟဓာတ်၏။ဟလောပေါ၊ဟ-၏ ကျေခြင်းသည်။ဟောတိ၊ဖြစ်၏။ ။ * ပရေနောက်ဖြစ်သော။ဏှာမှိ ပစ္စယေ၊ဏှာပစ္စည်းကြောင့်။

http://www.dhammadownload.com



ဂဟ ဣစ္စေတသ္မာ ဓာတုသ္မာ၊ဂဟဓာတ်၏။ဟကာရဿ၊ဟ-အက္ခရာ၏၊လောပေါ၊ကျေခြင်းသည်။ဟောတိ၊ဖြစ်၏။ ။ ဂဏှာတိ၊ယူ၏။

➢ ဟလောပေါ+ဏှာမို-တု ၂-ပုဒ်ရှိသော လောပဝိဓိသုတ်

➢ နိမိတ်ဖြစ်သင့်သောသုတ်/ဏှာပစ္စယဝိဓိသုတ် ◦ ဂဟာဒိတော ပ္ပ ဏှာသုတ်။

➢ ဂဟဓာတ်၏ ဟ-ကိုသာ ချေရခြင်းအကြောင်း ။ ။ ဂဟဿ ဃေ ပ္ပေ-သုတ်မှ ဂဟဿ, သဒ္ဒါလိုက်လာသောကြောင့်-ဂဟဓာတ်၏ ဟ-ကိုသာ ချေရပါသည်။

---

## ၄၉၁။ ကရဿ ကာသတ္တမဇ္ဇတနိမှိ

ကရ ဣစ္စေတဿ ဓာတုဿ သဗ္ဗဿ ကာသတ္တံ ဟောတိ ဝါ အဇ္ဇတနိမှိ ဝိဘတ္တိမှိ။ ။ အကာသိ၊ အကာသုံ၊ အကရိ၊ အကရုံ။ ကာသတ္တမိတိ ဘာဝ နိဒ္ဒေသေန အညတ္ထာပိ သာဂမော ဟောတိ။ အဟောသိ၊ အဒါသိ။

* [ကစ္စည်းအလို] အဇ္ဇတနိမှိ၊အဇ္ဇတနီဝိဘတ်ကြောင့်။ကရဿ၊အလုံးစုံသော ကရဓာတ်၏။ကာသတ္တံ၊ကာသ အဖြစ်သည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

[ရူပသိဒ္ဓိအလို] ကရဿ၊အလုံးစုံသော ကရဓာတ်၏။ကာ၊ကာပြုသည်။ဟောတိ၊ဖြစ်၏။အဇ္ဇတနိမှိ၊အဇ္ဇတနီဝိဘတ်ကြောင့်။သတ္တဥ္စ၊သ-သည်လည်း။အာဂမော၊လာသည် ဟောတိ၊ဖြစ်၏။ ။ * အဇ္ဇတနိမှိ ဝိဘတ္တိမှိ၊အဇ္ဇတနီဝိဘတ်ကြောင့်။သဗ္ဗဿ၊အလုံးစုံသော။ကရ ဣစ္စေတဿ ဓာတုဿ၊ကရဓာတ်၏။ကာသတ္တံ၊ကာသ အဖြစ်သည်။ဝါ၊အချို့ ဟောတိ၊ဖြစ်၏။ ။ အကာသိ၊ပြုပြီ။အကာသုံ၊ပြုကုန်ပြီ။အကရိ၊ပြုပြီ။အကရုံ၊ပြုကုန်ပြီ။ ကာသတ္တမိတိဘာဝနိဒ္ဒေသေန၊ကာသတ္တံ-ဟူသော ဘာဝနိဒ္ဒေသဖြင့်။အညတ္ထာပိ၊တစ်ပါးသော ဓာတ်မှလည်း။ပရေနောက်၌။သာဂမော၊သ-လာသည်။ဟောတိ၊၏။ အဟောသိ၊ဖြစ်ပြီ။ အဒါသိ၊ပေးပြီ။

➢ ကရဿ+ကာသတ္တံ+အဇ္ဇတနိမှိ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➢ တ္တ-ပစ္စည်းပိုလွန်ပုံ ။ ။ ကာသမဇ္ဇတနိမှိ-ဟုဆိုလျှင် ပြီးနိုင်လျက် ကာသတ္တမဇ္ဇတနိမှိ-ဟု တ္တ-ပစ္စည်းအပိုကို ဆိုခြင်းကြောင့် ပိုလွန်ပါသည်။

➢ ကာသတ္တံ-ဟူ ဘာဝနိဒ္ဒေသဖြင့် ညွှန်ပြရကျိုး ။ ။ ကာသတ္တံ-ဟူသော ဘာဝနိဒ္ဒေသ ဖြင့် အဟောသိ, အဒါသိ ပြယုဂ်တို့၌ ကရဓာတ်မှတစ်ပါး ဟူဓာတ်, ဒါဓာတ်တို့နောင်မှ လည်း အဇ္ဇတနီဝိဘတ်ကြောင့် သ-အက္ခရာ လာရခြင်းအကျိုးရှိပါသည်။

➢ အညတ္ထာပိ-၌ အည-၏အဓိပ္ပါယ်အရ ။ ။ ကရဓာတ် ဖြစ်ပါသည်။

➢ အည-အရ ။ ။ဟူဓာတ်, ဒါဓာတ်တို့ ဖြစ်ပါသည်။

➢ ကရဿ ကာ-ဟု သုတ်ခွဲ၍တည်ရကျိုး/ယောဂဝိဘာဂ ။ ။ ကရဿ ကာ-ဟူသော ယောဂဝိဘာဂဖြင့် အကာ၊အကတ္ထ၊အကာ၊အကတ္ထ၊အကမှ,စသော ပြယုဂ်တို့၌

http://www.dhammadownload.com



ဟိယျတ္တနီ အာ, တ္ထ, အံ, မှာ, တ္ထ, မှသေ-ဟူသော ဝိဘတ် (၆)လုံးတို့ကြောင့် ကရဓာတ်ကို ကာပြုရခြင်းအကျိုး ရှိပါသည်။

➤ **သတ္တမဗ္ဗတနိမှိ-ဟူ ဆုတ်ခွဲရကျိုး/ ယောဂဝိဘာဂ** ။ ။ သတ္တမဗ္ဗတနိမှိ-ဟူသော ယောဂဝိဘာဂဖြင့် အဟောသိ အဝါသိ,စသော ပြယုဂ်တို့၌ အဇ္ဇတနီဝိဘတ်နောင်းရာဝယ် ကရဓာတ်မှတစ်ပါးသော ဟူဓာတ်, ဒါဓာတ်တို့နောင် သ-အက္ခရာ လာရခြင်း အကျိုးရှိပါသည်။

**မေး** ။ ။ သတ္တမဗ္ဗတနိမှိ-ဟူသော ယောဂဝိဘာဂဖြင့် မည်သည့်သရနောင် သ-လာသည်ဟု အကြောင်းနှင့်တကွ ဖော်ပြပါ။

**ဖြေ** ။ ။ ယောဂဝိဘာဂတော ဣဋ္ဌပ္ပသိဒ္ဓိ-ဟူ၍ ပရိဘာသာလာသောကြောင့် အာ, ဧ, ဩ ဒီဃသရနောက်၌သာ သ-လာရပါမည်။

➤ **သ-လာရာ၌ ရှု-ဆရာ၏ သတ်မှတ်ချက်** ။ ။ ယောဂဝိဘာဂတော ဣဋ္ဌပ္ပသိဒ္ဓိဟု ပရိဘာသာလာသောကြောင့် အဇ္ဇတနီဝိဘတ်နောင်းတိုင်း သ-အက္ခရာ မလာရ၊ များသောအားဖြင့် ဒီဃသရနောင်မှသာ သ-အက္ခရာ လာရပါသည်။

➤ **ယောဂဝိဘာဂ ပြုလုပ်ရကျိုး** ။ ။ လိုအပ်သော ရုပ်များ ပြီးစီးနိုင်ခြင်း အကျိုးရှိပါသည်။

➤ **ကရဓာတ်ကို ကာပြုရာ၌ နိမိတ်ဖြစ်သော ဝိဘတ်များ** ။ ။ ဟိယျတ္တနီ အာ, တ္ထ, အံ, မှာ, တ္ထ, မှသေ ဝိဘတ်တို့ ဖြစ်ပါသည်။

---

## ၄၉၂။ အသသ္မာ မိမာနံ မှိမှာ'န္တလောပေါ စ

အသ ဣစ္စေတာယ ဓာတုယာ မိမ ဣစ္စေတေသံ ဝိဘတ္တီနံ မှိမှာဒေသော ဟောန္တိ ဝါ၊ ဓာတွန္တဿ လောပေါစ။ ။ အမှိ၊ အမှ၊ အသ္မိ၊ အသ္မ။

* အသသ္မာ၊အသဓာတ်မှ။ပရေသံ၊နောင်းကုန်သော။မိမာနံ၊မိ, မ ဝိဘတ်တို့၏။မှိမှာ၊မှိပြု, မှပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။အန္တလောပေါ၊အစိတ်ဓာတွန်၏ ကျေခြင်းသည်လည်း။ဟောတိ၊ဖြစ်၏။ ။ * အသ ဣစ္စေတာယ ဓာတုယာ၊အသဓာတ်မှ၊ပရေသံ၊နောင်းကုန်သော။မိမ ဣစ္စေတေသံ ဝိဘတ္တီနံ၊မိ, မ ဝိဘတ်တို့၏။မှိမှာဒေသော၊မှိပြု, မှပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။ဓာတွန္တဿ၊အစိတ်ဓာတွန်၏။လောပေါစ၊ကျေခြင်းသည်လည်း။ဟောတိ၊၏။အမှိ၊ဖြစ်၏။အမှ၊ဖြစ်ကုန်၏။အသ္မိ၊ဖြစ်၏။အသ္မ၊ဖြစ်ကုန်၏

➤ **အသသ္မာ+မိမာနံ+မှိမှာ+အန္တလောပေါ+စ-ဟူ ၅-ပုဒ်ရှိသော အာဒေသဝိဓိ/ လောပဝိဓိသုတ်။**

➤ **အန္တလောပေါ-၌ အန္တ-အရ** ။ ။ အသသ္မာ-ဟူသော သဒ္ဒန္တရိက်ကိုထောက်၍ ဓာတွန်သ-ကို ယူရပါမည်။

http://www.dhammadownload.com



➤ **ဤသုတ်အစီအရင် မမြဲခြင်းအကြောင်း** ॥ ॥ ယဋ္ဌာဒိနံဝါ-သုတ်မှ လိုက်လာသော ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် မမြဲပါ။ (အနိစ္စဝိဓိ ဖြစ်ပါသည်။)

➤ **စ-သဒ္ဒါ၏အနက်** ॥ ॥ စသဒ္ဒါသည် သမ္ပိဏ္ဍနအနက် ဖြစ်ပါသည်။

➤ **စသဒ္ဒါ ဆိုရကျိုး** ॥ ॥ စ-သဒ္ဒါဖြင့် မိ, မ-တို့ကိုသာ မှီ, မှုပြုသည်မဟုတ်၊ အသ ဓာတ်၏ အစိတ်ဖြစ်သော သ-အက္ခရာကိုလည်း ချေသေး၏ဟု နှစ်ခုမြောက်သော သ-အက္ခရာ ကျေခြင်းကို ပေါင်းခြင်းအကျိုး ရှိပါသည်။

➤ **ယျော်ဝိဘတ်ကို 'ဣယုံ' ပြုရာဌာန** ॥ ॥ အသဓာတ်နောင်ရှိသော ယျော်ဝိဘတ်ကို 'ဣယုံ' ပြုရပါမည်။

➤ **ဟုဓာတ်၏ ဓာတွတ္ထများ** ॥ ॥ ဟုႏဒါနာဒနဟာဗျပ္ပဒါနေသုႈပေးလှူခြင်း, စားခြင်း မီး၌ ပူဇော်အပ်သော မီးစာ ထောပတ် စသည်ကိုပေးခြင်း။ ဟုႏဟာဝနေ ပူဇော်ခြင်း။

## ၄၉၃။ ထဿ တ္ထတ္တံ

အသ ဣစ္စေတာယ ဓာတုယာ ထဿ ဝိဘတ္တိဿ တ္ထတ္တံ ဟောတိ၊ ဓာတွန္တဿ လောပေါ စ။ ॥ အတ္ထ။

* အသသ္မာ၊အသဓာတ်မှ။ပရဿ၊နောက်ဖြစ်သော။ထဿ၊ထဝိဘတ်၏။တ္ထတ္တံ၊တ္ထ ၏ အဖြစ်သည်။ဟောတိ၊၏။အန္တလောပေါ၊အစိတ်ဓာတွန်၏ ကျေခြင်းသည်လည်း။ ဟောတိ၊ဖြစ်၏။ ॥ * အသ ဣစ္စေတာယ ဓာတုယာ၊အသဓာတ်မှ၊ပရဿ၊သော။ ထဿ ဝိဘတ္တိဿ၊ထဝိဘတ်၏။တ္ထတ္တံ၊တ္ထ-၏အဖြစ်သည်။ဟောတိ၊၏။ဓာတွန္တဿ၊ အစိတ်ဓာတွန်၏။လောပေါ၊ကျေခြင်းသည်လည်း။ဟောတိ၊၏။ ။အတ္ထ၊ဖြစ်ကုန်၏။

➤ **ထဿ+တ္ထတ္တံ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိ/လောပဝိဓိသုတ်**

➤ **ဝတ္တမာန် ထဝိဘတ်ကိုသာ တ္ထပြုရခြင်းအကြောင်း** ॥ ॥ ဝတ္တမာန် ထဝိဘတ်, ပဉ္စမီ ထဝိဘတ် နှစ်မျိုးတို့တွင် အသသ္မာ မိမာနံ မှိမှန္တလောပေါစ-သုတ်ဖြင့် ဝတ္တမာန် မိ, မဝိဘတ်တို့ကို စီရင်ခြင်းကြောင့်ရင်း၊ တိဿ တ္ထိတ္တံ-သုတ်ဖြင့် ဝတ္တမာန်ဝိဘတ်ကို စီရင်ခြင်းကြောင့်ရင်း ဝတ္တမာန် ထဝိဘတ်ကိုသာ 'တ္ထ' ပြုရပါသည်။

## ၄၉၄။ တိဿ တ္ထိတ္တံ

အသ ဣစ္စေတာယ ဓာတုယာ တိဿ ဝိဘတ္တိဿ တ္ထိတ္တံ ဟောတိ၊ ဓာတွန္တဿ လောပေါ စ။ ॥ အတ္ထိ။

[တိဿ+တ္ထိတ္တံ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိ/လောပဝိဓိသုတ်]

* အသသ္မာ၊အသဓာတ်မှ။ပရဿ၊နောက်ဖြစ်သော။တိဿ၊တိဝိဘတ်၏။တ္ထိတ္တံ၊တ္ထိ ၏ အဖြစ်သည်။ဟောတိ၊၏။အန္တလောပေါ၊အစိတ်ဓာတွန်၏ ကျေခြင်းသည်လည်း။

http://www.dhammadownload.com



ဟောတိ၊ဖြစ်၏။ ။ * အသ ဣစ္စေတာယ ဓာတုယာ၊အသဓာတ်မှ။ပရဿ၊သော။ တိဿ ဝိဘတ္တိဿ၊တိဝိဘတ်၏။ တ္ထိတ္ထံ၊တ္ထိ-၏အဖြစ်သည်။ဟောတိ၊၏။ဓာတွန္တဿ၊ အစိတ်ဓာတွန်၏။လောပေါ၊ကျေခြင်းသည်လည်း။ဟောတိ၊၏။ ။အတ္ထိ၊ဖြစ်၏၊ရှိ၏။

## ၄၉၅။ တုဿ ထ္ထုတ္တံ

အသ ဣစ္စေတာယ ဓာတုယာ တုဿ ဝိဘတ္တိဿ ထ္ထုတ္တံ ဟောတိ၊ ဓာတွန္တဿ လောပေါ စ။ ။ အတ္ထု။

* အသသ္မာ၊အသဓာတ်မှ။ပရဿ၊နောက်ဖြစ်သော။တုဿ၊တုဝိဘတ်၏။ထ္ထုတ္တံ၊ထ္ထု ၏ အဖြစ်သည်။ဟောတိ၊၏။အန္တလောပေါ၊အစိတ်ဓာတွန်၏ ကျေခြင်းသည်လည်း။ ဟောတိ၊ဖြစ်၏။ ။ * အသ ဣစ္စေတာယ ဓာတုယာ၊အသဓာတ်မှ။ပရဿ၊သော။ တုဿ ဝိဘတ္တိဿ၊တုဝိဘတ်၏။ထ္ထုတ္တံ၊ထ္ထု-၏အဖြစ်သည်။ဟောတိ၊၏။ဓာတွန္တဿ၊ အစိတ်ဓာတွန်၏။လောပေါ၊ကျေခြင်းသည်လည်း။ဟောတိ၊၏။ ။အတ္ထု၊ဖြစ်ပါစေ။

➤ **တုဿ+ထ္ထုတ္တံ–ဟူ ၂–ပုဒ်ရှိသော အာဒေသဝိဓိ/လောပဝိဓိသုတ်**

➤ **ဘာဝနိဒ္ဒေသ ၂–ခု အထူး** ။ ။ ကရဿ ကာသတ္တ မဇ္ဈတနိမှိ-သုတ်၌ ကာသတ္တံ ဟူသော ဘာဝနိဒ္ဒေသ-သည် ကရဓာတ်မှတစ်ပါးသော ဓာတ်နောင် သ-အက္ခရာ လာ ရခြင်းအကျိုးရှိပါသည်။ တုဿ ထ္ထုတ္တံ-သုတ်၌ ထ္ထုတ္တံ-ဟူသော ဘာဝနိဒ္ဒေသ-သည် သုတ်ကို ရွတ်ဆိုလွယ်ကူစေခြင်း အကျိုးမျှသာ ရှိပါသည်။ ဤသို့ ထူးပါသည်။

## ၄၉၆။ သိမှိ စ

အသသော ဓာတုဿ သိမှိ ဝိဘတ္တိမှိ အန္တဿ လောပေါ စ ဟောတိ။ ကော နု တွမသိ မာရိသ။

* သိမှိစ၊သိဝိဘတ်ကြောင့်လည်း။အသဿ၊အသဓာတ်၏။အန္တလောပေါ၊အစိတ် ဓာတွန်၏ ကျေခြင်းသည်လည်း။ဟောတိ၊ဖြစ်၏။ ။ * သိမှိ ဝိဘတ္တိမှိ၊သိဝိဘတ်ကြောင့် အသဿ ဓာတုဿ၊အသဓာတ်၏။အန္တဿ၊အစိတ်ဓာတွန်၏။လောပေါစ၊ကျေခြင်း သည်သာလျှင်။ဟောတိ၊ဖြစ်၏။ ။ မာရိသ၊အမောင်။တွံ၊သင်သည်။ကော၊ဘယ်သူသည်။ အသိနု၊ဖြစ်သနည်း။

➤ **သိမှိ+စ–ဟူ ၂–ပုဒ်ရှိသော လောပဝိဓိသုတ်**

➤ **စ–သဒ္ဒါ၏အနက်** ။ ။ စ-သဒ္ဒါသည် အသဓာတ်ကို နစ်စေခြင်း နိဝတ္တနအနက် ရှိပါသည်။ [နိဒ္ဒေသ] တစ်နည်း---ဟိဝိဘတ်ကို ဆည်းသောကြောင့် သမုစ္စည်းရှိသည်။

➤ **စ–သဒ္ဒါဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် တွဲ အပဟိ ပုံစံ၌ ဟိဝိဘတ်နှောင်းရာဝယ် အသဓာတ်၏ အစိတ်ဖြစ်သော သ-အက္ခရာကို ချေရခြင်းအကျိုး ရှိပါသည်။

➤ **ဤသုတ်ကို တုဿ ထ္ထုတ္တံ–သုတ်နောက်၌ ဆိုရခြင်းအကြောင်း** ။ ။ အသဓာတ်

http://www.dhammadownload.com



၏ အစိတ်ဖြစ်သော သ-အက္ခရာကိုသာ ချေ၍ နိမိတ်ဖြစ်သော သိဝိဘတ်၏ တစ်စုံ တစ်ခုသော အပြုကို နစ်စေလိုသောကြောင့်-- ဆိုရပါသည်။

## ၄၉၇။ လဘာသွာ ဤ ဏ္ဍံနံ ထ္ထ ဏ္ဍံ

လဘာ ဏ္ဍဗ္ဗေတာယ ဓာတုယာ ဤ ဏ္ဍံနံ ဝိဘတ္တီနံ ထ္ထ ဏ္ဍံ အာဒေသာ ဟောန္တိ ဓာတွန္တဿ လောပေါ စ။ ။ အလတ္ထ၊ အလတ္ထံ။

* လဘာသွာ၊လဘာဓာတ်မှ၊ပရေသံ၊နှောင်းကုန်သော။ဤ ဏ္ဍံနံ၊ဤဝိဘတ် ဏ္ဍံဝိဘတ် တို့၏။ထ္ထထ္ထံ၊ထ္ထပြု၊ ထ္ထံပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။အန္တလောပေါ၊အစိတ် ဓာတွန်၏ ကျေခြင်းသည်လည်း။ဟောတိ၊၏။ ။ * လဘာ ဏ္ဍဗ္ဗေတာယ ဓာတုယာ၊လဘာ ဓာတ်မှ၊ပရေသံ၊ကုန်သော။ဤ ဏ္ဍံနံ ဝိဘတ္တီနံ၊ဤဝိဘတ်, ဏ္ဍံဝိဘတ်တို့၏။ထ္ထ ထ္ထံ အာ ဒေသာ၊ထ္ထပြု, ထ္ထံပြုတို့သည်။ဟောန္တိ၊ကုန်၏။ဓာတွန္တဿ၊အစိတ်ဓာတွန်၏။လောပေါ စ၊ ကျေခြင်းသည်လည်း။ဟောတိ၊၏။ ။ သော၊ထိုသူသည်။အလတ္ထ၊ရပြီ။အဟံ၊ငါသည်။ အလတ္ထံ၊ရပြီ။

➤ **လဘာသွာ+ဤဏ္ဍံနံ+ထ္ထထ္ထံ–ဟူ ၃–ပုဒ်ရှိသော အာဓေသဝိဓိ/လောပဝိဓိသုတ်**

➤ **ဤသုတ်သို့ လိုက်လာသော သဒ္ဒါ** ။ ။ ဤသုတ်သို့ ဟဝိပရိယယော လောဝ၊ သုတ်မှ ဝါ-သဒ္ဒါ၊အသသွာ မိမာနံ-သုတ်မှ အန္တလောပ-သဒ္ဒါတို့ လိုက်လာသည်။

➤ **ဏ္ဍံဝိဘတ် အဆုံးအဖြတ်** ။ ။ ပရောက္ခာ ဏ္ဍံဝိဘတ်, ဟိယျတ္တနီ ဏ္ဍံဝိဘတ်, အဇ္ဇတနီ ဏ္ဍံဝိဘတ် (၃)မျိုးတို့တွင် အဇ္ဇတနီ ဤဝိဘတ်နှင့် တွဲစပ်၍ နေသောကြောင့် အဇ္ဇတနီ ဏ္ဍံဝိဘတ်သာ ဖြစ်ပါသည်။

➤ **ဤသုတ် အစီအရင် မပြုရခြင်းအကြောင်း** ။ ။ ဟဝိပရိယယော လောဝါ-သုတ်မှ မဏ္ဍူက ဂတိကနည်းဖြင့် ဝါ-သဒ္ဒါလိုက်လာသောကြောင့်ရင်း၊ အလဘိ အလဘိံ ဟု ရုပ်ရှိသောကြောင့်ရင်း မပြုပါ။

➤ **ယောဂဝိဘာဂ** ။ ။ ဤ ဏ္ဍံနံ ထ္ထထ္ထံ-ဟူသော ယောဂဝိဘာဂဖြင့် ပါပတ္ထံ (ပ+ပတ+ ဤ) အပတ္ထ အပတ္ထံ ပြယုဂ်တို့၌ ပတဓာတ်နောင် ဤဝိဘတ်, ဏ္ဍံဝိဘတ်တို့ကို ထ္ထပြု, ထ္ထံ ပြုနိုင်ပါသည်။ (အပတ္ထ•ကျတတ်ပြီ)

## ၄၉၈။ ကုသာသွာ ဤ စ္ဆိ

ကုသ ဏ္ဍဗ္ဗေတာယ ဓာတုယာ ဤဝိဘတ္တိဿ စ္ဆိ ဟောတိ၊ ဓာတွန္တဿ လောပေါ စ။ ။ အက္ကောစ္ဆိ။

* ကုသသွာ၊ကုသဓာတ်မှ၊ပရဿ၊နောက်ဖြစ်သော။ဤ၊ဤဝိဘတ်၏။စ္ဆိ၊စ္ဆိပြုသည်။ ဝါ၊အချို့။ဟောတိ၊၏။အန္တလောပေါ၊အစိတ်ဓာတွန်၏ ကျေခြင်းသည်လည်း။ဟောတိ၊ ဖြစ်၏။ ။ * ကုသ ဏ္ဍဗ္ဗေတာယ ဓာတုယာ၊ကုသဓာတ်မှ၊ပရဿ၊နောက်ဖြစ်သော။ ဤ

http://www.dhammadownload.com



ဝိဘတ္တိဿ၊ဤဝိဘတ်၏။စ္ဆိ၊စ္ဆိပြုသည်။ဟောတိ၏။ဓာတွန္တဿ၊အစိတ်ဓာတွန်၏။လောပေါ၊ကျေခြင်းသည်လည်း။ဟောတိ၏။ ။ အက္ကောစ္ဆိ။ဆဲရေးပြီ။

**➢ ကုသသ္မာ+ဤ+စ္ဆိ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိ/လောပဝိဓိသုတ်**

**➢ ဤ-သဒ္ဒါကို တစ်ဝန်ဆိုရကျိုး** ။ ။ 'ဣ'ဟူသောပုဒ် လိုက်ခြင်းကို နစ်စေခြင်း အကျိုးရှိပါသည်။

**➢ ကုသသ္မာ/ကုဓသ္မာ/ကုပသ္မာ အဆုံးအဖြတ်** ။ ။ (ရူပသိဒ္ဓိ-အလို) ကုသ=အက္ကောသေ-ဟု ဆိုသောကြောင့် ကုသသ္မာ သင့်ပါသည်။ (သျှာသ-အလို) ကုဓ=ကောပေ-ဟု ဆိုသောကြောင့် ကုဓသ္မာ သင့်ပါသည်။ (သဒ္ဒနီတိ-အလို) ကုပ=ကောပေ ဟု ဆိုသောကြောင့် ကုပသ္မာ သင့်ပါသည်။ ထို (၃)မျိုးတို့တွင် အက္ကောစ္ဆိတိ အက္ကောသိ ဟု ဓမ္မပဒ အဋ္ဌကထာ၌ ဖွင့်ဆိုသောကြောင့် ကုသသ္မာ-သာ အတိသုန္ဒရ ဖြစ်သည်။

**➢ ဤသုတ်အစီအရင် မပြခြင်းအကြောင်း** ။ ။ ဟ ဝိပရိယယော လောဝါ-သုတ်မှ မဏ္ဍူကဂတိကနည်းဖြင့် ဝါ-သဒ္ဒါလိုက်လာသောကြောင့်ရင်း၊ ရူပသိဒ္ဓိ၌ အက္ကောသိ-ဟု ကိုယ်ပိုင်ထုတ်သောကြောင့်ရင်း မပြပါ။

---

## ၄၉၉။ ဒါ ဓာတုဿ ဒဇ္ဇံ

ဒါ ဣစ္စေတဿ ဓာတုဿ သဗ္ဗဿ ဒဇ္ဇာဒေသော ဟောတိ ဝါ။

ဒဇ္ဇာမိ၊ ဒဇ္ဇေယျ၊ ဒဒါမိ၊ ဒဒေယျ။

* ဒါ ဓာတုဿ၊အလုံးစုံသော ဒါဓာတ်၏။ဒဇ္ဇံ၊ဒဇ္ဇပြုသည်။ဝါ၊အချို့။ဟောတိ၏။

* သဗ္ဗဿ၊အလုံးစုံသော။ဒါ ဣစ္စေတဿ ဓာတုဿ၊ဒါဓာတ်၏။ဒဇ္ဇာဒေသော၊ဒဇ္ဇပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ ဒဇ္ဇာမိ၊ပေး၏။ဒဇ္ဇေယျ၊ပေးရာ၏။ဒဒါမိ၊ပေး၏။ဒဒေယျ၊ပေးရာ၏။

**➢ ဒါ ဓာတုဿ+ဒဇ္ဇံ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

**➢ ဒဇ္ဇပြုရာ၌ နိမိတ်ဖြစ်သင့်သော ဝိဘတ်** ။ ။ (ကစ္စည်းအလို) ဝတ္တမာန်ဝိဘတ်, သတ္တမီဝိဘတ်တို့ ဖြစ်ပါသည်။ (ရူပသိဒ္ဓိ-အလို) ဝတ္တမာန်, ပဉ္စမီ, သတ္တမီ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိဝိဘတ်တို့ ဖြစ်ပါသည်။ (ပုံစံ) ဒဇ္ဇတိ၊ ဒဇ္ဇတု၊ ဒဇ္ဇေယျ၊ အဒဇ္ဇိ ဒဇ္ဇိဿတိ၊ အဒဇ္ဇိဿာ။

**➢ ဒါဓာတ်ကို ဒဇ္ဇပြုရာ၌ ပြ/မပြ** ။ ။ ဟ ဝိပရိယယော လောဝါ-သုတ်မှ မဏ္ဍူကဂတိကနည်းဖြင့် ဝါ-သဒ္ဒါလိုက်လာသောကြောင့် မပြပါ။

**➢ ဝါသဒ္ဒါ၏အနက်** ။ ။ ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။

**➢ အဓိကာရ ဝါ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ လိုက်လာသော ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် ဒဇ္ဇတိ ဒေတိ ပြယုဂ်တို့၌ ဒါဓာတ်

http://www.dhammadownload.com



ကို ရံခါ ဒွေပြုရခြင်း အနိစ္စဝိဓိ၊ ဒေတိ ဒဒါတိ-တို့၌ အ-ပစ္စည်းကို ပြေရာ၌ရှင်း၊ ဒါ ဒါ ဟု ဒွေဘော်ပြုရာ၌ရှင်း ဒါဓာတ်ကို ဒွေ မပြုရခြင်း အသန္တဝိဓိကို ပိုင်းခြားပြပါသည်။

## ၅၀၀ ။ ဝဒဿ ဝဇ္ဇံ

ဝဒ ဣစ္စေတဿ ဓာတုဿ သဗ္ဗဿ ဝဇ္ဇာဒေသော ဟောတိ ဝါ။

ဝဇ္ဇာမိ၊ ဝဇ္ဇေယျ၊ ဝဒါမိ၊ ဝဒေယျ။

* ဝဒဿ၊အလုံးစုံသော ဝဒဓာတ်၏။ဝဇ္ဇံ၊ဝဇ္ဇပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

[ဓ္ဓ-အလို] သဗ္ဗဿ၊အလုံးစုံသော ဝိဘတ်တို့ကြောင့်။ဝဒဿ၊အလုံးစုံသော ဝဒ ဓာတ်၏။ဝဇ္ဇံ၊ဝဇ္ဇပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

* သဗ္ဗဿ၊အလုံးစုံသော။ဝဒ ဣစ္စေတဿ ဓာတုဿ၊ဝဒဓာတ်၏။ဝဇ္ဇာဒေသော၊ ဝဇ္ဇပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ ဝဇ္ဇာမိ၊ဆို၏။ဝဇ္ဇေယျ၊ဆိုရာ၏။ဝဒါမိ၊ဆို၏။ ဝဒေယျ၊ဆိုရာ၏။

### ➤ ဝဒဿ+ဝဇ္ဇံ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ ဝဇ္ဇပြုရာ၌ နိမိတ်ဖြစ်သင့်သော ဝိဘတ် ။ ။ (တစ္စည်းအလို) ဝတ္တမာနဝိဘတ်, သတ္တမီဝိဘတ်တို့ ဖြစ်ပါသည်။ (ရူပသိဒ္ဓိ-အလို) ပရောက္ခာကြဉ် အာချာတ်ဝိဘတ် (၇) မျိုး ဖြစ်ပါသည်။ (ပုံစံ) ဝဇ္ဇေတိ၊ဝဇ္ဇေတု၊ဝဇ္ဇေယျ၊အဝဇ္ဇာ၊အဝဇ္ဇိ၊ဝဇ္ဇိဿတိ၊အဝဇ္ဇိဿာ။

➤ ရူပသိဒ္ဓိ၌ သဗ္ဗာသု-ဟု ဖွင့်ဆိုရခြင်းအကြောင်း ။ ။ ဝိဘတ်အရာဖြစ်သော ကြောင့် (ဝါ) ဝိဘတ္တိ-သဒ္ဒါ လိုက်လာသောကြောင့် 'သဗ္ဗာသု'ဟု ဖွင့်ဆိုရပါသည်။

## ၅၀၁။ ဂမိဿ ဃမ္မံ

ဂမု ဣစ္စေတဿ ဓာတုဿ သဗ္ဗဿ ဃမ္မာဒေသော ဟောတိ ဝါ။

ဃမ္မတု၊ ဃမ္မာဟိ၊ ဃမ္မာမိ။ ဝါတိ ကိမတ္ထံ? ဂစ္ဆတု၊ ဂစ္ဆာဟိ၊ ဂစ္ဆာမိ။

* ဂမိဿ၊အလုံးစုံသော ဂမုဓာတ်၏။ဃမ္မံ၊ဃမ္မပြုသည်။ဝါ၊အချို့။ဟောတိ၊၏။

* သဗ္ဗဿ၊အလုံးစုံသော။ဂမု ဣစ္စေတဿ ဓာတုဿ၊ဂမုဓာတ်၏။ဃမ္မာဒေသော၊ ဃမ္မပြုသည်။ဝါ၊အချို့။ဟောတိ၊၏။ ။ ဃမ္မတု၊ဃမ္မာဟိ၊သွားလော။ ဃမ္မာမိ၊သွား၏။ ဝါတိပဒံ၊ဝါ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ဂစ္ဆတု၊ဂစ္ဆာဟိ၊သွားလော။ ဂစ္ဆာမိ၊သွား၏။

### ➤ ဂမိဿ+ဃမ္မံ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ ဃမ္မပြုရာ၌ ဖြစ်သင့်သော နိမိတ် ။ ။ (တစ္စည်းအလို) ဝတ္တမာနဝိဘတ်, ပဉ္စမီ ဝိဘတ်။ (ရူပသိဒ္ဓိ-အလို) ပရောက္ခာဝိဘတ်ကြဉ် အာချာတ်ဝိဘတ် ၇-မျိုး ဖြစ်ပါသည်။ ပုံစံ--- ဃမ္မတိ၊ဃမ္မတု၊ဃမ္မေယျ၊အဃမ္မာ၊အဃမ္မိ၊ဃမ္မိဿတိ၊အဃမ္မိဿာ။

➤ ဂမိဿ-ဟု သုတ်ခွဲ၍ တည်ရကျိုး/ယောဂဝိဘာဂ ။ ။ ဂမိဿ-ဟူသော ယောဂ

http://www.dhammadownload.com



ဝိဘာဂဖြင့် ဂစ္ဆတိ-၌ ဂမုဓာတ်ကိုလည်း ဂစ္ဆပြုရခြင်းအကျိုး ရှိပါသည်။

➤ ဂမုဓာတ်၏ မ-ကို ပြုနိုင်သော ကာရိယများ ။ ။ ဆွပြု၊ ဥပြု၊ ဂ္ဆပြု။

➤ ဂမုဓာတ်၏ ကာရိယများ ။ ။ ယမ္မပြု၊ ဂစ္ဆပြု-တို့ ဖြစ်ပါသည်။

## ၅၀၂။ ယမှိ ဒါ ဓာ မာ ဌာ ဟာ ပါ မဟ မထာ ဒိနမီ

ယမှိ ပစ္စယေ ပရေ ဒါ ဓာ မာ ဌာ ဟာ ပါ မဟ မထ ဣစ္စေဝမာဒီနံ ဓာတူနံ အန္တော ဤကာရမာပဇ္ဇတေ။

ဒီယတိ၊ ဓီယတိ၊ မီယတိ၊ ဌီယတိ၊ ဟီယတိ၊ ပီယတိ၊ မဟီယတိ၊ မထီယတိ။

* ယမှိ၊ဘောက်၌သက်သော ယပစ္စည်းကြောင့်။ဒါဓာမာဌာဟာပါမဟမထာဒီနံ၊ ဒါဓာတ်, ဓာဓာတ်, မာဓာတ်, ဌာဓာတ်, ဟာဓာတ်, ပါဓာတ်, မဟဓာတ်, မထဓာတ်, အစရှိသည်တို့၏။အန္တော၊အစိတ်သရသည်။ဤ၊ဤ အဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။

* ပရေနောက်ဖြစ်သော။ယမှိ ပစ္စယေ၊ယပစ္စည်းကြောင့်။ဒါဓာမာဌာဟာပါမဟ မထဣစ္စေဝမာဒီနံ ဓာတူနံ၊ ဒါဓာတ်, ဓာဓာတ်, မာဓာတ်, ဌာဓာတ်, ဟာဓာတ်, ပါဓာတ်, မဟဓာတ်, မထဓာတ်, အစရှိသည်တို့၏။အန္တော၊အစိတ်သရသည်။ဤကာရံ၊ဤ အဖြစ်သို့။ အာပဇ္ဇတေ၊ရောက်၏။ ။ * ဒီယတိ၊ပေးအပ်၏။ဓီယတိ၊ဆောင်အပ်၏။မီယတိ၊နှိုင်းရှည့်အပ်၏။ဌီယတိ၊တည်ခြင်း, တည်ရာ၏။ဟီယတိ၊စွန့်အပ်၏။ပီယတိ၊သောက်အပ်၏။ မဟီယတိ၊ပူဇော်အပ်၏။မထီယတိ၊မွှေနှောက်အပ်၏။

➤ **ယမှိ+ဒါဓာမာဌာဟာပါမဟမထာဒီနံ+ဤ-ဟု ၃-ပုဒ် အာဒေသဝိဓိသုတ်**

➤ **ယမှိ-အရ/နိမိတ်အရ** ။ ။ ဘောက်အရာ၌သက်သော ယပစ္စည်း ဖြစ်ပါသည်။

➤ **အာဒိ-အရ** ။ ။ အသဓာတ်ကို ယူရပါမည်။ (ပုံစံ) အသီယတိ။

**မေး** ။ ။ ဒီယတေ, စသော ရုပ်များ၌ ဣဝဏ္ဏာဂမောဝါ-သုတ်ဖြင့် ဤ-လာလျှင် ပြီးနိုင်ပါလျက် ဤသုတ်ကိုဆိုခြင်းသည် အဘယ်အကျိုးရှိပါသနည်း။

➤ **ဤသုတ်ကို ဆိုရခြင်းအကျိုး** ။ ။ နိစ္စဝိဓိကို ပြရခြင်းအကျိုး ရှိပါသည်။

[ရှင်းလင်းချက်] ဣဝဏ္ဏာဂမောဝါသုတ်ဖြင့် ဣ, ဤ နှစ်မျိုးလာလျှင် ဒီယတေ ဒိယတေ စသည်ဖြင့် ရုပ်နှစ်မျိုးဖြစ်ဖွယ် ရှိ၏၊ ယမှိ ဒါဓာ-သုတ်ကို ဆိုခြင်းကား ရုပ်နှစ်မျိုး မဖြစ်၊ ဒီယတေ စသည်ဖြင့် တစ်မျိုးစီသာ အမြဲရှိရမည်ဟု နိစ္စဝိဓိကို ပြရခြင်းအကျိုး ရှိပါသည်။

## ၅၀၃။ ယဇဿာ ဒိဿိ

ယဇ ဣစ္စေတဿ ဓာတုဿ အာဒိဿ ဣကာရာဒေသော ဟောတိ ယ ပစ္စယေ ပရေ။ ဣဇ္ဇတေ မယာ ဗုဒ္ဓေါ။

* ယမှိ၊ဘောက်၌သက်သော ယပစ္စည်းကြောင့်။ယဇဿ၊ယဇဓာတ်၏။အာဒိဿ၊

http://www.dhammadownload.com



အစ, ယ၏။ကွ။ကွပြုသည်။ဟောတိ။ဖြစ်၏။ ။ * ပရေ။နောက်ဖြစ်သော။ယပစ္စယေ။ ယပစ္စည်းကြောင့်။ယဇ ကွစွေတသ ဓာတုဿ။ယဇဓာတ်၏။အာဒိဿ။အစ, ယ၏။ကွ ကာရာဒေသော၊ကွပြုသည်။ဟောတိ၊၏။ ။ မယာ၊ငါသည်။ဗုဒ္ဓေါ၊ဘုရားကို။ကွစ္စတော၊ ပူဇော်အပ်၏။

➤ ယဇဿ+အာဒိဿ+ကွ–ဟူ ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ ဤသုတ်သို့ လိုက်လာသော သဒ္ဒါ ။ ။ ယမှိ ဒါဓာ-သုတ်မှ ယမှိ-သဒ္ဒါလိုက်သည်။

➤ အာဒိဿ–အရ ။ ။ ယဇဓာတ်၏ အစ, ယ-အက္ခရာကို ယူရပါမည်။

➤ ကွ–အရ ။ ။ အာဒိဿ-ဟူသော သဒ္ဒန္တရိက်ကိုထောက်၍ ယဇဓာတ်၏ အစ ယ-ကိုသာ ကွပြုရပါမည်။

➤ ယဇဿ–ဟု မဆိုဘဲ ယဇဿာဒိဿ–ဟု အာဒိသဒ္ဒါနှင့်တကွ ဆိုရကျိုး ယဇဓာတ်၏ ယ-ကိုသာ ကွပြုသည်ဟု သိစေခြင်းအကျိုး ရှိပါသည်။

## ၅၀၄။ သဗ္ဗတော ဥံ ကွံသု

သဗ္ဗေဟိ ဓာတူဟိ ဥံ ဝိဘတ္တိဿ ကွံသု အာဒေသော ဟောတိ။

ဥပသင်္ကမိံသု၊ နိသီဒိံသု။

* သဗ္ဗတော၊ခပ်သိမ်းသော ဓာတ်မှ။ပရဿ၊နောက်ဖြစ်သော။ဥံ၊ဥံဝိဘတ်၏။ကွံသု၊ ကွံသုပြုသည်း။ဟောတိ၊ဖြစ်၏။ ။ * သဗ္ဗေဟိ၊ခပ်သိမ်းကုန်သော။ဓာတူဟိ၊ဓာတ်တို့မှ။ ပရဿ၊နောက်ဖြစ်သော။ဥံ ဝိဘတ္တိဿ၊ဥံဝိဘတ်၏။ကွံသု အာဒေသော၊ကွံသုပြုသည်။ ဟောတိ၊၏။ ။ ဥပသင်္ကမိံသု၊ချဉ်းကပ်ကုန်ပြီ။ နိသီဒိံသု၊ထိုင်နေကုန်ပြီ။

➤ သဗ္ဗတော+ဥံ+ကွံသု–ဟူ ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ ဤသုတ်သို့ လိုက်လာသော သဒ္ဒါ ။ ။ ဟ ဝိပရိယယော လောဝါ-သုတ်မှ မဏ္ဍူက ဂတိကနည်းဖြင့် ဝါ-သဒ္ဒါ လိုက်လာပါသည်။

➤ သဗ္ဗတော ဥံ–ဟု သုတ်ခွဲ၍ တည်ရကျိုး/ယောဂဝိဘာဂ ။ ။ သဗ္ဗတော ဥံ-ဟူသော ယောဂဝိဘာဂဖြင့် အာဂမံသု အဒ္ဒသာသုံ ပြယုဂ်တို့၌ ဥံဝိဘတ်ကို အံသုပြု, အာသုံပြုရခြင်း အကျိုးရှိသည်။ကွံသု အံသု အာသုံ သုံးပါးစုံဥံ၏ ကာရိယချည်းတည်း

## ၅၀၅။ ဇရ မရာနံ ဇီရ ဇီယျ မိယျာ ဝါ

ဇရ မရ ကွစ္စေတေသံ ဓာတူနံ ဇီရ ဇီယျ မိယျာဒေသာ ဟောန္တိ ဝါ။

ဇီရတိ၊ ဇီရန္တိ၊ ဇီယျတိ၊ ဇီယျန္တိ၊ မိယျတိ၊ မိယျန္တိ၊ မရတိ၊ မရန္တိ။

* ဇရ မရာနံ၊ဇရဓာတ်, မရဓာတ်တို့၏။ဇီရ ဇီယျ မိယျာ၊ဇီရပြု, ဇီယျပြု, မိယျပြု တို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။ ။ * ဇရ မရ ကွစ္စေတေသံ ဓာတူနံ၊ဇရဓာတ်, မရဓာတ်တို့၏။ဇီရ ဇီယျ မိယျာဒေသာ၊ဇီရပြု, ဇီယျပြု, မိယျပြုတို့သည်။ဝါ၊အချို့။

http://www.dhammadownload.com



ဟောန္တိ၊ဖြစ်ကုန်၏။ ။ ဇီရတိ၊ဆွေးမြည့်အိုမင်း၏။ဇီရန္တိ၊ဆွေးမြည့်အိုမင်းကုန်၏။ဇီယျတိ၊ဆွေးမြည့်အိုမင်း၏။ဇီယျန္တိ၊ဆွေးမြည့်အိုမင်းကုန်၏။မိယျတိ၊သေ၏။မိယျန္တိ၊သေကုန်၏။ မရတိ၊သေ၏။မရန္တိ၊သေကုန်၏။

➤ ဇရ မရာနံ+ဇီရ ဇီယျ မိယျာ+ဝါ–တု ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ ဇီရ, ဇီယျ, မိယျမြဲရာ၌ ဖြစ်ဆင့်သော နိမိတ် ။ ။ ပရောက္ခာ, ဟိယျတ္တနီကြဉ် အာချာတ်ဝိဘတ် (၆)မျိုး ဖြစ်ပါသည်။ (ပုံစံ) ဇီရတိ၊ ဇီယျတိ၊ မိယျတိ၊ ဇီရတု၊ဇီယျတု၊ မိယျတု၊ ဇီရေယျ၊ဇီယျေယျ၊မိယျေယျ၊အဇီရိ၊အဇီယိ၊အမိယိ၊ဇီရိဿတိ၊ဇီယိဿတိ၊ မိယိဿတိ၊ အဇီရိဿာ၊အဇီယိဿာ၊အမိယိဿာ။

➤ ဝါ–သဒ္ဒါ၏အနက် ။ ။ ဝါသဒ္ဒါသည် သမုစ္စည်းအနက် ဖြစ်ပါသည်။

➤ ဝါသဒ္ဒါဆိုရကျိုး ။ ။ ဝါသဒ္ဒါဖြင့် ဇီရိဒတိ-၌ ဇရဓာတ်၏ ဇီရိဒ အပြုကို ဆည်း ယူရခြင်းအကျိုး ရှိပါသည်။

## ၅၀၆။ သဗ္ဗတ္ထာ'သဿာဒိလောပေါ စ

သဗ္ဗတ္ထ ဝိဘတ္တိပစ္စယေသု အသ ဣစ္စေတဿ ဓာတုဿ အာဒိဿ လောပေါ ဟောတိ ဝါ။ ။ သိယာ၊ သန္တိ၊ သန္တော၊ သမာနော။ ဝါတိ ကိမတ္ထံ? အသိ။

✱ သဗ္ဗတ္ထ၊အလုံးစုံသော ဝိဘတ် ပစ္စည်းတို့ကြောင့်။အသဿ၊အသဓာတ်၏။အာဒိ လောပေါ၊အစ, သရ၏ ကျေခြင်းသည်သာလျှင်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

✱ သဗ္ဗတ္ထ ဝိဘတ္တိပစ္စယေသု၊အလုံးစုံသော ဝိဘတ်ပစ္စည်းတို့ကြောင့်။အသ ဣစ္စေ တဿ ဓာတုဿ၊အသဓာတ်၏။အာဒိဿ၊အစ, အ၏။လောပေါ၊ကျေခြင်းသည်။ဝါ၊အချို့ ဟောတိ၊၏။ ။ သိယာ၊ဖြစ်ရာ၏။သန္တိ၊ဖြစ်ကုန်(ရှိကုန်)၏။သန္တော၊ဖြစ်ကုန်၏။သမာနော၊ ဖြစ်၏။ ဝါတိ ပဒံ၊ဝါ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။အသိ၊ဖြစ်၏။

➤ သဗ္ဗတ္ထ+အသဿ+အာဒိလောပေါ+စ–တု ၄–ပုဒ်ရှိသော လောပဝိဓိသုတ်

➤ သဗ္ဗတ္ထ–အရ/နိမိတ်–အရ ။ ။ တိ, အန္တိ, အန္တေ, အံသု, ဧယျ, ဧယျုံဝိဘတ်နှင့် အန္တ, မာနပစ္စည်းတို့ကို ယူရပါမည်။ (ပုံစံ) သတိ၊ သန္တိ၊ သန္တေ၊ သံသု၊ သိယာ၊ သိယုံ၊ သန္တော၊ သမာနော။

➤ နိမိတ် မဖြစ်ထိုက်သော ဝိဘတ်များ/ သဗ္ဗတ္ထ–အရ မပါဝင်ထိုက်သော ဝိဘတ် များ ။ ။ တိဿ တ္ထိတ္တံ၊ သိမှိ၀၊ ထဿ တ္ထတ္တံ၊ အသသ္မာ မိမာနံ မှိမှန္တလောပေါ စ၊ တုဿ တ္ထုတ္တံ-သုတ်တို့ကိုထောက်၍ တိ, သိ, ထ, မိ, မ, တုဝိဘတ်များ ဖြစ်ပါသည်။

➤ ဝုတ္တိ–၌ ဝိဘတ္တိ–အရ ။ ။ ဧယျဝိဘတ်နှင့် အန္တိဝိဘတ်ကို ယူရပါမည်။

➤ ပစ္စယ–အရ ။ ။ အန္တပစ္စည်း, မာနပစ္စည်းတို့ကို ယူရပါမည်။

➤ စသဒ္ဒါ၏အနက် ။ ။ စသဒ္ဒါသည် အာဒေသကို နှစ်စေခြင်း နိဝတ္တနအနက်

http://www.dhammadownload.com



ဖြစ်ပါသည်။ ➢ စသဒ္ဒါဆိုရကျိုး ။ ။ စသဒ္ဒါဖြင့် အသဓာတ်၏ အစဖြစ်သော အသရ၏ အာပြုခြင်း စသည်ကို နစ်စေခြင်းအကျိုး ရှိပါသည်။

➢ ဝါ-သဒ္ဒါ၏အနက် ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ဖြစ်ပါသည်။

➢ ဝါ-သဒ္ဒါ ဆိုရကျိုး/ အဓိကာရ ဝါ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်

ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ရှိသောကြောင့် သိယာ၊ သန္တိ၊ သန္တေ၊ သမာနော,စသော ပြယုဂ်တို့ဝယ် ဃေ, အန္တိဝိဘတ်နှောင်းရာ, အန္တ, မာနပစ္စည်းနှောင်းရာ၌ အသဓာတ်၏ အစ, အ-ကို အမြဲချေရခြင်း နိစ္စဝိဓိ၊ အသိ စသည်ဝယ် သိ,စသည် နှောင်းရာ၌ အသဓာတ်၏ အစ, အ-ကို မချေရခြင်း အသန္တဝိဓိကို ပိုင်းခြားပြပါသည်။

➢ အတ္ထိ အတ္ထု အတ္ထ, စသော ပြယုဂ်တို့၌ အသဓာတ်၏ အစ အသရကို မချေရခြင်းအကြောင်း ။ ။ ၎င်းပြယုဂ်တို့၌ အသဓာတ်၏ အဆုံးဖြစ်သော သ-အက္ခရာကို ချေခြင်းအစီအရင်၏ အစွမ်းကြောင့် မချေရပါ။ (ဋီကာ)

## ၅၀၇။ အသဗ္ဗဓာတုကေ ဘူ

အသဿေ၀ ဓာတုဿ ဘူ ဟောတိ ဝါ အသဗ္ဗဓာတုကေ။

ဘဝိဿတိ၊ ဘဝိဿန္တိ။ ဝါတိ ကိမတ္ထံ? အာသုံ။

အသဗ္ဗဓာတုကေ၊အသဗ္ဗဓာတ်ဝိဘတ်ကြောင့်။အသဿ၊အသဓာတ်၏။ဘူ၊ဘူပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ * အသဗ္ဗဓာတုကေ၊ကြောင့်။အသဿေ၀ ဓာတုဿ၊ အသဓာတ်၏သာလျှင်။ဘူ၊ဘူပြုသည်။ဝါ၊အချို့။ဟောတိ၊၏။

ဘဝိဿတိ၊ဖြစ်လတ္တံ့။ဘဝိဿန္တိ၊ဖြစ်ကုန်လတ္တံ့။ ဝါတိပဒံ၊ဝါ-ဟူသောပုဒ်သည်။ ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။အာသုံ၊ဖြစ်ကုန်ပြီ။

➢ အသဗ္ဗဓာတုကေ+ဘူ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➢ ဤသုတ်သို့ လိုက်လာသော သဒ္ဒါ ။ ။ ဇရ မရာနံ-သုတ်မှ ဝါသဒ္ဒါ၊ သဗ္ဗတ္ထာ သဿာဒိလောပေါစ-သုတ်မှ အသဿ-သဒ္ဒါတို့ လိုက်လာပါသည်။

➢ အသဗ္ဗဓာတုကေ-အရ/နိမိတ်-အရ ။ ။ (ကစ္စည်းအလို) ဘဝိဿန္တိဝိဘတ်၊ (ရူ-အလို) ဘဝိဿန္တိဝိဘတ်, ကာလာတိပတ္တိဝိဘတ် နှစ်ပါးကိုသာ ယူရပါမည်။ (ပုံစံ) ဘဝိဿတိ၊ အဘဝိဿ။

➢ အသဗ္ဗဓာတ်ဝိဘတ်ဖြစ်သော်လည်း အသဗ္ဗဓာတုကေ-ဟူသော နိမိတ်အရတွင် မပါဝင်နိုင်သော ဝိဘတ် ။ ။ ပရောက္ခာဝိဘတ်, အဇ္ဇတနီဝိဘတ်တို့ ဖြစ်ပါသည်။

➢ အဓိကာရ ဝါ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။ အဓိကာရ ဝါ-သဒ္ဒါဖြင့် အဇ္ဇတနီ အသဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌ အသဓာတ်၏ ဘူ-အပြုကို နစ်စေခြင်း အကျိုး ရှိပါသည်။ (ပုံစံ) အာသုံ။

http://www.dhammadownload.com



➤ **အသဓာတ်ကို ဘူပြုရကျိုး** ။ ။ (ဘဝိဿတိ၊ အဘဝိ၊ ဗဘူဝ၊ အဘဝိဿ-တို့၌ ဘူဓာတ်ဖြင့် ပြီးပါလျက်) အသဓာတ်ကို ဘူပြုရခြင်းသည် အသဓာတ်ဖြင့် ဘဝိဿန္တိ ဝိဘတ်နှောင်းရာ၌ အသိဿတိ,စသည် ပရောက္ခာဝိဘတ်နှောင်းရာ၌ အသ,စသည် ကာလာတိပတ္တိဝိဘတ်နှောင်းရာ၌ အသိဿ,စသည် ပုံစံများ မရှိဟု သိစေခြင်း အကျိုး ရှိပါသည်။

---

## ၅၀၈။ ဧယျဿ ဉာတော ဣယာ ဉာ

ဧယျဿ ဝိဘတ္တိဿ ဉာ ဣစ္စေတာယ ဓာတုယာ ပရဿ ဣယာ ဉာ အာဒေသာ ဟောန္တိ ဝါ။ ။ ဇာနိယာ၊ ဇညာ။ ဝါတိ ကိမတ္ထံ? ဇာနေယျ။

* ဉာတော၊ဉာဓာတ်မှ။ပရဿ၊နောက်ဖြစ်သော။ဧယျဿ၊ဧယျဝိဘတ်၏။ဣယာ ဉာ၊ ဣယာပြု, ဉာပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။ ။ * ဉာ ဣစ္စေတာယ ဓာတုယာ၊ ဉာဓာတ်မှ။ပရဿ၊နောက်ဖြစ်သော။ဧယျဿ ဝိဘတ္တိဿ၊ဧယျဝိဘတ်၏။ဣယာ ဉာ အာဒေသာ၊ဣယာပြု, ဉာပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

ဇာနိယာ၊ဇညာ၊သိရာ၏။ ဝါတိပဒံ၊ဝါ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိ သနည်း။ဇာနေယျ၊သိရာ၏။

➤ ဧယျဿ+ဉာတော+ဣယာ ဉာ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **ဣယာ ဉာ ဝါ/ဣယာ ဉာ အဆုံးအဖြတ်** ။ ။ ဝါဂ္ဂဟဏ မိဟာနုဝတ္တတေ-ဟု ဉျာသဆိုသောကြောင့်ရင်း၊ ဝဏ္ဏနာ, နိဒ္ဒေသတို့၌ တိပဒံ-ဟု ဆိုသောကြောင့်ရင်း ဤ အလို ဧယျဿ ဉာတော ဣယာ ဉာပါဌ် မှန်ပါသည်။

ဝါသဒ္ဒါလိုက်ခြင်းကို မဆိုမူ၍ ဧယျဿ ဉာတော ဣယာ ဉာ ဝါ-ဟု (ရူ) ၌ ဆို သောကြောင့်ရင်း၊ ဧယျဿ ဉာတော ဣယာ ဉာဝါတိ ဣတော ဉာတော ဝါတိစ ဝတ္တမာနေ (ဋီကာ-၂၀၁) ဟု ဋီကာဆရာ ဆိုသောကြောင့်ရင်း ဤအလို ဝါသဒ္ဒါပါသော ပါဌ် မှန် ပါသည်။ ထို့ကြောင့် ၂-ပါဌ်လုံး မှန်ပါသည်။

➤ **ဉာတော ဉာ-ဟု ဆုတ်ခွဲ၍ တည်ရကျိုး/ယောဂဝိဘာဂ** ။ ။ ဉာတော ဉာ-ဟူသော ယောဂဝိဘာဂဖြင့် ဇညာသိ၊ ဝိဇညာထ၊ ဇညာမိ၊ ဇညာမ ပုံစံတို့၌ ဧယျာသိ, ဧယျာထ, ဧယျာမိ, ဧယျာမဝိဘတ်တို့၏ အစိတ်ဖြစ်သော ဧယျကိုလည်း ဉာပြုနိုင်ပါသည်။

---

## ၅၀၉။ နာဿ လောပေါ ယကာရတ္တံ

ဉာ ဣစ္စေတာယ ဓာတုယာ ပရဿ နာပစ္စယဿ လောပေါ ဟောတိ ဝါ ယကာရတ္တဉ္စ။ ။ ဇညာ၊ နာယတိ။ ဝါတိ ကိမတ္ထံ? ဇာနာတိ။

* ဉာတော၊ဉာဓာတ်မှ။ပရဿ၊နောက်ဖြစ်သော။နာဿ၊နာပစ္စည်း၏။လောပေါ၊ ကျေခြင်းသည်ရင်း။ယကာရတ္တံ၊ယ-အက္ခရာ အဖြစ်သည်ရင်း။ဝါ၊အချို့။ဟောတိ၊၏။

http://www.dhammadownload.com



* ဉာ ဣစ္ဆတ္တာယ ဓာတုယာ၊ဉာဓာတ်မှ၊ပရဿ၊နောက်ဖြစ်သော၊နာပစ္စယဿ၊ နာပစ္စည်း၏၊လောပေါ၊ကျေခြင်းသည်၊ဝါ၊အချို့၊ဟောတိ၊၏၊ယကာရတ္တဥ္စ၊ယ-အက္ခရာ၏ အဖြစ်သည်လည်း၊ဟောတိ၊၏။ ။ဉာ၊သိရာ၏၊နာယတိ၊သိ၏။ ဝါတိပဒံ၊ဝါ-ဟူသော ပုဒ်သည်၊ကိမတ္ထံ၊ဘာအကျိုးရှိသနည်း၊ဇာနာတိ၊သိ၏။

**➤ နာဿ+လောပေါ+ယကာရတ္တံ-တု ၃-ပုဒ်ရှိသော လောပဝိဓိ/အာဒေသဝိဓိသုတ်**

**➤ ဤသုတ်သို့ လိုက်လာသော သဒ္ဒါ ။ ။** ဤသုတ်သို့ ယေျသ ဉာတော ဣယာ ဉာ-သုတ်မှ ဉာတော, ဝါ-သဒ္ဒါများ လိုက်လာပါသည်။

**➤ ဤသုတ်၏ ကာရီဖြစ်သင့်သောသုတ် ။ ။** ကိယာဒိတော နာသုတ်ဖြစ်သည်။

**➤ ဤသုတ်၏ နိမိတ်ဖြစ်သင့်သော သုတ်များ ။ ။** ယေျသ ဉာတော ဣယာ ဉာ သမီပေဟွတနီ၊ အနာဂတေ ဘဝိဿန္တိ၊ ကြိယာတိပန္နေတီတေ ကာလာတိပတ္တိ။

**➤ ဝါသဒ္ဒါ၏အနက် ။ ။** ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ဖြစ်ပါသည်။

**➤ အဓိကာရ ဝါ-သဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်/အဓိကာရ ဝါသဒ္ဒါဖြင့် ဝိဓိသုံးပါး မိုင်းခြားပုံ ။ ။** ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် ဉာ ၌ ယေျဝိဘတ်၏ ကာရိယဖြစ်သော ဉာ,အပြုနှောင်းသောကြောင့် အမြဲ နာပစ္စည်းကို ချေရခြင်း နိစ္စဝိဓိ၊ အညာသိ, အဇာနိ, ဉ ဿတိ, ဇာနိဿတိ, အညိဿာ, အဇာနိဿ-တို့၌ အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိဝိဘတ် နှောင်းသောကြောင့် ရံခါ နာပစ္စည်းကို ချေရခြင်း အနိစ္စဝိဓိ၊ ဇာနာတိ, ဇာနာတု, ဇာနေယျ စသည်တို့၌ ဝတ္တမာန်,စသော ဝိဘတ်တို့ကြောင့် နာပစ္စည်းကို မချေရခြင်း အသန္တဝိဓိ၊ နာယတိ, စသည်၌ တိဝိဘတ်ကြောင့် နာ, အပြုနောင် နာပစ္စည်းကို ယပြုရမည်ဟု သိစေပါသည်။

**➤ နာပစ္စည်းကို ယပြုရာ၌ ရှေ့နိမိတ်ကား •** နာ,အပြု ဖြစ်ပါသည်။

**➤ နောက်နိမိတ်ကား •** ဝတ္တမာန် တိဝိဘတ် ဖြစ်ပါသည်။

**➤ နာပစ္စည်းကို ယပြုရမည့် သတ်မှတ်ချက်/ နာပစ္စည်းကို ယပြုရမည့် ဌာန** နာ, အပြုနောင် တိဝိဘတ်နှောင်းရာ၌သာ နာပစ္စည်းကို ယပြုရပါမည်။

**➤ နာပစ္စည်းကိုချေရာ၌ ဖြစ်သင့်သော နိမိတ် ။ ။** ဉာ, အပြုနှင့် အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိဝိဘတ်တို့ ဖြစ်ပါသည်။

---

## ၅၁၀။ လောပဉ္စေတ္တ မကာရော

အကာရပစ္စယော လောပမာပဇ္ဇတေ၊ ဧတ္တဥ္စ ဟောတိ ဝါ။

ဝဋ္ဋေမိ၊ ဝဒေမိ၊ ဝဇ္ဇာမိ၊ ဝဒါမိ။

* အကာရော၊ပစ္စည်း အ-အက္ခရာသည်၊လောပံ၊ကျေခြင်းသို့၊အာပဇ္ဇတေ၊ရောက် ၏၊ဧတ္တဥ္စ၊ဧ, အဖြစ်သည်လည်း၊ဝါ၊အချို့၊ဟောတိ၊ဖြစ်၏။ [၌-အလို့] ဘူဝါဒိတော၊

http://www.dhammadownload.com



ဘူဝါဒိဓာတ်မှ၊ပရော၊နောက်ဖြစ်သော၊အကာရော၊အပစ္စည်းသည်၊ဖတ္တံ၊ဖ, အဖြစ်သို့၊ အာပဇ္ဇတေ၊ရောက်၏။လောပဥ္စ၊ကျေခြင်းသို့လည်း၊ဝါ၊အချို့၊အာပဇ္ဇတေ၊ရောက်၏။

* အကာရပစ္စယော၊ပစ္စည်း အ-အက္ခရာသည်၊လောပံ၊ကျေခြင်းသို့၊အာပဇ္ဇတေ၊ ရောက်၏၊ဖတ္တဥ္စ၊ဖ, အဖြစ်သည်လည်း၊ဝါ၊အချို့၊ဟောတိ၊ဖြစ်၏။ ။ ဝဒ္ဓေမိ၊ဝဒေမိ၊ ဝဇ္ဇာမိ၊ဝဒါမိ၊ဆို၏။

➤ လောပံ+စ+ဖတ္တံ+အကာရော-ဟု ၄-ပုဒ်ရှိသော လောပဝိဓိ/အာဒေသဝိဓိသုတ်

➤ ဤသုတ်၏ ကာရီဖြစ်သင့်သောသုတ် • ဘူဝါဒိတော အ-သုတ် ဖြစ်ပါသည်။ .

➤ အ,အရ/အကာရော-အရ ။ ။ ဝိကရဏပစ္စည်း၏ ကာရိယကို စီရင်ရာ ဌာနဖြစ်သောကြောင့် အပစ္စည်းကို ယူရပါမည်။[အကာရပစ္စယော-ကိုထောက်ပါ။]

➤ အကာရော-ကို အကာရပစ္စယော-ဟု ဖွင့်ဆိုရခြင်းအကြောင်း

ဝိကရဏပစ္စည်း၏ ကာရိယကို စီရင်ရာဖြစ်သောကြောင့် အကာရော-ကို အကာရ ပစ္စယော-ဟု ဖွင့်ဆိုရပါသည်။ ➤ စသဒ္ဒါ၏အနက် ။ ။ သမ္ပိဏ္ဍနအနက် ဖြစ်ပါသည်။

➤ စသဒ္ဒါဆိုရကျိုး ။ ။ စသဒ္ဒါဖြင့် အ-ပစ္စည်း၏ ဖ, အက္ခရာပြုခြင်းဟု ဆိုအပ် သော နှစ်ခုမြောက်သော ကာရိယကို ပေါင်းခြင်းအကျိုးရှိပါသည်။

➤ ဝါသဒ္ဒါ၏အနက် ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ဖြစ်ပါသည်။

➤ အဝိကာရ ဝါ-သဒ္ဒါဖြင့် ပိုင်းခြားပုံ ။ ။ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတ ဝိဘာသာအနက်ရှိသောကြောင့် အနုဘောတိ,စသော သဝုဒ္ဓိက ဘူဝါဒိဓာတ်နောင်သက် သော အပစ္စည်း၊ ဇုဟောတိ,စသော ဇုဟောတျာဒိဓာတ်နောင်သက်သော အပစ္စည်းကို အမြဲချေရခြင်း နိစ္စဝိဓိ၊ ဘဝတိ, စသည်ကဲ့သို့ ဝုဒ္ဓိ မထင်ရှားသော အဝုဒ္ဓိကဘူဝါဒိဓာတ် တုဒတိ,စသော တုဒါဒိဓာတ်များ၌ အပစ္စည်းကို မချေရခြင်း အသန္တဝိဓိကို ပိုင်းခြား ပြပါသည်။

➤ ဤသုတ်ဖြင့် ချေရမည့် အပစ္စည်း ။ ။ ဝဝတ္ထိတဝိဘာသာအနက်ရှိသော ဝါ- သဒ္ဒါကြောင့် သဝုဒ္ဓိကဘူဝါဒိဓာတ်, ဇုဟောတျာဒိဓာတ်နောင် အပစ္စည်းကို အမြဲချေ ရပါမည်။ ➤ မချေရမည့် အပစ္စည်း ။ ။ ဘဝတိ စသည်ကဲ့သို့ ဝုဒ္ဓိ မထင်ရှားသော အဝုဒ္ဓိကဘူဝါဒိဓာတ်, တုဒတိ,စသော တုဒါဒိဓာတ်များ၌ အပစ္စည်းကို မချေရပါ။

➤ အပစ္စည်းကို ပြေရာ၌ သတိမှတ်ချက် ။ ။ တဒနုပရောဓေန-ဟု ဆိုသောကြောင့် သဝုဒ္ဓိက ဘူဝါဒိဓာတ်တို့နောင် အချို့အရာ၌သာ အပစ္စည်းကို ပြေရပါမည်။

## ၅၁၁။ ဥတ္တမော ကာရော

ဩကာရပစ္စယော ဥတ္တမာပဇ္ဇတေ ဝါ။

ကုရုတော၊ ကရောတိ။ ဩကာရောတိ ကိမတ္ထံ? ဟောတိ။

http://www.dhammadownload.com



* ဩကာရေ၊ပစ္စည်း ဩ-အက္ခရာသည်။ဥတ္တံ၊ဥ, အဖြစ်သို့။ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏။ [ရှ-အဆို] တနာဒိတော၊တနု, အစရှိသော ဓာတ်မှ နောက်၌။ဩကာရော၊ဩပစ္စည်းသည်။ဥတ္တံ၊ဥ, အဖြစ်သို့။ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏။

* ဩကာရပစ္စယော၊ပစ္စည်း ဩ-အက္ခရာသည်။ဥတ္တံ၊ဥ, အဖြစ်သို့။ဝါ၊အချို့။ အာပဇ္ဇတေ၊ရောက်၏။ ။ ကုရုတေ၊ကရောတိ၊ပြု၏။ ဩကာရောတိ ပဒံ၊ဩကာရော-ဟူသော ပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ဟောတိ၊ဖြစ်၏။

> ဥတ္တံ+ဩကာရော-ဟူ· ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

> ဥပြုခွင့်ရရှိသည့် ဩ အမျိုးအစား ။ ။ ဝိကရဏပစ္စည်း၏ ကာရိယကို စီရင်သော အရာဖြစ်သောကြောင့် ဝိကရဏပစ္စည်းဩ-ကိုသာ ဥပြုခွင့်ရှိပါသည်။

> ဩကာရော-အရ ။ ။ ဝိကရဏပစ္စည်း၏ ကာရိယကို စီရင်ရာဖြစ်သောကြောင့် ဩကာရော-အရ ဩဝိကရဏပစ္စည်းကို ယူရပါမည်။

> ဩကာရော-ကို ဩကာရပစ္စယော-ဟု ဖွင့်ဆိုနိုင်ခြင်းအကြောင်း ။ ။ ဝိကရဏပစ္စည်း၏ ကာရိယကို စီရင်ရာဖြစ်သောကြောင့် ဩကာရော-ကို "ဩကာရပစ္စယော" ဟု ဖွင့်ဆိုရပါသည်။

> ဤသုတ်၏ ကာရီဖြစ်သင့်သော သုတ် ႋ တနာဒိတော ဩ ယိရာ-သုတ်။

> ပဋ္ဌမီနိမိတ်ကား ။ ။ တနု အစရှိသောဓာတ်တို့ ဖြစ်ပါသည်။

> ဟောတိ-၌ ဩ-ကို ဥ-မပြုနိုင်ခြင်းအကြောင်း ။ ။ ဟောတိ-၌ ဩ-သည် ပစ္စည်းဩ-အက္ခရာ မဟုတ်သောကြောင့် ဥ-မပြုနိုင်ပါ။

> ဩပစ္စည်းကို ဥပြုရာဌာန ။ ။ ဝိကရဏပစ္စည်းတို့၏ သဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌ စီရင်ခြင်းကြောင့် သဗ္ဗဓာတ်ဝိဘတ်နှောင်းရာ၌သာ ဩပစ္စည်းကို ဥပြုရပါမည်။

> ဝါ-သဒ္ဒါ၏ အနက် ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ဖြစ်ပါသည်။

> ဝါသဒ္ဒါဖြင့် ဝိဓိသုံးပါး ပိုင်းခြားပုံ ။ ။ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် သက,စသော ဓာတ်တို့နောင် ဩပစ္စည်းကို ဥ-မပြုရခြင်း အသန္တဝိဓိ၊ အတ္တနောပုဒ်အရာ၌ ဩပစ္စည်းကို ဥ, အမြဲပြုရခြင်း နိစ္စဝိဓိ၊ ပရဿပုဒ် အရာ၌ ဩပစ္စည်းကို ဥ, အပြု မပြုခြင်း အနိစ္စဝိဓိကို ပိုင်းခြားပြပါသည်။

### ၅၁၂။ ကရဿာ ကာရော စ

ကရ ဿစ္စေတဿ ဓာတုဿ အကာရော ဥတ္တမာပဇ္ဇတေ ဝါ။

ကုရုတေ၊ကရောတိ၊ကုဗ္ဗန္တိ၊ကယိရတိ။ ကာရဿေတိ ကိမတ္ထံ? သရတိ၊မရတိ။

* ကရဿ၊ကရဓာတ်၏။အကာရောစ၊အ, အက္ခရာသည်လည်း။ဥတ္တံ၊ဥ, အဖြစ်သို့ ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏။ ။ * ကရ ဿစ္စေတဿ ဓာတုဿ၊ကရဓာတ်၏။

http://www.dhammadownload.com



အကာရော၊အ, အက္ခရာသည်။ဥတ္တံ၊ဥ, အဖြစ်သို့။ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏။

ကုရုတေ၊ကရောတိ၊ပြု၏။တုပ္ပန္တိ၊ပြုကုန်၏။ကယိရတိ၊ပြု၏။ * ကရသောတိ ပဒံ၊ ကရဿ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။သရတိ၊အောက်မေ့၏။မရတိ၊ သေ၏။

➤ ကရဿ+အကာရော+စ-တု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ လိုက်ပုဒ်များ ။ ။ ဝါ-နှင့် ဥတ္တံပုဒ်များ လိုက်လာသည်။

➤ အကာရော-အရ/ ကာရိ-အရ ။ ။ အပစ္စည်းကို မယူရ၊ ဓာတုဿန္တော-သုတ်ဖြင့် ဓာတ်၏အဆုံးသရကို ချေပြီးဖြစ်သောကြောင့် ကရဓာတ်၏ အ,ကိုသာ ယူရပါမည်။ (ဝါ) ကရဓာတ်၏ အ,ကိုသာ ဥပြုရပါမည်။

➤ ဤသုတ်၏ နိမိတ်ဖြစ်ဆင့်သောသုတ် ။ ။ ဥတ္တမောကာရော-သုတ် ဖြစ်ပါသည်။ [ ဥတ္တမောကာရောတိ ဥတ္တေ ကတေ-ကို ထောက်ပါ။]

➤ ယိရပစ္စည်းနောင်းရာတွင် စိရင်သော ကာရိယ အဆေးများ ။ ။ ၁။ ဓာတွန် ရ-ကို ချေရခြင်း၊ (ကယိရတိ) ၂။ ယိရနောင်မှ ယျေကို အာပြုရခြင်း၊ (ကယိရာ) ၃။ ထေ၏ အစ ဧ-ကို အာပြုရခြင်း၊ (ကယိရာထ) ၄။ ယျံ့ စသည်၌ ယျေ-ကို ချေရခြင်း၊ (ကယိရံ စသည်) တို့ ဖြစ်ပါသည်။

➤ သရတိ, မရတိ-တို့၌ ဥ-မပြုရခြင်းအကြောင်း ။ ။ ကရဓာတ် မဟုတ်သောကြောင့် သရတိ, မရတိ-တို့၌ ဥ-မပြုရပါ။[ကရသောတိ ကိမတ္ထံ? သရတိ၊ မရတိ။]

➤ စသဒ္ဒါ၏အနက် ။ ။ စသဒ္ဒါသည် ဥတ္တ-သဒ္ဒါကို ငင်သောကြောင့် အနုကမုန အနက် ဖြစ်ပါသည်။

➤ ဝါ-သဒ္ဒါ၏အနက် ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ဖြစ်ပါသည်။

➤ ဝါသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ် ။ ။ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက်ရှိသောကြောင့် များသောအားဖြင့် မာနပစ္စည်းနောင်းရာ, အတ္တနောပုဒ်နောင်းရာ၌ ဥပြု၍ ပရဿပုဒ်နောင်းရာ၌ အနည်းငယ် ဥပြုရမည်ဟု သိစေပါသည်။

➤ အကာရ နှစ်မျိုး အဆေး ။ ။ လောပဋ္ဌေတ္တ မကာရော-သုတ်၌ အပစ္စည်းကို အကာရ-ဟု ဆိုပါသည်။ ကရဿာကာရောစ-သုတ်၌ ကရဓာတ်တွင် က,အက္ခရာ၏ အစိတ်ဖြစ်သော အ,အက္ခရာကို 'အကာရ'ဟု ဆိုပါသည်။ ဤသို့ ထူးပါသည်။

## ၅၁၃။ ဩ အဝ သရေ

ဩကာရဿ ဓာတွန္တဿ သရေ ပရေ အဝါဒေသော ဟောတိ။

စဝတိ၊ ဘဝတိ။ ဩတိ ကိမတ္ထံ? ဇယတိ။

သရေနောက်သရကြောင့်။ဩ၊ဓာတ်၏အစိတ်ဖြစ်သော ဩ, အက္ခရာ၏။အဝ၊အဝ

http://www.dhammadownload.com



ပြုသည်။ဟောတိ၊ဖြစ်၏။ ။ * ပရေနောက်ဖြစ်သော။သရေသရကြောင့်။ဓာတွန္တဿ၊ ဓာတ်၏အစိတ်ဖြစ်သော။ ဩကာရဿ၊ဩ,အက္ခရာ၏။ အဝါဒေသော၊အဝပြုသည်။ ဟောတိ၊၏။ ။စဝတိ၊စုတေ၏။ဘဝတိ၊ဖြစ်၏။ ဩတိပဒံ၊ဩ-ဟူသောပုဒ်သည်။ကိမတ္ထံ ဘာအကျိုးရှိသနည်း။ဇယတိ၊အောင်၏။

> ဩ+အဝ+သရေ–တု ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

> လိုက်ပုဒ် ။ ။ ဤသုတ်သို့ ဓာတူဟိ ဏေ ဏာယ,စသောသုတ်မှ ဆဋ္ဌီဝိဘတ် ပြန်၍ 'ဓာတူနံ'ပုဒ် လိုက်လာပါသည်။

> ကာရိဖြစ်သင့်သောသုတ် • အညေသုစသုတ် ဖြစ်ပါသည်။

> ဩ–အရ/ ကာရီအရ ။ ။ စဝတိ, ဘဝတိ စသည်တို့၌ ဝုဒ္ဓိရောက်ပြီးသော ဓာတ်၏ ဩ-အက္ခရာကိုသာ ယူရပါမည်။ အကြောင်းကား• ထိုသို့ ယူမှသာ စဝတိ, ဘဝတိ,စသော ပြယုဂ်များ ပြီးနိုင်သောကြောင့်--တည်း။

> သရေ–အရ/နိမိတ်–အရ ။ ။ အသရကို ယူရပါမည်။ (ကစ္စည်း)

> ဇယတိ–၌ အဝ မပြုရခြင်းအကြောင်း ။ ။ ဇယတိ-၌ ဩ-အက္ခရာ မဟုတ် သောကြောင့် အဝ မပြုရပါ။ [ဩတိ ကိမတ္ထံ? ဇယတိ။]

> ဝုတ္တကတ္တား, ဝုတ္တကံ–တို့၌ ပထမာဝိဘတ် သက်ရခြင်းအကြောင်း

ဝုတ္တကတ္တား ဝုတ္တကံတို့၌ အာချာတ်ဝိဘတ်က ကတ္တား, ကံကို ဟောပြီးဖြစ်သော ကြောင့် ပထမာဝိဘတ် သက်ရပါသည်။

> အဝုတ္တကတ္တား၌ ပထမာဝိဘတ် မသက်ဘဲ တတိယာဝိဘတ်သက်ရခြင်း အကြောင်း ။ ။ အဝုတ္တကတ္တား၌ အာချာတ်ဝိဘတ်က ကတ္တားကို မဟောသောကြောင့် ပထမာဝိဘတ် မသက်ဘဲ တတိယာဝိဘတ်သာ သက်ရပါသည်။

> အဝုတ္တကံ၌ ဒုတိယာဝိဘတ် သက်ရခြင်းအကြောင်း ။ ။ အဝုတ္တကံ၌ အာချာတ် ဝိဘတ်က ကံကို မဟောသောကြောင့် ဒုတိယာဝိဘတ် သက်ရပါသည်။

> ဓာတ ပုရိသာ ဘဝန္တိ–၌ ကြိယာတစ်ခုတည်းဖြစ်လျက် ဘဝန္တိ–ဟု ဗဟုဝုစ်ဖြင့် သုံးနှုန်းရခြင်းအကြောင်း ။ ။ ကြိယာတစ်ခုတည်းဖြစ်သော်လည်း ကတ္တားများသောကြောင့် ၎င်း၊ ဗဟုမှိ ဝတ္တဗ္ဗေ ဗဟုဝစနံ-ဟု ပရိဘာသာလာသောကြောင့်၎င်း 'ဘဝန္တိ'ဟု ဗဟုဝုစ် ဖြင့် သုံးနှုန်းရပါသည်။

> ဓာတွန္တ–၌ ဓာတွန္တဿ–ဟု ထည့်၍ ဖွင့်ဆိုရခြင်းအကြောင်း ။ ။ (သုတ်၌ ဩ-ဟု သာမညဆိုထားသော်လည်း) ဓာတ်ကိုပြသော အရာဌာနဖြစ်၍ ဓာတ်၏အဆုံး ဩ-ဟု သိသာသောကြောင့် "ဓာတွန္တဿ"ဟု ထည့်၍ ဖွင့်ဆိုရပါသည်။

http://www.dhammadownload.com



၅၁၄။ ဧ အဃ

ကောရဿ စေတွန္တဿ သရေ ပရေ အယာဒေသော ဟောတိ။

နယတိ၊ ဇယတိ။

* သရေနောက်သရကြောင့်။ဓေါတ်၏အစိတ်ဖြစ်သော ဧ, အက္ခရာ၏။အယ၊ အယပြုသည်။ဟောတိ၊ဖြစ်၏။ ။ * ပရေနောက်ဖြစ်သော။သရေသရကြောင့်။ဓာတွန္တဿ၊ဓာတ်၏အစိတ်ဖြစ်သော။ကောရဿ၊ဧ, အက္ခရာ၏။အယာဒေသော၊အယပြုသည် ဟောတိ၊ဖြစ်၏။ နယတိ၊ဆောင်၏။ဇယတိ၊အောင်၏။

➤ ဧ+အယ–ဟု ၂–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ လိုက်ပုဒ်များ ။ ။ ဤသုတ်သို့ ဩ အဝ သရေ-သုတ်မှ သရေ-သဒ္ဒါ၊ ဓာတူဟိ ဏေ ဏယ,စသောသုတ်မှ ဓာတု-သဒ္ဒါများ လိုက်လာပါသည်။

➤ ကာရီဖြစ်သင့်သောသုတ် - အညေသုစသုတ် ဖြစ်ပါသည်။

➤ ဧ–အရ/ကာရီ–အရ ။ ။ ဓာတ်ကိုစီရင်သော အရာဖြစ်သောကြောင့် နယတိ၊ ဇယတိ စသည်တို့၌ ဝုဒ္ဓိရောက်ပြီးသော ဓာတ်၏အဆုံး ဧကိုသာ ယူရပါမည်။

---

၅၁၅။ တေ အာဝါယာ ကာရိတေ

တေ ဩ ဧ က္ကစ္စေတေ အာဝ အာယာဒေသေ ပပ္ပောန္တိ ကာရိတေ။

လာဝေတိ၊ နာယေတိ။ ယောဂဝိဘာဂေန အညသ္မိမ္ပိ ကောရဿ အာယာဒေသော ဟောတိ၊ ဂါယတိ၊ ဂါယန္တိ။

* ကာရိတေ၊ကာရိတ်ပစ္စည်းကြောင့်။တေ၊ထို ဩ, ဧ-တို့သည်။အာဝါယာ၊အာဝပြု အာယပြုတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ * ကာရိတေ၊ကြောင့်။တေ ဩ ဧ က္ကစ္စေတေ၊ ထို ဩ, ဧ-တို့သည်။အာဝ အာယာဒေသေ၊အာဝ, အာယ, အပြုတို့သည်။ပပ္ပောန္တိ၊ ရောက်ကုန်၏။ ။ လာဝေတိ၊ရိတ်ဖြတ်စေ၏။ နာယေတိ၊ဆောင်စေ၏။ * ယောဂဝိဘာဂေန၊တေ အာဝါယာ-ဟူသော ယောဂဝိဘာဂဖြင့်။အညသ္မိမ္ပိ၊ကာရိတ်မှတစ်ပါးသော ပစ္စည်းကြောင့်လည်း။ကောရဿ၊ဧ, အက္ခရာ၏။အာယာဒေသော၊အာယပြုသည် ဟောတိ၊ဖြစ်၏။ ဂါယတိ၊ သီဆို၏။ ဂါယန္တိ၊သီဆိုကုန်၏။

➤ တေ+အာဝါယာ+ကာရိတေ–ဟု ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ လိုက်ပုဒ်များ ။ ။ ဤသုတ်သို့ ဩ အဝ သရေသုတ်မှ ဩ-သဒ္ဒါ၊ ဧ အယ သုတ်မှ ဧ-သဒ္ဒါ၊ဓာတူဟိ ဏေဏယ,စသောသုတ်မှ ဓာတု-သဒ္ဒါတို့ လိုက်လာသည်။

➤ ကာရီဖြစ်သင့်သောသုတ် - အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ ဖြစ်ပါသည်။

➤ တေ–အရ ။ ။ အသံယောဂန္တဿ ဝုဒ္ဓိ ကာရိတေ-သုတ်ဖြင့် ဝုဒ္ဓိရောက်ပြီးသော

http://www.dhammadownload.com



ဩ, ဧ-တို့ကို ယူရပါမည်။ [ တေ ဩ ဧ ဣစ္စေတေ-ကိုထောက်ပါ။]

➤ **တေ-ကို တေ ဩ ဧ ဣစ္စေတေ-ဟု ဖွင့်ဆိုရခြင်းအကြောင်း ။ ။** တေ-၌ တ-သဗ္ဗနာမ်ပုဒ်သည် ရှေ့နှစ်သုတ်၌ ဆိုအပ်ပြီးသော ဧ ဩတို့ကို ပြန်၍ညွှန်ပြသော ပဋ္ဌန္တဝိသယ-ဟု သိစေလိုသောကြောင့် တေ-ကို တေ ဩ ဧ ဣစ္စေတေ-ဟု ဖွင့်ဆိုရပါသည်။

➤ **တေ-ပုဒ်ကို ထည့်၍ ဆိုရခြင်းအကြောင်း ။ ။** ဓာတ်တို့၏အစိတ် ဝုဒ္ဓိအဖြစ်သို့ ရောက်ပြီးသော ဩအက္ခရာ, ဧအက္ခရာနှစ်ပါးစုံကို ယူစေလိုသောကြောင့်--တည်း။

➤ **ဩ ဧ-တို့သည် ဓာတ်၏အစိတ်ဟု သိနိုင်ခြင်းအကြောင်း ။ ။** ကာရိတေ-ဟူသော သတ္တမီနိမိတ်၏ အစွမ်းသတ္တိကြောင့် ဩဧ-တို့သည် ဝိကရဏပစ္စည်း မဟုတ်, ဓာတ်၏အစိတ်ဟု သိနိုင်ပါသည်။

➤ **တေ အာဝါယာ-ဟု ဆုတ်ခွဲ၍ တည်ရကျိုး/ယောဂဝိဘာဂ ။ ။** (ကစ္စည်းအလို) တေ အာဝါယာ-ဟူသော ယောဂဝိဘာဂဖြင့် ဂါယတိ ဂါယန္တိ ပြယုဂ်တို့၌ ကာရိတ်မှ တစ်ပါးသော ပစ္စည်းကြောင့် ဧ အက္ခရာကို အာယပြုရခြင်း အကျိုးရှိပါသည်။

(ရူအလို) တေ အာဝါ ယာ-ဟူသော ယောဂဝိဘာဂဖြင့် ဈာယတိ, ဂါယတိ ပြယုဂ်တို့ဝယ် ကာရိတ်ပစ္စည်း မနောင်းရာ၌လည်း ဈေဓာတ်, ဂေဓာတ်တို့၏ ဧ-ကို အာယပြုနိုင်ခြင်း အကျိုးရှိသည်။

➤ **အညသုတ္တိ-၌ အည-အရ ။ ။** အ-ပစ္စည်းကို ယူရပါမည်။

➤ **အည အပါဒါန်-အရ ။ ။ ကာရိတ်ပစ္စည်းကို ယူရပါမည်။**

---

## ၅၁၆။ ဣကာရာဂမော အသဗ္ဗဓာတုကမှိ

သဗ္ဗသ္မိံ အသဗ္ဗဓာတုကမှိ ဣကာရာဂမော ဟောတိ။

ဂမိဿတိ၊ ကရိဿတိ၊ လဘိဿတိ၊ ပစိဿတိ။

အသဗ္ဗဓာတုကမှီတိ ကိမတ္ထံ? ဂစ္ဆတိ၊ ကရောတိ၊ လဘတိ၊ ပစတိ။

* အသဗ္ဗဓာတုကမှိ၊ပ, အင်, ဘ, ကာ-ဟူသော ခပ်သိမ်းသော အသဗ္ဗဓာတ်ဝိဘတ်ကြောင့်။ဓာတုဟိ၊ဓာတ်တို့မှ။ပရေ၊နောက်၌။ဣကာရာဂမော၊ဣ, အက္ခရာလာသည်။ ဟောတိ၊ဖြစ်၏။ ။ * သဗ္ဗသ္မိံ၊ခပ်သိမ်းသော။အသဗ္ဗဓာတုကမှိ၊အသဗ္ဗဓာတ်ဝိဘတ်ကြောင့် ဓာတုဟိ၊ဓာတ်တို့မှ။ပရေ၌။ဣကာရာဂမော၊ဣ, အက္ခရာလာသည်။ဟောတိ၊၏။

ဂမိဿတိ၊သွားလတ္တံ့။ကရိဿတိ၊ပြုလတ္တံ့။လဘိဿတိ၊ရလတ္တံ့။ပစိဿတိ၊ချက်လတ္တံ့။ အသဗ္ဗဓာတုကမှီတိ ပဒံ၊အသဗ္ဗဓာတုကမှိ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ဂစ္ဆတိ၊သွား၏။ကရောတိ၊ပြု၏။လဘတိ၊ရ၏။ပစတိ၊ချက်၏။

➤ ဣကာရာဂမော+အသဗ္ဗဓာတုကမှိ-ဟု ၂-ပုဒ်ရှိသော အာဂမဝိဓိသုတ်

➤ လိုက်ပုဒ်များ ။ ။ ဤသုတ်သို့ ဓာတုဟိ ဏေဏယ,စသောသုတ်မှ ဓာတုဟိ-

http://www.dhammadownload.com



သဒ္ဒါ၊ ကွစိ ဓာတု,စသော သုတ်မှ သီဟဂတိကနည်းဖြင့် ကွစိ-သဒ္ဒါများ လိုက်သည်။

➢ **အသဗ္ဗဓာတုကမ္ဟိ-အဓရ ॥** ॥ န သဗ္ဗဓာတုကေ အသဗ္ဗဓာတုကေ-ဟု ဝစနတ္ထပြု၍ ဟီယျတ္တနီ သတ္တမီ ပဉ္စမီ ဝတ္တမာနာ သဗ္ဗဓာတုက-သုတ်ဖြင့် သဗ္ဗဓာတ်အမည်ကို ပြဆိုခဲ့ပြီးဖြစ်သောကြောင့် ပရောက္ခာ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိဝိဘတ်တို့ကို ယူရပါမည်။

➢ **အသဗ္ဗဓာတ် ၃-မျိုး ॥** ॥ (၁) အ, ဥ, စသော သရသက်သက် ဝိဘတ်သည် **သရဝိဘတ်**၊ (၂) အံ, တ္ထံ,စသော ဝိဘတ်သည် အစ၌ သရရှိ၍ နိဂ္ဂဟိတ်ဗျည်းက နောက်ရှိသောကြောင့် **သရာဒိဝိဘတ်**။ (၃) တ္ထ, မှ, စသော ဝိဘတ်ကား အစ၌ ဗျည်းရှိ၍ သရက နောက်ရှိသောကြောင့် **ဗျဉ္ဇနာဒိဝိဘတ်**။

**မေး ॥** ॥ အသဗ္ဗဓာတ်ဝိဘတ်တို့တွင် (က) သရဝိဘတ်၊ (ခ) သရာဒိဝိဘတ်၊ (ဂ) ဗျဉ္ဇနာဒိဝိဘတ်တို့၏ အရေအတွက်ကို သချာမျှ ပြပါ။

* **သရဝိဘတ်ကား**- အ, ဥ, ဧ, အာ, ဤ, ဩ, အာ, ဦ-အားဖြင့် (၈)လုံးတည်း။

* **သရာဒိဝိဘတ်ကား**- အံ, တ္ထံ, ဉံ, တ္ထံ အားဖြင့် (၄) လုံး ဖြစ်ပါသည်။

* **ဗျဉ္ဇနာဒိဝိဘတ်ကား**- (၃၆) လုံး ဖြစ်ပါသည်။

➢ **ဣ-လာနိုင်သော အသဗ္ဗဓာတ်ဝိဘတ်များ/ဗျဉ္ဇနာဒိဝိဘတ် (၃၆) လုံး**

တ္ထ, မှ, တ္ထ, ရေ, တ္ထော, ဝှေ၊ မှေ-ဟူသော ပရောက္ခာဝိဘတ် (၇)လုံး၊ တ္ထ, မှာ, သေ, ဝှံ, မှေ-ဟူသော အဇ္ဇတနီဝိဘတ် (၅) လုံး၊ ဗျည်းရှေ့ရှိသော ဘဝိဿန္တိဝိဘတ် (၁၂)လုံး၊ ကာလာတိပတ္တိဝိဘတ် (၁၂) လုံးအားဖြင့် (၃၆) လုံး ဖြစ်ပါသည်။

➢ **ဣ-မလာနိုင်သော အသဗ္ဗဓာတ်ဝိဘတ်များ ॥** ॥ ပရောက္ခာဝိဘတ်မှ သရသက်သက်, သရရှေ့ရှိသော အ, ဥ, ဧ, အံ, တ္ထံ (၅)လုံး၊ အဇ္ဇတနီဝိဘတ်မှ ဤ, ဥံ, ဩ တ္ထံ, အာ, ဦ, အ (၇)လုံးအားဖြင့် (၁၂) လုံးဖြစ်ပါသည်။

➢ **အသဗ္ဗဓာတ်ဝိဘတ်နှောင်းတိုင်း 'ဣ'လာနိုင်ပါသလော?**

➢ **ဣ-အကွရာ လာရာ၌သာန ॥** ॥ ကွစိ ဓာတု,စသော သုတ်မှ ကွစိ-သဒ္ဒါ သီဟဂတိကနည်းဖြင့် လိုက်လာသောကြောင့် အစ၌ ဗျည်းရှိသော အသဗ္ဗဓာတ်ဝိဘတ်ကြောင့်သာ ဣ-လာရပါမည်။

➢ **လိုက်လာသော ကွစိ-သဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ॥** ॥ လိုက်လာသော ကွစိ-သဒ္ဒါဖြင့် တ္ထ, မှ, ဿတိ, ဿာ-ဟူသော အစ၌ဗျည်းရှိသော အသဗ္ဗဓာတ်ဝိဘတ်ကြောင့်သာ ဣ-လာရမည်၊ ကွစိ-သဒ္ဒါလိုက်ခြင်းကြောင့် အစ၌ဗျည်းရှိသော အသဗ္ဗဓာတ် ဝိဘတ်ကြောင့်လည်း ရံခါ ဣ-မလာရဟူသော အဓိပ္ပါယ်ကို ပြဆိုပါသည်။

➢ **အနုဗဘူဝိတ္ထ အနုဗဘူဝိရေ-တို့၌ ဣ-မလာရခြင်းအကြောင်း ॥** ॥ ကွစိ ဓာတု

http://www.dhammadownload.com



စသောသုတ်ဖြင့် အသဗ္ဗဓာတ်ဝိဘတ်ကြောင့် ယပစ္စည်းကို ချေထားသောကြောင့် 'ဣ' မလာရပါ။

➤ ဂစ္ဆတိ, ကရောတိ, လဘတိ, ပစတိ–တို့၌ ဣ–မလာရခြင်းအကြောင်း
အသဗ္ဗဓာတ်ဝိဘတ် မဟုတ်သောကြောင့်- ဣ-မလာရပါ။

**၅၁၇။ ကွစိ ဓာတုဝိဘတ္တိပစ္စယာနံ ဒီဃ ဝိပရီတာဒေသလောပါဂမာ စ**

ဣမ အာချာတေ အနိဒ္ဒိဋ္ဌေသု သာဓနေသု ကွစိ ဓာတုဝိဘတ္တိပစ္စယာနံ ဒီဃ ဝိပရီတာဒေသလောပါဂမ ဣစ္စေတာနိ ကာရိယာနိ ဇိနဝစနာနုရူပါနိ ကာတဗ္ဗာနိ။

ဇာယတိ၊ ကရေယျ၊ ဇာနိယာ၊ သိယာ၊ ကရေ၊ ဂစ္ဆေ၊ ဇညာ၊ ဝကွေထ၊ ဒကွေထ၊ ဒိစ္ဆတိ၊ အဂစ္ဆိ၊ အဂစ္ဆုံ၊ အဟောသိ၊ အဟေသုံ ဣစ္စေဝမာဒီနိ အညာနိပိ သာဓနာနိ ယောဇေတဗ္ဗာနိ။

* ကွစိ၊အချို့၌။ဓာတုဝိဘတ္တိပစ္စယာနံ၊ဓာတ်, ဝိဘတ်, ပစ္စည်းတို့၏။ဒီဃဝိပရီတာဒေသလောပါဂမာစ၊ရဿ၏ ဒီဃပြုခြင်း, ဒီဃ၏ ရဿဖောက်ပြန်ခြင်း, အာဒေသပြုခြင်း, ကျေခြင်း, လာခြင်းတို့သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။

[ဠပသိဒ္ဓိ–အလို] ဓာတွာဒိကေ၊ဓာတ်၏အရာဖြစ်သော။ဣမ၊ဤအာချာတ်၌ရင်း။ ကိတကေစ၊ ကိတ်၌ရင်း။ အဝိဟိတလက္ခဏေသု၊မစီရင်အပ်သော သုတ်ရှိကုန်သော။ ပယောဂေသု၊ပြယုဂ်တို့တွင်။ကွစိ၊အချို့၌။ဓာတုဝိဘတ္တိပစ္စယာနံ၊ဓာတ်, ဝိဘတ်, ပစ္စည်းတို့၏။ဒီဃဝိပရီတာဒေသလောပါဂမာ၊ဒီဃပြုခြင်း, ထိုဒီဃ၏ ဘောက်ပြန်သော ရဿပြုခြင်း, ပြုခြင်း, ကျေခြင်း, လာခြင်း-ဟုဆိုအပ်ကုန်သော။ကာရိယာနိ၊ကာရိယတို့သည်။ ဇိနဝစနာနုရူပတော၊မြတ်စွာဘုရား၏ ပါဠိတော်အား လျော်သဖြင့်။ဘဝန္တိ၊ဖြစ်ကုန်၏။

[ဝုတ္တိ–အနက်] ဣမ အာချာတေ၊ဤအာချာတ်ကျမ်း၌။အနိဒ္ဒိဋ္ဌေသု၊မညွှန်းပြအပ်ကုန်သော။သာဓနေသု၊(ဘော, ကံ, ကတ္တား သုံးပါးသော)ကာရကတို့၌။ဓာတုဝိဘတ္တိပစ္စယာနံ၊ဓာတ်, ဝိဘတ်, ပစ္စည်းတို့၏။ကွစိ၊အချို့၌။ဒီဃဝိပရီတာဒေသလောပါဂမ ဣစ္စေတာနိ၊ရဿ၏ ဒီဃပြုခြင်း, ဒီဃ၏ ရဿဖောက်ပြန်ခြင်း, အာဒေသပြုခြင်း, ကျေခြင်း, လာခြင်းဟူကုန်သော။ဇိနဝစနာနုရူပါနိ၊ဇိနဝစနနှင့် လျော်ကုန်သော။ကာရိယာနိ၊ ကာရိယ-တို့ကို။ကာတဗ္ဗာနိ၊ပြုအပ်ကုန်၏။

ဇယတိ၊အောင်၏။ကရေယျ၊ပြုရာ၏။ဇာနိယာ၊သိရာ၏။သိယာ၊ဖြစ်ရာ၏။ကရေ၊ ပြုရာ၏။ဂစ္ဆေ၊သွားရာ၏။ဇညာ၊သိရာ၏။ဝကွေထ၊ဆိုကုန်ရာ၏။ဒကွေထ၊ရှုကြည့်ကြကုန်လော။ဒိစ္ဆတိ၊ရှုကြည့်၏။အဂစ္ဆိ၊သွားပြီ။အဂစ္ဆုံ၊သွားကုန်ပြီ။အဟောသိ၊ဖြစ်ပြီ။အဟေသုံ၊ ဖြစ်ကုန်ပြီ။ဣစ္စေဝမာဒီနိ၊ဤသို့ အစရှိကုန်သော။အညာနိ၊တစ်ပါးလည်းဖြစ်ကုန်သော။ သာဓနာနိ၊ကာရကတို့ကို။ယောဇေတဗ္ဗာနိ၊ယှဉ်အပ်ကုန်၏။

http://www.dhammadownload.com



➤ ကွစိ+ဓာတုဝိဘတ္တိပစ္စယာနံ+ဒီဃဝိပရီတာဒေသလောပါဂမာ+စ–ဟု ၄–ပုဒ်ရှိသော ဒီဃ, ဝိပရီတ, အာဒေသ, လောပ, အာဂမဝိဓိသုတ်

➤ ဝိဘတ္တိ–အရ ॥ ॥ ဓာတု-သဒ္ဒါနှင့် တွဲဖက်၍ ဝိဘတ္တိပစ္စယာနံ-ဟု ဆိုသောကြောင့် ဓာတ်နှင့်ဆိုင်သော အာချာတ်ဝိဘတ်များကိုသာ ယူရပါမည်။ [ နာမ်ပုဒ်, သမာသ်ပုဒ်, တဒ္ဓိတ်ပုဒ်နောင်သက်သော ဝိဘတ်များကို မယူရပါ။]

➤ ပစ္စယ–အရ ॥ ॥ ဓာတ်အရာ၌စိရင်သော အ,စသော အာချာတ်ပစ္စည်းနှင့် အန္တစသော ကိတ်ပစ္စည်းများကိုသာ ယူပါမည်။

➤ ဓာတု–အရ ॥ ॥ ဘူ,စသော ပကတိဓာတ်နှင့် ခ, ဆ, သ,စသော ပစ္စည်းဆုံးသော ဓာတုပစ္စယန္တများကို ယူရပါမည်။➤ ဝိပရီတ–အရ ॥ ရဿ အဖြစ်ကို ယူရပါမည်။

➤ ဝိပရီတ အဓိပ္ပါယ် ॥ ॥ ဒီဃသရကို ရဿပြုခြင်းသည် "ဝိပရီတ" မည်၏။

➤ ရဿပြုရာ ဌာန/ ဝိပရီတ်ပြုရာဌာန ॥ ॥ ကိနာတိ, လုနာတိ, ဓုနာတိ, ဒဿတိ ဌဿတိ, ခဿတိ-ပုံစံတို့၌ နာပစ္စည်းကြောင့် ကီ, လူ,စသော ကိယာဒိဓာတ်၊ ဘဝိဿန္တိ,စသော သံယုဂ်ဝိဘတ်ကြောင့် ဒါ, ဌာ, ဓာ,စသော ဓာတ်တို့ကို ရဿပြုရပါမည်။ အဘဝ, အဘဝိ, အဘဝု, အဘဝမှ, အဘဝိမှ, အဘဝိဿ ပုံစံတို့၌ အာ, ဤ, ဦ ဝိဘတ်တို့ကိုရင်း၊ မှာဝိဘတ်, ဿာဝိဘတ်တို့၏ အဆုံးအာ-ကိုရင်း ဝိကပ် ရဿပြုရမည်

➤ အာဒေသပြုရာဌာန ॥ ॥ (၁) အဂညီ-ဝယ် အဇ္ဇတနီဝိဘတ်ကြောင့် ဂမုဓာတ်မှဖြစ်သော ဉ္ဆကို ဉ္စပြုရပါမည်။ (၂) အဇ္ဈဂါ-ဝယ် အဇ္ဇတနီဝိဘတ်ကြောင့် ဂမုဓာတ်ကို ဝိကပ် ဂါပြုရပါမည်။ (၃) ဘဝေ-ဝယ် တိ, မိ, တု, မိ, ယျေ, ယျာသိ, ယျာမိ, ယျံ ဝိဘတ်တို့ကို ဧပြုရပါမည်။ (၄) အဘဝိဿ-ဝယ် ကာလာတိပတ္တိ သေဝိဘတ်၏ ဧ ကို အ,ပြုရပါမည်။ (၅) အဘဝေါ, အဘဝ, အဘဝိ-ပုံစံတို့၌ ဟိယျတ္တနီ, အဇ္ဇတနီ ဩ-ဝိဘတ်တို့ကို အ,ပြု ဣပြုရပါမည်။ (၆) အဘာသိတ္ထ, အဘာသထ ပုံစံတို့၌ အတ္တနောပုဒ် အဇ္ဇတနီ အာဝိဘတ်တို့ကို တ္ထပြု၊ အတ္တနောပုဒ် ဟိယျတ္တနီ တ္ထဝိဘတ်ကို ထပြုရပါမည်။ (၇) အာဟ, အာဟု ပုံစံတို့၌ ဗြူဓာတ်နောင် တိဝိဘတ်ကို အ-ပြု၊ အန္တိဝိဘတ်ကို ဥပြု၍ ဗြူဓာတ်ကိုလည်း အာဟပြုရပါမည်။ (၈) ကြုဗ္ဗတိ ပုံစံ၌ ကရဓာတ်ကို ကြုပြုရပါမည်။ (၉) ကယိရာ, ကယိရုံ, ကယိရာထ ပုံစံတို့၌ ယိရပစ္စည်းကြောင့် ယျေဝိဘတ်ကို အာပြု၊ ထေဝိဘတ်၏ အစဖြစ်သော ဧ, အက္ခရာကို အာပြု၊ ယျုံဝိဘတ်ကို ဥံပြုရပါမည်။

➤ ဒီဃပြုရာဌာန ॥ ॥ သူယတိ, ဇီယတိ ပုံစံတို့၌ ယပစ္စည်းကြောင့် သုဓာတ်, ဇိဓာတ်တို့ကို ဒီဃပြုရပါမည်။ ဇဂါမ-၌ ပရောက္ခာဝိဘတ်ကြောင့် အဗ္ဘာသ မဟုတ်သော သရကို ဒီဃပြုရပါမည်။

http://www.dhammadownload.com



> **အာဂမ(အာဝုံလာရာ) ဌာန** ။ ။ အဘာဝုတ္တ, အဘာဝုမှ ပုံစံတို့၌ ထွဝိဘတ်, မှေ ဝိဘတ်တို့ကြောင့် ဝိကဝ် ဥ-လာရပါမည်။

> **လောပ(ချေရမည့်) ဌာန** ။ ။ ပါလေတ္တိ, စသည်ဝယ် ဓာတ်အရာ၌ ဧ,အက္ခရာ ဩ,အက္ခရာတို့နောင် ဝိဘတ်ပစ္စည်းတို့၏ အစဖြစ်သော အဆုံး၌ သံယုဂ်ရှိသော အ, အက္ခရာကို အမြဲချေရပါမည်။ ကယိရှ, ကယိရာသိ, ကယိရာထ, ကယိရာမိ, ကယိရာမ ပုံစံတို့ဝယ် ယျေ, ယျောသိ, ယျောထ, ယျောမိ, ယျောမ ဝိဘတ်တို့၏ ယျေ-သဒ္ဒါကို ချေရပါမည်။

> **ချေရမည့်အင်္ဂါ** ။ ။ (၁) သံယောဂန္တဖြစ်ခြင်း၊ (၂) ဝိဘတ်ပစ္စည်းတို့၏ အစဖြစ်ခြင်း (၃) ဧ, ဩ-တို့၏နောက်ဖြစ်ခြင်း-တို့ ဖြစ်ပါသည်။

---

## ၅၁၈။ အတ္တနောပဒါနိ ပရဿပဒတ္တံ

အတ္တနောပဒါနိ ကွစိ ပရဿပဒတ္တ မာပဇ္ဇန္တေ။

ဝုစ္စတိ၊ လဗ္ဘတိ၊ ပစ္စတိ။ ကွစီတိ ကိမတ္ထံ? ကရီယတေ၊ လဗ္ဘတေ၊ ပစ္စတေ။

* အတ္တနောပဒါနိ၊အတ္တနောပုဒ်တို့သည်။ကွစိ၊အချို့၌။ပရဿပဒတ္တံ၊ပရဿပုဒ် အဖြစ်သို့။အာပဇ္ဇန္တေ၊ရောက်ကုန်၏။ [ဝုတ္တိအနက် တူပြီ] ဝုစ္စတိ၊ဆိုခြင်း, ဆိုအပ်၏။ လဗ္ဘတိ၊ရခြင်း, ရအပ်၏။ ပစ္စတိ၊ချက်ခြင်း, ချက်အပ်၏။ ကွစီတိပဒံ၊ကွစိ-ဟူသောပုဒ် သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ကရီယတေ၊ပြုခြင်း, ပြုအပ်၏။လဗ္ဘတေ၊ရခြင်း, ရ အပ်၏။ ပစ္စတေ၊ချက်ခြင်း, ချက်အပ်၏။

> အတ္တနောပဒါနိ+ပရဿပဒတ္တံ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

> **လိုက်ပုဒ်** ။ ။ ဤသုတ်သို့ ကွစိ ဓာတု,စသောသုတ်မှ ကွစိ-သဒ္ဒါလိုက်လာသည်။

> **အတ္တနောပုဒ်ကို ပရဿပုဒ်ပြန်ရာဌာန** ။ ။ ကတ္တားဟော မဟုတ်သော ဘော အနက်, ကံအနက်ကိုဟောသော အရာ၌သာ အတ္တနောပုဒ်ဝိဘတ်ကို ပရဿပုဒ်ပြန်ရ ပါမည်။ အကြောင်းကား-- ကတ္တားကိုဟောရာ၌ ကတ္တရိ ပရဿပဒံ-သုတ်ဖြင့် ပရဿ ပုဒ် ဝိဘတ် သက်နိုင်ရကား ပရဿပုဒ်ပြန်ဖွယ် မလိုသောကြောင့်-- တည်း။

> **အတ္တနောပုဒ်ဝိဘတ်ကို ပရဿပုဒ်ဝိဘတ် ပြုရကျိုး** ။ ။ အချို့အရာ၌ သုခုစ္စာ ရဏ အကျိုးငှာရင်း၊ အချို့အရာ၌ ဆန္ဒာနုရက္ခဏအကျိုးငှာရင်း အတ္တနောပုဒ်ဝိဘတ် ကို ပရဿပုဒ်ဝိဘတ် ပြုရပါသည်။

> **ဘူယတေ ဓေဝဒတ္တေန-၌ ဓေဝဒတ္တေန-ဟု အဝုတ္တကတ္တားဖြင့် ထားရခြင်း အကြောင်း** ။ ။ ဘောဆိုသည်မှာ ကြိယာကိုဟော၍ ကတ္တား, ကံ-ကို မဟောသော ကြောင့် ဒေဝဒတ္တေန-ဟု အဝုတ္တကတ္တားဖြင့် ထားရပါသည်။

http://www.dhammadownload.com



### ၅၁၉။ အကာရာဂမော ဟိယျတ္တနီ အဇ္ဇတနီ ကာလာတိပတ္တိသု

ကွစိ အကာရာဂမော ဟောတိ ဟိယျတ္တနီ အဇ္ဇတနီ ကာလာတိပတ္တိ ဣစ္စေတာသု ဝိဘတ္တီသု။

အဂမာ၊ အဂမိ၊ အဂမိဿာ။ ကွစီတိ ကိမတ္ထံ? ဂမာ၊ ဂမိ၊ ဂမိဿာ။

* ဟိယျတ္တနီ အဇ္ဇတနီ ကာလာတိပတ္တိသု၊ဟိယျတ္တနီ, အဇ္ဇတနီ, ကာလာတိပတ္တိ ဝိဘတ်တို့ကြောင့်။ကွစိ၊အချို့၌။အကာရာဂမော၊အ,အက္ခရာလာသည်။ဟောတိ၊ဖြစ်၏။

[ ဓွ-အလို ] ဟိယျတ္တနီ အဇ္ဇတနီ ကာလာတိပတ္တိသု၊ဟိယျတ္တနီ, အဇ္ဇတနီ, ကာလာတိပတ္တိ-ဟုဆိုအပ်သော ဝိဘတ်သုံးသွယ်တို့ကြောင့်။ကွစိ၊အချို့အရာ၌။ဓာတွန်၊ဓာတ်တို့၏။အာဒိမှို၊အစ၌။အကာရာဂမော၊အ,အက္ခရာလာသည်။ဟောတိ၊ဖြစ်၏။

[ ဝုတ္တိအနက် ] ဟိယျတ္တနီ အဇ္ဇတနီ ကာလာတိပတ္တိ ဣစ္စေတာသု ဝိဘတ္တီသု၊ ဟိယျတ္တနီ, အဇ္ဇတနီ, ကာလာတိပတ္တိဝိဘတ်တို့ကြောင့်။ကွစိ၊၌။အကာရာဂမော၊သည်။ ဟောတိ၊၏။ အဂမာ၊အဂမိ၊သွားပြီ။အဂမိဿာ၊သွားရာလေပြီ။ ကွစီတိပဒံ၊ကွစိ-ဟူသော ပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ဂမာ၊ဂမိ၊သွားပြီ။ဂမိဿာ၊သွားရာလေပြီ။

➢ အကာရာဂမော+ဟိယျတ္တနီ အဇ္ဇတနီ ကာလာတိပတ္တိသု-ဟု ၂-ပုဒ်ရှိသော အာဂမဝိဓိသုတ်။

➢ **လိုက်ပုဒ်များ** ။ ။ ဤသုတ်သို့ ကွစိ ဓာတု,စသောသုတ်မှ ကွစိ-သဒ္ဒါ, ဓာတူနံ သဒ္ဒါတို့ လိုက်လာပါသည်။

➢ **အ, အက္ခရာလာရာဌာန / ဓာတ်၏အစ၌သာ အ, အက္ခရာလာရခြင်း အကြောင်း** ။ ။ ဓာတ်၏အဆုံး၌ အ, အက္ခရာလာခြင်း၏ အကျိုးမရှိသောကြောင့် ပြယုဂ်အားလျော်စွာ ဓာတ်၏အစ၌သာ အ, အက္ခရာ လာရပါသည်။

➢ **ဓာတ်၏အဆုံး၌ အ, အက္ခရာ မလာရခြင်းအကြောင်း** ။ ။ ဘူဝါဒိဂိုဏ်းဓာတ် ရုဓာဒိဂိုဏ်းဓာတ်အဆုံး၌ အပစ္စည်းရှိပြီးဖြစ်သောကြောင့်၎င်း၊ အဇ္ဇတနီ,စသော ဝိဘတ် သက်သော ဓာတ်၏အဆုံး၌ ဝိဘတ်ဖြစ်သော သရ, ဣ-အာဂုံသရ ရှိပြီးဖြစ်သောကြောင့် ၎င်း ဓာတ်၏အဆုံး၌ အ, အက္ခရာ မလာရပါ။

➢ **အ, အက္ခရာသာ လာ၍ ဣ,အက္ခရာ မလာသောဝိဘတ်/အ,သာ လာသော ဝိဘတ်** ။ ။ ဟိယျတ္တနီဝိဘတ် ဖြစ်ပါသည်။

➢ **ဣ,အက္ခရာသာ လာ၍ အ,အက္ခရာ မလာသောဝိဘတ်/ဣ,သာ လာသော ဝိဘတ်** ။ ။ ပရောက္ခာဝိဘတ်နှင့် ဘဝိဿန္တိဝိဘတ်-တို့ ဖြစ်ပါသည်။

➢ **အ, ဣ နှစ်ပါးစုံလာသော ဝိဘတ်** = အဇ္ဇတနီနှင့် ကာလာတိပတ္တိဝိဘတ်။

➢ **အ, ဣ နှစ်ပါးစုံ မလာသောဝိဘတ်** = ဝတ္တမာန်, ပဉ္စမီ, သတ္တမီဝိဘတ်။

http://www.dhammadownload.com



## ၅၂၀။ မြူတော ဤ တိမ္ဘိ

မြူ ဣစ္ဆတာယ ဓာတုယာ ဤကာရာဂမော ဟောတိ တိမ္ဘိ ဝိဘတ္တိမှိ။
မြူဝိတိ။

* တိမ္ဘိ၊တိဝိဘတ်ကြောင့်။မြူတော၊မြူဓာတ်မှ။ပရေနောက်၌။ကွစိ၊အချို့၌။ဤ၊ဤ၊ အက္ခရာလာသည်။ဟောတိ၊ဖြစ်၏။ * တိမ္ဘိ ဝိဘတ္တိမှိ၊တိဝိဘတ်ကြောင့်။မြူဣစ္ဆတာယ ဓာတုယာ၊မြူဓာတ်မှ။ပရေနောက်၌။ဤကာရာဂမော၊ဤ၊အက္ခရာလာသည်။ဟောတိ၊ ဖြစ်၏။ ။ မြူဝိတိ၊ဆိုပြီ။

➤ မြူတော+ဤ+တိမ္ဘိ–ဟု ၃–ပုဒ်ရှိသော အာဂမပိဓိသုတ်

➤ လိုက်ပုဒ် ။ ။ ဤသုတ်သို့ ကွစိ ဓာတု,စသော သုတ်မှ ကွစိ-သဒ္ဒါ လိုက်လာသည်။

➤ မြူတိ–၌ ဝုဒ္ဓိ မပြုခြင်းအကြောင်း ။ ။ အသြေသုစ-သုတ်သို့ အစဉ်လိုက်လာသော ဝါ-သဒ္ဒါဖြင့် ဗျည်းကြောင့် ဝုဒ္ဓိ မဖြစ်နိုင်သောကြောင့် မြူတိ-၌ ဝုဒ္ဓိ မပြုရပါ။

➤ မြူတော ဤ–ဟု သုတ်ခွဲ၍ တည်ရကျိုး/ယောဂဝိဘာဂ ။ ။ မြူတော ဤ-ဟူသော ယောဂဝိဘာဂဖြင့် ပုန ဘဝံ ဂေါတမော ဗြူဝီတု-ဝယ် တုဝိဘတ်နှောင်းရာ၌လည်း ဤ, အက္ခရာလာနိုင်ခြင်း အကျိုးရှိပါသည်။

## ၅၂၁။ ဓာတုဿန္တော လောပေါနေကဿရဿ

ဓာတုဿ အန္တော ကွစိ လောပေါ ဟောတိ အနေကဿရဿ။

ဂစ္ဆတိ၊ သရတိ၊ မရတိ။ အနေကဿရဿေတိ ကိမတ္ထံ? ပါတိ၊ ယာတိ၊ ဝါတိ။ ကွစီတိ ကိမတ္ထံ? မဟီယတိ၊ မထီယတိ။

* အနေကဿရဿ၊များသော သရရှိသော။ဓာတုဿ၊ဓာတ်၏။အန္တော၊အဆုံး သည်။ကွစိ၊အချို့၌။လောပေါ၊ကျေသည်။ဟောတိ၊ဖြစ်၏။ ။ * အနေကဿရဿ၊သော။ ဓာတုဿ၊၏။အန္တော၊အဆုံးသရသည်။ကွစိ၊အချို့၌။လောပေါ၊ကျေသည်။ဟောတိ၊၏။

ဂစ္ဆတိ၊သွား၏။သရတိ၊အောက်မေ့၏။မရတိ၊သေ၏။ အနေကဿရဿေတိ ပဒံ၊ အနေကဿရဿ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ပါတိ၊သောက်၏။ ယာတိ၊သွား၏။ဝါတိ၊သွား၏။ ကွစီတိ ပဒံ၊ကွစိ-ဟူသောပုဒ် သည်။ကိမတ္ထံ၊ဘာအကျိုးရှိ သနည်း။ မဟီယတိ၊ပူဇော်၏။ မထီယတိ၊မွှေနှောက်၏။

➤ ဓာတုဿ+အန္တော+လောပေါ+အနေကဿရဿ–ဟု ၄–ပုဒ်ရှိသော လောပဝိဓိသုတ်

➤ လိုက်ပုဒ် ။ ။ ဤသုတ်သို့ ကွစိ ဓာတု,စသော သုတ်မှ ကွစိ-သဒ္ဒါ လိုက်လာသည်။

➤ ကွစိ–သဒ္ဒါ အလိုက်ခံရကျိုး ။ ။ ကွစိ-သဒ္ဒါဖြင့် မဟီယတိ, သမထော စသည် တို့၌ ဓာတွန်ကျေခြင်းကို နစ်စေခြင်း အကျိုးရှိပါသည်။ (တစ်နည်း) ကွစိ-သဒ္ဒါဖြင့် မဟီ ယတိ, မထီယတိ,စသော ပြယုဂ်တို့၌ ယပစ္စည်းကြောင့်ရင်း၊သမထော, ဒမထော, စသော

http://www.dhammadownload.com



ပြယုဂ်တို့၌ ထ, မ, စသော ဥဏာဒိပစ္စည်းကြောင့်ရှင်း ဓာတွန်ကျေခြင်းကို နှစ်ခြင်း (ဝါ) တားမြစ်ရခြင်းအကျိုးရှိပါသည်။

➤ **အဓိကာရ ကွစိ–သဒ္ဒါ၏ တားမြစ်ချက်** ॥ ကွစိ-သဒ္ဒါဖြင့် ကေလေ, ဂိလေ, မိလေ,စသော အနေကာသရဓာတ်များ၏ အဆုံးသရကို အနေကာသရဖြစ်ငြားသော်လည်း မချေရဟု တားမြစ်ပါသည်။

➤ **ကွစိ–သဒ္ဒါ၏အနက်** ॥ နိဝတ္တနအနက် ဖြစ်ပါသည်။

➤ **ဘူဓာတ်၌ ဓာတွန်မကျေခြင်းအကြောင်း** ॥ များသော သရရှိသောဓာတ် မဟုတ်သောကြောင့် ဘူဓာတ်၌ ဓာတွန်မကျေပါ။

➤ **အနေကာသရဓာတ်ဖြစ်ပါလျက် ဓာတွန်မကျေသော ဓာတ်များ/ဓာတွန်မချေရသော အနေကာသရဓာတ်များ** ॥ ယမှိ ဒါဓာမာဌာဟာပါ မဟ မထာဒီနမီ-သုတ်ကို ထောက်၍ မဟဓာတ်, မထဓာတ်၊ သမာဒီဟိ ထမာ-သုတ်ကိုထောက်၍ သမဓာတ်, ဒမဓာတ်တို့ ဖြစ်ပါသည်။ [ ဟိရိဓာတ်, စသည်နှင့် ဂိလေ, မိလေ,စသော ဧကာရန္တ ဓာတ်များလည်း ဓာတွန် မချေရပါ။]

➤ **မဟီယတိ, မထီယတိ–တို့၌ အနေကာသရဓာတ်ဖြစ်ပါလျက် ဓာတွန်မချေရခြင်း အကြောင်း** ॥ ကွစိ ဓာတု,စသော သုတ်မှ လိုက်လာသော ကွစိ-သဒ္ဒါက တားမြစ်သောကြောင့် ဓာတွန်မချေရပါ။ [ ကွစီတိ ကိမတ္ထံ မဟီယတိ၊ မထီယတိ။]

---

## ၅၂၂။ ဏ္ဏသုယမုနမစ္ဆော ဈော ဝါ

ဏ္ဏသု ယမု ဏ္ဏစ္စေတေသံ ဓာတူနံ အစ္ဆော ဈော ဟောတိ ဝါ။

ဏ္ဏစ္ဆတိ၊ နိယစ္ဆတိ။ ဝါတိ ကိမတ္ထံ? ဧသတိ၊ နိယမတိ။

* ဏ္ဏသု ယမုနံ၊ဏ္ဏသုဓာတ်, ယမုဓာတ်တို့၏။အစ္ဆော၊အစိတ်သည်။ဈော၊စ္ဆပြုသည်။ ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ॥ * ဏ္ဏသု ယမု ဏ္ဏစ္စေတေသံ ဓာတူနံ၊ဏ္ဏသုဓာတ်, ယမုဓာတ်တို့၏။အစ္ဆော၊အစိတ်သည်။ဈော၊စ္ဆပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ॥ ဏ္ဏစ္ဆတိ၊ လိုချင်၏။နိယစ္ဆတိ၊ရှောင်ရှားဖဲကြဉ်၏။(ဝါ) ဖဲကြဉ်ထွက်သွား၏။ ဝါတိ ပဒံ၊ဝါ-ဟူသော ပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုး ရှိသနည်း။ဧသတိ၊ရှာမှီး၏။နိယမတိ၊မြဲ၏။

➤ ဏ္ဏသု ယမုနံ+အစ္ဆော+ဈော+ဝါ–တု ၄–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **လိုက်ပုဒ်** ॥ ဤသုတ်သို့ ဓာတုဿန္တော-သုတ်မှ ဓာတု-သဒ္ဒါ ဝုစ်ပြန်၍ လိုက်သည်။

➤ **အစ္ဆော–အရ/ကာရိ–အရ** ॥ ဏ္ဏသု ယမုနံ-ဟူသော သဒ္ဒန္တရိက်ကို ထောက်၍ ဓာတွန် သဗျည်း, မဗျည်းတို့ကို ယူရပါမည်။

➤ **စ္ဆပြုရာ၌ ဖြစ်ဆန်သော နိမိတ်** ॥ ပရောက္ခာ, ဟိယျတ္တနီကြဉ် အာချာတ် ဝိဘတ် (၆)မျိုးနှင့် မာန, အန္တပစ္စည်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➢ **ဝါ-သဒ္ဒါ၏အနက်** ॥ ဝါ-သဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ရှိပါသည်။

➢ **ဝါ-သဒ္ဒါဖြင့် ပြဆိုအပ်သော အစီအပွါယ်** ॥ ဝါသဒ္ဒါဖြင့် ဣသုဓာတ်၌ ဣစ္ဆတိ ဧသတိ စသည်ဖြင့်၎င်း။ ယမုဓာတ်၌ နိရှေ့ရှိရာဝယ် နိယစ္ဆတိ နိယမတိ စသည်ဖြင့်၎င်း ရံခါ ဆ္ဆပြုရခြင်း အနိစ္စဝိဓိ၊ သံရှေ့ရှိရာဝယ် သညမတိ၌ ဆ္ဆ မပြုရခြင်း အသန္တဝိဓိကို ပိုင်းခြားပြပါသည်။

➢ **အဆ္ဆော ဆ္ဆော ဝါ-ဟု သုတ်ခွဲ၍ တည်ရကျိုး /ယောဂဝိဘာဂ** ॥ အဆ္ဆော ဆ္ဆော ဝါ-ဟူသော ယောဂဝိဘာဂဖြင့် အစ္ဆတိ, ဒိစ္ဆတိ ပုံစံတို့၌ အာသဓာတ်, ဒိသဓာတ်တို့၏ အစိတ်ဖြစ်သော သဗျည်းကိုလည်း ဆ္ဆပြုနိုင်ခြင်း အကျိုးရှိပါသည်။

➢ **ဣစ္ဆတိ-၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း** ॥ သံယုဂ်အဆုံးရှိသောကြောင့် ဣစ္ဆတိ၌ ဝုဒ္ဓိ မပြုရပါ။ ______________________________

## ၅၂၃။ ကာရိတာနံ ဏော လောပံ

ကာရိတ ဏ္ဏေဝတေသံ ပစ္စယာနံ ဏော လောပ မာပဇ္ဇတေ။

ကာရေတိ၊ ကာရယတိ၊ ကာရာပေတိ၊ ကာရာပယတိ။

* ကာရိတာနံ၊ကာရိတ်ပစ္စည်းတို့၏။ဏော၊အနုဗန် ဏ-သည်။လောပံ၊ကျေခြင်းသို့ အာပဇ္ဇတေ၊ရောက်၏။ ॥ * ကာရိတ ဏ္ဏေဝတေသံ ပစ္စယာနံ၊ကာရိတ်ပစ္စည်းတို့၏။ ဏော၊အနုဗန် ဏ-သည်။လောပံ၊ကျေခြင်းသို့။အာပဇ္ဇတေ၊ရောက်၏။

ကာရေတိ၊ကာရယတိ၊ကာရာပေတိ၊ကာရာပယတိ၊ပြုစေ၏။

➢ **ကာရိတာနံ+ဏော+လောပံ-ဟု ၃-ပုဒ်ရှိသော လောပဝိဓိသုတ်**

➢ **ကာရိတ် ၂-မျိုး** ॥ (၁) ဓာတုဟိ ဏေ ဏယ,စသောသုတ်ဖြင့် သက်သော ကာရိတ်ပစ္စည်းသည် စေခိုင်းခြင်းအနက်ကို ဟောသောကြောင့် "မုချကာရိတ်" မည်ပါသည်။ (၂) ဓာတုရူပေ နာမသ္မာ ဏယော စ၊ စုရာဒိတော ဏေ ဏယာ-သုတ်တို့ဖြင့် သက်သော ပစ္စည်းများသည် စေခိုင်းခြင်းအနက်ကို မဟောသောကြောင့် "ရုဠှီကာရိတ်" မည်ပါသည်။

➢ **မုချကာရိတ်ပစ္စည်းများ** ॥ ဏေ, ဏယ, ဏာပေ, ဏာပယပစ္စည်းများ ဖြစ်ပါသည်။

➢ **ကာရိတ် ဏ,အနုဗန်ကို ချေရကျိုး** ॥ ဓာတ်၏အဆုံးဖြစ်သော အက္ခရာနှင့် ကာရိတ်ပစ္စည်း၏သရကို တစ်ပုဒ်တည်းဖြစ်အောင် စပ်ခြင်းအကျိုးရှိပါသည်။

➢ **အတိဒေသ ကာရိတ်ပစ္စည်းများ** ॥ ကိတ်ကျမ်း၌လာသော ဏ, ဏီ, ဏု, ဏျ စသော ပစ္စည်းများ ဖြစ်ပါသည်။

➢ **ဘုဝါဒိဂိုဏ်း အပြား ၄-ပါး** ॥ (၁) ဝုဒ္ဓိပြုခြင်းရှိသော ဘူဝါဒိဂိုဏ်း၊ (၂) တုဒ စသော ဘူဝါဒိဂိုဏ်း၊ (၃) ဟူ,စသော ဘူဝါဒိဂိုဏ်း၊ (၄) ဇုဟောတျာဒိ ဘူဝါဒိဂိုဏ်း။

http://www.dhammadownload.com



သာသနတ္ထံ သမုဒ္ဒိဋ္ဌံ၊ မယာချာတံ သမာသတော။
သတံ ဗုဒ္ဓိဝိသေသေန၊ စိန္တယန္တု ဝိစက္ခဏာ။

မယာ၊ငါသည်။သာသနတ္ထံ၊ပရိယတ္တိသာသနာ အကျိုးငှာ။သမာသတော၊အကျဉ်း အားဖြင့်။ယံ အာချာတံ၊အကြင်အာချာတ်ကို။သမုဒ္ဒိဋ္ဌံ၊ကောင်းစွာပြအပ်ပြီ။တံ အာချာတံ၊ ထိုအာချာတ်ကို။ဝိစက္ခဏာ၊ပညာရှိတို့သည်။သကံ ဗုဒ္ဓိဝိသေသေန၊မိမိ၏ ဉာဏ်ပညာ အထူးဖြင့်။စိန္တယန္တု၊ကြံမြွေဆင်ခြင်, သိမြင်ကြကုန်လော။

---

➤ **အာချာတ်ဂိုဏ်း ၇-ပါး ။ ။** (၁) ဘူဝါဒိဂိုဏ်း၊ (၂) ရုဓာဒိဂိုဏ်း၊ (၃) ဒိဝါဒိဂိုဏ်း၊ (၄) သွာဒိဂိုဏ်း၊ (၅) ကိယာဒိဂိုဏ်း၊ (၆) တနာဒိဂိုဏ်း၊ (၇) စုရာဒိဂိုဏ်း။ .

➤ **သာဓန မည်ပုံ ။ ။** ကြိယာကို ပြီးစေတတ်သော ကမ္မသတ္တိ, ကတ္တုသတ္တိ စသည် တို့သည် "သာဓန" မည်ပါသည်။

➤ **ကာရကနှင့် သာဓန အထူး ။ ။** ပါဠိက် ပဿတိ-၌ ပဿတိ-ဟူသော ကြိယာ ပုဒ်ကိုငဲ့သော အံဝိဘတ်နှင့်တကွ ပါဠိက်-ဟူသော နာမ်ပုဒ်၏ အနက်သည် ကာရက၊ ပစ္စတ်နှင့်တကွ ဓာတ်ပစ္စည်း၏အနက်သည် သာဓန။ (ဘေဒစိန္တာ)

➤ **ကိစ္စဝစ္စည်းကို ရှေ့ဦးစွာ ဆိုရခြင်းအကြောင်း ။ ။** ကိစ္စ အမည်ကို ရှေ့ဦးစွာ ဆိုထားသောကြောင့်ရင်း၊ ကိစ္စပစ္စည်းက နည်း၍ ကိတပစ္စည်းက များသောကြောင့်ရင်း (ဝါ) ကိစ္စပစ္စည်းတို့သည် ကိတပစ္စည်းတို့အောက် နည်းသောကြောင့်ရင်း ကိစ္စပစ္စည်းကို ရှေ့ဦးစွာ ဆိုရပါသည်။ [တေကိစ္စာ အညေကိတ်-ဟု သုတ်တည်ပုံကိုထောက်ပါ။]

**မေး ။ ။** ပုတတ်တစ်ကောင်၊ အပ်တစ်ချောင်း၊ ကြောင်တစ်သင်း၊ ရာသုံးခင်း၊ ခြင်းတလုံး ဟူသော ရှေးဆိုထုံးစကားဖြင့် ပြသောအဓိပ္ပါယ်ကို အကျဉ်းမျှပြပါ။

* **ပုတတ်တစ်ကောင်** - 'တတ်'ဟူ၍ အနက်ပေးရသော ကတ္တုသာဓနကို ရည်ရွယ်၍ 'ပုတတ်တစ်ကောင်'ဟု ဆိုပါသည်။ * **အပ်တစ်ချောင်း** - 'အပ်'ဟူ၍ အနက်ပေးရသော ကမ္မသာဓနကို ရည်ရွယ်၍ 'အပ်တစ်ချောင်း'ဟု ဆိုပါသည်။ * **ကြောင်တစ်သင်း** - 'ကြောင့်'ဟူ၍ အနက်ပေးရသော ကရဏသာဓနကို ရည်ရွယ်၍ 'ကြောင်တစ်သင်း' ဟု ဆိုပါသည်။ * **ရာသုံးခင်း** - 'ရာ'ဟူ၍ အနက်ပေးရသော သမ္ပဒါနသာဓန, အပါဒါန သာဓန, အဓိကရဏသာဓန သုံးမျိုးကို ရည်ရွယ်၍ 'ရာသုံးခင်း'ဟု ဆိုပါသည်။ * **ခြင်း တစ်လုံး** - 'ခြင်း'ဟူ၍ အနက်ပေးရသော ဘာဝသာဓနကို ရည်ရွယ်၍ 'ခြင်းတစ်လုံး' ဟု ဆိုပါသည်။

**အာချာတ် ပါဠိ-နိဿယ-အဓိပ္ပါယ် ပြီး၏။**

http://www.dhammadownload.com



# ကာမိစ္ဆာဒနကာဏ္ဍ

(က) ဗုဒ္ဓံ ဉာဏသမုဒ္ဒံ၊ သဗ္ဗညုံ လောကဟေတုဒိဏ်ာမတိံ။
ဝန္ဒိတွာ ပုဗ္ဗမဟံ၊ ဝက္ခာမိ သသာဓနံ ဟိ ကိတကပ္ပံ။

အဟံ၊ငါသည်။ဉာဏသမုဒ္ဒံ၊ဉာဏ်တည်းဟူသော သမုဒ္ဒရာရှိတော်မူထသော။သဗ္ဗညုံ ခပ်သိမ်းသော တရားကို သိတော်မူလေ့ရှိထသော။လောကဟေတုဒိဏ်ာမတိံ၊လောက-ဟူသော အကြောင်းကြောင့် မကုန်မခမ်းနိုင်သော ပညာရှိတော်မူထသော။ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ပုဗ္ဗံ၊ကျမ်းကို အားမထုတ်မီ ရှေးဦးစွာ။ဝန္ဒိတွာ၊ရှိခိုးပြီး၍။သသာဓနံ၊သာဓနခုနစ်ပါးနှင့်တကွဖြစ်သော။ကိတကပ္ပံ၊ကိတ်ကျမ်းကို။ဝက္ခာမိ၊ဆိုပေအံ့။

(ခ) သာဓနမူလံ ဟိ ပယောဂံ၊ အာဟု ပယောဂမူလမတ္ထဥ္စ။
အတ္ထေသု ဝိသာဒရမတယော၊ သာသနသုဓော ဇိနဿ မတာ။

ဟိ ယသ္မာ၊အကြင်ကြောင့်။အတ္ထေ၊အနက်၌။ဝိသာဒရမတယော၊ရဲရင့်သော ပညာရှိကုန်ထသော။ဇိနဿ၊မြတ်စွာဘုရား၏။သာသနသုဓော၊သာသနာတော်ကို ကောင်းစွာဆောင်ကုန်သော။မတာ၊ပညာရှိတို့သည်။ပယောဂံ၊ပြယုဂ်ပုံစံကို။သာဓနမူလံ၊သာဓနလျှင် အကြောင်းရှိ၏ဟူ၍။အာဟု၊ဆိုကုန်ပြီ။အတ္ထဥ္စ၊အနက်ကိုလည်း။ပယောဂမူလံ၊ပြယုဂ်ပုံစံလျှင်. အကြောင်းရှိ၏ဟူ၍။အာဟု၊ဆိုကုန်ပြီ။

( ပြယုဂ်ပုံစံမှ ကင်းလွတ်သော် အနက်ဖျက်စီးပုံပြ )

(ဂ) အန္ဓော ဒေသကဝိကလော၊ ယထာမဇုတေလာနိ ဘာဇနေန ဝိနာ။
နဋ္ဌော နဋ္ဌာနိ ယထာ၊ ပယောဂဝိကလော တထာ အတ္ထော။

ကိမိဝ၊အဘယ်ကဲ့သို့ နည်းဟူမူကား။ဒေသကဝိကလော၊တွတ်ဆွဲ လမ်းပြသူမရှိသော။အန္ဓော၊သူကန်းသည်။နဋ္ဌော ယထာ၊ပျက်စီးသကဲ့သို့ငှင်း။ယထာ မဓု တေလာနိ၊ ထောပတ်, ပျား, ဆီတို့သည်။ဘာဇနေဟိ၊တည်ရာ အိုးခွက်တို့နှင့်။ဝိနာ၊ကင်း၍။နဋ္ဌာနိ ယထာ၊ပျက်စီးကုန်သကဲ့သို့ငှင်း။တထာ၊ထို့အတူ။ပယောဂဝိကလော၊ပြယုဂ်ပုံစံမှ ကင်းသော။အတ္ထော၊အနက်သည်။နဋ္ဌော၊ပျက်စီးသည်။ဟောတိ၊ဖြစ်၏။

(ဃ) တသ္မာ သံရက္ခဏတ္ထံ၊ မုနိဝစနတ္ထဿ ဒုလ္လဘာဿာဟံ။
ဝက္ခာမိ သိဿကဟိတံ၊ ကိတကပ္ပံ သာဓနေန ယုတံ။

တသ္မာ၊ထို့ကြောင့်။ဒုလ္လဘာဿ၊ရခဲသော။မုနိဝစနဿ၊မြတ်စွာဘုရား ပါဠိတော်၏ အနက်ကို။သံရက္ခဏတ္ထံ၊ကောင်းစွာစောင့်ရှောက်နိုင်ဖို့ရာ။သိဿကဟိတံ၊တပည့်သားတို့၏ အစီးအပွားဖြစ်သော။သာဓနေန၊သာဓနခုနစ်ပါးနှင့်။ယုတံ၊ယှဉ်စပ်သော။ကိတကပ္ပံ၊ကိတ်ကျမ်းကို။အဟံ၊ငါသည်။ဝက္ခာမိ၊ဆိုပေအံ့။

http://www.dhammadownload.com



➤ **ကိတ်မည်ပုံ ။ ။** သိသာနံ ကာဝ် ကိရတိ အပနေတီတိ ကိတံ-ဟူသော ဝစနတ္ထနှင့်အညီ ပစ္စည်း မပါဘဲ ဓာတ်ချည်းသက်သက် ဖြစ်နေလျှင် ကံဟောလော, ကတ္တားဟောလော စသည်ဖြင့် မသိနိုင်၊ ပစ္စည်းသက်လိုက်မှ ယုံမှားသံသယ ကင်းပျောက်သွား၏၊ ဤသို့လျှင် ဏ,စသော ပစ္စည်းတို့သည် သောတုဇနတို့၏ ယုံမှားသံသယကို ပယ်ဖျောက်တတ်သောကြောင့် "ကိတ်" မည်ပါသည်။

➤ **ကိတ်--အစရ ။ ။** ဏ,စသော ပစ္စည်းများကို ယူရပါမည်။

➤ **ကိတ်ကျမ်း၏ ဝုဏ်အင်္ဂါ ၂--ရပ် ။ ။** (၁) ပါဠိပြယုဂ်သည် ကိတ်ပုဒ်ဟူသော သာဓနလျှင် အရင်းခံရှိခြင်း၊ (၂) အနက်သည်လည်း ပါဠိပြယုဂ်လျှင် အရင်းခံရှိခြင်း။

➤ **အရှင်ကစ္စည်းဆရာ၏ ကိတ်ကျမ်းကို ရေးသားပြုစုထားခြင်း ရည်ရွယ်ချက်**

ရခဲသော ဘုရားဟောဖော် ပါဠိတော်အနက်ကို ကောင်းစွာစောင့်ရှောက်ခြင်း အကျိုးကို ရည်ရွယ်၍ ကိတ်ကျမ်းကို ပြုစုထားပါသည်။ မှန်ပါသည်၊ အနက်ဉာဏ် ရင့်သန် ရဲရင့်ကုန်သော သာသနာ့ဝန်ဆောင် ပညာရှင်များက ပိဋကတ်ပြယုဂ်မှန်သမျှ ကိတ်ပုဒ်ဟူသော သာဓနအရင်းခံ ရှိ၏ဟူ၍ရင်း၊ အနက်မှန်သမျှသည်လည်း ပိဋကတ်ပြယုဂ်အရင်းခံရှိ၏ဟူ၍ရင်း ဆိုကြပါသည်၊ ခရီးညွှန် လမ်းပြ,မပါသော သူကန်းသည် ပျက်စီးရသကဲ့သို့ရင်း၊ ထောပတ်, ပျားရည်, ဆီတို့သည် အိုးခွက်နှင့်ကင်းလျှင် ပျက်စီးရသကဲ့သို့ရင်း၊ ပြယုဂ်ချို့တဲ့သောအနက်သည် ပျက်စီး၏၊ ထို့ကြောင့် ရနိုင်ခဲသော ဘုရားဟောဖော် ပါဠိတော်အနက်ကို ကောင်းစွာစောင့်ရှောက်ခြင်းအကျိုးကို ရည်ရွယ်၍ သာဓနမှင့်ယှဉ်သော တပည့်သားအပေါင်း၏ အစီးအပွားဖြစ်သော ကိတ်ကျမ်းကို ရေးသားပြုစု ထားပါသည်။

➤ **ပြယုဂ်သစ္စါမှကင်းသော အနက်ဖြစ်၏ ချို့ယွင်းပျက်စီးနိုင်ပုံ**

ခရီးညွှန် လမ်းပြသူ မရှိသော သူကန်းသည်ရင်း၊ အိုးခွက်မှကင်းသော ထောပတ်, ပျားရည်, ဆီတို့သည်ရင်း ပျက်စီးရာကုန်သကဲ့သို့ (ဥပမာ) ပြယုဂ်မှ ချို့တဲ့သော (ဝါ) ပြယုဂ်မရှိသော အနက်သည် ပျက်စီးတတ်ပါသည်။

➤ **ပြယုဂ်ပုံစံ၏ အခကြောင်းအရင်းခံကား ။** သာဓန ဖြစ်ပါသည်။

➤ **ပြယုဂ်ပုံစံ အရေးကြီးပုံ ။ ။** ခရီးညွှန် လမ်းပြသူ မရှိသော သူကန်းသည်ရင်း၊ အိုးခွက်မှကင်းသော ထောပတ်, ပျားရည်, ဆီတို့သည်ရင်း ပျက်စီးရာကုန်သကဲ့သို့ (ဥပမာ) ထို့အတူ ပြယုဂ်မှ ချို့တဲ့သော (ဝါ) ပြယုဂ်မရှိသော အနက်သည် ပျက်စီးတတ်ပါသည်။ ထို့ကြောင့် ပြယုဂ်ပုံစံသည် အရေးကြီးပါသည်။

➤ **ပြယုဂ်၏ အရင်းအမြစ်ကား ။** သာဓန (၇) ပါး ဖြစ်ပါသည်။

➤ **အနက်၏ အရင်းအမြစ်ကား ။** ပြယုဂ် ဖြစ်ပါသည်။ (သာဂေ) သာဓနမူလံ ဟိ ပယောဂံ၊ အာဟု ပယောဂမူလမတ္ထဥ္စ။

http://www.dhammadownload.com



➤ ဂါထ်ကျမ်း၌ ပစ္စည်း ၃-မျိုး ။ ။ (၁) ဂါထာပစ္စည်း၊ (၂) ကိစ္စပစ္စည်း၊ (၃) ဂါထာကိစ္စပစ္စည်း-တို့ ဖြစ်ပါသည်။

➤ ဂါထာပစ္စည်း အဓိပ္ပါယ် ။ ။ များသောအားဖြင့် ကတ္တားအနက်၌သက်သော ပစ္စည်းတို့သည် "ဂါထာပစ္စည်း" မည်ပါသည်။ ➤ ကိစ္စပစ္စည်း အဓိပ္ပါယ် ။ ။ ဘော, ကံအနက်တို့၌သက်သော ပစ္စည်းတို့သည် "ကိစ္စပစ္စည်း" မည်ပါသည်။

➤ ဂါထာကိစ္စပစ္စည်း အဓိပ္ပါယ် ။ ။ ဘော, ကံ, ကတ္တားအနက်တို့၌သက်သော ပစ္စည်းတို့သည် "ဂါထာကိစ္စပစ္စည်း" မည်ပါသည်။ (နိဒ္ဒေသ)

➤ ဂါထ (ဂါထ်) ပစ္စည်းများ ။ ။ ဏီ, ရွ, ဏုက, တိ, တဝန္တု, တာဝီ, က္တ, အန္တ, တဝေ, တုံ, တုန, တွာန, တွာ-အားဖြင့် (၁၃) ပစ္စည်း ဖြစ်ပါသည်။

➤ ကိစ္စပစ္စည်းများ ။ ။ [ရူ-အလို] တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စပစ္စည်းတို့ ဖြစ်ပါသည်။ [နိဒ္ဒေသ-အလို] တဗ္ဗ, အနီယ, ဏျ, ရိစ္စ, ရိရိယ, ခပစ္စည်းတို့ ဖြစ်ပါသည်။

➤ ကိစ္စဂါထာပစ္စည်းများ ။ ။ ဏ, ယု, က္ဝိ, ရမ္မ, အ, ဏွု, တု, အာဝီ, တ, ရာတု, ရတ္ထု, ရိတု, က္တန္တ, အန္တ, ကာရ-အားဖြင့် (၁၅) ပစ္စည်း ဖြစ်ပါသည်။ (နိဒ္ဒေသ)

➤ သာဓန ၇-ပါး ။ ။ (၁) ကတ္တုသာဓန၊ (၂) ကမ္မသာဓန (၃) ကရဏသာဓန၊ (၄) သမ္ပဒါနသာဓန (၅) အပါဒါနသာဓန (၆) အဓိကရဏသာဓန (၇) ဘာဝသာဓန။

အမှာ/ ဝိဂြိုဟ်-ဝိဂ္ဂဟအတွင်း၌ "ယေန, တေန, ဧတေန" ပါလျှင် 'ကရဏသာဓန' ဟု မှတ်ပါ။ (ပုံစံ) ဝိနေတိ 'ဧတေနာ'တိ ဝိနယော၊ "အဿ"ပါလျှင် 'သမ္ပဒါနသာဓန' ဟု မှတ်ပါ။ (ပုံစံ) ခနံ 'အဿ' ဘဝတူတိ ခနဘူတိ၊ "အသ္မာ" ပါလျှင် 'အပါဒါနသာဓန' ဟု မှတ်ပါ။ (ပုံစံ) သမ္မာ ပဝတ္တတိ 'အသ္မာ'တိ သမ္မာပဝတ္တနိယော၊ "ဧတ္ထ, တသ္မိံ" ပါလျှင် 'အဓိကရဏသာဓန'ဟု မှတ်ပါ။ (ပုံစံ) ဝိနေတိ 'ဧတ္ထာ'တိ ဝိနယော၊ "က္တတိ" မပါလျှင် 'ဘာဝသာဓန'ဟု မှတ်ပါ။ (ပုံစံ) ဓေတဗ္ဗံ ဓေယျံ။

---

## ဂါထာ ပထမကဏ္ဍ

### ၅၂၄။ ဓာတုယာ ကမ္မာဒိမှိ ဏော

ဓာတုယာ ကမ္မာဒိမှိ ဏပစ္စယော ဟောတိ။

ကမ္မံ ကရောတီတိ ကမ္မကာရော၊ ဧဝံ ကုမ္ဘကာရော၊ မာလာကာရော၊ ကဋ္ဌကာရော၊ ရထကာရော၊ ရဇတကာရော၊ သုဝဏ္ဏကာရော၊ ပတ္တဂ္ဂါဟော၊ တန္တဝါယော၊ ဓညမာယော၊ ဓမ္မကာမော၊ ဓမ္မစာရော။

* ကမ္မာဒိမှိ၊အစ၌ ကံပုဒ်ရှိသည်။သတိ၊ဖြစ်လတ်သော်။ဓာတုယာ၊ဓာတ်မှ။ပရေ၊နောက်၌။ဏော၊ဏပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ။ * ကမ္မာဒိမှိ၊အစ၌ ကံပုဒ်ရှိသည်။သတိ၊ဖြစ်လတ်သော်။ဓာတုယာ၊ဓာတ်မှ။ပရေ၊နောက်၌။ဏပစ္စယော၊ဏပစ္စည်းသည်။

http://www.dhammadownload.com



ယောတိ၊ဖြစ်၏။ ။ ကမ္မံ၊အမှုကို (အလုပ်ကို)။ကရောတိ၊ပြုလုပ်တတ်၏။ဣတိ (ဣမသ္မာ) ဤအကြောင်းကြောင့်။ကမ္မကာရော၊အမှုလုပ်သမား မည်၏။ ဝေ၊ဤအတူ။ကုမ္ဘကာရော၊ အိုးထိန်းသည်။ မာလာကာရော၊ပန်းသည်။ ကဋကာရော၊ထင်းခွေသမား။ ရထကာရော၊ ရထား အလုပ်သမား။ ရဇတကာရော၊ငွေပန်းထိမ်သည်။ သုဝဏ္ဏကာရော၊ရွှေပန်း ထိမ်သည်။ပတ္တဂ္ဂါဟော၊ခွက်လက်စွဲ၍ တောင်းစားတတ်သူ။တန္တဝါယော၊ရက်ကန်းသည် ဓညမာယော၊စပါးချင့်တတ်သောသူ။ ဓမ္မကာမော၊တရားကိုအလိုရှိသသူ။ ဓမ္မစာရော၊ တရားကို ကျင့်တတ်သော ယောဂီ။

➤ ဓာတုယာ+ကမ္မာဒိမှိ+ဏော–ဟု ၃–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ ဝိဂ္ဂဟ ။ ။ ကုမ္ဘံ၊ မာလံ၊ ကဋံ၊ ရထံ၊ ရဇတံ၊ သုဝဏ္ဏံ ကရောတီတိ သုဝဏ္ဏကာရော၊ * ပတ္တံ ဂဏှာတိ အဂ္ဂဏှိ ဂဏှိဿတီတိ ပတ္တဂ္ဂါဟော။ * တန္တံ ဝါယတိ အဝါယိ ဝါယိဿတီတိ တန္တဝါယော။ * ဓညံ မိနာတိ အမိနိ မိနိဿတီတိ ဓညမာယော၊ * ဓမ္မံ ကာမေတိ အကာမိ ကာမိဿတီတိ ဓမ္မကာမော၊ * ဓမ္မံ စရတိ အစရိ စရိဿ တီတိ ဓမ္မစာရော။

➤ ဓာတုယာ–အရ ။ ။ ဘူဝါဒယော ဓာတဝေါ-သုတ်ဖြင့် အမည်မှည့်အပ်သော ဓာတ်ဟူသမျှကို ယူရပါမည်။ (တစ်နည်း) အစဦ ကံပုဒ်ရှိသော ကရ, ဂဟ, ဝေ, မာ, ကမု, စရ, စသော ဓာတ်များကို ယူရပါမည်။

➤ ကမ္မာဒိမှိ–အရ ။ ။ ကမ္မံ, ကုမ္ဘံ, မာလံ, ကဋံ, ရထံ, ရဇတံ, ပတ္တံ, တန္တံ, ဓညံ, ဓမ္မံ သဒ္ဒါတို့ကို ယူရပါမည်။

➤ ကုမ္ဘကာရောပုဒ်၌ ပစ္စည်းသက်သော သုတ် ◦ ဓာတုယာ ကမ္မာဒိမှိ ဏော။

➤ ယင်းပစ္စည်း၏ သက်ရာကာလကို ညွှန်ပြသောသုတ်ကား ◦ ဏာဒယော တေ ကာလိကာ-သုတ် ဖြစ်ပါသည်။

➤ ကိတ်ကြီးယာများကို ပထမာဝိဘတ်ဖြင့်သာ နိပ္ဖန္နပုဒ် ထားရခြင်းအကြောင်း

ကိတ်ပစ္စည်းသည် ယောအပ်သော ကတ္တား,စသော အနက်တို့ကို ဇောတကသတ္တိဖြင့် ထွန်းပြလိုသောကြောင့် ကတ္တား,စသော အနက်မှကြွင်းသော သကတ်, ဒြပ်, လိင်, သချာတည်းဟူသော လိင်္ဂတ္ထကိုငဲ့၍ ပထမာဝိဘတ်ဖြင့်သာ နိပ္ဖန္နပုဒ် ထားရပါသည်။

မေး ။ ။ ဤသုတ်လာ ဓာတုယာပုဒ်သည် အဘယ်သုတ်တို့၌ လိုက်ပါသနည်း။

ဖြေ ။ ။ ဓာတုယာပုဒ်သည် ပစ္စည်း, အာဂုံကိုစီရင်သော အလုံးစုံသော သုတ်တို့၌ လိုက်ပါသည်။

➤ ကုမ္ဘကာရော–ကို ကာလသုံးပါးဖြင့် ဝိဂ္ဂဟပြုပုံ ။ ။ (၁) ကုမ္ဘံ ကရောတီတိ ကုမ္ဘကာရော၊ [ပစ္စုပ္ပန်] (၂) ကုမ္ဘံ အကာသီတိ ကုမ္ဘကာရော၊ [အတိတ်] (၃) ကုမ္ဘံ ကရိဿတီတိ ကုမ္ဘကာရော [အနာဂတ်]

http://www.dhammadownload.com



➤ **ကမ္မကာရော-ကို ကာလသုံးပါးဖြင့် ဝိဂ္ဂဟပြုနိုင်ခြင်းအကြောင်း**

ကာဒယော တေ ကာလိကာ-သုတ်ကိုထောက်၍ က, အစရှိသော ပစ္စည်းတို့သည် ကာလသုံးပါး၌ သက်၏ဟု ဆိုသောကြောင့်-ကာလသုံးပါးဖြင့် ဝိဂ္ဂဟပြုနိုင်ပါသည်။

➤ **ကပစ္စည်း၏ သာဓန ။ ။** အညေကိတ်-သုတ်ဖြင့် က,စသော ပစ္စည်းများကို ကိတ် အမည်မှည့်ရသောကြောင့်ရင်း၊ ကတ္တရိ ကိတ်-သုတ်ဖြင့် ကိတ်မည်သော ပစ္စည်းများ သည် ကတ္တားအနက်၌သက်၏ဟု ဆိုသောကြောင့်ရင်း ကတ္တုသာဓန ဖြစ်ပါသည်။

➤ **ကပစ္စည်း၏ ကာလ,စသည် ။ ။** ကပစ္စည်းသည် ကာလသုံးပါး၊ လိင်သုံးပါး၊ အ, အာ, ဤကာရန္တ၊ ပုရိသာဒိဂိုဏ်း, စိတ္တာဒိဂိုဏ်း, ကညာဒိဂိုဏ်း, နဒါဒိဂိုဏ်း။

➤ **ကမ္မကာရော (ကိတ်) ပုဒ်ကို နာမ်ငဲ့ခြေင်းအကြောင်း ။ ။** ကိတ်ပစ္စည်းအဆုံး ရှိသော သဒ္ဒါတို့သည် လိင်မဟုတ်သောကြောင့် နာမ်ငဲ့ရပါသည်။

➤ **ကမ္မကာရော-၌ ကမ္မ-သဒ္ဒါ မပါဘဲ ကာရ-သဒ္ဒါသက်သက်နောင် ပစ္စည်းသက် နိုင်/မသက်နိုင် ။ ။** ကံပုဒ် အစရှိမှသာ ကရဓာတ် စသည်နောင် ပစ္စည်းသက်နိုင် သောကြောင့် ကာရ-သဒ္ဒါသက်သက်နောင် ပစ္စည်း မသက်နိုင်ပါ။

---

## ၅၂၅။ သညာယ မနု

သညာယ မဘိဓေယျာယံ ဓာတုယာ ကမ္မာဒိမှိ အကာရပစ္စယော ဟောတိ၊ နာမမှိ စ နုကာရာဂမော ဟောတိ။ ။ အရိံ ဒမေတီတိ အရိန္ဒမော၊ ရာဇာ။ ဝေဿံ တရတီတိ ဝေဿန္တရော၊ ရာဇာ။ တဏှံ ကရောတီတိ တဏှင်္ကရော၊ ဘဂဝါ။ မေဓံ ကရောတီတိ မေဓင်္ကရော၊ ဘဂဝါ။ သရဏံ ကရောတီတိ သရဏင်္ကရော၊ ဘဂဝါ။ ဒီပံ ကရောတီတိ ဒီပင်္ကရော၊ ဘဂဝါ။

[**တီပဒကြံ၍ အနက်ပေးပုံ**] * သညာယံ၊အမည်နာမ ပညတ်၌။ကမ္မာဒိမှိ၊အစ၌ ကံပုဒ်ရှိသည်။ သတိ၊ဖြစ်လတ်သော်။ ဓာတုယာ၊ဓာတ်မှ။ ပရေ၊နောက်၌။ အ၊အ,ပစ္စည်း သည်။ဟောတိ၊ဖြစ်၏။နု စ၊ကံပုဒ်၏ အဆုံး၌ နု,အက္ခရာလာသည်လည်း။ဟောတိ၊၏။

[**ဒွိပဒကြံ၍ အနက်ပေးပုံ**] * သညာယံ၊နာမည်ကို ဟောရာ၌။ကမ္မာဒိမှိ၊ကံပုဒ်အစ သည်။သတိ၊ရှိလတ်သော်။ဓာတုယာ၊ဓာတ်မှ နောက်၌။အ, နု၊နောက်၌ အပစ္စည်း, ရှေ့ ၌ နုအာဂုံသည်။ဟောတိ၊ဖြစ်၏။ [**ဝုတ္တိအနက်**] * သညာယံ၊အမည်နာမပညတ်ကို။ အဘိဓေယျာယံ၊ဟောအပ်သည်ရှိသော်။ကမ္မာဒိမှိ၊သည်။သတိ၊သော်။ဓာတုယာ၊မှ။ပရေ၊ ၌။အကာရပစ္စယော၊အ,ပစ္စည်းသည်။ဟောတိ၊၏။နာမမှိ၊နာမ်ပုဒ်နောက်၌။နုကာရာဂမော စ၊နု,အက္ခရာ လာသည်လည်း။ဟောတိ၊၏။

* အရိံ၊ရန်သူကို။ဒမေတိ၊ဆုံးမတတ်၏။ဣတိ၊ဤအကြောင်းကြောင့်။အရိန္ဒမော၊ အရိန္ဒမ-မည်၏။[အရိန္ဒမော-ရန်သူကို ဆုံးမတတ်သော မင်း] ရာဇာ၊အရိန္ဒမမင်းကို ရ၏

http://www.dhammadownload.com



*ဝေသံ၊ကုန်သည်လမ်းကို။တရတိ၊လွှန်၍ မွေးဖွားတတ်၏။ဣတိ၊ကြောင့်။ဝေဿန္တရော ဝေဿန္တရာ မည်၏။[ဝေဿန္တရော=ကုန်သည်လမ်းကိုလွှန်၍ မွေးဖွားတတ်သောမင်း] ရာဇာ၊ဝေဿန္တရာမင်းကို ရ၏။ * တဏှံ၊တဏှာကို။ကရောတိ (ဟိံသတိ)၊ညှဉ်းဆဲတတ်၏။ဣတိ၊ကြောင့်။တဏှင်္ကရော၊တဏှင်္ကရာ မည်၏။ [တဏှင်္ကရော=တဏှာကို ညှဉ်းဆဲတတ်သော ဘုရား] ဘဂဝါ၊တဏှင်္ကရာဘုရားကို ရ၏။ * မေဓံ၊ပညာကို။ကရောတိ၊ပြု တတ်၏။ဣတိ၊ကြောင့်။မေဓင်္ကရော၊မေဓင်္ကရာ မည်၏။ [မေဓင်္ကရော၊ပညာကို ပြု တတ်သော ဘုရား] ဘဂဝါ၊မေဓင်္ကရာဘုရားကိုရ၏။* သရဏံ၊ကိုးကွယ်ရာကို။ကရောတိ၊ ပြုတတ်၏။ဣတိ၊ကြောင့်။သရဏင်္ကရော၊သရဏင်္ကရာ မည်၏။ [သရဏင်္ကရော၊ကိုးကွယ် ရာကို ပြုတတ်သော ဘုရား] ဘဂဝါ၊သရဏင်္ကရာဘုရားကို ရ၏။ * ဒီပံ၊ဆီမီးကို။ (ပညာ တည်းဟူသော ဆီမီးကို)။ကရောတိ၊ပြုတတ်၏။ဣတိ၊ကြောင့်။ဒီပင်္ကရော၊ဒီပင်္ကရာ မည် ၏။ [ဒီပင်္ကရော၊ပညာတည်းဟူသော ဆီမီးကို ပြုတတ်သော ဘုရား] ဘဂဝါ၊ဒီပင်္ကရာ ဘုရားကို ရ၏။

➤ သညာယံ+အ+နု-ဟု ၃-ပုဒ်ရှိသော ပစ္စယပိဋိ/အာဂမပိဋိသုတ်

(တစ်နည်း) သညာယံ+အနု-ဟု ၂-ပုဒ်ရှိသော ပစ္စယပိဋိ/အာဂမပိဋိသုတ်

➤ ဤသုတ်သို့ လိုက်လာသော သဒ္ဒါ ॥ ॥ ဓာတုယာ ကမ္မာဒိမှိ ဏော-သုတ်မှ ဓာတုယာ-သဒ္ဒါနှင့် ကမ္မာဒိမှိ-သဒ္ဒါတို့ လိုက်လာပါသည်။

မေး ॥ ॥ အရိန္ဒမော-၌ 'နု'သည် ဒိဋိဘာဂ၏ ကာရိယ ဟုတ်/မဟုတ် သုတ်အထောက် ပြ၍ ဆုံးဖြတ်ပါ။

* သညာယ မနု၊ နုနိဂ္ဂဟိတံ ပဒန္တေ-သုတ်တို့ကိုထောက်၍ အရိန္ဒမော-၌ 'နု'သဒ္ဒါ သည် အံ့,အပြု၏ ကာရိယဖြစ်ပါသည်၊ အံ့ဝိဘတ်၏ ကာရိယ မဟုတ်ပါ၊ နု-ကို အံ့ပြု၊ အံ့ကို နု-ပြုထားပါသည်။

➤ သညာယ-အရ ॥ ॥ ကံပုဒ်ရှေ့ရှိသော အမည်ပညတ်ဟောသော ပုဒ်များကို ယူရပါမည်။

➤ နာမမှိ-အရ ॥ ॥ အရိ, ဝေဿ, တဏှ, မေဓ, သရဏ, ဒီပ, သဒ္ဒါတို့ကို ယူရမည်။

➤ နု,အက္ခရာ လာရခြင်းအကြောင်း ॥ ॥ နု နိဂ္ဂဟိတံ ပဒန္တေ-သုတ်၌ ပဒန္တေ-ဟု ဆိုသော ကြောင့် အရိန္ဒမော-ဝယ် အရိ-ဟူသောအနီးပုဒ်၏ အဆုံး၌သာ နု,အက္ခရာ လာရမည်

➤ နု,အက္ခရာ လာရမည့်စည်းကမ်းချက် ॥ ॥ နု,အက္ခရာကို သမာသ်အစီအရင်ကို ပြုလုပ်ပြီး၍ အနီးပုဒ်ရှိ ဝိဘတ်ချေမှုကို ပြုလုပ်ပြီးမှသာ လာရပါမည်။

➤ ဓာတ်နောင် နု,အက္ခရာ မလာသင့်ခြင်းအကြောင်း ॥ ॥ နု နိဂ္ဂဟိတံ ပဒန္တေ- သုတ်၌ ပဒန္တေ-ဟု ဆိုထားသောကြောင့် ဓာတ်နောင် နု,အက္ခရာ မလာသင့်ပါ။

http://www.dhammadownload.com



➢ **ပစ္စည်းနု/အာဂုံနု နှစ်မျိုးတို့တွင် အာဂုံနုသာ ဖြစ်ခြင်းအကြောင်း**

နု နိဂ္ဂဟိတံ ပဒေန္တ-ဟု ဆိုသောကြောင့် အာဂုံနုသာ ဖြစ်ပါသည်။

မေး ။ ။ သုတ်၌ သညာယံ-ဟု သာမညဆိုသောကြောင့် အမည်ကိုဟောနိုင်သော ပုဒ်မှန်သမျှနောင် အ, ပစ္စည်းသက်နိုင်ပါသလော?

* မသက်နိုင်ပါ၊ အစ၌ ကံပုဒ်ရှိသော ဓာတ်နောင်သာလျှင် အမည်သညာကို သိအပ်သည်ရှိသော် အ, ပစ္စည်း သက်နိုင်ပါသည်။

➢ **အ, ပစ္စည်း၏ သက်ရာ သာဓန, စသည်** ။ ။ အ, ပစ္စည်းသည် ကတ္တုသာဓန၊ အကာရန္တ၊ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း၊ ကာလသုံးပါး ဖြစ်ပါသည်။

## ၅၂၆။ ပုရေ ဒဒါ စ ဏ္ဍံ

ပုရသဒ္ဒေ အာဒိမှိ ဒဒ ဣစ္စေတာယ ဓာတုယာ အကာရပစ္စယော ဟောတိ၊ ပုရသဒ္ဒဿ အကာရဿ စ ဣ ံ ဟောတိ။

ပုရေ ဒါနံ အဒါသီတိ ပုရိန္ဒဒေါ၊ ဒေဝရာဇာ။

* အာဒိမှိ၊အစ၌။ပုရေ၊ပုရ-သဒ္ဒါသည်။သတိ၊ရှိလတ်သော်။ဒဒါ၊ဒဒဓာတ်မှ။ပရေ၊နောက်၌။အ၊အ, ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ပုရဿ၊ပုရ-သဒ္ဒါ၏ အ၏။ဣ ံစ၊ဣ ံပြုသည်လည်း။ဟောတိ၏။ ။ * အာဒိမှိ၊အစ၌။ပုရသဒ္ဒေ၊ပုရ-သဒ္ဒါသည်။သတိ၊ရှိလတ်သော်။ဒဒ ဣစ္စေတာယ ဓာတုယာ၊ဒဒဓာတ်မှ။ပရေနောက်၌။အကာရပစ္စယော၊အ, ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ပုရသဒ္ဒဿ၊ပုရ-သဒ္ဒါ၏။အကာရဿ၊အ, အက္ခရာ၏။ဣ ံစ၊ဣ ံပြုသည်လည်း။ဟောတိ၏။ ။ * ပုရေရှေး၌။ဒါနံ၊အလှူကို။ဒဒါတိ၊ပေးလှူတတ်၏။ဣတိ၊ဤအကြောင်းကြောင့်။ပုရိန္ဒဒေါ၊ပုရိန္ဒဒ မည်၏။ [ပုရိန္ဒဒေါ၊ ရှေး၌ အလှူကို ပေးလှူတတ်သော သိကြားမင်း] ရာဇာ၊သိကြားမင်းကို ရ၏။

➢ ပုရေ+ဒဒါ+စ+ဣ ံ-ဟု ၄-ပုဒ်ရှိသော ပစ္စယဝိဓိ/အာဒေသဝိဓိသုတ်

➢ **လိုက်လာသော သဒ္ဒါ** ။ ။ ဤသုတ်သို့ ဓာတုယာ ကမ္မာဒိမှိ ဏော-သုတ်မှ ဓာတု-သဒ္ဒါ, အာဒိမှိ-သဒ္ဒါ၊ သညာယ မနု-သုတ်မှ အ-သဒ္ဒါတို့ လိုက်လာပါသည်။

➢ **ဣ ံပြုရာ ဌာန** ။ ။ တဒနုပရောဓေန-ဟု ပရိဘာသာလာသောကြောင့် ပုရိန္ဒဒေါ၌ ပုရ-သဒ္ဒါ၏အဆုံး အ,အက္ခရာကိုသာ ဣ ံပြုရပါမည်။ (သာကေ) ပုရသဒ္ဒဿ အကာရဿစ ဣ ံ ဟောတိ။ ➢ **ဣ ံပြုရမည့် နည်းကမ်းချက်** ။ ။ တဒနုပရောဓေန-ဟု ပရိဘာသာလာသောကြောင့် ပုရ-သဒ္ဒါ၏အဆုံး အ,အက္ခရာကိုသာ ဣ ံပြုရပါသည်၊ ထိုသို့ ဣ ံပြုရာ၌ ဝိဘတ်ချေမှုကို ပြုလုပ်ပြီးမှသာ ဣ ံပြုရပါမည်။

➢ **ပုရိန္ဒဒေါ-ပုဒ်ကို အတိတ်ကာလဖြင့်သာ ဝိဂ္ဂဟပြုနိုင်ခြင်းအကြောင်း**

ပုရေ-ဟူသော အနီးပုဒ်က ရှေး၌ဟု ဝိသေသနပြုထား၏၊ ရှေးဆိုလျှင်လည်း အတိတ်

http://www.dhammadownload.com



ကာလပင်ဖြစ်သောကြောင့် ပုရေ ဒါနံ အဒဒီတိ ပုရိန္ဒဒေါ-ဟု အတိတ်ကာလဖြင့်သာ ဝိဂ္ဂဟပြုရပါသည်။

**မေး ။ ။** ဤသုတ်ဖြင့်သက်သော အ-ပစ္စည်းသည် ဏာဒယော တေကာလိကာ-သုတ် ဝယ် ဏာဒယော-အရ ပါဝင်သောကြောင့် ကာလသုံးပါးလုံး၌ ဖြစ်နိုင်/မဖြစ်နိုင် ပုံစံထုတ်၍ အကြောင်းပြ ရှင်းလင်းဖြေဆိုပါ။

➤ **အ-ပစ္စည်း သက်ရာကာလ/အပစ္စည်းသည် အတိတ်ကာလ၌သာ သက်ရခြင်း အကြောင်း/ ပစ္စုပ္ပန်, အနာဂတ်ကာလတို့၌ မသက်နိုင်ခြင်းအကြောင်း ။ ။** ပုရေ အနီးပုဒ်အနက် အထူးပြုသောကြောင့် (ဝါ) ပုရေ-ဟု အထူးပြု၍ ဆိုထားသောကြောင့် (ကာလသုံးပါးလုံး မဖြစ်နိုင်ပါ။) အတိတ်ကာလ၌သာ အပစ္စည်း သက်ရပါမည်။

➤ **စ-သဒ္ဒါ၏ အနက် ။ ။** စသဒ္ဒါသည် ပုရ-သဒ္ဒါ၏ အ,ကိုသာ ဣပြုရသည် မဟုတ်၊ ဒဒဓာတ်နောင် အပစ္စည်းသက်သေး၏ဟု နှစ်ခုမြောက်သောအနက်ကို ပေါင်း သောကြောင့် ဒုတိယတ္ထ သမ္ပိဏ္ဍနအနက် ဖြစ်ပါသည်။ (တစ်နည်း) ရှေ့သုတ်မှ အပစ္စည်း ကို ငင်သောကြောင့် အနုကဍ္ဎနအနက် ဖြစ်ပါသည်။

➤ **အ-ပစ္စည်း၏ သက်ရာသာဓန စသည် ။ ။** အပစ္စည်းသည် ကတ္တုသာဓန၊ အတိတ်ကာလ၊ အကာရန္တ၊ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း ဖြစ်ပါသည်။

## ၅၂၇။ သဗ္ဗတော ဏွုတွာဝီ ဝါ

သဗ္ဗတော ဓာတုတော ကမ္မာဒိမှိ ဝါ အကမ္မာဒိမှိ ဝါ အကာရ ဏွု တု အာဝီ ဣစ္စေတေ ပစ္စယာ ဟောန္တိ။

တံ ကရောတီတိ တက္ကရော၊ ဟိတံ ကရောတီတိ ဟိတကရော၊ ဝိနေတိ ဧတ္ထ ဧတေနာတိ ဝါ ဝိနယော၊ နိဿာယ နံ ဝသတီတိ နိဿယော။

ဏွုမှိ - ရထံ ကရောတီတိ ရထကာရကော၊ အန္နံ ဒဒါတီတိ အန္နဒါယကော ဝိနေတိ သတ္တေတိ ဝိနာယကော၊ ကရောတီတိ ကာရကော၊ ဒဒါတီတိ ဒါယကော နေတီတိ နာယကော။

တုမှိ - တံ ကရောတီတိ တက္ကတ္တာ၊ တဿ ကတ္တာတိ ဝါ တက္ကတ္တာ၊ ဘောဇနံ ဒဒါတီတိ ဘောဇနဒါတာ၊ ဘောဇနဿ ဒါတာတိ ဝါ ဘောဇနဒါတာ၊ ကရောတီတိ ကတ္တာ၊ သရတီတိ သရိတာ။

**အာဝီမှိ** - ဘယံ ပဿတီတိ ဘယဒဿာဝီ ဣစ္စေဝမာဒိ။

* ကမ္မာဒိမှိဝါ၊အစ၌ ကံပုဒ်ရှိသည်ဖြစ်စေ။အကမ္မာဒိမှိဝါ၊အစ၌ ကံပုဒ် မရှိသည်ဖြစ်စေ။ သတိ၊ဖြစ်လတ်သော်။သဗ္ဗတော၊ခပ်သိမ်းသော ဓာတ်မှ။ပရေ၊နောက်၌။အ၊အ,ပစ္စည်း သည်၎င်း။ဏွု တွာ ဝီ၊ဏွုပစ္စည်း, တုပစ္စည်း, အာဝီပစ္စည်းတို့သည်၎င်း။ဟောန္တိ၊ကုန်၏။

http://www.dhammadownload.com



* ကမ္မာဒိမှိဝါရင်း။ အကမ္မာဒိမှိဝါရင်း။ သတိ၊သော်။သဗ္ဗတော၊ခပ်သိမ်းသော။ ဓာတုတော၊ဓာတ်မှ။ပရေ၌။အကာရ ဏွု တု အာဝီ ဣစ္စေတေ ပစ္စယာ၊အ,ပစ္စည်း ဏွု ပစ္စည်း တုပစ္စည်း အာဝီပစ္စည်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

တံ၊ထိုခိုးမှုကို။ကရောတိ၊ပြုတတ်၏။ဣဓေကဉ်အကြောင်းကြောင့်။တက္ကရော၊ခိုးသူ မည်၏။ * ဟိတံ၊အစီးအပွားကို။ကရောတိ၊ပြုတတ်၏။ဣတိ၊ကြောင့်။ဟိတက္ကရော၊ ဟိတက္ကရ မည်၏။ [ဟိတက္ကရော၊အစီးအပွားကို ပြုတတ်သူ] * ဓတ္တေ၊ဤသိက္ခာပုဒ်အပေါင်း၌။ဝါ၊တစ်နည်းကား။ဓတေန၊ဤသိက္ခာပုဒ်အပေါင်းဖြင့်။ဝိနေတိ၊ဆုံးမတတ်၏။ဣတိ-ဣမသ္မာ၊ဤဆုံးမရာ, ဆုံးမကြောင်းဖြစ်သော သတ္တိကြောင့်။ဝိနယော၊ဝိနည်းမည်၏။ * နံ၊ထိုဆရာကို။နိဿာယမှီ၍။ဝသတိ၊နေတတ်၏။ဣတိ၊ဤသို့ မှီအပ်သော သတ္တိကြောင့် နိဿယော၊နိဿယည်းဆရာ မည်၏။ ➢ ဏွုမှိ၊ဏွုပစ္စည်း၌။ * ရထံ၊ရထားကို။ကရောတိ၊ပြုလုပ်တတ်၏။ဣတိ၊ကြောင့်။ရထကာရော၊ရထားလုပ်သမား မည်၏။ * အန္နံ၊ထမင်းကို။ဒဒါတိ၊ပေးတတ်၏။ဣတိ၊ကြောင့်။အန္နဒါယကော၊ထမင်းပေးတတ်သူ (ထမင်းရှင်) မည်၏။ * သတ္တေ၊သတ္တဝါတို့ကို။ဝိနေတိ၊ဆုံးမတတ်၏။ဣတိ၊ကြောင့်။ဝိနာယကော၊ ဘုရားမည်၏။ * ကရောတိ၊ပြုတတ်၏။ဣတိ၊ကြောင့်။ကာရကော၊ပြုတတ်သူမည်၏။ * ဒဒါတိ၊ပေးတတ်၏။ဣတိ၊ကြောင့်။ဒါယကော၊ဒကာ မည်၏။ * နေတိ၊ဆောင်တတ်၏။ ဣတိ၊ကြောင့်။နာယကော၊အကြီးအကဲ မည်၏။ ➢ တုမှိ၊တုပစ္စည်း၌။တံ၊ထိုအမှုကို။ ကရောတိ၊ပြုတတ်၏။ဣတိ၊ကြောင့်။တက္ကတ္တာ၊တက္ကတ္တာ မည်၏။ [တက္ကတ္တာ၊အမှုကို ပြုတတ်သူ] * တဿ၊ထိုအမှုကို။ကတ္တာ၊ပြုတတ်၏။ဣတိ၊ကြောင့်။တက္ကတ္တာ၊မည်၏။ * ဘောဇနံ၊စားဖွယ်ကို။ဒဒါတိ၊ပေးတတ်၏။ဣတိ၊ကြောင့်။ဘောဇနဒါတာ၊ (စားဖွယ်ကို ပေးတတ်သူ) မည်၏။ * ဘောဇနဿ၊စားဖွယ်ကို။ဒါတာ၊ပေးတတ်၏။ဣတိ၊ကြောင့်။ ဘောဇနဒါတာ၊မည်၏။ * ကရောတိ၊ပြုတတ်၏။ဣတိ၊ကြောင့်။ကတ္တာ၊ကတ္တာ မည်၏။ [ကတ္တာ၊ပြုလုပ်တတ်သူ] * သရတိ၊အောက်မေ့တတ်၏။ဣတိ၊ကြောင့်။သရိတာ၊သရိတာ မည်၏။ [သရိတာ၊အောက်မေ့တတ်သူ] ➢ အာဝီမှိ၊အာဝီပစ္စည်း၌။ * ဘယံ၊ဘေးကို။ ပဿတိ၊ရှုမြင်တတ်၏။ဣတိ၊ကြောင့်။ဘယဒဿာဝီ၊ (ဘေးကို ရှုမြင်တတ်သူ) မည်၏။ ဣစ္စေဝမာဒီ၊ဤသို့ အစရှိသော ပုံစံတို့ကို။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

➢ သဗ္ဗတော+ဏွုတွာဝီ (ဏွုတုအာဝီ)+ဝါ-ဟု ၃-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➢ လိုက်ပုဒ် ။ ။ ဤသုတ်သို့ ဓာတုယာ ကမ္မာဒိမှိ ဏော-သုတ်မှ ဓာတု-သဒ္ဒါ၊ ကမ္မာဒိမှိ-သဒ္ဒါ၊ သညာယ မန-သုတ်မှ အ-သဒ္ဒါတို့ လိုက်လာသည်။

➢ ဝါ-သဒ္ဒါဆိုရကျိုး ။ ။ ဝါ-သဒ္ဒါသည် အကမ္မာဒိမှိဝါ-ဟု အထူးကြံခြင်းအကျိုး ရှိပါသည်။ (တစ်နည်း) ဝါသဒ္ဒါဖြင့် အစ, ဒုနီး၌ ကံပုဒ်ရှိသောဓာတ်, အစ အနီး၌ ကံပုဒ် မရှိသော ဓာတ်ဟု အထူးကြံခြင်း အကျိုးရှိပါသည်။

F11-A

http://www.dhammadownload.com



➤ **ဝါထစ္စါ၏အနက်** ။ ။ ဝါသဒ္ဒါသည် တိုက်ရိုက်မဆိုအပ်သော အကမ္မာဒိမှ-ဟူသော အနက်တစ်မျိုးကို စီရင်ခြင်း ဝိကပ်အနက်ရှိပါသည်။

➤ **အာကာရန္တဓာတ်များ** ။ ။ ဒါဓာတ်, ဓာဓာတ်, ပါဓာတ်, တာဓာတ်။

➤ **ဣဝဏ္ဏန္တဓာတ်များ** ။ ။ ပတိပုဗ္ဗ ဣဓာတ်, စိဓာတ်, ဇိဓာတ်, ဒီဓာတ်, ကီဓာတ်, လီဓာတ်-တို့ ဖြစ်ပါသည်။

➤ **ဥဝဏ္ဏန္တဓာတ်များ** ။ ။ သုဓာတ်, ရုဓာတ်, ဘူဓာတ်, လူဓာတ်-တို့ ဖြစ်ပါသည်။

မေး ။ ။ ဥပါသကော-ဟူသောပုဒ်ကို ဣတ္ထိလိင်ဖြင့် မှန်ကန်စွာ ရုပ်ပြင်ဆင်ပြပါ။

ဖြေ ။ ။ ဥပါသကော-ဟူသောပုဒ်ကို ဣတ္ထိလိင်ဖြင့် 'ဥပါသိကာ'ဟု ရုပ်ပြင်ဆင်ရမည်။ နိယံ/ ဣတ္ထိလိင်တွင်၊ 'အက' မြင်၊ 'အ' လျှင် 'ဣ' ဖြစ်မြဲ။

မေး ။ ။ ဒါဓာတ်နောင် မ, ဏ္ဍု, တ, တု, ဏျ ပစ္စည်းများဖြင့် ပြီးနိုင်သော ရုပ်များကို အသီးအသီး တစ်ခုစီဖြေဆိုပါ။

* **ဒါဓာတ်နောင်** ÷ မ,ပစ္စည်းဖြင့် ယာမော၊ ဏ္ဍု,ပစ္စည်းဖြင့် - ဒါယကော၊ တ,ပစ္စည်းဖြင့် - ဒါတာ၊ တု,ပစ္စည်းဖြင့် - ဒါတာ၊ ဏျ,ပစ္စည်းဖြင့် - ဒေယျံ။

➤ **အ,ပစ္စည်းသက်ရာဌာန** ။ ။ အ,ပစ္စည်းသည် ဣဝဏ္ဏန္တဓာတ်, ဥဝဏ္ဏန္တဓာတ်တို့နောင် သက်ပါသည်။ (ပုံစံ) ပစ္စယော၊ ဝိက္ကယော၊ အာသဝေါ၊ လဝေါ၊

➤ **အ,ပစ္စည်း၏ သက်ရာ သာဓန** ။ ။ အ,ပစ္စည်းသည် အစဌ် ကံပုဒ်ရှိလျှင် ကတ္တုသာဓနဌ်သက်၍ အစဌ် ကံပုဒ် မရှိလျှင် ယသ္မာ ဒပေတိ,စသောသုတ်ဌ် ဘောအနက်ကို ဟောသော ဘယ-သဒ္ဒါကြောင့် ကတ္တုသာဓနမှကြွင်းသော သာဓန (၆)ပါးလုံး၌ သက်နိုင်ရကား သာဓနအားဖြင့် (၇) ပါး ဖြစ်ပါသည်။ (ရူ)

[ ကစ္စည်း-အလို] ကတ္တုသာဓန, ကရဏသာဓန, အဓိကရဏသာဓန-တို့ ဖြစ်ပါသည်။ (ပုံစံ) တံ ကရောတီတိ တက္ကရော၊ ဝိနေတိ ဧတ္ထ, ဧတေနာတိ ဝါ ဝိနယော။

➤ **အ,ပစ္စည်း၏ ကာလ,စသည်** ။ ။ အ, ပစ္စည်းသည် ကာလသုံးပါး၊ အ, အာကာရန္တ၊ ပု, စိတ်, ကညာ, မနောဂိုဏ်း, မနောဂဏာဒိဂိုဏ်း, ရာဇာဒိဂိုဏ်း၊ လိင်သုံးပါး။

➤ **ဏ္ဍု,ပစ္စည်း၏ သက်ရာ သာဓန,စသည်** ။ ။ ဏ္ဍုပစ္စည်းသည် (ကစ္စည်း+ရူအလို) ကတ္တုသာဓနအနက်၌ သက်ပါသည်။ [ သို့သော် ဟရတီတိ ဟာရကံ၊ အထဝါ ဟရိတဗ္ဗန္တိ ဟာရကံ၊ (ကင်္ခါ တတိယပါရာဇိက အဖွင့်) အာဟနန္တိ ဗန္ဓန္တိသို့, အနေန ဝါ အာဠကော (အဘိဓာန် ဋီကာ-၃၆၄) တို့၌ ဆိုသောကြောင့် ဏ္ဍုပစ္စည်းသည် ကတ္တု, ကမ္မ, ကရဏ, အဓိကရဏသာဓန (၄)မါး၌ သက်နိုင်ပါသည်။] ကာလသုံးပါး၊ အ,အာကာရန္တ၊ ပု, စိတ်, ကညာဒိဂိုဏ်း၊ လိင်သုံးပါး ဖြစ်ပါသည်။

➤ **တု,ပစ္စည်း၏ သာဓန,စသည်** ။ ။ တုပစ္စည်းသည် - ကတ္တုသာဓန၊ ကာလသုံးပါး၊ ဥကာရန္တ၊ သတ္ထာဒိဂိုဏ်း ...ဂိုဏ် ဖြစ်ပါသည်။

http://www.dhammadownload.com



➢ **အာဝိ,ပစ္စည်း၏ သာဓနံ,စသည်** ॥ ॥ အာဝိပစ္စည်းသည် - ကတ္တုသာဓန၊ ကာလ သုံးပါး၊ ဤကာရန္တ၊ ရုဏ္ဍာဒိဂိုဏ်း, ဂဟာပတာဒိဂိုဏ်း၊ လိင်သုံးပါး ဖြစ်ပါသည်။

**၅၂၈။ ဝိသ ရုဇ ပဒါဒိတော ဏ**

ဝိသ ရုဇ ပဒ ဣစ္စေဝမာဒီဟိ ဓာတူဟိ ဏပစ္စယော ဟောတိ။

ပဝိသတီတိ ပဝေသော၊ ရုဇတီတိ ရောဂေါ၊ ဥပ္ပဇ္ဇတီတိ ဥပ္ပါဒေါ၊ ဖုသတီတိ ဖဿော၊ ဉစတီတိ ဩကော၊ ဘဝတီတိ ဘာဝေါ၊ အယတီတိ အာယော၊ သမ္မာ ဗုဇ္ဈတီတိ သမ္ဗောဓော၊ ဝိဟာရတီတိ ဝိဟာရော။

* ဝိသ ရုဇ ပဒါဒိတော၊ဝိသ, ရုဇ, ပဒ, အစရှိသော ဓာတ်တို့မှ၊ပရေ၊နောက်၌။ ဏ၊ဏပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ॥ * ဝိသ ရုဇ ပဒ ဣစ္စေဝမာဒီဟိ ဓာတူဟိ၊ဝိသ, ရုဇ, ပဒ,အစရှိသော ဓာတ်တို့မှ၊ပရေ၌၊ဏပစ္စယော၊ဏပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

* ပဝိသတိ၊ဝင်တတ်၏။ဣတိ၊ဤအကြောင်းကြောင့်၊ပဝေသော၊ပဝေသ မည်၏။ [ပဝေသော၊ဝင်တတ်သူ] * ရုဇတိ၊နာကျင်တတ်၏။ဣတိ၊ကြောင့်၊ရောဂေါ၊အနာ မည်၏။ * ဥပ္ပဇ္ဇတိ၊ဖြစ်ပေါ်လာတတ်၏။ဣတိ၊ကြောင့်၊ဥပ္ပါဒေါ၊တိတ် နိမိတ် မည်၏။ * ဖုသတိ၊ တွေ့ထိတတ်၏။ဣတိ၊ကြောင့်၊ဖဿော၊ဖဿစေတသိက် မည်၏။ * ဉစတိ (သမဝေတိ) အစိတ်အင်္ဂါတို့ တညီတညာတည်း ဖြစ်ပေါ်လာတတ်၏။ဣတိ၊ကြောင့်၊ဩကော၊ နေရာအိမ် မည်၏။ * ဘဝတိ၊ဖြစ်စေတတ်၏။ဣတိ၊ကြောင့်၊ဘာဝေါ၊ဘာဝ မည်၏။ * အယတိ၊မြို့ရွာဇနပုဒ်တို့မှ ဖြစ်တတ်၏။ဣတိ၊ကြောင့်၊အာယော၊အခွန်တော် မည်၏။ * သမ္မာ၊ကောင်းစွာ၊ဗုဇ္ဈတိ၊သိတတ်၏။ဣတိ၊ကြောင့်၊သမ္ဗောဓော၊သမ္ဗောဓ မည်၏။ [သမ္ဗောဓော၊ကောင်းစွာ သိတော်မူတတ်သော ဘုရား] * ဝိဟာရတိ၊နေတတ်၏။(ဝါ) တစ်ခုသော ဣရိယာပုထ်၌ ညောင်းညာခြင်းကို ဖြတ်၍ အတ္တဘောကို ဆောင်တတ်၏။ဣတိ၊ ကြောင့်၊ဝိဟာရော၊ဝိဟာရ မည်၏။ (ဝါ) ကျောင်း မည်၏။

➢ ဝိသ ရုဇ ပဒါဒိတော+ဏ-ဟု ၂-ပုဒ်ရှိသော၊ပစ္စယဝိဓိသုတ်

➢ **အာဒိ-အရ** ॥ ॥ ဖုသ, ဉစ, ဘူ, အယ, သံပုဗ္ဗ ဗုဓ, ဝိပုဗ္ဗ ဟရဓာတ် စသည်တို့ကို ယူရမည်။ ➢ **ဏ,ပစ္စည်းသက်ရာဌာန** ॥ ॥ ကိတ်အမည်ရှိသောကြောင့် ကတ္တုကာရကသ၌ သက်ပါသည်။

➢ **ဝိသာဒိတော ဏ-ဟု မဆိုဘဲ ဝိသ ရုဇ ပဒါဒိတော ဏ-ဟု ဆိုရကြောင်း**

ဝိသာဒိဂိုဏ်း, ရုဇာဒိဂိုဏ်း, ပဒါဒိဂိုဏ်းဟု အသီးသီး ပြလိုသောကြောင့် ဝိသ ရုဇ ပဒါဒိတော ဏ-ဟု ဆိုရပါသည်။

➢ **ဏ,ပစ္စည်း၏ သာဓနံ,စသည်** ॥ ॥ ဏပစ္စည်းသည် (ကစ္စည်း+ရူ-အလို) ကတ္တုသာဓန ဖြစ်ပါသည်။ [သောစ ကိတ်သညတ္တာ ကတ္တရိ ဘဝတိ-ဟု ရူပသိဒ္ဓိ၌ဆိုသော်

http://www.dhammadownload.com



လည်း ပုံစံ၌ပင် အဖုသိ, ဖုသတိ, ဖုသိဿတိ, ဖုသန္တိ ဝါ တေန သမ္ဗယုတ္တာတိ ဖဿော ဟု ပါသောကြောင့်ရင်း။ ဏမ္ဘိ ရန္ဓသ ကရဏေ,စသော ဂါထာကို (ဋ္ဌ)ဆရာပင် ဆိုထားသောကြောင့်ရင်း။ သာဓနအားဖြင့် ကတ္တု, ကမ္မ, ကရဏ, အပါဒါန, အဓိကရဏသာဓနတို့ ဖြစ်ပါသည်။] ကာလသုံးပါး။ များသောအားဖြင့် ပုလ္လိင်, ပုရိသာဒိဂိုဏ်း၊ နည်းသောအားဖြင့် နပုလ္လိင်, စိတ္တာဒိဂိုဏ်း, မနောဂိုဏ်း, မနောဂဏာဒိဂိုဏ်း၊ အကာရန္တဖြစ်သည်။

➤ ဤသုတ်ဖြင့် ဘာဝသာဓနအနက်၌ ဏပစ္စည်း မသက်နိုင်ခြင်းအကြောင်း

ဘာဝေစ-သုတ်ဖြင့် ဘာဝသာဓနအနက်၌ ဏပစ္စည်းသက်ရမည်ဟု သီးခြားဆိုလတ္တံ့ဖြစ်သောကြောင့် ဤသုတ်ဖြင့် ဘာဝသာဓနအနက်၌ ဏပစ္စည်း မသက်နိုင်ပါ။

➤ <u>ဖဿော-၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း ။ ။ သံယုဂ်အဆုံးရှိသောကြောင့် မပြုရပါ။</u>

၅၂၉။ ဘာဝေ စ

ဘာဝတ္ထာဘိဓေယျေ သဗ္ဗဓာတူဟိ ဏပစ္စယော ဟောတိ။

ပစ္စတေ, ပစနံ ဝါ ပါကော၊ စဇတေ, စဇနံ ဝါ စာဂေါ၊ ဝေံ ယာဂေါ၊ ယောဂေါ ဘာဂေါ၊ ပရိဒါဟော။

* သဗ္ဗတော၊ခပ်သိမ်းသောဓာတ်တို့မှ။ပရေနောက်၌။ဘာဝေ၊ဘောအနက်၌လည်း ဏ၊ဏပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ။ * ဘာဝတ္ထာဘိဓေယျေ၊ဘောအနက်ကို ဟောသည်။သတိ၊ဖြစ်လတ်သော်။သဗ္ဗဓာတူဟိ၊ခပ်သိမ်းသော ဓာတ်တို့မှ။ပရေ၌။ဏပစ္စယော၊ ဏပစ္စည်းသည်။ဟောတိ၊၏။ ။ * ပစ္စတေ၊ချက်ခြင်း။ဝါ၊တစ်နည်းကား။ပစနံ၊ချက်ခြင်း။ ပါကော၊ချက်ခြင်း။ * စဇတေ၊စွန့်ခြင်း။ဝါ၊တစ်နည်းကား။စဇနံ၊စွန့်ခြင်း။စာဂေါ၊စွန့်ခြင်း။ ဝေံ၊ဤအတူ။ ယာဂေါ၊ပူဇော်ခြင်း။ ယောဂေါ၊ယှဉ်ခြင်း။ ဘာဂေါ၊ဝေဖန်ခြင်း။ ပရိဒါဟော၊ ထက်ဝန်းကျင် ပူလောင်ခြင်း။

➤ ဘာဝေ+စ-ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ ဏပစ္စည်းသက်ရာဓာတ် ။ ။ ဝိသ ရုဇ ပဒါဒိတော ဏ-သုတ်မှ ဏ-သဒ္ဒါလိုက်လာသောကြောင့် ဘောအနက်ကိုဟောသော ဓာတ်အားလုံးတို့နောင် ဏပစ္စည်းသက်ရပါမည်။

➤ ဏပစ္စည်းနှင့် တွဲစပ်ရမည့်ဓာတ်များ ။ ။ ပစ, စဇ, ယဇ, ယုဇ, ဘဇ, ပရိပုဗ္ဗ ဒဟ,စသော ဓာတ်များ ဖြစ်ပါသည်။

➤ ဘာဝသာဓန၌ ဣတ်-သဒ္ဒါ မပါရခြင်းအကြောင်း ။ ။ ပစနံ ပါကော-၌ ပစ ဓာတ်အရလည်း ကြိယာ၊ ဏပစ္စည်း၏အရလည်း ကြိယာပင်ရ၍ ဓာတ်အရနှင့် ပစ္စည်းအရ မထူးခြားသောကြောင့် ဘာဝသာဓန၌ ဣတ်-သဒ္ဒါ မပါရပါ။

➤ ကတ္တုသာဓန,စသည်၌ ဣတ်-သဒ္ဒါထည့်ရခြင်းအကြောင်း ။ ။ ပစတီတိ

http://www.dhammadownload.com



ပါစကော-၌ ပစဓာတ်, ဏျုပစ္စည်း၊ ပစဓာတ်အရ ကြိယာရ၏၊ ဏျုပစ္စည်းအရ ချက်တတ်သူ စားဖိုသည်ဖြစ်ရ၏၊ ဤသို့ ဓာတ်အရနှင့် ပစ္စည်းအရ ထူးခြားမှုကို ပြလိုသောကြောင့် ဣတိ-သဒ္ဒါ ထည့်ရပါသည်။

➢ **ဘော အဓိပ္ပါယ် ။ ။** ကတ္တား, ကံ,စသော ကာရကတို့နှင့် မရောမယှက် သက်သက်သော ဂမု, ပစ, အစရှိသောဓာတ်တို့၏ သွားခြင်း, ချက်ခြင်း,စသော အနက်သည် "ဘော" မည်ပါသည်။

➢ **စသဒ္ဒါ၏အနက် ။ ။** စသဒ္ဒါသည် ဝိသ ရုဇ,စသော သုတ်မှ ဏပစ္စည်းကို ငင်သောကြောင့် အနုကဍ္ဍနအနက် ဖြစ်ပါသည်။

**မေး ။ ။** ကိတ်ကျမ်းလာ 'ဏ'ပစ္စည်းသုံးမျိုးကို ကာလ, သာဓန, လိင်တို့ဖြင့် စိစစ်ပြပါ။

*** ဏ,ပစ္စည်း ၃-မျိုး၏ ကာလ, သာဓန, လိင် ။ ။** (၁) ဓာတုယာ ကမ္မာဒိမှိ ဏော သုတ်ဖြင့် သက်သော ဏပစ္စည်းသည် [ဏာဒယော တေကာလိကာ-သုတ်ကိုထောက်၍] ကာလသုံးပါး၊ [ကတ္တရိ ကိတ်-သုတ်ကိုထောက်၍] ကတ္တုသာဓန၊ လိင်သုံးပါး ဖြစ်ပါသည်။[ကိတကာ အဘိဓေယျလိင်္ဂါ] (၂) ဝိသ ရုဇ ပဒါဒိတော ဏ-သုတ်ဖြင့် သက်သော ဏပစ္စည်းသည် ကာလသုံးပါး၊ [ကတ္တရိကိတ်၊ ဏမှိ ရန္ဓဿ ဇော ဘာဝကရဏေသု-သုတ်တို့ကိုထောက်၍] ကတ္တုသာဓန (တစ်နည်း) သာဓန ၇-ပါး၊ ပုလ္လိင်။ [အ,ဏ္ဍပစ္စယ ဒုတိယ ဏော၊ ဤသဘော၊ အယော ပုလ္လိင်သာ။] (၃) ဘာဝေစ-သုတ်ဖြင့်သက်သော ဏပစ္စည်းသည် ကာလသုံးပါး၊ ဘာဝသာဓန၊ ပုလ္လိင် ဖြစ်ပါသည်။

➢ **ဏပစ္စည်း၏ သက်ရာ သာဓန,စသည် ။ ။** ဏပစ္စည်းသည် ဘာဝသာဓန၊ ကာလသုံးပါး၊ အကာရန္တ၊ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း ဖြစ်ပါသည်။

### ၅၃၀။ တွေ စ

သဗ္ဗဓာတူဟိ ကွိပစ္စယော ဟောတိ။

သမ္ဘဝတီတိ သမ္ဘူ ဝိသေသေန ဘဝတီတိ ဝိဘူ၊ ဘုဇေန ဂစ္ဆတီတိ ဘုဇဂေါ၊ သံ အတ္တာနံ ခနတိ, သံ သုဋ္ဌု ခနတီတိ ဝါ သခေါ။

* သဗ္ဗတော၊ခပ်သိမ်းသော ဓာတ်တို့မှ။ပရေနောက်၌။ကွိစ၊ကွိပစ္စည်းသည်လည်း။ ဟောတိ၊ဖြစ်၏။ ။ * သဗ္ဗဓာတူဟိ၊ခပ်သိမ်းသောဓာတ်တို့မှ။ပရေ၌။ကွိပစ္စယော၊ကွိပစ္စည်းသည်။ဟောတိ၏။ ။ * သမ္ဘဝတိ၊ကောင်းစွာဖြစ်တတ်၏။ဣတိ၊ဤအကြောင်းကြောင့်။သမ္ဘူ၊သမ္ဘူမည်၏။ * ဝိသေသေန၊အထူးအားဖြင့်။ဘဝတိ၊ဖြစ်တတ်၏။ဣတိ၊ ကြောင့်။ဝိဘူ၊ဝိဘူမည်၏။ * ဘုဇေန၊ကောက်ကွေ့လိမ်တွန့်၍။ဂစ္ဆတိ၊သွားတတ်၏။ဣတိ၊ ကြောင့်။ဘုဇဂေါ၊မြွေမည်၏။ * သံ အတ္တာနံ၊မိမိကိုယ်ကို။ခနတိ၊တူးဖြိုတတ်၏။ဝါ၊တနည်းကား။သံ သုဋ္ဌု၊ကောင်းစွာ။ခနတိ၊တူးဖြိုတတ်၏။ဣတိ၊ကြောင့်။သခေါ၊ခရု မည်၏။

http://www.dhammadownload.com



➤ ကွိ+စ-ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ စသဒ္ဒါ၏အနက် ။ ။ စသဒ္ဒါသည် ဘာဝေစ-သုတ်မှ ဘာဝ-သဒ္ဒါကို နှစ်စေသောကြောင့် နိဝတ္တနအနက် ရှိပါသည်။

➤ စသဒ္ဒါ ဆိုရကျိုး ။ ။ ဝါစာသိလိဋ္ဌအကျိုးငှာ စသဒ္ဒါကို ဆိုပါသည်။

မေး ။ ။ ကွိပစ္စည်းသည် လောပ, အာဒေသ နှစ်မျိုးတို့တွင် မည်သည့်ပစ္စည်းမျိုး ဖြစ်သည်ဟု သုတ်အထောက်ပြ၍ ဖြေပါ။

* ကွိပစ္စည်းသည် ဓာတွန္တဿ လောပေါ ကွိမှိ၊ ကွိလောပေါစ-သုတ်တို့ကိုထောက်၍ လောပ ပစ္စည်းမျိုး ဖြစ်ပါသည်။

မေး ။ ။ ဤသုတ်ဖြင့် မည်သည့်ဓာတ်နောင် မည်သည့်သာဓနအနက်၌ ကွိ,ပစ္စည်းသက်နိုင်သည်ကို ရေးပြခဲ့ပါ။

* ကွိစ-သုတ်ဖြင့် အလုံးစုံသော ဓာတ်တို့နောင် ကိတ်အမည်ရှိခြင်းကြောင့် ကတ္တုသာဓနအနက်၌ ကွိ,ပစ္စည်း သက်နိုင်ပါသည်။

➤ ကွိ,ပစ္စည်း၏ သက်ရာအနက် /သာဓန။ ။ ကွိပစ္စည်းသည် ကိတ်အမည်ရှိသောကြောင့် ကတ္တုကာရက (ကတ္တုသာဓန) ၌ သက်ပါသည်။

➤ ကွိ,ပစ္စည်း၏ သာဓန,စသည် ။ ။ ကတ္တု, ကမ္မ, ဘာဝ, အဓိကရဏသာဓန၊ ကာလသုံးပါး၊ လိင်သုံးပါး၊ ပု, စိတ်, ကညာ, ရုဏ္ဍာဒိဂိုဏ်း, နုဒါဒိဂိုဏ်းတို့ ဖြစ်ပါသည်။

## ၅၃၁။ ဓရာဒိဟိ ရမ္မော

ဓရ ကရာဒိဝမာဒီဟိ ဓာတူဟိ ရမ္မပစ္စယော ဟောတိ။
ဓရတိ တေနာတိ ဓမ္မော၊ ကရီယတေ တန္တိ ကမ္မံ။

* ဓရာဒီဟိ၊ဓရ,စသော ဓာတ်တို့မှ။ပရေနောက်၌။ရမ္မော၊ရမ္မ,ပစ္စည်းသည်။ဟောတိ၊ ဖြစ်၏။ ။ * ဓရ ကရာဒိဝမာဒီဟိ ဓာတူဟိ၊ဓရ, အစရှိသော ဓာတ်တို့မှ။ပရေ၌။ ရမ္မပစ္စယော၊ရမ္မပစ္စည်းသည်။ဟောတိ၊၏။ ။ * တေန၊ထိုကုသိုလ်တရားဖြင့်။သမ္ပတ္တိ၊စည်းစိမ် သုံးပါးသည်။ဓရတိ (ပတိဋ္ဌာတိ)၊တည်တတ်၏။ဣတိ၊ဤအကြောင်းကြောင့်။ဓမ္မော၊ ဓမ္မ မည်၏။ * တံ၊ထိုအမှုကို။ကရီယတေ၊ပြုအပ်၏။ဣတိ၊ကြောင့်။ကမ္မံ၊အမှု မည်၏။

➤ ဓရာဒီဟိ+ရမ္မော-ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ အာဒိ-အရ ။ ။ (ကစ္စည်း-အလို) ရကာရန္တချင်းတူသော ကရဓာတ်၊ (ရူ-အလို) ကရဓာတ်, ဝရဓာတ်, စသည်တို့ကို ယူရပါမည်။

➤ ရမ္မ, ပစ္စည်းသည် ကတ္တု-မှတစ်ပါးသော အနက်တို့၌လည်း သက်နိုင်ခြင်း အကြောင်း ။ ။ ဘာဝကမ္မေသု တ-၌ ကမ္မ-သဒ္ဒါကြောင့် (ဝါ) ရမ္မပစ္စည်းဆုံးသော ကမ္မ သဒ္ဒါဖြင့် ညွှန်ပြသောကြောင့် -- သက်နိုင်ပါသည်။

http://www.dhammadownload.com



➢ **ရမ္ဘ,ပစ္စည်း၏ သာခနှ,စသည်** ။ ။ ရမ္ဘပစ္စည်းသည် (ကစ္စည်းအလို) ကမ္မသာခနေ ကရဏသာခနေ၊ (ရူ-အလို) ကတ္တု, ကမ္မ, ကရဏ, ဘာဝသာခနေ၊ ကာလသုံးပါး၊ အကာရန္တ၊ ပုလ္လိင်, နပုံလိင်၊ ပုရိသာဒိဂိုဏ်း, စိတ္တာဒိဂိုဏ်း ဖြစ်ပါသည်။

## ၅၃၂။ တဿီလာဒိသု ဏီတွာဝိ စ

သဗ္ဗေဟိ ဓာတူဟိ တဿီလာဒိသွတ္ထေသု ဏီ တု အာဝီ ဣစ္စေတေ ပစ္စယာ ဟောန္တိ။ ။ ပိယံ ပသံသိတုံ သီလံ ယဿ ရညော, သော ဟောတိ ရာဇာ ပိယပသံသီ၊ ဗြဟ္မံ စရိတုံ သီလံ ယဿ ပုဂ္ဂလဿ, သော ဟောတိ ပုဂ္ဂလော ဗြဟ္မစာရီ၊ ပသယှ ပဝတ္တိတုံ သီလံ ယဿ ရညော, သော ဟောတိ ရာဇာ ပသယှ ပဝတ္တာ၊ ဘယံ ပဿိတုံ သီလံ ယဿ သမဏဿ, သော ဟောတိ သမဏော ဘယ ဒဿာဝီ ဣစ္စေဝမာဒိ။

✱ သဗ္ဗေဟိ၊ခပ်သိမ်းသော ဓာတ်တို့မှ၊ပရေနောက်၌၊တဿီလာဒိသု၊တဿီလ, အစရှိသော အနက်တို့၌။ဏီ တွာဝိစ၊ဏီပစ္စည်း, တုပစ္စည်း, အာဝီပစ္စည်းတို့သည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ ✱ သဗ္ဗေဟိ၊ခပ်သိမ်းကုန်သော။ဓာတူဟိ၊ဓာတ်တို့မှ၊ပရေနောက် ၌၊တဿီလာဒိသွတ္ထေသု၊တဿီလ, အစရှိသော အနက်တို့၌လည်း။ဏီ တု အာဝီ ဣစ္စေတေ ပစ္စယာ၊ဏီပစ္စည်း, တုပစ္စည်း, အာဝီပစ္စည်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

✱ ယဿ ရညော၊အကြင်မင်း၏၊သီလံ၊ပကတိ အလေ့သည်။ပိယံ၊ချစ်အပ်သူကို။ ပသံသိတုံ၊ချီးမွမ်းခြင်းငှာ။ဟောတိ၊ဖြစ်၏။သောရာဇာ၊ထိုမင်းသည်။ပိယပသံသီ၊ပိယပသံသီ မည်၏။ [ပိယပသံသီ၊ချစ်အပ်သူကို ချီးမွမ်းခြင်းငှာ ပကတိအလေ့ရှိသော မင်း] ✱ ယဿ ပုဂ္ဂလဿ၊အကြင်ပုဂ္ဂိုလ်၏။သီလံ၊ပကတိအလေ့သည်။ဗြဟ္မံ၊မြတ်သောအကျင့်ကို။စရိတုံ ကျင့်ခြင်းငှာ။ဟောတိ၊၏။သော ပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ဗြဟ္မစာရီမည်၏။ [ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်ခြင်းငှာ ပကတိအလေ့ရှိသော ပုဂ္ဂိုလ်] ✱ ယဿ ရညော၊ အကြင်မင်း၏။သီလံ၊ပကတိအလေ့သည်။ပသယှ၊နှိပ်စက်၍။ပဝတ္တိတုံ၊ဖြစ်ခြင်းငှာ။(ဝါ) ဆိုခြင်းငှာ။ဟောတိ၊၏။သော ရာဇာ၊ထိုမင်းသည်။ပသယှပဝတ္တာ၊မည်၏။ [ပသယှပဝတ္တာ နှိပ်စက်၍ ဆိုခြင်းငှာ ပကတိအလေ့ရှိသော မင်း] ✱ ယဿ သမဏဿ၊အကြင်ရဟန်း၏။ သီလံ၊ပကတိအလေ့သည်။ဘယံ၊ဘေးကို။ပဿိတုံ၊ရှုခြင်းငှာ။ဟောတိ၊၏။သော သမဏော၊ ထိုရဟန်းသည်။ဘယဒဿာဝီ၊မည်၏။[ဘယဒဿာဝီ၊ဘေးကို ရှုခြင်းငှာ ပကတိအလေ့ ရှိသောရဟန်း။]ဣစ္စေဝမာဒိ၊ဤသို့အစရှိသောပုံစံတို့ကို။ယောဇေတဗ္ဗာ၊ယှဉ်အပ်ကုန်၏။

➢ တဿီလာဒိသု+ဏီတွာဝီ (ဏီတုအာဝီ) +စ-တု ၃-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➢ **အာဝီ-အရ** ။ ။ တဒ္ဓမ္မ, တဿာဓုကာရီအနက်တို့ကို ယူရပါမည်။

➢ **တု, အာဝီပစ္စည်းတို့ကို တစ်ခန်းထပ်၍ ဆိုရကျိုး** ။ ။ တဿီလ, တဒ္ဓမ္မ, တဿာ

http://www.dhammadownload.com



စုကာရီ အနက်တို့၌လည်း တုပစ္စည်း အာဝီပစ္စည်းသက်နိုင်သေး၏ဟု အထူးပြုရခြင်း အကျိုးရှိပါသည်။ (ဋီကာ)

➤ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် (ရှု-အလို) သမုစ္စည်းအနက် ဖြစ်ပါသည်။ (နိဒ္ဒေသအလို) ဏီ, တု, အာဝီပစ္စည်းသုံးပါးကို ပေါင်းသောကြောင့် သမ္ပိဏ္ဍနအနက် ဖြစ်ပါသည်။

➤ **စသဒ္ဒါ ဆိုရကျိုး/စသဒ္ဒါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ စသဒ္ဒါဖြင့် ပဏ္ဍိတမာနီ, ဗဟုသုတမာနီ ပြယုဂ်တို့ဝယ် မိမိကိုယ်ကို အထင်ကြီးခြင်း အတ္တမာနအနက်၌ရင်း၊ အတ္တမာန မဟုတ်ရာ၌ရင်း ဏီပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

➤ **တဿီလ, တဒ္ဓမ္မ, တဿာဓုကာရီ အထူး** ။ ။ ပင်ကိုယ်ရင်းအလေ့စရိုက် သဘောသည် တဿီလ၊ သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်သော ထင်ရှားသော သဘောသည် တဒ္ဓမ္မ၊ သူတော်ကောင်းတို့၏ အလေ့အကျင့်ကြိယာကို ရိုသေကောင်းမွန်စွာ ပြုခြင်းသည် တဿာဓုကာရီ။ ဤသို့ ထူးပါသည်။

➤ **ဘိက္ခနသီလော ယာစနသီလော ဘိက္ခု-၌ တဿီလ စသည်ခွဲပုံ**

➤ **ဘိက္ခတိ ယာစတိ သီလေနာတိ ဘိက္ခု-၌ တဿီလ စသည်ခွဲပုံ**

(၁) ဘိက္ခုစာတ်၏ ယာစနတ္ထ ပင်ကိုယ်ရင်းသဘာဝဖြစ်သော ရဟန်း၏ တောင်းစားတတ်သော သဘောသတ္တိရုပ်သည် မတောင်းစားသော်လည်း ပြကတေ့တည်ရှိ၍ တဿီလ၊ (၂) ဆွမ်းခံသော အကျင့်သည် ဘုရား,စသော သူတော်ကောင်းတို့၏ အကျင့်တည်းဟု သပိတ်လွယ်ကာ ဆွမ်းခံရွာသို့ လှည့်လည်သောအခါ တောင်းကြိယာ ထင်ရှားဖြစ်ပေါ်လာသည့် ဗျတ္တိရုပ်သည် တဒ္ဓမ္မ၊ (၃) ထိုဆွမ်းခံ တောင်းစားခြင်းကြိယာ ရိုသေကောင်းမွန်စွာ ပြုခြင်းသည် တဿာဓုကာရီ။

➤ **ဝိယပသံသီ-၌ တဿီလ စသည်ခွဲပုံ** ။ ။ (၁) မင်းဖြစ်၌ မူလပင်ကိုယ်ရင်း သဘာဝဖြစ်သော မထင်ရှားသေးသော သတ္တိရုပ်ဖြစ်သော ချီးမွမ်းခြင်းသည် တဿီလ (၂) ချစ်အပ်သောသူကို မြင်၍ ထိုမူလပင်ကိုယ်ရင်း သဘောမှ ထင်ရှားစွာ ဖြစ်ပေါ်လာသော ဗျတ္တိရုပ်ဖြစ်သော ချီးမွမ်းခြင်းသည် တဒ္ဓမ္မ။ (၃) ထိုချစ်အပ်သော သူကို ချီးမွမ်းခြင်း၌ ရိုသေကောင်းမွန်မှန်ကန်စွာ ပြုလုပ်ခြင်းသည် တဿာဓုကာရီ။

➤ **ဏီ, တု, အာဝီပစ္စည်းတို့ကို ကတ္တုသာဓန၌ သွင်းယူရခြင်းအကြောင်း**

ဏီ, တု, အာဝီပစ္စည်းတို့သည် ဓာတ်မှနောက်၌ သက်ရသောကြောင့်ရင်း၊ ကတ္တားအရာ၌ တည်သောကြောင့်ရင်း ကတ္တုသာဓန၌ သွင်းယူရပါသည်။

➤ **ဏီပစ္စည်း၏ သာဓန စသည်** ။ ။ ဏီပစ္စည်းသည် ကတ္တုသာဓန၊ ကာလသုံးပါး၊ ဤကာရန္တ၊ ရတ္တာဒိဂိုဏ်း, ဂဟာပတာဒိဂိုဏ်း၊ လိင်သုံးပါး ဖြစ်ပါသည်။

http://www.dhammadownload.com



## ၅၃၃။ သဒ္ဒ ကုမ စလ မဏ္ဍတ္တ ရှုစာဒီဟိ ယု

သဒ္ဒ ကုမ စလ မဏ္ဍတ္တေဟိ စ ရုစာဒီဟိ စ ဓာတူဟိ ယုပစ္စယော ဟောတိ တဿီလာဒီသွတ္ထေသု။ ။ ယောသနသီလော ယောသနော၊ ဘာသနသီလော ဘာသနော၊ ဧဝံ ဝိဂ္ဂဟော ကာတဗ္ဗော။ ကောဓနော၊ ဒေါသနော၊ စလနော၊ ကမ္ပနော၊ ဖန္ဒနော၊ မဏ္ဍနော၊ ဝိဘူသနော၊ ရောစနော၊ ဇောတနော၊ ဝဍ္ဎနော။

* တဿီလာဒီသု၊တဿီလ အစရှိသောအနက်တို့၌။သဒ္ဒ ကုမ စလ မဏ္ဍတ္ထ ရုစာဒီဟိ၊အသံပြုခြင်း, အမျက်ထွက်ခြင်း, တုန်လှုပ်ခြင်း, တန်ဆာဆင်ခြင်း အနက်ရှိသော ဓာတ်, ရုစဓာတ် အစရှိသည်တို့မှ။ပရေနောက်၌။ယု၊ယုပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

* တဿီလာဒီသွတ္ထေသု၊တဿီလ အစရှိသောအနက်တို့၌။သဒ္ဒ ကုမ စလ မဏ္ဍတ္ထေဟိ၊အသံပြုခြင်း, အမျက်ထွက်ခြင်း, တုန်လှုပ်ခြင်း, တန်ဆာဆင်ခြင်း အနက်ရှိကုန်သော။ဓာတူဟိစ၊ဓာတ်တို့မှရင်း။ရုစာဒီဟိ၊ရုစ အစရှိကုန်သော။ဓာတူဟိစ၊ဓာတ်တို့မှရင်း ပရေ၌။ယုပစ္စယော၊ယုပစ္စည်းသည်။ဟောတိ၊၏။ ။ * ယောသနသီလော၊ကြွေးကြော်တတ်သော အလေ့ရှိ၏။ဣတိ၊ဤအကြောင်းကြောင့်။ယောသနသီလော၊ ကြွေးကြော်လေ့ရှိသူ မည်၏။ * ဘာသနသီလော၊ဆိုတတ်သော အလေ့ရှိ၏။ဣတိ၊ကြောင့်။ဘာသနော၊ဆိုလေ့ရှိသူ မည်၏။ ဧဝံ၊ဤအတူ။ဝိဂ္ဂဟော၊ဝိဂြိုဟ်ကို။ကာတဗ္ဗော၊ပြုအပ်၏။ * ကောဓနော၊ အမျက်ထွက်လေ့ရှိသူ။ * ဒေါသနော၊ဖျက်ဆီးလေ့ရှိသူ။ * စလနော၊ ကမ္ပနော၊ ဖန္ဒနော၊ တုန်လှုပ်လေ့ရှိသသူ။ * မဏ္ဍနော၊ ဝိဘူသနော၊တန်ဆာဆင်လေ့ရှိသသူ။ * ရောစနော၊ ဇောတနော၊ထွန်းပလေ့ရှိသသူ။ * ဝဍ္ဎနော၊ကြီးပွားလေ့ရှိသသူ။

➢ သဒ္ဒ ကုမ စလ မဏ္ဍတ္ထ ရုစာဒီဟိ+ယု—ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➢ အာဒိ-အရ/အာဒိဝန္တ-အရ ။ ။ ဇုတ, ဝဍ္ဎ,စသော ဓာတ်တို့ကို ယူရပါမည်။ [အာဒိ-အရ = အသံပြုခြင်း, အမျက်ထွက်ခြင်း, တုန်လှုပ်ခြင်း, တန်ဆာဆင်ခြင်းအနက်ရှိသော ဓာတ်, ရုစဓာတ်ကို ယူရမည်။ အာဒိဝန္တ-အရ = ဇုတ, ဝဍ္ဎ,စသော ဓာတ်တို့ကို ယူရပါမည်။]

➢ သဒ္ဒတ္ထ-အရ = အသံပြုခြင်းအနက်ရှိသော ယုသ, ဘာသဓာတ် စသည်တို့ကို ယူရပါမည်။ ➢ ကုမတ္ထ-အရ = အမျက်ထွက်ခြင်းအနက်ရှိသော ကုဓ, ဒုသ, ရုသဓာတ် စသည်တို့ကို ယူရပါမည်။ ➢ စလတ္ထ-အရ = တုန်လှုပ်ခြင်းအနက်ရှိသော ကပိ, စလ, ဖဒိဓာတ် စသည်တို့ကို ယူရပါမည်။ ➢ မဏ္ဍတ္ထ-အရ = တန်ဆာဆင်ခြင်းအနက်ရှိသော မဍိ, ဘူသဓာတ် စသည်တို့ကို ယူရပါမည်။

➢ ဤသုတ်တည်ရခြင်းအကြောင်း ။ ။ ကတ္တုကာရကာပဒေသေသုစ-သုတ်သည် တဿီလ,စသော အနက်သုံးပါး၌ မသက်နိုင်သည့်အတွက် ရုပ်မပြီးနိုင်သောကြောင့်

http://www.dhammadownload.com



ဤသုတ်ကို တည်ရပါသည်။

➢ **အတ္ထ-သဒ္ဒါ ထည့်ဆိုရကျိုး** ॥ ॥ အတ္ထ-သဒ္ဒါဖြင့် အသံပြုခြင်းအနက်ရှိသော ဓာတ်အားလုံးကိုရင်း၊ စိတ်ဆိုးခြင်း, အမျက်ထွက်ခြင်း အနက်ရှိသော ဓာတ်အားလုံးကို ရင်း ယူနိုင်ခြင်းအကျိုး ရှိပါသည်။

➢ **ယုပစ္စည်း၏ သာဓန,စသည်** ॥ ॥ ယုပစ္စည်းသည် ကတ္တုသာဓန၊ ကာလသုံးပါး အ, အာ ကာရန္တ၊ ပု, စိတ်, ကညာဒိဂိုဏ်း၊ လိင်သုံးပါး ဖြစ်ပါသည်။

---

### ၅၃၄။ ပါရာဒိ ဂမိမှာ ၍

ဂမု ဣစ္ဆေတမှာ ဓာတုမှာ ပါရသဒ္ဒါဒိမှာ ရူပစ္စယော ဟောတိ တဿီလာဒီသွတ္တေသု။ ॥ ဘဝဿ ပါရံ ဘဝပါရံ၊ ဘဝပါရံ ဂန္တုံ သီလံ ယဿ ပုရိသဿ သော ဟောတိ ပုရိသော ဘဝပါရဂူ။ တဿီလာဒီသွိတိ ကိမတ္ထံ? ပါရင်္ဂတော။ ပါရာဒီဂမိမှာတိ ကိမတ္ထံ? အနုဂါမီ။

* တဿီလာဒီသု၊တဿီလ အစရှိသော အနက်တို့၌။ပါရာဒိဂမိမှာ၊ပါရ-သဒ္ဒါ, စသည်မှ နောက်ဖြစ်သော ဂမုဓာတ်မှ။ပရေနောက်၌။ရူရူပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

* တဿီလာဒီသွတ္တေသု၊တဿီလ အစရှိသော အနက်တို့၌။ပါရသဒ္ဒါဒိမှာ၊ပါရသဒ္ဒါ စသည်မှ နောက်ဖြစ်သော။ဂမု ဣစ္ဆေတမှာ ဓာတုမှာ၊ဂမုဓာတ်မှ။ပရေ၌။ရူပစ္စယော၊ရူ ပစ္စည်းသည်။ဟောတိ၊၏။ ॥ * ဘဝဿ၊ဘဝ၏။ပါရံ၊ကမ်းတည်း။ဘဝပါရံ၊ဘဝ၏ ကမ်း။ (နိဗ္ဗာန်တည်း) * ဘဝပါရံ၊ဘဝ၏ကမ်း နိဗ္ဗာန်နန်းသို့။ဂန္တုံ၊သွားခြင်းငှာ။ယဿ ပုရိသဿ အကြင်ယောကျ်ား၏။သီလံ၊သီလသည်။ဟောတိ၊၏။ဣတိ၊ဤအကြောင်းကြောင့်။သော ပုရိသော၊ထိုယောကျ်ားသည်။ဘဝပါရဂူ၊မည်၏။ [ဘဝပါရဂူ၊ ဘဝ၏ကမ်း နိဗ္ဗာန်နန်းသို့ သွားခြင်းငှာ ပကတိအလေ့ရှိသော ယောကျ်ား။] တဿီလာဒီသွိတိပဒံ၊တဿီလာဒီသု ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ပါရင်္ဂတော၊ကမ်းတဖက်သို့ ရောက်သသူ ပါရာဒီဂမိမှာတိ ပဒံ၊ပါရာဒိဂမိမှာ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။အနုဂါမီ၊အစဉ်တစိုက် လိုက်လေ့ရှိသည်။

➢ ပါရာဒီဂမိမှာ+ရူ-ဟု ၂-ပုဒ်ရှိသော ပဉ္စယပိဓိသုတ်

➢ **ပါရာဒိဂမိ- ဝိဂ္ဂဟ** ॥ ॥ ပါရော အာဒိ ယေသံ တေ ပါရာဒယော၊
ပါရာဒီဟိ ဂမိ ပါရာဒိဂမိ။

➢ **အာဒိ-အရ** ॥ ॥ အာဒိ-သဒ္ဒါကို သမီပအနက်ဟောယူလျှင် ပါရ သဒ္ဒါအနီးရှိသော ဂမုဓာတ်ကို ယူရပါမည်။ ပကာရအနက်ဟောယူလျှင် အန္တ, ဝေဒ, အဒ္ဓ-သဒ္ဒါတို့ကို ယူရပါမည်။➢ **အာဒိသဒ္ဒါ၏ အာဒိဝန္တ-အရကား** = အန္တ, ဝေဒ, အဒ္ဓပုဒ်တို့ ဖြစ်ပါသည်။

➢ **ပါရင်္ဂတော-၌ ရူပစ္စည်း မသက်ရခြင်းအကြောင်း** ॥ ॥ တဿီလ,စသောအနက်

http://www.dhammadownload.com



မဟုတ်သောကြောင့် ပါရဂ်တော-၌ ရှ္မပစ္စည်း မသက်ရပါ။

➤ **အနုဂါမိ-၌ ရှ္မပစ္စည်း မသက်ခြင်းအကြောင်း** ။ ။ ပါရသဒ္ဒါ စသည်မှ နောက်ဖြစ်သော ဂမုဓာတ် မဟုတ်သောကြောင့် အနုဂါမိ-၌ ရှ္မပစ္စည်း မသက်ရပါ။

➤ **ရှ္မပစ္စည်း၏ သာဓန စသည်** ။ ။ ရှ္မပစ္စည်းသည် ကတ္တုသာဓန၊ ကာလသုံးပါး၊ ဥ, ဦ ကာရန္တ၊ ရတ္တာဒိဂိုဏ်း၊ ပုလ္လိင် ဖြစ်ပါသည်။

## ၅၃၅။ ဘိက္ခာဒိတော စ

ဘိက္ခ ဣစ္ဆေဝမာဒိဟိ ဓာတူဟိ ရှ္မပစ္စယော ဟောတိ တသီလာဒိသွတ္ထေသု။

ဘိက္ခနသီလော ယာစနသီလော ဘိက္ခု၊ ဝိဇာနနသီလော ဝိည္ဥ။

* တသီလာဒိသု၊တသီလ အစရှိသော အနက်တို့၌၊ဘိက္ခာဒိတောစ၊ဘိက္ခ,အစရှိသော ဓာတ်မှလည်း၊ပရေနောက်၌၊ရှ္မရှ္မပစ္စည်းသည်၊ဟောတိ၊ဖြစ်၏။ ။ * တသီလာဒိ သွတ္ထေသု၊တသီလ အစရှိသော အနက်တို့၌၊ဘိက္ခ ဣစ္ဆေဝမာဒိဟိ ဓာတူဟိ၊ဘိက္ခ, အစရှိသော ဓာတ်တို့မှ၊ပရေ၌၊ရှ္မပစ္စယော၊ရှ္မပစ္စည်းသည်၊ဟောတိ၊၏။

ဘိက္ခနသီလော ယာစနသီလော၊တောင်းစားတတ်သော အလေ့ရှိ၏၊ဣတိ၊ဤ အကြောင်းကြောင့်၊ဘိက္ခု၊ရဟန်းမည်၏။ * ဝိဇာနနသီလော၊သိတတ်သော အလေ့ရှိ၏။ ဣတိ၊ဤအကြောင်းကြောင့်၊ဝိည္ဥ၊ပညာရှိ မည်၏။

➤ ဘိက္ခာဒိတော+စ-တု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ **အာဒိ-အရ** ။ ။ ဉာဓာတ် စသည်ကို ယူရပါမည်။

➤ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် ရှ္မပစ္စည်းကို ငင်သောကြောင့် အနုကၰန အနက် ဖြစ်ပါသည်။ (နိဒ္ဒေသ)

➤ **ရှ္မပစ္စည်းသက်ခြင်းတူပါလျက် ဘိက္ခု-၌ ရဿပြု၍ ဝိည္ဥ-၌ ရဿ မပြုရခြင်း အကြောင်း** ။ ။ ပတိ ဘိက္ခု ရာဇိကာရန္တေဟိ ဣနီ-သုတ်ဖြင့် ဘိက္ခု-သဒ္ဒါနောင် ဣနီ ပစ္စည်းသက်နိုင်သောကြောင့် ဘိက္ခု-၌ ဦကို ဥရဿပြုရပါသည်၊ ဝိည္ဥသဒ္ဒါနောင် ဣနီ ပစ္စည်း မသက်နိုင်သောကြောင့် ဝိည္ဥ-၌ ဦကို ဥရဿ မပြုရပါ။

➤ **ရှ္မပစ္စည်း၏ သာဓန စသည်** ။ ။ ရှ္-ပစ္စည်းသည် ကတ္တုသာဓန၊ ကာလသုံးပါး၊ ဤ, ဥ, ဦ ကာရန္တ၊ ရတ္တာဒိဂိုဏ်း, ဂဟပတာဒိဂိုဏ်း၊ ပုလ္လိင်, ဣတ္ထိလိင် ဖြစ်ပါသည်။

## ၅၃၆။ ဟနတျာဒီနံ ဏုကော

ဟနတျာဒီနံ ဓာတူနံ အန္တေ ဏုကပစ္စယော ဟောတိ တသီလာဒိသွတ္ထေသု။

အာဟနနသီလော အာဃာတုကော၊ ကရဏသီလော ကာရုကော။

* တသီလာဒိသွတ္ထေသု၊တသီလ အစရှိသော အနက်တို့၌၊ဟနတျာဒီနံ၊ဟန, အစရှိသော ဓာတ်တို့၏၊အန္တေ၊အဆုံး၌၊ဏုကော၊ဏုကပစ္စည်းသည်၊ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



* တသီလာဒိသွတ္တေသု၊တသီလ အစရှိသော အနက်တို့၌။ဟနတျာဒိနံ၊ဟန, အစရှိကုန်သော။ဓာတူနံ၊ဓာတ်တို့၏။အန္တေ၊အဆုံး၌။ဏုကပစ္စယော၊ဏုကပစ္စည်းသည်။ ယောတိ၊ဖြစ်၏။ ။ အာဟနနသီလော၊ညှဉ်းဆဲလေ့ရှိ၏။ဣတိ၊ဤအကြောင်းကြောင့်။ အာဃာတုကော၊သူသတ် (ပါးကွက် အာဃာတသား) မည်၏။ * ကရဏသီလော၊ပြုလုပ်လေ့ရှိ၏။ဣတိ၊ဤအကြောင်းကြောင့်။ကာရုကော၊လက်သမား မည်၏။

**➤ ဟနတျာဒိနံ+ဏုကော–ဟု ၂–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်**

**➤ အာဒိ–အရ** ။ ။ (ကစ္စည်းအလို) ကရဓာတ်၊ (ရူ-အလို) ကရဓာတ်, ဘီဓာတ်, အဝဓာတ်တို့ကို ယူရပါမည်။

**➤ ဥကော–ဟု မဆိုဘဲ ဏုကော–ဟု ဏ–အနုဗန်နှင့်တကွ ဆိုရကျိုး**

[ဥကော-ဟုဆိုလျှင် ကာရုကော,စသော ပြယုဂ်တို့၌ ဝုဒ္ဓိ မရောက်နိုင်သောကြောင့်] ဝုဒ္ဓိပြုခြင်းအကျိုးငှာ ဏ-အနုဗန်နှင့်တကွ ဆိုရပါသည်။

**➤ ဟနတျာဒိတိ–ဟု ပဉ္စမျန္တဖြင့် မဆိုဘဲ ဟနတျာဒိနံ–ဟု ဆဋ္ဌျန္တဖြင့် ဆိုရခြင်း အကြောင်း/ ဝုတ္တိ၌ အန္တေ–သဒ္ဒါထည့်၍ ဖွင့်ဆိုရခြင်းအကြောင်း**

ကိတ်ပစ္စည်းတို့၏ သက်ရာအဆုံးဌာနကို ပြလိုသောကြောင့်-- တည်း။

**➤ ဟနတိ–အရ ယူသင့်သော ဓာတ်** ။ ။ သံဟနညာယဝါ ရော ယော-သုတ်ကို ထောက်၍ အာပုဗ္ဗ ဟနဓာတ်ကို ယူရပါမည်။

**➤ ဟနတိ–အရ မယူသင့်သော ဓာတ်** ။ ။ သံပုဗ္ဗ ဟနဓာတ် ဖြစ်ပါသည်။

**➤ ဟနာဒိနံ–ဟု မဆိုဘဲ ဟနတျာဒိနံ–ဟု တိ,အက္ခရာနှင့် ဆိုရကျိုး**

တိ,အက္ခရာသည် ဟနဓာတ်ကို ညွှန်ပြသော ဓာတုနိဒ္ဒေသတည်းဟု ပြရခြင်းအကျိုးရှိသည်

**➤ လိုက်ပုဒ်ကိုကြည့်၍ သုတ်တည်ရကျိုး/ ယောဂဝိဘာဂ** ။ ။ တသီလာဒိသု-ဟူသော လိုက်ပုဒ်ကိုကြည့်၍ ဟနတျာဒိနံ ဏုကော-ဟူသော ဝိနာဓိကာရ ယောဂဝိဘာဂဖြင့် ကာမေတီတိ ကာမုကော၊ ပဇ္ဇတိ ယာတိ ဖေယာတိ ပါဒုကာ (ဏွာဒိ-၂၄) ပြယုဂ်တို့ဝယ် ကတ္တုသာဓန, ကရဏသာဓန အနက်တို့၌လည်း ဏုကပစ္စည်း သက်ရခြင်း အကျိုးရှိပါသည်။

**➤ ဏုကပစ္စည်း၏ သာဓန စသည်** ။ ။ ဏုကပစ္စည်းသည် ကတ္တုသာဓန၊ ကာလ သုံးပါး၊ အကာရန္တ၊ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း ဖြစ်ပါသည်။

**➤ တသီလ,စသော အနက်တို့၌ သက်သောသုတ်နှင့် ပစ္စည်းများ**

(၁) တသီလာဒိသု ဏီတွာဝိစ-သုတ်ဖြင့် ဏီ, တု, အာဝီပစ္စည်း၊ (၂) သဒ္ဒ ကုဓ စလ မဏ္ဍတ္ထ ရုစာဒိဟိ ယု-သုတ်ဖြင့် ယုပစ္စည်း၊ (၃) ပါရာဒိဂမိမှာ ရူ-သုတ်ဖြင့် ရူပစ္စည်း၊ (၄) ဘိက္ခာဒိတောစ-သုတ်ဖြင့် ရူပစ္စည်း၊ ၅။ ဟနတျာဒိနံ ဏုကော-သုတ်ဖြင့် ဏုကပစ္စည်း-တို့ ဖြစ်ပါသည်။[ ဏီ, တု, အာဝီ, ယု, ရူ, ရူ, ဏုက+၇]

http://www.dhammadownload.com



## ၅၃၇။ နု နိဂ္ဂဟီတံ ပဒန္တေ

ပဒန္တေ နုကာရာဂမော နိဂ္ဂဟီတ မာပဇ္ဇတေ။

အရိံ ဒမေတီတိ အရိန္ဒမော၊ ရာဇာ။ ဝေဿံ တရတီတိ ဝေဿန္တရော၊ ရာဇာ။ ပဘံ ကရောတီတိ ပဘင်္ကရော၊ ဘဂဝါ။

* ပဒန္တေ၊ကံပုဒ်၏အဆုံး၌။နု၊လာသော နု,အက္ခရာသည်။နိဂ္ဂဟီတံ၊နိဂ္ဂဟိတ်အဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။ [ရှုအလို] ပဒန္တေ၊အနီးပုဒ်ဖြစ်သော နာမ်ပုဒ်၏အဆုံး၌။ ဝတ္တမာနော၊ဖြစ်သော။နု၊လာသော နု အက္ခရာသည်။နိဂ္ဂဟီတံ၊သို့။အာပဇ္ဇတေ၊ရောက်၏

[ဗုတ္တိအနက်] * ပဒန္တေ၌။နုကာရာဂမော၊လာသော နု,အက္ခရာသည်။နိဂ္ဂဟီတံ၊သို့။ အာပဇ္ဇတေ၊ရောက်၏။ ။ အရိံ၊ရန်သူကို။ဒမေတိ၊ဆုံးမတတ်၏။ဣတိ၊ဤ အကြောင်းကြောင့်။အရိန္ဒမော၊အရိန္ဒမ မည်၏။[ အရိန္ဒမော၊ရန်သူကို ဆုံးမတတ်သော မင်း] ရာဇာ၊အရိန္ဒမမင်းကို ရ၏။ * ဝေဿံ၊ကုန်သည်လမ်းကို။တရတိ၊လွှန်၍ မွေးဖွား၏။ ဣတိ၊ကြောင့်။ဝေဿန္တရော၊မည်၏။ [ဝေဿန္တရော၊ကုန်သည်လမ်းကို လွှန်၍ မွေးဖွားတတ်သော မင်း] ရာဇာ၊ဝေဿန္တရာမင်းကို ရ၏။ * ပဘံ၊အရောင်ကို။ကရောတိ၊ပြုတတ်၏။ဣတိ၊ကြောင့်။ပဘင်္ကရော၊မည်၏။[ပဘင်္ကရော၊အရောင်ကိုပြုတတ်သော ဘုရား] ဘဂဝါ၊ဘုရားကို ရ၏။

➢ နု+နိဂ္ဂဟီတံ+ပဒန္တေ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➢ နု-အရ ။ ။ သညာယ မနု-သုတ်ဖြင့် အ,ပစ္စည်းသက်ပြီးနောက်၌လာသော နု အက္ခရာကို ယူရပါမည်။ ➢ ပဒန္တေ-အရ ။ ။ ဓာတ်၏အစ အနီးဖြစ်သော အရိ, ဝေဿ, ပဘ,စသော နာမ်ဖြစ်သော ကံပုဒ်တို့ကို ယူပါမည်။

➢ န-ဟု မဆိုဘဲ နု-ဟု ဆိုရကျိုး ။ ။ ဘိဒါဒိတော ဣန္န အန္န ဤဏာဝါ-သုတ်၌ ပါသော န,အက္ခရာကိုလည်း နိဂ္ဂဟိတ်ပြုမည်စိုး၍ ထို န,အက္ခရာကို ရှောင်ကွင်းခြင်း အကျိုးငှာ န-ဟု မဆိုဘဲ နု-ဟု ဆိုရပါသည်။

➢ နု,အာဂုံကို နိဂ္ဂဟိတ်ပြုရကျိုး ။ ။ အရိန္ဒမော-၌ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ နပြုရခြင်း, ပဘင်္ကရော-၌ နိဂ္ဂဟိတ်ကို ဝဂ္ဂန္တ ငပြုရခြင်း အကျိုးရှိပါသည်။

---

## ၅၃၈။ သံ ဟာနညာယ ဝါ ရော ဃော

သံပုဗ္ဗာယ ဟာန ဣစ္စေတာယ ဓာတုယာ အညာယ ဝါ ဓာတုယာ ရပစ္စယော ဟနဿ စ ဃော ဟောတိ။ ။ သမဂ္ဂံ ကမ္မံ သမုပဂစ္ဆတီတိ သံဃော၊ သမန္တတော နဂရဿ ဗာဟိရေ ခဉတီတိ ပရိခါ၊ အန္တံ ကရောတီတိ အန္တကော။

သံ ဣတိ ကိမတ္ထံ? ဥပဟနနံ ဥပဃာတော။

http://www.dhammadownload.com



* [ ဝဠဝ ပဒကြံ၍ သုတ်ကို အနက်ပေးပုံ ] သံဟနာဝါ။သံရှေးရှိသော ဟနစာတ်မှ ၎င်း။အညာယဝါ။တစ်ပါးသော စာတ်မှ၎င်း။ပရေနောက်၌။ရော။ရ,ပစ္စည်းသည်။ဟောတိ၊ ဖြစ်၏။ယောဝါ။ဟနစာတ်၏ ယပြုသည်လည်း။ဝါ။အချို့။ဟောတိ။ဖြစ်၏။(ကစ္စည်း)

[ စတုပ္ပဒကြံ၍၎င်း, ဝါသဒ္ဒါကို သမ္ပိဏ္ဍနအနက်ကြံ၍၎င်း သုတ်ကို အနက်ပေး]

သံဟနာညာယ။သံပုဗ္ဗ ဟနစာတ်မှ တစ်ပါးသော စာတ်နောင်မှ။ရော။ရ,ပစ္စည်းသည်။ ဟောတိ၊၏။ယောဝါ။ဟနစာတ်၏ ယ,အပြုသည်လည်း။ဟောတိ၊ဖြစ်၏။

[ ဝါသဒ္ဒါကို ဝိကပ်အနက်ကြံ၍ သုတ်ကို အနက်ပေးပုံ ] သံဟနာညာယ။သံပုဗ္ဗ ဟနစာတ်မှ တစ်ပါးသော စာတ်နောင်မှ။ရော။ရ,ပစ္စည်းသည်။ဝါ။အချို့။ဟောတိ၊၏။ယော၊ ဟနစာတ်၏ ယ,အပြုသည်လည်း။ဟောတိ၊ဖြစ်၏။

[ ဝုတ္တိအနက်] သံပုဗ္ဗာယ။သံရှေးရှိသော။ဟန က္ကစ္စေတာယ စာတုယာ ဝါ။ဟနစာတ် မှ၎င်း။အညာယ စာတုယာ ဝါ။တစ်ပါးသော စာတ်မှ၎င်း။ပရေနောက်၌။ရပစ္စယော၊ရ, ပစ္စည်းသည်။ဟောတိ၊၏။ဟနဿ၊ဟနစာတ်၏။ယောစ၊ယပြုသည်လည်း။ဟောတိ၊၏။

သမဂ္ဂ၊အညီအညွတ်။ကမ္မံ၊စတုဝဂ္ဂ,စသော ကံသို့။သမုပဂစ္ဆတိ၊ကောင်းစွာ ကပ်တတ် ၏။ဣတိ၊ဤအကြောင်းကြောင့်။သံယော၊သံယာ မည်၏။ * နဂရဿ၊မြို့၏။သမန္တတော၊ ထက်ဝန်းကျင်မှ။ဗာဟိရေအပ၌။ခညတိ၊တူးအပ်၏။ဣတိ၊ကြောင့်။ပရိက္ခာ၊ကျုံး မည်၏။ * အန္တံ၊အယုတ်ကို။ (ဝါ)အဆုံးကို။ကရောတိ၊ပြုတတ်၏။ဣတိ၊ကြောင့်။အန္တကော၊မာရ် နတ် (ဝါ) သေမင်း မည်၏။ * သံ ဣတိ ပဒံ၊သံ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိ သနည်း။ ဥပဟနနံ၊ကပ်၍ ညှဉ်းဆဲခြင်း။ ဥပဃာတော၊ကပ်၍ ညှဉ်းဆဲခြင်း။

➢ သံဟနာ+အညာယ+ဝါ+ရော+စယော–ဟူ ၅–ပုဒ်ရှိသော ပစ္စယဝိဓိ/အာဒေသဝိဓိ

➢ အညာယ–အရ/အညာစာတု–အရ ။ ။ ပရိခါ, အန္တကော ပုံစံတို့၌ ပရိရှေးရှိ သော ခနုစာတ်, အန္တသဒ္ဒါပုပဒ ကရစာတ်တို့ကို ယူရပါမည်။

➢ အညာ အပါခါန်အရ ။ ။ သံပုဗ္ဗ ဟနစာတ်, သံရှေး မရှိသော ဟနစာတ်တို့ကို ယူရပါမည်။

➢ ယပြုရမည့် စာတ်အမျိုးအစား ။ ။ ဟနစာတ်ကို ယပြုမှသာ ရုပ်ပြီးနိုင်၏၊ ရုပ်ပြီးဖို့ရာ သုတ်ကိုတည်ရသောကြောင့် ပါဠိတော်ပြယုဂ်အားလျော်စွာ.ဟနစာတ်ကို သာ ယပြုရပါမည်။ [ တစ်ပါးသောစာတ်ကို ယ-မပြုရ။] (သာဂေ) ဟနဿ စ ယော ဟောတိ။

➢ ဝါသဒ္ဒါ၏အနက် ။ ။ ဝါသဒ္ဒါသည် သံပုဗ္ဗ ဟနစာတ်နောင်သာမက၊ ခနုစာတ်, ကရစာတ်,စသော အခြားစာတ်နောင်မှလည်း ရပစ္စည်းသက်ရမည်ဟု ပေါင်းသောကြောင့် သမ္ပိဏ္ဍနအနက် ဖြစ်ပါသည်။ (တစ်နည်း) ရပစ္စည်းသက်ခြင်း, ဟနစာတ်ကို ယပြုခြင်း

http://www.dhammadownload.com



သည် နိစ္စ မဟုတ်သောကြောင့် ဝိကပ်အနက် ဖြစ်ပါသည်။

➤ ဝါ-သဒ္ဒါကို သမ္ဘိဏ္ဍနအနက် ကြံရကျိုး ။ ။ ဝါသဒ္ဒါဖြင့် သံပုဗ္ဗ ဟနဓာတ်နောက်၌ ရပစ္စည်းသာ သက်ရသည်မဟုတ်၊ ဟနဓာတ်ကို ယလည်းပြုသေး၏ဟု ပေါင်းခြင်းအကျိုး ရှိပါသည်။ ➤ **ဝါသဒ္ဒါဆိုရကျိုး / ဝါသဒ္ဒါ ဝိကပ်အနက်ကြံရကျိုး** ။ ။ ဝါသဒ္ဒါဖြင့် သဃာတော-၌ ရပစ္စည်းသက်ခြင်းကို တားမြစ်ရခြင်းအကျိုး ရှိပါသည်။

➤ **အညာယ-နောင်ဆိုင်သော ဝါသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်**

ဝါသဒ္ဒါဖြင့် သံပုဗ္ဗ ဟနဓာတ်နောက်၌သာ ရပစ္စည်းသက်သည်မဟုတ်၊ ပရိပုဗ္ဗ ခနုဓာတ်, အန္တသဒ္ဒူပပဒ ကရဓာတ်တို့မှ နောက်၌လည်း ရပစ္စည်းသက်သေး၏ဟု ပေါင်းခြင်း အကျိုးရှိပါသည်။

➤ **ယော-နောင်ဆိုင်သော ဝါသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်**

ဝါသဒ္ဒါဖြင့် သံပုဗ္ဗ ဟနဓာတ်နောက်၌ ရပစ္စည်းသာ သက်သည်မဟုတ်၊ ဟနဓာတ်ကို ယလည်းပြုသေး၏ဟု ပေါင်းခြင်းအကျိုးရှိပါသည်။

➤ **သံဟနနာ-ပုဒ်နောင်ဆိုင်သော ဝါသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်**

ဝါသဒ္ဒါဖြင့် သံပုဗ္ဗ ဟနဓာတ်, ပဋိပုဗ္ဗ ဟနဓာတ်တို့နောင် ရပစ္စည်းသက်၏ဟု အထူး ကြံရခြင်းအကျိုး ရှိပါသည်။

➤ **ရော-ပုဒ်နောင်ဆိုင်သော ဝါသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်**

ဝါသဒ္ဒါဖြင့် သဃာတော (သံ+ဟန+ဏ) ပြယုဂ်၌ ရပစ္စည်း မသက်ရ၊ ဟနဓာတ်ကိုလည်း ယ,မပြုရခြင်း အကျိုးရှိပါသည်။

မေး ။ ဤသုတ်ဖြင့် သံရှေ့ရှိသော ဟနဓာတ်နောင်မှသာ ရပစ္စည်းသက်နိုင်သလော?

* မဟုတ်ပါ။ ပဋိဃော ပြယုဂ်၌ ပဋိရှေ့ရှိသော ဟနဓာတ်နောင်မှလည်း ရပစ္စည်း သက်နိုင်ပါသေးသည်။

➤ **ဏ-အနုဗန်နှင့် ရ-အနုဗန် အထူး** ။ ။ ဏ-အနုဗန်ပစ္စည်းကား ဝုဒ္ဓိပြုရခြင်း အကျိုးရှိပါသည်၊ ရ-အနုဗန် ပစ္စည်းကား ဓာတွန်ဗျည်းကို ချေနိုင်ခြင်း, ဓာတ်၏အစိတ် သရကို ချေရခြင်း အကျိုးရှိပါသည်၊ ဤသို့ ထူးပါသည်။

➤ **ဥပဃာတော-၌ ရပစ္စည်း မသက်ရခြင်းအကြောင်း** ။ ။ ဥပဃာတောကား ဥပရှေ့ရှိသော ဟနဓာတ်ဖြစ်၍ သံရှေ့ရှိသော ဟနဓာတ် မဟုတ်သောကြောင့် ရပစ္စည်း မသက်ရပါ။

➤ **ဟနဓာတ်၏ ကာရိယများ** ။ ။ သံ ဟနာညာယ ဝါ ရော ယော-သုတ်ဖြင့် ယ ပြု၊ ပစ္စယာ ဒနိဋ္ဌာနိပါတနာ သိဇ္ဈန္တိ-သုတ်ဖြင့် ဃာတပြု၊ ဟနဿ ဃာတော-သုတ်ဖြင့် ဃာတပြု၊ ဝဓော ဝါ သဗ္ဗတ္ထ-သုတ်ဖြင့် ဝဓပြု-တို့ ဖြစ်ပါသည်။

➤ **ရပစ္စည်း၏ သာဓန စသည်** ။ ။ ရ-ပစ္စည်းသည် ကတ္တု, ကမ္မ, ဘာဝသာဓန၊

http://www.dhammadownload.com



(တစ်နည်း) သာမညဆိုသောကြောင့် သာဓန (၇)ပါး၊ ကာလသုံးပါး၊ အ, အာ ကာရန္တ၊ ပု, စိတ်, ကညာဒိဂိုဏ်း၊ လိင်သုံးပါး ဖြစ်ပါသည်။

## ၅၃၉။ ရမှိ ရန္တော ရာဒိနော

ရမှိ ပစ္စယေ ပရေ သဗ္ဗော ဓာတွန္တော ရကာရာဒိ လောပေါ် ဟောတိ။

အန္တကော၊ ပါရဂူ၊ သတ္ထာ၊ ဒိဋ္ဌော ဣစ္စေဝမာဒိ။

* ရမှိ၊ရ,အနုဗန်ရှိသော ပစ္စည်းကြောင့်။ရာဒိ၊ရ, အနုဗန်လျှင် အပိုင်းအခြားရှိသော အန္တော၊အလုံးစုံသော ဓာတ်၏အစိတ်သည်။နော၊ကျေသည်။ဟောတိ၊ဖြစ်၏။

[ ရ-ကို အာဂုံ/အနက်မဲ့ကြံဟော ရှုပသိဒ္ဓိနှင့်အညီ သုတ်ကို အနက်ပေးပုံ ]

ရမှိ၊ရ-အနုဗန်ရှိသော ပစ္စည်းကြောင့်။ရာဒိ၊ပစ္စည်း ရ,အက္ခရာ အပိုင်းအခြားရှိသော။ အန္တော၊အလုံးစုံသော ဓာတ်၏အစိတ်သည်။နော၊ကျေသည်။ဟောတိ၊ဖြစ်၏။

[ ဝုတ္တိအနက် ] ပရေနောက်ဖြစ်သော။ရမှိ ပစ္စယေ၊ရပစ္စည်းကြောင့်။ရကာရာဒိ၊ ရ-အနုဗန်လျှင် အပိုင်းအခြားရှိသော။သဗ္ဗော၊အလုံးစုံသော။ဓာတွန္တော၊ဓာတ်၏အစိတ် သည်။လောပေါ်၊ကျေသည်။ဟောတိ၊ဖြစ်၏။ ။ * အန္တကော၊မာရ်နတ် (ဝါ) သေမင်း။ * ပါရဂူ၊ကမ်းတစ်ဖက်သို့ ရောက်သောသူ။ * သတ္ထာ၊ဆရာ။ * ဒိဋ္ဌော၊မြင်အပ်၏။ ဣစ္စေဝ မာဒိ၊ဤသို့ အစရှိသော ပုံစံတို့ကို။ယောဇေတဗ္ဗာ၊ယှဉ်စေအပ်ကုန်၏။

> ရမှိ+ရန္တော+ရာဒိ+နော-ဟု ၄-ပုဒ်ရှိသော လောပဝိဓိသုတ်

> ရ (၃)မျိုး အထွေး ။ ။ ရမှိ-၌ ရ-အရ ရ,အနုဗန်ရှိသော ရူ,စသော ပစ္စည်း၊ ရိဋ္ဌ စသော အာဒေသတို့ကို ယူရပါသည်။ ရန္တော-၌ ရ-ကား အာဂုံဖြစ်ပါသည်။ ရာဒိ-၌ ရ ကား ရ,အနုဗန် ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

> ရမှိ-အရ / နိမိတ်-အရ ။ ။ [ ရော အဿ အတ္ထိတိ ရော-ဟု အဿတ္ထိ တဒ္ဓိတ် ဝစနတ္ထပြု၍ သဒ္ဒါဒိတော ဏ-သုတ်ဖြင့် ဏပစ္စည်းသက်၍ ပြီးသော တဒ္ဓိတ် ပုဒ် ဖြစ်သောကြောင့် ] ရမှိ-အရ ရ,အနုဗန်ရှိသော ရမ္မ, ရူ, ရိစ္စ, ရိရိယ, ရတ္ထု, ရာတု, ရိတု ပစ္စည်းများနှင့် ရိဋ္ဌ, ရဋ္ဌ, ရဋ္ဋ, အပြု စသည်တို့ကို ယူရပါမည်။

> ရန္တော-၌ ရ-အရ ။ ။ အာဂမသန္ဓိ ရ, အက္ခရာကို ယူရပါမည်။

> ရာဒိ-အရ /ကာရိ-အရ ။ ။ ရ, အနုဗန်နှင့်တကွ ဓာတွန် ရ, မ, စသည်တို့ကို ယူရပါမည်။ (တစ်နည်း) ရ, အနုဗန် အပိုင်းအခြားရှိသော ခပ်သိမ်းသော ဓာတ်တို့၏ အစိတ်ဗျည်း, အစိတ်သရတို့ကို ယူရပါမည်။

> အန္တော-အရ /ဓာတွန္တော-အရ /ဓာတ်၏အဆုံးဟူသည် ။ ။ ဓာတွန်သရကို ချေပြီး၍ ကျန်နေသော ကရ်, ဂမ်, သာသ်, ဒိသ်, စသည်တို့၌ ရ်, မ်, သ်, စသည်နှင့် သံယော-၌ ယ၏ အသရ ဝိညျှ ဉာဓာတ်၏ အာသရ စသည်တို့ကို ယူရပါမည်။

http://www.dhammadownload.com



➤ **ရ-အနုဗန္ဓရှိသော ပစ္စည်းများ** ။ ။ ရမ္မ, ရွ, ရ, ရိစ္စ, ရိရိယ, ရတ္တု, ရာတု, ရိတု ပစ္စည်းများ ဖြစ်ပါသည်။ ➤ **ရ-အနုဗန္ဓရှိသော အပြုံ အာခေသများ** ▪ ရိုဋ္ဌပြု, ရဋ္ဌပြု, ရဋ္ဌုံပြု စသည်တို့ ဖြစ်ပါသည်။

➤ **နော-သဒ္ဒါ၏အနက်** ။ ။ နော-သဒ္ဒါသည် မမြင်ရခြင်း, ကျေပျောက်ခြင်း, ပျက်စီးခြင်းဟူသော လောပအနက်ကို ဟောပါသည်။

➤ **နော-သဒ္ဒါ ပုဒ်အဆုံးအဖြတ်** ။ ။ ဝုတ္တိ၌ နော-ကို လောပေါ-ဟု ဖွင့်သော ကြောင့်ရင်း။နသဿတိတိ နော-ဟု ဝစနတ္ထပြု၍ နသဓာတ် ကွိပစ္စည်းဖြင့် ပြီးသောကြောင့်ရင်း။ နော-သဒ္ဒါသည် ကိတ် 'နော'သာ ဖြစ်ပါသည်။ [ နာမ်နော, နိပါတ်နော, ပဋိသေဓနော, မဟုတ်ပါ။ ]

➤ **အာဒိ-သဒ္ဒါ၏အနက်** ။ ။ မရိယာဒအနက် ဖြစ်ပါသည်။

➤ **ရန္တော-၌ ရ-အက္ခရာ ထည့်ဆိုရကျိုး** ။ ။ ရမ်-၌ ဣသရနှင့် အန္တောရှိ အသရ ၏ သန္ဓိစပ်ခြင်းကို တားမြစ်ရခြင်းအကျိုး ရှိပါသည်။

➤ **ရ-အနုဗန္ဓနှင့်တကွ ဓာတွန်ဗျည်းသရကို ချေသော ပုံစံ** ။ ။ အန္တကော, ပါရဂူ, သတ္ထာ-တို့ ဖြစ်ပါသည်။

<u>➤ ရ-အနုဗန္ဓနှင့် ဓာတွန်သရတို့ကို ချေသော ပုံစံ ▪ ဘိက္ခု, ဝိညူ-တို့ဖြစ်သည်။</u>

## ၅၄၀။ ဘာဝကမ္မေသု တဗ္ဗာနီယာ

ဘာဝကမ္မ ဣစ္စေတေသွတ္ထေသု တဗ္ဗ အနီယ ဣစ္စေတေ ပစ္စယာ ဟောန္တိ သဗ္ဗဓာတူဟိ။ ။ ဘဝိတဗ္ဗံ၊ ဘဝနီယံ၊ အာသိတဗ္ဗံ၊ အာသနီယံ၊ ပဗ္ဗိတဗ္ဗံ၊ ပဗ္ဗနီယံ ကတ္တဗ္ဗံ၊ ကရဏီယံ၊ ဂန္တဗ္ဗံ၊ ဂမနီယံ။

* ဘာဝကမ္မေသု၊ဘော, ကံအနက်တို့၌။သဗ္ဗဓာတူဟိ၊အလုံးစုံသော ဓာတ်တို့မှ။ပရေ နောက်၌။တဗ္ဗာနီယာ၊တဗ္ဗပစ္စည်း, အနီယပစ္စည်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

* ဘာဝကမ္မ ဣစ္စေတေသွတ္ထေသု၊ဘော, ကံအနက်တို့၌။သဗ္ဗဓာတူဟိ၊အလုံးစုံသော ဓာတ်တို့မှ။ပရေနောက်၌။တဗ္ဗအနီယဣစ္စေတေ ပစ္စယာ၊တဗ္ဗပစ္စည်း, အနီယပစ္စည်း တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ ဘဝိတဗ္ဗံ၊ဘဝနီယံ၊ဖြစ်ခြင်း, ဖြစ်ရာ၏။ * အာသိတဗ္ဗံ၊ အာသနီယံ၊ကပ်ဝင်ခြင်း, ကပ်ဝင်အပ်၏။ * ပဗ္ဗိတဗ္ဗံ၊ပဗ္ဗနီယံ၊ရောက်ခြင်း, ရောက်အပ် ၏။ * ကတ္တဗ္ဗံ၊ကရဏီယံ၊ပြုခြင်း, ပြုအပ်၏။ * ဂန္တဗ္ဗံ၊ဂမနီယံ၊သွားခြင်း, သွားအပ်၏။

➤ **ဘာဝကမ္မေသု+တဗ္ဗာနီယာ-ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်**

➤ **ဘာဝ-အရ** ။ ။ ကတ္တား, ကံ,စသော ကာရကတို့နှင့် မရောမယှက် သက်သက် သော ဓာတ်တို့၏အနက်ဖြစ်သော သွားခြင်း, ချက်ခြင်း, ရိတ်ခြင်း,စသော ကြိယာကို ယူရပါမည်။ * **ကမ္မ-အရ** ▪ ကြိယာပါပုဗ္ဗနသတ္တိရှိသော ကာရကကို ယူရပါမည်။

http://www.dhammadownload.com



➤ **တဗ္ဗာနိယာ–ဟူ သုတ်ခွဲ၍ တည်ရကျိုး / ယောဂဝိဘာဂ** ။ ။ တဗ္ဗာနိယာ-ဟူသော ယောဂဝိဘာဂဖြင့် ကတ္တု, ကရဏ, သမ္ပဒါန, အပါဒါန, အဓိကရဏ သာဓနအနက်တို့၌လည်း တဗ္ဗပစ္စည်း, အနီယပစ္စည်း သက်ရခြင်းအကျိုး ရှိပါသည်။ (ပုံစံ) နိယျာတီတိ နိယျာနိကော၊(ကတ္တုသာဓနေ) နဟာယတိ တေနာတိ နဟာနီယံ၊ (ကရဏ) ဒီယတေ အဿာတိ ဒါနီယော၊ (သမ္ပဒါန) သမ္မာ ပဝတ္တတိ အသ္မာတိ သမ္မာပဝတ္တနီယော၊ (အပါဒါန) တိဋ္ဌတိ ဧတ္ထာတိ ဌာနီယော၊ (အဓိကရဏသာဓနေ)။

➤ **တဗ္ဗာနိယာဟူသော ယောဂဝိဘာဂဖြင့် စီရင်နိုင်သော သာဓနများ**

ကတ္တုသာဓနေ, ကရဏသာဓနေ, သမ္ပဒါနသာဓနေ, အပါဒါနသာဓနေ, အဓိကရဏသာဓနေ။

➤ **ဘဝိတဗ္ဗံ–ကို ဘောအနက်, အရဟတ္ထ, သက္ကတ္ထကြံကာ အနက်ပေးပုံ**

ဘဝိတဗ္ဗံ၊ဖြစ်ခြင်း, ဖြစ်ရာ၏။(ဘောအနက်) ဘဝိတဗ္ဗံ၊ဖြစ်ထိုက်၏။(အရဟတ္ထ) ဘဝိတဗ္ဗံ၊ဖြစ်ခြင်းငှာ စွမ်းနိုင်၏။ (သက္ကတ္ထ)

➤ **အဘိဘဝိတဗ္ဗော–ကို ကမ္မတ္ထ, အရဟတ္ထ, သက္ကတ္ထကြံကာ အနက်ပေးပုံ**

အဘိဘဝိတဗ္ဗော၊လွှမ်းမိုးအပ်၏။(ကမ္မတ္ထ)။ အဘိဘဝိတဗ္ဗော၊လွှမ်းမိုးထိုက်၏။ (အရဟတ္ထ)။ အဘိဘဝိတဗ္ဗော၊လွှမ်းမိုးခြင်းငှာ စွမ်းနိုင်၏။ (သက္ကတ္ထ)

➤ **ဘဝိတဗ္ဗံ–၌ ဣ,အာဂုံ လာရခြင်းအကြောင်း** ။ ။ ယထာဂမမိကာရောသုတ်ဖြင့် အစဉ်ဗျည်းရှိသော ကိစ္စပစ္စည်း, ကိတ်ပစ္စည်းနှောင်းရာ၌ ဣ,အာဂုံ လာရမည်ဟု ဆိုသောကြောင့် ဘဝိတဗ္ဗံ-၌ ဣ,အာဂုံ လာရပါသည်။

➤ **ဘဝနီယံ–၌ ဣ,အာဂုံ မလာရခြင်းအကြောင်း** ။ ။ ဘဝနီယံ-၌ အနီယပစ္စည်းကား အစဉ်ဗျည်းရှိသော ကိစ္စပစ္စည်းမျိုး မဟုတ်သောကြောင့် ဣ-မလာရပါ။

➤ **ဘဝိတဗ္ဗံ ဘဝတာ ပဒေန–၌ ဧကဝုစ်ဖြင့်သာ ထားရခြင်းအကြောင်း**

➤ **'ဘော' ဟော ကိတ်ကြိယာ၌ ဧကဝုစ်ဖြင့်သာ ထားရခြင်းအကြောင်း**

'ဘော'သည် တစ်ခုတည်းဖြစ်သောကြောင့် ဧကဝုစ်ဖြင့်သာ ထားရပါသည်။

➤ **ဘဝိတဗ္ဗံ–ဟူသော ဘောဟောကြိယာကို နာမ်ကိုဏ်းစဉ်ပုံ** ။ ။ (ပ-ဖြင့်) ဘဝိတဗ္ဗံ၊ (ဒု-ဖြင့်) ဘဝိတဗ္ဗံ၊ (တ-ဖြင့်) ဘဝိတဗ္ဗေန၊ (စ-ဆ-ဖြင့်) ဘဝိတဗ္ဗဿ၊ (မိ-ဖြင့်) ဘဝိတဗ္ဗသ္မာ, ဘဝိတဗ္ဗမှာ, ဘဝိတဗ္ဗာ၊ (သ-ဖြင့်) ဘဝိတဗ္ဗသ္မိံ, ဘဝိတဗ္ဗမှိ, ဘဝိတဗ္ဗေ-ဟု ဧကဝုစ် စိတ္တာဒိကိုဏ်းအတိုင်း ရုပ်စဉ်ရမည်။

➤ **ကိစ္စပစ္စည်းတို့နောင် သက်ရာဒွာနနှင့် လိင်, ဝုစ်** ။ ။ ကိစ္စပစ္စည်းတို့သည် အကမ္မကဓာတ်နောင် ဘောအနက်၌ သက်ပါသည်။ လိင်အားဖြင့် နပုလ္လိင်၊ ဝုစ်အားဖြင့် ဧကဝုစ်ဖြစ်ပါသည်။ သကမ္မကဓာတ်နောင် ဘောအနက်, ကံအနက်တို့၌ သက်ပါသည်၊ လိင်အားဖြင့် အဘိဓေယျလိင်သို့လိုက်၍ လိင်သုံးပါး၊ ဝုစ်အားဖြင့် ဧကဝုစ်, ဗဟုဝုစ်ဖြစ်သည်။

http://www.dhammadownload.com



➤ **ဘာဝကမ္မေသု-သဒ္ဓါ ထည့်ဆိုရကျိုး** ။ ။ နန္ဒာဒိဟိ ယု-သုတ်ဖြင့် ကတ္တားအနက်၌ ယုပစ္စည်းသက်ခြင်းကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

➤ **ဘာဝ ကမ္မ-သဒ္ဓါ နှစ်ခုအထူး** ။ ။ ဘာဝကမ္မေသု ယော-သုတ်ဖြင့် ရုပ်ပြီးခြင်း အကျိုးငှာသာ ယပစ္စည်းသက်ခြင်းကြောင့် ထို ဘာဝကမ္မေသု-ပုဒ်သည် ဝါစ္စတ္ထကို မငဲ့မူ၍ ဝိသယမတ္တ အဖြစ်ဖြင့်သာငဲ့၍ အာဓာရသတ္တမီဝိဘတ် အဆုံးရှိသောပုဒ် ဖြစ်ပါသည်။ ဘာဝကမ္မေသု တဗ္ဗာနီယာ-သုတ်ဖြင့် ဘော, ကံအနက်တို့၌ တဗ္ဗ, အနီယပစ္စည်းသက်ခြင်းကြောင့် ထို ဘာဝကမ္မေသုပုဒ်သည် ဝါစ္စတ္ထအဖြစ်ဖြင့် ငဲ့၍ အာဓာရသတ္တမီဝိဘတ် အဆုံးရှိသောပုဒ် ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

➤ **တဗ္ဗ, အနီယ, စသော ကိစ္စပစ္စည်းအဆုံးရှိသောပုဒ်များကို သုတ်ရင်းဖြင့် နာမ်ငဲ့ရ/ မငဲ့ရ** ။ ။ တေ ကိစ္စာ၊ အညေ ကိတ်-သုတ်တို့ကိုထောက်၍ ကိစ္စပစ္စည်းတို့သည် 'ကိတက' မဟုတ်သောကြောင့် တဒ္ဓိတ, စသောသုတ်ရင်းဖြင့် နာမ်မငဲ့နိုင်ပါ၊ စသဒ္ဒါဖြင့် နာမ်ငဲ့ရပါသည်။ ➤ **တဗ္ဗပစ္စည်း၏ သာဓန စသည်** ။ ။ တဗ္ဗ-ပစ္စည်းသည် ကတ္တု, ကမ္မ, ဘာဝ သာဓန၊ ကာလသုံးပါး၊ အ, အာကာရန္တ ပု, စိတ်, ကညာဒိဂိုဏ်း၊ လိင်သုံးပါး။

➤ **အနီယ-ပစ္စည်း၏ သာဓန, စသည်** ။ ။ အနီယ-ပစ္စည်းသည် သာဓန (၇) ပါး၊ အ, အာကာရန္တ ပု, စိတ်, ကညာဒိဂိုဏ်း၊ လိင်သုံးပါး ဖြစ်ပါသည်။

---

၅၄၁။ ဏျော စ

ဘာဝကမ္မေသု သဗ္ဗဓာတူဟိ ဏျပစ္စယော ဟောတိ။

ကတ္တဗ္ဗံ ကာရိယံ၊ ဇေတဗ္ဗံ ဇေယျံ၊ နေတဗ္ဗံ နေယျံ ဣစ္စေဝမာဒိ။

စဂ္ဂဟဏေန တေယျပစ္စယော ဟောတိ၊ ဉာတဗ္ဗံ ဉာတေယျံ၊ ဒဋ္ဌေယျံ၊ ပတ္တေယျံ ဣစ္စေဝမာဒိ။

* ဘာဝကမ္မေသု၊ဘော, ကံအနက်တို့၌။သဗ္ဗဓာတူဟိ၊အလုံးစုံသော ဓာတ်တို့မှ။ ပရေနောက်၌။ဏျော၊စ၊ဏျပစ္စည်းသည်လည်း။ဟောတိ၊ဖြစ်၏။ ။ * ဘာဝကမ္မေသု၊တို့၌။သဗ္ဗဓာတူဟိ၊တို့မှ။ပရေ၌။ဏျပစ္စယော၊ဏျပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

ကတ္တဗ္ဗံ၊ပြုခြင်း, ပြုအပ်၏။ဣတိ၊ဤအကြောင်းကြောင့်။ကာရိယံ၊ကာရိယ မည်၏။ * ဇေတဗ္ဗံ၊အောင်ခြင်း, အောင်အပ်၏။ဣတိ၊ကြောင့်။ဇေယျံ၊ဇေယျ မည်၏။ * နေတဗ္ဗံ ဆောင်ခြင်း, ဆောင်အပ်၏။ဣတိ၊ကြောင့်။နေယျံ၊မည်၏။ဣစ္စေဝမာဒိ၊ဤသို့ အစရှိသော ပုံစံတို့ကို။ယောဇေတဗ္ဗာ၊ယှဉ်စေအပ်ကုန်၏။ **စဂ္ဂဟဏေန**၊စသဒ္ဒါဖြင့်။တေယျပစ္စယော စ၊တေယျပစ္စည်းသည်လည်း။ဟောတိ၊၏။ ဉာတဗ္ဗံ၊သိခြင်း, သိအပ်၏။ဣတိ၊ကြောင့်။ ဉာတေယျံ၊မည်၏။ဒဋ္ဌေယျံ၊မြင်ခြင်း, မြင်အပ်၏။ ပတ္တေယျံ၊ရောက်ခြင်း, ရောက်အပ်၏။ ဣစ္စေဝမာဒိ၊ဤသို့ အစရှိသော ပုံစံတို့ကို။ယောဇေတဗ္ဗာ၊ယှဉ်စေအပ်ကုန်၏။

http://www.dhammadownload.com



➤ ဗျော+စ-ဟု ၂-ပုဒ်ရှိသော ပစ္စယပိမိသုတ်

➤ **လိုက်ပုံ** ။ ။ ဘာဝကမ္မေသု တဗ္ဗာနီယာ-သုတ်မှ ဘာဝကမ္မေသု-လိုက်သည်။

➤ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် သမုစ္စည်းအနက် ဖြစ်ပါသည်။

➤ **စသဒ္ဒါဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် ဉာတေယျံ, ဒဋ္ဌေယျံ, ပတ္တေယျံ,စသော ပြယုဂ်တို့ဝယ် ဘော, ကံအနက်တို့၌ တေယျပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။(ကစ်+ရူ)

➤ **ဏျပစ္စည်း၏ သာခနဲ့,စသည်** ။ ။ ဏျ-ပစ္စည်းသည် ကတ္တု, ကမ္မ, ကရဏ, ဘာဝသာခနေ၊ ကာလသုံးပါး၊ အ, အာကာရန္တ ပု, စိတ်, ကညာဒိဂိုဏ်း၊ လိင်သုံးပါး။ [ဘဝတီတိ ဘဗ္ဗော၊ ကတ္တုဗ္ဗတ္တိ ကာရိယံ၊ မဍ္ဂတေ ဇေတနာတိ မဍ္ဂံ၊ ကတ္တဗ္ဗံ ကာရိယံ။]

➤ **တေယျပစ္စည်း၏ သာခနဲ့,စသည်** ။ ။ တေယျ-ပစ္စည်းသည် ကမ္မ, ဘာဝသာခနေ ကာလသုံးပါး၊ အ, အာကာရန္တ ပု, စိတ်, ကညာဒိဂိုဏ်း၊ လိင်သုံးပါး။

➤ **တဒ္ဓိတ် ဏျပစ္စည်းနှင့် ကိတ် ဏျပစ္စည်းတို့ ထူးပုံ** ။ ။ တဒ္ဓိတ်ဏျပစ္စည်းသည် ဂုဏ်ဝိသေသနကို ဆိုလိုရာ၌ ဗြာဟ္မဏ,စသော နာမ်ပုဒ်နောင် သဒ္ဒပဝတ္တိနိမိတ်ဟူသော ဘာဝအနက်, ကမ္မအနက်, သကတ်အနက်တို့၌ သက်၍ နိစ္စ နပုံလိင်ဖြစ်ပါသည်။ ကိတ်ဏျပစ္စည်းသည် ဘော, ကံအနက်တို့၌သက်၍ လိင်သုံးပါး ဖြစ်ပါသည်။ဤသို့ထူးသည်။

➤ **တဒ္ဓိတ်ဏျပစ္စည်းနှင့် ကိတ်ဏျပစ္စည်း တူပုံ** ။ ။ ဏျ,အက္ခရာအားဖြင့်ရင်း၊ အဆင်းသဏ္ဌာန်အားဖြင့်ရင်း, သုတိအားဖြင့်ရင်း, ဏ,အနုဗန်ကျေခြင်းအားဖြင့်ရင်း, ဝုဒ္ဓိအကျိုးဆက်အားဖြင့်ရင်း, သက်ရာအနက်ဖြစ်သည့် ဘာဝ, ကမ္မ-ဟူသော ဝေါဟာရသာမညအားဖြင့်ရင်း တူကြပါသည်။ ➤ **ဏျပစ္စည်း၏ ကာရိယများ** ။ ။ ဘူတောဗ္ဗ-သုတ်ဖြင့် အဗ္ဗပြု၊ ဝဒ မဒ ဂမု ယုဇ ဂရဟာကာရာဒီဟိ ဇ္ဇ မ္မ ဂ္ဂ ယှေယျာ ဂါရောဝါ-သုတ်ဖြင့် ဇ္ဇပြု, မ္မပြု, ဂ္ဂပြု, ယှပြု, ယျေပြုတို့ ဖြစ်ပါသည်။

၁၅၄၂။ **ကရမှာ ရိစ္စ**

ကရ ဣစ္စေတမှာ ဓာတုမှာ ရိစ္စပစ္စယော ဟောတိ ဘာဝကမ္မေသု။
ကတ္တဗ္ဗံ ကိစ္စံ။

* ဘာဝကမ္မေသု၊ဘော, ကံအနက်တို့၌။ကရမှာ၊ကရဓာတ်မှ။ပရေနောက်၌။ရိစ္စ၊ရိစ္စပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ။ * ဘာဝကမ္မေသု၊တို့၌။ကရ ဣစ္စေတမှာ ဓာတုမှာ၊ ကရဓာတ်မှ။ပရေနောက်၌။ရိစ္စပစ္စယော၊ရိစ္စပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

ကတ္တဗ္ဗံ၊ပြုခြင်း, ပြုအပ်၏။ဣတိ၊ဤအကြောင်းကြောင့်။ကိစ္စံ၊ကိစ္စ မည်၏။

➤ ကရမှာ+ရိစ္စ-ဟု ၂-ပုဒ်ရှိသော ပစ္စယပိမိသုတ်

➤ **ဤသုတ်ဖြင့် ကရဓာတ်နောင်မှသာ ရိစ္စ,ပစ္စည်း သက်နိုင်ပါသလော?**

➤ **ရိစ္စ-ဟု သုတ်ခွဲ၍ တည်ရကျိုး / ယောဂဝိဘာဂ** ။ ။ ရိစ္စ-ဟူသော ယောဂ

http://www.dhammadownload.com



ဝိဘာဂဖြင့် ဘစ္ဆော (ဘရ+ရိစ္ဆ) ပဋိစ္ဆော (ပဋိပုစ္ဆ ဣ+ရိစ္ဆ) ပုံစံတို့၌ ကရဓာတ်မှတစ်ပါး ဘရဓာတ်, ပဋိပုစ္ဆ ဣဓာတ်တို့နောင်မှလည်း ရိစ္ဆပစ္စည်း သက်ရခြင်းအကျိုးရှိပါသည်။

➤ **ကရမှာ ရိစ္ဆ-ဟု ကရဓာတ်ကိုသာ ဆိုရခြင်းအကြောင်း/ကရမှာ ရိစ္ဆ-ဟု သုတ်တည်ရခြင်းအကြောင်း** ။ ။[ဘရ,စသော ဓာတ်တို့နောင် ရိစ္ဆပစ္စည်း သက်နိုင်သော်လည်း] ကရဓာတ်နောင် ရိစ္ဆပစ္စည်းသက်သော ပြယုဂ်တို့၏ များသောကြောင့်-- တည်း။

➤ **ရိစ္ဆ,ပစ္စည်း၏ သာဓနစသည်** ။ ။ ရိစ္ဆ-ပစ္စည်းသည် ဘာဝ, ကမ္မသာဓန၊ ကာလ သုံးပါး၊ အ, အာကာရန္တ၊ ပု, စိတ်, ကညာဒိဂိုဏ်း၊ လိင်သုံးပါး ဖြစ်ပါသည်။

## ၅၄၃။ ဘူတော'ဗ္ဗ

ဘူ ဣစ္စေတာယ ဓာတုယာ ဏျပစ္စယဿ ဦကာရေန သဟ အဗ္ဗာဒေသော ဟောတိ ဘာဝကမ္မေသု။ ။ ဘဝိတဗ္ဗော ဘဗ္ဗော၊ ဘဝိတဗ္ဗံ ဘဗ္ဗံ။

✱ ဘာဝကမ္မေသု၊သော, ကံအနက်တို့၌။ဘူတော၊ဘူဓာတ်မှ။ပရဿ၊နောက်ဖြစ်သော ဏျဿ၊ဏျပစ္စည်း၏။အန္တေန၊ဓာတ်၏အစိတ် ဦ,အက္ခရာနှင့်။သဟ၊တကွ။အဗ္ဗ၊အဗ္ဗပြု သည်။ဟောတိ၊ဖြစ်၏။ ။ ✱ ဘူ ဣစ္စေတာယ ဓာတုယာ၊ဘူဓာတ်မှ။ပရဿ၊သော။ဏျ ပစ္စယဿ၊ဏျပစ္စည်း၏။ဦကာရေန၊ဓာတ်၏အစိတ် ဦ,အက္ခရာနှင့်။သဟ၊တကွ။အဗ္ဗာ ဒေသော၊အဗ္ဗပြုသည်။ဟောတိ၊၏။ ။ ✱ ဘဝိတဗ္ဗော၊ဖြစ်ခြင်း, ဖြစ်ထိုက်၏။ဣတိ၊ဤ အကြောင်းကြောင့်။ဘဗ္ဗော၊ဘဗ္ဗ မည်၏။ ✱ ဘဝိတဗ္ဗံ၊ဖြစ်ခြင်း, ဖြစ်ထိုက်၏။ဣတိ၊ဤ အကြောင်းကြောင့်။ဘဗ္ဗံ၊ဘဗ္ဗ မည်၏။

➤ ဘူတော+အဗ္ဗ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **ကာရိ-အရ** ။ ။ ဏျပစ္စည်းနှင့် ဘူဓာတ်၏အစိတ်ဦကို ယူရပါမည်။

➤ **ကာရီဖြစ်သင့်သောသုတ်** • ဏျော,စ-သုတ် ဖြစ်ပါသည်။

➤ **ဘူ-အရ** ။ ။ ဘုဿ ဦ ဘူ-ဟု ဆဋ္ဌီသုဒ္ဓတပ္ပုရိသ်သမာသ် ဝစနတ္ထပြု၍ ဘူ ဓာတ်၏ အစိတ်ဖြစ်သော ဦ,အက္ခရာကို ယူရပါမည်။

➤ **အဗ္ဗ-အရ** ။ ။ အန္တေန အဗ္ဗ အန္တဗ္ဗ-ဟု တတိယာသုဒ္ဓတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြု၍ အစိတ်ဖြစ်သော ဦ,အက္ခရာနှင့်တကွ အဗ္ဗ, အပြုကို ယူရပါမည်။

➤ **အဗ္ဗ ရုပ်ပြီးပုံ** ။ ။ အန္တဗ္ဗ-ဟု ဆိုလိုလျက် ဝဏ္ဏနာသ နိရုတ္တိနည်းဖြင့် အန္တ- သဒ္ဒါကို ချေ၍ 'အဗ္ဗ'ဟု ရုပ်ပြီးပါသည်။

➤ **အဗ္ဗ-၏ လိင်** ။ ။ (ကစ္စည်းအလို) ပုလ္လိင်, နပုလ္လိင်၊ (ရူ-အလို) လိင်သုံးပါး။

➤ **ဏျ-သဒ္ဒါ အလိုက်စံရကျိုး** ။ ။ ဏျပစ္စည်း အဆုံးရှိသည်၏အဖြစ်ကို ပြခြင်းအကျိုး ငှာ ဏျ-သဒ္ဒါ လိုက်လာပါသည်။

**မေး** ။ ။ ဤသုတ်ဖြင့် အဘယ့်ကြောင့် အဘယ်အနက်၌သက်သော ပစ္စည်းကို အဘယ်

http://www.dhammadownload.com



သို့ စီရင်ရမည်နည်း။

* မဏ္ဍူက ဂတိကနည်းဖြင့် ရမ္ဘိ ရန္တော ရာဒိနော-သုတ်မှ တတိယာဝိဘတ်ပြန်၍ အန္တသဒ္ဒါလိုက်လာသောကြောင့်ရင်း, ဘာဝကမ္မေသု တဗ္ဗာနီယာ-သုတ်မှ ဘာဝကမ္မေသု-သဒ္ဒါ လိုက်လာသောကြောင့်ရင်း, ဏျောစ-သုတ်မှ ဆဋ္ဌီဝိဘတ်ပြန်၍ ဏျ-သဒ္ဒါလိုက်လာသောကြောင့်ရင်း ဘူဓာတ်နောင် ဘော, ကံအနက်၌သက်သော ဏျပစ္စည်းကို အစိတ်ဖြစ်သော ဦ,အက္ခရာနှင့်တကွ 'အဗ္ဗ' ပြုရပါမည်။

**➤ ဘူ၏ ဦးနှင့်တကွ အဗ္ဗ ပြုရခြင်းအကြောင်း ॥** ॥ ရမ္ဘိ ရန္တော ရာဒိနော-သုတ်မှ မဏ္ဍူက ဂတိကနည်းဖြင့် တတိယာဝိဘတ်ပြန်၍ အန္တ-သဒ္ဒါလိုက်လာသောကြောင့် ဘူ၏ ဦးနှင့်တကွ အဗ္ဗ ပြုရပါသည်။

**➤ ဘော, ကံအနက်တို့၌သာ အဗ္ဗ ပြုရခြင်းအကြောင်း ॥** ॥ ဘာဝကမ္မေသု တဗ္ဗာနီယာ-သုတ်မှ ဘာဝကမ္မေသု-သဒ္ဒါ လိုက်လာသောကြောင့်-- တည်း။

**➤ ဏျပစ္စည်းကို အဗ္ဗ ပြုရခြင်းအကြောင်း ॥** ॥ ဏျောစ-သုတ်မှ ဆဋ္ဌီဝိဘတ်ပြန်၍ ဏျ-သဒ္ဒါ လိုက်လာသောကြောင့် ဏျပစ္စည်းကို အဗ္ဗပြုရပါသည်။

**၅၄၄။ ဝဒ မဒ ဂမု ယုဇ ဂရဟာကာရာဒီဟိ ဇ္ဇ မ္မ ဂ္ဂ ယှေယျာ ဂါရော ဝါ**

ဝဒ မဒ ဂမု ယုဇ ဂရဟာကာရန္တ ဣစ္စေဝမာဒီဟိ ဓာတူဟိ ဏျပစ္စယဿ ယထာသင်္ချံ ဇ္ဇ မ္မ ဂ္ဂ ယှ ယျောဒေသာ ဟောန္တိ ဝါ ဓာတွန္တေန သဟ၊ ဂရဿ စ ဂါရော ဟောတိ ဘာဝကမ္မေသု။

ဝဇ္ဇတ္တပ္ပံ ဝဇ္ဇံ၊ မဒနီယံ မဇ္ဇံ၊ ဂမနီယံ ဂမ္မံ၊ ယောဇနီယံ ယောဂ္ဂံ၊ ဂရဟိတဗ္ဗံ ဂါရယှံ၊ ဒါတဗ္ဗံ ဒေယျံ၊ ပါတဗ္ဗံ ပေယျံ၊ ဟာတဗ္ဗံ ဟေယျံ၊ မာတဗ္ဗံ မေယျံ၊ ဉာတဗ္ဗံ ဉေယျံ ဣစ္စေဝမာဒိ။

* ဘာဝကမ္မေသု၊ဘော, ကံ အနက်တို့၌။ဝဒ မဒ ဂမု ယုဇ ဂရဟာကာရာဒီဟိ၊ ဝဒ မဒ ဂမု ယုဇ ဂရဟဓာတ်, အာကာရန္တဓာတ် အစရှိသည်တို့မှ။ပရဿ၊နောက်ဖြစ်သော။ဏျဿ၊ဏျပစ္စည်း၏။အန္တေန၊ဓာတ်၏အစိတ်နှင့်တကွ။ဇ္ဇ မ္မ ဂ္ဂ ယှေယျာ၊ဇ္ဇပြု, မ္မပြု, ဂ္ဂပြု, ယှပြု, ယျေပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။ဂါရောဝါ၊ဂရ-သဒ္ဒါ၏ ဂါရ ပြုသည်လည်း။ဟောတိ၊၏။ ॥ * ဘာဝကမ္မေသု၊တို့၌။ဝဒ မဒ ဂမု ယုဇ ဂရဟာကာရန္တ ဣစ္စေဝမာဒီဟိ၊ ဝဒ မဒ ဂမု ယုဇ ဂရဟဓာတ်, အာကာရန္တဓာတ် အစရှိကုန်သော။ ဓာတူဟိ၊ဓာတ်တို့မှ။ပရဿ၊နောက်ဖြစ်သော။ဏျပစ္စယဿ၊ဏျပစ္စည်း၏။ဓာတွန္တေန၊ ဓာတ်၏အစိတ်နှင့်။သဟ၊တကွ။ယထာသင်္ချံ၊အစဉ်အတိုင်း။ဇ္ဇ မ္မ ဂ္ဂ ယှယျောဒေသာ၊ဇ္ဇပြု, မ္မပြု, ဂ္ဂပြု, ယှပြု, ယျေပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။ဂရဿ၊ဂရ-သဒ္ဒါ၏။ ဂါရောစ၊ဂါရ ပြုသည်လည်း။ဟောတိ၊၏။

http://www.dhammadownload.com



* ဝတ္တပ္ပံ၊ပြောဆိုခြင်း, ပြောဆိုအပ်၏။ဏ္ဍတိ၊ဤအကြောင်းကြောင့်။ဝစ္စံ၊စကားမည်၏။ * မဒနိယံ၊ယစ်မူး, ရူးသွပ်ခြင်း။ မဇ္ဇံ၊ယစ်မူး, ရူးသွပ်ခြင်း။ * ဂမနိယံ၊သွားရောက်ခြင်း, သွားရောက်အပ်၏။ဣတိ၊ကြောင့်။ဂမ္မံ၊မည်၏။ * ယောဇနိယံ၊ယှဉ်ခြင်း, ယှဉ်အပ်၏။ဣတိ၊ကြောင့်။ယောဂ္ဂံ၊မည်၏။ * ဂရဟိတပ္ပံ၊ကဲ့ရဲ့ခြင်း, ကဲ့ရဲ့အပ်၏။ဣတိ၊ကြောင့်။ဂါရယှံ၊မည်၏။ * ဒါတပ္ပံ၊ပေးခြင်း, ပေးအပ်၏။ဣတိ၊ကြောင့်။ဒေယျံ၊မည်၏။ * ပါတပ္ပံ၊သောက်ခြင်း, သောက်အပ်၏။ဣတိ၊ကြောင့်။ပေယျံ၊မည်၏။ * ဟာတပ္ပံ၊စွန့်ခြင်း, စွန့်အပ်၏။ဣတိ၊ကြောင့်။ဟေယျံ၊မည်၏။ * မာတပ္ပံ၊နှိုင်းရှည့်ခြင်း, နှိုင်းရှည့်အပ်၏။ဣတိ၊ကြောင့်။မေယျံ၊မည်၏။ * ဉာတပ္ပံ၊သိခြင်း, သိအပ်၏။ဣတိ၊ကြောင့်။ဉေယျံ၊မည်၏။ ဣစ္စေဝမာဒိ၊ဤသို့ အစရှိသော ပုံစံတို့ကို။ယောဇေတဗ္ဗာ၊ယှဉ်စေအပ်ကုန်၏။

➤ ဝဒ မဒ ဂမု ယုဇ ဂရဟာကာရာဒီဟိ+ဇ္ဇ မ္မ ဂ္ဂ ယှေယျာ+ဂါရော+စ-ဟု ၄-ပုဒ်ရှိသော အာဒေသဝိဓိသုတ်။

➤ **လိုက်ပုဒ်** ။ ။ ဏျောစ-သုတ်မှ ဆဋ္ဌီဝိဘတ်ပြန်၍ ဏျသ-သဒ္ဒါ၊ ရမှိ ရန္တောရာဒိနော-သုတ်မှ တတိယာဝိဘတ်ပြန်၍ 'အန္တေ'သဒ္ဒါတို့ လိုက်လာပါသည်။

➤ **နိမိတ်-အရ** ။ ။ ဝဒ, မဒ, ဂမု, ယုဇ, ဂရဟဓာတ်နှင့် အာကာရန္တဓာတ်တို့ကို ယူရပါမည်။ ➤ **ကာရီ-အရ** ။ ။ ဏျပစ္စည်းနှင့်တကွ ဓာတွန် ဒ, မ, ဇ, ဟဗျည်းနှင့် ဂရဟဓာတ်၏ ဂရ-ကို ယူရပါမည်။

➤ **ကာရိယ-အရ** ။ ။ ဇ္ဇပြု, မ္မပြု, ဂ္ဂပြု, ယှပြု, ယေျပြုနှင့် ဂါရ-အပြုတို့ ဖြစ်သည်။

**မေး** ။ ။ ဝဒ မဒ ဂမု ယုဇ,စသော သုတ်၏ အစီအရင်တို့ကို ကျမ်းရိုးအလိုကျ နိမိတ် ကာရီ, ကာရိယ အပြည့်အစုံဖြင့် ရှင်းလင်းတင်ပြပါ။

➤ **ယထာသင်္ချံ-အရ ကာရီ, ကာရိယ, နိမိတ်တို့ကို အစဉ်အတိုင်းတွဲစပ်ပုံ**

➤ **ယထာသင်္ချံ-ယထာက္ကမံ အဓိပ္ပါယ်** ။ ။ ဝဒ, မဒ-ဟူသော ဒကာရန္တဓာတ်နောင် ဓာတွန်နှင့်တကွ ဏျကို ဇ္ဇပြု၊ ဂမုဓာတ်နောင် ဓာတွန်နှင့်တကွ ဏျကို မ္မပြု၊ ယုဇဓာတ်နောင် ဓာတွန်နှင့်တကွ ဏျကို ဂ္ဂပြု၊ ဂရဟဓာတ်နောင် ဓာတွန်နှင့်တကွ ဏျကို ယှပြု၊ အာကာရန္တဓာတ်နောင် ဓာတွန်နှင့်တကွ ဏျကို ယေျပြု၊ (ရမည်ဟု သိစေပါသည်။)

➤ **ပဋ္ဌမိနိမိတ် ဖြစ်သင့်သော ဓာတ်များ** ။ ။ ဝဒ, မဒ, ဂဒ, ပဒ, ခါဒ, ဂမု, ဒမု ဝမု, ယုဇ, ဘုဇ, ဂရဟဓာတ်နှင့် အာကာရန္တဓာတ် အဆုံးရှိသော ဒါ, ပါ, ဟာ, မာ, ဉာ, ချာဓာတ်တို့ ဖြစ်ပါသည်။

➤ **နိမိတ်နှင့် ကာရိယ ယှဉ်စပ်ပုံ** ။ ။ ဝဒဓာတ်နှင့် ဇ္ဇပြု၊ မဒဓာတ်နှင့် ဇ္ဇပြု၊ ဂမုဓာတ်နှင့် မ္မပြု၊ ယုဇဓာတ်နှင့် ဂ္ဂပြု၊ ဂရဟဓာတ်နှင့် ယှပြု၊ ဒါ, ပါ, ဟာ, မာ, ဉာ,စသော အာကာရန္တဓာတ်တို့နှင့် ဧယျပြု ဖြစ်ပါသည်။

➤ **ဓာတွန္တေန-အရ / ဓာတွန်ဗျည်းများ** ။ ။ ဝဒ၌ ဒဗျည်း, မဒ၌ ဒဗျည်း, ဂမု၌

http://www.dhammadownload.com



မဗျည်း, ယုဇ၌ ဇဗျည်း, ဂရုဟဓာတ်၌ ဟဗျည်း-တို့ ဖြစ်ပါသည်။

➤ **ဂါရဲပြုရာ ဌာန** ။ ။ ဂရုဟဓာတ်၏ အစိတ် ဂရု-ကိုသာ ဂါရဲပြုရပါသည်။

➤ **ဂရုဟဓာတ်ကိုသာ ဂါရဲပြုခြင်းအကြောင်း / ဂါရဲပြုရမည့် ဓာတ်အမျိုးအစား**

ဂါရယှံ-ဟူသော ပြယုဂ်၌ ဂရု-သဒ္ဒါကို ဂါရဲပြုမှသာ ပြီးနိုင်၏၊ ထိုသို့ ပြီးနိုင်ဖို့ရာ သုတ်ကို တည်ရသောကြောင့် (ဂါရော-ဟု သာမညဆိုထားသော်လည်း) ဂရုဟဓာတ်၏ ဂရု-ကိုသာ ဂါရဲပြုရပါသည်။ ➤ **အာကာရ-အရ /အာကာရန္တဓာတ်များ** အာ,အက္ခရာဆုံးသော ဒါ, မာ, ဟာ, ပါ, ဉာ, ချာ,စသော ဓာတ်တို့ဖြစ်ပါသည်။ (ပုံစံ) ဒေယျံ၊ ပေယျံ၊ ဟေယျံ၊ မေယျံ၊ ဉေယျံ၊ သဒ္ဒေယျံ။

➤ **အာဒိ-အရ/အာဒိသဒ္ဒါ ထည့်ဆိုရကျိုး** ။ ။ အာဒိ-သဒ္ဒါဖြင့် [ ဝဒ, မဒ, ဂမု, ယုဇ, ဂရုဟဓာတ်တို့မှတစ်ပါး] ဒ,အက္ခရာဆုံးသော ဂဒဓာတ်, ပဒဓာတ်, ခါဒဓာတ်၊ မ,အက္ခရာဆုံးသော ဒမုဓာတ်၊ ဇ,အက္ခရာဆုံးသော ဘုဇဓာတ်၊ ဟ,အက္ခရာဆုံးသော ဂဟဓာတ်တို့ကို ယူရ [ ခြင်းအကျိုးရှိ ပါသည်။ (ပုံစံ) ဂဇ္ဇံ၊ ပဇ္ဇံ၊ ခဇ္ဇံ၊ ဒမ္မော၊ ဘောဂ္ဂံ၊ ဂယှံ။

➤ **ဓာတ်ကို အာဒိ-သဒ္ဒါနှင့် ယှဉ်စပ်၍ ကောက်ပုံ** ။ ။ ဝဒ ဣစ္စေဝမာဒီဟိ-၌ အာဒိ-အရ = ဝဒ-ကဲ့သို့ ဒကာရန္တဖြစ်သော ဂဒ, ပဒ, ခါဒဓာတ်တို့ကို ယူရမည်။(ပုံစံ) ဂဇ္ဇံ ပဇ္ဇံ ခဇ္ဇံ။ * ဂမု ဣစ္စေဝမာဒီဟိ-၌ အာဒိ-အရ = ဂမုကဲ့သို့ မကာရန္တဖြစ်သော ဒမု, ဝမုဓာတ်တို့ကို ယူရပါမည်။ (ပုံစံ) ဒမ္မော၊ ဝမ္မော။ * ယုဇ ဣစ္စေဝမာဒီဟိ-၌ အာဒိ-အရ = ယုဇကဲ့သို့ ဇကာရန္တဖြစ်သော ဘုဇဓာတ် စသည်ကို ယူရပါမည်။ (ပုံစံ) ဘောဂ္ဂံ။ * ဂရုဟာဒီဟိ-၌ အာဒိ-အရ = ဂရုဟကဲ့သို့ ဟကာရန္တဖြစ်သော ဂဟဓာတ် စသည်ကို ယူရပါမည်။ (ပုံစံ) ဂယှံ။

➤ **ကာရ-သဒ္ဒါ ထည့်ဆိုရကျိုး** ။ ။ ကာရ-သဒ္ဒါဖြင့် ဘောဇ္ဇပြယုဂ်၌ ယပစ္စည်းကို ဇပြုရခြင်းအကျိုး ရှိပါသည်။

➤ **ဓါနိယံ, ပါနိယံ-တို့၌ သရာ သရေ လောပံ-သုတ်ဖြင့် ရှေ့သရကို ချေရခြင်း အကြောင်း** ။ ။ သရလောပေါ မာဒေသ,စသော သုတ်ဖြင့် အနိယပစ္စည်း နှောင်းရာ၌ ရှေ့သရကို မချေရဟု တုသဒ္ဒါက တားမြစ်ထားသောကြောင့်-- တည်း။

➤ **မဒဓာတ်ကို သီးခြားဆိုရကျိုး** ။ ။ မဒ-သဒ္ဒါဖြင့် ကရိုဏ်းအနက်၌လည်း ဏျ ပစ္စည်းဖြစ်၏ဟု ပြရခြင်းအကျိုး ရှိပါသည်။

➤ **ဝါသဒ္ဒါ၏အနက်** ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ဖြစ်ပါသည်။

➤ **ဝါသဒ္ဒါဆိုရကျိုး/ ဝါသဒ္ဒါဖြင့် ပိုင်းခြားပုံ** ။ ။ ဝါသဒ္ဒါဖြင့် ဝဇ္ဇံ မဇ္ဇံ ဂမ္မံ ဂါရယှံ ဒေယျံ,စသော ပြယုဂ်တို့၌ ဍပြု, မ္မပြု, ဂ္ဂပြု, ယှပြု, ဧယျပြုခြင်းတို့၌ နိစ္စဝိဓိ၊ ယောဂ္ဂံ, နိယောဇ္ဇော, ဉေယျံ, ဝိဇာနိယျံ,စသော ပြယုဂ်တို့ဝယ် ရံခါ ဍပြု, ဧယျပြုရခြင်း အနိစ္စ ဝိဓိ၊ ဘောဇ္ဇ,စသော ပြယုဂ်၌ ဍ-မပြုရခြင်း အသန္တဝိဓိကို ပိုင်းခြားပြပါသည်။

http://www.dhammadownload.com



## ၃၄၅။ တေ ကိစ္စာ

ယေ ပစ္စယာ တဗ္ဗာဒယော ရိစ္စန္တာ၊ တေ ကိစ္စသညာတိ ဝေဒိတဗ္ဗာ။

ကိစ္စသညာယ ကိံ ပယောဇနံ? ဘာဝကမ္မေသု ကိစ္စတ္တခတ္ထာ။

* တေ၊ထို တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ ငါးပစ္စည်းတို့သည်။ကိစ္စာ၊ကိစ္စမည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ * တဗ္ဗာဒယော၊တဗ္ဗ,အစရှိကုန်သော။ရိစ္စန္တာ၊ရိစ္စ အဆုံးရှိကုန်သော။ယေ ပစ္စယာ၊အကြင်ငါးပစ္စည်းတို့သည်။သန္တိ၊ရှိကုန်၏။တေ ပစ္စယာ၊ထိုငါးပစ္စည်းတို့သည်။ကိစ္စသညာ၊ကိစ္စ အမည်ရှိကုန်၏ဟူ၍။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

ကိစ္စသညာယ၊ကိစ္စ အမည်ကိုမှည့်ရသဖြင့်။ကိံ ပယောဇနံ၊ဘာအကျိုးရှိသနည်း။ ဘာဝကမ္မေသု ကိစ္စတ္တခတ္ထာ၊ဘာဝကမ္မေသု ကိစ္စတ္တခတ္ထာ စသည်တို့၌ ကိစ္စ-ဟု ခေါ်ဆိုရခြင်း အကျိုးရှိ၏။

> တေ+ ကိစ္စာ-ဟု ၂-ပုဒ်ရှိသော သညာသုတ်

> **သညာကဏ္ဍ-၌ တေ ကိစ္စာ-ဟူသော သညာသုတ်ကို ရှေးဦးစွာ ဆိုခြင်းအကြောင်း** ။ ။ ကိစ္စပစ္စည်းတို့၏ အရေအတွက်နည်းသောကြောင့်ရင်း၊ ကိစ္စပစ္စည်းမှ ကြွင်းသော ပစ္စည်းတို့ကို ကိတ်ပစ္စည်းဟု ပြလိုသောကြောင့်ရင်း ရှေးဦးစွာ ဆိုရသည်။

**မေး** ။ ။ တေ ကိစ္စာ-သုတ်အရ ကိစ္စပစ္စည်းသရုပ်ကို ဖော်ထုတ်ပြ၍၊ ကိစ္စ-ဟူသော အမည်မှည့်လိုက်သဖြင့် ရရှိအပ်သော အကျိုးဆက်ကိုလည်း ကျမ်းရင်းလာအတိုင်းသာ ဖြေဆိုပြပါ။ / ကိစ္စပစ္စည်းများကို သုတ်ထောက်နှင့်တကွ ဖြေဆိုပါ။

> **ကိစ္စပစ္စည်း ၅-မျိုး** ။ ။ ဘာဝကမ္မေသု တဗ္ဗာနီယာ-သုတ်ကိုထောက်၍ တဗ္ဗ, အနီယပစ္စည်း၊ ဏျောစသုတ်ကိုထောက်၍ ဏျပစ္စည်း၊ ဏျောစ-သုတ်၌ စသဒ္ဒါဖြင့် တေယျပစ္စည်း၊ ကရမှာ ရိစ္စ-သုတ်ကိုထောက်၍ ရိစ္စပစ္စည်း-တို့ ဖြစ်ပါသည်။(သာဓက) ယေ ပစ္စယာ တဗ္ဗာဒယော ရိစ္စန္တာ၊ တေ ကိစ္စသညာတိ ဝေဒိတဗ္ဗာ။

> **တဗ္ဗ,စသော ပစ္စည်းတို့ကို ကိစ္စအမည်မှည့်ရကျိုး** ။ ။ ဘာဝကမ္မေသု ကိစ္စတ္တခတ္ထာ-စသောသုတ်တို့၌ ကိစ္စ-ဟု ခေါ်ဆိုရခြင်း အကျိုးရှိပါသည်။

**မေး** ။ ။ ကိစ္စပစ္စည်းများကို ပုံစံနှင့်တကွ ရေးသားပြပါ။

**ဖြေ** ။ ။ တဗ္ဗ ပစ္စည်း = ဘဝိတဗ္ဗံ၊ အနီယ ပစ္စည်း = ဘဝနီယံ၊ ဏျ ပစ္စည်း = ဇေယျံ၊ တေယျ ပစ္စည်း = ဉာတေယျံ၊ ရိစ္စ ပစ္စည်း = ကိစ္စံ။

**မေး** ။ ။ ကိစ္စပစ္စည်းများ သက်နိုင်သောအနက်တို့ကို သုတ်အထောက်နှင့်တကွ ပြပါ။

**ဖြေ** ။ ။ ဘာဝကမ္မေသု ကိစ္စတ္တက္ခတ္ထာ-သုတ်ကိုထောက်၍ ကိစ္စပစ္စည်းတို့သည် ဘာဝ, ကံအနက်တို့၌ သက်ပါသည်။

> **ကိစ္စပစ္စည်းတို့၏ သက်ရာသာဓန** ။ ။ ဘာဝကမ္မေသု ကိစ္စတ္တက္ခတ္ထာ-သုတ်ကို

http://www.dhammadownload.com



ထောက်၍ ဘာဝသာဓန, ကမ္မသာဓနတို့ ဖြစ်ပါသည်။

➤ **ကိစ္စ-ဟု ဂရုသညာပြုရကျိုး** ။ ။ [ဗာဗ္ဗ, အနီယ, စသော ပစ္စည်းတို့ကို ဈ, လ, ပ-တို့ကဲ့သို့ တစ်လုံးတည်း ရှင်းအမည် မမှည့်မူ၍ ကိစ္စ-ဟု အလုံးများစွာ အနွတ္ထအမည် မှည့်ခြင်းသည် ] ကိစ္စပစ္စည်း အဆုံးရှိသော ပုဒ်တို့၏ ဘော, ကံဟူသော ဝါစ္စမှတစ်ပါး အရဟ, သတ္တ,စသော ဇောတကတ္ထတို့ကိုလည်း ထွန်းပြသည်ဟု သိစေခြင်း အကျိုးရှိပါသည်။ (ဋီကာ)

➤ **ကိစ္စပစ္စည်းဆုံးသော ပုဒ်တို့ကို တဒ္ဓိတသမာသ-သုတ်၌ စသဒ္ဒါဖြင့် နာမ်ငဲ့ရခြင်းအကြောင်း** ။ ။ ကိတ်မဟုတ်သောကြောင့်-- စသဒ္ဒါဖြင့် နာမ်ငဲ့ရပါသည်။

➤ **ကိစ္စပစ္စည်းဆုံးသောပုဒ်တို့၏ လိင်** ။ ။ ကိစ္စပစ္စည်းဆုံးသော ပုဒ်တို့သည် ဘော အနက်၌ဖြစ်မူ နပုလ္လိင်၊ ကံအနက်၌ဖြစ်မူ တိလိင် ဖြစ်ပါသည်။

နိယံ/ ကိစ္စငါးချက်၊ ဘော၌သက်မူ၊ နပုံးယူလော့၊ ကံ၌မူကား၊ လိင်သုံးပါး၊ ငြားလိမ့် စင်စစ်၊ ဧကန်တည်း။ (ဘုရားကြီးနိယံ)

➤ **အဘိဘဝိတဗ္ဗော ကောဓော ပဏ္ဍိတေန-၌ ကောဓ-ပုဒ်နောင် ဒုတိယာဝိဘတ် မသက်ဘဲ ပထမာဝိဘတ်သာ သက်ရခြင်းအကြောင်း** ။ ။ အဘိဘဝိတဗ္ဗော-၌ တဗ္ဗ ပစ္စည်းက ကောဓ-ဟူသော ကံကို ဟောပြီးဖြစ်သောကြောင့် တစ်ဖန်ဟောစရာ မလိုရကား ဒုတိယာဝိဘတ် မသက်ဘဲ ပထမာ-သာ သက်ရပါသည်။

➤ **အဘိဘဝိတဗ္ဗော ကောဓော ပဏ္ဍိတေန-၌ "အဘိဘဝိတဗ္ဗ"သဒ္ဒါနောင် ဒုတိယာဝိဘတ် မသက်ဘဲ ပထမာဝိဘတ်သာ သက်ရခြင်းအကြောင်း** ။ ။ တဗ္ဗပစ္စည်းက ကံအနက်ကို ဟောပြီးဖြစ်၍ ဒုတိယာဝိဘတ်က ဟောဖွယ်မလိုသောကြောင့် ဒုတိယာဝိဘတ် မသက်ဘဲ လိင်အနက်ကို ထွန်းပြခြင်းအကျိုးငှာ ပထမာဝိဘတ်သာ သက်ရပါသည်။

(တစ်နည်း) ဝိသေသကမ္မတ္ထကိုပြသော ကောဓ-ပုဒ်နောင် ပထမာဖြစ်သကဲ့သို့ သာမညကမ္မတ္ထကိုပြသော အဘိဘဝိတဗ္ဗနောင် ပထမာသာ သက်ရပါသည်။(ဦးပုဒ်)

➤ **သောတဗ္ဗော-၌ ဣ, အာဂုရာ မလာရခြင်းအကြောင်း** ။ ။ ယထာဂမမိကာရော-သုတ်၌ ယထာဂမ-သဒ္ဒါကြောင့် ဣ,အာဂုရာ မလာရပါ။

---

## ၅၄၆။ အညေ ကိတ်

အညေ ပစ္စယာ ကိတ် ဇဝ သညာ ဟောန္တိ။

ကိတ်သညာယ ကိံ ပယောဇနံ? ကတ္တရိ ကိတ်။

* အညေ၊ကိတ်ပစ္စည်းမှ တစ်ပါးကုန်သော ပစ္စည်းတို့သည်။ကိတ်၊ကိတ်မည်ကုန်သည် ဟောန္တိ၊ဖြစ်ကုန်၏။ ။ * အညေ၊ကိတ်ပစ္စည်းမှ တစ်ပါးကုန်သော။ပစ္စယာ၊ပစ္စည်းတို့သည်။ ကိတ်ဇဝ သညာ၊ကိတ်သာလျှင်မည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ ကိတ်သညာယ၊

http://www.dhammadownload.com



ကိတ်အမည်ကို မှည့်ရသဖြင့်။ကိ ပယောဇနံ၊ဘာအကျိုးရှိပါသနည်း။ကတ္တုရိ ကိတ်၊ကတ္တုရိ ကိတ် စသည်၌ ကိတ်-ဟု ခေါ်ဆိုရခြင်းအကျိုး ရှိ၏။

**➢ အဒြေ+ကိတ်-ဟု ၂-ပုဒ်ရှိသော သညာသုတ်**

**➢ အဒြေ–အရ ။ ။** [ အဒြေ-ဟု သာမညအားဖြင့် ဆိုသော်လည်း ] ကတ္တုရိ ကိတ်ဟု ဆိုသောကြောင့် ကတ္တားအနက်ကိုဟောသော ဏီ, ရွ, ဏုက, တိ, တဝန္တု, တာဝီ, က္က, အန္တ, တဝေ, တုံ, တုန, တွာန, တွာပစ္စည်းတို့ကိုသာ ယူရပါမည်။

(တစ်နည်း) ဏ, အ, ဏွု, တု, အာဝီ, ကွိ, ရမ္မ, ဏီ, (တု,အာဝီ) ယု, ရွ, ဏုက, ရ, က္က, တိ, ရိရိယ, တ, တဝန္တု, တာဝီ, က္ကန, ခ, တဝေ, တုံ, တုန, တွာန, တွာ, မာန, အန္တ ရတ္ထု, ရိတု, ရာတု, တုက, က္ကက,စသော ပစ္စည်းများ ဖြစ်ပါသည်။

**➢ အညအပါခါန်–အရ ။ ။** ဘာဝကမ္မေသု တဗ္ဗာနီယာ-သုတ်ကိုထောက်၍ တဗ္ဗ, အနီယပစ္စည်း၊ ဏျောစသုတ်ကိုထောက်၍ ဏျပစ္စည်း၊ ဏျောစ-သုတ်၌ စသဒ္ဒါဖြင့် တေယျပစ္စည်း၊ ကရမှာ ရိစ္စ-သုတ်ကိုထောက်၍ ရိစ္စပစ္စည်း-တို့ ဖြစ်ပါသည်။ [ တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စပစ္စည်းတို့ ဖြစ်ပါသည်။]

**➢ သညာကဏ္ဍ–၌ အဒြေ ကိတ်–သုတ်ကို နောက်ဆုံးထား၍ ဆိုရကြောင်း**

ကိတ်ပစ္စည်းတို့၏ အရေအတွက်များသောကြောင့်ရင်း, ကိစ္စပစ္စည်းမှကြွင်းသော ပစ္စည်းတို့ကို ကိတ်ပစ္စည်းဟု ပြလိုသောကြောင့်ရင်း-- နောက်ဆုံးထား၍ ဆိုရပါသည်။

**➢ ကိစ္စပစ္စည်း, ကိတ်ပစ္စည်း, ကိစ္စကိတပစ္စည်းဟု ကွဲပြားရခြင်းအကြောင်း**

ပစ္စည်းတို့၏ သက်ရာအနက်ခြင်း မတူသောကြောင့်-- ကွဲပြားရပါသည်။

**➢ ကိစ္စ, ကိတ်, ကိစ္စကိတ ပစ္စည်းသုံးမျိုးအထူး ။ ။** ကိစ္စပစ္စည်းသည် များသောအားဖြင့် ဘောအနက်, ကံအနက်၌ သက်ပါသည်။ ကိတ်ပစ္စည်းသည် များသောအားဖြင့် ကတ္တားအနက်၌ သက်ပါသည်။ ကိစ္စကိတပစ္စည်းသည် ကတ္တား,စသော အနက်(၇)ပါး၌ သက်ပါသည်။ ဤသို့ ထူးပါသည်။

**➢ ကိတ်ပစ္စည်းတို့၏ သက်ရာ သာခန ။ ။** ကတ္တုရိ ကိတ်-သုတ်ကိုထောက်၍ ကတ္တုသာခနေ ဖြစ်ပါသည်။

---

## ၅၄၇။ နန္ဒာဒီဟိ ယု

နန္ဒာဒီဟိ ဓာတူဟိ ယုပစ္စယော ဟောတိ ဘာဝကမ္မေသု။

နန္ဒီယတေ နန္ဒနံ၊ နန္ဒိတဗ္ဗံ ဝါ နန္ဒနံ၊ ဂဟဏီယံ ဂဟဏံ၊ စရိတဗ္ဗံ စရဏံ၊ ဧဝံ သဗ္ဗတ္ထ ယောဇေတဗ္ဗာ။

* ဘာဝကမ္မေသု၊ဘော, ကံအနက်တို့၌။နန္ဒာဒီဟိ၊နန္ဒ, အစရှိသော ဓာတ်တို့မှ။ပရေ နောက်၌။ယု၊ယုပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ‖ * ဘာဝကမ္မေသု၊တို့၌။နန္ဒာဒီဟိ ဓာ

http://www.dhammadownload.com



တူပဟိ၊နန္တ, အစရှိသော ဓာတ်တို့မှ။ပရေ၌။ယုပစ္စယော၊ယုပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

နန္ဒိယတေ၊နှစ်သက်ခြင်း။နန္ဒနံ၊နှစ်သက်ခြင်း။ * ဝါ၊တစ်နည်းကား။နန္ဒိတဗ္ဗံ၊နှစ်သက်အပ်၏။ဣတိ၊ဤအကြောင်းကြောင့်။နန္ဒနံ၊နန္ဒန မည်၏။ * ဂဟဏီယံ၊ယူခြင်း, ယူအပ်၏။ဣတိ၊ကြောင့်။ဂဟဏံ၊မည်၏။ * စရိတဗ္ဗံ၊ကျင့်ခြင်း, ကျင့်အပ်၏။ဣတိ၊ကြောင့်။စရဏံ၊မည်၏။ ဧဝံ၊ဤအတူ။သဗ္ဗတ္ထ၊အလုံးစုံသော ပုံစံတို့၌။ယောဇေတဗ္ဗာ၊ယှဉ်စေအပ်ကုန်၏။

> **နန္ဒာဒိတိ+ယု–ဟု ၂–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်**

> **အာဒိ–အရ ॥** (ကစ္စည်းအလို) ဂဟဓာတ်, စရဓာတ်တို့ကို ယူရပါမည်။ (ရူ-အလို) ဂဟ, စရ, ဘူ, ဟူ, ရုဓ, ဘုဇ, ဗုဓ, သု, အပ, ပါလ,စသော ဓာတ်တို့ကို ယူရပါမည်။

> **ဂရုဟာဒိတိ ယု–ဟု မဆိုဘဲ နန္ဒာဒိတိ ယု–ဟု ဆိုရခြင်းအကြောင်း ॥** နန္ဒဓာတ်နောက်၌ ယုပစ္စည်းသက်၍ပြီးသော ပြယုဂ်တို့ များနေသောကြောင့် နန္ဒဓာတ်ဖြင့်မှတ်၍ နန္ဒာဒိတိ ယု-ဟု ဆိုရပါသည်။

> **'ယု'သဒ္ဒါ တစ်ဖန်ဆိုရကျိုး ॥** [ သဒ္ဒကုစ္စေလမဏ္ဍာတ္တ ရုစာဒိဟိ ယု-သုတ်၏ အခြားမဲ့၌ ယု-သဒ္ဒါ အလိုက်ခံ၍ နန္ဒာဒိဟိ-ဟုသာ ဆိုချေသော် ယုသဒ္ဒါသာ လိုက်လာမည် မဟုတ်၊ တဿီလာဒိသု-သဒ္ဒါလည်း လိုက်လာမည်ဖြစ်သောကြောင့်ရင်း, ထိုသုတ်မှ ယုပစ္စည်း၏ ကတ္တားအနက်၌သာ သက်သောကြောင့်ရင်း ] တဿီလာဒိသု-သဒ္ဒါနှင့် ကတ္တားအနက်ကို နစ်စေခြင်းအကျိုးငှာ 'ယု'သဒ္ဒါကို တစ်ဖန်ဆိုရပါသည်။ (ရူပသ)

> **ယုပစ္စည်း၏ သာဓန, စသည် ॥** ယုပစ္စည်းသည် ဘာဝသာဓန, ကမ္မသာဓန, ကာလသုံးပါး၊ အကာရန္တ၊ စိတ္တာဒိဂိုဏ်း၊ နပုလ္လိင် ဖြစ်ပါသည်။

> **ဘာဝကမ္မတ္တ /ဓာဘ, ကံအနက်တို့၌သက်သော သုတ်နှင့် ပစ္စည်းများ**

ဘာဝကမ္မေသု တဗ္ဗာနီယာ-သုတ်ဖြင့် တဗ္ဗ, အနီယပစ္စည်း၊ ဏျောစ-သုတ်ဖြင့် ဏျ ပစ္စည်း၊ ဏျောစ-သုတ်၌ စသဒ္ဒါဖြင့် တေယျပစ္စည်း၊ ကရမှာ ရိစ္စ-သုတ်ဖြင့် ရိစ္စပစ္စည်း၊ နန္ဒာဒိဟိ ယု-သုတ်ဖြင့် ယုပစ္စည်း၊ ဤသံဒုသူဟိ ခ-သုတ်ဖြင့် ခပစ္စည်းတို့ ဖြစ်ပါသည်။ [ တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ, ယု, ခ,ပစ္စည်းတို့ ဖြစ်ပါသည်။]

---

### ၅၄၈။ ကတ္တုကရဏပဒေသေသု စ

ကတ္တုကရဏပဒေသ ဣစ္စေတေသွတ္ထေသု စ ယုပစ္စယော ဟောတိ။

ကတ္တရိ တာဝ - ရဇံ ဟရတီတိ ရဇောဟရဏံ၊ တောယံ။

ကရဏေ တာဝ - ကရောတိ တေနာတိ ကရဏံ။

ပဒေသေ တာဝ - တိဋ္ဌန္တိ တသ္မိန္တိ ဌာနံ၊ ဧဝံ သဗ္ဗတ္ထ ယောဇေတဗ္ဗာ။

* ကတ္တုကရဏပဒေသေသုစ၊ကတ္တား, ကရိုဏ်း, ဩကာသအနက်တို့၌လည်း။ ယု၊

http://www.dhammadownload.com



ယုပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ။ ( ရှု-အလို) * ကတ္တုကရဏပဒေသေသုစ၊ကတ္တား, ကရိုဏ်း, အဓိကရဏအနက်တို့၌လည်း။သဗ္ဗတတ္ထဟိ၊အလုံးစုံသော ဓာတ်တို့မှ။ပရေ နောက်၌။ယု၊ယုပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ * ကတ္တုကရဏပဒေသ ဣစ္စေတေ သွတ္တေသုစ၊ ကတ္တား, ကရိုဏ်း, ဩကာသအနက်တို့၌လည်း။ယုပစ္စယော၊ယုပစ္စည်းသည်။ ဟောတိ၏။ ။ ကတ္တရိ၊ ကတ္တားအနက်၌။တာဝ၊ရှေးဦးစွာဆိုအံ့။ * ရဇံမြူကို။ဟရတိ၊ ဆောင်တတ်၏။ဣတိ၊ဤအကြောင်းကြောင့်။ရဇောဟရဏံ၊မည်၏။[ရဇောဟရဏံ၊မြူကို ဆောင်တတ်သော ရေ။] တောယံ၊ရေကို ရ၏။ * ကရဏေ၊ ကရိုဏ်းအနက်၌။တာဝ၊အံ့။ * တေန၊ ထိုဝတ္ထုဖြင့်။ကရောတိ၊ပြုတတ်၏။ဣတိ၊ကြောင့်။ကရဏံ၊မည်၏။ * ပဒေသေ၊ ဩကာသ အနက်၌။တာဝ၊အံ့။ တသ္မိံ၊ထိုအရပ်၌။တိဋ္ဌန္တိ၊ရပ်တည်ကြကုန်၏။ဣတိ၊ဤသို့ တည်ရာဖြစ်သော သတ္တိကြောင့်။ဌာနံ၊မည်၏။ ဝေ၊ဤအတူ။သဗ္ဗတ္ထ၊အလုံးစုံသော ပုံစံတို့ ၌။ ယောဇေတဗ္ဗာ၊ယှဉ်စေအပ်ကုန်၏။

➤ ကတ္တုကရဏပဒေသေသု+စ-ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ **ပဒေသ-အရ** ။ ။ အဓိကရဏသာဓနကို ယူရပါမည်။

➤ **ပဒေသ အဓိပ္ပါယ်** ။ ။ ကတ္တား, ကံတို့၏ တည်ရာဖြစ်သောကြောင့် "ပဒေသ" မည်ပါသည်။

➤ **အဓိကရဏအနက်ကို 'ပဒေသ'ဟု ခေါ်ဆိုရခြင်းအကြောင်း** ။ ။ ကတ္တား, ကံ တို့၏ တည်ရာဖြစ်သောကြောင့် အဓိကရဏအနက်ကို 'ပဒေသ'ဟု ခေါ်ဆိုရသည်။

**မေး** ။ ။ ဤသုတ်လာ စသဒ္ဒါသည် အဘယ့်ကြောင့် အဘယ်အနက်၌ ဖြစ်သင့်သည်ကို (ရှု)အာဘော်ကျ ဆုံးဖြတ်ခဲ့ပါ။ ( **စသဒ္ဒါ၏အနက်** )

* စသဒ္ဒါသည် သမ္ပဒါန်, အပါဒါန်အနက်တို့၌ ယုပစ္စည်းသက်ခြင်းကို ဆည်းသော ကြောင့် အဝုတ္တသမုစ္စည်းအနက် ဖြစ်သင့်ပါသည်။

➤ **စသဒ္ဒါ ဆိုရကျိုး** ။ ။ (ရှု-အလို) စသဒ္ဒါဖြင့် သမ္ပာပကာရေ ဒဒါတိ အသ္မာတိ သမ္ပဒါနံ၊ အပေစ္စ ဧတသ္မာ အာဒဒါတီတိ အပါဒါနံ ပြယုဂ်တို့ဝယ် သမ္ပဒါန်အနက်, အပါဒါန်အနက်တို့၌လည်း ယုပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

(နျာသ-အလို) စသဒ္ဒါဖြင့် ဘော, ကံအနက်တို့၌သာ ယုပစ္စည်းသက်သည်မဟုတ်၊ ကတ္တား, ကရိုဏ်း, အဓိကရဏအနက်တို့၌လည်း ယုပစ္စည်းသက်သေး၏ဟု ပေါင်းခြင်း အကျိုးရှိပါသည်။ (နျာသ-အလို) သမ္ပိဏ္ဍနအနက် ဖြစ်ပါသည်။

➤ **ယုပစ္စည်း ၃-မျိုးအထူး** ။ ။ သဒ္ဒကုစ္ဆိတလမဏ္ဍာတ္တ ရုစာဒီဟိ ယု-သုတ်ဖြင့် တဿီလ,စသောအနက်တို့၌ ယုပစ္စည်းသက်ပါသည်။ နန္ဒာဒီဟိ ယု-သုတ်ဖြင့် ဘော, ကံအနက်တို့၌ ယုပစ္စည်းသက်ပါသည်။ ကတ္တုကရဏပဒေသေသုစ-သုတ်ဖြင့် ကတ္တား, ကရိုဏ်း, သမ္ပဒါန်, အပါဒါန်, အဓိကရဏအနက်တို့၌ ယုပစ္စည်းသက်ပါသည်။

http://www.dhammadownload.com



➤ **ဤသုတ်၌ နိမိတ်ပုဒ် ရှိသင့် /မရှိသင့်** ॥ ॥ ရူပသိဒ္ဓိ၌ သဗ္ဗာတူပ်ဟိ-ဟု ဤသုတ်၏ ဝုတ္တိ၌ ပါသောကြောင့်ရင်း, သဘောအားဖြင့်လည်း ရှိသင့်သောကြောင့်ရင်း နိမိတ်ပုဒ် ရှိသင့်ပါသည်။

➤ **ယုပစ္စည်း၏ သာဓန စသည်** ॥ ॥ ယုပစ္စည်းသည် ကတ္တု, ကရဏ, သမ္ပဒါန, အပါဒါန, အဓိကရဏသာဓန၊ ကာလသုံးပါး၊ အ, အာကာရန္တ ပု, စိတ်, ကညာဒိဂိုဏ်း၊ လိင်သုံးပါး

➤ **ယုပစ္စည်းသက်သော သုတ်, သာဓန, လိင်, ကာလ** ॥ ॥ (၁) သဒ္ဒ ကုဓ စလ မဏ္ဍတ္ထ ရုစာဒီဟိ ယု-သုတ်ဖြင့် ကတ္တုသာဓန၊ တိလိင်၊ ကာလသုံးပါး၊ (၂) နန္ဒာဒီဟိ ယု သုတ်ဖြင့် ဘာဝ, ကမ္မသာဓန၊ နပုလ္လိင်၊ ကာလသုံးပါး၊ (၃) ကတ္တုကရဏပဒေသေသုစဖြင့် ကတ္တုသာဓန၊ တိလိင်၊ ကရဏ, အဓိကရဏသာဓန၊ နပုလ္လိင်၊ ၎င်းသုတ် စသဒ္ဒါဖြင့် သမ္ပဒါန, အပါဒါနသာဓန၊ နပုလ္လိင်၊ ကာလသုံးပါး၊ (၄) ဣတ္ထိယမတိယဝေါဝါ-သုတ်ဖြင့် ကတ္တု, ကမ္မသာဓန၊ ဣတ္ထိလိင်၊ ကာလသုံးပါး၊ (၅) ကာလေ ဝတ္တမာနာတီတေ ဏွာဒယော-သုတ်ဖြင့် ကတ္တုသာဓန၊ တိလိင်၊ ပစ္စုပ္ပန်, အတိတ်ကာလ-တို့ ဖြစ်ပါသည်။

➤ **ယုပစ္စည်း၏ သာဓနများနှင့် ဆိုင်ရာသုတ်** ॥ ॥ (၁) သဒ္ဒ ကုဓ စလ မဏ္ဍတ္ထ ရုစာဒီဟိ ယု-သုတ်ဖြင့် ကတ္တုသာဓန၊ (၂) နန္ဒာဒီဟိ ယု-သုတ်ဖြင့် ဘာဝသာဓန, ကမ္မသာဓန၊ (၃) ကတ္တုကရဏပဒေသေသုစ-သုတ်ဖြင့် ကတ္တု, ကရဏ, အဓိကရဏသာဓန၊ ကတ္တုကရဏပဒေသေသုစ-သုတ်၌ စသဒ္ဒါဖြင့် သမ္ပဒါန, အပါဒါနသာဓန-တို့ ဖြစ်သည်

---

## ၅၄၉။ ရဟာဒိတော ဏ

ရကာရ ဟကာရာဒျန္တေဟိ ဓာတူဟိ အနာဒေသဿ နဿ ဏော ဟောတိ။

ကရောတိ တေနာတိ ကရဏံ၊ ပူရေတိ တေနာတိ ပူရဏံ၊ ဂဟာဏီယံ တေနာတိ ဂဟဏံ။ ဧဝမညေပိ ယောဇေတဗ္ဗာ။

✱ ရဟာဒိတော၊ရ, အက္ခရာ ဟ,အက္ခရာ စသည်မှ၊ပရဿ၊နောက်ဖြစ်သော။နဿ၊ အန,အပြုဖြစ်သော နငယ်၏။ဏ၊ဏကြီးပြုသည်။ဟောတိ၊ဖြစ်၏။

✱ ရကာရ ဟကာရာဒျန္တေဟိ၊ရ,အက္ခရာ ဟ,အက္ခရာ စသည်အဆုံးရှိကုန်သော။ ဓာတူဟိ၊ဓာတ်တို့မှ။ပရဿ၊သော။အနာဒေသဿ၊အန,အပြုဖြစ်သော။နဿ၊နငယ်၏။ ဏော၊ဏကြီးပြုသည်။ဟောတိ၊ဖြစ်၏။

တေန၊ထိုဝတ္ထုဖြင့်။ကရောတိ၊ပြုတတ်၏။ဣတိ၊ဤအကြောင်းကြောင့်။ကရဏံ၊ ကရဏမည်၏။ ✱ တေန၊ထိုဝတ္ထုဖြင့်။ပူရေတိ၊ပြည့်စေတတ်၏။ဣတိ၊ကြောင့်။ပူရဏံ၊ မည်၏။ ✱ တေန၊ထိုဝတ္ထုဖြင့်။ဂဟာဏီယံ၊ယူအပ်၏။ဣတိ၊ကြောင့်။ဂဟဏံ၊မည်၏။ဧဝံ၊ ဤအတူ။အညေပိ၊တစ်ပါးသော ပုံစံတို့ကိုလည်း။ယောဇေတဗ္ဗာ၊ယှဉ်စေအပ်ကုန်၏။

http://www.dhammadownload.com



➤ ရဟာဒိတော+ဏ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **အာဒိ-အရ** ॥ ॥ ရမု, အပ, ဉာ, တာ,စသော ဓာတ်တို့ကို ယူရပါမည်။

➤ **အာဒိ-သဒ္ဒါ ထည့်ဆိုရကျိုး** ॥ ॥ အာဒိ-သဒ္ဒါဖြင့် ရမု, အပ, ဉာ, တာ,စသော ဓာတ်တို့နောင်မှလည်း အန,အပြု၏ နငယ်၊ အနီယပစ္စည်း၏ နငယ်ကို ဏကြီးပြုရခြင်း အကျိုးရှိပါသည်။

➤ **ကာရိ-အရ** ॥ ॥ ယုပစ္စည်း၏ အန,အပြုက န,အက္ခရာ၊ အနီယပစ္စည်း၏ န, အက္ခရာ၊ ယောဝိဘတ်၏ နိ,အပြုက န,အက္ခရာ၊ နံဝိဘတ်၏ န,အက္ခရာတို့ကို ယူရပါမည်။ (ပုံစံ) ကရဏံ၊ ကရဏီယံ၊ ယရာဏိ၊ စတုဏ္ဏံ။

➤ **ကာရိ န-အရ ယူရမည့် 'န' အမျိုးအစား** ॥ ॥ ရကာရန္တ, ဟကာရန္တဓာတ်မှ နောက်၌ ဆက်စပ်ကပ်နေသော အခြား 'န' မဖြစ်သင့်သောကြောင့် အညထာနုပတ္တိ-ဟူသော အစွမ်းဖြင့် အန, အနီယ, စသည်တို့၏ 'န' ကိုသာ ယူရပါမည်။

➤ **ရကာရန္တဓာတ်များ** ॥ ॥ (ကစ္စည်းအလို) ကရဓာတ်, ပူရဓာတ်၊ (ရူ-အလို) ကရ ဓာတ်, ဘရဓာတ်တို့ ဖြစ်ပါသည်။ ➤ **ဟကာရန္တဓာတ်ကား** - ဂဟဓာတ်ဖြစ်ပါသည်။

➤ **ရဟာဒိတော ဏ-ဟု သာမညဆိုပါလျက် ယုကာရိယ အနနှင့် အနီယ၏ 'န' တို့ကိုသာ 'ဏ' ပြုရခြင်းအကြောင်း** ॥ ॥ အန, အနီယတို့၏ န-မှတစ်ပါး အခြားသော 'န'၏ မဖြစ်သင့်ခြင်းကြောင့် ယုကာရိယ အနနှင့် အနီယ၏ 'န'တို့ကိုသာ 'ဏ' ပြုသည်

➤ **အန, အပြု၏ န-ကိုသာ ဏ-ပြုရခြင်းအကြောင်း** ॥ ॥ ရကာရန္တ, ဟကာရန္တ ဓာတ်တို့နောင် ဆက်စပ်ကပ်နေသော န,အက္ခရာ မဖြစ်သင့်သောကြောင့် အညထာနုပတ္တိ နည်းအားဖြင့် အန,အပြု၏ 'န'ကိုသာ 'ဏ' ပြုရပါသည်။

**မေး** ॥ ॥ ဤသုတ်ဖြင့် အဘယ်တို့၏ 'န'ကို 'ဏ' ပြုရမည်ကို ဖြေဆိုပါ။

➤ **ဉာဏ, တာဏ,စသော ပါဠိပဒများဝယ် 'န' မှ 'ဏ' သို့ ပြောင်းလဲရာ၌ ပြောင်း လဲရမည့် 'န' အမျိုးအစား** ॥ ॥ ရကာရန္တ, ဟကာရန္တ ဓာတ်တို့နောင် ဆက်စပ်ကပ်နေသော န,အက္ခရာ မဖြစ်သင့်သောကြောင့် အညထာနုပတ္တိ နည်းအားဖြင့် အန,အပြု, အနီယ ပစ္စည်းတို့၌ပါသော န-အက္ခရာကိုသာ 'ဏ' ပြုရပါမည်။

➤ **အညထာနုပတ္တိ အဓိပ္ပါယ်** ॥ ॥ အန, အနီယ-တို့မှ န,အက္ခရာသည် ကရ+ အန၊ ကရ+အနီယ-ဟု သရခြားလျက်နေသော်လည်း ထို န,အက္ခရာမှတစ်ပါး ယူစရာ မရှိခြင်းကို "အညထာနုပတ္တိ"ဟု ဆိုပါသည်။

➤ **ပဥ္စမီနိမိတ် ဖြစ်သင့်သော ဓာတ်အမျိုးအစား** ॥ ॥ ရကာရန္တဓာတ်, ဟကာရန္တ ဓာတ်, ရမု, အပ, ဉာ, တာ,စသော ဓာတ်များ ဖြစ်ပါသည်။

**မေး** ॥ ॥ 'ရမဏီယော ဝိဟာရော' စကားရပ်၌ 'ရမနိယော'ဟု ရှိလျှင် သင့်/မသင့် သဒ္ဒ ယုတ္တိပြလျက် ဆုံးဖြတ်ပါ။ (၁၃၅၄-ခု အကြီးတန်း)

http://www.dhammadownload.com



ရေ ။ ။ 'ရမနီယော'ဟု ရှိလျှင် မသင့်ပါ။ (၂-မှတ်) သဒ္ဒယုတ္တိကား- ရဟာဒိတော ဏ-သုတ် အာဒိဝန်အရ ရမု, အပ, ဉာ, တာ အစရှိသော ဓာတ်တို့နောင် အနီယ, အန-တို့၏ 'န'ကို 'ဏ' ပြုရသောကြောင့်-တည်း။ (၂-မှတ်)

**➤ ဉာဏံ / ဉာနံ ပါဠိနှစ်မျိုး အဆုံးအဖြတ်** ။ ။ အာဒိသဒ္ဒေန ရမုအပ ဉာတာဒိတောပိ-ဟူသော ရူပသိဒ္ဓိနှင့်အညီ ဉာဓာတ်, ယုပစ္စည်း၊ ယုကို အနပြု၊ ရဟာဒိတောဏ-သုတ်၌ အာဒိသဒ္ဒါဖြင့် ဉာဓာတ်နောင် အန,အပြု၏ 'န'ကို 'ဏ' ပြု၍ပြီးသောကြောင့် 'ဉာဏံ' ပါဠိသာ မှန်ကန်ပါသည်။

**➤ အနာဒေသဿ နဿ ဏော-၌ ရနိုင်သောနည်း** ။ ။ အနပြုတည်းဟူသော အနီးကိုဆိုသဖြင့် အနီယပစ္စည်း၏ န,အက္ခရာ၊ နီ,အပြု၊ နံဝိဘတ်၏ န,အက္ခရာဟူသော အဝေးကိုလည်းရသောကြောင့် ပစ္စာသန္နနည်း၊ အန,အပြု၏ 'န' တည်းဟူသော အများကိုဆိုသဖြင့် အနီယပစ္စည်း၏ န,အက္ခရာ၊ နီ,အပြု၊ နံဝိဘတ်၏ န,အက္ခရာ-ဟူသော အနည်းကိုလည်း ရသောကြောင့် ယေဘုယျနည်းတို့ ရနိုင်ပါသည်။

**➤ ရဟာဒိတော ဏ-ဟု သုတ်တည်ရခြင်းအကြောင်း** ။ ။ ကရဏံ, ကရဏီယံ-ဟု ပြယုဂ်များပြီးနိုင်သောကြောင့်ရင်း, ပြယုဂ်ပြီးခြင်းအကျိုးငှာ သုတ်ကိုတည်ရသောကြောင့်ရင်း [န,အက္ခရာ၊ နီ,အက္ခရာ နှစ်မျိုးလုံးနှင့် ဆက်ဆံသည်၏အစွမ်းဖြင့်] ရဟာဒိတော ဏ-ဟု သုတ်တည်ရပါသည်။ (နျာသ)

**➤ ကာရိ န,အက္ခရာ မထည့်ဘဲ ရဟာဒိတော ဏ-ဟု သုတ်တည်ရကျိုး**

ယုပစ္စည်း၏ အပြုဖြစ်သော အန, အနီယပစ္စည်း, ယောဝိဘတ်၏ အပြုဖြစ်သော နီ,အက္ခရာ သုံးမျိုးတို့၌ရှိသော 'န'ကို 'ဏ' ပြုရခြင်း အကျိုးရှိပါသည်။

**➤ ရဟာဒိတော နဿ ဏ (ဏော) ဟု သုတ်မတည်ရခြင်းအကြောင်း**

ရဟာဒိတော နဿ ဏ (ဏော) ဟု သုတ်တည်လျှင် ယုပစ္စည်း၏ အပြုဖြစ်သော အန-၌ရှိသော 'န'ကိုသာ 'ဏ' ပြုနိုင်၍ အနီယပစ္စည်း, ယောဝိဘတ်တို့၏ အပြုဖြစ်သော 'နီ' ၌ရှိသော 'န' နှစ်မျိုးကို 'ဏ' မပြုနိုင်သောကြောင့် -- သုတ်မတည်ရပါ။

(တစ်နည်း) အနီယပစ္စည်းဖြစ်သော ကရဏီယံ,စသော ပြယုဂ်များ မပြီးနိုင်သောကြောင့် ရဟာဒိတော နဿ ဏ-ဟု သုတ်မတည်ရပါ။ (နျာသ)

**➤ ရဟာဒိတော နီဿ ဏ (ဏော) ဟု သုတ်မတည်သင့်ခြင်းအကြောင်း**

အနီယပစ္စည်းနှင့် ယောဝိဘတ်၏အပြုဖြစ်သော 'နီ'၌ရှိသော 'န'နှစ်မျိုးကိုသာ 'ဏ' ပြုနိုင်၍ ယုပစ္စည်း၏ အပြုဖြစ်သော 'အန' ၌ရှိသော 'န'ကို 'ဏ' မပြုနိုင်သောကြောင့် ရဟာဒိတော နီဿ ဏ-ဟု သုတ် မတည်သင့်ပါ။ (တစ်နည်း) ယုပစ္စည်းဖြင့်ပြီးသော ကရဏံ, ဂဟဏံ,စသော ပြယုဂ်များ မပြီးနိုင်သောကြောင့် -- မတည်သင့်ပါ။ (နျာသ)

**➤ အနာဒေသဿ-ဟု ဝုတ္တိ၌ ဖွင့်ဆိုရခြင်းအကြောင်း** ။ ။ နန္ဒာဒိဟိ ယု၊ ကတ္တု

http://www.dhammadownload.com



ကရဏပဒေသေသုစ-သုတ်တို့ဖြင့် ယုပစ္စည်းသက်ခြင်းကို ဆိုအပ်သောကြောင့်၎င်း၊ အနကာ ယုဏ္ဍနံ-သုတ်ဖြင့် ယုပစ္စည်း၏ အန,အပြုကို ဆိုအပ်သောကြောင့်၎င်း ဝုတ္တိ၌ "အနာဒေသဿ"ဟု ဖွင့်ဆိုရပါသည်။

**ကိတ် ပဌမပိုင်း ပြီး၏။**

**ကိတ် ဒုတိယကဏ္ဍ**

## ၅၅၀။ ဏာဒယော တေကာလိကာ

ဏာဒယော ပစ္စယာ ယုပစ္စယန္တာ တေကာလိကာတိ ဝေဒိတဗ္ဗာ။

ကုမ္ဘံ ကရောတိ အကာသိ ကရိဿတီတိ ကုမ္ဘကာရော၊ ကရောတိ အကာသိ ကရိဿတိ တေနာတိ ကရဏံ။ ဧဝမညေပိ ယောဇေတဗ္ဗာ။

* ဏာဒယော၊ဏ,အစ ယုပစ္စည်း အဆုံးရှိကုန်သော ပစ္စည်းတို့ကို၊တေကာလိကာ၊ကာလသုံးပါး၌ ယှဉ်ကုန်၏ဟူ၍၊ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။ ။ * ဏာဒယော၊ဏ အစရှိကုန်သော။ယုပစ္စယန္တာ၊ယုပစ္စည်း အဆုံးရှိကုန်သော။ပစ္စယာ၊ပစ္စည်းတို့ကို။တေကာလိကာတိ၊ကာလသုံးပါး၌ ယှဉ်ကုန်၏ဟူ၍။ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။

* ကုမ္ဘံ၊အိုးကို။ကရောတိ၊ပြုဆဲ။အကာသိ၊ပြုပြီ။ကရိဿတိ၊ပြုလတ္တံ့။ဣတိ၊ဤအကြောင်းကြောင့်။ကုမ္ဘကာရော၊မည်၏။ * တေန၊ထိုဝတ္ထုဖြင့်။တရောတိ၊ပြုဆဲ။အကာသိ၊ပြုပြီ။ကရိဿတိ၊ပြုလတ္တံ့။ဣတိ၊ကြောင့်။ကရဏံ၊မည်၏။ ဧဝံ၊ဤအတူ။အညေပိ၊တစ်ပါးသော ပုံစံတို့ကိုလည်း။ယောဇေတဗ္ဗာ၊ယှဉ်စေအပ်ကုန်၏။

➤ ဏာဒယော+တေကာလိကာ-ဟု ၂-ပုဒ်ရှိသော ဝိဓျင်္ဂပရိဘာသာသုတ်

➤ **ဏာဒယော နာမ်ရှစ်ကျဉ်း** ။ ။ ဏာဒယော-ကို ဏာဒိလိင်တည်၊ဒုတိယာ ယော ဝိဘတ်သက်၊ ဣကို ဈအမည်မှည့်၊ ယောသွကတရသော ဈော-သုတ်ဖြင့် ဈမည်သော ဣကို အ-ပြု၊ ဏာဒယော ပြီး၏။

➤ **ဏာဒယော-၌ အာဒိ-အရ** ။ ။ အ, ဏွု, တု, အာဝီ, ကွိ, ရမ္မ, ဏီ, ဋ္ဌ, ဏုက, ရ, တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ, ယုပစ္စည်းတို့ ဖြစ်ပါသည်။ (သာဂေ) ဏာဒယော ပစ္စယာ ယုပစ္စယန္တာ တေကာလိကာတိ ဝေဒိတဗ္ဗာ။

➤ **ဏာဒယော-အရတွင် ပါဝင်ပါလျက် ကာလသုံးပါး မသက်နိုင်သည့်ပစ္စည်း**

ပုရေ ဒဒါစ ဣံ-သုတ်ကို ထောက်၍ အ-ပစ္စည်း ဖြစ်ပါသည်။ [ အတိတ်ကာလ တစ်မျိုးသာ သက်နိုင်သည်။]

➤ တေကာလိက (ကာလသုံးပါး၌သက်သော) ပစ္စည်း ။ ။ ဏ, အ, ဏွု, တု, အာဝီ, ကွိ, ရမ္မ, ဏီ, ဋ္ဌ, ဏုက, ရ, တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ, ယုပစ္စည်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



(သာဝကေ) ဏာဒယော ပစ္စယာ ယုပစ္စယန္တာ တေကာလိကာတိ ဝေဒိတဗ္ဗာ။

[အကျဉ်း] ဏာဒယော တေကာလိကာ-သုတ်ဖြင့် မှတ်အပ်သော ဏ,အစ ယု, အဆုံးရှိသော ပစ္စည်းတို့သည် တေကာလိကပစ္စည်း-တို့ ဖြစ်ပါသည်။

➤ **ဒွိကာလိက (ကာလနှစ်ပါးနှင့်သက်သော) ပစ္စည်း** ॥ ॥ ကာလေ ဝတ္တမာနာတီတေ ဏွာဒယော-သုတ်ဖြင့် ပစ္စုပ္ပန်, အတိတ် နှစ်ရပ်သတ်မှတ်၍ ပြအပ်သော ဏု,စသော ပစ္စည်းတို့သည် "ဒွိကာလိက" ပစ္စည်းတို့ ဖြစ်ပါသည်။ (တစ်နည်း) ဘူဇာဒီဟိ မတိ ဗုဓိ ပူဇာဒီဟိစ တ္တော-သုတ်ကိုယောက်၍ တ္တပစ္စည်း။ ကာလေ ဝတ္တမာနာတီတေ ဏွာဒယော သုတ်ကိုယောက်၍ ဏု, ယု, တ္တ, မိပစ္စည်းတို့ ဖြစ်ပါသည်။

➤ **ဧကကာလိက (ကာလတစ်ပါးနှင့်သက်သော) ပစ္စည်း** ॥ ॥ ပုရေ ဒဒါစ ဣံ-သုတ်ဖြင့် အပစ္စည်း [အတိတ်ကာလ] ဝတ္တမာနေ မာနန္တာ-သုတ်ဖြင့် မာန, အန္တပစ္စည်း။ [ပစ္စုပ္ပန်ကာလ] အတီတေ တ တဝန္တု တာဝီ-သုတ်ဖြင့် တ, တဝန္တု, တာဝီပစ္စည်း။ဘာဝကမ္မေသု တသုတ်ဖြင့် တ-ပစ္စည်း။[အတိတ်ကာလ] ဘဝိဿတိ ဂမာဒီဟိ ဏီ ဃိဏ်-သုတ်ဖြင့် ဏီ, ဃိဏ်ပစ္စည်း [အနာဂတ်ကာလ]

➤ **ကာလဝိမုတ္တ (အနာမဋ္ဌကာလိက) ပစ္စည်း** ॥ ॥ တိကိစ္စာ သိဋ္ဌေ၊ အာဂမာ တုကော၊ ဘဗ္ဗေ ဣက-စသောသုတ်တို့ဖြင့် သတ်မှတ်၍သက်သော တိ, တုက, ဣက, စသော ပစ္စည်းတို့သည် "ကာလဝိမုတ္တ" ပစ္စည်းတို့ ဖြစ်ပါသည်။

➤ **ကိတ်ကျမ်းလာ ပစ္စည်းများကို ကာလသုံးပါးဖြင့် ခွဲခြားပုံ** ॥ ॥ ဝတ္တမာနေ မာနန္တာ သုတ်ဖြင့် ပစ္စုပ္ပန်ကာလကို သီးခြားသတ်မှတ်၍ ပြအပ်သော မာန, အန္တပစ္စည်းတို့သည် **ပစ္စုပ္ပန်ကာလ**၊ အတီတေ တ တဝန္တု တာဝီ၊ ဘာဝကမ္မေသု တ-သုတ်တို့ဖြင့် သက်သော တ, တဝန္တု, တာဝီ ပစ္စည်းတို့သည် **အတိတ်ကာလ**၊ ဘဝိဿတိ ဂမာဒီဟိ ဏီ ဃိဏ်-သုတ်ဖြင့် အနာဂတ်ကာလကို သီးခြားသတ်မှတ်၍ပြသော ဏီ, ဃိဏ် ပစ္စည်းတို့သည် **အနာဂတ်ကာလ** ဖြစ်ပါသည်။

➤ **ပစ္စုပ္ပန်ကာလနှင့်သာ သက်သော ပစ္စည်း** ॥ ॥ ဝတ္တမာနေ မာနန္တာ-သုတ်ကိုယောက်၍ မာနပစ္စည်း, အန္တပစ္စည်းတို့ ဖြစ်ပါသည်။

➤ **အတိတ်ကာလနှင့် သက်သော ပစ္စည်း** ॥ ॥ ပုရေ ဒဒါစ ဣံ-သုတ်ကိုယောက်၍ ဣံပစ္စည်း။ အတီတေ တ တဝန္တု တာဝီ၊ ဘာဝကမ္မေသု တ-သုတ်တို့ကိုယောက်၍ တ, တဝန္တု, တာဝီပစ္စည်း။ ကမ္မနိ ဒုတိယာယံ တ္တော-သုတ်ကိုယောက်၍ တ္တပစ္စည်း။

➤ **ဤသုတ်ကို တည်ရခြင်းအကြောင်း** ॥ ॥ ဏ,အစ ယု,အဆုံး အားလုံးသော ပစ္စည်းတို့ကို ကာလသီးခြားသတ်မှတ်ပြခြင်း မရှိသည့်အတွက် အချို့ပစ္စည်းကား "တေကာလိက"၊ အချို့ပစ္စည်းကား 'ဒွိကာလိက'၊ အချို့ပစ္စည်းကား 'ကာလဝိမုတ္တ' ဟု မှတ်ယူမည်စိုးသောကြောင့် ဤသုတ်ကို တည်ရပါသည်။

http://www.dhammadownload.com



## ၅၅၁။ သညာယံ ဓါ ဓာတော ဏ္ဍ

သညာယ မဘိဓေယျာယံ ဒါ ဓာတော ဏ္ဍပစ္စယော ဟောတိ။

ပဌမံ အာဒိယတီတိ အာဒိ၊ ဥဒကံ ဒဓာတီတိ ဥဒဓိ၊ မဟောဒကာနိ ဒဓာတီတိ မဟောဒဓိ၊ ဝါလာနိ ဒဓာတိ တသ္မိန္တိ ဝါလဓိ၊ သမ္မာ ဓိယတီတိ သန္ဓိ။

* သညာယံ၊အမည်နာမပညတ်ကို။အဘိဓေယျာယံ၊ဟောဆိုအပ်သည်ရှိသော်။ ဒါ ဓာတော၊ဒါဓာတ်, ဓာဓာတ်မှ။ပရေနောက်၌။ဏ္ဍ၊ဏ္ဍပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

[ဝုတ္တိအနက်လွယ်ပြီ] * ပဌမံ၊ရှေးဦးစွာ။အာဒိယတိ၊ယူအပ်၏။ဣတိ၊ဤအကြောင်းကြောင့်။အာဒိ၊အာဒိ မည်၏။ * ဥဒကံ၊ရေကို။ဒဓာတိ၊ဆောင်တတ်၏။ဣတိ၊ကြောင့်။ ဥဒဓိ၊သမုဒ္ဒရာ မည်၏။ * မဟောဒကာနိ၊များစွာသော ရေတို့ကို။ဒဓာတိ၊ဆောင်တတ်၏။ဣတိ၊ကြောင့်။မဟောဒဓိ၊သမုဒ္ဒရာမည်၏။ * တသ္မိံ၊ထို အမြီးဖုတ်၌။ဝါလာနိ၊မြီးဆံမွှင်တို့ကို။ဒဓာတိ၊ဆောင်တတ်၏။ဣတိ၊ကြောင့်။ဝါလဓိ၊မည်၏။ * သမ္မာ၊ကောင်းစွာ။ဓိယတိ၊စပ်အပ်၏။ဣတိ၊ဤအကြောင်းကြောင့်။သန္ဓိ၊သန္ဓိ မည်၏။

➤ သညာယံ+ဒါဓာတော+ဏ္ဍ–ဟု ၃–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ **သညာ–သဒ္ဒါ နှစ်မျိုးအထူး** ။ ။ သညာယ မနု-သုတ်၌ သညာ-သဒ္ဒါသည် အစ အနိုး၌တည်သော ကံပုဒ်နှင့်တကွ ဓာတ်ပစ္စည်း၏ အမည်နာမပညတ်ကို ဟောပါသည်

သညာယံ ဒါ ဓာတော ဏ္ဍ-သုတ်၌ သညာ-သဒ္ဒါသည် အစ, အနိုး၌တည်သော ကံပုဒ်နှင့်တကွ ဓာတ်ပစ္စည်း၏ အမည်နာမပညတ်ကိုရင်း, အစ, အနိုး၌ ကံပုဒ်မရှိသော ဓာတ်ပစ္စည်း၏ အမည်နာမပညတ်ကိုရင်း ဟောပါသည်။ ဤသို့ ထူးပါသည်။

➤ **ဏ္ဍ–ပစ္စည်း နှစ်မျိုးအထူး** ။ ။ ဤသုတ်လာ ဏ္ဍပစ္စည်းသည် အမည်နာမပညတ်ကို ဟောသော ဒါဓာတ်, ဓာဓာတ်၏နောက်၌ သက်ပါသည်၊ မုနာဒီဟိ ဝိ-သုတ်လာ ဏ္ဍ ပစ္စည်းကား အမည်နာမပညတ်ကို မမှတ်မူ၍ မုန,စသော ဓာတ်နောင် သက်ပါသည်။

➤ **ဏ္ဍပစ္စည်း၏ သက်ရာအနက် (ဒ္ဓာန)** ။ ။ ဏ္ဍ-ပစ္စည်းသည် ကတ္တားအနက်, ကံ အနက်, အဓိကရဏအနက်, ဘောအနက်တို့၌ သက်ပါသည်။

➤ **ဏ္ဍ–ပစ္စည်း၏ သာခနေ,စသည်** ။ ။ ဏ္ဍ-ပစ္စည်းသည် ကတ္တု, ကမ္မ, ဘာဝ, အဓိ ကရဏသာခနေ၊ ကာလသုံးပါး၊ ဏ္ဍကာရန္တ၊ ရတ္တာဒိဂိုဏ်း၊ များသောအားဖြင့် ပုလ္လိင်၊ နည်းသောအားဖြင့် ဣတ္ထိလိင် ဖြစ်ပါသည်။

---

## ၅၅၂။ တိ ကိတ် စာ သိဋ္ဌေ

သညာယ မဘိဓေယျာယံ သဗ္ဗဓာတူဟိ တိပစ္စယော ဟောတိ, ကိတ် စ အာသိဋ္ဌေ။ ။ ဇိနော ဧနံ ဗုဇ္ဈတူတိ ဇိနဗုဒ္ဓိ၊ ဓနံ အဿ ဘဝတူတိ ဓနဘူတိ၊ ဘဝတူတိ ဘူတော၊ ဘဝတူတိ ဘာဝေါ၊ ဓမ္မော ဧနံ ဒဒါတူတိ ဓမ္မဒိန္နော၊ ဝဍ္ဎတူတိ ဝဍ္ဎမာနော။ ဧဝမညေပိ ယောဇေတဗ္ဗာ။

http://www.dhammadownload.com



* [ **ခွဲပစ်ခြင်း၍ သုတ်ကို အနက်ပေးပုံ** ] သညာယံ၊အမည်ကို။အဘိဓေယျာယံ၊ဆို အပ်သည်ရှိသော်။အာသိဋ္ဌေ၊တောင့်တခြင်းအနက်ကို။ဂမျမာနေ၊သိအပ်သည်ရှိသော်။ တိကိစ္စာ၊တိပစ္စည်း, ကိစ္စပစ္စည်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ [ **ကစ္စည်း-အလို စတုမ္ဘ ခြံ၍ သုတ်ကိုအနက်ပေးပုံ** ] သညာယံ၊ကို။အဘိဓေယျာယံ၊သော်။အာသိဋ္ဌေ၊ကို။ဂမျ မာနေ၊သိအပ်သည်ရှိသော်။သဗ္ဗဓာတူဟိ၊ခပ်သိမ်းသော ဓာတ်တို့မှ။ပရေနောက်၌။တိ၊ တိပစ္စည်းသည်။ဟောတိ၊၏။ကိတ်စ၊ကိတ်ပစ္စည်းသည်လည်း။ဟောတိ၊ဖြစ်၏။

[ **ဝုတ္တိအနက်** ] * သညာယံ၊ကို။အဘိဓေယျာယံ၊သော်။အာသိဋ္ဌေ၊ကို။ဂမျမာနေ၊ သော်။သဗ္ဗဓာတူဟိ၊ခပ်သိမ်းသောဓာတ်တို့မှ။ပရေနောက်၌။တိပစ္စယော၊တိပစ္စည်းသည် ဟောတိ၊ဖြစ်၏။ကိတ်စ၊ကိတ်ပစ္စည်းသည်လည်း။ဟောတိ၊၏။ ။ * ဇိနော၊ဘုရားသည်။ ဇနံ၊လူအပေါင်းကို။ဗုဇ္ဈတု၊သိတော်မူပါစေ။ဣတိ၊ဤအကြောင်းကြောင့်။ဇိနဗုဒ္ဓိ၊မည်၏။ * အဿ၊ထိုသူအား။ဓနံ၊ဥစ္စာသည်။ဘဝတု၊ဖြစ်ပွားပါစေ။ဣတိ၊ကြောင့်။ဓနဘူတိ၊မည်၏။ * ဘဝတု၊ဖြစ်ပွားပါစေ။ဣတိ၊ကြောင့်။ဘူတော၊မည်၏။ * ဘဝတု၊ဖြစ်ပွားပါစေ။ဣတိ၊ ကြောင့်။ဘာဝေါ၊မည်၏။ * ဓမ္မော၊တရားတော်သည်။ဇနံ၊လူအပေါင်းကို။ဒဒါတု၊ကောင်း ကျိုးပေးပါစေ။ဣတိ၊ကြောင့်။ဓမ္မဒိန္နော၊မည်၏။ * ဝဍ္ဎတု၊ကြီးပွားပါစေ။ဣတိ၊ကြောင့်။ ဝဍ္ဎမာနော၊မည်၏။ ဧဝံ၊ဤအတူ။အညေပိ၊တစ်ပါးသော ပုံစံတို့ကိုလည်း။ယောဇေတဗ္ဗာ၊ ယှဉ်စေအပ်ကုန်၏။

➢ **တိ+ကိတ်+စ+အာသိဋ္ဌေ-ဟု ၄-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်**

➢ **တိကိတ်စာသိဋ္ဌေ-ပုဒ်ဖြတ်** ။ ။ တိ+ကိတ်+စ+အာသိဋ္ဌေ/တိကိစ္စာ+အာသိဋ္ဌေ

➢ **တိကိစ္စ ရုပ်ပြီးပုံ** ။ ။ တိကိတ်+စ-ဟုပုဒ်ဖြတ်၊ ကိစ္စ-ဟူသော ဤနိပါတနဖြင့် (တစ်နည်း) တေသု ဝုဒ္ဓိသုတ်ကြီးဖြင့် ကိတ်၌ တ်,အက္ခရာကို စ်ပြု၊ စ်-ကို စ-သို့ကပ်၊ တိကိစ္စ-ကား ပြီး၏။ (ဋီကာ-၂၂၇)

➢ **တိကိစ္စာသိဋ္ဌေ/တိကိတ်စာသိဋ္ဌေ အဆုံးအဖြတ်** ။ ။ ကိတ်+စ-ဟု ပုဒ်ဖြတ်၍ ကိစ္စ-ဟူသော ဤနိပါတနဖြင့် (တစ်နည်း) တေသု ဝုဒ္ဓိ-သုတ်ကြီးဖြင့် ကိတ်၌ တ်,အက္ခရာ ကို စ်ပြု၊ စ်-ကို စ-သို့ကပ်၍ ကိစ္စ-ဟု ဖြစ်လာသောကြောင့် တိကိစ္စာသိဋ္ဌေ-မှန်ပါသည်

➢ **ကိတ်-အရ** ။ ။ (ကစ္စည်းအလို) တ, ဏ, ဣန္န, မာန,စသော ပစ္စည်းတို့ကို ယူ ရပါမည်။ (ရူ-အလို) တ, ဏ, ဣန္န, မာန, ဏွု,စသော ပစ္စည်းတို့ကို ယူရပါမည်။

➢ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် တိပစ္စည်းသာ သက်သည်မဟုတ်၊ ကိတ် ပစ္စည်းများလည်း သက်သေး၏ဟု ပေါင်းခြင်း သမ္ပိဏ္ဍနအနက် ရှိပါသည်။

**မေး** ။ ။ ကိတ်ပုဒ်များကို ဝါကျခင်းရာ၌ ဝတ္တမာန်, အဇ္ဇတနီ, ဘဝိဿန္တိဝိဘတ်တို့ဖြင့် သာ ပြုနိုင်ပါသလော?

* မဟုတ်ပါ။ ပဉ္စမီဝိဘတ်ဖြင့်လည်း ပြုနိုင်ပါသည်။(ပုံစံ)ဇိနော ဇနံ ဗုဇ္ဈတူတိ ဇိနဗုဒ္ဓိ။

http://www.dhammadownload.com



➢ ကိတ်ပစ္စည်းများကို ဝါကျစင်းရာ၌ ပြနိုင်သော ဝိဘတ်များ ॥ ॥ ဝတ္တမာန်, ပဥ္စမီ, အဇ္ဇတနီ, ဘဝိဿန္တိဝိဘတ်တို့ ဖြစ်ပါသည်။

➢ ဤသုတ်ဝါ ပစ္စည်းတို့၏ သာဓန, စသည် ॥ ॥ တိ–ပစ္စည်းသည် ကတ္တု, ကမ္မ, သမ္ပဒါနသာဓနေ၊ ပစ္စုပ္ပန်ကာလ၊ (ဝါ) အနာမဋ္ဌကာလ၊ က္တကာရန္တ၊ ရတ္တာဒိဂိုဏ်း၊ ပုလ္လိင် * တ–ပစ္စည်းသည် ကတ္တု, ကမ္မသာဓနေ၊ ပစ္စုပ္ပန်ကာလ၊ (ဝါ) အနာမဋ္ဌကာလ၊ အ, အာကာရန္တ၊ ပုရိသာဒိဂိုဏ်း, ကညာဒိဂိုဏ်း၊ ပုလ္လိင်, ဣတ္ထိလိင်။ * မာန ပစ္စည်းသည် • ကတ္တုသာဓနေ၊ ပစ္စုပ္ပန်ကာလ (ဝါ) အနာမဋ္ဌကာလ၊ အကာရန္တ၊ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း။ * ဏွု ပစ္စည်းသည် • ကတ္တုသာဓနေ၊ ပစ္စုပ္ပန်ကာလ (ဝါ) အနာမဋ္ဌကာလ၊ အကာရန္တ၊ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း ဖြစ်ပါသည်။

## ၅၅၃။ ဣတ္ထိယ မတိယဝေါ ဝါ

ဣတ္ထိယ မဘိဓေယျာယံ သဗ္ဗဓာတူဟိ အကာရ တိ ယု ဣစ္စေတေ ပစ္စယာ ဟောန္တိ ဝါ။ ॥ ဇီရတီတိ ဇရာ၊ မညတီတိ မတိ၊ စေတယတီတိ စေတနာ၊ ဝေဒယတီတိ ဝေဒနာ။ ဧဝမညေပိ ယောဇေတဗ္ဗာ။

* ဣတ္ထိယံ၊ဣတ္ထိလိင်ကို။အဘိဓေယျာယံ၊ဟောဆိုအပ်သည်ရှိသော်။သဗ္ဗဓာတူဟိ၊ ခပ်သိမ်းသော ဓာတ်တို့မှ။ပရေနောက်၌။အတိယဝေါ၊အပစ္စည်း, တိပစ္စည်း, ယုပစ္စည်း တို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။ ॥ * ဣတ္ထိယံ၊ကို။အဘိဓေယျာယံ၊သော်။သဗ္ဗ ဓာတူဟိ၊တို့မှ။ပရေ၌။အကာရ တိ ယု ဣစ္စေတေ ပစ္စယာ၊အပစ္စည်း, တိပစ္စည်း, ယု ပစ္စည်းတို့သည်။ဝါ၊အချို့။ဟောန္တိ၊ကုန်၏။ ॥ * ဇီရတိ၊အိုတတ်၏။ဣတိ၊ဤအကြောင်း ကြောင့်။ဇရာ၊မည်၏။ * မညတိ၊သိတတ်၏။ဣတိ၊ကြောင့်။မတိ၊မည်၏။ * စေတယတိ၊ စေ့ဆော်တတ်၏။ဣတိ၊ကြောင့်။စေတနာ၊မည်၏။ * ဝေဒယတိ၊ခံစားတတ်၏။ဣတိ၊ ကြောင့်။ဝေဒနာ၊မည်၏။ ဧဝံ၊ဤအတူ။အညေပိ၊တစ်ပါးသောပုံစံတို့ကိုလည်း။ယောဇေ တဗ္ဗာ၊ယှဉ်စေအပ်ကုန်၏။

### ➢ ဣတ္ထိယံ+အတိယဝေါ+ဝါ–ဟု ၃–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➢ မတိယဝေါ–ရှုပ်ကျဉ်း ॥ ॥ မတိယဝေါ-ကို မတိယု လိင်တည်၊ ယောသက်၊ တတောယောနမောတု-သုတ်၌ တုသဒ္ဒါဖြင့် ယော-ကို ဩပြု၊ ဩသရေစ-သုတ်၌ စသဒ္ဒါ ဖြင့် ယု-၌ ဥ-ကို အဝပြု၊ ဝ-ကို ဩ-သို့ကပ်၊ မတိယဝေါ ပြီး၏။(တစ်နည်း) မတိယု လိင် တည်၊ ယော-သက်၊ ဥကို လ,အမည်မှည့်၊ လတော ဝေါကာရောစ-သုတ်ဖြင့် ယောကို ဝေါပြု၊ ဝေ ဝေါသု လောစ-သုတ်ဖြင့် လမည်သော ဥကို အ-ပြု၊မတိယဝေါ ပြီး၏။

➢ တိ–ပစ္စည်း ၃–မျိုးအထူး ॥ ॥ တိကိစ္စာသိဋ္ဌေ-သုတ်၌ တိပစ္စည်းကား သညာ ဘိဓာနကို မှတ်၍ လိင်သာမည၌ သက်ပါသည်။ ဤသုတ်၌ တိပစ္စည်းကား သညာဘိ

http://www.dhammadownload.com



ဓာနကို မမှတ်မူ၍ ဣတ္ထိလိင်၌ သက်ပါသည်၊ ဤသို့ ထူးပါသည်။

➤ **အ-ပစ္စည်း ၃-မျိုး အထူး ။ ။** သညာယ မနု-သုတ်၌ အ,ပစ္စည်းကား ပုလ္လိင်၌ ဖြစ်ပါသည်၊ သဗ္ဗတော ဏျတ္တာဝိဝါ-သုတ်၌ အ,ပစ္စည်းကား လိင်သုံးပါး၌ ဖြစ်ပါသည်၊ ဤသုတ်၌ အ,ပစ္စည်းကား ဣတ္ထိလိင်၌ ဖြစ်ပါသည်၊ ဤသို့ ထူးပါသည်။

➤ **ယု,ပစ္စည်း ၃-မျိုး အထူး ။ ။** နန္ဒာဒိဟိ ယု-သုတ်၌ ယုပစ္စည်းသည် နပုလ္လိင်၌ ဖြစ်ပါသည်၊ ကတ္တုကရဏပဒေသေသုစ-သုတ်၌ ယုပစ္စည်းသည် လိင်သုံးပါး၌ ဖြစ်ပါသည်။ ဤသုတ်၌ ယုပစ္စည်းကား ဣတ္ထိလိင်၌ ဖြစ်ပါသည်၊ ဤသို့ ထူးပါသည်။

➤ **သုတ်-၌ ဝုတ္တိ မပြုရခြင်းအကြောင်း ။ ။** အညေသုစ-သုတ်သို့ လိုက်လာသော ဝါ-သဒ္ဒါက တိပစ္စည်းနှောင်းရာ၌ ဝုတ္တိ မပြုရဟု ဆိုသောကြောင့်-- တည်း။

➤ **ဝါသဒ္ဒါ၏အနက် ။ ။** ဝါသဒ္ဒါသည် ဝိကပ်အနက် ဖြစ်ပါသည်။

➤ **ဝါသဒ္ဒါ ဆိုရကျိုး ။ ။** ဝါသဒ္ဒါဖြင့် ဇရဏ-၌ ဇရဓာတ်နောင် အ,ပစ္စည်းသက်မှု မမြဲသည်၏အဖြစ်ကို အထူးကြံရခြင်းအကျိုး ရှိပါသည်။ (နိဒ္ဒေသ)

➤ **ဤသုတ်ပါ ပစ္စည်းတို့၏ သက်ရာအနက် /သာဓန ။ ။** * အ,ပစ္စည်းသည် ॰ ကတ္တု, ကမ္မ, ကရဏ, ဘာဝ, အဓိကရဏသာဓန အနက်တို့၌ သက်ပါသည်။ * တိ-ပစ္စည်းသည် ॰ ကတ္တု, ကမ္မ, ကရဏ, ဘာဝသာဓနအနက်တို့၌ သက်ပါသည်။ * ယု-ပစ္စည်းသည် ॰ ကတ္တု, ကမ္မသာဓနအနက်တို့၌ သက်ပါသည်။

## ၅၅၄။ ကရတော ရိရိယ

ကရတော ဣတ္ထိယ မနိတ္ထိယံ ဝါ အဘိဓေယျာယံ ရိရိယပစ္စယော ဟောတိ ဝါ။ ။ ကတ္တဗ္ဗာ ကိရိယာ၊ ကရဏီယံ ကိရိယံ။

* ဣတ္ထိယံဝါ၊ဣတ္ထိလိင်ကိုရင်း။အနိတ္ထိယံဝါ၊နပုလ္လိင်ကိုရင်း။အဘိဓေယျာယံ၊ဟော ဆိုအပ်သည်ရှိသော်။ကရတော၊ကရဓာတ်မှ။ပရေနောက်၌။ ရိရိယ၊ရိရိယပစ္စည်းသည်။ ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ | ဝုတ္တိအနက်လွယ်ပြီ | * ကတ္တဗ္ဗာ၊ပြုခြင်း။ကိရိယာ၊ပြုခြင်း။ ကရဏီယံ၊ပြုခြင်း။ကိရိယံ၊ပြုခြင်း။

➤ ကရတော+ရိရိယ–ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ **အနိတ္ထိယံ–အရ ။ ။** ပါဠိတော်, အဋ္ဌကထာတို့၌ ပုလ္လိင်ဖြင့် ကိရိယော-ဟူသော ပြယုဂ်ကို မတွေ့ မမြင်ရသောကြောင့် နပုလ္လိင်ကိုသာ ယူရပါမည်။ | အနိတ္ထိယံ ဝါတိ ဣမိနာ နပုံသကမေဝ ဂဟေတဗ္ဗံ၊ ကိရိယောတိ ပယောဂဿ အဒဿနတော| (နိ)

➤ **ဝါသဒ္ဒါ၏အနက် ။ ။** လိုက်လာသော ဝါသဒ္ဒါသည် အနိတ္ထိယကို ဆည်းယူသော ကြောင့် အတ္တန္တရ ဝိညာပန ဝိကပ်အနက်ရှိပါသည်။

➤ **ဝါသဒ္ဒါဆိုရကျိုး ။ ။** ဝါသဒ္ဒါဖြင့် အနိတ္ထိယံ-ဟူသော ပုဒ်တစ်ပါးကို ဆည်းယူ

http://www.dhammadownload.com



ရခြင်းအကျိုးရှိပါသည်။

➤ **ကိရိယာ/ကြိယာ ပါဠိနှစ်မျိုးအဆုံးအဖြတ်** ။ ။ ကရဓာတ်+ရိရိယပစ္စည်း၊ ရမှိ ရန္တော ရာဒိနော-သုတ်ဖြင့် ရ,အနုဗန်နှင့်တကွ ဓာတွန်ရ, က-၏ အ,တို့ကိုချေ၊ က-ကို ဣလသို့ကပ်၊ အာပစ္စည်းသက်၍ ကိရိယာ-ဟု ပြီးသောကြောင့် ကိရိယာပါဠိသာ မှန်သည်

➤ **ရိရိယပစ္စည်း၏ သာဓန,စသည်** ။ ။ ရိရိယ-ပစ္စည်းသည် ဘာဝ, ကမ္မသာဓန၊ ကာလသုံးပါး၊ အ, အာကာရန္တ၊ စိတ္တာ, ကညာဒိဂိုဏ်း၊ နပုလ္လိင်, ဣတ္ထိလိင် ဖြစ်ပါသည်။

## ၅၅၅။ အတီတေ တ တဝန္တု တာဝီ

အတီတေ ကာလေ သဗ္ဗဓာတူဟိ တ တဝန္တု တာဝီ ဣစ္စေတေ ပစ္စယာ ဟောန္တိ

ဟုတော၊ ဟုတဝါ၊ ဟုတာဝီ။ ဝုသိတော၊ ဝုသိတဝါ၊ ဝုသိတာဝီ။ ဘုတ္တော၊ ဘုတ္တဝါ၊ ဘုတ္တာဝီ။

✻ အတီတေ၊အတိတ်ကာလ၌။သဗ္ဗဓာတူဟိ၊ခပ်သိမ်းသော ဓာတ်တို့မှ။ပရေနောက် ၌။တ တဝန္တု တာဝီ၊တပစ္စည်း, တဝန္တုပစ္စည်း, တာဝီပစ္စည်းတို့သည်။ဝါ၊အချို့။ဟောန္တိ၊ ဖြစ်ကုန်၏။ ။ ✻ အတီတေ ကာလေ၊အတိတ်ကာလ၌။သဗ္ဗဓာတူဟိ၊တို့မှ။ပရေနောက် ၌။တ တဝန္တု တာဝီ ဣစ္စေတေ ပစ္စယာ၊တပစ္စည်း, တဝန္တုပစ္စည်း, တာဝီပစ္စည်းတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။ ဟုတော၊ဟုတဝါ၊ဟုတာဝီ၊ပေးလှူပြီ။ ဝုသိတော၊ဝုသိတဝါ၊ဝုသိ တာဝီ၊သုံးနေပြီ။ဘုတ္တော၊ဘုတ္တဝါ၊ဘုတ္တာဝီ၊စားပြီ။

➤ **အတီတေ+တ တဝန္တု တာဝီ-ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်**

➤ **ဝိဂ္ဂဟများ** ။ ။ အဟာဝီတိ ဟုတော၊ ဟုတဝါ၊ ဟုတာဝီ။ ✻ အဝသီတိ ဝုသိတော ဝုသိတဝါ၊ ဝုသိတာဝီ။ ✻ အဘုဉ္ဇီတိ ဘုတ္တော၊ ဘုတ္တဝါ၊ ဘုတ္တာဝီ။

➤ **နိဋ္ဌပစ္စည်းများ** ။ ။ တပစ္စည်း, တဝန္တုပစ္စည်း, တာဝီပစ္စည်းတို့ ဖြစ်ပါသည်။

➤ **ဤသုတ်ဖြင့်သက်သော တ, တဝန္တု, တာဝီပစ္စည်းတို့ကို နိဋ္ဌပစ္စည်းဟု ခေါ်ဆိုရခြင်းအကြောင်း** ။ ။ တ, တဝန္တု, တာဝီပစ္စည်းတို့၏ သက်ရာဖြစ်သောဓာတ်၌ အသံယော ဂန္တဓာတ်၏ အစိတ်ဖြစ်သော သရကို အဖြဝုဒ္ဓိ မပြုရသဖြင့် ဓာတ်၏အစီအရင် ပြီးဆုံး သွားသောကြောင့် နိဋ္ဌပစ္စည်းဟု ခေါ်ဆိုရပါသည်။

➤ **ဘူတော, ဘူတာ, ဘူတံ-တို့၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း** ။ ။ အညေသုစ- သုတ်သို့ အစဉ်လိုက်လာသော ဝါသဒ္ဒါက တ တဝန္တု, တာဝီ ပစ္စည်းနှောင်းရာ၌ ဝုဒ္ဓိ မပြုရဟု ဆိုသောကြောင့်-ဘူတော, ဘူတာ, ဘူတံ-တို့၌ ဝုဒ္ဓိ မပြုရပါ။

➤ **ဘုတ္တော, ဘုတ္တဝါ, ဘုတ္တာဝီ /ဘောတ္တော, ဘောတ္တဝါ, ဘောတ္တာဝီ-ပါဠိ အဆုံးအဖြတ်** ။ ။ အညေသုစ-သုတ်သို့ အစဉ်လိုက်လာသော ဝါသဒ္ဒါက တ တဝန္တု, တာဝီ ပစ္စည်းနှောင်းရာ၌ ဝုဒ္ဓိ မပြုရဟု ဆိုသောကြောင့်-ဘုတ္တော ဘုတ္တဝါ ဘုတ္တာဝီ-သာမှန်၏

http://www.dhammadownload.com



➤ ဤသုတ်ပါ ပစ္စည်းတို့၏ သက်ရာ သာဓန / နိဒ္ဒပစ္စည်းတို့၏ သက်ရာ သာဓန
တ, တဝန္တု, တာဝီပစ္စည်းတို့သည် ကိတ်အမည်ရှိသော့ကြောင့် ကတ္တုသာဓနအနက်၌ သက်ပါသည်။

* တ-ပစ္စည်းသည် ကတ္တုသာဓန၊ အတိတ်ကာလ၊ အ, အာကာရန္တ၊ ပု, စိတ်, ကညာဒိဂိုဏ်း၊ လိင်သုံးပါး။ * တဝန္တု ပစ္စည်းသည် - ကတ္တုသာဓန၊ အတိတ်ကာလ၊ ဥကာရန္တ၊ ဂုဏဝါဒိဂိုဏ်း, နဒါဒိဂိုဏ်း၊ လိင်သုံးပါး၊ * တာဝီ ပစ္စည်းသည် - ကတ္တုသာဓန အတိတ်ကာလ၊ ဤကာရန္တ၊ ရတ္တာဒိဂိုဏ်း, ဂဟပတာဒိဂိုဏ်း၊ လိင်သုံးပါး။

၅၅၆။ ဘာဝကမ္မေသု တ

ဘာဝကမ္မေသု အတီတေ ကာလေ တပစ္စယော ဟောတိ သဗ္ဗဓာတူဟိ။

ဘာဝေ တာဝ - တဿ ဂီတံ၊ နစ္စံ၊ နဋ္ဋံ၊ ဟသိတံ။

ကမ္မနိ တာဝ - တေန ဘာသိတံ၊ ဒေသိတံ။

* အတီတေ၊အတိတ်ကာလ၌။ဘာဝကမ္မေသု၊ဘော, ကံအနက်တို့၌။သဗ္ဗဓာတူဟိ၊ ခပ်သိမ်းသော ဓာတ်တို့မှ။ပရေနောက်၌။တ၊တ-ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

* အတီတေ ကာလေ၊အတိတ်ကာလ၌။ဘာဝကမ္မေသု၊တို့၌။သဗ္ဗဓာတူဟိ၊တို့မှ။ ပရေ၌။တပစ္စယော၊တ-ပစ္စည်းသည်။ဟောတိ၊၏။ ။ ဘာဝေ၊ဘောအနက်၌။တာဝ၊ရှေးဦးစွာ ဆိုအံ့။တဿထိုသူ၏။ဂီတံ၊သီဆိုခြင်း။နစ္စံ၊နဋ္ဋံ၊ကခြင်း။ဟသိတံ၊ရွှင်ပျ ပြုံးရယ်ခြင်း။
* ကမ္မနိ၊ကံအနက်၌။တာဝ၊မဆိုရသေးသော ပုံစံတို့၏ ရှေးဦးစွာဆိုအံ့။တေန၊ထိုသူသည် ဘာသိတံ၊ဆိုအပ်ပြီ။ဒေသိတံ၊ဟောအပ်ပြီ။

➤ ဘာဝကမ္မေသု+တ-ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

**မေး** ။ ။ ဤသုတ်ဖြင့် ဘော,ကံအနက်၌သာ တ-ပစ္စည်း သက်နိုင်ပါသလော?

➤ **ယောဂဝိဘာဂ** ။ ။ ဘာဝကမ္မေသု တ-၌ တ-ဟူသော ယောဂဝိဘာဂဖြင့် မလှုပ်ရှားခြင်းအနက်ရှိသော အာသဓာတ်, ဂတိအနက်ရှိသော ဂမုဓာတ်, စားမျိုခြင်း အနက်ရှိသော ဘုဇဓာတ် စသည်တို့နောင်မှလည်း အဓိကရဏသာဓနအနက်၌ တ-ပစ္စည်း သက်နိုင်ပါသည်။ (ရူ-၃၈၇)

**မေး** ။ ။ တ-ပစ္စည်းသည် အတိတ်ကာလ၌သာ သက်နိုင်ပါသလော?

* မဟုတ်ပါ။ ဘာသိတံ ဟောတိ၊ ဘာသိတံ ဘဝိဿတိ ပြယုဂ်တို့၌ ပဓာနကြိယာ တစ်ပါးနှင့် စပ်ရသည်ရှိသော် ပစ္စုပ္ပန်ကာလ, အနာဂတ်ကာလတို့၌လည်း တ-ပစ္စည်း သက်နိုင်ပါသေးသည်။

➤ **တ-ပစ္စည်းကို ထစ်ဖန်ဆပ်၍ ဆိုရကျိုး** ။ ။ အတီတေ တ တဝန္တု တာဝီသုတ်မှ တဝန္တုပစ္စည်း, တာဝီပစ္စည်းတို့၏ လိုက်ခြင်းကို နစ်စေခြင်းအကျိုးရှိပါသည်။

http://www.dhammadownload.com



➤ **တဿ ဂီတံ-၌ 'တဿ'သမ္ဗန်ပုဒ် ထည့်ဆိုရခြင်းအကြောင်း ။ ။** ဂီတံ-သဒ္ဒါ၏ ဘောဟောဖြစ်ကြောင်း သိစေလိုသောကြောင့်-- ထည့်ဆိုရပါသည်။

မှတ်ချက်/ ထိုသူ၏+သီဆိုခြင်း, ကခြင်း, ပြုံးရယ်ခြင်းဟု သမ္ဗန်ပုဒ်သည် 'ခြင်း'ဟူသော ဘောအနက်၌ စပ်လေ့ရှိသည်ဟု မှတ်ပါ။

➤ **တေန ဘာသိတံ-၌ 'တေန'ဟု အဝုတ္တကတ္တား ထည့်ရခြင်းအကြောင်း**

တေန ဘာသိတံ-၌ တ-ပစ္စည်းသည် ကံဟောပုဒ်ဖြစ်ကြောင်း သိစေလိုသောကြောင့် 'တေန'ဟု အဝုတ္တကတ္တား ထည့်ဆိုရပါသည်။

➤ **တ-ပစ္စည်း၏ သာဓနဆည် ။ ။** တ-ပစ္စည်းသည် ဘာဝ, ကမ္မ, အဓိကရဏ သာဓန၊ အတိတ်ကာလ၊ အ, အာကာရန္တ ပု, စိတ်, ကညာဒိဂိုဏ်း။ ဘောအနက်၌ဖြစ်မူ နပုလ္လိင်၊ ကံအနက်၌ဖြစ်မူ တိလိင်ဖြစ်ပါသည်။

➤ **တ-ပစ္စည်း၏ သက်ရာကာလ ။ ။** အတီတေ တ တဝန္တု တာဝိ-သုတ်မှ အတီတေ သဒ္ဒါ လိုက်လာသောကြောင့် အတိတ်ကာလ၌ သက်ပါသည်။

မေး ။ ။ ဤသုတ်ဖြင့် သက်သော တ-ပစ္စည်း၏လိင်ကို သာဓနအားလျော်စွာ ခွဲပြပါ။

✱ တ-ပစ္စည်းသည် ဘာဝသာဓန, ကမ္မသာဓနအနက်၌ဖြစ်မူ နပုလ္လိင်၊ ကမ္မသာဓန အနက်၌ဖြစ်မူ တိလိင် ဖြစ်ပါသည်။

---

## ၅၅၇။ ဗုဓဂမာဒိတ္ထေ ကတ္တရိ

ဗုဓ ဂမု ဣစ္စေဝမာဒိဟိ ဓာတူဟိ တဒတ္ထေ ဂမျမာနေ တပစ္စယော ဟောတိ ကတ္တရိ သဗ္ဗကာလေ။ ။ သဗ္ဗေ သင်္ခတာသင်္ခတေ ဓမ္မေ ဗုဇ္ဈတိ အဗုဇ္ဈိ ဗုဇ္ဈိဿတီတိ ဗုဒ္ဓေါ၊ သရဏင်္ဂတော၊ သမထင်္ဂတော၊ အမတင်္ဂတော၊ ဇာနာတိ အဇာနိ ဇာနိဿတီတိ ဉာတော၊ ဣစ္စေဝမာဒိ။

✱ ဗုဓဂမာဒိ၊ဗုဓဓာတ်, ဂမုဓာတ် စသည်တို့မှ၊ပရေ၊နောက်၌၊အတ္ထေ၊သိခြင်း, သွားခြင်း,စသော အနက်ကို၊ဂမျမာနေ၊သိအပ်သည်ရှိသော်၊ကတ္တရိ၊ကတ္တားအနက်၌၊သဗ္ဗကာလေ၊အလုံးစုံသော ကာလ၌၊တ၊တ-ပစ္စည်းသည်၊ဟောတိ၊၏။ ။ ဗုဓဂမု ဣစ္စေဝမာဒိဟိ၊ဗုဓဓာတ်, ဂမုဓာတ် စသည်တို့မှ၊ပရေ၌၊တဒတ္ထေ၊ထိုသိခြင်း, သွားခြင်း,စသော အနက်ကို၊ဂမျမာနေ၊သော်၊ကတ္တရိ၌၊သဗ္ဗကာလေ၌၊တပစ္စယော၊တ-ပစ္စည်းသည်၊ ဟောတိ၊၏။ ။ ✱ သဗ္ဗေ၊ခပ်သိမ်းကုန်သော၊သင်္ခတာသင်္ခတေ၊သင်္ခတ, အသင်္ခတဖြစ်ကုန်သော၊ဓမ္မေ၊တရားတို့ကို၊ဗုဇ္ဈတိ၊သိဆဲ၊အဗုဇ္ဈိ၊သိပြီ၊ဗုဇ္ဈိဿတိ၊သိလတ္တံ့၊ဣတိ၊ဤအကြောင်းကြောင့်၊ဗုဒ္ဓေါ၊ဘုရား မည်၏။ ✱ သရဏင်္ဂတော၊ကိုးကွယ်ရာသို့ ရောက်ဆဲ, ရောက်ပြီး, ရောက်လတ္တံ့။ ✱ သမထင်္ဂတော၊ငြိမ်သက်တည်ကြည်ခြင်းသို့ ရောက်ဆဲ, ရောက်ပြီး, ရောက်လတ္တံ့။ ✱ အမတင်္ဂတော၊နိဗ္ဗာန်သို့ ရောက်ဆဲ, ရောက်ပြီး ရောက်လတ္တံ့.

http://www.dhammadownload.com



* ဇာနာတိ၊သိဆဲ။အဇာနိ၊သိပြီ။ဇာနိဿတိ၊သိလတ္တံ့။ကွေတိ၊ဤအကြောင်းကြောင့်။ ဉာတော၊မည်၏။ ဣစ္စေဝမာဒိ၊ဤသို့ အစရှိသည်တို့တည်း။

➤ ဗုဓဂမာဒိ+အတ္ထေ+ကတ္တရိ–တု ၃–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ ကတ္တရိ–သဒ္ဒါ ထည့်ဆိုရကျိုး ။ ။ (ဗုဓဂမာဒိတ္ထေ-ဆိုလျှင်) ဘာဝကမ္မေသု တ-သုတ်မှ ဘာဝကမ္မေသု-သဒ္ဒါ လိုက်လာမည်ဖြစ်သောကြောင့် ထို ဘာဝကမ္မေသု-သဒ္ဒါ လိုက်ခြင်းကို နှစ်စေခြင်းအကျိုးငှာ "ကတ္တရိ"သဒ္ဒါကို ထည့်ဆိုရပါသည်။

➤ အတ္ထ–သဒ္ဒါ ထည့်ဆိုရကျိုး ။ ။ ဗုဓ-ဖြင့် ဗုဓဓာတ်သာမက သိခြင်းအနက်ကို ဟောသော ဉာဓာတ်, စသည်ကို ယူရခြင်း၊ ဂမု-ဖြင့် ဂမုဓာတ်သာမက ဂတိအနက်ဟော က္ကမဓာတ် စသည်ကိုလည်း ယူရခြင်းအကျိုး ရှိပါသည်။ (နျာသ)

➤ ဗုဓဂမာဒိတ္ထေ–၌ အတ္ထ–အရ ။ ။ ဗုဓ, ဂမု,စသော ဓာတ်တို့မှတစ်ပါး ငဲ့အပ်သော ဓာတ် မရှိသောကြောင့် ထို ဗုဓ, ဂမု,စသော ဓာတ်တို့၏ အနက်ကိုသာ ယူရမည်

➤ အာဒိ–အရ ။ (ကစ္စည်းအလို) ဉာဓာတ်၊ (ရှု-အလို) ဉာဓာတ်, က္ကမဓာတ်, စိန္တဓာတ်, သန္တဓာတ် စသည်တို့ကို ယူရပါမည်။

➤ ဗုဓဂမာဒိတ္ထေနောင် ဟိဝိဘတ်ချေထားရကျိုး ။ ။ သုတ်ကို ရှုတ်ဖတ်လွယ်ကူစေခြင်းအကျိုးငှာ | သဗ္ဗာသမာဝုသော ပသဂ္ဂနိပါတာဒိဟိစ-သုတ်၌ အာဒိသဒ္ဒါဖြင့် အာဒိသဒ္ဒါနောင်သက်သော | ဟိဝိဘတ်ကို ချေထားရပါသည်။

➤ ဗုဒ္ဓိ၌ သဗ္ဗကာလေ–ဟု ထည့်ဆိုရခြင်းအကြောင်း ။ ။ ဘာဝကမ္မေသု တ-သုတ်ကဲ့သို့ အတိတ်ကာလ၌သာ သက်သည်ဟု ထင်မှတ်မည်စိုးသောကြောင့်-တည်း။

မေး ။ ။ ဤသုတ်၌ ကတ္တရိ-သဒ္ဒါ မဆိုလျှင် အပြစ်နှင့် ဆိုလျှင်အကျိုး ဤနှစ်မျိုးကို ဖြေဆိုပါ။

* ကတ္တရိ-သဒ္ဒါကို မဆိုလျှင် ဗုဓ, ဂမု,စသော ဓာတ်တို့နောင် ဘော, ကံအနက်၌ တ-ပစ္စည်းသက်ခြင်း အပြစ်ဒေါသ ရောက်ပါသည်။ * ကတ္တရိ-သဒ္ဒါကိုဆိုလျှင် ဗုဓ, ဂမု စသော ဓာတ်တို့နောင် ကတ္တားအနက်၌ တ-ပစ္စည်းသက်ရခြင်းအကျိုး ရှိပါသည်။

➤ တ–ပစ္စည်း၏ သာဓန,စသည် ။ ။ တ-ပစ္စည်းသည် ကတ္တုသာဓန၊ ကာလသုံးပါး၊ အ, အာကာရန္တ၊ ပု, စိတ်, ကညာဒိဂိုဏ်း၊ လိင်သုံးပါး ဖြစ်ပါသည်။

---

## ၅၅၈။ ဓိတော ဣန သဗ္ဗတ္ထ

ဓိ က္ကစ္စေတာယ ဓာတုယာ ဣနပစ္စယော ဟောတိ သဗ္ဗကာလေ ကတ္တရိ။
ပါပကေ အကုသလေ ဓမ္မေ ဇိနာတိ အဇိနိ ဇိနိဿတီတိ ဇိနော။

* ဇိတော၊ဇိဓာတ်မှ။ပရေ၊နောက်၌။သဗ္ဗတ္ထ၊အလုံးစုံသော ကာလ၌။ကတ္တရိ၊ကတ္တား အနက်၌။ဣန၊ဣန ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ။ * ဇိ က္ကစ္စေတာယ ဓာတုယာ၊ဇိ

http://www.dhammadownload.com



ဓာတ်မှ။ပရေ၌။သဗ္ဗကာလေ၊အလုံးစုံသော ကာလ၌။ကတ္တရိ၌။ဏ္ဏုပစ္စယော၊ဏ္ဏုပစ္စည်းသည်။ဟောတိ၊၏။ ။ ပါပကော၊ယုတ်မာတုန်သော။အကုသလေ ဓမ္မေ၊အကုသိုလ်တရားတို့ကို။ဇိနာတိ၊အောင်ဆဲ။အဇိနိ၊အောင်ပြီး။ဇိနိဿတိ၊အောင်လတ္တံ့။ဣတိ၊ဤအကြောင်းကြောင့်။ဇိနော၊ဘုရား မည်၏။

> ဇိတော+ဏ္ဏု+သဗ္ဗတ္ထ–တု ၃-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

> သဗ္ဗတ္ထ–အရ ။ ။ အလုံးစုံသော ကာလကို ယူရပါမည်။

> သဗ္ဗတ္ထ–သဒ္ဒါ ထည့်ဆိုရကျိုး ။ ။ [ ဇိတော ဏ္ဏု-ဟူသာ ဆိုချေသော်] ကာလ သုံးပါး၌ရင်း, ကာလတစ်ပါး၌ရင်း, ကာလတို့ကို မမှတ်မူ၍ရင်း, ဏ္ဏုပစ္စည်းသက်၏ဟု မှတ်ထင်နေမည်ဖြစ်သောကြောင့် ထိုသို့ မမှတ်ထင်စေခြင်းအကျိုးငှာ "သဗ္ဗတ္ထ" သဒ္ဒါ ထည့်ဆိုရပါသည်။

> ဏ္ဏု–ပစ္စည်း၏အနက် ။ ။ ပုဂ္ဂလမာဒိတ္တေ ကတ္တရိ-သုတ်မှ ကတ္တရိသဒ္ဒါ လိုက်လာသောကြောင့် ကတ္တားအနက်၌ 'ဏ္ဏု'ပစ္စည်း သက်ပါသည်။

> ဏ္ဏု–ပစ္စည်း၏ သာဓနပုံစံသည် ။ ။ ဏ္ဏု-ပစ္စည်းသည် ကတ္တုသာဓနေ၊ ကာလ သုံးပါး၊ အကာရန္တ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း ဖြစ်ပါသည်။

## ၅၅၉။ သုပတော စ

သုပ ဏ္ဏစ္စေတာယ ဓာတုယာ ဏ္ဏုပစ္စယော ဟောတိ ကတ္တရိ, ဘာဝေ စ။
သုပတီတိ သုပိနံ၊ သုပီယတေ သုပိနံ။

* သုပတော၊စ၊သုပဓာတ်မှလည်း။ပရေနောက်၌။ကတ္တရိစ၊ကတ္တားအနက်၌ရင်း။ဘာဝေစ၊ဘောအနက်၌ရင်း။ဏ္ဏု၊ဏ္ဏုပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ။ * သုပဏ္ဏစ္စေတာယ ဓာတုယာ၊သုပဓာတ်မှ။ပရေ၌။ကတ္တရိစ၊ကတ္တားအနက်၌ရင်း။ဘာဝေစ၊ဘောအနက်၌ရင်း။ဏ္ဏုပစ္စယော၊ဏ္ဏုပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ။ သုပတိ၊အိပ်တတ်၏။ဣတိ၊ဤအကြောင်းကြောင့်။သုပိနံ၊မည်၏။သုပီယတေ၊အိပ်ခြင်း။သုပိနံ၊အိပ်ခြင်း။

> သုပတော+စ–တု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

> စသဒ္ဒါ၏အနက် ။ ။(နိဒ္ဒေသ, ဗျာသ-တို့အလို) စသဒ္ဒါသည် အနုကဍ္ဍနအနက် ဖြစ်ပါသည်။ (မောဂ္ဂလာန်အလို) သမုစ္စည်းအနက် ဖြစ်ပါသည်။

> စသဒ္ဒါ ဆိုရကျိုး ။ ။ (နိဒ္ဒေသ-အလို) စသဒ္ဒါဖြင့် ဘာဝကမ္မေသု တ-သုတ်မှ ကမ္မ-သဒ္ဒါလိုက်ခြင်းကို နစ်စေ၍ ဘာဝ-ဟူသော ဝိသယ-သဒ္ဒါကို ဆွဲငင်ခြင်း အကျိုး ရှိပါသည်။ (ဗျာသ-အလို) စသဒ္ဒါဖြင့် ဇိနော ဏ္ဏု သဗ္ဗတ္ထ-သုတ်မှ ဏ္ဏုပစ္စည်းကို ဆွဲငင်ခြင်း အကျိုးရှိပါသည်။ (မောဂ္ဂလာန်အလို) စသဒ္ဒါဖြင့် ဝပ, အဇ, တုဟ, ကပ္ပ, ကုမ, ဒါ စသော ဓာတ်တို့နောင် ဏ္ဏုပစ္စည်းသက်ခြင်းကို ဆည်းခြင်းအကျိုး ရှိပါသည်။

http://www.dhammadownload.com



**➢ ဏ္ဍနု–ပစ္စည်းဆက်ရာအနက်** ॥ ॥ ဘာဝကမ္မေသု တ-သုတ်မှ ဘာဝ-သဒ္ဒါလိုက်လာသောကြောင့်ရင်း, ဗုဇေမာဒိတ္တေ ကတ္တရိ-သုတ်မှ ကတ္တရိ-သဒ္ဒါ လိုက်လာသောကြောင့်ရင်း, ကတ္တားအနက်, ဘောအနက်တို့ ဖြစ်ပါသည်။

**➢ ဏ္ဍနု–ပစ္စည်း၏ သာခနု, စသည်** ॥ ॥ ဏ္ဍနု-ပစ္စည်းသည် ကတ္တု, ဘာဝသာဓနေ၊ ကာလသုံးပါး၊ အကာရန္တ၊ ပုရိသာဒိဂိုဏ်း, စိတ္တာဒိဂိုဏ်း၊ ပုလ္လိင်, နပုလ္လိင် ဖြစ်ပါသည်။

## ၅၆၀။ ဉ္ဇိသံ ဒု သူဟိ ခ

ဉ္ဇိသံ ဒု သုသဒ္ဒါဒိဟိ သဗ္ဗဓာတူဟိ ခပစ္စယော ဟောတိ။

ဉ္ဇိသဿယော၊ ဒုဿယော၊ သုဿယော ဘဝတာ၊ ဉ္ဇိသက္ကရံ၊ ဒုက္ကရံ၊ သုကရံ ဘဝတာ။

* ဉ္ဇိသံဒုသူဟိ၊ဉ္ဇိသံနိပါတ်, ဒု, သုဥပသာရ ရှေ့ရှိသော ဓာတ်တို့မှ။ပရေနောက်၌။ခ၊ခပစ္စည်းသည်။ (ဝါ) ခ,အနုဗန်ရှိသော ပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

* ဉ္ဇိသံဒုသုသဒ္ဒါဒိဟိ၊ဉ္ဇိသံနိပါတ်, ဒု,သု, ဥပသာရ ရှေ့ရှိကုန်သော။သဗ္ဗဓာတူဟိ၊ ခပ်သိမ်းကုန်သော ဓာတ်တို့မှ။ပရေ၌။ခပစ္စယော၊ခပစ္စည်းသည်။ဟောတိ၊ဖြစ်၏။

ဘဝတော၊အရှင်၏။ဉ္ဇိသဿယော၊စဉ်းငယ်အိပ်ခြင်း။ * ဒုဿယော၊မကောင်းအိပ်ခြင်း။ * သုဿယော၊ကောင်းစွာအိပ်ခြင်း။ * ဘဝတာ၊အရှင်သည်။ကမ္မံ၊အမှုကို။ ဉ္ဇိသက္ကရံ၊စဉ်းငယ်ပြုအပ်၏။ * ဒုက္ကရံ၊ခဲယဉ်းစွာ ပြုအပ်၏။ * သုကရံ၊လွယ်ကူစွာ ပြုအပ်၏။

**➢ ဉ္ဇိသံဒုသူဟိ+ ခ–ဟု ၂–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်**

**➢ ကိတ်ကျမ်းလာ ခ–ပစ္စည်းဆက်ရာ ကာလနှင့် သဒ္ဒါသာခနု**

* ဏာဒယော တေကာလိကာ-သုတ်ကိုထောက်၍ ကာလသုံးပါး၊ ဘာဝကမ္မေသု ကိစ္စက္တခတ္ထာ-သုတ်ကိုထောက်၍ ဘာဝသာဓနေ, ကမ္မသာဓနေ-တို့ ဖြစ်ပါသည်။

**➢ ခ,အနုဗန် ဆိုရကျိုး** ॥ ॥ ဉ္ဇိသံဒုသုဂိုဏ်းဟု မှတ်ခြင်းအကျိုး ရှိပါသည်။

**➢ ဉ္ဇိသံဒုသူဟိခ/ဉ္ဇိသဒုသူဟိခ သုတ်နှစ်မျိုး အဆုံးအဖြတ်** ॥ ॥ ဉ္ဇိသ-ဟူ၍ နိပါတ်ပုဒ် မရှိ၊ ဉ္ဇိသံ-ဟူ၍သာ နိပါတ်ပုဒ်ရှိသောကြောင့် နိဂ္ဂဟိတ်ပါသော ဉ္ဇိသံဒုသူဟိ ခ-သုတ်သာ မှန်ပါသည်။

**➢ သုသဒ္ဒါဒိ/သုသဒ္ဒာဒိ ပါဠိအဆုံးအဖြတ်** ॥ ॥ သုပုဗ္ဗ သိဓာတ်, ခပစ္စည်း၊ သိဓာတ်၏ အစ၌ ဒွေဘော်လာရာဌာနဖြစ်သောကြောင့် 'သုဿယော'ပါ၌သာ မှန်၏။

**➢ ခ,ပစ္စည်း၏ သာခနု,စသည်** ॥ ॥ ခ-ပစ္စည်းသည် ဘာဝကမ္မေသု ကိစ္စက္တခတ္ထာ ဟု ဆိုသောကြောင့် ဘာဝ, ကမ္မသာဓနေ၊ ကာလသုံးပါး၊ အကာရန္တ၊ ပုရိသာဒိဂိုဏ်း, စိတ္တာဒိဂိုဏ်း၊ ပုလ္လိင်, နပုလ္လိင် ဖြစ်ပါသည်။

http://www.dhammadownload.com



## ၅၆၁။ ကုဏ္ဍသွေ့ သမာနကတ္တုကေသု တဝေ တုံ ဝါ

ကုဏ္ဍတွေသု သမာနကတ္တုကေသု သဗ္ဗဓာတူဟိ တဝေ တုံ ကုစ္ဆတော ပစ္စယာ ဟောန္တိ သဗ္ဗကာလေ ကတ္တရိ။ ။ ပုညာနိ ကာတဝေ, သဒ္ဓမ္မံ သောတုံ မိစ္ဆတိ။

* သမာနကတ္တုကေသု၊တူသော ကတ္တားရှိကုန်သော၊ကုဏ္ဍတွေသု၊ကုဏ္ဍာအနက်တို့ သည်။(ဝါ) ကုဏ္ဍာအနက်ရှိသော ဓာတ်တို့သည်။သန္တေသု၊ရှိကုန်လတ်သော်။သဗ္ဗဓာတူဟိ၊ ခပ်သိမ်းကုန်သော ဓာတ်တို့မှ။ပရေနောက်၌။သဗ္ဗကာလေ၊အလုံးစုံသော ကာလ၌။ကတ္တရိ၊ ကတ္တားအနက်၌။တဝေ တုံဝါ၊တဝေ-ပစ္စည်း, တုံပစ္စည်းတို့သည်လည်း။ဟောန္တိ၊ဖြစ်ကုန်၏။

* သမာနကတ္တုကေသု၊ကုန်သော။ကုဏ္ဍတွေသု၊သည်။သန္တေသု၊သော်။သဗ္ဗဓာတူဟိ၊ တို့မှ။ပရေ၌။သဗ္ဗကာလေ၊၌။ကတ္တရိ၌။တဝေ တုံ ကုစ္ဆတော ပစ္စယာ၊တဝေပစ္စည်း, တုံ ပစ္စည်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ * ပုညာနိ၊ကောင်းမှုတို့ကို။ကာတဝေ၊ပြုတတ်ဖို့ ရာ။သဒ္ဓမ္မံ၊သူတော်ကောင်းတရားကို။သောတုံ၊နာတတ်ဖို့ရာ။ကုဏ္ဍတိ၊အလိုရှိ၏။

➢ ကုဏ္ဍတ္ထေသု+သမာနကတ္တုကေသု+တဝေတုံ+ဝါ–တု ၄–ပုဒ် ပစ္စယဝိဓိသုတ်

**မေး** ။ ။ ပုညာနိ ကာတဝေ-၌ ကတ္တားနှင့် ပဓာနကြိယာ ထည့်စွက်၍ ကာတဝေ-ကို ဘော, ကံ, ကတ္တား အနက်သုံးပါး ပြည့်စုံစွာ အနက်ယောဇနာပြပါ။

* သော၊ထိုသူသည်။ (ကတ္တား) ပုညာနိ၊ကောင်းမှုတို့ကို။ကာတဝေ၊ပြုတတ်ရန် အကျိုးငှာ။[ကတ္တားအနက်] ပြုခြင်းငှာ [ဘောအနက်] ပြုအပ်လတ္တံ့ရန် အကျိုးငှာ။ [ကံ အနက်] ကုဏ္ဍတိ၊အလိုရှိ၏။ [ပဓာနကြိယာ]

➢ **ပုညာနိ ကာတဝေ ကုဏ္ဍတိ ဝါကျကို နိယတ်, အနိယတ်ထည့်၍ အနက်ပေး**

ယောပုရိသော၊အကြင်သူတော်ကောင်းသည်။ပုညာနိ၊ကောင်းမှုတို့ကို။ကာတဝေ၊ ပြုတတ်၏။သော ပုရိသော၊ထိုသူတော်ကောင်းသည်။ပုညာနိ၊တို့ကို။ကုဏ္ဍတိ၊အလိုရှိ၏။

➢ **သမာနကတ္တုက အဓိပ္ပါယ်** ။ ။ သော ပုညာနိ ကာတဝေ ကုဏ္ဍတိ-၌ ကာတဝေ ကြိယာ၏အရ ပြုသောသူဟူသည် သော-အရ လူဖြစ်ပင်ဖြစ်၏၊ ကုဏ္ဍတိကြိယာ-အရ အလိုရှိသောသူဟူသည် သော-အရ လူဖြစ်ပင်ဖြစ်၍ ကြိယာနှစ်ပါးပင်ဖြစ်သော်လည်း ကတ္တားမှာ မကွဲမပြား တပါးတည်းသာဖြစ်သောကြောင့် "သမာနကတ္တုက" ဟုဆိုသည်။

➢ **သော ပုညာနိ ကာတဝေ ကုဏ္ဍတိ–၌ သမာနကတ္တုက ဖြစ်ပုံ** ။ ။ သော ပုညာနိ ကာတဝေ ကုဏ္ဍတိ-၌ ကာတဝေ-၏ ကတ္တားသည် သော-ဖြစ်ပါသည်၊ ကုဏ္ဍတိ-၏ ကတ္တား သည်လည်း သော-ပင်ဖြစ်ပါသည်၊ ဤသို့ ကာတဝေကြိယာနှင့် ကုဏ္ဍတိကြိယာတို့ တူ သော ကတ္တားရှိသည်ကို "သမာနကတ္တုက"ဟု ဆိုပါသည်။

➢ **သော ဘတ္တံ ဘောတ္တုံ ကုဏ္ဍတိ–၌ သမာနကတ္တုက ဖြစ်ပုံ** ။ ။ ဤပုံစံ၌ ဘောတ္တုံ ကြိယာ၏အရ စားတတ်သူဟူသည် သော-အရ လူဖြစ်ပင် ဖြစ်၏၊ ကုဏ္ဍတိကြိယာ၏အရ

http://www.dhammadownload.com



အလိုရှိသူဟူသည်လည်း သော-အရ လူဖြစ်ပင်ဖြစ်၍ ကြိယာနှစ်ပါးလုံး၏ ကတ္တားမှာ လူဖြစ်တစ်ခုတည်းသာ ဖြစ်သောကြောင့် "သမာနကတ္တုက" ဖြစ်ပါသည်။ [ သဒ္ဒမဉ္ဇူ သောတို ဂ္ဂဏ္ဍတိ-ပိုစိကိုလည်း နည်းတူမှတ်ပါ။]

➤ **" ရှင်ရဟန်းတို့သည် ပညာဓတော်ကြီးသို့ ရောက်လာ၍ ပညာသင်ရန် မဖျင်းရိကြလင့် "ဟူသော စကားရပ်၌ သမာနကတ္တုကဖြစ်ပုံ** ။ ။ ဤ စကားရပ်၌ ပညာခေတ်ကြီးသို့ ရောက်လာသူသည် ရှင်ရဟန်းပင် ဖြစ်သည်၊ မဖျင်းရိကြလင့် ကြိယာ၏ အရ မဖျင်းရိသူဟူသည် ရှင်ရဟန်းပင် ဖြစ်၍ ကြိယာနှစ်ပါးလုံး၏ ကတ္တားမှာ ရှင်ရဟန်း တစ်ခုတည်းသာ ဖြစ်သောကြောင့် "သမာနကတ္တုက" ဖြစ်ပါသည်။

➤ **ကာတဝေ, ကာတုံ-တို့တို့ နာမ်မငဲ့ခြင်းအကြောင်း** ။ ။ ကာတဝေ, ကာတုံ၌ တဝေ, တုံ ပစ္စည်းဘို့သည် နိပါတ်ပစ္စည်းဖြစ်သောကြောင့် ကိတ် မမည်၊ နိပါတ်ပုဒ်သာ မည်သောကြောင့် နာမ် မငဲ့ရပါ။

➤ **ဝါသဒ္ဒါ၏အနက်** ။ ။ (ဉာသအလို) ဝါသဒ္ဒါသည် သမ္ပိဏ္ဍနအနက်၊
(ဗာလာဝတာရ-အလို) သမုစ္စည်းအနက် ဖြစ်ပါသည်။

➤ **ဝါသဒ္ဒါဆိုရကျိုး** ။ ။ (ဉာသ-အလို) ဝါသဒ္ဒါဖြင့် တဝေပစ္စည်းသာ သက်သည် မဟုတ်၊ တုံပစ္စည်းလည်း သက်သေး၏ဟု ပေါင်းခြင်းအကျိုးရှိပါသည်။

(ဗာလာဝတာရ-အလို) ဝါသဒ္ဒါဖြင့် ကတ္တာယေ ဂ္ဂဏ္ဍတိ,စသော ပြယုဂ်၌ တာယေ ပစ္စည်းသက်ခြင်းကို ဆည်းခြင်းအကျိုးရှိပါသည်။

➤ **ယောဂဝိဘာဂ** ။ ။ တဝေ တုံ-ဟူသော ယောဂဝိဘာဂဖြင့် သုဗုဒ္ဓုံ ဝက္ခာမိ၊ ဘောတ္တုံ ဝဇတိ,စသော ပြယုဂ်တို့၌ ထိုကြိယာ၏ အကျိုးဖြစ်သော အကြောင်းကြိယာ ၌လည်း တုံပစ္စည်းသက်နိုင်ပါသည်။

➤ **တဝေ, တုံပစ္စည်းတို့၏ သက်ရာအနက်** ။ ။ တဝေ, တုံပစ္စည်းတို့သည် ဓာတ် နောင် သမ္ပဒါန်အနက်၌ သက်ပါသော်လည်း ကိတ်အမည်ရှိသောကြောင့် ကတ္တားအနက် (ဝါ) ကတ္တုသာဓနအနက်၌ သက်ပါသည်။

➤ **တဝေ, တုံ ပစ္စည်းဆုံးသော ပုဒ်တို့၏ ဝိဘတ်ဖြူ** ။ ။ စတုတ္ထီဝိဘတ် ဖြစ်ပါသည်။

➤ **တဝေ, တုံ ပစ္စည်းတို့၏ သာဓန,စသည်** ။ ။ တဝေ, တုံ ပစ္စည်းတို့သည် ကတ္တု, ကမ္မ, ဘာဝသာဓန၊ ကာလသာမည၊ (ဝါ) ကာလသုံးပါး၊ အလိင်၊ ဂဏာဝိမုတ်။

---

၅၆၂။ **အရဟသက္ကာဒိသု စ**

အရဟသက္ကာဒိသုစ အတ္တေသု သဗ္ဗဓာတုဟိ တုံပစ္စယော ဟောတိ။

ကော တံ နိန္ဒိတု မရဟတိ၊ သက္ကာ ဇေတုံ ဓနေန ဝါ။ ဝေမညေပိ ယောဇေတဗ္ဗာ။

http://www.dhammadownload.com



* အရဟာသတ္တာဒီသု၊အရဟာအနက်, သတ္တအနက်,စသည်တို့သည်။သန္တေသု၊ရှိကုန်လတ်သော်။သဗ္ဗဓာတူဟိ၊ခပ်သိမ်းကုန်သော ဓာတ်တို့မှ။ ပရေ၌။တုံ့စ၊တုံ့ပစ္စည်းသည်လည်း။ဟောတိ၊ဖြစ်၏။ [ရှ-အလို] အရဟာသတ္တာဒီသုစ၊အရဟာ, သတ္တ, ဘဗ္ဗ, အနုစ္ဆဝိက, အနုရူပ, အစရှိသော အနက်တို့ကို။ပယုဇ္ဇမာနေသု၊ယှဉ်အပ်ကုန်သော်။သဗ္ဗဓာတူဟိ၊တို့မှ။ပရေနောက်၌။တုံ့စ၊တုံ့ပစ္စည်းသည်လည်း။ဟောတိ၊ဖြစ်၏။

(ဝုတ္တိအနက်) * အရဟာသတ္တာဒီသု၊အရဟာ, သတ္တ, အစရှိကုန်သော။အတ္တေသု၊အနက်တို့သည်။သန္တေသုသော်။သဗ္ဗဓာတူဟိ၊တို့မှ။ပရေ၌။တုံ့ပစ္စယောစ၊တုံ့ပစ္စည်းသည်လည်း။ဟောတိ၏။ ။ * တံ၊ထိုသီလ, သုတ, ဂုဏ်ကြွယ်ဝသောသူကို။နိန္ဒိတုံ၊ကဲ့ရဲ့ခြင်းငှာ။အရဟတိ၊ထိုက်ပေအံ့နည်း။ * ဓနေနဝါ၊ဉစ္စာတံစိုး လက်ဆောင်ထိုးသဖြင့်လည်း။ဇေတုံ၊အောင်နိုင်ဖို့ရာ။န သတ္တာ၊မတတ်နိုင်ကောင်း။ ဝေါဉ္ဇုံအတူ၊အညေပိ၊တစ်ပါးသောပုံစံတို့ကိုလည်း။ယောဇေတဗ္ဗာ၊ယှဉ်စေအပ်ကုန်၏။

➢ အာရဟာသတ္တာဒီသု+စ–ဟု ၂–ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➢ **တုံပစ္စည်းသက်နိုင်သော အနက်များ** ။ ။ အရဟာ, သတ္တ, ဘဗ္ဗ, အနုစ္ဆဝိက, အနုရူပ, ကာလ, သမယ, ဝေလာ, ယုတ္တ, လဘတိ, ဝဋ္ဋတိ, ကပ္ပတိအနက် စသည်တို့ဖြစ်ပါသည်။ ➢ **အာဒိ–အရ** ။ ။ ဘဗ္ဗ, အနုစ္ဆဝိက, အနုရူပ, ယုတ္တ, လဘတိ, ဝဋ္ဋတိ, ကပ္ပတိ, စသော အနက်တို့ကို ယူရပါမည်။

➢ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် သမုစ္စည်းအနက် ဖြစ်ပါသည်။

➢ **စသဒ္ဒါ ဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် ကာလော ဘုဥ္ဇိတုံ၊ သမယော ဘုဥ္ဇိတုံ၊ ဝေလာ ဘုဥ္ဇိတုံ ပြယုဂ်တို့ဝယ် ကာလ, သမယ, ဝေလာ,စသော အနက်တို့၌လည်း တုံပစ္စည်းသက်ရခြင်း အကျိုးရှိပါသည်။

➢ **တုံပစ္စည်း၏ သာဓန,စသည်** ။ ။ တုံ-ပစ္စည်းသည် ကတ္တုသာဓန၊ ကာလသာမည၊ အလိင်၊ ဂဏဝိမုတ် ဖြစ်ပါသည်။

---

### ၅၆၃။ ပတ္တဝစနေ အလမတ္ထေသု စ

ပတ္တဝစနေ အလမတ္ထေသု သဗ္ဗဓာတူဟိ တုံပစ္စယော ဟောတိ။

အလမေဝ ဒါနာနိ ဒါတုံ၊ အလမေဝ ပုညာနိ ကာတုံ။

* အလမတ္ထေသု၊အလံ-သဒ္ဒါ၏အနက်တို့တွင်။ပတ္တဝစနေ၊သင့်လျော်လျောက်ပတ်၏ဟူသော အနက်သည်လည်း။သတိ၊ရှိလတ်သော်။သဗ္ဗဓာတူဟိ၊ခပ်သိမ်းကုန်သော ဓာတ်တို့မှ။ပရေနောက်၌။တုံ၊တုံပစ္စည်းသည်။ဟောတိ၊ဖြစ်၏။[ ဝုတ္တိအနက်လွယ်ပြီ]

ဒါနာနိ၊အလှူဝတ္ထုတို့ကို။ဒါတုံ၊ပေးလှူခြင်းငှာ။အလမေဝ၊သင့်လျော်လျောက်ပတ်သည်သာလျှင်တည်း။ * ပုညာနိ၊ကောင်းမှုတို့ကို။ကာတုံ၊ပြုခြင်းငှာ။အလမေဝ၊တည်း။

http://www.dhammadownload.com



➢ ပတ္တာဝစနေ+အလမတ္ထေသု+စ–ဟု ၃–ပုဒ်ရှိသော ပစ္စယပိဓိသုတ်

➢ ဤသုတ်တည်ရကျိုး ॥ ॥ အလံ-သဒ္ဒါ၏ စွမ်းနိုင်ခြင်းအနက်ကို အထူးပြုခြင်း, တန်ဆာဆင်ခြင်း, တားမြစ်ခြင်း အနက်နှစ်ပါးကို နစ်စေခြင်းအကျိုးရှိပါသည်။

➢ ပတ္တဝစနသရုပ်/ပတ္တ–သဒ္ဒါ၏ အနက်များ ॥ ॥ စွမ်းနိုင်ခြင်း, ပြည့်စုံခြင်း, လျောက်ပတ်ခြင်း အနက်တို့ ဖြစ်ပါသည်။

➢ အလမတ္ထသရုပ်/ အလံ–သဒ္ဒါ၏ အနက်များ ॥ ॥ ဘူသန=တန်ဆာဆင်ခြင်း၊ ပရိယတ္တိ=စွမ်းနိုင်ခြင်း၊ နိဝါရဏ=တားမြစ်ခြင်းအနက်တို့ ဖြစ်ပါသည်။

➢ ဤ၌နေရာ၌ ယူရမည့်အနက် ॥ ॥ စွမ်းနိုင်ခြင်းအနက်ကို ယူရပါမည်။

➢ စသဒ္ဒါ၏အနက် ॥ ॥ စသဒ္ဒါသည် ကာလတ္ထေသု-သုတ်မှ တုံပစ္စည်းကို ငင်သောကြောင့် အနုကဍ္ဎနအနက် ဖြစ်ပါသည်။ (နိဒ္ဒေသ)

---

## ၅၆၄။ ပုဗ္ဗကာလေ'က ကတ္တုကာနံ တုန တွာန တွာ ဝါ

ပုဗ္ဗကာလေ ဧကကတ္တုကာနံ ဓာတူနံ တုန တွာန တွာ ဣစ္စေတေ ပစ္စယာ ဟောန္တိ ဝါ။ ။

ကာတုန ကမ္မံ ဂစ္ဆတိ၊ အကာတုန ပုညံ ကိလိဿတိ၊ သုတွာ သုတွာန ဓမ္မံ မောဒန္တိ၊ ရိပုံ ဇိတွာန ဝသတိ၊ ဓမ္မံ သုတွာနဿ ဧတဒဟောသိ၊ ဣတော သုတွာန အမုတြ ကထယန္တိ၊ သုတွာ ဇာနိဿာမ။ ဧဝံ သဗ္ဗတ္ထ ယောဇေတဗ္ဗာ။

* ဧကကတ္တုကာနံ၊တူသော ကတ္တားရှိကုန်သော ရှေ့နောက်ကြိယာတို့တွင်။ ပုဗ္ဗကာလေ၊ရှေ့ကြိယာ၌။ဝတ္တမာနာ၊ဖြစ်သော။ဓာတုမှာ၊ဓာတ်မှ။ပရေနောက်၌။တုန တွာန တွာ၊တုနပစ္စည်း, တွာနပစ္စည်း, တွာပစ္စည်းတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

* ဧကကတ္တုကာနံ၊တူသော ကတ္တားရှိကုန်သော။ဓာတူနံ၊ရှေ့နောက်ကြိယာတို့တွင်။ ပုဗ္ဗကာလေ၊ရှေ့ကြိယာ၌။ဝတ္တမာနာ၊ဖြစ်သော။ဓာတုမှာ၊ဓာတ်မှ။ပရေ၌။တုန တွာန တွာ ဣစ္စေတေ ပစ္စယာ၊တုနပစ္စည်း, တွာနပစ္စည်း, တွာပစ္စည်းတို့သည်။ဝါ၊အချို့။ဟောန္တိ၏။

* ကမ္မံ၊အမှုကို။ကာတုန၊ပြုပြီး၍။ဂစ္ဆတိ၊သွား၏။ * ပုညံ၊ကောင်းမှုကို။အကာတုန၊မပြုကုန်၍။ကိလိဿတိ၊ညစ်ညူး၏။ * သတ္တာ၊သတ္တဝါတို့သည်။ဓမ္မံ၊တရားကို။သုတွာန၊ကြားနာရကုန်၍။မောဒန္တိ၊မွေ့လျော် ဝမ်းမြောက်ကြကုန်၏။ * ရိပုံ၊ရန်သူကို။ဇိတွာန၊အောင်ပြီး၍။ဝသတိ၊နေ၏။ * အဿ၊ထိုသူအား။ဓမ္မံ၊တရားကို။သုတွာန၊ကြားနာရသောကြောင့်။ဧတံ၊ဤအကြံသည်။အဟောသိ၊ဖြစ်ပြီ။ * ဣတော၊ဤမှ။သုတွာန၊ကြားနာရ၍။အမုတြ၊ထို၌။ကထယန္တိ၊ပြောဆိုကုန်၏။ * မယံ၊ငါတို့သည်။သုတွာ၊ကြားရ၍။ဇာနိဿာမ၊သိရကုန်၏။ ဧဝံ၊ဤအတူ။သဗ္ဗတ္ထ၊အလုံးစုံသော ပုံစံတို့၌။ယောဇေတဗ္ဗာ၊ယှဉ်စေကုန်၏။

http://www.dhammadownload.com



➤ ပုဗ္ဗကာလေ+ဧကကတ္တုကာနံ+တုန တွာန တွာ+ဝါ–တု ၄–ပုဒ်ရှိသော တုနာဒိ ပစ္စယဝိဓိသုတ်

➤ ပုဗ္ဗကာလ–အရ ။ ။ ရှေ့ကြိယာကို ယူရပါမည်။

➤ ဧကကတ္တုက အဓိပ္ပါယ် /ဧကကတ္တုက ဖြစ်ပုံ ။ ။ ပုရိသော ကာတုန ကမ္မံ ဂစ္ဆတိ-၌ ကောင်းမှုကိုပြုလုပ်ခြင်း ကာတုနကြိယာ၏ ကတ္တားလည်း ကောင်းမှုပြုသူဖြစ်ပင် ဖြစ်၏၊ သွားခြင်း နောက်ကြိယာဖြစ်သော ဂစ္ဆတိကြိယာ၏ ကတ္တားလည်း ကောင်းမှုပြုသူ (ယောကျ်ား) ဖြစ်ပင်ဖြစ်၍ ကတ္တားတူသောကြောင့် "ဧကကတ္တုက" ဖြစ်ပါသည်။

➤ သတ္ထာ သုတွာန ဓမ္မံ မောဒတိ–၌ ဧကကတ္တုကဖြစ်ပုံ ။ ။ သတ္ထာ သုတွာန ဓမ္မံ မောဒတိ-၌ သုတွာန ကြိယာ၏ ကတ္တားသည် 'သတ္ထာ' ဖြစ်ပါသည်၊ မောဒတိ ကြိယာ၏ ကတ္တားသည်လည်း 'သတ္ထာ'ပင် ဖြစ်ပါသည်၊ ထိုသို့ သုတွာနနှင့် မောဒတိ-ဟူသော ရှေ့နောက်ကြိယာ နှစ်ခုတို့၏ ကတ္တားသည် 'သတ္ထာ' တစ်ခုတည်းပင်ဖြစ်သောကြောင့် "ဧကကတ္တုက" ဖြစ်ပါသည်။

➤ ရိပုံ ဇိတွာန ဝသတိ–၌ ဧကကတ္တုက ဖြစ်ပုံ ။ ။ ရန်သူကိုအောင်နိုင်ခြင်း ဇိတွာန ကြိယာ၏ ကတ္တားလည်း မင်းဖြစ်ပင် ဖြစ်၏၊ နေခြင်း နောက်ကြိယာဖြစ်သော ဝသတိ ကြိယာ၏ ကတ္တားလည်း မင်းဖြစ်ပင်ဖြစ်၍ ကတ္တားတူသောကြောင့် "ဧကကတ္တုက" ဖြစ်ပါသည်။

➤ ပုဗ္ဗကာလ အဓိပ္ပါယ် ။ ။ ကြိယာနှစ်ခုရှိရာတွင် ရှေ့ကြိယာကို ပုဗ္ဗကာလ-ဟု ဆိုပါသည်။ (ပုံစံ) ကာတုန ကမ္မံ ဂစ္ဆတိ-၌ ကာတုနကား ပုဗ္ဗကာလကြိယာ၊ ဂစ္ဆတိ-ကား အပရကာလကြိယာ-တည်း။

➤ ကာတုန ကမ္မံ ဂစ္ဆတိ–၌ ပုဗ္ဗကာလ+ဧကကတ္တုက ဖြစ်ပုံ ။ ။ ဤပုံစံ၌ ပြုခြင်း ကြိယာသည် သွားခြင်းကြိယာမှ ရှေ့ဖြစ်သောကြောင့် ပုဗ္ဗကာလ ဖြစ်ပါသည်။ ဤပုံစံ၌ ပြုသူလည်း သူတော်ကောင်း၊ သွားသူလည်း သူတော်ကောင်းပင်ဖြစ်သောကြောင့် "ဧကကတ္တုက" ဖြစ်ပါသည်။

➤ ဒွါရံ ပိဓာယ နိက္ခမိ–၌ အပရကာလ+ဧကကတ္တုက ဖြစ်ပုံ ။ ။ ဤပုံစံ၌ ပိတ်ခြင်း ကြိယာသည် ထွက်ခြင်းကြိယာမှ နောက်ဖြစ်သောကြောင့် 'အပရကာလ' ဖြစ်ပါသည်။ ဤပုံစံ၌ ပိတ်သူလည်း လူဖြစ်, ထွက်သူလည်း လူဖြစ်ပင် ဖြစ်သောကြောင့် "ဧကကတ္တုက" ဖြစ်ပါသည်။

➤ အန္ဓကာရံ ဟန္တွာ ဥဒိတော ယံ ဒိဝါကရော–၌ သမာနကာလ ဖြစ်ပုံ

ဤပုံစံ၌ နေမင်း၏ထွက်ခြင်း, အမိုက်မှောင်ကို ပယ်ဖျောက်ခြင်း ကြိယာနှစ်ပါးသည် တစ်ပြိုင်တည်းဖြစ်သောကြောင့် "သမာနကာလ" ဖြစ်ပါသည်။

F14-A

http://www.dhammadownload.com



➤ **သိတံ စိဿာ ဘယံ ဟောတိ–၌ နာနာကတ္တုကဖြစ်ပုံ ॥** ဤပုံစံ၌ မြင်ခြင်း ကြိယာ၏ ကတ္တားသည် ယောကျ်ား,စသော သူဖြစ်ခြင်း, ဖြစ်ခြင်းကြိယာ၏ ကတ္တားသည် ကြောက်လန့်ခြင်းဖြစ်သောကြောင့် "နာနာကတ္တုက" ဖြစ်ပါသည်။

➤ **အပတ္တာ နဒီ ပဗ္ဗတော–၌ ပရပဒယောဂဖြစ်ပုံ ॥** ဤပုံစံ၌ အပတ္တာ-ဟူသော ရှေ့ကြိယာ၏ ပဗ္ဗတော-ဟူသော ပုဒ်နောက်၌ ထည့်ရမည်ဖြစ်သောကြောင့် ဘဝတိ, ဟောတိ,စသော ကြိယာနှင့် ယှဉ်ခြင်းသည် "ပရပဒယောဂ" ဖြစ်ပါသည်။

➤ **တူန, တွာန, တွာ ပစ္စည်းသက်ရာ (၅) ဌာန/တူနာဒိပစ္စည်းသက်ရာဌာန**

(၁) ပုဗ္ဗကာလကြိယာ၊ (၂) အပရကာလကြိယာ၊ (၃) သမာနကာလကြိယာ၊ (၄) လက္ခဏအနက်၊ (၅) ဟိတ်အနက်တို့ ဖြစ်ပါသည်။

➤ **သုတွာ ဇာနိဿာမ–၌ တွာပစ္စည်း၏ အနက် ॥** သုတွာ ဇာနိဿာမ-၌ တွာ ပစ္စည်းသည် လက္ခဏအနက်၌ သက်ပါသည်။

➤ **လက္ခဏ အဓိပ္ပါယ် ॥** သီဟံ ဒိသွာ ဘယံ ဟောတိ-၌ ဒိသွာ-သည် ကြောက်ခြင်း ကြိယာကို မှတ်သားကြောင်းဖြစ်သောကြောင့် "လက္ခဏ" မည်ပါသည်။

➤ **ဟေတု အဓိပ္ပါယ် ॥** ယတံ ပိတွာ ဗလံ ဇာယတေ-၌ ပိတွာ-သည် ဇာယတေ-ဟူသော ပဓာနကြိယာ၏ အကြောင်းဖြစ်သောကြောင့် "ဟေတု" မည်ပါသည်။

➤ **အနက်ပေးမှတ်ဖွယ် ॥** ပုရိသော၊၏။ယတံ၊ထောပတ်ကို။ပိတွာ၊သောက်ခြင်း ကြောင့်။ဗလံ၊အားသည်။ဇာယတေ၊ဖြစ်၏။-- ဤ၌ ပိတွာ-၏ ကတ္တားကား ပုရိသော-တည်း၊ ဇာယတေ-၏ ကတ္တားကား ဗလ-တည်း၊ ဤသို့ ကြိယာနှစ်ခု ကတ္တားကွဲနေခဲ့သော် တွာပစ္စယန္တပုဒ်၏ ကတ္တားဖြစ်သော 'ပုရိသော' ကို 'ယောကျ်ား၏' ဟု သမ္ဗန်အနက်ပေး၍ တွာပစ္စယန္တပုဒ် 'ပိတွာ' ကို 'ကြောင့်' ဟု အနက်ပေးရမည်။

နိယံ / ကတ္တားကွဲဘိ၊ မတူရှိသော်၊ မိမိကတ္တား၊ သမ္ဗန်ထား၍၊ ဖြစ်ငြားဟိတ်မှာ၊ သက်တို့လာသည်၊ တွာဒိပစ္စည်း သဘောတည်း။ (ဘုရားကြီးနိယံ)

➤ **ဝါသဒ္ဒါ၏ အနက် ॥** ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ဖြစ်ပါသည်။

➤ **ဝါသဒ္ဒါဆိုရကျိုး ॥** ဝါသဒ္ဒါဖြင့် တုန,ပစ္စည်းသည် အချို့သော ဓာတ်နောင် သာ သက်နိုင်၍ နည်းပါးလှသည်ဟု ပိုင်းခြားခြင်းအကျိုး ရှိပါသည်။

➤ **ဝါသဒ္ဒါဖြင့် ဝိဓိနှစ်ပါး ပိုင်းခြားပုံ ॥** ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ရှိသောကြောင့် ကရ, သု, ဒါ, ဒိသ, ဇိ, ဂမု, ခနု, ဟန, မန,စသော ဓာတ်တို့၌ ရံခါ တုန ပစ္စည်းသက်၍ ရံခါ တုနပစ္စည်း မသက်ဘဲ တွာန, တွာပစ္စည်းတို့ သက်ရခြင်း အနိစ္စ ဝိဓိ၊ ပါ, ကီ, ဇိ, စုရ,စသော ဓာတ်တို့၌ တုနပစ္စည်း လုံးဝ မသက်ရ တွာန, တွာပစ္စည်း သက်ရခြင်း အသန္တဝိဓိကို ပိုင်းခြားပြပါသည်။

http://www.dhammadownload.com



➤ **ပုဗ္ဗကာလေ–သဒ္ဒါ ထည့်ဆိုရကျိုး / ပဋ္ဌတိ, ပစတိ–တို့၌ တုန,စသော ပစ္စည်းများ မသက်ရခြင်းအကြောင်း** ။ ။ [သော၊ထိုသူသည်။ပဋ္ဌတိ၊ရွတ်၏။ပစတိ၊ချက်၏-ဟူသော ပုံစံ၌ တစ်ခုသော ကတ္တားရှိပါသော်လည်း] ရွတ်မှုကြိယာ, ချက်မှုကြိယာတို့၏ တပြိုင်နက်ဖြစ်ရကား ရှေ့ကြိယာ၏အဖြစ် မရှိသောကြောင့်-တုနပစ္စည်း မသက်ရခြင်း အကျိုးရှိပါသည်။ /တုန,စသော ပစ္စည်းများ မသက်ရပါ။

➤ **ဘုတ္တွေ ဒေဝဒတ္တေ ယညဒတ္တော ဝဇတိ–၌ တုန,စသော ပစ္စည်း မသက်ရခြင်း အကြောင်း / ဧကကတ္တုကာနံ–သဒ္ဒါ ထည့်ဆိုရကျိုး** ။ ။ ဤပုံစံ၌ ဘုတ္တွေ-သည် ရှေ့ကြိယာဖြစ်သော်လည်း ထိုဘုတ္တွေ-ဟူသော ရှေ့ကြိယာ၏ ဒေဝဒတ္တေ-ဟူသော ကတ္တားသည် ဝဇတိ-ဟူသော အပရကြိယာ၏ ကတ္တားနှင့် တစ်ခုတည်း မဖြစ်သောကြောင့် -- ဘုတ္တွေ-၌ တုန,စသော ပစ္စည်း မသက်ရပါ။/ ဘုတ္တွေ-၌ တုန,စသော ပစ္စည်း မသက်ရခြင်း အကျိုးရှိပါသည်။

မေး ။ ။ အပတွာန နဒီ ပဗ္ဗတော၊ အတိက္ကမ္မ ပဗ္ဗတံ နဒီ စသည်တို့၌ အပရကာလ မရှိသဖြင့် အပတွာန, အတိက္ကမ္မ-တို့သည် အဘယ်သို့လျှင် နောက်ကြိယာနှင့် ဧကကတ္တုက ဖြစ်နိုင်ပါသနည်း။

* [ဘူ ကရာ သဗ္ဗ ဓာတွတ္ထ ဗျာပကာနှင့်အညီ အကမ္မကအရာတိုင်း၌ ဘူဓာတ်၏ အနက် ပါဝင်နိုင်ရကား ] ဘဝတိ-ဟူသော ကြိယာနှင့် စပ်ခြင်းကြောင့်-- ဧကကတ္တုက ဖြစ်နိုင်ပါသည်။

➤ **အပတွာန နဒီ ပဗ္ဗတော၊ အတိက္ကမ္မ ပဗ္ဗတံ နဒီ စသည်တို့၌ အပရကာလ ကြိယာ မရှိသော်လည်း ပုဗ္ဗကာလကြိယာ ဖြစ်နိုင်ခြင်းအကြောင်း** ။ ။ [ ဘူ ကရာ သဗ္ဗ ဓာတွတ္ထ ဗျာပကာနှင့်အညီ အကမ္မကအရာတိုင်း၌ ဘူဓာတ်၏အနက် ပါဝင်နိုင်ရကား] ဘဝတိ-ဟူသော ကြိယာနှင့် စပ်ခြင်းကြောင့်-- ပုဗ္ဗကာလကြိယာ ဖြစ်နိုင်ပါသည်။

➤ **ကာတုန ကမ္မံ ဂစ္ဆတိ–၌ အပ္ပဓာန+ပဓာန+ဝိသေသန+ဝိသေသျခွဲပုံ**

ပြုခြင်းကြိယာသည် သွားခြင်းကြိယာကိုငဲ့နေ၍ မပြဋ္ဌာန်းသောကြောင့် အပ္ပဓာန ကြိယာ မည်၏။ သွားခြင်းကြိယာသည် ကြိယာတစ်ပါးကို မငဲ့ရ၍ ပြဋ္ဌာန်းသောကြောင့် ပဓာနကြိယာ မည်၏။ ပြုခြင်းကြိယာသည် နောက်၌သွားခြင်းကြိယာကို အထူးပြုတတ်သောကြောင့် ဝိသေသန မည်၏။ သွားခြင်းကြိယာသည် ပြုခြင်းကြိယာဖြင့် အထူးပြုအပ်သောကြောင့် ဝိသေသျ မည်၏။

➤ **တုန တွာန တွာ–ဟု သုတ်ခွဲ၍ ထည်ရကျိုး /ယောဂဝိဘာဂ** ။ ။ တုန တွာန တွာ-ဟူသော ယောဂဝိဘာဂဖြင့် ပုဗ္ဗကာလ-မှတစ်ပါး အပရကာလ, သမာနကာလ, လက္ခဏ, ဟေတုအနက်တို့၌ တွာန, တွာပစ္စည်း သက်ရခြင်းအကျိုးရှိပါသည်။

➤ **ကာတုန–၌ နာမ်မငဲ့ရခြင်းအကြောင်း** ။ ။ နိပါတ်ဖြစ်သောကြောင့် နာမ် မငဲ့ရ

http://www.dhammadownload.com



ပါ။ [ သိသက်၍ သဗ္ဗာသမာဝုသော-သုတ်ဖြင့် သိကိုချေပါ။ ]

➤ **တုန, တွာန, တွာပစ္စည်းတို့၏ သာဓနစသည်** ။ ။ တုန, တွာန, တွာပစ္စည်းတို့သည် [ဓာတ်နောင် ပုဗ္ဗကာလကြိယာ-ဟု ဆိုအပ်သော ဘောအနက်၌ သက်ငြားသော်လည်း နိပ္ဖန္နပြီးသောအခါ ] ကိတ်အမည်ရှိသောကြောင့်ရှင်း, ပုဗ္ဗကာလေကကတ္တုကာန် တုန တွာန တွာဝါ-သုတ်၌ ဧကကတ္တုကာနံ-ဟု ဆိုသောကြောင့်ရှင်း, ကတ္တုသာဓန၊ အလိင်၊ ဂဏာဝိမုတ် ဖြစ်ပါသည်။

## ၅၆၅။ ဝတ္တမာနေ မာနန္တာ

ဝတ္တမာနေ ကာလေ သဗ္ဗဓာတူဟိ မာန အန္တ ဣစ္စေတေ ပစ္စယာ ဟောန္တိ။

သရမာနော ရောဒတိ၊ ဂစ္ဆန္တော ဂဏှာတိ။

* ဝတ္တမာနေ၊ပစ္စုပ္ပန်ကာ သည်၌။ (ဝါ) ဖြစ်ဆဲ, ဖြစ်တုန်း, မပြီးဆုံးသေးသော ကာလ၌။သဗ္ဗဓာတူဟိ၊ခပ်သိမ်းကုန်သော ဓာတ်တို့မှ။ပရေနောက်၌။မာနန္တာ၊မာနပစ္စည်း, အန္တပစ္စည်းတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။ ။ * ဝတ္တမာနေ ကာလေ၊ပစ္စုပ္ပန်ကာလ၌။ သဗ္ဗ ဓာတူဟိ၊တို့မှ။ပရေ၌။မာန အန္တ ဣစ္စေတေ ပစ္စယာ၊မာနပစ္စည်း, အန္တပစ္စည်းတို့သည်။ ဟောန္တိ၊ကုန်၏။ ။ * သရမာနော၊အောက်မေ့ဆဲသောသူသည်။ရောဒတိ၊ငိုကြွေး၏။ ဂစ္ဆန္တော၊သွားဆဲသော သူသည်။ဂဏှာတိ၊ယူ၏။

➤ ဝတ္တမာနေ+မာနန္တာ(မာန+အန္တာ) –ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ **ဝတ္တမာန် အဓိပ္ပါယ်** ။ ။ သွားခြင်းကြိယာကို စ၍ အားထုတ်ပြီးနောက် အားလုံး မပြီးသေးသော ကြိယာသည် "ဝတ္တမာန်" မည်၏။ (တစ်နည်း) အားထုတ်ဆဲဖြစ်၍ မပြီး ဆုံးသေးသော ပစ္စုပ္ပန်ကာလသည် "ဝတ္တမာန်" မည်၏။

➤ **ဝတ္တမာန–သဒ္ဒါ ထည့်ဆိုရကျိုး** ။ ။ မာနပစ္စည်း, အန္တပစ္စည်းတို့၏ များသော အားဖြင့် ပစ္စုပ္ပန်ကာလ၌ သက်ခြင်းကို သိစေခြင်းအကျိုးရှိပါသည်။

➤ **မာန, အန္တပစ္စည်းနောင်းရာ၌ ဝိကရဏပစ္စည်းများ သက်နိုင်ခြင်းအကြောင်း**

ပရသမညာ ပယောဂေ-ဟု ပရိဘာသာလာသောကြောင့်ရှင်း, ပရသမညာ၏ အစွမ်းဖြင့် မာန, အန္တပစ္စည်းတို့သည် ပရဿပုဒ်အမည်, အတ္တနောပုဒ်အမည် ရသော ကြောင့်ရှင်း မာန, အန္တပစ္စည်းနောင်းရာ၌ ဝိကရဏပစ္စည်းများ သက်နိုင်ပါသည်။

➤ **မာန, အန္တပစ္စည်းတို့၏ သက်ရာအနက် /သာဓန** ။ ။ မာနပစ္စည်းသည် ပရ သမညာ၏အစွမ်းဖြင့် အတ္တနောပုဒ်မည်ခြင်းကြောင့် ဘော, ကံ, ကတ္တားအနက် သုံးပါး ၌ သက်နိုင်ပါသည်။

– အန္တ-ပစ္စည်းသည် ပရဿပုဒ်မည်ခြင်းကြောင့် ကတ္တားအနက်၌သာ သက်ပါသည်။ (တစ်နည်း) မာန, အန္တပစ္စည်းတို့သည် ကိတ်အမည်ရသောကြောင့်ရှင်း, ကတ္တရိ ကိတ်-

http://www.dhammadownload.com



ဟု ပရိဘာသာလာသောကြောင့်ရင်း, ကတ္တားအနက် (ဝါ) ကတ္တုသာဓန ဖြစ်ပါသည်။

➤ **မာန, အန္တပစ္စည်းတို့၏ ဆက်ရာကာလ ။ ။** ဝတ္တမာနေ မာနန္တာ-သုတ်ကို ထောက်၍ ပစ္စုပ္ပန်ကာလ ဖြစ်ပါသည်။

➤ **မာနန္တာ-ဟု သုတ်ခွဲ၍ တည်ရကျိုး /ယောဂဝိဘာဂ ။ ။** မာနန္တာ-ဟူသော ယောဂဝိဘာဂဖြင့် အတိတ်ကာလ, အနာဂတ်ကာလ၌လည်း မာန, အန္တပစ္စည်းများ သက်နိုင်ခြင်းအကျိုး ရှိပါသည်။

➤ **ဂစ္ဆန္တော, ဂစ္ဆန္တာ-တို့၌ န္တ-သဒ္ဒါကို အံ-မပြုနိုင်ခြင်းအကြောင်း ။ ။** သိမှိ ဂစ္ဆန္တာ ဒိနံ န္တသဒ္ဒေါ အံ-သုတ်သို့ လိုက်လာသော ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ရှိသောကြောင့် ဧ,အက္ခရာ ပြ,အက္ခရာနှောင်းရာ၌ န္တ-သဒ္ဒါ၏ အံ,အပြု မဖြစ်နိုင်သော ကြောင့်--ဂစ္ဆန္တော, ဂစ္ဆန္တာ-တို့၌ န္တ-သဒ္ဒါကို အံ-မပြုနိုင်ပါ။

မေး ။ ။ မာန, အန္တပစ္စည်းနှစ်မျိုးတို့တွင် ပြောင်းလဲနိုင်သည့် ပစ္စည်းကို ယုတ္တိပြ၍ ဖြေဆိုပါ။ ➤ **မာနပစ္စည်းကို 'အန္တ' ပြန်လျှင် ရနိုင်ပုံ**

အချို့သောအရာ၌ အတ္တနောပုဒ်ဝိဘတ်ကို ပရဿပုဒ်ပြုရသကဲ့သို့ မာန, အန္တ ပစ္စည်း နှစ်မျိုးတို့တွင် အချို့သော ယာဝတတိယံ သမနုဘာသန္တဿ,စသော ပြယုဂ်တို့၌ မာနပစ္စည်းသည် အန္တပစ္စည်းအဖြစ် ပြောင်းလဲနိုင်ပါသည်။

➤ **မာနပစ္စည်းသည် ကံအနက်ကိုသာ ဟောပါသလော?**

မာနပစ္စည်းသည် ဘော, ကံ, ကတ္တား သုံးပါးလုံးကို ဟောပါသည်။

မေး ။ ။ အန္တပစ္စယန္တ ဂစ္ဆံ, ဘဝံ, ကုဗ္ဗံ-သဒ္ဒါတို့သည် ပုလ္လိင်ဝယ် သိဝိဘတ်ဖြင့် အဘယ်သို့ ရုပ်ပြီးပါသနည်း။ ပုဒ်ပြီး နိပ္ဖန္နမျှသာ ဖော်ပြပါ။

ဖြေ ။ ။ ဂစ္ဆံ, ဘဝံ, ကုဗ္ဗံ-သဒ္ဒါတို့သည် ပုလ္လိင်ဝယ် သိဝိဘတ်ဖြင့် ဂစ္ဆတိ၊ ဂစ္ဆန္တိ၊ ဘောတိ၊ ကုဗ္ဗတိ၊ ကုဗ္ဗန္တိ-တို့ ဖြစ်ပါသည်။

---

## ၅၆၆။ သာသာဒီဟိ ရတ္တု

သာသ ဣစ္စေဝမာဒီဟိ ဓာတူဟိ ရတ္တုပစ္စယော ဟောတိ။

သာသတီတိ သတ္ထာ၊ သာသတိ ဟိံသတီတိ ဝါ သတ္ထာ။

* သာသာဒီဟိ၊သာသ, အစရှိကုန်သော ဓာတ်တို့မှ။ပရေနောက်၌။ရတ္တု၊ရတ္တုပစ္စည်းသည်။ဟောတိ၊ဖြစ်၏။ ။ * သာသ ဣစ္စေဝမာဒီဟိ ဓာတူဟိ၊သာသ,အစရှိသော ဓာတ်တို့မှ။ပရေ၌။ရတ္တုပစ္စယော၊ရတ္တုပစ္စည်းသည်။ဟောတိ၊၏။ ။ ဒေဝမနုဿေ၊နတ်လူတို့ကို။သာသတိ၊ဆုံးမတတ်၏။ဣတိ၊ဤအကြောင်းကြောင့်။သတ္ထာ၊ဆရာမည်၏။ဝါ၊တစ်နည်းကား။ကိလေသေ၊ကိလေသာတို့ကို။သာသတိ ဟိံသတိ၊ညှဉ်းဆဲတတ်၏။ဣတိ၊ဤအကြောင်းကြောင့်။သတ္ထာ၊ဆရာမည်၏။

http://www.dhammadownload.com



➤ သာသာဒိတ်+ရတ္တ-ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဝိသုတ်

➤ **သာဒိ-ဆရ** ॥ ॥ သသဓာတ်ကို ယူရပါမည်။

* ပရေ၊နောက်ဖြစ်သော။တပစ္စယေ၊တ,ပစ္စည်းကြောင့်ရှင်း။တိမှိစ၊တိပစ္စည်းကြောင့် ရှင်း။ဌာ ပါ ဣစ္စေတေသံ ဓာတူနံ၊ဌာဓာတ်, ပါဓာတ်တို့၏။အန္တဿ၊အစိတ်ဖြစ်သော။ အာကာရဿ၊အာ,အက္ခရာ၏။ဣကာရ ဤကာရာဒေသာ၊ဣပြု, ဤပြုတို့သည်။ဟောန္တိ၊ ကုန်၏။ ။ * ယတြ၊အကြင်အရပ်၌။ဋ္ဌိတော၊ရပ်တည်၏။ဋ္ဌိတိ၊ရပ်တည်ခြင်း။ * ပီတော၊ သောက်၏။ပီတိ၊သောက်ခြင်း။

➤ ဌာပါနံ+ဣဤ+စ–ဟု ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **လိုက်ပုဒ်** ။ ။ ဤသုတ်သို့ ဇနာဒီနမာတိမှိစ-သုတ်မှ အာ, တိမှိ, စ,သဒ္ဒါတို့လိုက်၏။

➤ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် သမုစ္စည်းအနက် ဖြစ်ပါသည်။

➤ **စသဒ္ဒါ ဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် ဋ္ဌိတဝါ, အဓိဋ္ဌတွာ, ပီတဝါ, ပီတွာ ပုံစံတို့၌ တပစ္စည်း, တိပစ္စည်းတို့မှတစ်ပါး တဝန္တုပစ္စည်း, တွာပစ္စည်း, စသည်နှောင်းရာ၌လည်း ဌာဓာတ်, ပါဓာတ်တို့၏ အဆုံးအာကို ဣပြု, ဤပြုရခြင်း အကျိုးရှိပါသည်။

➤ **နိမိတ်ဖြစ်သင့်သော ပစ္စည်းများ** ။ ။ တ, တိ, တဝန္တု, တာဝီ, တွာန, တွာပစ္စည်း တို့ ဖြစ်ပါသည်။

## ၅၈၉။ ဟန္တေဟိ ဟော ဟဿ ဠော ဝါ အဒဟ နဟာနံ

ဟကာရန္တေဟိ ဓာတူဟိ တပစ္စယဿ ဟကာရာဒေသော ဟောတိ၊ ဟကာရဿ ဓာတွန္တဿ ဠော ဟောတိ ဝါ အဒဟ နဟာနံ။

အာရုဟိတ္ထာတိ အာရူဠှော၊ ဂါဠှော၊ ဗာဠှော၊ မူဠှော။

အဒဟ နဟာနမိတိ ကိမတ္ထံ? ဒယှတီတိ ဒဍ္ဎော၊ သံ သုဋ္ဌု နယှတီတိ သန္နဒ္ဓေါ။

http://www.dhammadownload.com



* အဒဟ နဟာနံ၊ဒဟဓာတ်, နဟဓာတ် မဟုတ်ကုန်သော ဓာတ်အများတို့တွင်။ (ဝါ) ဒဟဓာတ်, နဟဓာတ် မဟုတ်ကုန်သော။ဟန္တေဟိ၊ဟ, အဆုံးရှိသော ဓာတ်တို့မှ။ ပရဿ၊နောက်ဖြစ်သော။တဿ၊တ,ပစ္စည်း၏။ဟော၊ဟပြုသည်။ဟဿ၊ဓာတွန်ဟ၏။ ဠော၊ဠပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ * အဒဟ နဟာနံ၊တို့တွင်။(ဝါ) ကုန်သော။ ဟကာရန္တေဟိ၊ဟ,အက္ခရာ အဆုံးရှိကုန်သော။ဓာတူဟိ၊ဓာတ်တို့မှ။ပရဿ၊နောက်ဖြစ် သော။တပစ္စယဿ၊တ,ပစ္စည်း၏။ဟကာရာဒေသော၊ဟပြုသည်။ဟောတိ၊၏။ဓာတွန္တဿ၊ ဓာတ်၏အစိတ်ဖြစ်သော။ဟကာရဿ၊ဟ,အက္ခရာ၏။ဠော၊ဠပြုသည်။ဝါ၊အချို့၊ဟောတိ။

အာရုဟိတ္တ၊တက်ပြီး။ဣတိ၊ဤအကြောင်းကြောင့်။အာရုဠှော၊မည်၏။ ဂါဠှော၊သိနိုင် ခဲ၏။ ဗာဠှော၊ကြီးပွား၏။ မူဠှော၊တွေဝေ၏။ * အဒဟ နဟာနမိတိပဒံ၊အဒဟ နဟာန ဟူသော ပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ဒယှတိ၊ပူလောင်အပ်၏။ဣတိ၊ကြောင့်။ ဒဍ္ဎော၊မည်၏။သံသုဋ္ဌု၊ကောင်းစွာ။နယှတိ၊ဖွဲ့အပ်၏။ဣတိ၊ကြောင့်။သန္နဒ္ဓော၊မည်၏။

➤ ဟန္တေဟိ+ဟော+ဟဿ+ဠော+ဝါ+အဒဟ နဟာနံ–ဟု ၆–ပုဒ် အာဒေသပိဋ္ဌိသုတ်

➤ **ဤသုတ်က တားမြစ်သောသုတ် - ဝေဘာဟေဟိ ဓောစ-သုတ် ဖြစ်ပါသည်။**

➤ **ဟန္တေဟိ–အရ / ဟကာရန္တဓာတ်များ/ ပဋိမိနိမိတ်ဖြစ်သင့်သော ဓာတ်**

အဒဟ နဟာနံပုဒ်ကိုထောက်၍ အာပုဗ္ဗ ရုဟဓာတ်, ဂါဟုဓာတ်, ဗဟဓာတ်, မုဟ ဓာတ်, ဂုဟဓာတ်, ဝဟဓာတ်တို့ ဖြစ်ပါသည်။ ➤ **ဟန္တေဟိ–အရတွင် မပါဝင်သော ဓာတ်** ။ ။ ဝေဘာဟေဟိ ဓောစ-သုတ်ကိုထောက်၍ ဒဟဓာတ်, နဟဓာတ်တို့ ဖြစ်သည်။

➤ **အဒဟ နဟာနံ–ဟု ဝိသေသန 'မ' ရခြင်းအကြောင်း** ။ ။ ဟန္တေဟိ-အရ ဟ, အဆုံးရှိသော ဓာတ်ဟူသမျှကို ယူမည်စိုးသောကြောင့်-- တည်း။

➤ **ဒဟဓာတ်နှင့် နဟဓာတ်ကိုသာ ကြဉ်ရခြင်းအကြောင်း** ။ ။ ဓာတွန်ဟကို ဠပြု ခြင်း အစီအရင်သည် ထိုဓာတွန်ဟ၏ 'ပ' ပြုခြင်း အစီအရင်ကို တားမြစ်သောကြောင့် ဒဟဓာတ်နှင့် နဟဓာတ်ကိုသာ ကြဉ်ရပါသည်။ [ဝေဘာဟေဟိ ဓောစသုတ်ကိုထောက်]

➤ **ဤသုတ်တည်ရကျိုး** ။ ။ ဝေ ဘာဟေဟိ ဓောစ-သုတ်သည် ဟ,အဆုံးရှိသော ဓာတ်နောင် တ,ပစ္စည်းကို 'ဓ, ပ' ပြုဟုဆိုထားသဖြင့် ထိုသုတ်၏ 'ပ' အပြုကို တားမြစ် ခြင်း အကျိုးငှာ ဤသုတ်ကို တည်ရပါသည်။/ဆိုရပါသည်။

➤ **'ဟ' ကို 'ဠ' ပြုရမည့် အက္ခရာ/ဓာတွန် 'ဟ'ကိုသာ 'ဠ' ပြုရခြင်းအကြောင်း**

ဟန္တေဟိ ဠောဟု မဆိုဘဲ ဟန္တေဟိ ဟော-ဟုသာ ဆိုသောကြောင့် ဓာတွန် 'ဟ' ကိုသာ 'ဠ' ပြုရပါသည်။

➤ **ဤသုတ်ဖြင့် တ,ပစ္စည်းကိုသာ ဟ,ပြုနိုင်ပါသလော?**

မဟုတ်ပါ။ ရုဟာနံ ရုဠှိ ပြယုဂ်၌ တိပစ္စည်း၏ တ,အက္ခရာကိုလည်း ဟ,ပြုနိုင်သည်။

http://www.dhammadownload.com



➤ **ဟ,မပြုရမည့် နေရာ ဌာန** ။ ။ ဓာတ်နှင့်ပစ္စည်း အကြားဝယ် တစ်စုံတစ်ခု မခြား မကွယ်သည့်နေရာ၌ တ,ပစ္စည်းကို 'ဟ' ပြုနိုင်ပါသည်။

➤ **ဂဟိတံ, မဟိတံ ပြယုဂ်တို့၌ တ,ပစ္စည်းကို ဟ, မပြုရခြင်းအကြောင်း**

ဂဟိတံကား- ဂဟဓာတ်, ဣအာဂုံ, တပစ္စည်း၊ မဟိတံကား- မဟဓာတ်, ဣအာဂုံ တပစ္စည်း ဖြစ်၍ ဂဟဓာတ်, မဟဓာတ်နှင့် တပစ္စည်း အကြား၌ ဣအာဂုံခြားနေသောကြောင့် တ,ပစ္စည်းကို ဟ, မပြုရပါ။

➤ **အာရူဠှော/အာရုဠှော ပါဠ်အဆုံးအဖြတ်** ။ ။ လဋ္ဌာန မဝိသေသော-ဟု ရူပသိဒ္ဓိ-၌ ဆိုသောကြောင့် နှစ်ပါဌ်လုံး မှန်ပါသည်။

➤ **ဝါသဒ္ဒါ၏အနက်** ။ ။ ဝါသဒ္ဒါသည် ဝိကပ်အနက် ဖြစ်ပါသည်။

➤ **ဝါသဒ္ဒါ ဆိုရကျိုး** ။ ။ ဝါသဒ္ဒါဖြင့် ဒုဋ္ဌော, သိနိဒ္ဓော,စသော ပြယုဂ်တို့၌ တ,ပစ္စည်း၏ ဟပြုခြင်း, ဓာတွန်ဟ၏ ဋပြုခြင်းကို နစ်စေခြင်းအကျိုး ရှိပါသည်။

➤ **ကိတ် တတိယပိုင်းလာ တ,ပစ္စည်း၏ ကာရိယများ** ။ ။ စွ, ဋ္ဌ, ရိဋ္ဌ, ဋ္ဌ, ဍဍ္ဎ, ဓ, ပ, ဂ္ဂ, ဒွေဘာဝ, ဣဏ္ဏ, ဣန္န, အန္န, ဉ္ဇဏ, ကွ, ဏ္ဏ, န္တ, ဏ္ဍ, ဟ, တို့ဖြစ်ပါသည်။

➤ **တ,ပစ္စည်းနှင့် တိပစ္စည်း နိမိတ်အဖြစ် ဆောင်ရွက်ခဲ့သော ကာရိယများ**

ဝဿ ဝါဝု-သုတ်ကိုထောက်၍ ဝသဓာတ်၏ ဝ,အက္ခရာကို ဥပြုခြင်း၊ ဝစ ဝါဝု-သုတ်ကိုထောက်၍ ဝစဓာတ်၏ ဝ,အက္ခရာကို ဥပြုခြင်း၊ ဇနာဒီန မာတိမှိစ-သုတ်ကိုထောက်၍ ဓာတွန်န,ကို အာပြုခြင်း၊ ဂမ ခန ဟန ရမာဒီနမန္တော-သုတ်ကိုထောက်၍ ဓာတွန်ဗျည်းကိုချေခြင်း၊ ရကာရောစ-သုတ်ကိုထောက်၍ ဓာတွန်ရ,ကို ချေခြင်း၊ ဌာပါန မိဤစ-သုတ်ကိုထောက်၍ ဌာဓာတ်, ပါဓာတ်တို့၏ အဆုံးအာကို ဣပြု, ဤပြုခြင်း။

➤ **ဓာတွန်ဗျည်းကို ချေသောသုတ်များ** ။ ။ ဘုဇာဒီနမန္တော နော ဒွိစ၊ ဝစ ဝါဝု၊ ဂုပါဒီနဉ္စ၊ တရာဒီဟိ ဣဏ္ဏော၊ ဘိဒါဒိတော ဣန္န အန္န ဤဏာဝါ၊ သုသ ပစ သကတော က္ခက္ကာစ၊ ပက္ကမာဒီဟိ န္တောစ၊ ဂမ ခန ဟန ရမာဒီနမန္တော၊ ရကာရောစ။

**ကိတ် တတိယပိုင်း ပြီး၏။**

❀ ❀ ❀ ❀ ❀ ❀ ❀ ❀ ❀ ❀

**ကိတ် စတုတ္ထကဏ္ဍ**

**၅၉၀။ ဏမှိ ရန္ဓဿ ဇော ဘာဝကရဏေသု**

ဏမှိ ပစ္စယေ ပရေ ရန္ဓ ဣစ္စေတဿ ဓာတုဿ အန္တဘူတဿ န္ဓကာရဿ ဇောအာဒေသော ဟောတိ ဘာဝကရဏေသု။

ရဥ္စနံ ရာဂေါ၊ ရဉ္စန္တိ ဧတေနာတိ ရာဂေါ။

ဘာဝကရဏေသူတိ ကိမတ္ထံ? ရဉ္ဇတီတိ ရင်္ဂေါ။

http://www.dhammadownload.com



* ဘာဝကရဏေသု၊ဘောအနက်, ကရိုဏ်းအနက်တို့၌။ဝိဟိတော၊စီရင်အပ်သော။ ဏာမို၊ဏပစ္စည်းကြောင့်။ (ဝါ) ဏ,အနုဗန်ရှိသော ပစ္စည်းကြောင့်။ရန္ဓသ၊ရန္ဓဓာတ်၏ အစိတ် နွ၏။ဓော၊ဇပြုသည်။ဟောတိ၊ဖြစ်၏။ ။* ဘာဝကရဏေသု၊တို့၌။ဝိဟိတော၊သော။ ပရေ၊နောက်ဖြစ်သော။ဏာမို ပစ္စယေ၊ဏပစ္စည်းကြောင့်။ရန္ဓ ဣစ္စေတသ္မ ဓာတုသ၊ရန္ဓ ဓာတ်၏။အန္တဘူတသ၊အစိတ်ဖြစ်၍ဖြစ်သော။န္ဓကာရဿ၊န္ဓ,အက္ခရာ၏။ဇော၊အာဒေ သော၊ဇပြုသည်။ဟောတိ၏။ ။ * ရဥ္စနံ၊တပ်စွဲခြင်း။ရာဂေါ၊တပ်စွဲခြင်း။ * တေန၊ထို လောဘဖြင့်။ (ဝါ) ထိုဆိုးရည်ဖြင့်။ရန္ဓန္တိ၊တပ်စွဲကြကုန်၏။ဣတိ၊ဤအကြောင်းကြောင့်။ ရာဂေါ၊မည်၏။ * ဘာဝကရဏေသူတိ ပဒံ၊ဘာဝကရဏေသု-ဟူသောပုဒ်သည်။ကိမတ္ထံ၊ ဘာအကျိုးရှိသနည်း။ရန္ဓတိ၊တပ်စွဲတတ်၏။ဣတိ၊ကြောင့်။ရဂေါ၊မည်၏။

➢ ဏာမို+ရန္ဓသ+ဇော+ဘာဝကရဏေသု-ဟု ၄-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

မေး ။ ။ ဤသုတ်ဖြင့် ကရိုဏ်းအနက်၌သက်သော ဏပစ္စည်းနှောင်းရာ၌ ရန္ဓဓာတ်၏ န္ဓကို ဇပြုခြင်းကြောင့် ဖြစ်သင့်သော အကျိုးကို ဖြေဆိုပါ။

* ဤသုတ်ဖြင့် ကရိုဏ်းအနက်၌ စီရင်အပ်သော ဏပစ္စည်းနှောင်းရာ၌ ရန္ဓဓာတ်၏ အဆုံး န္ဓ၏ ဇအပြုကို စီရင်ခြင်းကြောင့် ဝိသ ရဇ ပဒါဒိတော ဏ-သုတ်ဖြင့် ကတ္တား, ကံ, ကရိုဏ်း, သမ္ပဒါန်, အပါဒါန်, အဓိကရဏအနက်တို့၌ ဏပစ္စည်း သက်နိုင်သည်ဟု သိရခြင်းအကျိုး ရှိပါသည်။

မေး ။ ။ ဤသုတ်ဖြင့် ဘောအနက်, ကရိုဏ်းအနက်သက်သော ဏပစ္စည်းကြောင့်သာ ရန္ဓဓာတ်၏အဆုံး န္ဓ,ကို ဇပြုနိုင်ပါသလော?

➢ **ယောဂဝိဘာဂ** ။ ။ သယံ ရဥ္ဇတီတိ ရာဂေါ-၌ ဏာမို ရန္ဓသ ဇော-ဟူသော ယောဂဝိဘာဂဖြင့် 'ကတ္တားအနက်' ၌သက်သော ဏပစ္စည်းကြောင့်လည်း ရန္ဓဓာတ်၏ အဆုံး န္ဓ,ကို ဇပြုနိုင်ပါသည်။

မေး ။ ။ ရန္ဓဓာတ်၏ န္ဓ,ကို ဇပြုနိုင်၏ဟု အရှင်မဟာကစ္စည်းဆရာ မိန့်ဆိုထားရာဝယ် အဘယ်အနက်တို့၌ အဘယ့်ကြောင့် ပြုနိုင်သည်ကို သုတ်ထောက် ဖြေဆိုပါ။

* ဏာမို ရန္ဓသ ဇော ဘာဝကရဏေသု-သုတ်ကိုထောက်၍ ဘောအနက်, ကရိုဏ်း အနက်တို့၌သက်သော ဏပစ္စည်းကြောင့် န္ဓ,ကို ဇပြုနိုင်ပါသည်။

## ၅၉၁။ ဟနဿ ဃာတော

ဟန ဣစ္စေတဿ ဓာတုဿ သဗ္ဗဿ ဃာတာဒေသော ဟောတိ ဏာမို ပစ္စယေ ပရေ။ ။ ဥပဟနတီတိ ဥပဃာတော၊ ဂါဝေါ ဟနတီတိ ဂေါဃာတကော။

* ဏာမို၊ဏ,အနုဗန်ရှိသော ပစ္စည်းကြောင့်။ [ရှုအလို] ဏာမို၊ဏ,အက္ခရာရှိသော ကာရိတ်ပစ္စည်းကြောင့်။ဟနဿ၊အလုံးစုံသော ဟနဓာတ်၏။ဃာတော၊ဃာတပြုသည်။

http://www.dhammadownload.com



ဟောတိ၊၏။ ။ * ပရေနောက်ဖြစ်သော။ဏာမှိ ပစ္စယေ၊ဏ,အနုဗန်ရှိသော ပစ္စည်း ကြောင့်။သဗ္ဗဿ၊အလုံးစုံသော။ဟန ဂ္ဂစ္ဆေတဿ ဓာတုဿ၊ဟနဓာတ်၏။ဃာတာ ဒေသော၊ဃာတပြုသည်။ဟောတိ၊ဖြစ်၏။ * ဥပဟနတိ၊ကပ်၍ ညှဉ်းဆဲတတ်၏။ဣတိ၊ ဤအကြောင်းကြောင့်။ဥပဃာတော၊မည်၏။ * ဂါဝေါ၊နွားတို့ကို။ဟနတိ၊သတ်တတ်၏။ ဣတိ၊ကြောင့်။ဂေါဃာတကော၊နွားသတ်သမားမည်၏။

➢ ဟနဿ+ဃာတော–ဟု ၂–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➢ ဟနဓာတ်၏ ဃာတ,အပြုသည် မမြဲခြင်းအကြောင်း ။ ။ ဝဓော ဝါ သဗ္ဗတ္ထ- သုတ်ဖြင့် ဟနဓာတ်၏ ဝဓ,အပြုကို ဆိုလတ္တံ့ဖြစ်သောကြောင့် မမြဲပါ။ (အနိစ္စဝိဓိ)

➢ နိမိတ်–အရ ယူရမည့်ပစ္စည်းများ ။ ။ ဏပစ္စည်းနှင့် ကာရိတ် ဏေ, ဏယ, ဏာပေ, ဏာပယပစ္စည်း, ဏွုပစ္စည်း, ဏီပစ္စည်းတို့ ဖြစ်ပါသည်။

---

## ၅၉၂။ ဝဓော ဝါ သဗ္ဗတ္ထ

ဟန ဂ္ဂစ္ဆေတဿ ဓာတုဿ ဝဓာဒေသော ဟောတိ ဝါ သဗ္ဗတ္ထ ဌာနေသု။

ဟနတီတိ ဝဓော၊ ဝဓကော၊ အဝဓိ၊ အဟနိ ဝါ။

* (ကစ္စည်းအလို) သဗ္ဗတ္ထ၊အလုံးစုံသော အရာတို့၌။ (ရူအလို) သဗ္ဗတ္ထ၊အလုံးစုံသော ဝိဘတ်, ပစ္စည်းတို့ကြောင့်။ဟနဿ၊ဟနဓာတ်၏။ဝဓော၊ဝဓပြုသည်။ဝါ၊အချို့။ဟောတိ၊၏။

* သဗ္ဗတ္ထ၊အလုံးစုံသော။ဌာနေသု၊အရာတို့၌။ဟန ဂ္ဂစ္ဆေတဿ ဓာတုဿ၊ဟန ဓာတ်၏။ဝဓာဒေသော၊ဝဓပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

ဟနတိ၊ညှဉ်းဆဲတတ်၏။ဣတိ၊ဤအကြောင်းကြောင့်။ဝဓော၊ဝဓကော၊မည်၏။ * အဝဓိ၊ညှဉ်းဆဲပြီ။ဝါ၊တစ်နည်းကား။အဟနိ၊ညှဉ်းဆဲပြီ။

➢ ဝဓော+ဝါ+သဗ္ဗတ္ထ–ဟု ၃–ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➢ သဗ္ဗတ္ထ–အရ / နိမိတ်ဖြစ်သင့်သော ပစ္စည်း, ဝိဘတ်များ ။ ။ ဏပစ္စည်း, ဏွု ပစ္စည်းနှင့် အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိဝိဘတ်တို့ကို ယူရပါမည်။ (တစ်နည်း) ဝတ္တမာန်,စသော အာချာတ်ဝိဘတ်နှင့် ကိစ္စပစ္စည်း, ကိတပစ္စည်းတို့ကို ယူရပါမည်။(ဋီ)

➢ ဟနဓာတ်ကို ဝဓ,ပြုရခြင်းအကြောင်း ။ ။ ဟနဿ ဃာတော-သုတ်မှ ဟနဿ သဒ္ဒါ လိုက်လာသောကြောင့် ဟနဓာတ်ကို ဝဓပြုရပါသည်။

➢ သဗ္ဗတ္ထ အဓိပ္ပါယ် ။ ။ ဏ,အနုဗန်ရှိသော ပစ္စည်းသာ,မက ဝဓေတိ, စသော အာချာတ်အရာ, ဝဓိတွာ,စသော ကိတ်အရာတို့၌လည်း ဟနဓာတ်ကို ဝဓပြုစေလိုသော ကြောင့် "သဗ္ဗတ္ထ" ဟု ဆိုပါသည်။

➢ ဝါသဒ္ဒါ၏အနက် ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ဖြစ်ပါသည်။

➢ ဝါသဒ္ဒါ ဆိုရကျိုး ။ ။ ဝါ-သဒ္ဒါဖြင့် အာချာတ်၌ဖြစ်စေ, ကိတ်၌ဖြစ်စေ ပါဠိ

http://www.dhammadownload.com



ပြယုဂ်ရှိသည့်အားလျော်စွာ ဟနဓာတ်ကို ဝဓပြုရမည်ဟု ပိုင်းခြားသတ်မှတ် ပြရခြင်း အကျိုးရှိပါသည်။

➤ **ဝါသဒ္ဒါဖြင့် ဖြစ်ဆိုအပ်သော အဓိပ္ပါယ်** ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာ အနက်ရှိသောကြောင့် ပဋိဟာနီမိ, ပဋိဃော, သံဃော,စသည်၌ ဟနဓာတ်ကို ဝဓ, မပြုရခြင်း အသန္တဝိဓိ၊ ဝဓေတိ, ဟနတိ,စသည်၌ ဝဓ,အပြု မပြုခြင်း အနိစ္စဝိဓိကို ပိုင်းခြား ပြပါသည်။_______________________

## ၅၉၃။ **အာကာရန္တာန မာယော**

အာကာရန္တာနံ ဓာတူနံ အန္တသ အာကာရသ အာယာဒေသော ဟောတိ ဏာမှိ ပစ္စယေ ပရေ။

ဒဒါတီတိ ဒါယကော၊ ဒါနံ ဒါတုံ သီလံ ယဿာတိ ဒါနဒါယီ၊ မဇ္ဇံ ဒါတုံ သီလံ ယဿာတိ မဇ္ဇဒါယီ၊ နဂရံ ယာတုံ သီလံ ယဿာတိ နဂရယာယီ။

* ဏာမှိ၊ဏာ,အနုဗန်ရှိသော ပစ္စည်းကြောင့်။အာကာရန္တာနံ၊အာ,အက္ခရာ အဆုံးရှိသော ဓာတ်တို့၏ အစိတ်အာ၏။အာယော၊အာယပြုသည်။ဟောတိ၊ဖြစ်၏။

* ပရေနောက်ဖြစ်သော။ဏာမှိ ပစ္စယေ၊ဏာ,အနုဗန်ရှိသော ပစ္စည်းကြောင့်။အာကာရန္တာနံ၊အာ,အက္ခရာ အဆုံးရှိကုန်သော။ဓာတူနံ၊ဓာတ်တို့၏။အန္တသ၊အစိတ်ဖြစ်သော။ အာကာရဿ၊အာ,အက္ခရာ၏။အာယာဒေသော၊အာယပြုသည်။ဟောတိ၊ဖြစ်၏။

ဒဒါတိ၊ပေးတတ်၏။ဣတိ၊ဤအကြောင်းကြောင့်။ဒါယကော၊ဒါယက မည်၏။ * ဒါနံ၊လှူဘွယ်ဝတ္ထုကို။ဒါတုံ၊ပေးလှူခြင်းငှာ။ယဿ၊အကြင်သူ၏။သီလံ၊အလေ့သည်။အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။သော၊ထိုသူသည်။ဒါနဒါယီ၊မည်၏။ * မဇ္ဇံ၊ယစ်မျိုးကို။ဒါတုံ၊ပေးလှူခြင်းငှာ။ယဿ၊အကြင်သူ၏။သီလံ၊အလေ့သည်။အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။သော၊ထိုသူသည်။မဇ္ဇဒါယီ၊မည်၏။ * နဂရံ၊မြို့သို့။ယာတုံ၊သွားရောက်ခြင်းငှာ။ယဿ၊အကြင်သူ၏။ သီလံ၊အလေ့သည်။အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။သော၊ထိုသူသည်။နဂရယာယီ၊မည်၏။

➤ အာကာရန္တာနံ+အာယော–ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **ဏာမှိ ပစ္စယေ–အရ / နိမိတ်–အရ** ။ ။ ဏ,အနုဗန်ပါသော ဏွုပစ္စည်း, ဏီ ပစ္စည်း, ဏပစ္စည်းတို့ကို ယူရပါမည်။

➤ **အာကာရန္တဓာတ်များ** ။ ။ ဒါဓာတ်, ယာဓာတ်, ပါဓာတ်, မာဓာတ်, စသည်တို့ ဖြစ်ပါသည်။

➤ **အန္တ–သဒ္ဒါ ထည့်ဆိုရကျိုး** ။ ။ (အကာရာန်-ဟု မဆိုဘဲ) အန္တသဒ္ဒါ ထည့်ဆို ခြင်းသည် အာ,အက္ခရာ အဆုံးရှိသော ဓာတ်တို့၏ အစိတ်ဖြစ်သော အာ,အက္ခရာကို သာ အာယပြုရခြင်းအကျိုး ရှိပါသည်။ (ဋီကာ-၂၂၀)

http://www.dhammadownload.com



### ၅၉၄။ ပုရ သမုပ ပရိဟိ ကရောတိဿ ခ ခရာ ဝါ တပ္ပစ္စယေသု စ

ပုရ သံ ဥပ ပရိ က္ကစ္စေတေဟိ ကရောတိဿ ဓာတုဿ ခ ခရာဒေသာ ဟောန္တိ ဝါ တပ္ပစ္စယေ ပရေ, ဏာမှိ စ။

ပုရေ ကရီယတီတိ ပုရက္ခတော၊ သမ္မာ ကရီယတီတိ သင်္ခတော၊ ဥပ ဂန္တွာ ကရီယတီတိ ဥပက္ခတော၊ ပရိသမန္တတော ကရောတီတိ ပရိက္ခာရော၊ သံ ကရီယတီတိ သင်္ခါရော။ ဝါတိ ကိမတ္ထံ? ဥပဂန္တွာ ကရောတီတိ ဥပကာရော။

* တပ္ပစ္စယေသု စ၊တ,ပစ္စည်းတို့ကြောင့်ရင်း။ဏာမှိ စ၊ဏာပစ္စည်းကြောင့်ရင်း။ပုရ သမုပ ပရိဟိ၊ပုရ, သံ, ဥပ, ပရိသဒ္ဒါတို့မှ။ပရဿ၊နောက်ဖြစ်သော။ကရောတိဿ၊ကရဓာတ်၏။ ခ ခရာ၊ခပြု, ခရပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။ ။ * ပရေ၊နောက်ဖြစ်သော။ တပ္ပစ္စယေ၊တ,ပစ္စည်းကြောင့်ရင်း။ဏာမှိ စ၊ဏာပစ္စည်းကြောင့်ရင်း။ပုရ သံ ဥပ ပရိ က္ကစ္စေတေဟိ၊ပုရ, သံ, ဥပ, ပရိသဒ္ဒါတို့မှ။ပရဿ၊သော။ကရောတိဿ ဓာတုဿ၊ကရဓာတ်၏။ ခ ခရာဒေသာ၊ခပြု, ခရပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။

* ပုရေ၊ရှေး၌။ကရီယတိ၊ပြုအပ်၏။က္ကတိ၊ဤအကြောင်းကြောင့်။ပုရက္ခတော၊မည်၏။ * သမ္မာ၊ကောင်းစွာ။ကရီယတိ၊ပြုအပ်၏။က္ကတိ၊ကြောင့်။သင်္ခတော၊မည်၏။ * ဥပဂန္တွာ၊ကပ်၍။ကရီယတိ၊ပြုအပ်၏။က္ကတိ၊ကြောင့်။ဥပက္ခတော၊မည်၏။ * ပရိသမန္တတော၊ထက်ဝန်းကျင်မှ။ကရီယတိ၊ပြုအပ်၏။က္ကတိ၊ကြောင့်။ပရိက္ခာရော၊မည်၏။ [ ပရိက္ခာရော၊ထက်ဝန်းကျင်မှ ပြုအပ်သော အသုံးအဆောင် ] * သံကရီယတိ၊ပြုပြင်အပ်၏။က္ကတိ၊ကြောင့်။ သင်္ခါရော၊မည်၏။ * ဝါတိ ပဒံ၊ဝါ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ ဥပဂန္တွာ၊ကပ်၍။ကရောတိ၊ပြုတတ်၏။က္ကတိ၊ကြောင့်။ဥပကာရော၊ကျေးဇူးပြုခြင်း။

➢ ပုရသမုပပရိဟိ (ပုရ သံ+ဥပ ပရိဟိ) +ကရောတိဿ+ခ ခရာ+ဝါ+တပ္ပစ္စယေသု+ စ-ဟု ၆-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➢ တပ္ပစ္စယေသု-ဟု ဗဟုဝုစ်ဖြင့် ညွှန်ပြရကျိုး ။ ။ ပုရက္ခတွာ, သင်္ခရိတုံ, စသည်တို့၌ တ,အက္ခရာပါသော တွာပစ္စည်း, တုံပစ္စည်း, စသည်တို့ကြောင့်လည်း ကရဓာတ်ကို ခပြု, ခရပြုရခြင်းအကျိုး ရှိပါသည်။

➢ နိမိတ်-အရ / ကရဓာတ်ကို ခ, ခရပြုရာ၌ နိမိတ်အရ ယူရမည့်ပစ္စည်းများ ဏာ, တ, တုံ, တုန, တွာန, တွာပစ္စည်းတို့ကို ယူရပါမည်။ (ပုံစံ) သင်္ခါရော၊ သင်္ခတော၊ သင်္ခရိတုံ၊ သင်္ခရိတုန၊ သင်္ခရိတွာန၊ သင်္ခရိတွာ။

➢ သံပုဗ္ဗ ကရဓာတ်ကို ခရပြုရာ၌ ဖြစ်သင့်သော နိမိတ် ။ ။ ပရောက္ခာ, ဟိယျတ္တနီ ကြဉ် အာချာတ်ဝိဘတ် ၆-မျိုးနှင့် ဏာ, တ, တုံ, တုန, တွာန, တွာပစ္စည်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ **သစ်ါရော, ပရိက္ခာရော-တို့၌ ခတ်၏အာဒေသကို ဝုဒ္ဓိပြုနိုင်ခြင်းအကြောင်း** ဌာနဖြစ်သော ကရ,သဒ္ဒါ၏ ခတ်ဟူသောအမည်ကို ဌာနီဖြစ်သော ခရ,အပြု၌ တင်စား၍ ထိုဌာနီဖြစ်သော ခရ,အပြုကို ဌာနူပစာရအားဖြင့် ခတ်ဟု ခေါ်ဆိုနိုင်သော ကြောင့် (ခတ်၏ အာဒေသကိုလည်း) ဝုဒ္ဓိပြုနိုင်ပါသည်။

➤ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် သမ္ပိဏ္ဍနအနက် (တစ်နည်း) အနုကဍ္ဎန အနက် ဖြစ်ပါသည်။ ➤ **စသဒ္ဒါ ဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် ဏပစ္စည်းကို ပေါင်းခြင်းအကျိုး ရှိပါသည်။ (တစ်နည်း) ဏမှိ ရန္တဿ ဇော-သုတ်မှ ဏမှိ-ဟူသော နိမိတ်ပုဒ်ကို မိမိသုတ်သို့ လိုက်ဖို့ရန် ဆွဲငင်ခြင်းအကျိုး ရှိပါသည်။ (နိဒ္ဒေသ)

➤ **ဝါသဒ္ဒါ၏အနက်** ။ ။ ဝါသဒ္ဒါသည် ဝိကပ်အနက် ဖြစ်ပါသည်။

➤ **ဝါသဒ္ဒါဆိုရကျိုး** ။ ။ ဝါသဒ္ဒါဖြင့် ဥပကာရော,စသော ပြယုဂ်တို့၌ ခပြု, ခရပြုကို တားမြစ်ရခြင်းအကျိုး ရှိပါသည်။

➤ **ဤသုတ်ဖြင့် တ,စသော ပစ္စည်းနောင်းမှသာ ကရခတ်ကို ခရပြုနိုင်သလော**

➤ **ယောဂဝိဘာဂဖြင့် ရနိုင်သော အကျိုး** ။ ။ ပုရသမုပ ပရိယိ ကရောတိဿ ခ ခရာ ဝါ-ဟူသော ယောဂဝိဘာဂဖြင့် အဘိသင်္ခရောတိ, စသည်၌ တိ,စသော ဝိဘတ်တို့ကြောင့်လည်း <u>သံပုဗ္ဗ ကရခတ်ကို ခရပြုနိုင်ပါသည်။</u>/<u>ခရပြုရခြင်းအကျိုးရှိပါသည်။</u>

## ၅၉၅။ တဝေ တုနာဒီသု ကာ

တဝေ တုန္ ဣစ္စေဝမာဒီသု ပစ္စယေသု ကရောတိဿ ခတုဿ ကာ အာဒေသော ဟောတိ ဝါ။ ။ ကာတဝေ၊ ကာတုံ၊ ကတ္တုံ ဝါ၊ ကာတုန၊ ကတ္တုန ဝါ

* တဝေ တုနာဒီသု၊တဝေ, တုန,စသော ပစ္စည်းတို့ကြောင့်။ကရောတိဿ၊ကရ ခတ်၏။ကာ၊ကာပြုသည်။ဝါ၊အချို့။ဟောတိ၊၏။ ။ တဝေ တုန ဣစ္စေဝမာဒီသု ပစ္စယေသု၊တဝေ, တုန,စသော ပစ္စည်းတို့ကြောင့်။ကရောတိဿ ခတုဿ၊ကရခတ်၏။ ကာအာဒေသော၊ကာပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ * ကာတဝေ၊ကာတုံ၊ပြုခြင်းငှာ။ ဝါ၊တစ်နည်းကား။ကတ္တုံ၊ပြုခြင်းငှာ။ကာတုန၊ပြု၍။ဝါ၊ တစ်နည်းကား။ကတ္တုန၊ပြု၍။

➤ တဝေ တုနာဒီသု+ကာ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **လိုက်ပုဒ်** ။ ။ ဤသုတ်သို့ ပုရသမုပ,စသောသုတ်မှ ကရောတိဿ, ဝါ,သဒ္ဒါတို့ လိုက်လာပါသည်။ ➤ **အာဒိ-အရ** ။ ။ တုံ, တွာန, တွာ, တဗ္ဗပစ္စည်းတို့ကို ယူရပါမည်။

➤ **နိမိတ်-အရ** ။ ။ တဝေ, တုန, တုံ, တွာန, တွာ, တဗ္ဗပစ္စည်းတို့ကို ယူရပါမည်။

➤ **အာဒိသဒ္ဒါ ဆိုရကျိုး** ။ ။ အာဒိသဒ္ဒါဖြင့် ကာတုံ, ကတ္တွာန, ကတ္တွာ, ကာတဗ္ဗ စသော ပြယုဂ်တို့၌ တုံ, တွာန, တွာ, တဗ္ဗပစ္စည်းတို့ကြောင့်လည်း ကရခတ်ကို ကာပြု ရခြင်း အကျိုးရှိပါသည်။

http://www.dhammadownload.com



➢ **တဝေ, တုနပစ္စည်းဆုံးသော ပုဒ်တို့ကို နိပါတ်ပုဒ်ဟု ဆိုရခြင်းအကြောင်း**

တဒ္ဓိတ သမာသ ကိတကာ နာမံဝါ တဝေ တုနာဒီသုစ-သုတ်၌ အတဝေ တုနာဒီသု-ဟု နာမ်ငဲ့ခြင်းကို တားမြစ်ထားသောကြောင့် -- နိပါတ်ဟု ဆိုရပါသည်။

➢ **ကတွာ ပုဒ်အဆုံးအဖြတ်** ။ ။ ကတွာ-သည် ပုဒ်ကြီးလေးမျိုးတို့တွင် နိပါတ်ပုဒ် ဖြစ်ပါသည်။

➢ **တဝေ, တုနပစ္စည်းဆုံးသော ပုဒ်တို့ကို နာမ် မငဲ့ရခြင်းအကြောင်း**

နိပါတ်ပုဒ်ဖြစ်သောကြောင့် နာမ် မငဲ့ရပါ။ [တတောစ ဝိဘတ္တိယော-သုတ်၌ စသဒ္ဒါဖြင့် ဝိဘတ်သက်၍ သဗ္ဗာသ မာဝုသော ပသဂ္ဂ နိပါတာဒီဟိစ-သုတ်ဖြင့် ဝိဘတ်ချေ]

**၅၉၆။ ဂမ ခန ဟနာဒီနံ တုံ တဗ္ဗာဒီသု န**

ဂမ ခန ဟန ဣစ္စေဝမာဒီနံ ဓာတူနံ အန္တော နကာရော ဟောတိ ဝါ တုံ တဗ္ဗာဒီသု ပစ္စယေသု။

ဂန္တုံ၊ ဂမိတုံ၊ ဂန္တဗ္ဗံ၊ ဂမိတဗ္ဗံ၊ ခန္တုံ၊ ခနိတုံ၊ ခန္တဗ္ဗံ၊ ခနိတဗ္ဗံ၊ ဟန္တုံ၊ ဟနိတုံ၊ ဟန္တဗ္ဗံ၊ ဟနိတဗ္ဗံ၊ မန္တုံ၊ မနိတုံ၊ မန္တဗ္ဗံ၊ မနိတဗ္ဗံ။

အာဒိဂ္ဂဟဏံ ကိမတ္ထံ? တုနဂ္ဂဟဏတ္ထံ၊ ဂန္တူန၊ ခန္တူန၊ ဟန္တူန၊ မန္တူန။

* (ကစ္စည်းအလို) တုံ တဗ္ဗာဒီသု၊တုံပစ္စည်း, တဗ္ဗ, အစရှိသော ပစ္စည်းတို့ကြောင့်။ ဂမ ခန ဟနာဒီနံ၊ဂမု, ခနု, ဟန,အစရှိသော ဓာတ်တို့၌ အစိတ်တို့၏။န၊နပြုသည်။ဝါ၊ အချို့။ဟောတိ၊ဖြစ်၏။ [ရူ-အလို] တုံ တဗ္ဗာဒီသု၊တုံ, တဗ္ဗ, တဝေ, တုန, တွာန, တွာ အစရှိကုန်သော အစ၌ တ,အက္ခရာရှိသော ပစ္စည်းတို့ကြောင့်။ဂမ ခန ဟနာဒီနံ၊ဂမ, ခန, ဟန, အစရှိကုန်သော မ,အက္ခရာ န,အက္ခရာ အဆုံးရှိကုန်သော ဓာတ်တို့၏။အန္တဿ၊ အဆုံးဖြစ်သော မ, န,အက္ခရာ၏။န၊နပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

[ ဝုတ္တိအနက် ] တုံ တဗ္ဗာဒီသု ပစ္စယေသု၊တုံ, တဗ္ဗ, အစရှိသော ပစ္စည်းတို့ကြောင့်။ ဂမ ခန ဟန ဣစ္စေဝမာဒီနံ၊ဂမု, ခနု, ဟန, အစရှိကုန်သော။ဓာတူနံ၊ဓာတ်တို့၏။အန္တဿ၊ အစိတ်၏။နကာရော၊နပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

ဂန္တုံ၊ဂမိတုံ၊သွားခြင်းငှာ။ဂန္တဗ္ဗံ၊ဂမိတဗ္ဗံ၊သွားအပ်၏။ခန္တုံ၊ခနိတုံ၊တူးဖြို့ခြင်းငှာ။ခန္တဗ္ဗံ၊ခနိတဗ္ဗံ၊တူးဖြို့အပ်၏။ ဟန္တုံ၊ဟနိတုံ၊သတ်ခြင်းငှာ။ ဟန္တဗ္ဗံ၊ဟနိတဗ္ဗံ၊သတ်အပ်၏။ မန္တုံ၊မနိတုံ၊ သိခြင်းငှာ။ မန္တဗ္ဗံ၊မနိတဗ္ဗံ၊သိအပ်၏။ * အာဒိဂ္ဂဟဏံ၊အာဒိသဒ္ဒါသည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။တုနဂ္ဂဟဏတ္ထံ၊တုနပစ္စည်းကို ယူခြင်းအကျိုးရှိ၏။ဂန္တူန၊သွား၍။ ခန္တူန၊တူးဖြို့၍။ ဟန္တူန၊သတ်၍။ မန္တူန၊သိ၍။

➢ ဂမ ခန ဟနာဒီနံ+တုံ တဗ္ဗာဒီသု+န-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➢ လိုက်ပုဒ် ။ ။ ဤသုတ်သို့ အာကာရန္တာန မာယော-သုတ်မှ အန္တဿ,သဒ္ဒါ၊ ပုရ

http://www.dhammadownload.com



သမုပ,စသောသုတ်မှ ဝါသဒ္ဒါတို့ လိုက်လာပါသည်။

➤ ဤသုတ်က တားမြစ်သောသုတ် - ဂမ ခန ဟန ရမာဒိန မန္တော။

➤ တုံ တဗ္ဗာဒိသု-၌ အာဒိသဒ္ဒါ ဆိုရကျိုး ။ ။ (ကစ္စည်းအလို) အာဒိသဒ္ဒါဖြင့် ဂန္တုန, ခန္တုန, ဟန္တုန, မန္တုန ပြယုဂ်တို့၌ တုနပစ္စည်းကြောင့်လည်း ဓာတွန် မ,အက္ခရာ န,အက္ခရာတို့ကို နပြုရခြင်း အကျိုးရှိပါသည်။ (ရူပသိဒ္ဓိ-အလို) အာဒိသဒ္ဒါဖြင့် တ,အက္ခရာပါသော တဝေ, တုန, တွာန, တွာပစ္စည်းတို့ကြောင့် ဂန္တဝေ, ဂန္တုန, ဂန္တွာန, ဂန္တွာ ပြယုဂ်တို့၌ ဓာတွန် မ,ကို နပြုရခြင်း အကျိုးရှိပါသည်။

➤ ဂမ ခန ဟနာဒိနံ-၌ အာဒိ-အရ ။ ။ မန,စသော ဓာတ်ကို ယူရပါမည်။

(တစ်နည်း) မကာရန္တ, နကာရန္တဓာတ်တို့ကို ယူရပါမည်။ (ပုံစံ) မန္တုံ၊ မန္တဗ္ဗံ။

➤ တုံ တဗ္ဗာဒိသု န-၌ အာဒိ-အရ ။ ။ တုန, တဝေ, တွာန, တွာ, တာယေ, စသော တ,အက္ခရာ အစ,ပါသော ပစ္စည်းတို့ကို ယူရပါမည်။

➤ အာဒိသဒ္ဒါနှစ်ခု ထားခြင်း၏ ရည်ရွယ်ချက် ။ ။ ဂမ ခန ဟနာဒိနံ-၌ မန, စသော နကာရန္တဓာတ်တို့ကို ယူဘို့ရန်အတွက် ရည်ရွယ်ချက်ဖြင့် အာဒိသဒ္ဒါကို ထားပါသည်။ တုံ တဗ္ဗာဒိသု န-၌ တုနပစ္စည်းကို ယူဘို့ရန်အတွက် ရည်ရွယ်ချက်ဖြင့် အာဒိသဒ္ဒါကို ထားပါသည်။ (ကစ္စည်း)

➤ နပြုရာ၌ ဖြစ်သင့်သော နိမိတ် ။ ။ တုံ, တဗ္ဗ, တဝေ, တုန, တွာန, တွာ, တာယေပစ္စည်းတို့ ဖြစ်ပါသည်။

➤ ခန္တုံ, ခန္တဗ္ဗံ-တို့၌ န,ကို န,ထပ်ပြုရခြင်းအကြောင်း ။ ။ တုံ, တဗ္ဗ,စသော ပစ္စည်း နောင်းရာ၌ မကာရန္တဓာတ်, နကာရန္တဓာတ်တို့၏ ကာရိယချင်း တူသည်၏အဖြစ်ကို သိစေလိုသောကြောင့် ဓာတွန် န,ကို န,ထပ်ပြုရပါသည်။

➤ ခန, ဟန,စသည်တို့၌ န,ကို န,ထပ်ပြုရကျိုး ။ ။ ဂမ ခန ဟန ရမာဒိန မန္တော-သုတ်ဖြင့် ဓာတွန်ချေခြင်းကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

## ၅၉၇။ သဗ္ဗေဟိ တုနာဒီနံ ယော

သဗ္ဗေဟိ ဓာတူဟိ တုနာဒီနံ ပစ္စယာနံ ယကာရာဒေသော ဟောတိ ဝါ။

အဘိဝန္ဒိယ၊ အဘိဝန္ဒိတွာ၊ ဩဟာယ၊ ဩဟိတွာ၊ ဥပနိယ၊ ဥပနေတွာ၊ ပဿိယ၊ ပဿိတွာ၊ ဥဒ္ဒိဿ၊ ဥဒ္ဒိသိတွာ၊ အာဒါယ၊ အာဒိယိတွာ။

* (ကစ္စည်းအလို) သဗ္ဗေဟိ၊ခပ်သိမ်းကုန်သော ဓာတ်တို့မှ။ပရေသံ၊နောင်းကုန်သော။ တုနာဒီနံ၊တုန,စသော ပစ္စည်းတို့၏။ယော၊ယပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

(ရူ-အလို) သဗ္ဗေဟိ၊ခပ်သိမ်းသော ဥပသာရရှိကုန်, ဥပသာရ မရှိကုန်သော။ဓာတူဟိ၊ ဓာတ်တို့မှ။ပရေသံ၊နောင်းကုန်သော။တုနာဒီနံ၊တို့၏။ယော၊ယပြုသည်။ဝါ၊အချို့။ဟောတိ၊

http://www.dhammadownload.com



ဖြစ်၏။ ။ (ဂုတ္တိအနက်) သဗ္ဗေဟိ၊ခပ်သိမ်းကုန်သော။ဓာတူဟိ၊ဓာတ်တို့မှ။ပရေသံ၊ကုန်သော။တုနာဒီနံ ပစ္စယာနံ၊တုန,စသော ပစ္စည်းတို့၏။ယကာရာဒေသော၊ယပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ အဘိဝန္ဒိယ၊အဘိဝန္ဒိတွာ၊ရှိခိုး၍။ပြဟာယ၊ပြဟိတွာ၊စွန့်ပစ်၍။ဥပနီယ၊ဥပနေတွာ၊ဆောင်၍။ပဿိယ၊ပဿိတွာ၊ရှုမြင်၍။ဥဒ္ဒိဿ၊ဥဒ္ဒိသိတွာ၊ညွှန်းပြ၍။အာဒါယ၊အာဒိယိတွာ၊ယူ၍။

▶ သဗ္ဗေဟိ+တုနာဒီနံ+ယော-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

▶ **အာဒိ-အရ** ။ ။ ပုဗ္ဗကာလေက ကတ္တုကာနံ တုန တွာန တွာဝါ-သုတ်၌ တုနကို အစထား၍ ဆိုခဲ့သောကြောင့် တွာန, တွာပစ္စည်းတို့ကို ယူရပါမည်။

▶ **နိမိတ်-အရ ယူရမည့်ဓာတ်** ။ ။ ဥပသာရပုဒ် ရှေ့ရှိသောဓာတ်, ဥပသာရပုဒ် ရှေ့မရှိသော ဓာတ်အားလုံးတို့ကို ယူရပါမည်။ (ပုံစံ) အဘိဝန္ဒိယ၊ ပဿိယ။

▶ **ကာရီ-အရ** ။ ။ တုန, တွာန, တွာပစ္စည်းတို့ကို ယူရပါမည်။

▶ **သဗ္ဗေဟိ ဓာတူဟိ-အရ** ။ ။ အဘိပုဗ္ဗ ဝန္ဒဓာတ်, အဝပုဗ္ဗ ဟာဓာတ်, ဥပပုဗ္ဗ နီဓာတ်, ဒိသဓာတ်, အာပုဗ္ဗ ဒါဓာတ်တို့ကို ယူရပါမည်။

▶ **ဤသုတ်ဖြင့် တုနာဒိပစ္စည်းကို ယ,သာ ပြုနိုင်ပါသလော?**

▶ **ယောဂဝိဘာဂ** ။ ။ လဒ္ဓါ, လဒ္ဓါန, အနုဘဝိယာန, ဘိဒါ ပုံစံတို့၌ သဗ္ဗေဟိ တုနာဒီနံ-ဟူသော ယောဂဝိဘာဂဖြင့် တုန,စသော ပစ္စည်းတို့ကို ဒ္ဓါပြု, ဒ္ဓါနပြု, ယာနပြု, အာပြုနိုင်ပါသည်။

---

## ၅၉၈။ စနန္တေဟိ ရစ္စံ

စကာရ နကာရန္တေဟိ ဓာတူဟိ တုနာဒီနံ ပစ္စယာနံ ရစ္စာဒေသော ဟောတိ ဝါ။ ။ ဝိဝိစ္စ၊ အာဟစ္စ၊ ဥပဟစ္စ။ ဝါတိ ကိမတ္ထံ? ဟန္တွာ။

* စနန္တေဟိ၊စ,အက္ခရာ န,အက္ခရာ အဆုံးရှိသော ဓာတ်တို့မှ။ပရေသံ၊နောင်းကုန်သော။တုနာဒီနံ၊တုန,စသော ပစ္စည်းတို့၏။ရစ္စံ၊ရစ္စပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။

* စကာရ နကာရန္တေဟိ၊စ,အက္ခရာ န,အက္ခရာ အဆုံးရှိကုန်သော။ဓာတူဟိ၊ဓာတ်တို့မှ။ပရေသံ၊ကုန်သော။တုနာဒီနံ ပစ္စယာနံ၊တုန,စသော ပစ္စည်းတို့၏။ရစ္စာဒေသော၊ရစ္စပြုသည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ ဝိဝိစ္စ၊ကင်းဆိတ်၍။အာဟစ္စ၊ဥပဟစ္စ၊ထိခိုက်၍။ ဝါတိ ပဒံ၊ဝါ-ဟူသောပုဒ်သည်။ကိမတ္ထံ၊အဘယ်အကျိုးရှိသနည်း။ဟန္တွာ၊သတ်၍။

▶ စနန္တေဟိ+ရစ္စံ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

▶ **လိုက်ပုဒ်** ။ ။ ဤသုတ်သို့ ပုရ သမုပ,စသော သုတ်မှ ဝါ,သဒ္ဒါ၊ သဗ္ဗေဟိ တုနာဒီနံ ယော-သုတ်မှ တုနာဒီနံ,သဒ္ဒါတို့ လိုက်လာပါသည်။

▶ **စနန္တေဟိ-အရ / နိမိတ်-အရ ယူရမည့်ဓာတ်များ** ။ ။ ဝိပုဗ္ဗ ဝိစဓာတ်, ပစ

http://www.dhammadownload.com



ဓာတ်, ဝိပုဗ္ဗ မုစဓာတ်, အာပုဗ္ဗ ဟနဓာတ်, ပဋိပုဗ္ဗ ဣဓာတ်, ကရဓာတ်တို့ဖြစ်ပါသည်။

➤ ကာရိ-အရ ။ ။ တုနပစ္စည်း, တွာပစ္စည်းတို့ကို ယူရပါမည်။

➤ ဤသုတ်၏ ကာရိ ဖြစ်သင့်သောသုတ် ▪ သဗ္ဗေဟိ တုနာဒီနံ ယော။

➤ စ,ကာရန္တဓာတ် ။ ။ ဝိပုဗ္ဗ ဝိစဓာတ် (ပစ,ဓာတ်, ဝိပုဗ္ဗ မုစဓာတ်)

➤ န,ကာရန္တဓာတ် ။ ။ အာပုဗ္ဗ ဟနဓာတ်, ဥပုဗ္ဗ ဟနဓာတ်-တို့ ဖြစ်ပါသည်။

➤ ဤသုတ်ဖြင့် စ,ကာရန္တ န,ကာရန္တဓာတ်တို့နောင်သာ ရစ္စပြုနိုင်ပါသလော?

➤ ရစ္စ-ဟူသော ယောဂဝိဘာဂဖြင့် ရနိုင်သောအကျိုး ။ ။ ပဋိစ္စ, အဝေစ္စ, ဥပေစ္စ သက္ကစ္စ ပုံစံတို့၌ ရစ္စ-ဟူသော ယောဂဝိဘာဂဖြင့် ပတိပုဗ္ဗ ဣဓာတ်, အဝပုဗ္ဗ ဣဓာတ်, ဥပပုဗ္ဗ ဣဓာတ်, သံပုဗ္ဗ ကရဓာတ်တို့နောင်မှလည်း တွာပစ္စည်းကို ရစ္စပြုနိုင်ပါသည်။

➤ ဝါသဒ္ဒါ၏အနက် ။ ။ ဝါသဒ္ဒါသည် ဝဝတ္ထိတဝိဘာသာအနက် ဖြစ်ပါသည်။

➤ အဓိကာရ ဝါသဒ္ဒါဖြင့် ဖြဆိုအပ်သော အဓိပ္ပါယ် ။ ။ ဝါသဒ္ဒါဖြင့် ဝိဝိစ္စ, ဝိဝိစ္စတွာ, အာဟစ္စ, ဥပဟစ္စ, အာဟန္ဒွာ, ဥပဟန္ဒွာ ပြယုဂ်တို့ဝယ် စကာရန္တဓာတ်, ဟနဓာတ်, ကရဓာတ်, ဣဓာတ်တို့၌ ရံခါ ရစ္စပြုရခြင်း အနိစ္စဝိဓိ၊ အဝမည, အဝမညိတွာ ပြယုဂ်တို့ဝယ် ဟနဓာတ်မှ တစ်ပါးသော နကာရန္တဓာတ်တို့၌ ရစ္စ မပြုရခြင်း အသန္တဝိဓိကို ပိုင်းခြားပြပါသည်။

---

## ၅၉၉။ ဒိသာ သွာန သွာ န္တလောပေါ စ

ဒိသ ဣစ္စေတာယ ဓာတုယာ တုနာဒီနံ ပစ္စယာနံ သွာန သွာဒေသာ ဟောန္တိ အန္တလောပေါ စ။ ။ ဒိသွာန၊ ဒိသွာ။

* ဒိသာ၊ဒိသဓာတ်မှ။ပရေသံ၊နောင်းကုန်သော။တုနာဒီနံ၊တုန,စသော ပစ္စည်းတို့၏၊ သွာန သွာ၊သွာနပြု, သွာပြုတို့သည်။ဝါ၊အချို့။ဟောန္တိ၊ကုန်၏။အန္တလောပေါ၊အစိတ်ဓာတွန်၏ ကျေခြင်းသည်လည်း။ဟောတိ၊ဖြစ်၏။ ။ * ဒိသ ဣစ္စေတာယ ဓာတုယာ၊ ဒိသဓာတ်မှ။ပရေသံ၊ကုန်သော။တုနာဒီနံ ပစ္စယာနံ၊တုန,စသော ပစ္စည်းတို့၏။သွာန သွာ ဒေသာ၊သွာနပြု, သွာပြုတို့သည်။ဟောန္တိ၊ကုန်၏။အန္တလောပေါ၊အစိတ်ဓာတွန်၏ ကျေခြင်းသည်လည်း။ဟောတိ၊ဖြစ်၏။ ။ ဒိသွာန၊ဒိသွာ၊မြင်၍။

➤ ဒိသာ+သွာန သွာ+အန္တလောပေါ+စ-ဟု ၄-ပုဒ်ရှိသော အာဒေသဝိဓိ/လောပဝိဓိ

➤ စသဒ္ဒါ၏အနက် ။ ။ စသဒ္ဒါသည် သမ္ပိဏ္ဍနအနက် ဖြစ်ပါသည်။

➤ စသဒ္ဒါဖြင့် ဖြဆိုအပ်သော အဓိပ္ပါယ် ။ ။ စသဒ္ဒါဖြင့် တုန,စသော ပစ္စည်းတို့ကိုသာ သွာနပြု, သွာပြုသည် မဟုတ်၊ ဓာတွန် သ,ကိုလည်း ချေသေး၏ဟု ပေါင်းပါသည်။

➤ ဤသုတ် အဓိအရင် မပြုခြင်းအကြောင်း ။ ။ ဒိသဓာတ်နောင်သက်သော တွာ ပစ္စည်းကို သွာန, သွာ မပြုဘဲ ပဿိတုန, ပဿိတွာ,စသော ရုပ်များရှိနေသောကြောင့်

http://www.dhammadownload.com



မမြဲပါ။ (အနိစ္စဝိဓိ-သာ ဖြစ်ပါသည်။)

➤ **တုနာဒိပစ္စည်းတို့၏ ကာရိယများ** ။ ။ သဗ္ဗေဟိ တုနာဒီနံ ယော-သုတ်ကိုထောက်၍ ယပြု၊ စနန္တေဟိ ရစ္စ-သုတ်ကိုထောက်၍ ရစ္စပြု၊ ဒိသာ သွာန သွာန္တလောပေါစ-သုတ်ကိုထောက်၍ သွာနပြု၊ သွာပြု၊ မဟာဒဘေဟိ မ္မယုဗ္ဗုဒ္ဓါစ-သုတ်ကိုထောက်၍ မ္မပြု၊ ယုပြု၊ ဗ္ဗပြု၊ ဒ္ဓပြု၊ ဒ္ဓါပြုတို့ ဖြစ်ပါသည်။

၆၀၀။ **မ ဟ ဒ ဘေဟိ မ္မ ယု ဗ္ဗ ဒ္ဓ ဒ္ဓါ စ**

မ ဟ ဒ ဘ က္ကစ္စေဝမန္တေဟိ ဓာတူဟိ တုနာဒီနံ ပစ္စယာနံ မ္မ ယု ဗ္ဗ ဒ္ဓ ဒ္ဓါ အာဒေသာ ဟောန္တိ ဝါ အန္တလောပေါ စ။

အာဂမ္မ၊ အာဂမိတွာ၊ ဩက္ကမ္မ၊ ဩက္ကမိတွာ၊ ပဂ္ဂယှ၊ ပဂ္ဂဏှိတွာ၊ ဥပ္ပဇ္ဇ၊ ဥပ္ပဇ္ဇိတွာ၊ အာရဗ္ဘ၊ အာရဘိတွာ၊ အာရဒ္ဓ၊ အာရဘိတွာ။

* မ ဟ ဒ ဘေဟိ၊မ, ဟ, ဒ, ဘ, အဆုံးရှိသော ဓာတ်တို့မှ၊ပရေသံ၊နောင်းကုန်သော။တုနာဒီနံ၊တုန,စသော ပစ္စည်းတို့၏။မ္မယုဗ္ဗုဒ္ဓါစ၊မ္မပြု, ယုပြု, ဗ္ဗပြု, ဒ္ဓပြု, ဒ္ဓါပြုတို့သည်လည်း။ဝါ၊အချို့။ဟောန္တိ၊ဖြစ်ကုန်၏။အန္တလောပေါစ၊အစိတ်ဓာတွန်၏ ကျေခြင်းသည်လည်း။ဟောတိ၊၏။ ။ * မ ဟ ဒ ဘ က္ကစ္စေဝမန္တေဟိ၊မ, ဟ, ဒ, ဘ, အဆုံးရှိကုန်သော။ဓာတူဟိ၊ဓာတ်တို့မှ၊ပရေသံ၊နောင်းကုန်သော။တုနာဒီနံ ပစ္စယာနံ၊တုန,စသော ပစ္စည်းတို့၏။မ္မယုဗ္ဗုဒ္ဓါ အာဒေသာ၊မ္မပြု, ယုပြု, ဗ္ဗပြု, ဒ္ဓပြု, ဒ္ဓါပြုတို့သည်လည်း။ဝါ၊အချို့။ဟောန္တိ၊ကုန်၏။အန္တလောပေါစ၊အစိတ်ဓာတွန်၏ ကျေခြင်းသည်လည်း။ဟောတိ၊၏။

အာဂမ္မ၊အာဂမိတွာ၊လာ၍။ ဩက္ကမ္မ၊ဩက္ကမိတွာ၊သက်၍။ ပဂ္ဂယှ၊ပဂ္ဂဏှိတွာ၊ချီးမြှောက်၍။ ဥပ္ပဇ္ဇ၊ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။ အာရဗ္ဘ၊အာရဘိတွာ၊အာရဒ္ဓ၊အာရဘိတွာ၊အားထုတ်၍။

➤ **မဟာဒဘေဟိ+မ္မယုဗ္ဗုဒ္ဓါ+စ–ဟု ၃–ပုဒ်ရှိသော အာဒေသဝိဓိ/လောပဝိဓိသုတ်**

➤ **မ,ကာရန္တဓာတ်** ။ ။ အာပုဗ္ဗ ဂမုဓာတ်, အဝပုဗ္ဗ ကမုဓာတ်, အဘိပုဗ္ဗ ရမုဓာတ် တို့ ဖြစ်ပါသည်။ (ပုံစံ) အာဂမ္မ၊ ဩက္ကမ္မ၊ အဘိရမ္မ။

➤ **ဟ,ကာရန္တဓာတ်** ။ ။ ပပုဗ္ဗ ဂဟဓာတ်, သံပုဗ္ဗ မုဟဓာတ်, အာပုဗ္ဗ ရုဟဓာတ် တို့ ဖြစ်ပါသည်။ (ပုံစံ) ပဂ္ဂယှ၊ သမ္မုယှ၊ အာရုယှ။

➤ **ဒ,ကာရန္တဓာတ်** ။ ။ ပဒဓာတ်, ဆိဒိဓာတ်တို့ ဖြစ်ပါသည်။(ပုံစံ) ဥပ္ပဇ္ဇ၊ ဆိဇ္ဇ။

➤ **ဘကာရန္တဓာတ်** ။ ။ အာပုဗ္ဗ ရဘဓာတ်, ဥပပုဗ္ဗ လဘဓာတ်တို့ ဖြစ်ပါသည်။ (ပုံစံ) အာရဗ္ဘ၊ ဥပလဗ္ဘ။

➤ **ဤသုတ်ဖြင့် စီရင်ပုံ / နိမိတ်, ကာရီ, ကာရိယစဉ်ပုံ** ။ ။ မ,ကာရန္တဓာတ်နောင် သက်သော တုန,စသော ပစ္စည်းကို မ္မပြုရမည်။ (ပုံစံ) အာဂမ္မ,စသည်။ ဟ,ကာရန္တဓာတ် နောင် သက်သော တုန,စသော ပစ္စည်းကို ယှပြုရပါမည်။ (ပုံစံ) ပဂ္ဂယှ,စသည်။ ဒ,ကာရန္တ

http://www.dhammadownload.com



ဓာတ်နောင်သက်သော တုန,စသော ပစ္စည်းကို ၦပြုရပါမည်။ (ပုံစံ) ဥပ္ပဋ္ဌ,စသည်။ ဘ, ကာရန္တဓာတ်နောင်သက်သော တုန,စသော ပစ္စည်းကို ဋ္ဌပြု, ဒ္ဓပြုရပါမည်။ (ပုံစံ) အာရဋ္ဌ၊ အာရဒ္ဓ,စသည်။

➢ **စသဒ္ဒါ၏ အနက်** ॥ ॥ စသဒ္ဒါသည် သမ္ပိဏ္ဍနအနက် ဖြစ်ပါသည်။

➢ **စသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်** ॥ ॥ စသဒ္ဒါဖြင့် မ္ဗ, ယှ, ဋ္ဌ, ဌ္ဌ, ဒ္ဓ,သာ ပြုသည်မဟုတ်၊ ဓာတွန်ဗျည်းကိုလည်း ချေသေး၏ဟု ပေါင်းပါသည်။

---

၆၀၁။ **တဒ္ဓိတ သမာသ ကိတကာ နာမံ ဝါ တဝေ တုနာဒိသု စ**

တဒ္ဓိတ သမာသ ကိတက ဣစ္စေဝမန္တာ သဒ္ဒါ နာမံဝ ဒဋ္ဌဗ္ဗာ တဝေ တုန တွာန တွာဒိပစ္စယန္တေ ဝဇ္ဇေတွာ။ ॥

ဝါသိဋ္ဌော၊ ပတ္တဓမ္မော၊ ကုမ္ဘကာရော၊ ဣစ္စေဝမာဒိ။

* အတဝေ တုနာဒိသု၊တဝေ, တုန,စသော နိပါတ်ပစ္စည်း အဆုံးရှိသော သဒ္ဒါတို့ကို ကြဉ်၍။တဒ္ဓိတသမာသ ကိတကာစ၊တဒ္ဓိတ်, သမာသ်, ကိတ်သဒ္ဒါတို့ကိုလည်း။နာမံဝ၊ နာမ်ကိုကဲ့သို့။ဒဋ္ဌဗ္ဗာ၊ရှုမှတ်အပ်ကုန်၏။ ॥ * တဝေ တုန တွာန တွာဒိပစ္စယန္တေ၊တဝေ, တုန, တွာန, တွာ,စသော နိပါတ်ပစ္စည်း အဆုံးရှိသော သဒ္ဒါတို့ကို။ဝဇ္ဇေတွာ၊ကြဉ်၍။ တဒ္ဓိတ သမာသ ကိတက ဣစ္စေဝမန္တာ သဒ္ဒါ၊တဒ္ဓိတ်, သမာသ်, ကိတ်, သဒ္ဒါတို့ကို။နာမံ ဝ၊နာမ်ကိုကဲ့သို့။ဒဋ္ဌဗ္ဗာ၊ရှုမှတ်အပ်ကုန်၏။

ဝါသိဋ္ဌော၊ဝသိဋ္ဌ ရသေ့၏သား။ ပတ္တဓမ္မော၊ရောက်အပ်ပြီးသော တရားရှိ၏။ကုမ္ဘကာရော၊အိုးထိန်းသည်။ ဣစ္စေဝမာဒိ၊ဤသို့ အစရှိသည်တို့တည်း။

➢ **တဒ္ဓိတ သမာသ ကိတကာ+နာမံ+ဝါ+တဝေတုနာဒီသု+စ–ဟု ၅–ပုဒ်ရှိသော ဗျပဒေသာတိဒေသသုတ်**

➢ **အာဒိ–အရ** ॥ ॥ တွာန, တွာပစ္စည်းတို့ကို ယူရပါမည်။

➢ **တွာဒိပစ္စယန္တေ–၌ အာဒိ–အရ** ॥ ॥ တုံ, တာယေ, တုယေပစ္စည်းတို့ကို ယူရမည်

➢ **ကိတက–အရ** ॥ ॥ တဝေ တုနာဒီသုစနှင့် တဝေ တုန တွာန တွာဒိပစ္စယန္တေ ဝဇ္ဇေတွာ-ဟူသော ကစ္စည်းဝုတ္တိကိုထောက်၍ ဏီ, ရွ, ဏုက, ဣ, မာန, အန္တ, တိပစ္စည်းတို့ကို ယူရပါမည်။

➢ **ကိတက–အရ မယူသင့်သော ကိတ်ပစ္စည်းများ** ॥ ॥ တဝေ, တုံ, တုန, တွာန, တွာ, တဝန္တု, တာဝီပစ္စည်းများ ဖြစ်ပါသည်။

➢ **အတဝေ တုနာဒိသု–၌ အ,၏အနက်** ॥ ॥ တဝေ တုန တွာန တွာဒိပစ္စယန္တေ ကို ထောက်၍ အ,သဒ္ဒါသည် အညအနက် (ဝါ) ဝဇ္ဇနအနက်ကို ဟောပါသည်။

➢ **နာမ်ငဲ့ရသော သဒ္ဒါ** ॥ ॥ တဒ္ဓိတ်ပစ္စည်း အဆုံးရှိသော သဒ္ဒါ, သမာသ်ပုဒ်,

http://www.dhammadownload.com



ကိတ်ပစ္စည်း အဆုံးရှိသော သဒ္ဒါ၊ ကိစ္စပစ္စည်းအဆုံးရှိသော သဒ္ဒါ၊ အာ, ဣ၊ ဏ္ဏီ, ဏ္ဏတ္တိ ပစ္စည်း အဆုံးရှိသောသဒ္ဒါ၊ ခ,အစရှိသော ဓာတုပစ္စည်းအဆုံးရှိသော သဒ္ဒါတို့ဖြစ်သည်

➤ **သမာသ်ကို နာမ်ငဲ့ရခြင်းအကြောင်း** ။ ။ သမာသ်သည် မိမိကိုဟောအပ်သော အနက်မှ ကင်းသောကြောင့်ရင်း, လိင်ဟူသော နာမည် မရှိသောကြောင့်ရင်း၊ သိ,စသော ဝိဘတ်များ သက်ဖို့ရန် နာမ်ငဲ့ရပါသည်။

➤ **သမာသ်သည် လိင်ဟူသော နာမည် မရှိခြင်းအကြောင်း** ။ ။ မိမိတို့ ဟောအပ်သော အနက်မှ ကင်းသောကြောင့် သမာသ်သည် လိင်ဟူသော နာမည် မရှိပါ။

➤ **သမာသ်၏ သကတ္ထဝိရဟဖြစ်ပုံ** ။ ။ 'ရာဇပုရိသော' ၌ ရာဇသဒ္ဒါသည် မင်းကို ဟော၏၊ ပုရိသ,သဒ္ဒါသည် ယောကျ်ားကိုဟော၏၊ ရာဇ,သဒ္ဒါသည် မင်းအားလုံးနှင့် ဆက်ဆံ၏၊ ပုရိသ,သဒ္ဒါသည်လည်း ယောကျ်ားအားလုံးနှင့် ဆက်ဆံ၏၊ 'ရာဇပုရိသ' ဟု သမာသ်စပ်လိုက်သည့်အခါ မင်းချင်းယောကျ်ား မင်းခစား-ဟူသော အနက်ကိုဟော တော့၏၊ ဤသို့ မင်း+ယောကျ်ားဟူသော မိမိတို့ဟောအပ်သော အနက်ကို မဟောနိုင် ခြင်းသည် "သကတ္ထဝိရဟ" ဖြစ်ပါသည်။

➤ **စသဒ္ဒါ ဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် တဗ္ဗ, အနီယ,စသော ကိတ်ပစ္စည်းအဆုံးရှိသော သဒ္ဒါ၊ အာ, ဣ၊ ဏ္ဏီ ဏ္ဏတ္တိပစ္စည်း အဆုံးရှိသောသဒ္ဒါ၊ ခ,စသော ဓာတုပစ္စယန္တသဒ္ဒါတို့ ကို နာမ်ငဲ့ရခြင်းအကျိုး ရှိပါသည်။

➤ **နာမ်၏အင်္ဂါ ၄-ပါး** ။ ။ (၁) ဓာတ်မဟုတ်ခြင်း၊ (၂) ပစ္စည်း မဟုတ်ခြင်း၊ (၃) ဝိဘတ် မရှိခြင်း၊ (၄) အနက်ရှိခြင်း-တို့ ဖြစ်ပါသည်။

➤ **သမာသ,သဒ္ဒါ ထည့်ဆိုရကျိုး** ။ ။ တဒ္ဓိတ,စသောသုတ်ဖြင့် နာမ်ငဲ့သော တဒ္ဓိတ် ပုဒ်, ကိတ်ပုဒ်, ကိစ္စပစ္စယန္တပုဒ်, ဏ္ဏတ္တိပစ္စယန္တ,စသော ပုဒ်တို့ကို သမာသ်ပုဒ်တို့ဟူ၍သာ မှတ်ရမည်၊ ဝါကျ မဟုတ်ကုန်ဟု မှတ်ရခြင်းအကျိုး ရှိပါသည်။

➤ **တဒ္ဓိတ်နှင့် ကိတ်ကို နာမ်ငဲ့ရခြင်းအကြောင်း** ။ ။ တဒ္ဓိတ်ပစ္စည်း, ကိတ်ပစ္စည်း တို့သည် ကတ္တား, ကံ,စသော သတ္တိအနက်ကို ဟော၍ ဒြပ်ကို မဟောသည့်အတွက် လိင်အမည် မရသောကြောင့် လိင်အမည်ရရန် နာမ်ငဲ့ရပါသည်။

➤ **တဝေ, တုနပစ္စည်းဆုံးသော သဒ္ဒါတို့ကို နာမ်မငဲ့ရခြင်းအကြောင်း** ။ ။ တဝေ, တုန,စသော ပစ္စည်းဆုံးသော သဒ္ဒါတို့သည် နိပါတ်ပုဒ်တွင် ပါဝင်၍ နာမ်ဖြစ်နေသည့် အတွက် ယင်းသဒ္ဒါများနောင် နာမ်ဝိဘတ်သက်နိုင်သောကြောင့် နာမ် မငဲ့ရပါ။

➤ **တဝေ, တုံပစ္စည်းဆုံးသောပုဒ်နောင် သက်ရမည့်ဝိဘတ်** ။ ။ စတုတ္ထီဝိဘတ် သက်ရပါမည်။ ➤ **တုန, တွာပစ္စည်းဆုံးသောပုဒ်နောင် သက်ရမည့်ဝိဘတ်** = ပထမာ ဝိဘတ် သက်ရပါမည်။

➤ **ဤသုတ်ကို တည်ရခြင်းအကြောင်း** ။ ။ မိမိအနက်မှ ကင်းသောကြောင့်ရင်း,

http://www.dhammadownload.com



သမာသ်သည်လည်း လိင်အဖြစ် မရှိသောကြောင့်ရင်း, ဝိဘတ် မသက်နိုင်ရကား ဝိဘတ် သက်နိုင်ဘို့ရန် ဤသုတ်ကို တည်ရပါသည်။/ဆိုရပါသည်။

## ၆၀၂။ ဒုမှိ ဂရု

ဒုမှိ အက္ခရေ ယော ပုဗ္ဗော အက္ခရော၊ သော ဂရုကော ဒဋ္ဌဗ္ဗော။

ဘိတ္တွာ၊ ဆိတ္တွာ၊ ဒတ္တွာ၊ ဟုတ္တွာ။

* ဒုမှိ၊နှစ်လုံးသော အက္ခရာကြောင့်။ပုဗ္ဗော၊ရှေးရသော အက္ခရာသည်။ဂရု၊ဂရုမည်၏။

* ဒုမှိ အက္ခရေ၊နှစ်လုံးသော အက္ခရာကြောင့်။ပုဗ္ဗော၊ရှေးဖြစ်သော။ယော အက္ခရော အကြင်ရသော,အက္ခရာသည်။အတ္ထိ၊ရှိ၏။သော အက္ခရော၊ထိုအက္ခရာကို။ဂရုကော၊ဂရု ဟူ၍သာလျှင်။ဒဋ္ဌဗ္ဗော၊ရှုမှတ်အပ်၏။

ဘိတ္တွာ၊ခွဲ၍။ ဆိတ္တွာ၊ဖြတ်၍။ ဒတ္တွာ၊ပေး၍။ ဟုတ္တွာ၊ဖြစ်၍။

### ➤ ဒုမှိ+ဂရု-တု ၂-ပုဒ်ရှိသော သညာသုတ်

➤ **ဒုမှိ–ရှမ်ပြီးပုံ ။ ။** (ရှ-အလို) ဒွိနှံ့ သမူဟော ဒု-ဟု ဝစနတ္ထပြု၍ ဒွိပုဒ်, သမူဟ တဒ္ဓိတ်, ဏာပစ္စည်း၊ ဏ,အနုဗန်ကိုချေ၊ ဒုမှိ ဂရု-ဟူသော နိပါတနဖြင့် ဒွိကို ဒုပြု၊ နာမ် ငွဲ၊ သ္မိံသက်၊ သ္မိံကို မှိပြု၊ ဒုမှိ ပြီး၏။ (ဈာသ-အလို) ဝိသတိ ဒသေသု ဗာ ဒွိဿ တု-၌ တုသဒ္ဒါဖြင့် (တစ်နည်း) ယောသု ဒွိန္နံ ဒွေစ-သုတ်၌ စ, သဒ္ဒါဖြင့် ဒွိကို ဒုပြု၊ ဝါပရော-ဖြင့် နောက်,အကိုချေ၊ နာမ်ငွဲ၊ သ္မိံသက်၊ သ္မိံကို မှိပြု၊ ဒုမှိ ပြီး၏။

➤ **"ဟုတွာ" ကို "ဟုတ်တဝါ"ဟု အသံထွက်ရွတ်ဘာသ်နေကြခြင်းသည် ကစ္စည်းဆရာ အလို ကျ / မကျ ။ ။** ကျပါသည်။ ဒုမှိ ဂရု-သုတ်ဖြင့် နှစ်လုံးသော အက္ခရာကြောင့် ရှေ့ရသ အက္ခရာကို ဂရုကဲ့သို့ မှတ်ရမည်ဟု ဆိုထားသောကြောင့် - "ဟုတွာ" ကို "ဟုတ်တဝါ"ဟု အသံထွက်ရွတ်ဘာသ်နေကြခြင်းသည် ကစ္စည်းဆရာ အလိုကျပါသည်

**မေး ။ ။** ဟုတွာ-၌ အဘယ့်ကြောင့် အဘယ်သရသည် ဂရုမည်သင့်သည်ကို ကစ္စည်း အဆိုအတိုင်းသာ ညွှန်ပြပါ။

* ဟုတွာ-၌ တွာ-ဟူသော နှစ်လုံးသော အက္ခရာ (သံယုဂ်) နှောင်းသောကြောင့် ဟု, ၌ ဥသရသည် 'ဂရု' မည်ပါသည်။

➤ **ဂရု အဓိပ္ပါယ် ။ ။** လေးသော အသံဖြင့် ရွတ်ဆိုအပ်သော အက္ခရာသည် "ဂရု" မည်ပါသည်။ ➤ **ဂရု–အရ ။ ။** အ, ဣ, ဥ-ဟူသော ရဿသုံးလုံးကို ယူရပါမည်။

➤ **ဂရု ၃–မျိုး ။ ။** (၁) သံယောဂါဒိ ဂရု (ပုံစံ) ဒတွာ၊ (၂) ဒီဃဂရု (ပုံစံ) နာဝါ စသည်။ (၃) နိဂ္ဂဟီတပရဂရု (ပုံစံ) ကံ, ကိံ, ကုံ။

➤ **ဒုမှိ–၌ ဒု–အရ ။ ။** မှီရာသရတူသော အက္ခရာနှစ်လုံး အပေါင်းကိုသာ ယူရပါ မည်။ [ မှီရာသရ မတူသော အက္ခရာနှစ်လုံးအပေါင်းကို မယူရ။]

http://www.dhammadownload.com



➤ **ဂရု,အမည် မှည့်ရကျိုး** ။ ။ ဆန်းကျမ်းတို့၌ သံယုဂ်အက္ခရာမှ ရှေ့ဖြစ်သော ရဿ အက္ခရာတို့ကို 'ဂရု' ဟု ခေါ်ရခြင်းအကျိုး ရှိပါသည်။

## ၆၀၃။ ဒီဃော စ

ဒီဃော စ သရော ဂရုကော၀ ဒဠှော္ဗာ။

အာဟာရော၊ နဒီ၊ ၀ဓူ၊ တေ ဓမ္မာ၊ ဩပနယိကော။

✱ ဒီဃော၊စ၊ဒီဃသရသည်လည်း။ဂရု၊ဂရု မည်၏။ ။ ✱ ဒီဃော သရော၊ဒီဃသရကို။ဂရုကော၀၊ဂရုမည်၏ဟူ၍သာလျှင်။ဒဠှော္ဗာ၊ရှုမှတ်အပ်၏။ ။

✱ အာဟာရော၊ဆောင်ခြင်း။ နဒီ၊မြစ်။ ၀ဓူ၊ချွေးမ။ တေဓမ္မာ၊ထိုတရားတို့သည်။ ဩပနယိကော၊ကပ်၍ ဆောင်ခြင်းငှာ ထိုက်၏။

### ➤ ဒီဃော+စ-ဟု ၂-ပုဒ်ရှိသော သညာသုတ်

➤ **ဒီဃနှင့် ဂရု အထူး** ။ ။ နှစ်မတြာကာလကြာအောင် အသံရှည်စွာ ရွတ်ဆိုရသော သရကို ဒီဃ၊ တစ်မတြာ, တစ်မတြာခွဲကာလ ကြာအောင် လေးလေးနက်နက် ရွတ်ဆိုရသော အက္ခရာကို ဂရု၊ ဤသို့ ထူးပါသည်။

➤ **စသဒ္ဒါဖြင့် သိစေအပ်သော အဓိပ္ပါယ်** ။ ။ စသဒ္ဒါဖြင့် သံယုဂ်မှ ရှေ့ဖြစ်သော ရဿ,အက္ခရာသည်သာ ဂရုမည်သည်မဟုတ်၊ ဒီဃဖြစ်သော အက္ခရာသည်လည်း ဂရု မည်သေး၏ဟု ပေါင်းပါသည်။ ➤ **စသဒ္ဒါ၏အနက်** ။ ။ သမ္ပိဏ္ဍနအနက် ဖြစ်ပါသည်။

## ၆၀၄။ အက္ခရေဟိ ကာရ

အက္ခရေဟိ အက္ခရာဘိဓေယျေဟိ ကာရပစ္စယော ဟောတိ ပယောဂေ သတိ။ ။ အ ဧ၀ အကာရော၊ အာ ဧ၀ အာကာရော၊ ယ ဧ၀ ယကာရော။

✱ အက္ခရေဟိ၊အက္ခရာတို့မှ။ပရေ၊နောက်၌။ကာရ၊ကာရပစ္စည်းသည်။ဟောတိ၏။

✱ ပယောဂေ၊ယှဉ်သင့်သည်။သတိ၊ရှိလတ်သော်။အက္ခရေဟိ၊အက္ခရာအနက်ရှိကုန်သော။အက္ခရာဘိဓေယျေဟိ၊အက္ခရာကို ဟောကုန်သော သဒ္ဒါတို့မှ။ပရေ၊နောက်၌။ ကာရပစ္စယော၊ကာရပစ္စည်းသည်။ဟောတိ၏။ ။ အဧ၀၊အ,သည်သာလျှင်။အကာရော၊ အ,အက္ခရာ မည်၏။ အာဧ၀၊သာလျှင်။အာကာရော၊မည်၏။ ယဧ၀၊ယ,သည်သာလျှင်။ ယကာရော၊ယ,အက္ခရာ မည်၏။

### ➤ အက္ခရေဟိ+ကာရ-ဟု ၂-ပုဒ်ရှိသော ပစ္စယဝိဓိသုတ်

➤ **အက္ခရေဟိ-အရ /ကာရပစ္စည်း သက်နိုင်သော အက္ခရာ** ။ ။ အ, အစ ဥ, အဆုံး လေးဆယ်သော အက္ခရာတို့ကို ယူရပါမည်။ (နိဂ္ဂဟိတ်ကို မယူရပါ။)

➤ **ကာရပစ္စည်း၏ သာဓန** ။ ။ ကတ္တရိ ကိတ်သုတ်ကိုထောက်၍ ကတ္တုသာဓနဖြစ်ပါသည်။ ➤ **ကာရ-အရ** ။ ။ ကာရပစ္စည်း ဖြစ်ပါသည်။

http://www.dhammadownload.com



## ၆၀၅။ ယထာဂမ မိကာရော

ယထာဂမံ သဗ္ဗဓာတူဟိ သဗ္ဗပစ္စယေသု ဣကာရာဂမော ဟောတိ။

ကာရိယံ၊ ဘဝိတဗ္ဗံ၊ ဇနိတဗ္ဗံ၊ ဝိဒိတဗ္ဗံ၊ ကရိတွာ၊ ဣစ္ဆိတံ။

(ကစ္စည်းအလို) * ယထာဂမံ၊အာဂုံပါဠိအားလျော်စွာ။သဗ္ဗပစ္စယေသု၊အလုံးစုံသော ပစ္စည်းတို့ကြောင့်။သဗ္ဗဓာတူဟိ၊ခပ်သိမ်းသော ဓာတ်တို့မှ။ပရာ၊နောက်၌။ဣကာရော၊ ဣ၊ အက္ခရာလာသည်။ဟောတိ၊ဖြစ်၏။ ။ (ရူ-အလို) ဗျဥ္ဇနာဒိကေသု၊အစ၌ ဗျည်းရှိကုန်သော။ကိစ္စကိတကပစ္စယေသု၊ကိစ္စပစ္စည်း, ကိတ်ပစ္စည်းတို့ကြောင့်။ဓာတုယာ-ဓာတူဟိ၊ ဓာတ်တို့မှ။ပရာ၊နောက်၌။ကွစိ၊အချို့သော ပြယုဂ်၌။ယထာဂမံ၊ပြယုဂ်အားလျော်စွာ။ ဇိနဝစနာနုပရောဓေန၊မြတ်စွာဘုရား၏ ပါဠိတော်နှင့် မဆန့်ကျင်သဖြင့်။ဣကာရော၊ ဣ၊ အက္ခရာလာသည်။ဟောတိ၊ဖြစ်၏။

(ဝုတ္တိအနက်လွယ်ပြီ) ကာရိယံ၊ပြုခြင်း, ပြုအပ်၏။ဘဝိတဗ္ဗံ၊ဖြစ်ခြင်း, ဖြစ်ရာ၏။ ဇနိတဗ္ဗံ၊ဖြစ်ခြင်း, ဖြစ်ရာ၏။ ဝိဒိတဗ္ဗံ၊သိအပ်၏။ကရိတွာ၊ပြု၍။ဣစ္ဆိတံ၊အလိုရှိအပ်၏။

➤ ယထာဂမံ+ဣကာရော-ဟု ၂-ပုဒ်ရှိသော အာဂမဝိဓိသုတ်

➤ သဗ္ဗဓာတူဟိ-အရ ။ ။ ကရ, ဘူ, ဇန, ဝိဒ, ဣသုဓာတ် စသည်တို့ကို ယူရမည်။

➤ အာဂမ အဓိပ္ပါယ် ။ ။ မိမိစီးပွား, သူတစ်ပါးစီးပွားတို့၏ လာရာ လာကြောင်း ဖြစ်သော ဘုရားပါဠိတော်သည် "အာဂမ" မည်ပါသည်။

➤ ဣ-လာရာ ဌာန ။ ။ အစ၌ဗျည်းရှိသော ကိစ္စပစ္စည်း, ကိတကပစ္စည်းတို့ကြောင့် ဓာတ်နောင် ပြယုဂ်အားလျော်စွာ 'ဣ'လာရပါမည်။

➤ ဣ, လာရာ၌ ယူရမည့်နိမိတ် ။ ။ ရှေ့နိမိတ်ကား- ဓာတ်အားလုံး ဖြစ်ပါသည်။ နောက်နိမိတ်ကား- အစ၌ဗျည်းရှိသော တဗ္ဗ, ဏျ, တေယျ, ဟူသော ကိစ္စပစ္စည်းနှင့် ကိတပစ္စည်းတို့ကို ယူရပါမည်။

➤ ဤသုတ်ဖြင့် ပစ္စည်းအားလုံးနောင်းတိုင်း ဣ,အက္ခရာ လာနိုင်ပါသလော?

* မလာနိုင်ပါ။ အစ၌ဗျည်းရှိသော ကိစ္စပစ္စည်း, ကိတပစ္စည်း နောင်းမှသာ ဣ, အက္ခရာ လာနိုင်ပါသည်။

➤ ဤသုတ်ဖြင့် အစဥ်ဗျည်းရှိသော ကိစ္စ, ကိတပစ္စည်းနောင်းတိုင်း ဣ-လာနိုင်သလော? ။ ။ ဒဏ္ဍတော ယော ကွစိ-သုတ်မှ သီဟဂတိကနည်းအားဖြင့် ကွစိ,သဒ္ဒါ လိုက်လာသောကြောင့် မလာနိုင်ပါ။

မေး ။ ။ သရာဒိပစ္စည်း စသည်ဖြင့် ပစ္စည်းသုံးမျိုးရှိရာတွင် ယထာဂမသုတ်ဖြင့် မည်သည့် ပစ္စည်းနောင်းရာ၌သာ ဣ-လာရမည်ကို ဖြေဆိုခဲ့ပါ။

* ဗျဥ္ဇနာဒိပစ္စည်း (အစ၌ဗျည်းရှိသော ကိစ္စ, ကိတပစ္စည်း) နောင်းရာ၌သာ ယထာ

http://www.dhammadownload.com



ဂမ မိကာရော-သုတ်ဖြင့် ခတ်နောင် ဏ္ဍ-လာနိုင်ပါသည်။

➤ **ဒသေတိ-ပုံစံ၌ ဏ္ဍ-မလာရခြင်းအကြောင်း** ။ ။ လိုက်လာသော ကွစိ,သဒ္ဒါက တားမြစ်သောကြောင့်ရင်း, တဒနုပရောဓေန-ဟု ပရိဘာသာ လာသောကြောင့်ရင်း, ဏ္ဍ မလာရပါ။

➤ **ဏ္ဍ-လာပုံ နှစ်မျိုးအထူး** ။ ။ ယထာဂမ မိကာရော-သုတ်ဖြင့် ဏ္ဍ-လာခြင်းသည် အရာကျဉ်းပါသည်၊ ဏ္ဍကာရာဂမော အသဗ္ဗဓာတုကမှိ-သုတ်ဖြင့် ဏ္ဍလာခြင်းသည် အရာ ကျယ်ပါသည်။ (တစ်နည်း) ယထာဂမ မိကာရော-သုတ်ဖြင့် အလုံးစုံသော ပစ္စည်းတို့ ကြောင့် ပါဠိတော်အားလျော်စွာ ခတ်အားလုံးနောင် ဏ္ဍလာပါသည်၊ ဏ္ဍကာရာဂမော သုတ်ဖြင့် အသဗ္ဗဓာတ်ဝိဘတ်ကြောင့် ခတ်နောင် ဏ္ဍ-လာပါသည်။

## ၆၀၆။ ဒဓန္တတော ယော ကွစိ

ဒကာရ ဓကာရန္တာယ ဓာတုယာ ယထာဂမံ ယကာရာဂမော ဟောတိ ကွစိ တုနာဒိသု ပစ္စယေသု။ ။ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိတွာ၊ ဓမ္မံ ဗုဇ္ဈိတွာ။

ဒဓန္တတောတိ ကိမတ္ထံ? လဘိတွာ။ ကွစီတိ ကိမတ္ထံ? ဥပ္ပါဒေတွာ။

* တုနာဒိသု၊တုန,စသော ပစ္စည်းတို့ကြောင့်။ယထာဂမံ၊အာဂုံပါဠိအားလျော်စွာ။ ဒ ဓန္တတော၊ဒ,အက္ခရာ ဓ,အက္ခရာ အဆုံးရှိသော ခတ်မှ၊ပရနောက်၌။ကွစိ၊အချို့၌။ ယော၊ယ-လာသည်။ဟောတိ၊ဖြစ်၏။ ။ * တုနာဒိသု ပစ္စယေသု၊တုန,စသော ပစ္စည်းတို့ ကြောင့်။ယထာဂမံ၊စွာ၊ဒကာရ ဓကာရန္တာယ ဓာတုယာ၊ဒ,အက္ခရာ ဓ,အက္ခရာ အဆုံး ရှိသော ခတ်မှ၊ပရ၌။ကွစိ၊အချို့၌။ယကာရာဂမော၊ယ-လာသည်။ဟောတိ၊ဖြစ်၏။

ဗုဒ္ဓေါ၊ဘုရားသည်။လောကေ၊လောက၌။ဥပ္ပဇ္ဇိတွာ၊ဖြစ်၍။ * ဓမ္မံ၊တရားကို။ဗုဇ္ဈိတွာ၊ သိ၍။ * ဒဓန္တတောတိ ပဒံ၊ဒဓန္တတော-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ လဘိတွာ၊ရ၍။ * ကွစီတိ ပဒံ၊ကွစိ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ ဥပ္ပါဒေတွာ၊ဖြစ်စေ၍။

➤ ဒဓန္တတော+ယော+ကွစိ-ဟု ၃-ပုဒ်ရှိသော အာဂမဝိဓိသုတ်

➤ **ဤသုတ်တည်ရကျိုး** ။ ။ [ဒိဝါဒိတောယော-သုတ်ဖြင့် ယပစ္စည်းသက်လျှင် ဥပ္ပဇ္ဇိတွာ,စသော ရုပ်များပြီးနိုင်သော်လည်း] ယပစ္စည်းသက်၍သာ ပြီးနိုင်သည်မဟုတ်၊ ယ, အက္ခရာ လာ၍လည်း ပြီးနိုင်သေး၏ဟု စာသင်သားတို့၏ ရုပ်ပြီးခြင်း၌ လိမ္မာ စေခြင်းအကျိုးငှာ ဤသုတ်ကို တည်ရပါသည်။

➤ **ယ-လာရာ၌ ယူရမည့် နိမိတ်** ။ ။ ရှေ့နိမိတ်ကား- ဒ, အက္ခရာ အဆုံးရှိသော ပဒ, ဘိဒိ, ဆိဒိ, စသော ခတ်၊ ဓ, အက္ခရာ အဆုံးရှိသော ဗုဓ, ရုဓ, ရုဓ, စသော ခတ် များဖြစ်ပါသည်။ နောက်နိမိတ်ကား- တုန, တွာန, တွာပစ္စည်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



➤ ဒကာရန္တဓာတ် ။ ။ (ကစ္စည်းအလို) ပဒဓာတ်၊ (ရူ-အလို) ပဒ, ဘိဒိ, ဆိဒိဓာတ်တို့ ဖြစ်ပါသည်။ ➤ ဓ, ဓာရန္တဓာတ် ။ ။ (ကစ္စည်းအလို) ဗုဓဓာတ်၊ (ရူ-အလို) ဗုဓ, ရုဓ, ရုဓဓာတ်တို့ ဖြစ်ပါသည်။

➤ ကွစ်-သဒ္ဒါ ထည့်ဆိုရခြင်းအကြောင်း ။ ။ ဝါသဒ္ဒါ, ကွစိသဒ္ဒါတို့၏ ဒွိရုပ်ကိုပြခြင်း အနက်တူသောကြောင့် (ဝါသဒ္ဒါဖြင့် မဆိုဘဲ) ကွစိသဒ္ဒါဖြင့် ဆိုရပါသည်။

➤ ယော ကွစ်-ဟူသော ယောဂဝိဘာဂဖြင့် ရနိုင်သောအကျိုး ။ ။ ယော ကွစ်-ဟူသော ယောဂဝိဘာဂဖြင့် ပစ္စယ, စသော ပြယုဂ်၌ ပစဓာတ်နောင်မှလည်း ယ, အက္ခရာ လာနိုင်ခြင်း အကျိုးရှိပါသည်။ (ရူ-သုတ် ၆၄၃)

**ကိတ် စတုတ္ထပိုင်း ပြီး၏။**

❀ ❀ ❀ ❀ ❀ ❀ ❀ ❀ ❀ ❀

## ကိတ် ပဥ္စမကဏ္ဍ

## ၆၀၇။ နိဂ္ဂဟိတ သံယောဂါဒိနော

သံယောဂါဒိဘူတော နကာရော နိဂ္ဂဟိတ မာပဇ္ဇတေ။

ရင်္ဂေါ၊ ဘင်္ဂေါ၊ သင်္ဂေါ။

* သံယောဂါဒိ၊သံယုဂ်၌ အစဖြစ်သော။(ဝါ) အစ သံယုဂ်ဖြစ်သော။နော၊န, သည်။ နိဂ္ဂဟိတံ၊နိဂ္ဂဟိတ် အဖြစ်သို့။အာပဇ္ဇတေ၊ရောက်၏။ ။ * သံယောဂါဒိဘူတော၊သံယုဂ်၏ အစဖြစ်၍ဖြစ်သော။နကာရော၊န, အက္ခရာသည်။နိဂ္ဂဟိတံ၊နိဂ္ဂဟိတ်အဖြစ်သို့။ အာပဇ္ဇတေ၊ရောက်၏။ ။ ရင်္ဂေါ၊တပ်စွဲခြင်း။ဘင်္ဂေါ၊ချိုးဖျက်ခြင်း။သင်္ဂေါ၊ငြိကပ်ခြင်း။

➤ နိဂ္ဂဟိတ+သံယောဂါဒိ+နော-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ သံယောဂါဒိ အဓိပ္ပါယ် ။ ။ န္ဂ-ဟူသော သံယုဂ်၌ အစဖြစ်သော န, အက္ခရာ သည် "သံယောဂါဒိ" မည်ပါသည်။

➤ သံယောဂါဒိ-အရ - သံယောဂေ အာဒိ ယေသန္တေ သံယောဂါဒိ-ဟူသော ဝစနတ္ထနှင့် အညီ ရန္ဇဓာတ်, ဘန္ဇဓာတ်, သန္ဇဓာတ်တို့၏ အစ, အစိတ် န, သံယုဂ်ကို ယူရပါမည်။

➤ သံယောဂ အဓိပ္ပါယ် ။ ။ နှစ်လုံးသော ဗျည်းတို့၏ တစ်လုံးတည်းသော သရ၌ တည်ခြင်းသည် "သံယောဂ" မည်ပါသည်။

➤ သံယောဂ-အရ ။ ။ ဓာတုယာ ကမ္မာဒိမှိ ဏော-သုတ်မှ ဓာတုသဒ္ဒါ လိုက်လာ သောကြောင့် ဓာတ်နှင့်စပ်ခြင်းရှိသော သံယုဂ်ကို ယူရပါမည်။ (ဋီကာ)

➤ န-နှစ်မျိုး ။ ။ (၁) ဓာတုသံယောဂါဒိ န၊ (၂) ပစ္စယသံယောဂါဒိ န ။

➤ နိဂ္ဂဟိတ်ပြုရမည့် "န" အမျိုးအစား ။ ။ ဓာတုယာ ကမ္မာဒိမှိ ဏော-သုတ်မှ ဓာတု-သဒ္ဒါလိုက်လာသောကြောင့် ဓာတုသံယောဂါဒိ "န" ကိုသာ နိဂ္ဂဟိတ်ပြုရပါမည်။

http://www.dhammadownload.com



➤ **ဝိဘတ် မပါအဲ 'နိဂ္ဂဟိတ'ဟု ဆိုရကျိုး** ။ ။ သုတ်ကို ရွတ်ဆိုလွယ်ကူစေခြင်း အကျိုးရှိပါသည်။

## ၆၀၈။ သဗ္ဗတ္ထ ဂေ ဂိ

ဂေ ဣစ္စေတဿ ဓာတုဿ ဂီအာဒေသော ဟောတိ သဗ္ဗတ္ထ ဌာနေ။
ဂီတံ၊ ဂါယတိ။

* သဗ္ဗတ္ထ၊အလုံးစုံသော တပစ္စည်း, တိပစ္စည်း သက်ရာဌာန၌ (သာဓန၌)။ဂေ၊ဂေ ဓာတ်၏။ဂီ၊ဂီပြုသည်။ဟောတိ၊ဖြစ်၏။ ။ * သဗ္ဗတ္ထ၊အလုံးစုံသော၊ဌာနေ၊တပစ္စည်း, တိပစ္စည်း သက်ရာဌာန၌။ဂေ ဣစ္စေတဿ ဓာတုဿ၊ဂေဓာတ်၏။ဂီအာဒေသော၊ဂီပြုသည်။ ဟောတိ၊ဖြစ်၏။ ။ ဂီတံ၊သီဆိုခြင်း။ဂါယတိ၊သီဆို၏။

**➤ သဗ္ဗတ္ထ+ဂေ+ဂီ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

➤ **ဂေဓာတ်ကို ဂီ, ပြုရာဌာန** ။ ။ တပစ္စည်း, တိပစ္စည်းနောင်းရာ၌သာ ဂေဓာတ်ကို ဂီ, ပြုရပါမည်။

➤ **သဗ္ဗတ္ထ-အရ** ။ ။ ပါဠိတော်၌ တပစ္စည်း, တိပစ္စည်း နောင်းရာ၌သာ ဂေဓာတ်၏ ဂီ, အပြု ပုံစံရှိသောကြောင့် တပစ္စည်း, တိပစ္စည်းတို့ကို ယူရပါမည်။ (ပုံစံ) ဂီတံ၊ဂီတိ။

မေး ။ ။ ဤသုတ်၌ သဗ္ဗတ္ထ-ဟု ဆိုသဖြင့် အရာရာတိုင်းမှာ ဂေဓာတ်ကို ဂီပြုနိုင်/မပြုနိုင် ရှင်းလင်းတင်ပြပါ။

* တပစ္စည်း, တိပစ္စည်းနောင်းရာ၌သာ ဂေဓာတ်ကို ဂီပြုရပါမည်၊ အရာရာတိုင်းမှာ ဂေဓာတ်ကို ဂီ မပြုနိုင်။

➤ **သဗ္ဗတ္ထ-သဒ္ဒါ ထည့်ဆိုရကျိုး** ။ ။ အာချာတ်အရာ, ကိတ်အရာ နှစ်ပါးတို့၌ ဂေဓာတ်ကို ဂီပြုရခြင်း အကျိုးရှိပါသည်။

➤ **နိမိတ်-အရ /ဂေဓာတ်ကို ဂီပြုရာ၌ ယူရမည့်နိမိတ်** ။ ။ တပစ္စည်း, တိပစ္စည်း ဖြစ်ပါသည်။ (ပုံစံ) ဂီတံ၊ ဂါယတိ။

➤ **ဂီတံ, သဒ္ဒါ၏ လိင်** ။ ။ ဘာဝအနက်၌ဖြစ်မူ နပုလ္လိင်၊ ကံအနက်၌ဖြစ်မူ တိလိင် ဖြစ်ပါသည်။

မေး ။ ။ ဤသုတ်၌ တပစ္စယန္တပုဒ်များ၏ သာဓနအားလျော်စွာ လိင်ကွဲပြားပုံကို ဖြေဆိုပါ

* <u>တပစ္စယန္တပုဒ်များသည် ဘာဝအနက်၌ နပုံလိင်၊ ကံအနက်၌ လိင် ၃-ပါး။</u>

## ၆၀၉။ သဒဿ သီဒတ္တံ

သဒ ဣစ္စေတဿ ဓာတုဿ သီဒါဒေသော ဟောတိ သဗ္ဗတ္ထ ဌာနေ။
နိသိန္နော၊ နိသီဒတိ။

* သဗ္ဗတ္ထ၊အလုံးစုံသော ဝိဘတ်, ပစ္စည်းသက်ရာ ဌာန၌။သဒဿ၊သဒဓာတ်၏။

http://www.dhammadownload.com



သိဒတ္တံ၊သိဒ္ဓ အဖြစ်သည်။ဟောတိ၊ဖြစ်၏။ ။ * သဗ္ဗတ္ထ၊အလုံးစုံသော။ဌာနေ၊ဝိဘတ်, ပစ္စည်းသက်ရာ ဌာန၌။သဒ္ဒ ဣစ္စေတဿ ဓာတုဿ၊သဒဓာတ်၏။သိဒ္ဓါဒေသော၊သိဒ္ဓ ပြုသည်။ဟောတိ၊ဖြစ်၏။ ။ နိသိန္နော၊နိသိဒတိ၊ထိုင်နေ၏။

> သဒဿ+သိဒတ္တံ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

> **နိမိတ်-အရ** ။ ။ အာချာတ်ဝိဘတ်အားလုံးနှင့် ကိတ်ကျမ်းလာ ပစ္စည်းအားလုံးကို ယူရပါမည်။

မေး ။ ။ ဤသုတ်ဖြင့် အာချာတ်အရာ၌ အာချာတ်ဝိဘတ် ပစ္စည်းတို့ကြောင့် သဒဓာတ်ကို သိဒပြုရမည်နည်း။

* ဤသုတ်ဖြင့် အလုံးစုံသော အာချာတ်အရာ, ကိတ်အရာ၌ အလုံးစုံသော အာချာတ်ဝိဘတ်, ကိတ်ပစ္စည်းတို့ကြောင့် သဒဓာတ်ကို သိဒပြုရပါမည်။

> **သိဒတ္တံ-ဟု ဘာဝနိဒ္ဒေသဖြင့် ဆိုရကျိုး** ။ ။ သုတ်ကို ရှုတ်ဆိုလွယ်ကူစေခြင်း အကျိုးရှိပါသည်။ (နိဒ္ဒေသ)

> **ဤသုတ်ဖြင့် သဒဓာတ်ကို သိဒ, သာ ပြုနိုင်ပါသလော?**

> **ယောဂဝိဘာဂ** ။ ။ သဒဿ-ဟူသော ယောဂဝိဘာဂဖြင့် သဒဓာတ်ကို သိဝ လည်း ပြုနိုင်ပါသည်။ (ပုံစံ) ဣဒ္ဓါနိ သန္နိသိဝါ ပဂ္ဂို။

> **နိသဇ္ဇတေ-၌ သဒဓာတ်ကို သိဒ မပြုရခြင်းအကြောင်း** ။ ။ ဒဇ္ဇတော ယောကွစိ-သုတ်မှ မဏ္ဍူက ဂတိကနည်းဖြင့် ကွစိ-သဒ္ဒါလိုက်လာသောကြောင့် သိဒ, မပြုရ။

## ၆၁၀။ ယဇဿ သရဿိဋ္ဌေ

ယဇ ဣစ္စေတဿ ဓာတုဿ သရဿ ဣကာရာဒေသော ဟောတိ ဋ္ဌေ ပရေ ယိဋ္ဌော၊ ယိဋ္ဌာ။ ဋ္ဌေတိ ကိမတ္ထံ? ယဇနံ။

* ဋ္ဌေ၊ဋ္ဌပြုကြောင့်။ယဇဿ၊ယဇဓာတ်၏။[အန္တာပေက္ခအနက်] ယဇဿ၊ယဇဓာတ်၏ ယ, အက္ခရာ၏။[တန္တနည်း] သရဿ၊အစိတ်သရ၏။ဣ၊ဣပြုသည်။ဟောတိ၊ဖြစ်၏။

* ပရေနောက်ဖြစ်သော။ဋ္ဌေ၊ဋ္ဌပြုကြောင့်။ယဇ ဣစ္စေတဿ ဓာတုဿ၊ယဇဓာတ်၏။သရဿ၊အစိတ်သရ၏။ဣကာရာဒေသော၊ဣပြုသည်။ဟောတိ၊ဖြစ်၏။

ယိဋ္ဌော၊ပူဇော်အပ်ပြီ။ယိဋ္ဌာ၊ပူဇော်အပ်ကုန်ပြီ။ ဋ္ဌေတိ ပဒံ၊ဋ္ဌေ-ဟူသောပုဒ်သည်။ ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ယဇနံ၊ပူဇော်ခြင်း။

> ယဇဿ+သရဿ+ဣဋ္ဌေ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

> **ယဇဿ သရဿိဋ္ဌေ-ဟု ယဇ-သဒ္ဒါနှင့် ဆိုရခြင်းအကြောင်း** ။ ။ ဓာတွန်ဇ-နှင့် တကွ တပစ္စည်းကို ဋ္ဌ, မပြုမီ ရှေ့အဘို့၌ဖြစ်ဖူးသော ဘူတပုဗ္ဗဂတိကနည်းအားဖြင့် ရင်း, အပေါင်းဖြစ်သော ယဇ-ဟူသော အမည်ကို အစိတ်ဖြစ်သော ယ, အက္ခရာ၌

http://www.dhammadownload.com



တင်စား၍ ခေါ်အပ်သော ဇကဒေသျူပစာရအားဖြင့်ရင်း ယဇဿ သရသိဒ္ဓေ-ဟု ယဇ သဒ္ဒါနှင့်တကွ ဆိုရပါသည်။

➤ **သရဿ-အရ / ကာရိ-အရ** ။ ။ ယဇဓာတ်၏ ယ၏ အ, သရကိုသာ ယူရပါမည်။ (ပုံစံ) ယိဒ္ဓေါ။

➤ **ဤသုတ်၏ နိမိတ်ဖြစ်သင့်သော သုတ်** ။ ။ သာဒိ သန္တ ပုစ္ဆ ဘန္ဇ ဟံသာဒီဟိ ဋ္ဌော။

## ၆၁၁။ ဟာစတုတ္ထာန မန္တာနံ ဒေါ စ

ဟာစတုတ္ထာနံ ဓာတွန္တာနံ ဒေါ အာဒေသော ဟောတိ ဓေ ပရေ။

သန္နဒ္ဓေါ၊ ကုဒ္ဓေါ၊ ယုဒ္ဓေါ၊ သိဒ္ဓေါ၊ လဒ္ဓေါ၊ အာရဒ္ဓေါ။

* ဓေ၊နောက် ဓ,ပြကြောင့်။အန္တာနံ၊ဓာတ်၏အစိတ်ဖြစ်ကုန်သော။ဟာစတုတ္ထာနံ၊ဟ အက္ခရာ စတုတ္ထက္ခရာတို့၏။ဒေါ၊ဒပြုသည်။ဟောတိ၊၏။ ။ * ပရေ၊နောက်ဖြစ်သော။ ဓေ၊ဓ,ပြကြောင့်။ဓာတွန္တာနံ၊ဓာတ်၏အစိတ်ဖြစ်ကုန်သော။ဟာစတုတ္ထာနံ၊တို့၏။ဒေါ အာဒေသော၊ဒပြုသည်။ဟောတိ၊၏။ ။ သန္နဒ္ဓေါ၊ဖွဲ့စည်းအပ်၏။ ကုဒ္ဓေါ၊အမျက်ထွက်အပ်၏။ ယုဒ္ဓေါ၊စစ်ထိုး၏။ သိဒ္ဓေါ၊ပြီးစီး၏။ လဒ္ဓေါ၊ရအပ်၏။ အာရဒ္ဓေါ၊အားထုတ်အပ်၏။

➤ ဟာစတုတ္ထာနံ+အန္တာနံ+ဒေါ+ဓေ-ဟု ၄-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ **ဤသုတ်၏ နိမိတ်ဖြစ်သောသုတ်** ။ ဓပ ဘဟေဟိ ဓောစ-သုတ် ဖြစ်သည်။

➤ **ကာရိ-အရ** ။ ဓာတွန် ဟ, ဓ, ဘ,အက္ခရာတို့ ဖြစ်သည်။[သန္နဒ္ဓေါ၊ကုဒ္ဓေါ၊လဒ္ဓေါ။]

➤ **စတုတ္ထ-အရ** ။ ။ ဍော ပကာရေ-သုတ်ဖြင့် စတုတ္ထ-အရ ဓာတွန် ပ,အက္ခရာကို ယူရမည်ဖြစ်သောကြောင့် ဓ,အက္ခရာ ဘ,အက္ခရာတို့ကို ယူရမည်။(ပုံစံ) ကုဒ္ဓေါ၊လဒ္ဓေါ။

➤ **အန္တ-အရ** ။ ။ ဓာတွန် ဟ, ဓ, ဘ,အက္ခရာတို့ကို ယူရပါမည်။

➤ **ဟာ-အရ** ။ ။ နဟဓာတ်၏ ဟ,အက္ခရာကို ယူရမည်။ (ပုံစံ) သန္နဒ္ဓေါ။

## ၆၁၂။ ဍော ပကာရေ

ဟာစတုတ္ထာနံ ဓာတွန္တာနံ ဍောအာဒေသော ဟောတိ ပကာရေ ပရေ။

ဒယှတီတိ ဒဍှော၊ ဝဍှတီတိ ဝုဍှော။ ပကာရေတိ ကိမတ္ထံ? ဒါဟော။

* ပကာရေ၊ပ,အက္ခရာကြောင့်။အန္တာနံ၊ဓာတ်၏အစိတ်ဖြစ်ကုန်သော။ဟာစတုတ္ထာနံ၊ ဟ,အက္ခရာ စတုတ္ထက္ခရာတို့၏။ဍော၊ဍပြုသည်။ဟောတိ၊ဖြစ်၏။ ။ ပရေ၊သော။ပကာရေ၊ကြောင့်။ဓာတွန္တာနံ၊ဓာတ်၏အစိတ်ဖြစ်ကုန်သော။ဟာစတုတ္ထာနံ၊တို့၏။ဍောအာဒေသော၊ဍပြုသည်။ဟောတိ၊၏။ ။ * ဒယှတိ၊ပူလောင်အပ်၏။ဣတိ၊ဤ အကြောင်းကြောင့်။ ဒဍှော၊မည်၏။ * ဝဍှတိ၊ကြီးပွား၏။ဣတိ၊ကြောင့်။ဝုဍှော၊မည်၏။ ပကာရေတိ ပဒံ၊ ပကာရေ-ဟူသောပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ဒါဟော၊ပူလောင်ခြင်း။

http://www.dhammadownload.com



➤ ဋ္ဌော+ပကာရေ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ ဤသုတ်၏ နိမိတ်ဖြစ်သော သုတ် = ဓပ ဘဟေဟိ ဓဟာစ-သုတ် ဖြစ်သည်။

➤ **စတုတ္ထ-အရ** ။ ။ ဟာစတုတ္ထာနံ မန္တာနံ ဒေါ ဓေ-သုတ်ဖြင့် စတုတ္ထ-အရ ဓာတွန် ဓ,အက္ခရာ ဘ,အက္ခရာတို့ကို ယူပြီးဖြစ်သောကြောင့် ဓာတွန် ပ,အက္ခရာကို ယူရမည်။ (ပုံစံ) ဝုဋ္ဌော။ ➤ **ချပြုရမည့် ကာရိ,အက္ခရာ** ။ ။ ဟာစတုတ္ထာန မန္တာနံဒေါ ဓေ-သုတ်မှ ဟ စတုတ္ထာနံ-သဒ္ဒါ လိုက်လာသောကြောင့် ဟ,အက္ခရာ ပ,အက္ခရာတို့ ဖြစ်ပါသည်။

➤ **အန္တ-အရ** ။ ။ ဓာတွန် ဟ,အက္ခရာ ပ,အက္ခရာ-တို့ ဖြစ်ပါသည်။

➤ **ဟာ-အရ** ။ ။ ဒဟဓာတ်၏ ဟ,အက္ခရာကို ယူရပါမည်။ (ပုံစံ) ဒဍ္ဎော။

၆၁၃။ **ဂဟဿ ဃရ ဏေ ဝါ**

ဂဟ က္လစ္စေတဿ ဓာတုဿ သဗ္ဗဿ ဃရာဒေသော ဟောတိ ဝါ ဏပစ္စယေ ပရေ။ ။ ဃရံ၊ ဃရာနိ။ ဝါတိ ကိမတ္ထံ? ဂါဟော။

* ဏေ၊ဏပစ္စည်းကြောင့်။ဂဟဿ၊ဂဟဓာတ်၏။ဃရံ၊ဃရပြုသည်။ဝါ၊အချို့။ ဟောတိ၊ဖြစ်၏။ ။ * ပရေနောက်ဖြစ်သော။ဏပစ္စယေ၊ဏပစ္စည်းကြောင့်။သဗ္ဗဿ၊ အလုံးစုံသော။ဂဟ က္လစ္စေတဿ ဓာတုဿ၊ဂဟဓာတ်၏။ဃရာဒေသော၊ဃရပြုသည်။ ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ * ဃရံ၊အဆောက်အဦကို ယူတတ်သော အိမ်။ * ဃရာနိ၊ အဆောက်အဦကို ယူတတ်သော အိမ်တို့။ဝါတိပဒံ၊ဝါ-ဟူသော ပုဒ်သည်။ကိမတ္ထံ၊ဘာ အကျိုးရှိသနည်း။ဂါဟော၊ယူခြင်း။

➤ ဂဟဿ+ဃရ+ဏေ+ဝါ-ဟု ၄-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ ဤသုတ်၏ နိမိတ်ဖြစ်သင့်သော သုတ် = ဝိဿ ရုဇ ပဒါဒိတော ဏ-သုတ်။

➤ **ဏေ,အရ/ နိမိတ်-အရ** ။ ။ ဝိဿ ရုဇ ပဒါဒိတော ဏ-သုတ်ဖြင့် ကံအနက်၌ သက်သော ဏပစ္စည်းကို ယူရပါမည်။

**မေး** ။ ။ အဘာယ်သုတ်ဖြင့် အဘာယ်အနက်၌သက်သော အဘာယ်ပစ္စည်းကြောင့် ဂဟ ဓာတ်ကို ဃရပြုရမည်နည်း။

* ဝိဿ ရုဇ ပဒါဒိတော ဏ-သုတ်ဖြင့် ကံအနက်၌သက်သော ဏပစ္စည်းကြောင့် ဂဟဓာတ်ကို ဃရပြုရပါမည်။

၆၁၄။ **ဒဟဿ ဒေါ ဠံ (လ်)**

ဒဟ က္လစ္စေတဿ ဓာတုဿ ဒကာရော ဠတ္တံ မာပဇ္ဇတေ ဝါ ဏပစ္စယေ ပရေ။ ။ ပရိဒါဟော ပရိဠာဟော။ ဝါတိ ကိမတ္ထံ? ပရိဒါဟော။

* ဏေ၊ဏပစ္စည်းကြောင့်။ဒဟဿ၊ဒဟဓာတ်၏။ဒေါ၊ဒ,သည်။ဠံ၊ဠ,အဖြစ်သို့။ဝါ၊ အချို့။အာပဇ္ဇတေ၊ရောက်၏။ ။ ပရေနောက်ဖြစ်သော။ဏပစ္စယေ၊ဏပစ္စည်းကြောင့်။

http://www.dhammadownload.com



ဒဟ ဣစ္စေတသ္မ ဓာတုသ္မ၊ဒဟဓာတ်၏။ဒကာရော၊ဒ,အက္ခရာသည်။ဠ္ဍူတွံ၊ဠ္ဍ,အဖြစ်သို့ ဝါ၊အချို့။အာပဇ္ဇတေ၊ရောက်၏။ ။ ပရိဒဟာနံ ပရိဠာဟော၊ပူလောင်ခြင်း။ ဝါတိပဒံ၊ဝါ-ဟူသော ပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ပရိဒါဟော၊ပူလောင်ခြင်း။

➤ ဒဟဿ+ဒေါ+ဠ္ဍ-ဟု ၃-ပုဒ်ရှိသော အာဒေသဝိဓိသုတ်

➤ သုတ်၌ ဓါလံ-ဟု ဆိုပါလျှက် ပရိဠာဟော-ဟု 'ဠ' နှင့်ပုံစံထုတ်ရကြောင်း လငယ် ဠ္ဍကြီး အထူးမရှိသောကြောင့် ပရိဠာဟော-ဟု ပုံစံထုတ်ရပါသည်။

➤ ဤသုတ်၏ နိမိတ်ဖြစ်သင့်သောသုတ် = ဘာဝေစ-သုတ် ဖြစ်ပါသည်။

## ၆၁၅။ ဓာတွန္တဿ လောပေါ ကွိမှိ

ဓာတွန္တဿ ဗျဉ္ဇနဿ လောပေါ ဟောတိ ကွိမှိ ပစ္စယေ ပရေ။
ဘုဇေန ဂစ္ဆတီတိ ဘုဇဂေါ၊ ဥရေန ဂစ္ဆတီတိ ဥရဂေါ၊ တုရဂေါ၊ သခေါ်။

* ကွိမှိ၊နောက် ကွိပစ္စည်းကြောင့်။ဓာတွန္တဿ၊ဓာတ်၏အစိတ်ဗျည်း၏။လောပေါ၊ ကျေသည်။ဟောတိ၊ဖြစ်၏။ ။ * ပရေနောက်ဖြစ်သော။ကွိမှိ ပစ္စယေ၊ကွိပစ္စည်းကြောင့်။ ဓာတွန္တဿ၊ဓာတ်၏အစိတ်ဖြစ်သော။ဗျဉ္ဇနဿ၊ဗျည်း၏။လောပေါ၊သည်။ဟောတိ၊၏။

ဘုဇေန၊ကောက်တကျစ်ဖြင့်။(ဝါ) ကောက်ကောက်ကွေ့ကွေ့။ဂစ္ဆတိ၊သွားတတ်၏။ ဣတိ၊ဤအကြောင်းကြောင့်။ဘုဇဂေါ၊မြွေမည်၏။ * ဥရေန၊ရင်ဖြင့်။ဂစ္ဆတိ၊သွားတတ်၏။ ဣတိ၊ကြောင့်။ဥရဂေါ၊မြွေမည်၏။ တုရဂေါ၊မြင်း။ သခေါ်၊ခရုသင်း။

➤ ဓာတွန္တဿ+လောပေါ+ကွိမှိ-ဟု ၃-ပုဒ်ရှိသော လောပဝိဓိသုတ်

➤ ဓာတွန္တဿ-အရ/ကာရိ-အရ ။ ။ မဗျည်း, နဗျည်းတို့ကို ယူရပါမည်။ (ပုံစံ) ဘုဇဂေါ၊ သခေါ်။ ➤ ချေရမည့် ဓာတွန်ဗျည်း = မ,ကာရန္တဓာတ် နကာရန္တဓာတ်တို့ ဖြစ်ပါသည်။ ➤ နိမိတ်ဖြစ်သင့်သောသုတ် = ကွိစ-သုတ် ဖြစ်ပါသည်။

## ၆၁၆။ ဝိဒန္တေ ဦ

ဝိဒ ဣစ္စေတသ္မ ဓာတုသ္မ အန္တေ ဦကာရာဂမော ဟောတိ ကွိမှိ ပစ္စယေ ပရေ။ ။ လောကံ ဝိဒတိ ဇာနာတီတိ လောကဝိဒူ။

* ကွိမှိ၊နောက် ကွိပစ္စည်းကြောင့်။ဝိဒန္တေ၊ဝိဒဓာတ်၏အဆုံး၌။ဦ၊ဦ,အက္ခရာလာသည် ဟောတိ၊ဖြစ်၏။ ။ * ပရေနောက်ဖြစ်သော။ကွိမှိ ပစ္စယေ၊ကွိပစ္စည်းကြောင့်။ဝိဒ ဣစ္စေ တသ္မ ဓာတုသ္မ၊ဝိဒဓာတ်၏။ အန္တေ၊အဆုံး၌။ ဦကာရာဂမော၊ဦ,အက္ခရာ လာသည်။ ဟောတိ၊ဖြစ်၏။ ။ လောကံ၊လောကသုံးပါးကို။ဝိဒတိ, ဇာနာတိ၊သိတတ်၏။ဣတိ၊ဤ အကြောင်းကြောင့်။လောကဝိဒူ၊လောကဝိဒူ မည်၏။

➤ ဝိဒန္တေ+ဦ-ဟု ၂-ပုဒ်ရှိသော အာဂမဝိဓိသုတ်

➤ အန္တ,သဒ္ဒါ ထည့်ဆိုရခြင်းအကျိုး ။ ။ ဝဓူ, ဇမ္ဗူ,စသော ပြယုဂ်တို့၌ ဗန္ဓဓာတ်,

http://www.dhammadownload.com



ရေတော်တို့နောင် ဦး၊အက္ခရာ လာရခြင်းအကျိုး ရှိပါသည်။

၆၁၇။ န မ က ရာန မန္တာနံ နိယုတ္တတမှိ

နကာရ မကာရ ကကာရ ရကာရာနံ ဓာတွန္တာနံ လောပေါ နု ဟောတိ ဏ္ဏကာရယုတ္တေ တပစ္စယေ ပရေ။ ။ ဟနိတုံ၊ ဂမိတော၊ ရမိတော၊ သကိတော၊ သရိတော၊ ကရိတွာ။ ။ ဏ္ဏယုတ္တတာမှိတိ ကိမတ္ထံ? ဂတော၊ သတော။

* နိယုတ္တတမှိ၊ဏ္ဏ၊အက္ခရာ အာဂုံနှင့်ယှဉ်သော တ၊ပစ္စည်းကြောင့်။အန္တာနံ၊ဓာတ်၏ အစိတ်ဖြစ်ကုန်သော။နမကရာနံ၊န၊အက္ခရာ မ၊အက္ခရာ က၊အက္ခရာ ရ၊အက္ခရာတို့၏။ လောပေါ၊ကျေသည်။န ဟောတိ၊မဖြစ်။ ။ * ပရေနောက်ဖြစ်သော။ဏ္ဏကာရယုတ္တေ၊ ဏ္ဏ၊အက္ခရာ အာဂုံနှင့်ယှဉ်သော။တပစ္စယေ၊တ၊ပစ္စည်းကြောင့်။ဓာတွန္တာနံ၊ဓာတ်၏အစိတ် ဖြစ်ကုန်သော။နကာရ မကာရ ကကာရ ရကာရာနံ၊န၊အက္ခရာ မ၊အက္ခရာ က၊အက္ခရာ ရ၊အက္ခရာတို့၏။ လောပေါ၊ကျေခြင်းသည်။န ဟောတိ၊မဖြစ်။

ဟနိတုံ၊သတ်ခြင်းငှာ။ဂမိတော၊သွားရောက်အပ်၏။ ရမိတော၊မွေ့လျော်အပ်၏။ သရိတော၊အောက်မေ့အပ်၏။ ကရိတွာ၊ပြု၍။ * ဏ္ဏယုတ္တတမှိတိ ပဒံ၊ဏ္ဏယုတ္တတမှိ-ဟူ သော ပုဒ်သည်။ကိမတ္ထံ၊ဘာအကျိုးရှိသနည်း။ဂတော၊သွား၏။သတော၊အောက်မေ့၏။

➤ နမကရာနံ+အန္တာနံ+န+ဏ္ဏယုတ္တတမှိ-ဟု ၄-ပုဒ်ရှိသော ပဋိသေဓဝိဓိသုတ်

➤ ဤသုတ်က တားမြစ်သော သုတ်များ ။ ။ [ရူ-အလို] ဂမ ခန ဟန ရမာဒီန မန္တော၊ ရကာရောစ-သုတ်တို့ဖြစ်ပါသည်။ [ရူပဏ္ဍိ-အလို] သာသ ဒိသတော တဿ ရိဋ္ဌောစ၊ သာဒိသန္တ ပုစ္ဆ ဘဉ္စ ဟံသာဒီဟိ ဌော၊ ဝသတော ဥဋ္ဌ၊ ဓေဘာဟေဟိ ဓောစ၊ ဘုဇာဒီနမန္တော နောဒ္ဒွိစ၊ ဂုပါဒီနဉ္စ၊ သုသ ပစ သကတော က္ခ က္ကာစ၊ ဇနာဒီန မာတိမှိစ၊ ဂမ ခန ဟန ရမာဒီနံ မန္တော၊ ရကာရောစ၊ ဒိသာ သွာန သွာ န္တလောပေါစ၊ မဟာဒဘေဟိ မ္မယှ ဇ္ဇ ဗ္ဗ ဒ္ဓါစ-သုတ်တို့ဖြစ်သည်။ [နိဒ္ဒေသ-အလို] သာသ ဒိသတော တဿ ရိဋ္ဌောစ၊ ဘုဇာဒီနမန္တော နော ဒ္ဒွိစ၊ ဇနာဒီန မာတိမှိစ၊ ဂမ ခန ဟန ရမာဒီန မန္တော။(၄-သုတ်)

➤ နိယုတ္တတမှိ-အရ ။ ။ တ, အက္ခရာပါသော တုံ, တွာ, တွာန, တဗ္ဗပစ္စည်းတို့ကို ယူရပါမည်။ (ပုံစံ) ဂမိတော၊ ဂမိတုံ၊ ဂမိတွာ၊ ဂမိတွာန၊ ဂမိတဗ္ဗံ။

➤ ဏ္ဏ၊အာဂုံနှင့်ယှဉ်သော တ၊အရ ။ ။ တ, တဗ္ဗ, တုံ, တွာ, တွာနပစ္စည်းတို့ကို ယူရပါမည်။ ➤ ဏ္ဏ-အရ ။ ။ ယထာဂမမိကာရော-သုတ်ဖြင့် လာသော ဏ္ဏ၊အက္ခရာကို ယူရပါမည်။

➤ န,မ,က,ဆုံးသော ဓာတ်သုံးလုံးကို ယူရကျိုး ။ ။ ဏ္ဏ၊အာဂုံနှင့်ယှဉ်သော တ၊ ပစ္စည်းနှောင်းရာ၌ ဂမ ခန ဟန ရမာဒီန မန္တော-သုတ်နှင့် ရကာရောစ-သုတ်တို့၏ အစီ အရင်ကို တားမြစ်ရခြင်းအကျိုး ရှိပါသည်။

http://www.dhammadownload.com



➤ **ဂမိတုံ စနိတုံ ဟနိတုံ မနိတုံ ဟရိတုံ-တို့ ၌ ဓာတွန် မကျေခြင်းအကြောင်း**

ဤပြယုဂ်တို့၌ ဣ,အက္ခရာနှင့်ယှဉ်သော တ,ကြောင့် နမကရာန မန္တာန် နိယုတ္တ တမှိ-သုတ်ဖြင့် တားမြစ်ထားသောကြောင့် ဓာတွန် မကျေပါ။ (ရူ- ၃၉၁)

## ၆၁၈။ န က ဂတ္တံ စ ဓာ ဏွုမှိ

စကာရ ဇကာရာ ကကာရ ဂကာရတ္တံ နာပဇ္ဇန္တေ ဏွုမှိ ပစ္စယေ ပရေ။

ပစတီတိ ပါစကော၊ ယဇတီတိ ယာဇကော။

* ဏွုမှိ၊နောက် ဏွုပစ္စည်းကြောင့်။စဇာ၊ဓာတွန် စ,အက္ခရာ ဇ,အက္ခရာတို့သည်။ ကဂတ္တံ၊က,အဖြစ် ဂ,အဖြစ်သို့။န အာပဇ္ဇန္တေ၊မရောက်ကုန်။ ။ * ပရေ၊နောက်ဖြစ်သော ဏွုမှိ ပစ္စယေ၊ဏွုပစ္စည်းကြောင့်။စကာရ ဇကာရာ၊ဓာတွန် စ,အက္ခရာ ဇ,အက္ခရာတို့ သည်။ ကကာရ ဂကာရတ္တံ၊က,အက္ခရာအဖြစ်, ဂ,အက္ခရာအဖြစ်သို့။နာပဇ္ဇန္တေ၊မရောက်ကုန်။

ပစတိ၊ချက်တတ်၏။ဣတိ၊ဤအကြောင်းကြောင့်။ပါစကော၊မည်၏။ * ယဇတိ၊ပူဇော်တတ်၏။ဣတိ၊ဤအကြောင်းကြောင့်။ယာဇကော၊ယာဇက မည်၏။

➤ **န+ကဂတ္တံ+စဇာ+ဏွုမှိ-ဟု ၄-ပုဒ်ရှိသော ပဋိသေဓဝိဓိသုတ်**

➤ **န,ပဋိသေဓကို ထပ်မံဆိုရကျိုး** ။ ။ ကရဿစ တတ္တံ တုံသို့,စသော နောက် သုတ်များသို့ န,သဒ္ဒါ မလိုက်စေခြင်းအကျိုး ရှိပါသည်။

➤ **ဤသုတ်က တားမြစ်သော သုတ်များ** ။ ။ (ကိတ်) ကဂါ စဇာနံ၊ (ဥဏာဒ်) သစဇာနံ ကဂါ ဏာနုဗန္ဓေ-သုတ်တို့ ဖြစ်ပါသည်။

➤ **ငင်းနှစ်သုတ်တို့၏ အစီအရင်ကို တားမြစ်ရခြင်းအကြောင်း** ။ ။ ဏာပစ္စည်းနှင့် ဏွုပစ္စည်းတို့၏ အနုဗန် ဏ,အက္ခရာရှိခြင်းအားဖြင့် တူသောကြောင့်-- တည်း။

➤ **ဓနိကော, ဓနိကာ-တို့၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း** ။ ။ ယဋ္ဌာဒိနံ ဝါ-သုတ်၌ ဝါသဒ္ဒါက တားမြစ်သောကြောင့် ဝုဒ္ဓိ မပြုရပါ။

➤ **ရုန္ဓကော, ဘုဉ္ဇကော-တို့၌ ဝုဒ္ဓိ မပြုရခြင်းအကြောင်း** ။ ။ သံယုဂ်အနီးရှိသော ကြောင့် ဝုဒ္ဓိ မပြုရပါ။

## ၆၁၉။ ကရဿစ တတ္တံ တုံသို့

ကရ ဣစ္စေတဿ ဓာတုဿ အန္တဿ ရကာရဿ တကာရတ္တံ ဟောတိ တု ပစ္စယေ ပရေ။ ။ ကရောတီတိ ကတ္တာ၊ ကရောန္တီတိ ကတ္တာရော။

* တုံသို့၊နောက် တုပစ္စည်းကြောင့်။ကရဿစ၊ကရဓာတ်၏လည်း။အန္တဿ၊အစိတ် ရ,၏။တတ္တံ၊တ,၏အဖြစ်သည်။ဟောတိ၊ဖြစ်၏။ ။ ပရေ၊နောက်ဖြစ်သော။တုပစ္စယေ၊တု ပစ္စည်းကြောင့်။ကရ ဣစ္စေတဿ ဓာတုဿ၊ကရဓာတ်၏။အန္တဿ၊အစိတ်ဖြစ်သော။ ရကာရဿ၊ရ,အက္ခရာ၏။တကာရတ္တံ၊တ,အက္ခရာ၏ အဖြစ်သည်။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



ကရောတိ၊ပြုတတ်၏။ဣတိ၊ဤအကြောင်းကြောင့်။ကတ္တာ၊ကတ္တုမည်၏။ ကရောန္တိ ပြုတတ်ကုန်၏။ဣတိ၊ဤအကြောင်းကြောင့်။ကတ္တာရော၊ကတ္တု မည်၏။

➤ **ကရဿ+စ+တတ္တံ+တုသ္မိံ-ဟု ၄-ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

➤ **လိုက်ပုဒ်** ။ ။ ဤသုတ်သို့ နမကရာန မန္တာနံ နိယုတ္တတမှိ-သုတ်မှ ဧကဝုစ်ပြန်၍ အန္တဿ,သဒ္ဒါ လိုက်လာပါသည်။

➤ **စသဒ္ဒါ၏အနက်** ။ ။ စသဒ္ဒါသည် အဝုတ္တသမုစ္စည်းအနက် ဖြစ်ပါသည်။

➤ **စသဒ္ဒါ ဆိုရကျိုး** ။ ။ စသဒ္ဒါဖြင့် ဘတ္တာ, ဟတ္တာ ပြယုဂ်တို့၌ ဘရဓာတ်, ဟရဓာတ်တို့၏ အစိတ်ဖြစ်သော ရ,အက္ခရာကို တ,ပြုရခြင်း အကျိုးရှိပါသည်။

➤ **ဤသုတ်၏ နိမိတ်ဖြစ်သင့်သောသုတ် • သဗ္ဗတော ဏ္ဝု တွာဝိဝါ-သုတ်။**

➤ **ဤသုတ်ဖြင့် ကရဓာတ်၏ ရ,အက္ခရာကိုသာ တ,ပြုနိုင်ပါသလော?**

* မဟုတ်ပါ။ ဘရ, ဟရ, ဘိဒိ, ဆိဒိ, ဝစ, ဘုဇ,စသော ဓာတ်တို့၏ ရ, ဒ, စ, ဇ, စသော အက္ခရာတို့ကိုလည်း တ,ပြုနိုင်ပါသည်။ (ပုံစံ) ဘတ္တာ၊ဟတ္တာ၊ဘေတ္တာ၊ဆေတ္တာ၊ ဝတ္တာ၊ဘောတ္တာ။

➤ **နိစ္စ/အနိစ္စ** ။ ။ ကရဿစ တတ္တံ တုသ္မိံ-သုတ်နောင် ဝိကပ်အနက်ရှိသော ဝါသဒ္ဒါနှင့် တုံ တုန တဗ္ဗေသု ဝါ-ဟု သီးခြားတည်သည်ကိုထောက်၍ ဤသုတ်သည် နိစ္စဝိဓိ ဖြစ်ပါသည်။

## ၆၂၀။ တုံ တုန တဗ္ဗေသု ဝါ

ကရ ဣစ္စေတဿ ဓာတုဿ အန္တဿ ရကာရဿ တကာရတ္တံ ဟောတိ ဝါ တုံ တုန တဗ္ဗ ဣစ္စေတေသု ပစ္စယေသု။

ကတ္တုံ၊ ကာတုံ၊ ကတ္တုန၊ ကာတုန၊ ကတ္တဗ္ဗံ၊ ကာတဗ္ဗံ။

* တုံ တုန တဗ္ဗေသု၊တုံ, တုန, တဗ္ဗ ပစ္စည်းတို့ကြောင့်။ကရဿ၊ကရဓာတ်၏။အန္တဿ၊ အစိတ် ရ,၏။တတ္တံ၊တ,၏အဖြစ်သည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ * တုံ တုန တဗ္ဗ ဣစ္စေတေသု ပစ္စယေသု၊တုံ, တုန, တဗ္ဗ ပစ္စည်းတို့ကြောင့်။ကရ ဣစ္စေတဿ ဓာတုဿ၊ ကရဓာတ်၏။အန္တဿ၊အစိတ်ဖြစ်သော။ရကာရဿ၊ရ,အက္ခရာ၏။တကာရတ္တံ၊တ,အက္ခရာ အဖြစ်သည်။ဝါ၊အချို့။ဟောတိ၊ဖြစ်၏။ ။ ကတ္တုံ၊ကာတုံ၊ပြုခြင်းငှာ။ ကတ္တုန၊ကာတုန၊ ပြု၍။ကတ္တဗ္ဗံ၊ကာတဗ္ဗံ၊ပြုအပ်၏။

➤ **တုံ တုန တဗ္ဗေသု+ဝါ-ဟု ၂-ပုဒ်ရှိသော အာဒေသဝိဓိသုတ်**

➤ **လိုက်ပုဒ်** ။ ။ ဤသုတ်သို့ နမကရာန မန္တာနံ နိယုတ္တတမှိ-သုတ်မှ ဧကဝုစ်ပြန် ၍ အန္တဿ,သဒ္ဒါ၊ ကရဿစ တတ္တံ တုသ္မိံ-သုတ်မှ ကရဿစ, တတ္တံ-သဒ္ဒါလိုက်သည်။

➤ **ဝဂ်နှင့် အဝဂ်** ။ ။ ထိုသုံးဆယ့်သုံးလုံးသော ဗျည်းတို့တွင် က,အစ မ အဆုံး ရှိသော နှစ်ဆယ့်ငါးလုံးသော ဗျည်းတို့သည် "ဂုမ္ဗံ ဂုမ္ဗံ ကတွာ ဝဂ္ဂိယန္တေ ဥစ္စာရိယန္တေတိ ဝဂ္ဂါ" ဟူသော ဝစနတ္ထကြောင့် "**ဝဂ်**" မည်ကုန်၏။ ယ,အစ နိဂ္ဂဟိတ် အဆုံးရှိသော ရှစ်လုံးသော ဗျည်းတို့သည် " န ဝဂ္ဂါ အဝဂ္ဂါ" ဟူသော ဝစနတ္ထကြောင့် "**အဝဂ်**" မည် ကုန်၏။ [ယေ ဗျဉ္ဇနာ၊အကြင်နှစ်ဆယ့်ငါးလုံးသော ဗျည်းတို့ကို။ဂုမ္ဗံ ဂုမ္ဗံ၊အစု အစု။ ကတွာ၊ပြု၍။ဝဂ္ဂိယန္တေ ဥစ္စာရိယန္တေ၊ရွတ်အပ်ကုန်၏။ဣတိ တသ္မာ၊ထိုသို့ ရွတ်အပ်သော သတ္တိကြောင့်။တေ ဗျဉ္ဇနာ၊ထိုနှစ်ဆယ့်ငါးလုံးသော ဗျည်းတို့သည်။ဝဂ္ဂါ၊ဝဂ်မည်ကုန်၏။

http://www.dhammadownload.com



ယေ ဗျဉ္ဇနာ၊အကြင်ရှစ်လုံးသော ဗျည်းတို့သည်။ဝဂ္ဂါ၊ဝဂ်တို့သည်။နဟုတ်ကုန်။ဣတိ တသ္မာ၊ထိုသို့ ဝဂ် မဟုတ်သော သတ္တိကြောင့်။တေ ဗျဉ္ဇနာ၊ထိုရှစ်လုံးသော ဗျည်းတို့သည်။ အဝဂ္ဂါ၊အဝဂ် မည်ကုန်၏။]

➤ **နိဂ္ဂဟိတ်** ။ ။ သုံးဆယ့်သုံးလုံးသော ဗျည်းတို့တွင် အသရကိုမှီ၍ ရွတ်အပ်သော နိဂ္ဂဟိတ်သည် "ကရဏံ နိဂ္ဂဟိတွာ အဝိဝဋေန မုခေန ဂယှတိ ဥစ္စာရိယတီတိ နိဂ္ဂဟိတံ" ဟူသော ဝစနတ္ထကြောင့် "နိဂ္ဂဟိတ်" မည်၏။

[ယံ ဗိန္ဒု၊အကြင်ဗိန္ဒုကို။ကရဏံ၊ကရိုဏ်းကို။နိဂ္ဂဟိတွာ၊နှိပ်၍။အဝိဝဋေန၊မဖွင့်သော။ မုခေန၊ခံတွင်းဖြင့်။ဂယှတိ ဥစ္စာရိယတိ၊ရွတ်အပ်၏။ဣတိ တသ္မာ၊ထိုသို့ ရွတ်အပ်သော သတ္တိကြောင့်။တံ ဗိန္ဒု၊ထိုဗိန္ဒုသည်။နိဂ္ဂဟိတံ၊နိဂ္ဂဟိတ် မည်၏။]

➤ **ဃောသ** ။ ။ သုံးဆယ့်တစ်လုံးသော ဗျည်းတို့တွင် တတိယက္ခရာ ငါးလုံး, စတုတ္ထက္ခရာ ငါးလုံး, ပဉ္စမက္ခရာငါးလုံး, ယ, ရ, ဝ, ဟ, ဠ ဤနှစ်ဆယ့်တစ်လုံးသော အက္ခရာတို့သည် "ဃောသော ဧတေသံ အတ္ထီတိ ဃောသာ"ဟူသော ဝစနတ္ထကြောင့် ဃောသ မည်ကုန်၏။

➤ **အဃောသ** ။ ။ ပဌမက္ခရာငါးလုံး, ဒုတိယက္ခရာငါးလုံး, သ အက္ခရာ, ဤ တစ်ဆယ့်တစ်လုံးသော အက္ခရာတို့သည် "နတ္ထိ ဃောသော ဧတေသန္တိ အဃောသာ" ဟူသော ဝစနတ္ထကြောင့် အဃောသ မည်၏။ [ဧတေသံ အက္ခရာနံ၊ထိုနှစ်ဆယ့်တစ်လုံးသော အက္ခရာတို့အား။ဃောသော၊ပြင်းပြင်းရွတ်အပ်သော အသံသည်။အတ္ထိ၊ရှိ၏။ဣတိ တသ္မာ၊ထိုသို့ ပြင်းပြင်းရွတ်အပ်သော အသံရှိသော သတ္တိကြောင့်။တေ အက္ခရာ၊ထို နှစ်ဆယ့်တစ်လုံးသော အက္ခရာတို့သည်။ဃောသာ၊ဃောသ မည်ကုန်၏။ * ဧတေသံ အက္ခရာနံ၊ထိုတစ်ဆယ့်တစ်လုံးသော အက္ခရာတို့အား။ဃောသော၊ပြင်းပြင်းရွတ်အပ်သော အသံသည်။နတ္ထိ၊မရှိ။ဣတိ တသ္မာ၊ထို့ကြောင့်။တေ အက္ခရာ၊ထိုတစ်ဆယ့်တစ်လုံးသော အက္ခရာတို့သည်။အဃောသာ၊အဃောသ မည်ကုန်၏။]

➤ **ပကရဏာပရိစ္ဆေဒ** ။ ။ နတ်နှင့်တကွသော လူတို့ကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရား ပါဠိတော်၏ အနက်မြတ်တို့ကို ကောင်းစွာသိစိမ့်သောငှာ အရှင်ကစ္စည်း ဆရာ မဟာထေရ်မြတ်သည် စီရင်အပ်သော ကစ္စည်းကျမ်းသည်ကား ပကရဏာပရိစ္ဆေဒ အားဖြင့် သန္ဓိ, နာမ်, ကာရက, သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်, ဥဏာဒ်ဟူ၍ ရှစ်ပါးအပြားရှိ၏။ | *ဤစကား ရပ်ကိုထောက်၍ ဥဏာဒ်ကျမ်း သည် အရှင်ကစ္စည်းမထေရ်ရေးသားသော ကျမ်း ဟုတ်ပါသည်။*|

➤ **သန္ဓိ ၃-ပါး** ။ ။ ထိုတွင် "ဒွိန္နံ ပဒါနံ အန္တရံ အဒဿေတွာ သမ္မာ ဓိယတီတိ သန္ဓိ" ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်နှစ်ပါးတို့၏ အကြားကို မမြင်စေမူ၍ ကောင်းစွာ စပ်အပ်သောကြောင့် သန္ဓိ မည်၏။ ထိုသန္ဓိသည်လည်း "ဒွိန္နံ ပဒါနံ အန္တရံ အဒဿေ

http://www.dhammadownload.com



တွာ သမ္မာ ဓိယတိတိ သန္ဓိ" ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်နှစ်ပါးတို့၏ အကြားကို မမြင်စေမူ၍ ကောင်းစွာစပ်အပ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသ လက္ခဏာအားဖြင့်သော်ကား သရသန္ဓိ, ဗျဉ္ဇနသန္ဓိ, ဝုတ္တသန္ဓိ-ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် -

➤ ၁။ **သရသန္ဓိ** ။ ။ သရနှောင်းရာ၌ စီရင်အပ်သော သန္ဓိသည် သရသန္ဓိ မည်၏။ တနည်းကား- သရကို စီရင်အပ်သော သန္ဓိသည် သရသန္ဓိမည်၏။ပြယုဂ်ကား- "သဒ္ဓိဓ" အစရှိသည်တည်း။ ဤ "သဒ္ဓိဓ"ဟူသော သန္ဓိသည် ဣသရနှောင်းရာ၌ စီရင်အပ်ကြောင့် "သရသန္ဓိ" မည်၏။ ➤ ၂။ **ဗျဉ္ဇနသန္ဓိ** - ဗျည်းနှောင်းရာ၌ စီရင်အပ်သော သန္ဓိသည် ဗျဉ္ဇနသန္ဓိ မည်၏။ တနည်းကား - ဗျည်းကိုစီရင်အပ်သော သန္ဓိသည် ဗျဉ္ဇနသန္ဓိ မည် ၏။ ပြယုဂ်ကား - " တဉ္စ" အစရှိသည်တည်း။ ဤ "တဉ္စ"ဟူသော သန္ဓိသည် ဟဗျည်း နှောင်းရာ၌ စီရင်အပ်သောကြောင့် ဗျဉ္ဇနသန္ဓိ မည်၏။ တနည်းကား- ရှေ့ တ-အထက်၌ ရှိသော နိဂ္ဂဟိတ်တည်းဟူသော ဗျည်းကိုစီရင်အပ်သောကြောင့် "ဗျဉ္ဇနသန္ဓိ" မည်၏။

➤ ၃။ **ဝုတ္တသန္ဓိ** ။ ။ ဆန်းဂိုဏ်းကို စောင့်ခြင်းငှာရင်း, စကားကို ပြေပြစ်စိမ့်သော ငှာရင်း ချေ၍ လာ၍ စီရင်အပ်သော သန္ဓိသည် ဝုတ္တသန္ဓိ မည်၏။ ပြယုဂ်ကား- " ပဒ မတော" အစရှိသည်တည်း။ ဤ "ပဒမတော"ဟူသော သန္ဓိသည် အက္ခရပဒမတော- ဟု ဆိုအပ်လျှက် မဆိုမူ၍ ဆန်းဂိုဏ်းကိုစောင့်ခြင်းငှာ အက္ခရသဒ္ဒါကိုချေ၍ စီရင်အပ် သောကြောင့် "ဝုတ္တသန္ဓိ" မည်၏။

➤ **သန္ဓိ ၇-ပါး** ။ ။ တနည်းကား - လောပသန္ဓိ, အာဒေသသန္ဓိ, အာဂမသန္ဓိ, ဝိကာရသန္ဓိ, ပကတိသန္ဓိ, ဒီဃသန္ဓိ, ရဿသန္ဓိအားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထိုခုနစ် ပါးတို့တွင်- ၁။ ကျေသော သန္ဓိသည် **လောပသန္ဓိ** မည်၏။ ၂။ သရကိုဗျည်း, ဗျည်းကို သရပြုသော သန္ဓိသည် **အာဒေသသန္ဓိ** မည်၏။ ၃။ လာသော သန္ဓိသည် **အာဂမသန္ဓိ** မည်၏။ ၄။ သရကို သရ, ဗျည်းကို ဗျည်းပြုသော သန္ဓိသည် **ဝိကာရသန္ဓိ** မည်၏။ ၅။ ရှေးအတိုင်း ပကတိပြုသော သန္ဓိသည် **ပကတိသန္ဓိ** မည်၏။ ၆။ ဒီဃပြုသော သန္ဓိသည် **ဒီဃသန္ဓိ** မည်၏။ ၇။ ရဿပြုသော သန္ဓိသည် **ရဿသန္ဓိ** မည်၏။

➤ **လောပသန္ဓိ ၃-ပါး** ။ ။ ထိုခုနစ်ပါးတို့တွင် လောပသန္ဓိသည်လည်း သရလောပ သန္ဓိ, ဗျဉ္ဇနလောပသန္ဓိ, နိဂ္ဂဟိတလောပသန္ဓိ အားဖြင့် သုံးပါးအပြားရှိ၏။ထိုသုံးပါးတို့ တွင် - * **သရလောပသန္ဓိ** ။ ။ သရကိုချေသော သန္ဓိသည် သရလောပသန္ဓိ မည်၏၊ ပြယုဂ်ကား - "ယဿိန္ဒြိယာနိ" တည်း။ ဤ "ယဿိန္ဒြိယာနိ"ဟူသော သန္ဓိသည် အသရ ကို ချေသောကြောင့် "သရလောပသန္ဓိ" မည်၏။ * **ဗျဉ္ဇနလောပသန္ဓိ** ။ ။ ဗျည်းကို ချေ သော သန္ဓိသည် ဗျဉ္ဇနလောပသန္ဓိ မည်၏၊ ပြယုဂ်ကား- " အဂျာဂါရံ " တည်း။ ဤ "အဂျာဂါရံ" ဟူသော သန္ဓိသည် ဂ-ဗျည်းကို ချေသောကြောင့် "ဗျဉ္ဇနလောပသန္ဓိ" မည်

http://www.dhammadownload.com



၏။ * **နိဂ္ဂဟီတလောပသန္ဓိ** ။ ။ နိဂ္ဂဟိတ်ကိုချေသော သန္ဓိသည် နိဂ္ဂဟီတလောပသန္ဓိ မည်၏။ ပြယုဂ်ကား- "**တာသာဟံ**"တည်း၊ ဤ "တာသာဟံ" ဟူသော သန္ဓိသည် သ ထက်၌ရှိသော နိဂ္ဂဟိတ်ကိုချေသောကြောင့် "နိဂ္ဂဟီတလောပသန္ဓိ" မည်၏။

➤ **သရလောပသန္ဓိ ၂-ပါး** ။ ။ ထိုသုံးပါးတို့တွင် သရလောပသန္ဓိသည်လည်း ပုဗ္ဗ သရလောပသန္ဓိ, ပရသရလောပသန္ဓိ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-

* **ပုဗ္ဗသရလောပသန္ဓိ** ။ ။ ရှေ့သရကိုချေသော သန္ဓိသည် "ပုဗ္ဗသရလောပသန္ဓိ" မည်၏၊ ပြယုဂ်ကား-"**ယဿိန္ဒြိယာနိ**" တည်း၊ ဤသန္ဓိသည် ရှေ့သရကို ချေသောကြောင့် "ပုဗ္ဗသရလောပသန္ဓိ" မည်၏။ * **ပရသရလောပသန္ဓိ** ။ ။ နောက်သရကို ချေသော သန္ဓိသည် ပရသရလောပ သန္ဓိ မည်၏။ ပြယုဂ်ကား- "**စတ္တာရောမေ**"တည်း၊ ဤ-သန္ဓိ သည် နောက်ဣသရကို ချေသောကြောင့် "ပရသရလောပ သန္ဓိ" မည်၏။

➤ **အာဒေသသန္ဓိ ၃-ပါး** ။ ။ အာဒေသ သန္ဓိသည်လည်း သရာဒေသ သန္ဓိ, ဗျဉ္ဇနာဒေသ သန္ဓိ, နိဂ္ဂဟီတာဒေသ သန္ဓိ အားဖြင့် သုံးပါးအပြားရှိ၏၊ ထိုတွင် -

* **သရာဒေသ သန္ဓိ** ။ ။ သရကို ဗျည်းပြုသော သန္ဓိသည် သရာဒေသ သန္ဓိ မည်၏၊ ပြယုဂ်ကား- "**ဗျာယံ**" တည်း၊ ဤ-သန္ဓိသည် ဧသရကို ယဗျည်းပြုသောကြောင့် "သရာ ဒေသ သန္ဓိ" မည်၏။ * **ဗျဉ္ဇနာဒေသ သန္ဓိ** ။ ။ ဗျည်းကို သရပြုသော သန္ဓိသည် ဗျဉ္ဇနာဒေသ သန္ဓိ မည်၏၊ ပြယုဂ်ကား- "**ဩနဒ္ဓေါ**"တည်း၊ ဤ-သန္ဓိသည် အဝ ဗျည်းကို ဩသရပြုသောကြောင့် "ဗျဉ္ဇနာဒေသ သန္ဓိ" မည်၏။

* **နိဂ္ဂဟီတာဒေသ သန္ဓိ** ။ ။ နိဂ္ဂဟိတ်ကို ဗျည်းပြုသော သန္ဓိသည် နိဂ္ဂဟီတာဒေသ သန္ဓိ မည်၏၊ ပြယုဂ်ကား- "**တမဟံ**"တည်း၊ ဤ-သန္ဓိသည် တ-ထက်၌ရှိသော နိဂ္ဂဟိတ် ကို မ ဗျည်းပြုသောကြောင့် "နိဂ္ဂဟီတာဒေသ သန္ဓိ" မည်၏။

➤ **အာဂမသန္ဓိ ၃-ပါး** ။ ။ အာဂမ သန္ဓိသည်လည်း သရာဂမ သန္ဓိ, ဗျဉ္ဇနာဂမ သန္ဓိ, နိဂ္ဂဟီတာဂမ သန္ဓိ အားဖြင့် သုံးပါးအပြားရှိ၏၊ ထိုတွင်-

* **သရာဂမသန္ဓိ** ။ ။ သရလာသော သန္ဓိသည် သရာဂမသန္ဓိ မည်၏၊ ပြယုဂ်ကား "**အာတိပ္ပဓေါ**"တည်း၊ ဤ-သန္ဓိသည် ဩသရလာသောကြောင့် "သရာဂမသန္ဓိ" မည်၏။

* **ဗျဉ္ဇနာဂမသန္ဓိ** ။ ။ ဗျည်းလာသော သန္ဓိသည် ဗျဉ္ဇနာဂမသန္ဓိ မည်၏၊ပြယုဂ်ကား "**ယထယိဒံ**"တည်း၊ဤ-သန္ဓိသည် ယဗျည်းလာသောကြောင့် "ဗျဉ္ဇနာဂမသန္ဓိ" မည်၏။

* **နိဂ္ဂဟီတာဂမသန္ဓိ** ။ ။ နိဂ္ဂဟိတ်လာသော သန္ဓိသည် နိဂ္ဂဟီတာဂမ သန္ဓိ မည် ၏၊ ပြယုဂ်ကား- "**စက္ခုံ ဥဒပါဒိ**"တည်း၊ ဤ-သန္ဓိသည် က္ခု-ထက်၌ နိဂ္ဂဟိတ်လာသော ကြောင့် "နိဂ္ဂဟီတာဂမသန္ဓိ" မည်၏။

➤ **ဝိကာရသန္ဓိ ၂-ပါး** ။ ။ ဝိကာရသန္ဓိသည်လည်း သရဝိကာရသန္ဓိ, ဗျဉ္ဇနဝိကာရ သန္ဓိ အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင်-

http://www.dhammadownload.com



*** သရဝိကာရသန္ဓိ** ။ ။ သရကို သရပြုသော သန္ဓိသည် သရဝိကာရသန္ဓိ မည်၏၊ ပြယုဂ်ကား- " နောပေတိ "တည်း၊ ဤ-သန္ဓိသည် ဥသရကို ဩသရပြုသောကြောင့် "သရဝိကာရသန္ဓိ" မည်၏။ *** ဗျဉ္ဇနဝိကာရသန္ဓိ** ။ ။ ဗျည်းကို ဗျည်းပြုသော သန္ဓိသည် ဗျဉ္ဇနဝိကာရသန္ဓိ မည်၏၊ ပြယုဂ်ကား- "ဓတာမိဒါတံ" တည်း၊ ဤ-သန္ဓိသည် ဓ ဗျည်းကို ဒ ဗျည်းပြုသောကြောင့် "ဗျဉ္ဇနဝိကာရသန္ဓိ" မည်၏။

**➢ ပကတိသန္ဓိ ၂-ပါး** ။ ။ ပကတိသန္ဓိသည်လည်း သရပကတိသန္ဓိ, ဗျဉ္ဇနပကတိသန္ဓိ အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင်- *** သရပကတိသန္ဓိ** ။ ။ သရနှောင်းရာ၌ ရှေးအတိုင်း ပကတိပြုသော သန္ဓိသည် သရပကတိသန္ဓိ မည်၏၊ ပြယုဂ်ကား- " ဘော ဂ္ဂဏ္ဍ "တည်း၊ ဤ-သန္ဓိသည် နောက် ဂ္ဂသရနှောင်းရာ၌ ဩကို ဩဟု ရှေးအတိုင်း ပကတိပြုသောကြောင့် "သရပကတိသန္ဓိ" မည်၏။ *** ဗျဉ္ဇနပကတိသန္ဓိ** ။ ။ ဗျည်းနှောင်းရာ၌ ရှေးအတိုင်း ပကတိပြုသော သန္ဓိသည် ဗျဉ္ဇနပကတိသန္ဓိ မည်၏၊ ပြယုဂ်ကား- "မနောပုဗ္ဗင်္ဂမာ"တည်း၊ ဤ-သန္ဓိသည် ပ ဗျည်းနှောင်းရာ၌ ဩကို ဩဟု ရှေးအတိုင်း ပကတိပြုသောကြောင့် "ဗျဉ္ဇနပကတိသန္ဓိ" မည်၏။

**➢ ဒီဃသန္ဓိ ၂-ပါး** ။ ။ ဒီဃသန္ဓိသည်လည်း ပုဗ္ဗသရဒီဃသန္ဓိ, ပရသရဒီဃသန္ဓိ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-

*** ပုဗ္ဗသရ ဒီဃသန္ဓိ** ။ ။ ရှေ့သရကို ဒီဃပြုသော သန္ဓိသည် ပုဗ္ဗသရဒီဃသန္ဓိ မည်၏၊ ပြယုဂ်ကား- "ကိံသူဓ"တည်း၊ ဤ-သန္ဓိသည် ရှေ့ဥသရကို ဦဒီဃပြုသောကြောင့် "ပုဗ္ဗသရ ဒီဃသန္ဓိ" မည်၏။ *** ပရသရဒီဃသန္ဓိ** ။ ။ နောက်သရကို ဒီဃပြုသော သန္ဓိသည် ပရသရ ဒီဃသန္ဓိ မည်၏၊ ပြယုဂ်ကား- "သဒ္ဓီဓ"တည်း၊ ဤ-သန္ဓိသည် နောက် ဣသရကို ဤဒီဃပြုသောကြောင့် "ပရသရ ဒီဃသန္ဓိ" မည်၏။

**➢ တနည်း ဒီဃသန္ဓိ ၂-ပါး** ။ ။ တစ်နည်းကား- သနိဒ္ဒေသ ဒီဃသန္ဓိ, အနိဒ္ဒေသ ဒီဃသန္ဓိအားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင်-

*** သနိဒ္ဒေသ ဒီဃသန္ဓိ** ။ ။ ရှေ့၌ချေခြင်းဟူသော ကာရိယကိုပြု၍ ဒီဃပြုသော သန္ဓိသည် သနိဒ္ဒေသ ဒီဃသန္ဓိ မည်၏၊ ပြယုဂ်ကား- "သဒ္ဓီဓ"တည်း၊ ဤ-သန္ဓိသည် ရှေ့၌ အာသရကို ချေခြင်းတည်းဟူသော ကာရိယကိုပြု၍ ဒီဃပြုသောကြောင့် " သနိဒ္ဒေသ ဒီဃသန္ဓိ" မည်၏။ *** အနိဒ္ဒေသ ဒီဃသန္ဓိ** ။ ။ ရှေ့၌ ချေခြင်းတည်းဟူသော ကာရိယကို မပြုမူ၍ ဒီဃပြုသော သန္ဓိသည် အနိဒ္ဒေသ ဒီဃသန္ဓိ မည်၏၊ ပြယုဂ်ကား "မုနီစရေ"တည်း၊ ဤ-သန္ဓိသည် ရှေ့၌ ချေခြင်းတည်းဟူသော ကာရိယကို မပြုမူ၍ ဒီဃ ပြုသောကြောင့် "အနိဒ္ဒေသ ဒီဃသန္ဓိ" မည်၏။

**➢ ရဿသန္ဓိ ၂-ပါး** ။ ။ ရဿသန္ဓိသည်လည်း သနိဒ္ဒေသ ရဿသန္ဓိ, အနိဒ္ဒေသ ရဿသန္ဓိ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် - *** သနိဒ္ဒေသ ရဿသန္ဓိ** ။ ။ ရှေ့၌

http://www.dhammadownload.com



ကာရိယကိုပြု၍ ရသပြုသော သန္ဓိသည် သနိဒ္ဒေသ ရဿသန္ဓိ မည်၏၊ ပြယုဂ်ကား- "ယထရိဝ"တည်း၊ ဤ-သန္ဓိသည် ရှေ့၌ ရိ ပြုခြင်းတည်းဟူသော ကာရိယကိုပြု၍ ရဿ ပြုသောကြောင့် "သနိဒ္ဒေသ ရဿသန္ဓိ" မည်၏။ * **အနိဒ္ဒေသ ရဿသန္ဓိ** ။ ။ ရှေ့၌ ကာရိယကို မပြုမူ၍ ရဿပြုသော သန္ဓိသည် အနိဒ္ဒေသ ရဿသန္ဓိ မည်၏၊ ပြယုဂ်ကား- "ဘောဝါဒိနာမ သော"တည်း၊ ဤ-သန္ဓိသည် ရှေ့၌ ကာရိယကို မပြုမူ၍ ရဿ ပြုသောကြောင့် "အနိဒ္ဒေသ ရဿသန္ဓိ" မည်၏။

➤ **အသန္ဓိ ၂-ပါး** ။ ။ "သရာ သရေ လောပံ"ဟူသောသုတ်၌ သရေ-ဟူသော နိမိတ်၏အစွမ်းကြောင့် ကာလခြားရာ, ဝဏ္ဏခြားရာ ဤနှစ်ပါးတို့၌ သန္ဓိ မဖြစ်၊ ထိုနှစ်ပါးတို့တွင်- * **ကာလခြားရာ၌ သန္ဓိ မဖြစ်ပုံ** ။ ။ ဂါထာတို့၌ ဒုတိယပါဒ၏ အဆုံးနှင့် တတိယပါဒ၏ အစသည် "ကာလခြား" သည် မည်၏။ ပြယုဂ်ကား- "သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ။ အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ" တည်း။ ဤပြယုဂ်၌ ပဿတိ-၌ တိ-ဟူသော ဒုတိယပါဒ၏အဆုံးနှင့် အထ-၌ အ-ဟူသော တတိယပါဒ၏ အစသည် ကာလခြားသောကြောင့် "ပဿတျာထ"ဟု သန္ဓိ မဖြစ်။

* **ဝဏ္ဏခြားရာ၌ သန္ဓိ မဖြစ်ပုံ** ။ ။ နိဂ္ဂဟိတ်ခြားခြင်းသည် ဝဏ္ဏခြားသည် မည်၏၊ ပြယုဂ်ကား- "သကိံဝ" တည်း၊ ဤ 'သကိံဝ'ဟူသော ပြယုဂ်၌ နိဂ္ဂဟိတ်တည်းဟူသော ဝဏ္ဏခြားသောကြောင့် "သကေဝ"ဟု သန္ဓိ မဖြစ်။

➤ **ပုဗ္ဗလောပသရ ၆၄-လုံး** [ရှေ့သရကို ချေအပ်သော သရ ၆၄-လုံး] ။ ။ "သရာ သရေ လောပံ"ဟူသောသုတ်ဖြင့် ချေအပ်သော သရတို့သည် ခြောက်ဆယ့်လေးလုံးတို့တည်း၊ **ခြောက်ဆယ့်လေးလုံးဟူသော်ကား**- အ-နှောင်းရာ၌ ရှစ်လုံး၊ အာနှောင်းရာ၌ ရှစ်လုံး၊ ဣ-နှောင်းရာ၌ ရှစ်လုံး၊ ဤ-နှောင်းရာ၌ ရှစ်လုံး၊ ဥ-နှောင်းရာ၌ ရှစ်လုံး၊ ဦ-နှောင်းရာ၌ ရှစ်လုံး၊ ဧ-နှောင်းရာ၌ ရှစ်လုံး၊ ဩ-နှောင်းရာ၌ ရှစ်လုံး၊ ဤသို့လျှင် ခြောက်ဆယ့် လေးလုံး ဖြစ်သတည်း။ * အ-နှောင်းရာ၌ ရှစ်လုံးဟူသော်ကား- အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, ဩ ဤသို့ ရှစ်လုံးဖြစ်သတည်း။ (ပ) ဩ-နှောင်းရာ၌ ရှစ်လုံးဟူသော်ကား- အ, အာ, ဣ, ဤ, ဥ, ဦ, ဧ, ဩ ဤသို့ ရှစ်လုံးဖြစ်သတည်း။ ဤသို့လျှင် ခြောက်ဆယ့် လေးလုံး ဖြစ်သတည်း။

➤ **ပရလောပသရ ၅၂-လုံး** ။ ။ "ဝါပရော အသရူပါ"ဟူသော သုတ်ဖြင့် ချေအပ်သော သရတို့သည် ငါးဆယ့်နှစ်လုံးတို့တည်း၊ ငါးဆယ့်နှစ်လုံးဟူသော်ကား- အ-နောင် ခြောက်လုံး၊ အာ-နောင် ခြောက်လုံး၊ ဣ-နောင် ခြောက်လုံး၊ ဤ-နောင် ခြောက်လုံး၊ ဥ-နောင် ခြောက်လုံး၊ ဦ-နောင် ခြောက်လုံး၊ ဧ-နောင် ရှစ်လုံး၊ ဩ-နောင် ရှစ်လုံး၊ ဤသို့လျှင် ငါးဆယ့်နှစ်လုံး ဖြစ်သတည်း။

* အ-နောင် ခြောက်လုံးဟူသော်ကား- ဣ-သရတစ်လုံး, ဤ-သရတစ်လုံး, ဥသရ

http://www.dhammadownload.com



တစ်လုံး, ဦသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး, ဤသို့ ခြောက်လုံးဖြစ်သတည်း * အာ-နောင် ခြောက်လုံးဟူသော်ကား-ဣ-သရတစ်လုံး, ဤ-သရတစ်လုံး, ဥသရ တစ်လုံး, ဦသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး, ဤသို့ ခြောက်လုံးဖြစ်သတည်း။ * ဣ နောင် ခြောက်လုံးဟူသော်ကား-အ-သရတစ်လုံး, အာ-သရတစ်လုံး, ဥသရ တစ်လုံး, ဦသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး, ဤသို့ ခြောက်လုံးဖြစ်သတည်း။ ဤ-နောင် ခြောက်လုံးဟူသော်ကား- အ-သရတစ်လုံး, အာ-သရတစ်လုံး, ဥသရ တစ်လုံး, ဦသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး, ဤသို့ ခြောက်လုံးဖြစ်သတည်း။ * ဥ-နောင် ခြောက်လုံးဟူသော်ကား- အ-သရတစ်လုံး, အာ-သရတစ်လုံး, ဣသရ တစ်လုံး, ဤသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး, ဤသို့ ခြောက်လုံးဖြစ်သတည်း။ * ဦ-နောင် ခြောက်လုံးဟူသော်ကား- အ-သရတစ်လုံး, အာ-သရတစ်လုံး, ဣသရ တစ်လုံး, ဤသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး, ဤသို့ ခြောက်လုံးဖြစ်သတည်း။ * ဧ-နောင် ရှစ်လုံးဟူသော်ကား- အ-သရတစ်လုံး, အာ-သရတစ်လုံး, ဣသရ တစ်လုံး, ဤသရတစ်လုံး, ဥသရတစ်လုံး, ဦသရတစ်လုံး, ဧသရတစ်လုံး, ဩသရတစ်လုံး, ဤသို့ ရှစ်လုံးဖြစ်သတည်း။ * ဩ- နောင် ရှစ်လုံးဟူသော်ကား- အ-သရတစ်လုံး, အာ-သရတစ်လုံး, ဣသရ တစ်လုံး, ဤသရတစ်လုံး, ဥသရတစ်လုံး, ဦသရတစ်လုံး, ဧသရ တစ်လုံး, ဩသရတစ်လုံး, ဤသို့ ရှစ်လုံးဖြစ်သတည်း။ဤသို့လျှင် ၅၂-လုံးဖြစ်သတည်း။

➤ ဝိကာရသရ ၄-လုံး [အသဝဏ်ပြုရမည့် သရ ၄-လုံး] "ကွစာသဝဏ္ဏံ လုတ္တေ" ဟူသောသုတ်ဖြင့် အသဝဏ်ပြုအပ်သော သရသည် လေးလုံးတို့တည်း။ လေးလုံးဟူသော်ကား- အ-ကျေရာ၌နှစ်လုံး, အာ-ကျေရာ၌နှစ်လုံး ဤသို့လျှင် လေးလုံးဖြစ်သတည်း။

အ-ကျေရာ၌ နှစ်လုံးဟူသော်ကား- ဩ, အသဝဏ်ပြုအပ်သော ဥသရတစ်လုံး၊ ဧ အသဝဏ်ပြုအပ်သော ဣသရတစ်လုံး ဤသို့ နှစ်လုံးဖြစ်သတည်း။

အာ-ကျေရာ၌ နှစ်လုံးဟူသော်ကား- ဩ, အသဝဏ်ပြုအပ်သော ဥသရတစ်လုံး၊ ဧ အသဝဏ်ပြုအပ်သော ဣသရတစ်လုံး ဤသို့ နှစ်လုံးဖြစ်သတည်း။ ဤသို့လျှင် လေးလုံးဖြစ်သတည်း။

➤ ဗရဒီဃ ၂၄-လုံး ။ ။ "ဒီဃံ"ဟူသောသုတ်ဖြင့် ဒီဃပြုအပ်သော သရတို့သည် နှစ်ဆယ့်လေးလုံးတို့တည်း။ နှစ်ဆယ့်လေးလုံးဟူသော်ကား- အ-ကျေရာ၌ သုံးလုံး, အာ ကျေရာ၌ သုံးလုံး, ဣ-ကျေရာ၌ သုံးလုံး, ဤ-ကျေရာ၌ သုံးလုံး, ဥ-ကျေရာ၌ သုံးလုံး, ဦ-ကျေရာ၌ သုံးလုံး, ဧ-ကျေရာ၌ သုံးလုံး, ဩ-ကျေရာ၌ သုံးလုံး, ဤသို့လျှင် နှစ်ဆယ့် လေးလုံး ဖြစ်သတည်း။

* အ-ကျေရာ၌ သုံးလုံးဟူသော်ကား- အာဒီဃပြုအပ်သော အသရတစ်လုံး, ဤ ဒီဃပြုအပ်သော ဣသရတစ်လုံး, ဦဒီဃပြုအပ်သော ဥသရတစ်လုံး ဤသို့ သုံးလုံး ဖြစ်

http://www.dhammadownload.com



သတည်း။ ✱ အာ-ကျေရာ၌ သုံးလုံးဟူသော်ကား- အာဒီဃပြုအပ်သော အသရတစ်လုံး, ဤ ဒီဃပြုအပ်သော ဤသရတစ်လုံး, ဦဒီဃပြုအပ်သော ဥသရတစ်လုံး ဤသို့ သုံးလုံး ဖြစ်သတည်း။ ✱ ဣ-ကျေရာ၌ သုံးလုံးဟူသော်ကား- အာဒီဃပြုအပ်သော အသရ တစ်လုံး, ဤ ဒီဃပြုအပ်သော ဣသရတစ်လုံး, ဦဒီဃပြုအပ်သော ဥသရတစ်လုံး ဤသို့ သုံးလုံး ဖြစ်သတည်း။ ✱ ဤ-ကျေရာ၌ သုံးလုံးဟူသော်ကား- အာဒီဃပြုအပ်သော အသရတစ်လုံး, ဤ ဒီဃပြုအပ်သော ဣသရတစ်လုံး, ဦဒီဃပြုအပ်သော ဥသရတစ်လုံး ဤသို့ သုံးလုံး ဖြစ်သတည်း။ ✱ ဥ-ကျေရာ၌ သုံးလုံးဟူသော်ကား- အာဒီဃပြုအပ်သော အသရတစ်လုံး, ဤ ဒီဃပြုအပ်သော ဣသရတစ်လုံး, ဦဒီဃပြုအပ်သော ဥသရတစ်လုံး ဤသို့ သုံးလုံး ဖြစ်သတည်း။ ✱ ဦ-ကျေရာ၌ သုံးလုံးဟူသော်ကား- အာဒီဃပြုအပ်သော အသရတစ်လုံး, ဤ ဒီဃပြုအပ်သော ဣသရတစ်လုံး, ဦဒီဃပြုအပ်သော ဥသရတစ်လုံး ဤသို့ သုံးလုံး ဖြစ်သတည်း။ ✱ ဧ-ကျေရာ၌ သုံးလုံးဟူသော်ကား- အာဒီဃပြုအပ်သော အသရတစ်လုံး, ဤ ဒီဃပြုအပ်သော ဣသရတစ်လုံး, ဦဒီဃပြုအပ်သော ဥသရတစ်လုံး ဤသို့ သုံးလုံး ဖြစ်သတည်း။ ✱ ဩ-ကျေရာ၌ သုံးလုံးဟူသော်ကား- အာဒီဃပြုအပ် သော အသရတစ်လုံး, ဤ ဒီဃပြုအပ်သော ဣသရတစ်လုံး, ဦဒီဃပြုအပ်သော ဥသရတစ်လုံး ဤသို့ သုံးလုံး ဖြစ်သတည်း။ဤသို့လျှင် ၂၄-လုံး ဖြစ်သတည်း။

➤ **ပုဗ္ဗဒီဃ ၁၈–လုံး** ။ ။ "ပုဗ္ဗောစ"ဟူသောသုတ်ဖြင့် ရှေ့သရကို ဒီဃပြုအပ်သော သရတို့သည် တစ်ဆယ့်ရှစ်လုံးတည်း။ တစ်ဆယ့်ရှစ်လုံးဟူသော်ကား- အ-ကျေရာ၌ နှစ်လုံး, အာ-ကျေရာ၌ နှစ်လုံး, ဣ-ကျေရာ၌ နှစ်လုံး, ဤ-ကျေရာ၌ နှစ်လုံး, ဥ-ကျေရာ၌ နှစ်လုံး, ဦ-ကျေရာ၌ နှစ်လုံး, ဧ-ကျေရာ၌ သုံးလုံး, ဩ-ကျေရာ၌ သုံးလုံး, ဤသို့လျှင် တစ်ဆယ့်ရှစ်လုံး ဖြစ်သတည်း။

✱ အ-ကျေရာ၌ နှစ်လုံးဟူသော်ကား-ဤဒီဃပြုအပ်သော ဣသရတစ်လုံး, ဦဒီဃ ပြုအပ်သော ဥသရတစ်လုံး ဤသို့လျှင် နှစ်လုံးဖြစ်သတည်း။ ✱ အ-ကျေရာ၌ နှစ်လုံး ဟူသော်ကား-ဤဒီဃပြုအပ်သော ဣသရတစ်လုံး, ဦဒီဃ ပြုအပ်သော ဥသရတစ်လုံး ဤသို့လျှင် နှစ်လုံးဖြစ်သတည်း။ ✱ ဣ-ကျေရာ၌ နှစ်လုံးဟူသော်ကား-အာဒီဃပြုအပ် သော အသရတစ်လုံး, ဦဒီဃ ပြုအပ်သော ဥသရတစ်လုံး၊ ဤသို့လျှင် နှစ်လုံးဖြစ် သတည်း။ ✱ ဤ-ကျေရာ၌ နှစ်လုံးဟူသော်ကား-အာဒီဃပြုအပ်သော အသရတစ်လုံး, ဦဒီဃ ပြုအပ်သော ဥသရတစ်လုံး ဤသို့လျှင် နှစ်လုံးဖြစ်သတည်း။ ✱ ဥ-ကျေရာ၌ နှစ်လုံးဟူသော်ကား-အာဒီဃပြုအပ်သော အသရတစ်လုံး, ဤဒီဃပြုအပ်သော ဣသရ တစ်လုံး ဤသို့လျှင် နှစ်လုံးဖြစ်သတည်း။ ✱ ဦ-ကျေရာ၌ နှစ်လုံးဟူသော်ကား-အာဒီဃ ပြုအပ်သော အသရတစ်လုံး, ဤဒီဃပြုအပ်သော ဣသရတစ်လုံး ဤသို့လျှင် နှစ်လုံးဖြစ် သတည်း။ ✱ ဧ-ကျေရာ၌ သုံးလုံးဟူသော်ကား-အာဒီဃပြုအပ်သော အသရတစ်လုံး,

http://www.dhammadownload.com



ဤဒီဃပြုအပ်သော ဣသရတစ်လုံး, ဥဒီဃပြုအပ်သော ဥသရတစ်လုံး ဤသို့လျှင် သုံးလုံးဖြစ်သတည်း။ * ဩ-ကျေရာ၌ သုံးလုံးဟူသော်ကား-အာဒီဃပြုအပ်သော အသရတစ်လုံး, ဤဒီဃပြုအပ်သော ဣသရတစ်လုံး, ဥဒီဃပြုအပ်သော ဥသရတစ်လုံး ဤသို့လျှင် သုံးလုံးဖြစ်သတည်း။ ဤသို့လျှင် တစ်ဆယ့်ရှစ်လုံး ဖြစ်သတည်း။

➤ **အာဂမ ၆၄-လုံး** ॥ ॥ "ယဝမဒန တရလာစာဂမာ"ဟူသောသုတ်ဖြင့် လာသော အက္ခရာတို့သည် ခြောက်ဆယ့်လေးလုံးတို့တည်း၊ ခြောက်ဆယ့်လေးလုံးဟူသော်ကား- အ-နှောင်းရာ၌ ရှစ်လုံး, အာ-နှောင်းရာ၌ ရှစ်လုံး, ဣ-နှောင်းရာ၌ ရှစ်လုံး, ဤ-နှောင်းရာ၌ ရှစ်လုံး, ဥ-နှောင်းရာ၌ ရှစ်လုံး, ဦ-နှောင်းရာ၌ ရှစ်လုံး, ဧ-နှောင်းရာ၌ ရှစ်လုံး, ဩ-နှောင်းရာ၌ ရှစ်လုံး, ဤသို့လျှင် ခြောက်ဆယ့်လေးလုံး ဖြစ်သတည်း။

* အ-နှောင်းရာ၌ ရှစ်လုံးဟူသော်ကား- ယ ဝ မ ဒ န တ ရ လ ဤသို့ ရှစ်လုံး ဖြစ်သတည်း။ (ပ) ဩ-နှောင်းရာ၌ ရှစ်လုံးဟူသော်ကား- ယ ဝ မ ဒ န တ ရ လ ဤသို့ ရှစ်လုံး ဖြစ်သတည်း။ ဤသို့လျှင် ၆၄-လုံး ဖြစ်သတည်း။

**သန္ဓိပုစ်စစ် ပြီး၏။**

## ၂။ နာမ်ပုစ်စစ်

➤ **ပဒ= ပုစ်** ॥ ॥ ခပ်သိမ်းသော သဒ္ဒါသည် "ပဋ္ဌတေ ဉာယတေ အတ္ထော ဓတေနာတိ ပဒံ" ဟူသော ဝစနတ္ထနှင့်အညီ အနက်ကို သိခြင်း၏ အကြောင်းဖြစ်သော ကြောင့် ပုဒ် မည်၏။

➤ **သျာဒျန္တ,စသော ပုစ် (၂) ပါး** ॥ ॥ ထိုပုဒ်သည်လည်း "ပဋ္ဌတေ ဉာယတေ အတ္ထော ဓတေနာတိ ပဒံ"ဟူသော ဝစနတ္ထနှင့်အညီ အနက်ကိုသိခြင်း၏ အကြောင်းဖြစ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသ လက္ခဏာအားဖြင့်သော်ကား သျာဒျန္တပုဒ်, တျာဒျန္တပုဒ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်-

* သိ, အစရှိသော နာမ်ဝိဘတ်အဆုံးရှိသော ပုဒ်သည် **သျာဒျန္တပုစ်** မည်၏၊ ပြယုဂ်ကား- "အဃော" အစရှိသည်တည်း။ * တိ, အစရှိသော အာချာတ်ဝိဘတ် အဆုံးရှိသော ပုဒ်သည် **တျာဒျန္တပုစ်** မည်၏၊ ပြယုဂ်ကား "ဂစ္ဆတိ" အစရှိသည်တည်း။

➤ **ဧကက္ခရ,စသော ပုစ် (၃)ပါး** ॥ ॥ တစ်နည်းကား ဧကက္ခရပုဒ်, အနေကက္ခရ ပုဒ်, အနေကပဒပုဒ် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် -

* တစ်လုံးသော အက္ခရာရှိသော ပုဒ်သည် "**ဧကက္ခရပုစ်**" မည်၏၊ ပြယုဂ်ကား "ဧဝါ" အစရှိသည်တည်း။ * များသော အက္ခရာရှိသော ပုဒ်သည် "**အနေကက္ခရပုစ်**" မည်၏၊ ပြယုဂ်ကား "ပုရိသော" အစရှိသည်တည်း။ * များသော ပုဒ်ရှိသော ပုဒ်သည် "**အနေကပဒပုစ်**" မည်၏၊ ပြယုဂ်ကား "ယံ ကိဥ္စိ" အစရှိသည်တည်း။

http://www.dhammadownload.com



➤ **နာမ်,စသော ပုဒ် (၄)ပါး** ။ ။ တစ်နည်းကား နာမ်ပုဒ်, အာချာတ်ပုဒ်, ဥပသာရပုဒ်, နိပါတ်ပုဒ် အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်--

➤ **နာမ်ပုဒ်** ။ ။ "အတ္ထေ နမတီတိ နာမံ"ဟူသော ဝစနတ္ထနှင့်အညီ အနက်၌ ညွတ်တတ်သော "အတ္တနိ စတ္ထေ နာမေတီတိ နာမံ"ဟူသော ဝစနတ္ထနှင့်အညီ မိမိသို့ အနက်တို့ကို ညွတ်စေတတ်သော "ဒဗ္ဗာဘိဓာနံ နာမံ"ဟူသော ပရိဘာသာနှင့်အညီ ဒြပ်ကို ဟောတတ်သော နာမ်ဝိဘတ်အဆုံးရှိသော ပုဒ်သည် "နာမ်ပုဒ်" မည်၏။ ပြယုဂ်ကား "အသော" တည်း။ဤ၌ အဿ-သဒ္ဒါသည် မြင်းဒြပ်ကို မြင်သောအခါ အနက်၌ ညွတ်သည် မည်၏။ အဿ-သဒ္ဒါကို ကြားသောအခါ မိမိသို့ အနက်တို့ကို ညွတ်စေသည် မည်၏။ ➤ **အာချာတ်ပုဒ်** ။ ။ "ကြိယံ အာချာယတီတိ အာချာတံ"ဟူသော ဝစနတ္ထနှင့်အညီ ကြိယာကို ပဓာနအားဖြင့် ဟောတတ်သော အာချာတ်ဝိဘတ် အဆုံးရှိသော ပုဒ်သည် "အာချာတ်ပုဒ်" မည်၏။ ပြယုဂ်ကား " ဂစ္ဆတိ " အစရှိသည်တည်း။

➤ **ဥပသာရပုဒ်** ။ ။ "ဓာတွတ္ထံ ဥပေစ္စ သဇ္ဇန္တီတိ ဥပသဂ္ဂါ"ဟူသော ဝစနတ္ထနှင့်အညီ ယေဘုယျအားဖြင့် ဓာတ်၏ရှေ့၌ တည်၍ ဓာတ်၏အနက်ကို စီရင်တတ်သော, အပ္ပကအားဖြင့် နာမ်၏ရှေ့၌တည်၍ နာမ်၏အနက်ကို စီရင်တတ်သော လိင်သုံးပါး, ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်သော နှစ်ဆယ်သောပုဒ်သည် "ဥပသာရပုဒ်" မည်၏။ ပြယုဂ်ကား " ပ, ပရာ, နိ, နီ " အစရှိသည်တည်း။

➤ **နိပါတ်ပုဒ်** ။ ။ " ပဒါနံ အာဒိ မဇ္ဈာ ဝသာနေသု နိပတန္တီတိ နိပါတာ"ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်တို့၏ အစ, အလယ်, အဆုံးတို့၌ ကျတတ်သော "ဇောတကမတ္တော နိပါတော"ဟူသော ပရိဘာသာနှင့်အညီ အနက်ကို မဟောတတ် ထွန်းတတ်ကာမျှသာ ဖြစ်သော လိင်သုံးပါး, ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်သော မရေတွက်နိုင် များစွာသော ပုဒ်သည် "နိပါတ်ပုဒ်" မည်၏။ ပြယုဂ်ကား " ယထာ တထာ " အစရှိသည်တည်း။

➤ **ကြိယာ,စသော နာမ် (၄)ပါး** ။ ။ ထိုလေးပါးသော ပုဒ်တို့တွင် နာမ်ပုဒ်သည်လည်း "အတ္ထေ နမတီတိ နာမံ"ဟူသော ဝစနတ္ထနှင့်အညီ အနက်၌ ညွတ်တတ်သော "အတ္တနိ စတ္ထေ နာမေတီတိ နာမံ"ဟူသော ဝစနတ္ထနှင့်အညီ မိမိသို့ အနက်တို့ကို ညွတ်စေတတ်သော "ဒဗ္ဗာဘိဓာနံ နာမံ"ဟူသော ပရိဘာသာနှင့်အညီ ဒြပ်ကို ဟောတတ်သော နာမ်ဝိဘတ်အဆုံးရှိသော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား ကြိယာနာမ်, ဂုဏနာမ်, ဇာတိနာမ်, ယာဒိစ္ဆကနာမ် အားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်-

➤ **ကြိယာနာမ်** ။ ။ ကြိယာကို စွဲ၍ဖြစ်သော နာမ်သည် "ကြိယာနာမ်" မည်၏။ ပြယုဂ်ကား "**ပါစကော**"တည်း။ ဤ ပါစကော-ဟူသော နာမ်သည် ချက်ခြင်းကြိယာကို စွဲ၍ဖြစ်သောကြောင့် ကြိယာနာမ် မည်၏။ ➤ **ဂုဏနာမ်** ။ ။ ဂုဏ်ကို စွဲ၍ဖြစ်သော

http://www.dhammadownload.com



နာမ်သည် "ဂုဏနာမ်" မည်၏။ ပြယုဂ်ကား "တေပိဋကော"တည်း။ ဤ တေပိဋကော-ဟူသော နာမ်သည် ပိဋကသုံးပါးတည်းဟူသော ဂုဏ်ကို စွဲ၍ဖြစ်သောကြောင့် ဂုဏနာမ် မည်၏။

➤ **ဇာတိနာမ်** ။ ။ ဇာတ်ကို စွဲ၍ဖြစ်သော နာမ်သည် "ဇာတိနာမ်" မည်၏။ပြယုဂ်ကား "အဿော" တည်း။ ဤ အဿော-ဟူသော နာမ်သည် မြင်းတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်ကို စွဲ၍ဖြစ်သောကြောင့် ဇာတိနာမ် မည်၏။ ➤ **ယာဒိစ္ဆကနာမ်** ။ ။ အကြောင်းကို မစွဲမူ၍ဖြစ်သော နာမ်သည် "ယာဒိစ္ဆကနာမ်" မည်၏။ ပြယုဂ်ကား " တိဿော" တည်း။ ဤ တိဿော-ဟူသော နာမ်သည် အကြောင်းကို မစွဲမူ၍ဖြစ်သောကြောင့် ယာဒိစ္ဆကနာမ် မည်၏။

➤ **သာမည,စသော နာမ် (၄)ပါး** ။ ။ တစ်နည်းကား သာမညနာမ်, ဂုဏနာမ်, ကိတ္တိမနာမ်, ဩပပါတိကနာမ် အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်-

➤ **သာမညနာမ်** ။ ။ သမုတ်၍ဖြစ်သော နာမ်သည် "သာမညနာမ်" မည်၏။ ပြယုဂ်ကား "မဟာသမ္မတော" တည်း။ ဤ မဟာသမ္မတော-ဟူသောနာမ်သည် ကမ္ဘာဦး သူတို့သည် သမုတ်၍ဖြစ်သောကြောင့် သာမညနာမ် မည်၏။ တစ်နည်းကား ဇာတ်ကို စွဲ၍ဖြစ်သော နာမ်သည် သာမညနာမ် မည်၏။ ပြယုဂ်ကား "အဿော" တည်း။ ဤ အဿော-ဟူသောနာမ်သည် မြင်းဇာတ်ကို စွဲ၍ဖြစ်သောကြောင့် သာမညနာမ် မည်၏။

➤ **ဂုဏနာမ်** ။ ။ ဂုဏ်ကို စွဲ၍ဖြစ်သော နာမ်သည် "ဂုဏနာမ်" မည်၏။ ပြယုဂ်ကား "တေပိဋကော"တည်း။ ဤ တေပိဋကော-ဟူသော နာမ်သည် ပိဋကသုံးပါးတည်းဟူသော ဂုဏ်ကို စွဲ၍ဖြစ်သောကြောင့် ဂုဏနာမ် မည်၏။

➤ **ကိတ္တိမနာမ်** ။ ။ ကြား၍ဖြစ်သော နာမ်သည် "ကိတ္တိမနာမ်" မည်၏။ ပြယုဂ်ကား "တေမိယော"တည်း။ ဤ တေမိယော-ဟူသောနာမ်သည် အဆွေအမျိုး အပေါင်းတို့သည် ကြား၍ဖြစ်သောကြောင့် ကိတ္တိမနာမ် မည်၏။

➤ **ဩပပါတိကနာမ်** ။ ။ ရှေးပညတ်၌ ကျတတ်သော နာမ်သည် ဩပပါတိက နာမ် မည်၏။ ပြယုဂ်ကား "စန္ဒော"တည်း။ ဤ စန္ဒော-ဟူသော နာမ်သည် ရှေးကမ္ဘာ၌ လည်း လ-၏ စန္ဒဟူသော အမည်, ဤကမ္ဘာ၌လည်း လ-၏ စန္ဒဟူသော အမည်သာ ဖြစ်၍ ရှေးပညတ်၌ ကျတတ်သောကြောင့် ဩပပါတိကနာမ် မည်၏။

➤ **အာဝတ္ထိက,စသော နာမ် (၄)ပါး** ။ ။ တစ်နည်းကား အာဝတ္ထိကနာမ်, လိင်္ဂိက နာမ်, နေမိတ္တိကနာမ်, အဝိစ္စသမုပ္ပန္နနာမ် အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်-

➤ **အာဝတ္ထိကနာမ်** ။ ။ အခိုက်အတန့်ကို စွဲ၍ဖြစ်သော နာမ်သည် "အာဝတ္ထိက နာမ်" မည်၏။ ပြယုဂ်ကား "ဝစ္ဆော" တည်း။ ဝစ္ဆော၊နွားငယ်။ဤ ဝစ္ဆော-ဟူသောနာမ် သည် ငယ်သော အခိုက်အတန့်ကို စွဲ၍ဖြစ်သောကြောင့် အာဝတ္ထိကနာမ် မည်၏။

➤ **လိင်္ဂိကနာမ်** ။ ။ အသွင်ကို စွဲ၍ဖြစ်သော နာမ်သည် "လိင်္ဂိကနာမ်" မည်၏။

http://www.dhammadownload.com



ပြယုဂ်ကား "ဒဏ္ဍီ" အစရှိသည်တည်း။ ဤ ဒဏ္ဍီ-ဟူသော နာမ်သည် တောင်ဝှေးတည်းဟူသော အသွင်ကို စွဲ၍ဖြစ်သောကြောင့် လိင်္ဂိကနာမ် မည်၏။

➤ **နေမိတ္တိကနာမ်** ။ ။ အကြောင်းကို စွဲ၍ဖြစ်သော နာမ်သည် "နေမိတ္တိကနာမ်" မည်၏။ ပြယုဂ်ကား "တေဝိဇ္ဇော" တည်း။ ဤ တေဝိဇ္ဇော-ဟူသော နာမ်သည် ဝိဇ္ဇာ သုံးပါးတည်းဟူသော အကြောင်းကို စွဲ၍ဖြစ်သောကြောင့် နေမိတ္တိကနာမ် မည်၏။

➤ **အဓိစ္စသမုပ္ပန္နနာမ်** ။ ။ အကြောင်းကို မစွဲမူ၍ဖြစ်သော နာမ်သည် "အဓိစ္စ သမုပ္ပန္နနာမ်" မည်၏။ ပြယုဂ်ကား "တိဿော"တည်း။ ဤ တိဿော-ဟူသော နာမ် သည် အကြောင်းကို မစွဲမူ၍ ဖြစ်သောကြောင့် အဓိစ္စသမုပ္ပန္နနာမ် မည်၏။

➤ **လိင်္ဂိကနာမ် နေမိတ္တိကနာမ် ၂-ပါး အထူး** ။ ။ [ထိုလေးပါးသော နာမ်တို့တွင် လိင်္ဂိကနာမ် နေမိတ္တိကနာမ် နှစ်ပါးတို့၏ အထူးကား] အပဖြစ်သော ဝတ္ထုသည် အသွင် မည်၏။ ထိုအသွင်ကို စွဲ၍ဖြစ်သော နာမ်သည် လိင်္ဂိကနာမ် မည်၏။ အတွင်းဖြစ်သော ဝတ္ထုသည် အကြောင်းမည်၏၊ ထိုအကြောင်းကို စွဲ၍ဖြစ်သော နာမ်သည် နေမိတ္တိက နာမ် မည်၏။ တစ်နည်းကား ▪ ထင်ရှားရှိသော ဝတ္ထုသည် အသွင် မည်၏၊ ထိုအသွင် ကို စွဲ၍ဖြစ်သော နာမ်သည် လိင်္ဂိကနာမ် မည်၏။ ထင်ရှား မရှိသော ဝတ္ထုသည် အကြောင်းမည်၏၊ထိုအကြောင်းကို စွဲ၍ဖြစ်သော နာမ်သည် နေမိတ္တိကနာမ် မည်၏။

➤ **နာမနာမ်,စသော နာမ် (၅) ပါး** ။ ။ တစ်နည်းကား နာမနာမ်, သဗ္ဗနာမ်, သမာသ်နာမ်, တဒ္ဓိတ်နာမ်, ကိတ်နာမ် အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်

➤ **နာမနာမ်** ။ ။ လိင်ဝိသေသနှင့်ယှဉ်၍ အနက်ဝိသေသကို ဟောသောနာမ်သည် နာမနာမ် မည်၏။ ပြယုဂ်ကား "တိဿော"တည်း။ ဤ တိဿော-ဟူသော နာမ်သည် ပုလ္လိင်တည်းဟူသော လိင်ဝိသေသနှင့်ယှဉ်၍ တိဿ အမည်ရှိသောသူတည်းဟူသော အနက်ဝိသေသကို ဟောသောကြောင့် "နာမနာမ်" မည်၏။

➤ **သဗ္ဗနာမ်** ။ ။ လိင်သာမညနှင့်ယှဉ်၍ အနက်သာမညကို ဟောသော နာမ် သည် သဗ္ဗနာမ် မည်၏။ ပြယုဂ်ကား "ယ" တည်း။ ဤ ယ-ဟူသော နာမ်သည် ဣတ္ထိလိင်, ပုလ္လိင်, နပုလ္လိင် တည်းဟူသော လိင်သာမညနှင့်ယှဉ်၍ အကြင်မိန်းမ, အကြင်ယောကျ်ား အကြင်နပုံး အစရှိသော အနက်သာမညကို ဟောသောကြောင့် သဗ္ဗနာမ် မည်၏။

➤ **သမာသ်နာမ်** ။ ။ ပုဒ်အချင်းချင်းချဉ်း၍ သမာသ်ပြီးလတ်သော် ဝါကျအနက် အတွင်း မငုပ်သောနာမ်သည် သမာသ်နာမ် မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇ ပုတ္တော"တည်း။ ဤ ရညော ပုတ္တော ရာဇပုတ္တော-ဟူသော နာမ်သည် ပုဒ်အချင်းချင်း ချဉ်း၍ သမာသ်ပြီးလတ်သော် မင်း၏သား တည်းဟူသော ဝါကျအနက် အတွင်း မငုပ် သောကြောင့် သမာသ်နာမ် မည်၏။

➤ **တဒ္ဓိတ်နာမ်** ။ ။ ပုဒ်နှင့်ပစ္စည်းချဉ်း၍ တဒ္ဓိတ်ပြီးလတ်သော် ဝါကျအနက် အတွင်း

http://www.dhammadownload.com



မငုပ်သောနာမ်သည် တဒ္ဓိတ်နာမ် မည်၏။ ပြယုဂ်ကား "ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော" တည်း။ ဤ ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော-ဟူသော နာမ်သည် ပုဒ်နှင့်ပစ္စည်းချဉ်း၍ တဒ္ဓိတ်ပြီးလတ်သော် ဝသိဋ္ဌ အမည်ရှိသော သူ၏သား တည်းဟူသော ဝါကျအနက် အတွင်း မငုပ်သောကြောင့် "တဒ္ဓိတ်နာမ်" မည်၏။

➤ **ကိတ်နာမ်** ။ ။ ဓာတ်နှင့် ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် ဝါကျအနက် အတွင်း မငုပ်သော နာမ်သည် ကိတ်နာမ် မည်၏။ ပြယုဂ်ကား "ပစတီတိ ပါစကော"တည်း။ ဤ ပစတီတိ ပါစကော-ဟူသောနာမ်သည် ဓာတ်နှင့်ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် ချက်တတ်၏ဟူသော ဝါကျအနက် အတွင်းမငုပ်သောကြောင့် ကိတ်နာမ် မည်၏။

➤ **သုဒ္ဓနာမ် (၄) ပါး** ။ ။ ထိုလေးပါးတို့တွင် နာမနာမ်သည် သုဒ္ဓနာမ် မည်၏။ ထို သုဒ္ဓနာမ်သည်လည်း ရုဠှီသုဒ္ဓနာမ်, သမာသ်သုဒ္ဓနာမ်, တဒ္ဓိတ်သုဒ္ဓနာမ်, ကိတ်သုဒ္ဓနာမ်, အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်--

➤ **ရုဠှီသုဒ္ဓနာမ်** ။ ။ အထင်အားဖြင့် ဆိုအပ်သောနာမ်သည် ရုဠှီသုဒ္ဓနာမ် မည်၏။ ပြယုဂ်ကား "တိဿော"တည်း။ ဤ တိဿော-ဟူသော နာမ်သည် တိဿ အမည်ရှိသော သူ၌သာ အထင်အားဖြင့် ဆိုအပ်သောကြောင့် " ရုဠှီသုဒ္ဓနာမ်" မည်၏။

➤ **သမာသ်သုဒ္ဓနာမ်** ။ ။ ပုဒ်အချင်းချင်းချဉ်း၍ သမာသ်ပြီးလတ်သော် ဝါကျ အနက် အတွင်းငုပ်သော နာမ်သည် သမာသ်သုဒ္ဓနာမ် မည်၏။ ပြယုဂ်ကား "နံ သမ္ဗုဏ္ဍံ ယဂရံ စတ္တာတိ နဂရံ"တည်း။ ဤ နံ သမ္ဗုဏ္ဍံ ယဂရံ စတ္တာတိ နဂရံ-ဟူသော နာမ်သည် ပုဒ်အချင်းချင်းချဉ်း၍ သမာသ်ပြီးလတ်သော် ပြည့်သော အိမ်ရှိ၏ဟူသော ဝါကျအနက် အတွင်းငုပ်သောကြောင့် "သမာသ်သုဒ္ဓနာမ်" မည်၏။

➤ **တဒ္ဓိတ်သုဒ္ဓနာမ်** ။ ။ ပုဒ်နှင့်ပစ္စည်းချဉ်း၍ တဒ္ဓိတ်ပြီးလတ်သော် ဝါကျအနက် အတွင်းငုပ်သော နာမ်သည် တဒ္ဓိတ်သုဒ္ဓနာမ် မည်၏။ ပြယုဂ်ကား "အာဒိတိယာ အပစ္စံ အာဒိစ္စော" တည်း။ ဤ အဒိတိယာ အပစ္စံ အာဒိစ္စော-ဟူသော နာမ်သည် ပုဒ်နှင့် ပစ္စည်းချဉ်း၍ တဒ္ဓိတ်ပြီးလတ်သော် အဒိတိ အမည်ရှိသော နတ်သမီး၏သား တည်းဟူ သော ဝါကျအနက် အတွင်းငုပ်သောကြောင့် "တဒ္ဓိတ်သုဒ္ဓနာမ်" မည်၏။

➤ **ကိတ်သုဒ္ဓနာမ်** ။ ။ ဓာတ်နှင့်ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် ဝါကျအနက် အတွင်းငုပ်သောနာမ်သည် ကိတ်သုဒ္ဓနာမ် မည်၏။ ပြယုဂ်ကား "ဂစ္ဆတီတိ ဂေါ"တည်း ဤ ဂစ္ဆတီတိ ဂေါ-ဟူသော နာမ်သည် ဓာတ်နှင့်ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် သွားတတ်၏ဟူသော ဝါကျအနက် အတွင်းငုပ်သောကြောင့် "ကိတ်သုဒ္ဓနာမ်" မည်၏။

➤ **သာမညဟိက,စသော နာမ် (၆)ပါး** ။ ။ တစ်နည်းကား သာမညဟိကနာမ်, ပစ္စေက နာမ်, ဝိကပ္ပနာမ်, သံယောဂိကနာမ်, သမ္ဗန္ဓိကနာမ်, ပဋိပက္ခနာမ် အားဖြင့် ခြောက်ပါး အပြားရှိ၏။ ထိုတွင် --

http://www.dhammadownload.com



➤ **သာမညတိကနာမ်** ။ ။ အပေါင်းကို စွဲ၍ဖြစ်သော နာမ်သည် သာမညဟိကနာမ် မည်၏။ ပြယုဂ်ကား "ပဉ္စော"တည်း။ ဤ ပဉ္စော-ဟူသောနာမ်သည် ချည်ချောင်းအပေါင်းကို စွဲ၍ဖြစ်သောကြောင့် "သာမညဟိကနာမ်" မည်၏။

➤ **ပစ္စေကနာမ်** ။ ။ အစိတ်ကို စွဲ၍ဖြစ်သော နာမ်သည် ပစ္စေကနာမ် မည်၏။ ပြယုဂ်ကား "ဝေဠု" တည်း။ ဤ ဝေဠု-ဟူသော နာမ်သည် ဝါးတည်းဟူသော အစိတ်ကို စွဲ၍ဖြစ်သောကြောင့် "ပစ္စေကနာမ်" မည်၏။

➤ **ဝိကပ္ပနာမ်** ။ ။ ပရမတ္ထအားဖြင့် မရှိ ကြံစည်အပ်သော အနက်ကို ဟောသော နာမ်သည် ဝိကပ္ပနာမ် မည်၏။ ပြယုဂ်ကား "ကာလော" တည်း။ ဤ ကာလော-ဟူသော နာမ်သည် ပရမတ္ထအားဖြင့် မရှိ ကြံစည်အပ်သော အခါဟူသော အနက်ကို ဟောသော ကြောင့် "ဝိကပ္ပနာမ်" မည်၏။

➤ **သံယောဂိကနာမ်** ။ ။ ယှဉ်ခြင်းကို စွဲ၍ဖြစ်သော နာမ်သည် သံယောဂိကနာမ် မည်၏။ ပြယုဂ်ကား " ကဏှသပ္ပေါ " တည်း။ ဤ ကဏှသပ္ပေါ-ဟူသော နာမ်သည် မည်းသောဂုဏ်နှင့် ယှဉ်ခြင်းကို စွဲ၍ဖြစ်သောကြောင့် "သံယောဂိကနာမ်" မည်၏။

➤ **သမ္ဗန္ဓိကနာမ်** ။ ။ စပ်ခြင်းကို စွဲ၍ဖြစ်သော နာမ်သည် သမ္ဗန္ဓိကနာမ် မည်၏။ ပြယုဂ်ကား "အာဒိစ္စော"တည်း။ ဤ အာဒိစ္စော-ဟူသော နာမ်သည် အဒိတိအမည်ရှိသော နတ်သမီးနှင့် စပ်ခြင်းကို စွဲ၍ဖြစ်သောကြောင့် "သမ္ဗန္ဓိကနာမ်" မည်၏။

➤ **ပဋိပက္ခနာမ်** ။ ။ ဆန့်ကျင်ဘက်ဖြစ်သော အနက်ကိုဟောသော နာမ်သည် ပဋိပက္ခနာမ် မည်၏။ ပြယုဂ်ကား "ကီသော"တည်း။ ဤကီသော-ဟူသော နာမ်သည် ဆူသောသူ၏ ဆန့်ကျင်ဘက်ဖြစ်သော ကြုံသောသူဟူသော အနက်ကို ဟောသော ကြောင့် "ပဋိပက္ခနာမ်" မည်၏။

➤ **သံယောဂိကနာမ် သမ္ဗန္ဓိကနာမ် ၂-ပါးအထူး** ။ ။ [ ထိုခြောက်ပါးတို့တွင် သံယောဂိကနာမ် သမ္ဗန္ဓိကနာမ် နှစ်ပါးတို့၏ အထူးကား] သံယောဂိကနာမ်ကို သမာသ်ပုဒ်၌ ရအပ်၏။ သမ္ဗန္ဓိကနာမ်ကို တဒ္ဓိတ်ပုဒ်၌ ရအပ်၏။

➤ **သဗ္ဗနာမ် (၁၀) ပါး** ။ ။ သဗ္ဗနာမ်သည်လည်း လိင်သာမညနှင့်ယှဉ်၍ အနက်သာမညကိုဟောသော သာမညလက္ခဏာအားဖြင့် တစ်ပါးသော၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား " ပယောဂဝန္တ သဗ္ဗနာမ်, ဝစနသဗ္ဗနာမ်, ဂုဏသဗ္ဗနာမ်, ပုစ္ဆာသဗ္ဗနာမ်, ပမာဏိကသဗ္ဗနာမ်, သဗ္ဗသဗ္ဗနာမ်, ဒိသာသဗ္ဗနာမ်, အဝတ္ထာသဗ္ဗနာမ်, သင်္ချာသဗ္ဗနာမ်, ကာလသဗ္ဗနာမ်, အားဖြင့် ဆယ်ပါးအပြားရှိ၏။ ထိုဆယ်ပါးတို့တွင်--

➤ **ပယောဂဝန္တသဗ္ဗနာမ်** ။ ။ ယှဉ်ဘက်အားဖြင့် အနက်သာမညကို ဟောသော သဗ္ဗနာမ်သည် ပယောဂဝန္တသဗ္ဗနာမ် မည်၏။ ပြယုဂ်ကား "ယ" တည်း။ ဤ ယ-ဟူသော သဗ္ဗနာမ်သည် ယာ ဣတ္ထီ, ယော ပုရိသော, ယံ စိတ္တံ အစရှိသော ယှဉ်ဘက်

http://www.dhammadownload.com



အားဖြင့် အနက်သာမညကို ဟောသောကြောင့် "ပယောဂဝစ္စသဗ္ဗနာမ်" မည်၏။

➢ **ဝစနသဗ္ဗနာမ်** ။ ။ ယှဉ်ဘက်ကင်းသောအားဖြင့် အနက်သာမညကိုဟောသော သဗ္ဗနာမ်သည် ဝစနသဗ္ဗနာမ် မည်၏။ ပြယုဂ်ကား "တုမှ"တည်း။ ဤတုမှ-ဟူသော သဗ္ဗနာမ်သည် ဣတ္ထိ, ပုရိသော, စိတ္တံ အစရှိသော ယှဉ်ဘက်ကင်းသောအားဖြင့် အနက်သာမညကို ဟောသောကြောင့် "ဝစနသဗ္ဗနာမ်" မည်၏။

➢ **ဂုဏသဗ္ဗနာမ်** ။ ။ ဂုဏ်အားဖြင့် အနက်သာမညကိုဟောသော သဗ္ဗနာမ်သည် ဂုဏသဗ္ဗနာမ် မည်၏။ ပြယုဂ်ကား "နီလော"တည်း။ ဤ နီလော-ဟူသော သဗ္ဗနာမ်သည် အညိုဟူသော ဂုဏ်အားဖြင့် အနက်သာမညကို ဟောသောကြောင့် ဂုဏသဗ္ဗနာမ် မည်၏။ ➢ **ပုစ္ဆာသဗ္ဗနာမ်** ။ ။ အမေးအားဖြင့် အနက်သာမညကိုဟောသော သဗ္ဗနာမ်သည် ပုစ္ဆာသဗ္ဗနာမ် မည်၏။ ပြယုဂ်ကား "ကတမံ"တည်း။ ဤ ကတမံ-ဟူသော သဗ္ဗနာမ်သည် အဘယ်နည်းဟု အမေးအားဖြင့် အနက်သာမညကို ဟောသောကြောင့် ပုစ္ဆာသဗ္ဗနာမ် မည်၏။ ➢ **ပမာဏကသဗ္ဗနာမ်** ။ ။ အတိုင်းအရှည်အားဖြင့် အနက်သာမညကိုဟောသော သဗ္ဗနာမ်သည် ပမာဏကသဗ္ဗနာမ် မည်၏။ ပြယုဂ်ကား "ယောက" တည်း ဤ ယောက-ဟူသော သဗ္ဗနာမ်သည် အနည်းငယ်ဟူသော အတိုင်းအရှည်အားဖြင့် အနက် သာမညကို ဟောသောကြောင့် "ပမာဏကသဗ္ဗနာမ်" မည်၏။

➢ **သဗ္ဗသဗ္ဗနာမ်** ။ ။ အလုံးစုံအားဖြင့် အနက်သာမညကိုဟောသော သဗ္ဗနာမ်သည် သဗ္ဗသဗ္ဗနာမ် မည်၏။ ပြယုဂ်ကား "ကတရံ"တည်း။ ဤ ကတရံ-ဟူသော သဗ္ဗနာမ်သည် ဆိုအပ်ပြီးသည်မှတစ်ပါး အလုံးစုံအားဖြင့် အနက်သာမညကို ဟောသောကြောင့် "သဗ္ဗသဗ္ဗနာမ်" မည်၏။ ➢ **ဒိသာသဗ္ဗနာမ်** ။ ။ အရပ်မျက်နှာအားဖြင့် အနက်သာမညကိုဟောသော သဗ္ဗနာမ်သည် ဒိသာသဗ္ဗနာမ် မည်၏။ ပြယုဂ်ကား "ပုဗ္ဗ"တည်း ဤ ပုဗ္ဗ-ဟူသော သဗ္ဗနာမ်သည် အရှေ့ဟူသော အရပ်မျက်နှာအားဖြင့် အနက်သာမညကို ဟောသောကြောင့် "ဒိသာသဗ္ဗနာမ်" မည်၏။

➢ **အဝတ္ထာသဗ္ဗနာမ်** ။ ။ အခိုက်အတန့်အားဖြင့် အနက်သာမညကိုဟောသော သဗ္ဗနာမ်သည် အဝတ္ထာသဗ္ဗနာမ် မည်၏။ ပြယုဂ်ကား "ဒီဃော"တည်း။ ဤ ဒီဃော-ဟူသော သဗ္ဗနာမ်သည် ရှည်သော အခိုက်အတန့်အားဖြင့် အနက်သာမညကို ဟောသောကြောင့် "အဝတ္ထာသဗ္ဗနာမ်" မည်၏။

➢ **သင်္ချာသဗ္ဗနာမ်** ။ ။ အရေအတွက်အားဖြင့် အနက်သာမညကိုဟောသော သဗ္ဗနာမ်သည် သင်္ချာသဗ္ဗနာမ် မည်၏။ ပြယုဂ်ကား "ဒွိ"တည်း။ ဤ ဒွိ-ဟူသော သဗ္ဗနာမ်သည် နှစ်ခုဟူသော အရေအတွက်အားဖြင့် အနက်သာမညကိုဟောသောကြောင့် "သင်္ချာသဗ္ဗနာမ်" မည်၏။ ➢ **ကာလသဗ္ဗနာမ်** ။ ။ အခါအားဖြင့် အနက်သာမညကို ဟောသော သဗ္ဗနာမ်သည် ကာလသဗ္ဗနာမ် မည်၏။ ပြယုဂ်ကား "အာဟိတော" တည်း။

http://www.dhammadownload.com



ဤ အတီတော-ဟူသော သဗ္ဗနာမ်သည် လွန်လေပြီးသော အခါအားဖြင့် အနက်သာမည ကို ဟောသောကြောင့် "ကာလသဗ္ဗနာမ်" မည်၏။

➤ **လိင်** ။ ။ [ဤသို့ ဆိုအပ်ခဲ့ပြီးသော နာမ်တို့သည်] "လီနံ အပါကဋံ အတ္ထံ လိင်္ဂေ" ဟူသော ဝစနတ္ထနှင့်အညီ မထင်ရှားသော အစိတ်ဖြစ်သောကြောင့်ရင်း၊ "လီနမတ္ထံ ဂမယတိ ဗောဓေတီတိ ဝါ လိင်္ဂံ" ဟူသော ဝစနတ္ထနှင့်အညီ ကွယ်ဝှက်သောအနက်ကို သိစေတတ်သောကြောင့်ရင်း "လိင်" မည်၏။

➤ **လိင် ၆-ပါး** ။ ။ ထိုလိင်သည်လည်း "လီနံ အပါကဋံ အတ္ထံ လိင်္ဂေ" ဟူသော ဝစနတ္ထနှင့်အညီ မထင်ရှားသော အစိတ်ဖြစ်သော "လီနမတ္ထံ ဂမယတိ ဗောဓေတီတိ ဝါ လိင်္ဂံ" ဟူသော ဝစနတ္ထနှင့်အညီ ကွယ်ဝှက်သောအနက်ကို သိစေတတ်သော သာမည လက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား ဣတ္ထိလိင်, ပုလ္လိင် နပုလ္လိင်, ဒွိလိင်, တိလိင်, အလိင် အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင်--

* **ဣတ္ထိလိင်** ။ ။ ယာ, သာ-ဟူသော သဗ္ဗနာမ်ပုဒ်နှင့် တုလျာဓိကရဏဖြစ်ကောင်း သော လိင်သည် ဣတ္ထိလိင် မည်၏။ ပြယုဂ်ကား "ကညာ" တည်း။

* **ပုလ္လိင်** ။ ။ ယော, သော-ဟူသော သဗ္ဗနာမ်ပုဒ်နှင့် တုလျာဓိကရဏဖြစ်ကောင်း သော လိင်သည် ပုလ္လိင် မည်၏။ ပြယုဂ်ကား "ပုရိသော"တည်း။

* **နပုလ္လိင်** ။ ။ ယံ, တံ-ဟူသော သဗ္ဗနာမ်ပုဒ်နှင့် တုလျာဓိကရဏဖြစ်ကောင်း သော လိင်သည် နပုလ္လိင် မည်၏။ ပြယုဂ်ကား "စိတ္တံ" တည်း။

* **ဒွိလိင်** ။ ။ နှစ်လိင်ဆံကောင်းသော လိင်သည် "ဒွိလိင်" မည်၏။ ပြယုဂ်ကား "သြဇာ, သြဇော" တည်း။ * **တိလိင်** ။ ။ သုံးလိင်ဆံကောင်းသော လိင်သည် "တိလိင်" မည်၏။ ပြယုဂ်ကား " ပဥ္ဉာ, ပဥ္ဉော, ပဥ္ဉံ " တည်း။

* **အလိင်** ။ ။ ဥပသာရပုဒ်, နိပါတ်ပုဒ်, ပဉ္စ အစ အဋ္ဌာရသ အဆုံးရှိသော သင်္ချာသဒ္ဒါ တုမှသဒ္ဒါ, အမှသဒ္ဒါတို့သည် လိင်ဖြစ်ငြားသော်လည်း လိင်ကြောင့် ရုပ်အထူး မရှိသော ကြောင့် "အလိင်" မည်၏။

➤ **ဣတ္ထိလိင် အန္တ (၇) ပါး** ။ ။ ထိုခုနစ်ပါးတို့တွင် ဣတ္ထိလိင်သည်လည်း (၁) အာကာရန္တ ပကတိရှိသော အာကာရန္တ ဣတ္ထိလိင်၊ (၂) ဣကာရန္တ ပကတိရှိသော ဣကာရန္တ ဣတ္ထိလိင်၊ (၃) ဤကာရန္တ ပကတိရှိသော ဤကာရန္တ ဣတ္ထိလိင်၊ (၄) ဥ ကာရန္တ ပကတိရှိသော ဥကာရန္တ ဣတ္ထိလိင်၊ (၅) ဥကာရန္တ ပကတိရှိသော အာကာရန္တ ဣတ္ထိလိင်၊ (၆) ဦကာရန္တ ပကတိရှိသော ဦကာရန္တ ဣတ္ထိလိင်၊ (၇) သြကာရန္တ ပကတိ ရှိသော သြကာရန္တ ဣတ္ထိလိင် အားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုတွင်--

* ၁။ တည်သောအခါ အာကာရန္တနှင့် တည်၍ ပြီးသောအခါ အာကာရန္တနှင့်ပြီး သော ဣတ္ထိလိင်သည် " အာကာရန္တ ပကတိရှိသော အာကာရန္တ ဣတ္ထိလိင်" မည်၏။

http://www.dhammadownload.com



ပြယုဂ်ကား "တညာ" တည်း။ (၂) တည်သောအခါ ဣကာရန္တနှင့်တည်၍ ပြီးသောအခါ ဣကာရန္တနှင့်ပြီးသော ဣတ္ထိလိင်သည် " ဣကာရန္တ ပကတိရှိသော ဣကာရန္တ ဣတ္ထိလိင်" မည်၏။ ပြယုဂ်ကား "ရတ္တိ" တည်း။ (၃) * တည်သောအခါ ဤကာရန္တနှင့်တည်၍ ပြီးသောအခါ ဤကာရန္တနှင့် ပြီးသော ဣတ္ထိလိင်သည် " ဤကာရန္တ ပကတိရှိသော ဤကာရန္တ ဣတ္ထိလိင်" မည်၏။ ပြယုဂ်ကား "ဣတ္ထီ" တည်း။ (၄) တည်သောအခါ ဥကာရန္တနှင့်တည်၍ ပြီးသောအခါ ဥကာရန္တနှင့်ပြီးသော ဣတ္ထိလိင်သည် " ဥကာရန္တ ပကတိရှိသော ဥကာရန္တ ဣတ္ထိလိင် " မည်၏။ ပြယုဂ်ကား "ဓေနု" တည်း။

(၅) * တည်သောအခါ ဥကာရန္တနှင့်တည်၍ ပြီးသောအခါ အာကာရန္တနှင့်ပြီးသော ဣတ္ထိလိင်သည် "ဥကာရန္တ ပကတိရှိသော အာကာရန္တ ဣတ္ထိလိင် " မည်၏။ ပြယုဂ်ကား "မာတာ"တည်း။ (၆) * တည်သောအခါ ဦကာရန္တနှင့်တည်၍ ပြီးသောအခါ ဦကာရန္တနှင့် ပြီးသော ဣတ္ထိလိင်သည် " ဦကာရန္တ ပကတိရှိသော ဦကာရန္တ ဣတ္ထိလိင်"မည်၏။ ပြယုဂ်ကား "ဇမ္ဗူ" တည်း။ (၇) * တည်သောအခါ ဩကာရန္တနှင့်တည်၍ ပြီးသောအခါ ဩကာရန္တနှင့်ပြီးသော ဣတ္ထိလိင်သည် ဩကာရန္တ ပကတိရှိသော ဩကာရန္တ ဣတ္ထိလိင် မည်၏။ ပြယုဂ်ကား "ဂေါ" တည်း။

➤ ပုလ္လိင် အန္တ (၉) ပါး ။ ။ ပုလ္လိင်သည်လည်း (၁)အကာရန္တ ပကတိရှိသော ဩကာရန္တ ပုလ္လိင်၊ (၂) အကာရန္တ ပကတိရှိသော အာကာရန္တ ပုလ္လိင်၊ (၃) အာကာရန္တ ပကတိရှိသော အာကာရန္တ ပုလ္လိင်၊ (၄) ဣကာရန္တ ပကတိရှိသော ဣကာရန္တ ပုလ္လိင်၊ (၅) ဤကာရန္တ ပကတိရှိသော ဤကာရန္တ ပုလ္လိင်၊ (၆) ဥကာရန္တ ပကတိရှိသော ဥကာရန္တ ပုလ္လိင်၊ (၇) ဥကာရန္တ ပကတိရှိသော အာကာရန္တ ပုလ္လိင်၊ (၈) ဦကာရန္တ ပကတိရှိသော ဦကာရန္တ ပုလ္လိင်၊ (၉) ဩကာရန္တ ပကတိရှိသော ဩကာရန္တ ပုလ္လိင် အားဖြင့် ကိုးပါး အပြားရှိ၏။ ထို ကိုးပါးတို့တွင်--

(၁) * တည်သောအခါ အကာရန္တနှင့်တည်၍ ပြီးသောအခါ ဩကာရန္တနှင့်ပြီးသော ပုလ္လိင်သည် " အကာရန္တ ပကတိရှိသော ဩကာရန္တ ပုလ္လိင် " မည်၏။ ပြယုဂ်ကား "ပုရိသော"တည်း။ (၂) * တည်သောအခါ အကာရန္တနှင့်တည်၍ ပြီးသောအခါ အာကာရန္တနှင့် ပြီးသော ပုလ္လိင်သည် "အကာရန္တ ပကတိရှိသော အာကာရန္တ ပုလ္လိင်" မည်၏ ပြယုဂ်ကား "ရာဇာ" တည်း။ (၃) * တည်သောအခါ အာကာရန္တနှင့်တည်၍ ပြီးသောအခါ အာကာရန္တနှင့်ပြီးသော ပုလ္လိင်သည် "အာကာရန္တ ပကတိရှိသော အာကာရန္တ ပုလ္လိင်" မည်၏။ ပြယုဂ်ကား "သာ, ရာ" တည်း။ [သာ၊ခွေး။ ရာ၊ဥစ္စာ။] (၄) * တည်သောအခါ ဣကာရန္တနှင့်တည်၍ ပြီးသောအခါ ဣကာရန္တနှင့်ပြီးသော ပုလ္လိင်သည် "ဣကာရန္တ ပကတိရှိသော ဣကာရန္တ ပုလ္လိင်" မည်၏။ ပြယုဂ်ကား "အဂ္ဂိ" တည်း။

(၅) * တည်သောအခါ ဤကာရန္တနှင့်တည်၍ ပြီးသောအခါ ဤကာရန္တနှင့်ပြီးသော

http://www.dhammadownload.com



ပုလ္လိင်သည် " ဤကာရန္တ ပကတိရှိသော ဤကာရန္တ ပုလ္လိင် " မည်၏။ ပြယုဂ်ကား "ဒဏ္ဍီ"တည်း။ (၆) * တည်သောအခါ ဥကာရန္တနှင့်တည်၍ ပြီးသောအခါ ဥကာရန္တနှင့် ပြီးသော ပုလ္လိင်သည် "ဥကာရန္တ ပကတိရှိသော ဥကာရန္တ ပုလ္လိင်" မည်၏။ ပြယုဂ်ကား "ဘိက္ခု"တည်း။ (၇) * တည်သောအခါ ဥကာရန္တနှင့်တည်၍ ပြီးသောအခါ အာကာရန္တ နှင့် ပြီးသော ပုလ္လိင်သည် " ဥကာရန္တ ပကတိရှိသော အာကာရန္တ ပုလ္လိင် " မည်၏။ ပြယုဂ်ကား "ပိတာ" တည်း။ (၈) * တည်သောအခါ ဦကာရန္တနှင့်တည်၍ ပြီးသော အခါ ဦကာရန္တနှင့်ပြီးသော ပုလ္လိင်သည် " ဦကာရန္တ ပကတိရှိသော ဦကာရန္တ ပုလ္လိင်" မည်၏။ ပြယုဂ်ကား "သဗ္ဗညူ" တည်း။ (၉) * တည်သောအခါ ဩကာရန္တနှင့်တည်၍ ပြီးသောအခါ ဩကာရန္တနှင့် ပြီးသော ပုလ္လိင်သည် " ဩကာရန္တ ပကတိရှိသော ဩကာရန္တ ပုလ္လိင် " မည်၏။ ပြယုဂ်ကား "ဂေါ" တည်း။

➤ **နပုလ္လိင် အန္တ (၇) ပါး** ။ ။ နပုလ္လိင်သည်လည်း (၁) အကာရန္တ ပကတိရှိသော နိဂ္ဂဟိတန္တ နပုလ္လိင်၊ (၂) ဣကာရန္တ ပကတိရှိသော ဣကာရန္တ နပုလ္လိင်၊ (၃) ဤကာရန္တ ပကတိရှိသော ဤကာရန္တ နပုလ္လိင်၊ (၄) ဥကာရန္တ ပကတိရှိသော ဥကာရန္တ နပုလ္လိင်၊ (၅) ဦကာရန္တ ပကတိရှိသော ဥကာရန္တ နပုလ္လိင်၊ (၆) ဩကာရန္တ ပကတိရှိသော ဩကာရန္တ နပုလ္လိင်၊ (၇) ဩကာရန္တ ပကတိရှိသော ဥကာရန္တ နပုလ္လိင် အားဖြင့် ခုနစ်ပါး အပြားရှိ၏။ ထို ခုနစ်ပါးတို့တွင်--

(၁) * တည်သောအခါ အကာရန္တနှင့်တည်၍ ပြီးသောအခါ နိဂ္ဂဟိတန္တနှင့်ပြီးသော နပုလ္လိင်သည် "အကာရန္တ ပကတိရှိသော နိဂ္ဂဟိတန္တ နပုလ္လိင်" မည်၏။ ပြယုဂ်ကား "စိတ္တံ" တည်း။ (၂) * တည်သောအခါ ဣကာရန္တနှင့်တည်၍ ပြီးသောအခါ ဣကာရန္တ နှင့် ပြီးသော နပုလ္လိင်သည် "ဣကာရန္တ ပကတိရှိသော ဣကာရန္တ နပုလ္လိင်" မည်၏။ ပြယုဂ်ကား "အဋ္ဌိ"တည်း။ (၃) * တည်သောအခါ ဤကာရန္တနှင့်တည်၍ ပြီးသောအခါ ဣကာရန္တနှင့်ပြီးသော နပုလ္လိင်သည် " ဤကာရန္တ ပကတိရှိသော ဣကာရန္တ နပုလ္လိင်" မည်၏။ ပြယုဂ်ကား "ဓါနံ သုစကာရိ" တည်း။ (၄) * တည်သောအခါ ဥကာရန္တနှင့် တည်၍ ပြီးသောအခါ ဥကာရန္တနှင့်ပြီးသော နပုလ္လိင်သည် " ဥကာရန္တ ပကတိရှိသော ဥကာရန္တ နပုလ္လိင်" မည်၏။ ပြယုဂ်ကား "စက္ခု"တည်း။

(၅) * တည်သောအခါ ဦကာရန္တနှင့်တည်၍ ပြီးသောအခါ ဥကာရန္တနှင့်ပြီးသော နပုလ္လိင်သည် "ဦကာရန္တ ပကတိရှိသော ဥကာရန္တ နပုလ္လိင်" မည်၏။ ပြယုဂ်ကား "ဂေါ တြဘု" တည်း။ (၆) * တည်သော အခါ ဩကာရန္တနှင့်တည်၍ ပြီးသောအခါ ဩကာရန္တနှင့်ပြီးသော နပုလ္လိင်သည် "ဩကာရန္တ ပကတိရှိသော ဩကာရန္တ နပုလ္လိင်"မည်၏။ ပြယုဂ်ကား "ဂေါ" တည်း။ (၇) * တည်သောအခါ ဩကာရန္တနှင့်တည်၍ ပြီးသောအခါ ဥကာရန္တနှင့်ပြီးသော နပုလ္လိင်သည် " ဩကာရန္တ ပကတိရှိသော ဥကာရန္တ နပုလ္လိင် "

http://www.dhammadownload.com



မည်၏။ ပြယုဂ်ကား "ဒိဂု" တည်း။

➤ ဒွိလိင် ၃-ပါး ။ ။ ဒွိလိင်သည်လည်း ဣတ္ထိလိင် ပုလ္လိင်, ဣတ္ထိလိင် နပုလ္လိင်, ပုလ္လိင် နပုလ္လိင် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင်--

(၁) ယာ, သာ-ဟူသော သဗ္ဗနာမ်ပုဒ်နှင့်ရင်း၊ ယော, သော-ဟူသော သဗ္ဗနာမ်ပုဒ်နှင့်ရင်း၊ တုလျာဓိကရဏဖြစ်ကောင်းသော ဒွိလိင်သည် " ဣတ္ထိလိင် ပုလ္လိင်" မည်၏။ ပြယုဂ်ကား "ဩဇာ, ဩဇော"တည်း။ (၂) * ယာ, သာ-ဟူသော သဗ္ဗနာမ်ပုဒ်နှင့်ရင်း၊ ယံ, တံ-ဟူသော သဗ္ဗနာမ်ပုဒ်နှင့်ရင်း၊ တုလျာဓိကရဏဖြစ်ကောင်းသော ဒွိလိင်သည် "ဣတ္ထိလိင် နပုလ္လိင်" မည်၏။ ပြယုဂ်ကား "မာလာ, မာလံ" တည်း။

(၃) * ယော, သော ဟူသော သဗ္ဗနာမ်ပုဒ်နှင့်ရင်း၊ ယံ, တံ-ဟူသော သဗ္ဗနာမ်ပုဒ်နှင့်ရင်း၊ တုလျာဓိကရဏ ဖြစ်ကောင်းသော ဒွိလိင်သည် " ပုလ္လိင် နပုလ္လိင် ".မည်၏။ ပြယုဂ်ကား "စီဝရော, စီဝရံ" တည်း။

➤ တိလိင် ၂-ပါး ။ ။ တိလိင်သည်လည်း သဘာဝတိလိင်, ဝါစ္စတိလိင် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် --

(၁) သဘောအားဖြင့် သုံးလိင်ဆံကောင်းသော တိလိင်သည် **သဘာဝတိလိင်** မည်၏။ ပြယုဂ်ကား "ပညာ, ပဉ္ဉော, ပဉ္ဉံ" တည်း။ (၂) * ဝိသေသျပုဒ်သို့လိုက်၍ သုံးလိင်ဆံကောင်းသော တိလိင်သည် **ဝါစ္စတိလိင်** မည်၏။ ပြယုဂ်ကား "**ဒီဃာ ရတ္တိ, ဒီဃော သံသာရော, ဒီဃံ ယောဇနံ**" တည်း။

➤ ဂိုဏ်း ၃-ပါး ။ ။ ထိုဆိုအပ်ပြီးသော လိင်တို့၏ အထူးကို ဂိုဏ်းအားဖြင့် သိအပ်၏။ထိုဂိုဏ်းသည်လည်း မနောဂိုဏ်း, မနောဂဏာဒိဂိုဏ်း, အမနောဂိုဏ်း အားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင် --

➤ **မနောဂိုဏ်းလက္ခဏာ ၃-ပါး** ။ ။ နာဝိဘတ်နှောင်းရာ၌ သာ, သဝိဘတ်နှောင်းရာ၌ သော, သ္မိံဝိဘတ်နှောင်းရာ၌ သိ အဆုံးရှိခြင်း၊ သမာသ် တဒ္ဓိတ်တို့၏ အလယ်၌ ဩ အက္ခရာ အဆုံးရှိခြင်း၊ ကြိယာ၏ ကံ၌ ဩ အက္ခရာ အဆုံးရှိခြင်း၊ ဤ လက္ခဏာ သုံးပါးနှင့်ယှဉ်သော ဂိုဏ်းသည် မနောဂိုဏ်း မည်၏။ ထိုမနောဂိုဏ်းသည် လိင်အားဖြင့် ပုလ္လိင်သာတည်း။ ပြယုဂ်ကား " **မနသာ, မနသော, မနသိ, မနောဓာတု, မနောဥတ္တာ**" တည်း။

➤ **မနောဂဏာဒိဂိုဏ်း လက္ခဏာ ၂-ပါး** ။ ။ နာဝိဘတ်နှောင်းရာ၌ သာ, သဝိဘတ်နှောင်းရာ၌ သော, သ္မိံဝိဘတ်နှောင်းရာ၌ သိ အဆုံးရှိခြင်း၊ ဤ လက္ခဏာတစ်ပါးနှင့်သာ ယှဉ်သော ဂိုဏ်းသည်ရင်း၊ သမာသ် တဒ္ဓိတ်တို့၏အလယ်၌ ဩ အက္ခရာ အဆုံးရှိခြင်း၊ ဤ လက္ခဏာတစ်ပါးနှင့်သာ ယှဉ်သော ဂိုဏ်းသည်ရင်း "မနောဂဏာဒိဂိုဏ်း" မည်၏။ ထို မနောဂဏာဒိဂိုဏ်းသည် လိင်အားဖြင့် ပုလ္လိင်သာတည်း။ ပြယုဂ်ကား " ဗိလသာ,

http://www.dhammadownload.com



ဗိလသော, ဗိလသိ, အာပေါဓာတု, အာပေါမယ်" တည်း။

➤ **အမနောဂိုဏ်း ၁၁-ပါး** ။ ။ [ဤဆိုအပ်ခဲ့ပြီးသော လက္ခဏာသုံးပါးနှင့် မယှဉ်သော ဂိုဏ်းသည် အမနောဂိုဏ်း မည်၏။ ထို အမနောဂိုဏ်းသည်လည်း] ပုရိသာဒိဂိုဏ်း, ဂုဏဝါဒိဂိုဏ်း, ပုမာဒိဂိုဏ်း, ဂစ္ဆန္တာဒိဂိုဏ်း, ရာဇာဒိဂိုဏ်း, သတ္ထာဒိဂိုဏ်း, စိတ္တာဒိဂိုဏ်း, ရတ္တာဒိဂိုဏ်း, ကညာဒိဂိုဏ်း, နဒါဒိဂိုဏ်း, ဂဟပတာဒိဂိုဏ်း, အားဖြင့် ၁၁-ပါး အပြားရှိ၏။ ထို တစ်ဆယ့်တစ်ပါးတို့တွင်--

➤ **ပုရိသာဒိဂိုဏ်း** ။ ။ "သော"ဟူသောသုတ်ဖြင့် သိဝိဘတ်ကို ဩပြု၍ ပြီးကောင်းသော ဂိုဏ်းသည် ပုရိသာဒိဂိုဏ်း မည်၏။ ထိုပုရိသာဒိဂိုဏ်းသည် လိင်အားဖြင့် ပုလ္လိင်သာတည်း။ ပြယုဂ်ကား "ပုရိသော" တည်း။

➤ **ဂုဏဝါဒိဂိုဏ်း** ။ ။ "အာသိမှိ"ဟူသောသုတ်ဖြင့် သိဝိဘတ်နှင့်တကွ အာပြု၍ရင်း၊ "အံ နပုံသကေ"ဟူသောသုတ်ဖြင့် သိဝိဘတ်နှင့်တကွ အံပြု၍ရင်း၊ ပြီးကောင်းသော ဂိုဏ်းသည် "ဂုဏဝါဒိဂိုဏ်း" မည်၏။ ထိုဂုဏဝါဒိဂိုဏ်းသည် လိင်အားဖြင့် အချို့ကား ပုလ္လိင်၌ဖြစ်၏၊ ပြယုဂ်ကား "ဂုဏဝါ"တည်း၊ အချို့ကား နပုလ္လိင်၌ဖြစ်၏။ပြယုဂ်ကား "ဂုဏဝံ"တည်း။ ➤ **ပုမာဒိဂိုဏ်း** ။ ။ "ပုမန္တဿာ သိမှိ"ဟူသောသုတ်ဖြင့် သိဝိဘတ်နှင့်တကွ အာပြု၍ ပြီးကောင်းသော ဂိုဏ်းသည် "ပုမာဒိဂိုဏ်း"မည်၏။ ထိုပုမာဒိဂိုဏ်းသည် လိင်အားဖြင့် ပုလ္လိင်သာတည်း။ ပြယုဂ်ကား "ပုမာ"တည်း။

➤ **ဂစ္ဆန္တာဒိဂိုဏ်း** ။ ။ "သိမှိ ဂစ္ဆန္တာဒီနံ န္တသဒ္ဒေါ အံ"ဟူသော သုတ်ဖြင့် သိဝိဘတ်နှောင်းရာ၌ အံပြု၍ ပြီးကောင်းသော ဂိုဏ်းသည် ဂစ္ဆန္တာဒိဂိုဏ်း မည်၏။ထိုဂစ္ဆန္တာဒိဂိုဏ်းသည် လိင်အားဖြင့် အချို့ကား ပုလ္လိင်၌ဖြစ်၏။ ပြယုဂ်ကား "ဂစ္ဆံ ပုရိသော" တည်း။ အချို့ကား နပုလ္လိင်၌ဖြစ်၏။ ပြယုဂ်ကား "ဂစ္ဆံ စိတ္တံ" တည်း။

➤ **ရာဇာဒိဂိုဏ်း** ။ ။ "သျာစ"ဟူသောသုတ်ဖြင့် သိဝိဘတ်ကို အာပြု၍ ပြီးကောင်းသော ဂိုဏ်းသည် ရာဇာဒိဂိုဏ်း မည်၏။ထိုရာဇာဒိဂိုဏ်းသည် လိင်အားဖြင့် ပုလ္လိင်သာတည်း။ ပြယုဂ်ကား "ရာဇာ"တည်း။ ➤ **သတ္ထာဒိဂိုဏ်း** ။ ။ "သတ္ထုပိတာဒီနမာ သိသ္မိံ သိလောပေါစ"ဟူသောသုတ်ဖြင့် သိဝိဘတ်နှောင်းရာ၌ ဥကို အာပြု၍ သိဝိဘတ်ကို ချေ၍ ပြီးကောင်းသောဂိုဏ်းသည် သတ္ထာဒိဂိုဏ်း မည်၏။ ထိုသတ္ထာဒိဂိုဏ်းသည် လိင်အားဖြင့် အချို့ကား ပုလ္လိင်၌ဖြစ်၏။ ပြယုဂ်ကား "သတ္ထာ"တည်း။ အချို့ကား ဣတ္ထိလိင်၌ ဖြစ်၏။ ပြယုဂ်ကား "မာတာ"တည်း။

➤ **စိတ္တာဒိဂိုဏ်း** ။ ။ "သိ"ဟူသောသုတ်ဖြင့် သိဝိဘတ်ကို အံပြု၍ ပြီးကောင်းသော ဂိုဏ်းသည် စိတ္တာဒိဂိုဏ်း မည်၏။ ထိုစိတ္တာဒိဂိုဏ်းသည် လိင်အားဖြင့် နပုလ္လိင်သာတည်း။ ပြယုဂ်ကား "စိတ္တံ"တည်း။

➤ **ရတ္တာဒိဂိုဏ်း** ။ ။ "သေသတော လောပံ ဂသိပိ"ဟူသောသုတ်ဖြင့် သိဝိဘတ်

http://www.dhammadownload.com



ကို ချေ၍ ပြီးကောင်းသော ဂိုဏ်းသည် ရတ္တာဒိဂိုဏ်း မည်၏။ ထိုရတ္တာဒိဂိုဏ်းသည် လိင်အားဖြင့် အချို့ကား ဣတ္ထိလိင်၌ဖြစ်၏။ ပြယုဂ်ကား "ရတ္တိ"တည်း။ အချို့ကား ပုလ္လိင်၌ဖြစ်၏။ ပြယုဂ်ကား "အဂ္ဂိ"တည်း။ အချို့ကား နပုံလိင်၌ဖြစ်၏။ပြယုဂ်ကား "အဋ္ဌိ"တည်း။ ➤ **ကညာဒိဂိုဏ်း** ॥ ॥ "ဣတ္ထိယမတော အာ ပစ္စယော"ဟူသောသုတ်ဖြင့် အာပစ္စည်းသက်၍ ပြီးကောင်းသော ဂိုဏ်းသည် ကညာဒိဂိုဏ်း မည်၏။ ထိုကညာဒိ ဂိုဏ်းသည် လိင်အားဖြင့် ဣတ္ထိလိင်သာတည်း။ ပြယုဂ်ကား "ကညာ"တည်း။

➤ **နဒါဒိဂိုဏ်း** ॥ ॥ "နဒါဒိတော ဝါ ဤ" ဟူသောသုတ်ဖြင့်၎င်း၊ "ဏဝ ဏိက ဏေယျ ဏန္တုဟိ"ဟူသောသုတ်ဖြင့်၎င်း ဤပစ္စည်းသက်၍ ပြီးကောင်းသော ဂိုဏ်းသည် နဒါဒိဂိုဏ်း မည်၏။ ထိုနဒါဒိဂိုဏ်းသည် လိင်အားဖြင့် ဣတ္ထိလိင်သာတည်း။ ပြယုဂ်ကား "နဒီ"တည်း။ ➤ **ဂဟပတာဒိဂိုဏ်း** ॥ ပတိ ဘိက္ခု ရာဇီကာရန္တေဟိ ဣနီ ဟူသောသုတ်ဖြင့် ဣနီပစ္စည်းသက်၍ ပြီးကောင်းသော ဂိုဏ်းသည် ဂဟပတာဒိဂိုဏ်း မည်၏။ ထိုဂဟပတာဒိ ဂိုဏ်းသည် လိင်အားဖြင့် ဣတ္ထိလိင်သာတည်း။ ပြယုဂ်ကား "ဂဟပတာနီ" တည်း။

➤ **ဥပသာရပုဒ် ၃-ပါး** ॥ ॥ ဥပသာရပုဒ်သည်လည်း ဆိုအပ်ပြီးသော သာမည လက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား ဓာတွတ္ထ ဝိသေ သက ဥပသာရ၊ ဓာတွတ္ထဗာဓက ဥပသာရ၊ ဓာတွတ္ထာနုဝတ္တက ဥပသာရအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်-- ✱ **ဓာတွတ္ထဝိသေသက** ॥ ॥ ဓာတ်၏အနက်ကို အထူးပြု တတ်သော ဥပသာရသည် ဓာတွတ္ထဝိသေသက ဥပသာရမည်၏။ ပြယုဂ်ကား "ဥဂ္ဂစ္ဆတိ" တည်း။ ဤ ဥဂ္ဂစ္ဆတိ-၌ ဥ-ဟူသော ဥပသာရသည် သွားခြင်းတည်းဟူသော ဂမုဓာတ်၏ အနက်ကို အထူးပြုတတ်သောကြောင့် ဓာတွတ္ထဝိသေသက ဥပသာရ မည်၏။

➤ **ဓာတွတ္ထဗာဓက ဥပသာရ** ॥ ॥ ဓာတ်၏အနက်ကို မြစ်တတ်သော ဥပသာရ သည် ဓာတွတ္ထဗာဓက ဥပသာရ မည်၏။ ပြယုဂ်ကား "ပရာဇေတိ"တည်း။ ဤ ပရာဇေတိ ၌ ပရာ-ဟူသော ဥပသာရသည် အောင်ခြင်းတည်းဟူသော ဇိဓာတ်၏အနက်ကို မြစ် တတ်သောကြောင့် "ဓာတွတ္ထဗာဓက ဥပသာရ" မည်၏။

➤ **ဓာတွတ္ထာနုဝတ္တက ဥပသာရ** ॥ ॥ ဓာတ်၏အနက်သို့ အစဉ်လိုက်တတ်သော ဥပသာရသည် ဓာတွတ္ထာနုဝတ္တက ဥပသာရ မည်၏။ ပြယုဂ်ကား "ပတိဋ္ဌာတိ" အစရှိ သည်တည်း။ ဤ ပတိဋ္ဌာတိ-၌ ပတိ-ဟူသော ဥပသာရသည် တည်ခြင်းတည်းဟူသော ဌာဓာတ်၏အနက်သို့ အစဉ်လိုက်တတ်သောကြောင့် "ဓာတွတ္ထာနုဝတ္တက ဥပသာရ" မည်၏။

➤ **ဥပသာရပုဒ် ၂-ပါး** ॥ ॥ [တစ်နည်းကား အကို့သ ဥပသာရ၊ အနုကူလ ဥပသာရ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--]

➤ **အကို့သ ဥပသာရ** ॥ ॥ ဓာတွတ္ထဝိသေသက ဥပသာရ၊ ဓာတွတ္ထဗာဓက ဥပသာရ

http://www.dhammadownload.com



တို့သည် ဓာတ်၏အနက်ကို မြစ်သောကြောင့် "အကုသ ဥပသာရ" မည်၏။

➤ **အနုကူလ ဥပသာရ** ။ ။ ဓာတွတ္ထာနုဝတ္တက ဥပသာရသည် ဓာတ်၏အနက်အား လျော်သောကြောင့် "အနုကူလ ဥပသာရ" မည်၏။

➤ **နိပါတ်ပုဒ် ၂-ပါး** ။ ။ [နိပါတ်ပုဒ်သည်လည်း "ပဒါနံ အာဒိမဇ္ဈာဝသာနေသု နိပတန္တီတိ နိပါတာ"ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်တို့၏ အစ, အလယ်, အဆုံး၌ ကျတတ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား ဝိဘတ္တိယုတ္တ နိပါတ်ပုဒ်, ဝိဘတ္တိ အယုတ္တ နိပါတ်ပုဒ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-] ➤ **ဝိဘတ္တိယုတ္တနိပါတ်ပုဒ်** ။ ။ ပုဒ်နောင် ဝိဘတ်သက်ကောင်းသော နိပါတ်ပုဒ်သည် ဝိဘတ္တိယုတ္တ နိပါတ်ပုဒ် မည်၏။ ပြယုဂ်ကား "အတ္ထိ" တည်း။ဤ "အတ္ထိ" ဟူသော နိပါတ်ပုဒ်သည် ပုဒ်နောင် ဝိဘတ်သက်ကောင်းသောကြောင့် ဝိဘတ္တိယုတ္တနိပါတ်ပုဒ် မည်၏။ ➤ **ဝိဘတ္တိအယုတ္တနိပါတ်ပုဒ်** ။ ။ ပုဒ်နောင် ဝိဘတ် မသက်ကောင်းသော နိပါတ်ပုဒ်သည် ဝိဘတ္တိအယုတ္တ နိပါတ်ပုဒ် မည်၏။ ပြယုဂ်ကား "**သစေ**"တည်း။ ဤ 'သစေ'ဟူသော နိပါတ်ပုဒ်သည် ပုဒ်နောင် ဝိဘတ် မသက်ကောင်းသောကြောင့် ဝိဘတ္တိ အယုတ္တ နိပါတ်ပုဒ် မည်၏။

**နာမ်ပုဒ်စစ် ပြီး၏။**

## ၃-ကာရက ပုဒ်စစ်

➤ **ကာရက** ။ ။ လေးပါးသော ပုဒ်တို့တွင် နာမ်ပုဒ်သည် သညာအားဖြင့် ကာရက, အကာရက ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် "ကတ္တုကမ္မဒွယံ ကြိယံ ကရောတိ အဘိနိပ္ဖာဒေတီတိ ကာရကော"ဟူသော ဝစနတ္ထနှင့်အညီ ကတ္တား, ကံ၌တည်သော ကြိယာကို ပြီးစေတတ်သော ကြိယာနိပ္ဖာဒနသတ္တိသည် "ကာရက" မည်၏။ ပြယုဂ်ကား "ပုရိသော မဂ္ဂံ ဂစ္ဆတိ ပုရိသော ဩဒနံ ပစတိ" အစရှိသည်တည်း။ဤပြယုဂ်၌ ယောက်ျား ဖြစ်တည်းဟူသော ကတ္တား၌တည်သော သွားခြင်းကြိယာ, ထမင်းဖြစ်တည်းဟူသော ကံ၌တည်သော ကျက်ခြင်းကြိယာကို ပြီးစေတတ်သော ယောက်ျားဖြစ်၏ ကြိယာနိပ္ဖာဒန သတ္တိသည် မုချအားဖြင့် ကာရက မည်၏။ ယောက်ျားဖြစ်သည်လည်း သတ္တိ၏ တည်ရာဖြစ်၍ ဌာနျူပစာရတ္တအားဖြင့် ကာရက မည်၏။ ယောက်ျားဖြစ်တည်းဟူသော အနက်ကိုဟောသော ပုရိသ-သဒ္ဒါသည်လည်း ဖြစ်အနက်ကို အကြောင်းပြု၍ ကာရကူပစာရတ္တအားဖြင့် ကာရက မည်၏။

➤ **သဗ္ဗကြိယာဗျာပီ,စသော ကာရက ၂-ပါး** ။ ။ [ထိုကာရကသည်လည်း "ကတ္တုကမ္မဒွယံ ကြိယံ ကရောတိ အဘိနိပ္ဖာဒေတီတိ ကာရကော" ဟူသော ဝစနတ္ထနှင့်အညီ ကတ္တား ကံ၌တည်သော ကြိယာကိုပြီးစေတတ်သော သာမညလက္ခဏာအားဖြင့် တပါး

http://www.dhammadownload.com



သာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား 'သဗ္ဗကြိယာဗျာပီကာရက, ဝိသေသကြိယာဗျာပီကာရက' အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--]

* ကတ္တုကာရကသည် အလုံးစုံသော ကြိယာ၌ နှံ့တတ်သောကြောင့် " သဗ္ဗကြိယာဗျာပီကာရက " မည်၏။ * ကံ, အစရှိသော ငါးပါးသော ကာရကတို့သည် ထူးသော ကြိယာ၌ နှံ့တတ်သောကြောင့် " ဝိသေသကြိယာ ဗျာပီကာရက " မည်၏။

➤ **ကတ္တု,စသော ကာရက ၆-ပါး** ။ ။ တစ်နည်းကား ကတ္တုကာရက, ကမ္မကာရက, ကရဏကာရက, သမ္ပဒါနကာရက, အပါဒါနကာရက, ဩကာသကာရက,အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ကတ္တုကာရက** ။ ။ "သည်"ဟူ၍ရင်း၊ "ကား"ဟူ၍ရင်း၊ ပေးအပ်သော ကြိယာနိပ္ဖာဒနသတ္တိသည် " ကရောတိ ကြိယံ အဘိနိပ္ဖာဒေတီတိ ကတ္တာ"ဟူသော ဝစနတ္ထကြောင့် ကတ္တုကာရက မည်၏။ ပြယုဂ်ကား "ပုရိသော မဂ္ဂံ ဂစ္ဆတိ"တည်း။ ဤ ပြယုဂ်၌ သွားခြင်းကြိယာကို ပြီးစေတတ်သော ယောကျ်ားဒြဗ်၏ ကြိယာနိပ္ဖာဒနသတ္တိသည် ကတ္တုကာရက မည်၏။ ➤ **ကမ္မကာရက** ။ ။ "ကို"ဟူ၍ရင်း၊ "သို့"ဟူ၍ရင်း ပေးအပ်သော ကြိယာပါပုဏနသတ္တိသည် "ကရိယတိ ကြိယာယ ပါပုဏီယတီတိ ကမ္မံ"ဟူသော ဝစနတ္ထကြောင့် ကမ္မကာရက မည်၏။ ပြယုဂ်ကား "ပုရိသော ဩဒနံ ပစတိ" တည်း။ ဤပြယုဂ်၌ ချက်ခြင်းကြိယာဖြင့် ရောက်အပ်သော ထမင်းဒြဗ်၏ ကြိယာပါပုဏန သတ္တိသည် "ကမ္မကာရက" မည်၏။

➤ **ကရဏကာရက** ။ ။ "ဖြင့်"ဟူ၍ ပေးအပ်သော ကြိယာသာဓကတမသတ္တိသည် "ကရီယတေ အနေနာတိ ကရဏံ"ဟူသော ဝစနတ္ထကြောင့် ကရဏကာရက မည်၏။ ပြယုဂ်ကား "ဒတ္တေန ဗီဟိံ လုနာတိ"တည်း။ ဤပြယုဂ်၌ ရိတ်ခြင်းကြိယာကို အထူးသဖြင့် ပြီးစေတတ်သော တံစဉ်ဒြဗ်၏ ကြိယာသာဓကတမသတ္တိသည် ကရဏကာရက မည်၏

➤ **သမ္ပဒါနကာရက** ။ ။ "အား"ဟူ၍ရင်း၊ "ငှာ"ဟူ၍ရင်း ပေးအပ်သော ဝတ္ထုပဋိဂ္ဂါဟက သတ္တိသည် "သမ္မာ ပဒီယတေ ယဿာတိ သမ္ပဒါနံ"ဟူသော ဝစနတ္ထကြောင့် သမ္ပဒါနကာရက မည်၏။ ပြယုဂ်ကား "ဘိက္ခုဿ စီဝရံ ဒဒါတိ" တည်း။ ဤပြယုဂ်၌ သင်္ကန်းတည်းဟူသော ဝတ္ထုကို ခံတတ်သော ရဟန်းဒြဗ်၏ ဝတ္ထုပဋိဂ္ဂါဟက သတ္တိသည် သမ္ပဒါနကာရ မည်၏။ ➤ **အပါဒါနကာရက** ။ ။ "မှ"ဟူ၍ရင်း "အောက်"ဟူ၍ရင်း "ထက်"ဟူ၍ရင်း ပေးအပ်သော ကြိယာအပဂမန သတ္တိသည် "ဣတော အပနေတွာ အာဒဒါတီတိ အပါဒါနံ"ဟူသော ဝစနတ္ထကြောင့် အပါဒါနကာရက မည်၏။ ပြယုဂ်ကား "ဂါမာ အပေန္တိ မုနယော"တည်း။ ဤပြယုဂ်၌ ဖဲခြင်းကြိယာဖြင့် ရဟန်းဒြဗ်မှ ကင်းသော ရွာဒြဗ်၏ ကြိယာအပဂမန သတ္တိသည် "အပါဒါနကာရက" မည်၏။

➤ **ဩကာသကာရက** ။ ။ "၌"ဟူ၍ ပေးအပ်သော ကြိယာပတိဋ္ဌာပန သတ္တိသည်

http://www.dhammadownload.com



"အဝကသတ္တိ ပတိဋ္ဌဟတ္တိ ကတ္တုကမ္မာနိ ဓတ္တာတိ ဩကာသော"ဟူသော ဝစနတ္ထကြောင့် ဩကာသကာရက မည်၏။ ပြယုဂ်ကား "ဘူမိသု မနုဿာ စရန္တိ" တည်း။ ဤပြယုဂ်၌ သွားခြင်းကြိယာ၏ တည်ရာဖြစ်သော မြေဖြစ်၏ " ကြိယာပတိဋ္ဌာပန သတ္တိ " သည် "ဩကာသ ကာရက" မည်၏။

➤ **မုချ, ဥပစာ ကာရက ၂-ပါး** ။ ။ [ ထိုခြောက်ပါးတို့တွင် ] ကတ္တုကာရကသည် စင်စစ် ကြိယာကို ပြီးစေတတ်သည်ဖြစ်၍ မုချအားဖြင့် ကာရက မည်၏။ ကမ္မ, အစရှိသော ငါးပါးသော ကာရကတို့သည် ကြိယာပြီးခြင်း၏ အကြောင်းဖြစ်၍ ဖလူပစာရအားဖြင့် ကာရက မည်၏။

➤ **ဝုတ္တ, အဝုတ္တကတ္တား ၂-ပါး** ။ ။ ထိုခြောက်ပါးတို့တွင် ကတ္တုကာရကသည် ဝုတ္တကတ္တား, အဝုတ္တကတ္တား အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ဝုတ္တကတ္တား** ။ ။ သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်တို့သည် ဟောအပ်သည် ဖြစ်၍ ပဌမာဝိဘတ်နှင့်ယှဉ်သော ကတ္တားသည် ဝုတ္တကတ္တား မည်၏။ ပြယုဂ်ကား "**ပုရိသော မဂ္ဂံ ဂစ္ဆတိ**"တည်း။ ဤပြယုဂ်၌ 'ပုရိသော'ဟူသော ကတ္တားသည် ဂစ္ဆတိ-၌ 'တိ'ဟူသော အာချာတ်ဝိဘတ်သည် ဟောအပ်သည်ဖြစ်၍ ပဌမာဝိဘတ်နှင့် ယှဉ်သောကြောင့် "ဝုတ္တကတ္တား" မည်၏။

➤ **အဝုတ္တကတ္တား** ။ ။ သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်တို့သည် မဟောအပ်သည်ဖြစ်၍ တတိယာဝိဘတ်နှင့်ယှဉ်သော ကတ္တားသည် အဝုတ္တကတ္တား မည်၏။ ပြယုဂ်ကား "**ပုရိသေန ဩဒနော ပစ္စတေ**"တည်း။ ဤပြယုဂ်၌ 'ပုရိသေန'ဟူသော ကတ္တားသည် ပစ္စတေ-၌ 'တေ'ဟူသော အာချာတ်ဝိဘတ်သည် မဟောအပ်သည်ဖြစ်၍ တတိယာဝိဘတ်နှင့် ယှဉ်သောကြောင့် "အဝုတ္တကတ္တား" မည်၏။

➤ **သယံကတ္တား,စသော ကတ္တား ၃-ပါး** ။ ။ တစ်နည်းကား သယံကတ္တား, ဟေတုကတ္တား, ကမ္မကတ္တား အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **သယံကတ္တား** ။ ။ မိမိကိုယ်တိုင် ကြိယာကို ပြီးစေတတ်သော ကတ္တားသည် သယံကတ္တားမည်၏။ပြယုဂ်ကား "**ပုရိသော ဩဒနံ ပစတိ**"တည်း။ဤပြယုဂ်၌ 'ပုရိသော' ဟူသော ကတ္တားသည် မိမိကိုယ်တိုင် ချက်ခြင်းကြိယာကို ပြီးစေတတ်သောကြောင့် "သယံကတ္တား" မည်၏။ ➤ **ဟေတုကတ္တား** ။ ။ သူတစ်ပါးတို့အား တိုက်တွန်းတတ်သော ကတ္တားသည် ဟေတုကတ္တား မည်၏။ ပြယုဂ်ကား "**သာမိကော ပုရိသံ ဩဒနံ ပါစာပေတိ**" တည်း။ ဤပြယုဂ်၌ 'သာမိကော'ဟူသော ကတ္တားသည် 'ပုရိသံ'ဟူသော သူတစ်ပါးအား တိုက်တွန်းတတ်သောကြောင့် " ဟေတုကတ္တား " မည်၏။

➤ **ကမ္မကတ္တား** ။ ။ ကံဖြစ်လျှက် ပျက်လွယ်သည်ကို စွဲ၍ ကတ္တားဖြစ်သော ကတ္တားသည် ကမ္မကတ္တား မည်၏။ ပြယုဂ်ကား "**ကုသူလော ဘိဇ္ဇတေ သယံ**"တည်း။ ဤပြယုဂ်

http://www.dhammadownload.com



၌ 'ကုသူလော'ဟူသော ကတ္တားသည် သယ်-သဒ္ဒါနှင့် မယှဉ်သောအခါ "ကုသူလော၊ ကျီကို။ဘိဋ္ဌတော၊ဖျက်အပ်၏။" ဤသို့ ကံဖြစ်လျက် သယ်-သဒ္ဒါနှင့် ယှဉ်သောအခါ "ကုသူလော၊ကျီသည်။သယ်၊အလိုလို။ဘိဋ္ဌတော၊ပြို၏။" ဤသို့ ပျက်လွယ်သည်ကို စွဲ၍ ကတ္တားဖြစ်သောကြောင့် " ကမ္မကတ္တား " မည်၏။

➤ **သပ္ပဓာန,စသော ကတ္တား ၂-ပါး** ။ ။ တစ်နည်းကား သပ္ပဓာနကတ္တား, ပယောဇက ကတ္တားအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သယံကတ္တားသည် သပ္ပဓာနကတ္တား မည်၏။ ဟေတုကတ္တားသည် ပယောဇကကတ္တား မည်၏။

➤ **ပယောဇက,စသော ကတ္တား ၃-ပါး** ။ ။ ထိုတွင် ပယောဇကကတ္တားသည်လည်း ပေသကကတ္တား, အဇ္ဈေသကကတ္တား, အနုကူလကတ္တားအားဖြင့် ၃ပါးအပြားရှိ၏။ထိုတွင်

➤ **ပေသကကတ္တား** ။ ။ ရိုသေခြင်းကို မပြုမူ၍ တိုက်တွန်းတတ်သော ကတ္တားသည် ပေသကကတ္တား မည်၏။ ပြယုဂ်ကား "သာမိကော ပုရိသံ ဩဒနံ ပါစာပေတိ" တည်း။ ဤပြယုဂ်၌ 'သာမိကော'ဟူသော ကတ္တားသည် ရိုသေခြင်းကို မပြုမူ၍ တိုက်တွန်းတတ်သောကြောင့် "ပေသကကတ္တား" မည်၏။

➤ **အဇ္ဈေသကကတ္တား** ။ ။ ရိုသေခြင်းကိုပြု၍ တိုက်တွန်းတတ်သော ကတ္တားသည် အဇ္ဈေသကကတ္တား မည်၏။ ပြယုဂ်ကား "ဘိက္ခု ဗုဒ္ဓံ ဓမ္မံ ဒေသာပေတိ"တည်း။ ဤပြယုဂ်၌ 'ဘိက္ခု'ဟူသော ကတ္တားသည် ရိုသေခြင်းကိုပြု၍ တိုက်တွန်းတတ်သောကြောင့် "အဇ္ဈေသကကတ္တား" မည်၏။

➤ **အနုကူလကတ္တား** ။ ။ မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ဖြစ်သော ကတ္တားသည် အနုကူလကတ္တား မည်၏။ ပြယုဂ်ကား "ဘိက္ခာ ဘိက္ခုံ ဝါသာပေတိ"တည်း။ ဤပြယုဂ်၌ 'ဘိက္ခာ'ဟူသော ကတ္တားသည် မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ ဖြစ်သောကြောင့် "အနုကူလကတ္တား မည်၏။

➤ **တစ်နည်း ကတ္တား ၂-ပါး** ။ ။ တစ်နည်းကား ပယောဇကကတ္တား, ပယောဇ္ဇကကတ္တား အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-

တိုက်တွန်းတတ်သော ကတ္တားသည် ပယောဇကကတ္တား မည်၏။ တိုက်တွန်းအပ်သော ကတ္တားသည် ပယောဇ္ဇကကတ္တား မည်၏။ ပြယုဂ်ကား "သာမိကော ပုရိသေန ဩဒနံ ပါစာပေတိ"တည်း။ ဤပြယုဂ်၌ 'သာမိကော'ဟူသော ကတ္တားသည် တိုက်တွန်းတတ်သောကြောင့် "ပယောဇကကတ္တား" မည်၏။ 'ပုရိသေန'ဟူသော ကတ္တားသည် တိုက်တွန်းအပ်သောကြောင့် "ပယောဇ္ဇကကတ္တား" မည်၏။

➤ **ဝုတ္တ, အဝုတ္တ ကံ ၂-ပါး** ။ ။ ကမ္မကာရကသည်လည်း ဝုတ္တကံ, အဝုတ္တကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ဝုတ္တကံ** ။ ။ သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်တို့သည် ဟောအပ်သည်ဖြစ်

http://www.dhammadownload.com



၍ ပထမာဝိဘတ်နှင့်ယှဉ်သော ကံသည် ဝုတ္တကံ မည်၏။ ပြယုဂ်ကား " ပုရိသေန ဩဒနော ပစ္စတေ"တည်း။ ဤပြယုဂ်၌ 'ဩဒနော'ဟူသော ကံသည် ပစ္စတေ-၌ 'တေ'ဟု ဆိုအပ်သော အာချာတ်ဝိဘတ်သည် ဟောအပ်သည်ဖြစ်၍ ပထမာဝိဘတ်နှင့်ယှဉ် သောကြောင့် "ဝုတ္တကံ" မည်၏။

➤ **အဝုတ္တကံ** ။ ။ သမာသ်, တဒ္ဓိတ်, အာချာတ်, ကိတ်တို့သည် မဟောအပ်သည် ဖြစ်၍ ဒုတိယာဝိဘတ်နှင့် ယှဉ်သောကံသည် အဝုတ္တကံ မည်၏။ ပြယုဂ်ကား "ပုရိသော ဩဒနံ ပစတိ"တည်း။ ဤပြယုဂ်၌ 'ဩဒနံ'ဟူသော ကံသည် ပစတိ-၌ 'တိ'ဟုဆိုအပ် သော အာချာတ်ဝိဘတ်သည် မဟောအပ်သည်ဖြစ်၍ ဒုတိယာဝိဘတ်နှင့် ယှဉ်သော ကြောင့် "အဝုတ္တကံ" မည်၏။

➤ **အဘိဟိတ,စသော ကံ ၂-ပါး** ။ ။ တစ်နည်းကား အဘိဟိတကံ, အနဘိဟိတ ကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဝုတ္တကံသည် အဘိဟိတကံ မည်၏။ အဝုတ္တကံ သည် အနဘိဟိတကံ မည်၏။

➤ **ပဓာန,စသော ကံ ၂-ပါး** ။ ။ [တစ်နည်းကား ပဓာနကံ, အပ္ပဓာနကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်] ကြိယာဖြင့် အလိုရှိအပ်သော ကံသည် "ပဓာနကံ" မည်၏။ ကြိယာဖြင့် အလို မရှိအပ်သော ကံသည် "အပ္ပဓာနကံ" မည်၏။ ပြယုဂ်ကား "အဇပါလော အဇံ ဂါမံ နေတိ၊ ဂေါပါလော ဂါဝိံ ခီရံ ဒုဟတိ"တည်း။ ဤပြယုဂ်၌ 'အဇံ'ဟူသော ကံသည် ဆောင်ခြင်းကြိယာဖြင့် အလိုရှိအပ်သောကြောင့် "ပဓာနကံ" မည်၏။ 'ဂါမံ' ဟူသော ကံသည် ဆောင်ခြင်းကြိယာဖြင့် အလို မရှိအပ်သောကြောင့် "အပ္ပဓာနကံ" မည်၏။ (နောက်၌လည်း ညှစ်ခြင်းကြိယာဖြင့် အလိုရှိအပ်, အလိုမရှိအပ်ဟု ဆိုပါလေ)

➤ **ကထိတကံ, အကထိတကံ** ။ ။ တစ်နည်းကား ကထိတကံ, အကထိတကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ပဓာနကံသည် ကထိတကံ မည်၏။ အပ္ပဓာနကံ သည် အကထိတကံ မည်၏။

➤ **ကာရိုက်ကံနှင့် ဓာတ်ကံ** ။ ။ [တစ်နည်းကား ကာရိုက်ကံ, ဓာတ်ကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ထိုတွင်] ကာရိုက်ပစ္စည်း၏ ကံသည် "ကာရိုက်ကံ" မည်၏။ ဓာတ်၏ ကံသည် "ဓာတ်ကံ" မည်၏။ ပြယုဂ်ကား "သာမိကော ပုရိသံ ဩဒနံ ပစာပေတိ"တည်း ဤပြယုဂ်၌ 'ပုရိသံ'ဟူသော ကံသည် ပစာပေတိ-၌ ကာရိုက် ဏာပေ ပစ္စည်း၏ ကံဖြစ် သောကြောင့် "ကာရိုက်ကံ" မည်၏။ 'ဩဒနံ'ဟူသော ကံသည် ပစာပေတိ-၌ ပစဓာတ်၏ ကံဖြစ်သောကြောင့် "ဓာတ်ကံ" မည်၏။

➤ **ပကတိကံနှင့် ဝိကတိကံ** ။ ။ [တစ်နည်းကား ပကတိကံ, ဝိကတိကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်] ကြိယာဖြင့် အထူးပြုရာဖြစ်သော ကံသည် "ပကတိကံ" မည်၏။ ကြိယာဖြင့် အထူးပြုအပ်သော ကံသည် "ဝိကတိကံ" မည်၏။ ပြယုဂ်ကား

http://www.dhammadownload.com



"သုဝဏ္ဏံ ကဋကံ ကရောတိ"တည်း။ ဤပြယုဂ်၌ 'သုဝဏ္ဏံ'ဟူသော ကံသည် လုပ်ခြင်း ကြိယာဖြင့် အထူးပြုရာဖြစ်သောကြောင့် "ပကတိကံ" မည်၏။ 'ကဋကံ'ဟူသော ကံသည် လုပ်ခြင်းကြိယာဖြင့် အထူးပြုအပ်သောကြောင့် "ဝိကတိကံ" မည်၏။

➤ **ဣစ္ဆိတ,စသော ကံ ၃-ပါး** ။ ။ တစ်နည်းကား ဣစ္ဆိတကံ, အနိစ္ဆိတကံ, နေဝိစ္ဆိတ နာနိစ္ဆိတကံ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **ဣစ္ဆိတကံ** ။ ။ အလိုရှိအပ်သော ကံသည် ဣစ္ဆိတကံ မည်၏။ ပြယုဂ်ကား "ဘတ္တံ ဘုဉ္ဇတိ"တည်း။ ဤပြယုဂ်၌ 'ဘတ္တံ'ဟူသော ကံသည် အလိုရှိအပ်သောကြောင့် "ဣစ္ဆိတကံ" မည်၏။ ➤ **အနိစ္ဆိတကံ** ။ ။ အလိုမရှိအပ်သော ကံသည် အနိစ္ဆိတကံ မည်၏။ ပြယုဂ်ကား "ဝိသံ ဂိလတိ"တည်း။ ဤပြယုဂ်၌ 'ဝိသံ'ဟူသော ကံသည် အလို မရှိအပ်သောကြောင့် "အနိစ္ဆိတကံ" မည်၏။ ➤ **နေဝိစ္ဆိတ နာနိစ္ဆိတကံ** ။ ။ အလိုရှိအပ်သည်လည်း မဟုတ်, အလို မရှိအပ်သည်လည်း မဟုတ်သော ကံသည် နေဝိစ္ဆိတ နာနိစ္ဆိတကံ မည်၏။ ပြယုဂ်ကား "ဂါမံ ဂစ္ဆတိ ရုက္ခမူလံ ဥပဂါမိ"တည်း။ ဤပြယုဂ်၌ 'ရုက္ခမူလံ'ဟူသော ကံသည် အလိုရှိအပ်သည်လည်း မဟုတ်, အလို မရှိအပ်သည်လည်း မဟုတ်သောကြောင့် "နေဝိစ္ဆိတ နာနိစ္ဆိတကံ" မည်၏။

➤ **နိပ္ဖတ္တိ,စသော ကံ ၃-ပါး** ။ ။ တစ်နည်းကား နိပ္ဖတ္တိကံ, ဝိကတိကံ, ပတ္တိကံ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **နိပ္ဖတ္တိကံ** ။ ။ ကြိယာဖြင့် ပြီးစေအပ်သော ကံသည် နိပ္ဖတ္တိကံ မည်၏။ ပြယုဂ်ကား "မာတာပုတ္တံ ဝိဇာယိ"တည်း။ ဤပြယုဂ်၌ 'ပုတ္တံ'ဟူသော ကံသည် ဖွားခြင်းကြိယာဖြင့် ပြီးစေအပ်သောကြောင့် "နိပ္ဖတ္တိကံ" မည်၏။

➤ **ဝိကတိကံ** ။ ။ ကြိယာဖြင့် အထူးပြုအပ်သော ကံသည် ဝိကတိကံ မည်၏။ ပြယုဂ်ကား "သုဝဏ္ဏံ ကဋကံ ကရောတိ"တည်း။ ဤပြယုဂ်၌ 'ကဋကံ'ဟူသော ကံသည် လုပ်ခြင်းကြိယာဖြင့် အထူးပြုအပ်သောကြောင့် " ဝိကတိကံ " မည်၏။

➤ **ပတ္တိကံ** ။ ။ ကြိယာဖြင့် ရောက်အပ်သော ကံသည် ပတ္တိကံ မည်၏။ ပြယုဂ်ကား "ဗုဒ္ဓံ ဝန္ဒတိ"တည်း။ ဤပြယုဂ်၌ 'ဗုဒ္ဓံ'ဟူသော ကံသည် ရှိခိုးခြင်းကြိယာဖြင့် ရောက်အပ်သောကြောင့် "ပတ္တိကံ" မည်၏။

➤ **နိပ္ဖတ္တိကံ ၂-ပါး** ။ ။ ထိုသုံးပါးတို့တွင် နိပ္ဖတ္တိကံသည်လည်း သန္တဇနန နိပ္ဖတ္တိကံ အသန္တဇနန နိပ္ဖတ္တိကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **သန္တဇနန နိပ္ဖတ္တိကံ** ။ ။ ထင်ရှားရှိသည်ဖြစ်၍ ပြီးစေအပ်သော ကံသည် "သန္တဇနန နိပ္ဖတ္တိကံ" မည်၏။ ပြယုဂ်ကား "မာတာပုတ္တံ ဝိဇာယိ"တည်း။ ဤပြယုဂ်၌ 'ပုတ္တံ' ဟူသော ကံသည် ထင်ရှားရှိသည်ဖြစ်၍ ပြီးစေအပ်သောကြောင့် "သန္တဇနန နိပ္ဖတ္တိကံ" မည်၏။ ➤ **အသန္တဇနန နိပ္ဖတ္တိကံ** ။ ။ ထင်ရှား မရှိသည်ဖြစ်၍ ပြီးစေအပ်သော ကံ

http://www.dhammadownload.com



သည် အသန္တလေနန နိပ္ဖတ္တိကံ မည်၏။ ပြယုဂ်ကား "ပုညံ သုခံ ဖနေတိ"တည်း။ ဤပြယုဂ်၌ ' သုခံ ' ဟူသော ကံသည် ထင်ရှား မရှိသည်ဖြစ်၍ ပြီးစေအပ်သောကြောင့် "အသန္တလေနန နိပ္ဖတ္တိကံ" မည်၏။

➢ **တစ်နည်း နိပ္ဖတ္တိကံ ၂-ပါး** ။ ။ တစ်နည်းကား ဝိဇ္ဇမာန ပကတိ နိပ္ဖတ္တိကံ, အဝိဇ္ဇမာန ပကတိ နိပ္ဖတ္တိကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် သန္တလေနန နိပ္ဖတ္တိကံသည် ဝိဇ္ဇမာန ပကတိ နိပ္ဖတ္တိကံ မည်၏။ အသန္တလေနန နိပ္ဖတ္တိကံသည် အဝိဇ္ဇမာန ပကတိ နိပ္ဖတ္တိကံ မည်၏။

➢ **ဝိကတိကံ ၂-ပါး** ။ ဝိကတိကံသည်လည်း ပရိစ္စတ္တ ဝိကတိကံ, အပရိစ္စတ္တ ဝိကတိကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➢ **ပရိစ္စတ္တ ဝိကတိကံ** ။ ။ ရှေ့သဘောကို စွန့်သည်ဖြစ်၍ အထူးပြုအပ်သော ကံသည် ပရိစ္စတ္တ ဝိကတိကံ မည်၏။ ပြယုဂ်ကား "ကဋ္ဌံ အင်္ဂါရံ ကရောတိ"တည်း။ ဤပြယုဂ်၌ 'အင်္ဂါရံ'ဟူသော ကံသည် ရှေ့သဘောကို စွန့်သည်ဖြစ်၍ လုပ်ခြင်းကြိယာဖြင့် အထူးပြုအပ်သောကြောင့် "ပရိစ္စတ္တ ဝိကတိကံ" မည်၏။

➢ **အပရိစ္စတ္တ ဝိကတိကံ** ။ ။ ရှေ့သဘောကို မစွန့်မူ၍ အထူးပြုအပ်သော ကံသည် အပရိစ္စတ္တ ဝိကတိကံ မည်၏။ ပြယုဂ်ကား "သုဝဏ္ဏံ ကဋကံ ကရောတိ" တည်း။ ဤပြယုဂ်၌ 'ကဋကံ'ဟူသော ကံသည် ရှေ့သဘောကို မစွန့်မူ၍ လုပ်ခြင်းကြိယာဖြင့် အထူးပြုအပ်သောကြောင့် "အပရိစ္စတ္တ ဝိကတိကံ" မည်၏။

➢ **တစ်နည်း ဝိကတိကံ ၂-ပါး** ။ ။ တစ်နည်းကား ပကတိဥစ္ဆေဒ ဝိကတိကံ, ဂုဏန္တရုပ္ပတ္တိ ဝိကတိကံအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-- ပရိစ္စတ္တ ဝိကတိကံသည် ပကတိဥစ္ဆေဒ ဝိကတိကံ မည်၏။ အပရိစ္စတ္တ ဝိကတိကံသည် ဂုဏန္တရုပ္ပတ္တိ ဝိကတိကံ မည်၏။

➢ **ပတ္တိကံ ၂-ပါး** ။ ။ ပတ္တိကံသည်လည်း ကာယသမ္ပတ္တိကံ, စိတ္တသမ္ပတ္တိကံ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➢ **ကာယသမ္ပတ္တိကံ** ။ ။ ကာယဒွါရဖြင့်ရောက်အပ်သော ကံသည် ကာယသမ္ပတ္တိကံ မည်၏။ ပြယုဂ်ကား "ဗုဒ္ဓံ ဝန္ဒတိ"တည်း။ ဤပြယုဂ်၌ 'ဗုဒ္ဓံ'ဟူသော ကံသည် ကာယဒွါရဖြင့် ရောက်အပ်သောကြောင့် "ကာယသမ္ပတ္တိကံ" မည်၏။

➢ **စိတ္တသမ္ပတ္တိကံ** ။ ။ ဝစီဒွါရ, မနောဒွါရဖြင့် ရောက်အပ်သော ကံသည် စိတ္တသမ္ပတ္တိကံ မည်၏။ ပြယုဂ်ကား "အာဒိစ္စံ နမဿတိ"တည်း။ ဤပြယုဂ်၌ 'အာဒိစ္စံ'ဟူသော ကံသည် ဝစီဒွါရ, မနောဒွါရတို့ဖြင့် ရောက်အပ်သောကြောင့် စိတ္တသမ္ပတ္တိကံမည်၏

➢ **ကံရိုက်း ၂-ပါး** ။ ။ ကရဏကာရကသည်လည်း ဗာဟိရကရိုဏ်း, အဇ္ဈတ္တိကကရိုဏ်း အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➢ **ဗာဟိရကရိုဏ်း** ။ ။ ကိုယ်မှ အပဖြစ်သော ကရိုဏ်းသည် ဗာဟိရကရိုဏ်း

http://www.dhammadownload.com



မည်၏။ ပြယုဂ်ကား "ဒဏ္ဍေန ဝီဟိံ လုနာတိ"တည်း။ ဤပြယုဂ်၌ 'ဒဏ္ဍေန'ဟူသော ကရိုဏ်းသည် ကိုယ်မှ အပဖြစ်သောကြောင့် "ဗာဟိရကရိုဏ်း" မည်၏။

➤ **အဇ္ဈတ္တိကကရိုဏ်း** ။ ။ ကိုယ်၏ အတွင်းဖြစ်သော ကရိုဏ်းသည် အဇ္ဈတ္တိက ကရိုဏ်း မည်၏။ ပြယုဂ်ကား "စက္ခုနာ ရူပံ ပဿတိ"တည်း။ ဤပြယုဂ်၌ 'စက္ခုနာ'ဟူ သော ကရိုဏ်းသည် ကိုယ်၏အတွင်းဖြစ်သောကြောင့် "အဇ္ဈတ္တိကကရိုဏ်း" မည်၏။

➤ **တစ်နည်း ကရိုဏ်း ၂-ပါး** ။ ။ တစ်နည်းကား ဗာဟျကရိုဏ်း, အဗ္ဘန္တရကရိုဏ်း အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် ဗာဟိရကရိုဏ်းသည် ဗာဟျကရိုဏ်း မည်၏။ အဇ္ဈတ္တိက ကရိုဏ်းသည် အဗ္ဘန္တရ ကရိုဏ်း မည်၏။

➤ **သမ္ပဒါန် ၂-ပါး** ။ ။ သမ္ပဒါနကာရကသည်လည်း ဝတ္ထုပဋိဂ္ဂဟကသမ္ပဒါန်, ကြိယာပဋိဂ္ဂဟကသမ္ပဒါန် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ဝတ္ထုပဋိဂ္ဂဟကသမ္ပဒါန်** ။ ။ သကမ္မကဓာတ်၏ သမ္ပဒါန်ဖြစ်၍ ဝတ္ထုကို ခံတတ် သော သမ္ပဒါန်သည် ဝတ္ထုပဋိဂ္ဂဟက သမ္ပဒါန် မည်၏။ ပြယုဂ်ကား "ဘိက္ခုဿ စီဝရံ ဒေတိ"တည်း။ ဤပြယုဂ်၌ 'ဘိက္ခုဿ'ဟူသော သမ္ပဒါန်သည် 'ဒေတိ'ဟူသော သကမ္မက ဓာတ်၏ သမ္ပဒါန်ဖြစ်၍ သင်္ကန်းတည်းဟူသော ဝတ္ထုကို ခံတတ်သောကြောင့် " ဝတ္ထု ပဋိဂ္ဂဟကသမ္ပဒါန်" မည်၏။

➤ **ကြိယာပဋိဂ္ဂဟက သမ္ပဒါန်** ။ ။ အကမ္မကဓာတ်၏ သမ္ပဒါန်ဖြစ်၍ ကြိယာကို ခံတတ်သော သမ္ပဒါန်သည် ကြိယာပဋိဂ္ဂဟက သမ္ပဒါန်မည်၏။ပြယုဂ်ကား "သမဏဿ ရောစတေ သစ္စံ"တည်း။ ဤပြယုဂ်၌ 'သမဏဿ'ဟူသော သမ္ပဒါန်သည် 'ရောစတေ' ဟူသော အကမ္မကဓာတ်၏ သမ္ပဒါန်ဖြစ်၍ တင့်တယ်ခြင်းကြိယာကို ခံတတ်သော ကြောင့် " ကြိယာ ပဋိဂ္ဂဟက သမ္ပဒါန် " မည်၏။

➤ **တစ်နည်း သမ္ပဒါန် ၂-ပါး** ။ ။ တစ်နည်းကား ကာယပုဗ္ဗကသမ္ပဒါန်, စိတ္တပုဗ္ဗက သမ္ပဒါန် အားဖြင် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ကာယပုဗ္ဗကသမ္ပဒါန်** ။ ။ ကာယဒွါရ ပြဋ္ဌာန်းခြင်းရှိသည်ဖြစ်၍ ခံတတ်သော သမ္ပဒါန်သည် ကာယပုဗ္ဗက သမ္ပဒါန် မည်၏။ ပြယုဂ်ကား " ဘိက္ခုဿ စီဝရံ ဒေတိ" တည်း။ ဤပြယုဂ်၌ 'ဘိက္ခုဿ'ဟူသော သမ္ပဒါန်သည် ကာယဒွါရပြဋ္ဌာန်းခြင်းရှိသည် ဖြစ်၍ ခံတတ်သောကြောင့် " ကာယပုဗ္ဗက သမ္ပဒါန် " မည်၏။

➤ **စိတ္တပုဗ္ဗက သမ္ပဒါန်** ။ ။ ဝစီဒွါရ, မနောဒွါရ ပြဋ္ဌာန်းခြင်းရှိသည်ဖြစ်၍ ခံတတ် သော သမ္ပဒါန်သည် စိတ္တပုဗ္ဗကသမ္ပဒါန် မည်၏။ ပြယုဂ်ကား "ဗလိံ နာရာယဏဿ ဒေတိ" တည်း။ ဤပြယုဂ်၌ 'နာရာယဏဿ'ဟူသော သမ္ပဒါန်သည် ဝစီဒွါရ, မနော ဒွါရ ပြဋ္ဌာန်းခြင်းရှိသည်ဖြစ်၍ ခံတတ်သောကြောင့် "စိတ္တပုဗ္ဗကသမ္ပဒါန်" မည်၏။

➤ **သမ္ပဒါန် ၃-ပါး** ။ ။ တစ်နည်းကား အနိရာ ကရဏ သမ္ပဒါန်, အာရာဓန

http://www.dhammadownload.com



သမ္ပဒါန်, အဇ္ဈတ္တနုညသမ္ပဒါန် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **အနိရာ ကရဏ သမ္ပဒါန်** ။ ။ မမြစ်တတ်သော သမ္ပဒါန်သည် အနိရာကရဏ သမ္ပဒါန် မည်၏။ ပြယုဂ်ကား "ရညော ဗလိ ဒေတိ"တည်း။ ဤပြယုဂ်၌ 'ရညော'ဟူသော သမ္ပဒါန်သည် မမြစ်တတ်သောကြောင့် "အနိရာကရဏသမ္ပဒါန်" မည်၏။

➤ **အာရာဓန သမ္ပဒါန်** ။ ။ တောင်းသည်ဖြစ်၍ နှစ်သက်တတ်သော သမ္ပဒါန်သည် အာရာဓန သမ္ပဒါန် မည်၏။ ပြယုဂ်ကား " ယာစကဿ အန္နံ ဒေတိ" တည်း။ ဤပြယုဂ်၌ 'ယာစကဿ'ဟူသော သမ္ပဒါန်သည် တောင်းသည်ဖြစ်၍ နှစ်သက်တတ်သောကြောင့် "အာရာဓန သမ္ပဒါန်" မည်၏။

➤ **အဇ္ဈတ္တနုည သမ္ပဒါန်** ။ ။ မတောင်းသည်ဖြစ်၍ နှစ်သက်တတ်သော သမ္ပဒါန်သည် အဇ္ဈတ္တနုည သမ္ပဒါန် မည်၏။ ပြယုဂ်ကား " ဘိက္ခုဿ စီဝရံ ဒေတိ" တည်း။ ဤပြယုဂ်၌ 'ဘိက္ခုဿ'ဟူသော သမ္ပဒါန်သည် မတောင်းသည်ဖြစ်၍ နှစ်သက်တတ်သောကြောင့် "အဇ္ဈတ္တနုည သမ္ပဒါန်" မည်၏။

➤ **တစ်နည်း သမ္ပဒါန် ၃-ပါး** ။ ။ တစ်နည်းကား ကမ္မာဘိပ္ပေတသမ္ပဒါန်, ကြိယာဘိပ္ပေတ သမ္ပဒါန်, ကာရကန္တရပ္ပတ္တ သမ္ပဒါန် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **ကမ္မာဘိပ္ပေတ သမ္ပဒါန်** ။ ။ ကံ၏အဖြစ်ဖြင့် အလိုရှိအပ်သော သမ္ပဒါန်သည် ကမ္မာဘိပ္ပေတ သမ္ပဒါန် မည်၏။ ပြယုဂ်ကား "ဘိက္ခူနံ ဒာတဒေါ်ဝ"တည်း။ ဤပြယုဂ်၌ 'ဘိက္ခူနံ'ဟူသော သမ္ပဒါန်သည် "ဘိက္ခုနံ၊ရဟန်းတို့ကို။ဒေါ် ဝစနံ၊ဤစကားကို။အဝေါစ၊ မိန့်တော်မူ၏။" ဤသို့ ကံ၏အဖြစ်ဖြင့် အလိုရှိအပ်သောကြောင့် "ကမ္မာဘိပ္ပေတသမ္ပဒါန်" မည်၏။ ➤ **ကြိယာဘိပ္ပေတ သမ္ပဒါန်** ။ ။ ကြိယာ၏အဖြစ်ဖြင့် အလိုရှိအပ်သော သမ္ပဒါန်သည် ကြိယာဘိပ္ပေတ သမ္ပဒါန် မည်၏။ ပြယုဂ်ကား "ယုဒ္ဓါယ ဂစ္ဆတိ"တည်း။ ဤပြယုဂ်၌ 'ယုဒ္ဓါယ'ဟူသော သမ္ပဒါန်သည် "ယုဒ္ဓါယ-ယုဇ္ဈိတုံ၊စစ်ထိုးခြင်းငှာ။ဂစ္ဆတိ၊သွား၏။" ဤသို့ ကြိယာ၏အဖြစ်ဖြင့် အလိုရှိအပ်သောကြောင့် "ကြိယာဘိပ္ပေတ သမ္ပဒါန်" မည်၏။

➤ **ကာရကန္တရပ္ပတ္တသမ္ပဒါန်** ။ ။ ကံ၏အဖြစ်ဖြင့်လည်း အလိုမရှိအပ်, ကြိယာ၏အဖြစ်ဖြင့်လည်း အလိုမရှိအပ်, သမ္ပဒါန်တည်းဟူသော ကာရက အထူးသို့ရောက်သော သမ္ပဒါန်သည် ကာရကန္တရပ္ပတ္တသမ္ပဒါန် မည်၏။ ပြယုဂ်ကား "သမဏဿ ရောစတေ သစ္စံ"တည်း။ ဤပြယုဂ်၌ 'သမဏဿ'ဟူသော သမ္ပဒါန်သည် ကံ၏အဖြစ်ဖြင့်လည်း အလိုမရှိအပ်၊ ကြိယာ၏အဖြစ်ဖြင့်လည်း အလိုမရှိအပ်၊ သမ္ပဒါန်တည်းဟူသော ကာရက အထူးသို့ ရောက်သောကြောင့် "ကာရကန္တရပ္ပတ္တ သမ္ပဒါန်" မည်၏။

➤ **အပါဒါန် ၂-ပါး** ။ ။ အပါဒါနကာရကသည်လည်း ကာယပုဗ္ဗက အပါဒါန်, စိတ္တပုဗ္ဗက အပါဒါန် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ကာယပုဗ္ဗက အပါဒါန်** ။ ။ ကာယဝိါရ ပြဋ္ဌာန်းခြင်းရှိသည်ဖြစ်၍ ဖဲရာဖြစ်

http://www.dhammadownload.com



သော အပါဒါန်သည် ကာယပုဗ္ဗက အပါဒါန် မည်၏။ ပြယုဂ်ကား " ဂါမာ အပေန္တိ မုနယော"တည်း။ ဤပြယုဂ်၌ 'ဂါမာ'ဟူသော အပါဒါန်သည် ကာယဒွါရ ပြဋ္ဌာန်းခြင်း ရှိသည်ဖြစ်၍ ဖဲရာဖြစ်သောကြောင့် "ကာယပုဗ္ဗက အပါဒါန်" မည်၏။

➤ **စိတ္တပုဗ္ဗက အပါဒါန်** ။ ။ ဝစီဒွါရ, မနောဒွါရ ပြဋ္ဌာန်းခြင်းရှိသည်ဖြစ်၍ ဖဲရာဖြစ်သော အပါဒါန်သည် စိတ္တပုဗ္ဗက အပါဒါန် မည်၏။ ပြယုဂ်ကား "အာစရိယုပဇ္ဈာယေဟိ သိက္ခံ ဂဏှာတိ သီသော"တည်း။ ဤပြယုဂ်၌ 'အာစရိယုပဇ္ဈာယေဟိ'ဟူသော အပါဒါန်သည် ဝစီဒွါရ, မနောဒွါရ ပြဋ္ဌာန်းခြင်းရှိသည်ဖြစ်၍ ဖဲရာဖြစ်သောကြောင့် "စိတ္တပုဗ္ဗက အပါဒါန်" မည်၏။

➤ **တစ်နည်း အပါဒါန် ၂-ပါး** ။ ။ တစ်နည်းကား စလ အပါဒါန်, အစလ အပါဒါန် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **စလ အပါဒါန်** ။ ။ လှုပ်ရှားတတ်သော အပါဒါန်သည် စလ အပါဒါန်မည်၏ ပြယုဂ်ကား "ဟတ္ထိက္ခန္ဓတော ပြတုယှ" တည်း။ ဤပြယုဂ်၌ 'ဟတ္ထိက္ခန္ဓတော'ဟူသော အပါဒါန်သည် လှုပ်ရှားတတ်သောကြောင့် "စလ အပါဒါန်" မည်၏။

➤ **အစလ အပါဒါန်** ။ ။ မလှုပ်ရှားတတ်သော အပါဒါန်သည် အစလအပါဒါန် မည်၏။ ပြယုဂ်ကား " ဂါမာ အပေန္တိ မုနယော" တည်း။ ဤပြယုဂ်၌ 'ဂါမာ'ဟူသော အပါဒါန်သည် မလှုပ်ရှားတတ်သောကြောင့် "အစလ အပါဒါန်" မည်၏။

➤ **အပါဒါန် ၃-ပါး** ။ ။ တစ်နည်းကား နိဒ္ဒိဋ္ဌဝိသယ အပါဒါန်, ဥပ္ပတ္တိဝိသယ အပါဒါန်, အနုမေယျ ဝိသယ အပါဒါန် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **နိဒ္ဒိဋ္ဌဝိသယ အပါဒါန်** ။ ။ တိုက်ရိုက်ကြိယာရှိသော အပါဒါန်သည် နိဒ္ဒိဋ္ဌ ဝိသယ အပါဒါန် မည်၏။ ပြယုဂ်ကား "ဂါမာ အပေန္တိ မုနယော"တည်း။ ဤပြယုဂ်၌ 'ဂါမာ'ဟူသော အပါဒါန်သည် 'အပေန္တိ'ဟု တိုက်ရိုက် ကြိယာရှိသောကြောင့် " နိဒ္ဒိဋ္ဌ ဝိသယ အပါဒါန်" မည်၏။ ➤ **ဥပ္ပတ္တိဝိသယ အပါဒါန်** ။ ။ ထုတ်ဆောင်အပ်သော ကြိယာရှိသော အပါဒါန်သည် ဥပ္ပတ္တိ ဝိသယ အပါဒါန် မည်၏။ ပြယုဂ်ကား " ကုသူလာ တဏ္ဍုလံ ပစေ"တည်း။ ဤပြယုဂ်၌ 'ကုသူလာ'ဟူသော အပါဒါန်သည် "ကုသူလာ၊ကျီမှ။နီဟရိတွာ၊ ထုတ်၍။တဏ္ဍုလံ၊ဆန်ကို။ပစေ၊ချက်၏။" ဤသို့ 'နီဟရိတွာ'ဟု ထုတ်ဆောင်အပ်သော ကြိယာရှိသောကြောင့် "ဥပ္ပတ္တိဝိသယ အပါဒါန်" မည်၏။

➤ **အနုမေယျဝိသယ အပါဒါန်** ။ ။ ဆ၍ သိအပ်သော ကြိယာရှိသော အပါဒါန် သည် အနုမေယျ ဝိသယ အပါဒါန်မည်၏။ ပြယုဂ်ကား "မာထုရာ ပါဋလိပုတ္တေဟိ အဘိရူပတရာ"တည်း။ ဤပြယုဂ်၌ 'ပါဋလိပုတ္တေဟိ'ဟူသော အပါဒါန်သည် မာထုရာ ပြည်သူတို့သည် ပါဋလိပုတ်ပြည်သူတို့ထက် အာဟာရ အစရှိသော ဂုဏ်တို့ဖြင့် လွန်ကုန် ၏ဟု ဆ၍သိအပ်သော ကြိယာရှိသောကြောင့် "အနုမေယျဝိသယ အပါဒါန်"မည်၏။

http://www.dhammadownload.com



➤ **တစ်နည်း အပါဒါန် ၃-ပါး** ။ ။ တစ်နည်းကား သဒ္ဒအပါဒါန်, အတ္ထ အပါဒါန်, သဒ္ဒတ္ထ အပါဒါန် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **သဒ္ဒ အပါဒါန်** ။ ။ ပဉ္စမီဝိဘတ်သာ သက်၍ အနက် အပါဒါန် မဖြစ်သော အပါဒါန်သည် သဒ္ဒ အပါဒါန်မည်၏။ ပြယုဂ်ကား " အပသာလာယ အာယန္တိ" တည်း။ ဤပြယုဂ်၌ 'သာလာယ'ဟူသော အပါဒါန်သည် " သာလာယ=သာလ်၊ဇရပ်ကို။အပ ဝဇ္ဇေတွာ၊ကြဉ်၍။အာယန္တိ၊လာကြကုန်၏။" ဤသို့ ပဉ္စမီဝိဘတ်သာ သက်၍ အနက် အပါဒါန် မဖြစ်သောကြောင့် "သဒ္ဒ အပါဒါန်" မည်၏။

➤ **အတ္ထ အပါဒါန်** ။ ။ အနက်သာ အပါဒါန်ဖြစ်၍ ပဉ္စမီဝိဘတ် မသက်ရသော အပါဒါန်သည် အတ္ထ အပါဒါန်မည်၏။ ပြယုဂ်ကား " ရဟိတာ မာတုဇံ"တည်း။ ဤပြယုဂ်၌ 'မာတုဇံ'ဟူသော အပါဒါန်သည် "မာတုဇံ၊သားမှ။ရဟိတာ၊ကင်း၍။" ဤသို့ အနက်သာ အပါဒါန်ဖြစ်၍ ပဉ္စမီဝိဘတ် မသက်ရသောကြောင့် အတ္ထ အပါဒါန်မည်၏

➤ **သဒ္ဒတ္ထ အပါဒါန်** ။ ။ ပဉ္စမီဝိဘတ်လည်းသက်, အနက်လည်း အပါဒါန်ဖြစ်သော အပါဒါန်သည် သဒ္ဒတ္ထ အပါဒါန် မည်၏။ ပြယုဂ်ကား "ဂါမာ အပေန္တိ မုနယော" တည်း။ ဤပြယုဂ်၌ 'ဂါမာ'ဟူသော အပါဒါန်သည် ပဉ္စမီဝိဘတ်လည်းသက်၊ "ဂါမာ၊ ရွာမှ။မုနယော၊ရဟန်းတို့သည်။အပေန္တိ၊ဖဲသွားကုန်၏။" ဤသို့ အနက်လည်း အပါဒါန် ဖြစ်သောကြောင့် "သဒ္ဒတ္ထ အပါဒါန်" မည်၏။

➤ **အာဓာရ ၄-ပါး** ။ ။ ဩကာသကာရကသည်လည်း ဗျာပိကာဓာရ, ဩပသိလေသိကာဓာရ, ဝေသယိကာဓာရ, သာမီပိကာဓာရ အားဖြင့် ၄-ပါးအပြားရှိ၏။

➤ **ဗျာပိကာဓာရ** ။ ။ အာဓေယျ၏ နှံ့၍တည်ရာဖြစ်သော အာဓာရသည် ဗျာပိကာဓာရ မည်၏။ ပြယုဂ်ကား " တိလေသု တေလံ တိဋ္ဌတိ"တည်း။ ဤပြယုဂ်၌ 'တိလေသု'ဟူသော အာဓာရသည် 'တေလံ'ဟူသော အာဓေယျ၏ နှံ့၍ တည်ရာဖြစ်သောကြောင့် "ဗျာပိကာဓာရ" မည်၏။

➤ **ဩသိလေသိကာဓာရ** ။ ။ အာဓေယျ၏ ကပ်၍တည်ရာဖြစ်သော အာဓာရသည် ဩပသိလေသိကာဓာရ မည်၏။ ပြယုဂ်ကား " ပရိယင်္ကေ ရာဇာ သေတိ"တည်း။ ဤပြယုဂ်၌ 'ပရိယင်္ကေ'ဟူသော အာဓာရသည် 'ရာဇာ'ဟူသော အာဓေယျ၏ ကပ်၍ တည်ရာဖြစ်သောကြောင့် "ဩပသိလေသိကာဓာရ" မည်၏။

➤ **ဝေသယိကာဓာရ** ။ ။ အရာမျှဖြစ်၍ တည်ရာဖြစ်သော အာဓာရသည် ဝေသယိကာဓာရ မည်၏။ ပြယုဂ်ကား " အာကာသေ သကုဏာ ပက္ခန္တိ " တည်း။ ဤပြယုဂ်၌ 'အာကာသေ'ဟူသော အာဓာရသည် အရာမျှဖြစ်၍ တည်ရာဖြစ်သောကြောင့် "ဝေသယိကာဓာရ" မည်၏။ ➤ **သာမီပိကာဓာရ** ။ ။ အနီးဖြစ်၍ တည်ရာဖြစ်သော အာဓာရသည် သာမီပိကာဓာရမည်၏။ပြယုဂ်ကား "ဂင်္ဂါယံ ဃောသော တိဋ္ဌတိ"တည်း

http://www.dhammadownload.com



ဤပြယုဂ်၌ 'ဂဂ်ိယံ'ဟူသော အာခါရသည် ကမ်းနားဒြဗ်သည် မြစ်ဒြဗ်၏ အနီးဖြစ်၍ တည်ရာဖြစ်သောကြောင့် "သာမီပိကာခါရ" မည်၏။

➤ ဗျာပိကာခါရ ၂-ပါး ။ ။ ထိုလေးပါးသော အာခါရတို့တွင် ဗျာပိကာခါရ သည်လည်း သကလဗျာပိကာခါရ, ဧကဒေသဗျာပိကာခါရ အားဖြင့် ၂-ပါးအပြားရှိ၏ ထိုတွင်- ➤ သကလဗျာပိကာခါရ ။ ။ အလုံးစုံအားဖြင့် နှံ့၍တည်ရာဖြစ်သော အာ ခါရသည် သကလဗျာပိကာခါရ မည်၏။ ပြယုဂ်ကား "တိလေသု တေလံ တိဋ္ဌတိ" တည်း။ ဤပြယုဂ်၌ 'တိလေသု'ဟူသော အာခါရသည် အလုံးစုံအားဖြင့် နှံ့၍ တည်ရာ ဖြစ်သောကြောင့် "သကလဗျာပိကာခါရ" မည်၏။

➤ ဧကဒေသ ဗျာပိကာခါရ ။ ။ တစိတ်အားဖြင့် နှံ့၍ တည်ရာဖြစ်သော အာခါရ သည် ဧကဒေသ ဗျာပိကာခါရ မည်၏။ ပြယုဂ်ကား "ဇလေသု ခီရံ တိဋ္ဌတိ" တည်း။ ဤပြယုဂ်၌ 'ဇလေသု'ဟူသော အာခါရသည် တစိတ်အားဖြင့် နှံ့၍ တည်ရာဖြစ်သော ကြောင့် "ဧကဒေသ ဗျာပိကာခါရ" မည်၏။

➤ ဩပသိလေသိကာခါရ ၂-ပါး ။ ။ ဩပသိလေသိကာခါရသည်လည်း အလ္လီ ယန ဩပသိလေသိကာခါရ, အနလ္လီယန ဩပသိလေသိကာခါရ အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်-- ➤ အလ္လီယန ဩပသိလေသိကာခါရ ။ ။ ငြိသောအားဖြင့် ကပ်၍ တည်ရာဖြစ်သော အာခါရသည် အလ္လီယန ဩပသိလေသိကာခါရ မည်၏။ ပြယုဂ် ကား " ဥက္ခလိယံ အာစာမော တိဋ္ဌတိ" တည်း။ ဤပြယုဂ်၌ 'ဥက္ခလိယံ' ဟူသော အာခါရသည် ငြိသောအားဖြင့် ကပ်၍ တည်ရာဖြစ်သောကြောင့် "အလ္လီယန ဩပ သိလေသိကာခါရ" မည်၏။ ➤ အနလ္လီယန ဩပသိလေသိကာခါရ ။ ။ မငြိသော အားဖြင့် ကပ်၍ တည်ရာဖြစ်သော အာခါရသည် အနလ္လီယန ဩပသိလေသိကာခါရ မည်၏။ ပြယုဂ်ကား "ပရိယင်္ကေ ရာဇာ သေတိ" တည်း။ ဤပြယုဂ်၌ 'ပရိယင်္ကေ'ဟူ သော အာခါရသည် မငြိသောအားဖြင့် ကပ်၍ တည်ရာဖြစ်သောကြောင့် "အနလ္လီယန ဩပသိလေသိကာခါရ" မည်၏။

➤ ဝေသယိကာခါရ ၂-ပါး ။ ။ [ဝေသယိကာခါရသည်လည်း ဒေသန္တရာဝစ္ဆေဒ ဝိသယာခါရ, အညထာဘာဝ ဝိသယာခါရ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-]

➤ ဒေသန္တရာဝစ္ဆေဒ ဝိသယာခါရ ။ ။ တည်ရာတစ်ပါးကို ဖြတ်သောအားဖြင့် အရာမျှဖြစ်၍ တည်ရာဖြစ်သော အာခါရသည် ဒေသန္တရာဝစ္ဆေဒ ဝိသယာခါရ မည်၏ ပြယုဂ်ကား "ပါဒေသု ပတိတ္တာ ရောဒတိ" တည်း။ ဤပြယုဂ်၌ 'ပါဒေသု'ဟူသော အာ ခါရသည် 'ဟတ္ထေသု' အစရှိသော တည်ရာတစ်ပါးကို ဖြတ်သောအားဖြင့် အရာမျှဖြစ် ၍ တည်ရာဖြစ်သောကြောင့် "ဒေသန္တရာဝစ္ဆေဒ ဝိသယာခါရ" မည်၏။

➤ အညထာဘာဝ ဝိသယာခါရ ။ ။ တည်ရာတစ်ပါး မရှိသောအားဖြင့် အရာမျှ

http://www.dhammadownload.com



ဖြစ်၍ တည်ရာဖြစ်သော အာဓာရသည် အညထာဘာဝ ဝိသယာဓာရ မည်၏။ပြယုဂ်ကား "အာကာသေ သကုဏာ ပက္ခန္တိ"တည်း။ဤပြယုဂ်၌ 'အာကာသေ'ဟူသော အာဓာရသည် တည်ရာတစ်ပါး မရှိသောအားဖြင့် အရာမျှဖြစ်၍ တည်ရာဖြစ်သောကြောင့် "အညထာဘာဝ ဝိသယာဓာရ" မည်၏။

➤ **တစ်နည်း အာဓာရ ၄-ပါး** ။ ။ တစ်နည်းကား မုချာဓာရ, ပရမ္ပရာဓာရ, တဗ္ဗိသယာဓာရ, တဒုပနိဿယာဓာရ အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်--

➤ **မုချာဓာရ** ။ ။ စင်စစ်အားဖြင့် တည်ရာဖြစ်သော အာဓာရသည် မုချာဓာရ မည်၏။ ပြယုဂ်ကား "ဘိက္ခု ခဂ္ဂမှိ ဖြဲဘာသော"တည်း။ ဤပြယုဂ်၌ 'ခဂ္ဂမှိ'ဟူသော အာဓာရသည် စင်စစ်အားဖြင့် တောက်ပခြင်းကြိယာ၏ တည်ရာဖြစ်သောကြောင့် "မုချာဓာရ"မည်၏။ ➤ **ပရမ္ပရာဓာရ** ။ ။ အဆင့်ဆင့်အားဖြင့် တည်ရာဖြစ်သော အာဓာရသည် ပရမ္ပရာဓာရ မည်၏။ ပြယုဂ်ကား "ပရိယင်္ကေ ရာဇာ သေတိ"တည်း။ ဤပြယုဂ်၌ 'ပရိယင်္ကေ'ဟူသော အာဓာရသည် အိပ်ခြင်းကြိယာသည် မင်း၌, မင်းသည် ပြတည်း၌ တည်သည်ဖြစ်၍ အိပ်ခြင်းကြိယာ၏ အဆင့်ဆင့်အားဖြင့် တည်ရာဖြစ်သောကြောင့် "ပရမ္ပရာဓာရ" မည်၏။ ➤ **တဗ္ဗိသယာဓာရ** ။ ။ အရာမျှဖြစ်၍ တည်ရာဖြစ်သော အာဓာရသည် တဗ္ဗိသယာဓာရ မည်၏။ ပြယုဂ်ကား " အာကာသေ သကုဏာ ပက္ခန္တိ" တည်း။ ဤပြယုဂ်၌ 'အာကာသေ'ဟူသော အာဓာရသည် အရာမျှဖြစ်၍ တည်ရာ ဖြစ်သောကြောင့် "တဗ္ဗိသယာဓာရ" မည်၏။ ➤ **တဒုပနိဿယာဓာရ** ။ ။ မှီရာဖြစ်၍ တည်ရာဖြစ်သော အာဓာရသည် တဒုပ နိဿယာဓာရ မည်၏။ ပြယုဂ်ကား "သာသနေ ဝသတိ ဘိက္ခု"တည်း။ ဤပြယုဂ်၌ 'သာသနေ'ဟူသော အာဓာရသည် မှီရာဖြစ်၍ တည်ရာဖြစ်သောကြောင့် "တဒုပနိဿယာဓာရ" မည်၏။

➤ **ကာရက လက္ခဏာ** ။ ။ ကြိယာ၏ အကြောင်းဖြစ်၍ စင်စစ် ကြိယာဟူသော အကျိုးရှိသော အနက်သည် "ကာရက" မည်၏။

➤ **အကာရက လက္ခဏာ /သမ္ဗန်, အာလုပ် စသည်တို့ အကာရက အမည်ရပုံ**

သမ္ဗန်, အာလုပ် အစရှိသော အနက်တို့သည် ကြိယာနှင့် မစပ်သည်ဖြစ်၍ ကြိယာ၏ အကြောင်းမျှ မဖြစ်သောကြောင့် "အကာရက" မည်ကုန်၏။ဟိတ်, လက္ခဏ အစရှိသော အနက်တို့သည် ကြိယာနှင့် စပ်သည်ဖြစ်၍ ကြိယာ၏ အကြောင်းဖြစ်ငြားသော်လည်း စင်စစ်ကြိယာဟူသော အကျိုး မရှိသောကြောင့် "အကာရက" မည်ကုန်၏။

➤ **သမ္ဗန်** ။ ။ [ထို အကာရက အပေါင်းတို့တွင်] "၏"ဟူ၍ ပေးအပ်သော ဝိသေသနသမ္ဗန္ဓ, ဝိသေသျသမ္ဗန္ဓ နှစ်ပါးတို့၏ ကြိယာကို မှီ၍ဖြစ်သော အချင်းချင်း ငဲ့ခြင်းဟုဆိုအပ်သော အညမညာပေက္ခ အနက်သည် "သမ္ဗုဇ္ဈန် သမ္ဗန္ဓော"ဟူသော ဝစနတ္ထကြောင့် သမ္ဗန် မည်၏။ ပြယုဂ်ကား "ရညော ပုရိသော"တည်း။ ဤပြယုဂ်၌

http://www.dhammadownload.com



မင်းသည် အချင်းအား ပေး၏၊ အချင်းသည် ယူ၏၊ ဤသို့ 'မင်း'တည်းဟူသော ဝိသေသန သမ္ဗန္ဓိ, 'အချင်း'တည်းဟူသော ဝိသေသျသမ္ဗန္ဓိ နှစ်ပါးတို့၏ ပေးခြင်း ယူခြင်း ကြိယာကို မှီ၍ဖြစ်သော မင်း အချင်းတို့၏ အချင်းချင်း ငဲ့ခြင်းဟုဆိုအပ်သော အညမညာပေက္ခ အနက်သည် "သမ္ဗန်" မည်၏။

> **သံသမ္ဗန်,စသော သမ္ဗန်အပေါင်း** ။ ။ ထိုသမ္ဗန်သည်လည်း သံသမ္ဗန်, သာမိ သမ္ဗန်, သမီပသမ္ဗန်, သမူဟသမ္ဗန်, အဝယဝသမ္ဗန်, ဝိကာရသမ္ဗန်, ဌာနသမ္ဗန်, သမ္ဗန္ဓ သမ္ဗန်, အစရှိသောအားဖြင့် အရာမက များသောအပြားရှိ၏။

> **သံသမ္ဗန်** ။ ။ [ထို သမ္ဗန်အပေါင်းတို့တွင်] သာမိ-သံ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန်သည် သံသမ္ဗန် မည်၏။ ပြယုဂ်ကား "ပဟူတံ မေ ဓနံ သက္က" အစရှိသည်တည်း။ ဤပြယုဂ်၌ 'မေ'ဟူသော သမ္ဗန်သည် ဓနံနှင့် သာမိ-သံ အဖြစ်ဖြင့် စပ်အပ်သောကြောင့် "သံသမ္ဗန်" မည်၏။ > **သာမိသမ္ဗန်** ။ ။ သံ-သာမိ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန် သည် သာမိသမ္ဗန် မည်၏။ ပြယုဂ်ကား " သဏ္ဍော ဒေဝါနမိန္ဒော" တည်း။ ဤပြယုဂ်၌ 'ဒေဝါနံ'ဟူသော သမ္ဗန်သည် ဣန္ဒောနှင့် သံ-သာမိ အဖြစ်ဖြင့် စပ်အပ်သောကြောင့် "သာမိသမ္ဗန်"မည်၏။ > **သမီပသမ္ဗန်** ။ ။ သမီပီ-သမီပ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန်သည် သမီပသမ္ဗန် မည်၏။ ပြယုဂ်ကား "အမ္ဗဝနဿ အဝိဒူရေ"တည်း။ ဤပြယုဂ် ၌ 'အမ္ဗဝနဿ'ဟူသော သမ္ဗန်သည် အဝိဒူရေနှင့် သမီပီ-သမီပ အဖြစ်ဖြင့် စပ်အပ် သောကြောင့် "သမီပသမ္ဗန်" မည်၏။ > **သမူဟသမ္ဗန်** ။ ။ သမူဟီ-သမူဟ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန်သည် သမူဟသမ္ဗန် မည်၏။ ပြယုဂ်ကား " သုဝဏ္ဏဿ ရာသိ" တည်း။ ဤပြယုဂ်၌ 'သုဝဏ္ဏဿ'ဟူသော သမ္ဗန်သည် ရာသိနှင့် သမူဟီ-သမူဟ အဖြစ်ဖြင့် စပ်အပ်သောကြောင့် "သမူဟသမ္ဗန်"မည်၏။ > **အဝယဝသမ္ဗန်** ။ ။ အဝယဝီ-အဝယဝ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန်သည် အဝယဝသမ္ဗန် မည်၏။ ပြယုဂ်ကား " မနုဿ သေဿ တေ သီသံ" တည်း။ ဤပြယုဂ်၌ 'တေ'ဟူသော သမ္ဗန်သည် သီသံနှင့် အဝယဝီ အဝယဝ အဖြစ်ဖြင့် စပ်အပ်သောကြောင့် "အဝယဝသမ္ဗန်" မည်၏။

> **ဝိကာရသမ္ဗန်** ။ ။ ဝိကာရီ-ဝိကာရ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန်သည် ဝိကာရ သမ္ဗန်မည်၏။ ပြယုဂ်ကား "ဘဋ္ဋဓညာနံ သတ္တု"တည်း။ ဤပြယုဂ်၌ 'ဘဋ္ဋဓညာနံ' ဟူ သော သမ္ဗန်သည် သတ္တုနှင့် ဝိကာရီ-ဝိကာရ အဖြစ်ဖြင့် စပ်အပ်သောကြောင့် ဝိကာရ သမ္ဗန် မည်၏။ > **ဌာနသမ္ဗန်** ။ ။ ဌာနီ-ဌာန အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန်သည် ဌာနသမ္ဗန် မည်၏။ ပြယုဂ်ကား "စာတုမဟာရာဇိကာနံ ဌာနံ" တည်း။ ဤပြယုဂ်၌ 'စာတုမဟာရာဇိကာနံ'ဟူသော သမ္ဗန်သည် ဌာနံနှင့် ဌာနီ-ဌာန အဖြစ်ဖြင့် စပ်အပ် သောကြောင့် "ဌာနသမ္ဗန်" မည်၏။

> **သမ္ဗန္ဓသမ္ဗန်** ။ ။ သမ္ဗန္ဓီ သမ္ဗန္ဓ အဖြစ်ဖြင့် စပ်အပ်သော သမ္ဗန်သည် သမ္ဗန္ဓ

http://www.dhammadownload.com



သမ္ဗန် မည်၏။ ပြယုဂ်ကား "ပုတ္တာပိ တဿ ဗဟဝေါ"တည်း။ ဤပြယုဂ်၌ 'တဿ'ဟူသော သမ္ဗန်သည် ပုတ္တာပိနှင့် သမ္ဗန္ဓီ-သမ္ဗန္ဓ အဖြစ်ဖြင့် စပ်အပ်သောကြောင့် "သမ္ဗန္ဓသမ္ဗန်" မည်၏။ [ သတ္တ၊သိကြားမင်း။မေ၊ငါ၏။ဓနံ၊ဥစ္စာသည်။ပဟူတံ၊များ၏။ ဒေဝါနံ၊နတ်တို့၏။ဣန္ဒော၊အရှင်ဖြစ်သော။သက္ကော၊သိကြားမင်း။ အမ္ဗဝနဿ၊သရက်ဥယျာဉ်တော၏။အဝိဒူရေ၊မနီး မဝေးသော အရပ်၌။ သုဝဏ္ဏဿ၊ရွှေ၏။ရာသိ၊အစုတည်း။ တေ၊သင်၏။သီသံ၊ဦးခေါင်းသည်။မနုဿဿ၊လူ၏။သီသံ ဣဝ၊ဦးခေါင်းကဲ့သို့တကား။ ဘဝေ ညာနံ၊လျှော်ပြီးသော စပါးတို့၏။သတ္တု၊မုန့်လုံး။ စာတုမဟာရာဇိကာနံ၊စာတုမဟာရာဇ် နတ်တို့၏။ဌာနံ၊နေရာ။ တဿ၊ထိုသူ၏။ပုတ္တာပိ၊သားတို့သည်လည်း။ဗဟဝေါ၊များကုန်၏

➢ **လိင်္ဂတ္ထ** ။ ။ ဝိသဒါကာရ, အဝိသဒါကာရ, နေဝဝိသဒ နာဝိသဒါကာရ-ဟုဆိုအပ်သော သုံးပါးသော အခြင်းအရာသည် "လီနံ အပါကဋံ အဂ်္ဂတ္ထံ လိင်္ဂံ၊ လီနမတ္ထံ ဂမယတိ ဗောဓေတီတိ ဝါ လိင်္ဂံ၊ လိင်္ဂဿ အတ္ထော လိင်္ဂတ္ထော" ဟူသော ဝစနတ္ထကြောင့် "လိင်္ဂတ္ထ" မည်၏။ ပြယုဂ်ကား "ပုရိသော, ကညာ, စိတ္တံ"တည်း။ ထိုတွင် 'ပုရိသော'ဟူသော ပြယုဂ်၌ သန့်ရှင်းသော အခြင်းအရာဟုဆိုအပ်သော ဝိသဒါကာရသည် လိင်္ဂတ္ထ မည်၏။ ကညာဟူသော ပြယုဂ်၌ မသန့်ရှင်းသော အခြင်းအရာဟု ဆိုအပ်သော အဝိသဒါကာရသည် လိင်္ဂတ္ထ မည်၏။ 'စိတ္တံ'ဟူသော ပြယုဂ်၌ သန့်ရှင်းသည်လည်းမဟုတ်, မသန့်ရှင်းသည်လည်း မဟုတ်သော အခြင်းအရာဟုဆိုအပ်သော နေဝဝိသဒ နာဝိသဒါကာရသည် လိင်္ဂတ္ထ မည်၏။

➢ **လိင်္ဂတ္ထ ၂-ပါး** ။ ။ [ထို လိင်္ဂတ္ထသည်လည်း သုဒ္ဓလိင်္ဂတ္ထ, သံသဋ္ဌလိင်္ဂတ္ထ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-] ➢ **သုဒ္ဓလိင်္ဂတ္ထ** ။ ။ ကံ, အစရှိသော အနက်နှင့် မရောသော လိင်္ဂတ္ထသည် သုဒ္ဓလိင်္ဂတ္ထ မည်၏။ ပြယုဂ်ကား "ပုရိသော"တည်း။ဤပြယုဂ်၌ 'ပုရိသော'ဟူသော လိင်္ဂတ္ထသည် ကံ,အစရှိသော အနက်နှင့် မရောသောကြောင့် သုဒ္ဓလိင်္ဂတ္ထ မည်၏။ ➢ **သံသဋ္ဌလိင်္ဂတ္ထ** ။ ။ ကံ,အစရှိသော အနက်နှင့်ရောသော လိင်္ဂတ္ထသည် သံသဋ္ဌလိင်္ဂတ္ထ မည်၏။ ပြယုဂ်ကား "ပုရိသော ပဿီယတိ"တည်း။ ဤပြယုဂ်၌ 'ပုရိသော'ဟူသော လိင်္ဂတ္ထသည် မြင်ခြင်းကြိယာဖြင့် ရောက်အပ်သော ကြိယာပါပုဏနသတ္တိတည်းဟူသော ကံအနက်နှင့် ရောသောကြောင့် သံသဋ္ဌလိင်္ဂတ္ထ မည်၏။

➢ **အာလုပ်** ။ ။ 'အို'ဟူ၍ ပေးအပ်သော ရှေးရှုခေါ်ဝေါ်ခြင်း ကြိယာသည် "အာ အဘိမုခံ ကတွာ လပနံ အာလပနံ" ဟူသော ဝစနတ္ထကြောင့် အာလုပ်မည်၏။ပြယုဂ်ကား "ဘောတိ ကညေ"တည်း။ ဤပြယုဂ်၌ 'ဘောတိ ကညေ' ဟု ရှေးရှုခေါ်ဝေါ်ခြင်း ကြိယာသည် အာလုပ် မည်၏။ တစ်နည်းကား ရှေးရှုခေါ်ဝေါ်အပ်သော အနက်သည် "အာ အဘိမုခံ ကတွာ လပိတဗ္ဗန္တိ အာလပနံ"ဟူသော ဝစနတ္ထကြောင့် အာလုပ် မည်၏။ ပြယုဂ်ကား " ဘောတိ ကညေ "တည်း။ ဤပြယုဂ်၌ 'ဘောတိ ကညေ'ဟု ရှေးရှုခေါ်

http://www.dhammadownload.com



ဝေါ်အပ်သော မိန်းမဖြစ်တည်းဟူသော အနက်သည် အာလုပ် မည်၏။

➤ **အာလုပ် ၂-ပါး** ။ ။ [ထိုအာလုပ်သည်လည်း သဝိဉ်အာလုပ်, နိဗ္ဗိဉ်အာလုပ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--]

၁။ ➤ **သဝိဉ်အာလုပ်** ။ ။ သဝိညာဏကဖြစ်သော အာလုပ်သည် သဝိဉ်အာလုပ် မည်၏။ ပြယုဂ်ကား "ဘောတိ ကူတ္တိ"တည်း။ ဤပြယုဂ်၌ 'ဘောတိ ကူတ္တိ'ဟူသော အာလုပ်သည် သဝိညာဏကဖြစ်သောကြောင့် " သဝိဉ်အာလုပ် " မည်၏။

၂။ ➤ **နိဗ္ဗိဉ်အာလုပ်** ။ ။ အဝိညာဏကဖြစ်သော အာလုပ်သည် နိဗ္ဗိဉ်အာလုပ် မည်၏။ ပြယုဂ်ကား "ဘော သေလ"တည်း။ ဤပြယုဂ်၌ 'ဘော သေလ'ဟူသော အာလုပ်သည် အဝိညာဏကဖြစ်သောကြောင့် "နိဗ္ဗိဉ်အာလုပ်" မည်၏။

➤ **သဟာဒိယောဂ** ။ ။ 'နှင့်'ဟူ၍ ပေးအပ်သော သမဝါယအနက်သည် "သဟာဒီဟိ ယောဂေါ သဟာဒိယောဂေါ"ဟူသော ဝစနတ္ထကြောင့် သဟာဒိယောဂ မည်၏။

➤ **သဟာဒိယောဂ ၃-ပါး** ။ ။ [ထို သဟာဒိယောဂသည်လည်း သဟယောဂ, သဟာဒိယောဂ, သဟတ္ထ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--]

➤ **သဟယောဂ** ။ ။ သဟ-သဒ္ဒါနှင့်ယှဉ်သော သမဝါယသည် သဟယောဂမည်၏။ ပြယုဂ်ကား "သဟာပိ ဂင်္ဂေန သံယော"တည်း။ ဤပြယုဂ်၌ 'ဂင်္ဂေန'ဟူသော သမဝါယသည် သဟ-သဒ္ဒါနှင့် ယှဉ်သောကြောင့် "သဟယောဂ" မည်၏။

➤ **သဟာဒိယောဂ** ။ ။ "သဒ္ဓိံ ဝိနာ နာနာ သမံ" အစရှိသော သဒ္ဒါနှင့်ယှဉ်သော သမဝါယသည် သဟာဒိယောဂ မည်၏။ ပြယုဂ်ကား "ဘိက္ခုသံဃေန သဒ္ဓိံ" တည်း။ ဤပြယုဂ်၌ 'ဘိက္ခုသံဃေန'ဟူသော သမဝါယသည် သဒ္ဓိံ-သဒ္ဒါနှင့် ယှဉ်သောကြောင့် "သဟာဒိယောဂ" မည်၏။ ➤ **သဟတ္ထ** ။ ။ သဟ, အစရှိသော သဒ္ဒါ မရှိဘဲလျက် သဟအနက်ဖြစ်သင့်သော သမဝါယသည် သဟတ္ထ မည်၏။ ပြယုဂ်ကား "ဒေဝဒတ္တော ကောကာလိကေန ဂစ္ဆတိ"တည်း။ ဤပြယုဂ်၌ 'ကောကာလိကေန'ဟူသော သမဝါယသည် သဟ, အစရှိသော သဒ္ဒါ မရှိဘဲလျက် "ဒေဝဒတ္တော၊ဒေဝဒတ်သည်။ကောကာလိကေန၊ကောကာလိကနှင့်တကွ။ဂစ္ဆတိ၊သွား၏။" ဤသို့ သဟအနက် ဖြစ်သင့်သောကြောင့် "သဟတ္ထ" မည်၏။

➤ **သမဝါယ ၃-ပါး** ။ ။ [တစ်နည်းကား ဂုဏသမဝါယ, ဒဗ္ဗသမဝါယ, ကြိယာသမဝါယ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--]

➤ **ဂုဏသမဝါယ** ။ ။ ဂုဏ်အားဖြင့် မျှသော သမဝါယသည် ဂုဏသမဝါယ မည်၏။ ပြယုဂ်ကား "ပုတ္တေန သဟ ထူလော ပိတာ"တည်း။ ဤပြယုဂ်၌ 'ပုတ္တေန'ဟူသော သမဝါယသည် ပိတာနှင့် ဆူသော ဂုဏ်အားဖြင့် မျှသောကြောင့် ဂုဏသမဝါယမည်၏

➤ **ဒဗ္ဗသမဝါယ** ။ ။ ဖြစ်အားဖြင့် မျှသော သမဝါယသည် ဒဗ္ဗသမဝါယ မည်၏။

http://www.dhammadownload.com



ပြယုဂ်ကား "ပုတ္တေန သဟ ဓနဝါ ပိတာ"တည်း။ ဤပြယုဂ်၌ 'ပုတ္တေန'ဟူသော သမဝါယ သည် ပိတာနှင့် ဥစ္စာတည်းဟူသော ဖြစ်အားဖြင့် မျှသောကြောင့် ဒဗ္ဗသမဝါယ မည်၏

➤ **ကြိယာသမဝါယ** ။ ။ ကြိယာအားဖြင့် မျှသော သမဝါယသည် ကြိယာသမ ဝါယ မည်၏။ ပြယုဂ်ကား "ပုတ္တေန သဟ ပါဝိသိ ပိတာ"တည်း။ ဤပြယုဂ်၌ 'ပုတ္တေန' ဟူသော သမဝါယသည် ပိတာနှင့် ဝင်ခြင်းကြိယာအားဖြင့် မျှသောကြောင့် " ကြိယာ သမဝါယ" မည်၏။

➤ **ဟိတ်၏ ဝစနတ္ထ** ။ ။ 'ကြောင့်'ဟူ၍ ပေးအပ်သော အကြောင်းဖြစ်သော အနက် သည် "ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု"ဟူသော ဝစနတ္ထကြောင့် ဟိတ် မည်၏။ ➤ **ဟိတ် ၃-ပါး** ။ ။ [ထိုဟိတ်သည်လည်း တတိယာဟိတ်, ပဥ္စမီဟိတ်, သတ္တမီဟိတ် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--]

၁။ ➤ **တတိယာဟိတ်** ။ ။ တတိယာဝိဘတ်နှင့်ယှဉ်သော ဟိတ်သည် တတိယာဟိတ် မည်၏။ ပြယုဂ်ကား "အန္နေန ဝသတိ ဘိက္ခု"တည်း။ ဤပြယုဂ်၌ 'အန္နေန'ဟူသော ဟိတ်သည် တတိယာဝိဘတ်နှင့် ယှဉ်သောကြောင့် "တတိယာဟိတ်" မည်၏။

၂။ ➤ **ပဥ္စမီဟိတ်** ။ ။ ပဥ္စမီဝိဘတ်နှင့်ယှဉ်သော ဟိတ်သည် ပဥ္စမီဟိတ် မည်၏။ ပြယုဂ်ကား " စတုန္နံ အရိယသစ္စာနံ အနနုဗောဓာ"တည်း။ ပြယုဂ်၌ 'အနနုဗောဓာ' ဟူ သော ဟိတ်သည် ပဥ္စမီဝိဘတ်နှင့် ယှဉ်သောကြောင့် "ပဥ္စမီဟိတ်" မည်၏။

၃။ ➤ **သတ္တမီဟိတ်** ။ ။ သတ္တမီဝိဘတ်နှင့်ယှဉ်သော ဟိတ်သည် သတ္တမီဟိတ် မည် ၏။ ပြယုဂ်ကား " ကုဉ္ဇရော ဒန္တေသု ဟညတေ"တည်း။ ဤပြယုဂ်၌ 'ဒန္တေသု'ဟူသော ဟိတ်သည် သတ္တမီဝိဘတ်နှင့် ယှဉ်သောကြောင့် "သတ္တမီဟိတ်" မည်၏။

➤ **တစ်နည်း ဟိတ် ၃-ပါး** ။ ။ [တစ်နည်းကား ဇနကဟိတ်, သမ္ပာပကဟိတ်, ဉာပကဟိတ် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--]

၁။ ➤ **ဇနကဟိတ်** ။ ။ ဖြစ်စေတတ်သော ဟိတ်သည် ဇနကဟိတ် မည်၏။ ပြယုဂ် ကား "ဗီဇတော အင်္ကုရော ဇာယတိ"တည်း။ ဤပြယုဂ်၌ 'ဗီဇတော'ဟူသော ဟိတ်သည် အညွန့်ကို ဖြစ်စေတတ်သောကြောင့် "ဇနကဟိတ်" မည်၏။

၂။ ➤ **သမ္ပာပကဟိတ်** ။ ။ ရောက်စေတတ်သော ဟိတ်သည် သမ္ပာပကဟိတ် မည်၏ ပြယုဂ်ကား "တီရံ နာဝါယ ပါပုဏိ"တည်း။ ဤပြယုဂ်၌ 'နာဝါယ'ဟူသော ဟိတ်သည် ကမ်းတဖက်သို့ ရောက်စေတတ်သောကြောင့် "သမ္ပာပကဟိတ်" မည်၏။

၃။ ➤ **ဉာပကဟိတ်** ။ ။ သိစေတတ်သော ဟိတ်သည် ဉာပကဟိတ် မည်၏။ ပြယုဂ် ကား "ဓူမတော အဂ္ဂိ အတ္ထီတိ ဉာယတိ"တည်း။ ဤပြယုဂ်၌ 'ဓူမတော'ဟူသော ဟိတ် သည် မီးကို သိစေတတ်သောကြောင့် "ဉာပကဟိတ်" မည်၏။

➤ **ဉာပကဟိတ် ၃-ပါး** ။ ။ ထိုသုံးပါးတို့တွင် ဉာပကဟိတ်သည်လည်း သဘာဝ

http://www.dhammadownload.com



ဉာပကဟိတ်, ဗျတိရေက ဉာပကဟိတ်, ကာရိယ ဉာပကဟိတ်အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်-- ➤ **သဘာဝ ဉာပကဟိတ်** ။ ။ သဘောဖြစ်၍ သိစေတတ်သော ဟိတ်သည် သဘာဝ ဉာပကဟိတ် မည်၏။ ပြယုဂ်ကား " ဥဏှတ္တာ အဂ္ဂိ အတ္ထီတိ ဉာယတိ" တည်း။ ဤပြယုဂ်၌ 'ဥဏှတ္တာ'ဟူသော ဟိတ်သည် မီး၏ သဘောဖြစ်၍ သိစေတတ်သောကြောင့် "သဘာဝ ဉာပကဟိတ်" မည်၏။

➤ **ဗျတိရေက ဉာပကဟိတ်** ။ ။ ဆန့်ကျင်ဘက်ဖြစ်၍ သိစေတတ်သော ဟိတ်သည် ဗျတိရေက ဉာပကဟိတ် မည်၏။ ပြယုဂ်ကား သီတတ္တာ အဂ္ဂိ နတ္ထီတိ ဉာယတိ တည်း။ ဤပြယုဂ်၌ 'သီတတ္တာ'ဟူသော ဟိတ်သည် မီး၏ ဆန့်ကျင်ဘက်ဖြစ်၍ သိစေတတ်သောကြောင့် "ဗျတိရေက ဉာပကဟိတ်" မည်၏။

➤ **ကာရိယ ဉာပကဟိတ်** ။ ။ အကျိုးဖြစ်၍ သိစေတတ်သော ဟိတ်သည် ကာရိယ ဉာပကဟိတ် မည်၏။ ပြယုဂ်ကား "ဓူမတော အဂ္ဂိ အတ္ထီတိ ဉာယတိ"တည်း။ဤပြယုဂ်၌ 'ဓူမတော'ဟူသော ဟိတ်သည် မီး၏ အကျိုးဖြစ်၍ သိစေတတ်သောကြောင့် "ကာရိယ ဉာပကဟိတ်" မည်၏။

➤ **တစ်နည်း ဟိတ် ၃-ပါး** ။ ။ တစ်နည်းကား နာနာဟိတ်, ပစ္စေကဟိတ်, ပရမ္ပရဟိတ် အားဖြင် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **နာနာဟိတ်** ။ ။ အကျိုးတစ်ပါးသာ ဖြစ်၍ အကြောင်းများသော ဟိတ်သည် နာနာဟိတ် မည်၏။ ပြယုဂ်ကား "ကမ္မဿ ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ ဥပ္ပန္နံ ဟောတိ စက္ခုဝိညာဏံ" တည်း။ ဤပြယုဂ်၌ 'ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ'ဟူသော ဟိတ်သည် 'စက္ခုဝိညာဏံ'ဟူသော အကျိုးတစ်ပါးသာ ဖြစ်၍ ကတတ္တာ ဥပစိတတ္တာ ဥဿန္နတ္တာ ဝိပုလတ္တာ-ဟု အကြောင်းများသောကြောင့် "နာနာဟိတ်" မည်၏။ ➤ **ပစ္စေကဟိတ်** ။ ။ အကျိုးတစ်ပါးသာ ဖြစ်၍ အကြောင်းတစ်ပါးသာ ဖြစ်သောဟိတ်သည် ပစ္စေကဟိတ် မည်၏။ ပြယုဂ်ကား "ဒါနတော ဘောဂဝါ ဟောတိ"တည်း။ ဤပြယုဂ်၌ 'ဒါနတော'ဟူသော ဟိတ်သည် 'ဘောဂဝါ'ဟူသော အကျိုးတစ်ပါးသာ ဖြစ်၍ 'ဒါနတော'ဟူသော အကြောင်းတစ်ပါးသာ ဖြစ်သောကြောင့် "ပစ္စေကဟိတ်" မည်၏။ ➤ **ပရမ္ပရဟိတ်** ။ ။ အဆင့်ဆင့် အကြောင်းဖြစ်သော ဟိတ်သည် ပရမ္ပရဟိတ် မည်၏။ ပြယုဂ်ကား " သီလတော ပမုဒိ ဟောတိ, ပမုဒိ ဟောတိ သုခိတော"တည်း။ ဤပြယုဂ်၌ 'ပမုဒိ'ဟူသော ဟိတ်သည် 'သီလတော'မှ ထောက်၍ အဆင့်ဆင့် အကြောင်းဖြစ်သောကြောင့် "ပရမ္ပရဟိတ်" မည်၏။

➤ **ဣတ္ထမ္ဘူတလက္ခဏ** ။ ။ တစ်စုံတစ်ခု အထူးသို့ ရောက်သည်ကို မှတ်ကြောင်းဖြစ်သော အနက်သည် "ဣတ္ထံ ကိဉ္စိပကာရံ ဘူတော ပတ္တောတိ ဣတ္ထမ္ဘူတော၊ ဣတ္ထမ္ဘူတဿ လက္ခဏံ ဣတ္ထမ္ဘူတလက္ခဏံ" ဟူသော ဝစနတ္ထကြောင့် ဣတ္ထမ္ဘူတ လက္ခဏ

http://www.dhammadownload.com



အနက် မည်၏။ ပြယုဂ်ကား "နေဝွေနေ ကာဏံ ပဿတိ၊ သာ ကာဠိ ဘိန္ဒေန သီသေန ပတိဝိသကေ ဥဇ္ဈာပေတိ" တည်း။ "နေဝွေန၊မျက်စိဖြင့်။ဥပလက္ခိတံ၊မှတ်အပ်သော။ ကာဏံ၊ကန်းသောသူကို။ပဿတိ၊မြင်၏။ သာ ကာဠိ၊ထို ကာဠီ အမည်ရှိသော ကျွန်မသည်။ဘိန္ဒေန သီသေန-ဘိန္နသီသာ ဟုတ္တာ၊ကွဲသော ဦးခေါင်းရှိသည်ဖြစ်၍။ပတိဝိသကေ၊အိမ်နီးချင်းတို့ကို။ဥဇ္ဈာပေတိ၊စောင်းမြောင်းစေ၏။" ဤ၌ 'နေဝွေန'သည် ကန်းခြင်း တည်းဟူသော အထူးသို့ရောက်သော ကန်းသောသူဟူသော အနက်ကို မှတ်ကြောင်း ဖြစ်သောကြောင့် ဣတ္ထမ္ဘူတလက္ခဏအနက် မည်၏။ 'ဘိန္ဒေန သီသေန'သည် ကွဲခြင်း တည်းဟူသော အထူးသို့ရောက်သော ကာဠီ-ဟူသော အနက်ကို မှတ်ကြောင်းဖြစ်သော ကြောင့် ဣတ္ထမ္ဘူတလက္ခဏအနက် မည်၏။

➤ **ဝိသေသန** ॥ ॥ 'အားဖြင့်'ဟူ၍ရင်း၊ 'သဖြင့်'ဟူ၍ရင်း ပေးအပ်သော အထူးပြု တတ်သော အနက်သည် "ဝိသေသီယတိ ဝိသေသိတဗ္ဗံ အနေနာတိ ဝိသေသနံ" ဟူ သော ဝစနတ္ထကြောင့် ဝိသေသန မည်၏။ ပြယုဂ်ကား "တပသာ ဥတ္တမော" တည်း။ ဤပြယုဂ်၌ 'တပသာ'ဟူသော ဝိသေသနသည် 'ဥတ္တမော'ဟူသော ဝိသေသျပုဒ်ကို အမျိုးအားဖြင့် မြတ်ခြင်း အစရှိသည်မှ အထူးပြုတတ်သောကြောင့် ဝိသေသန မည်၏။

➤ **ဝိသေသန ၂-ပါး** ॥ ॥ ထို ဝိသေသနသည်လည်း ဘိန္နာဓိကရဏဝိသေသန, တုလျာဓိကရဏဝိသေသန အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-

➤ **ဘိန္နာဓိကရဏဝိသေသန** ॥ ॥ ဝိသေသျနှင့် ဝိဘတ်ပြားသော ဝိသေသနသည် ဘိန္နာဓိကရဏဝိသေသန မည်၏။ ပြယုဂ်ကား " တပသာ ဥတ္တမော"တည်း။ ဤပြယုဂ် ၌ 'တပသာ'ဟူသော ဝိသေသနသည် 'ဥတ္တမော'ဟူသော ဝိသေသျပုဒ်နှင့် ဝိဘတ်ပြား သောကြောင့် "ဘိန္နာဓိကရဏဝိသေသန" မည်၏။ ➤ **တုလျာဓိကရဏဝိသေသန** ॥ ॥ 'သော'ဟူ၍ရင်း၊ 'ထသော'ဟူ၍ရင်း ပေးအပ်သော ဝိသေသျပုဒ်နှင့် ဝိဘတ်တူသော ဝိသေသနသည် တုလျာဓိကရဏဝိသေသန မည်၏။ ပြယုဂ်ကား " နီလော ပဋော" တည်း။ ဤပြယုဂ်၌ 'နီလော'ဟူသော ဝိသေသနသည် 'ပဋော'ဟူသော ဝိသေသျနှင့် ဝိဘတ်တူသောကြောင့် "တုလျာဓိကရဏဝိသေသန" မည်၏။

➤ **ဘိန္နာဓိကရဏ ဝိသေသန ၃-ပါး** ॥ ॥ ထိုနှစ်ပါးတို့တွင် ဘိန္နာဓိကရဏ ဝိသေသန သည် တတိယာ ဘိန္နာဓိကရဏ ဝိသေသန, ဆဋ္ဌီ ဘိန္နာဓိကရဏ ဝိသေသန, သတ္တမီ ဘိန္နာဓိကရဏ ဝိသေသန အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **တတိယာ ဘိန္နာဓိကရဏ ဝိသေသန** ॥ ॥ တတိယာဝိဘတ် အဆုံးရှိသော ဝိသေသနသည် တတိယာ ဘိန္နာဓိကရဏ ဝိသေသန မည်၏။ ပြယုဂ်ကား " တပသာ ဥတ္တမော" တည်း။ ဤပြယုဂ်၌ 'တပသာ'သည် တတိယာဝိဘတ် အဆုံးရှိသောကြောင့် "တတိယာ ဘိန္နာဓိကရဏ ဝိသေသန" မည်၏။

http://www.dhammadownload.com



➤ **ဆဋ္ဌီ ဘိန္နာဓိကရဏ ဝိသေသန** ။ ။ ဆဋ္ဌီဝိဘတ် အဆုံးရှိသော ဝိသေသနသည် ဆဋ္ဌီ ဘိန္နာဓိကရဏ ဝိသေသန မည်၏။ ပြယုဂ်ကား “ ရာဇိနော ပုရိသော ဂစ္ဆတိ” တည်း။ ဤပြယုဂ်၌ ‘ရာဇိနော’သည် ဆဋ္ဌီဝိဘတ် အဆုံးရှိသောကြောင့် “ဆဋ္ဌီ ဘိန္နာဓိကရဏ ဝိသေသန” မည်၏။ ➤ **သတ္တမီ ဘိန္နာဓိကရဏ ဝိသေသန** ။ ။ သတ္တမီ ဝိဘတ် အဆုံးရှိသော ဝိသေသနသည် သတ္တမီ ဘိန္နာဓိကရဏ ဝိသေသန မည်၏။ ပြယုဂ်ကား “ ဂေဟေ ဝ နိသိန္နော ဟောတိ”တည်း။ ဤပြယုဂ်၌ ‘ဂေဟေဝ’သည် သတ္တမီ ဝိဘတ် အဆုံးရှိသောကြောင့် “သတ္တမီ ဘိန္နာဓိကရဏ ဝိသေသန” မည်၏။

➤ **တုလျာဓိကရဏ ဝိသေသန ၆-ပါး** ။ ။ တုလျာဓိကရဏ ဝိသေသနသည်လည်း (၁) အာသယာသယီဘာဝ တုလျာဓိကရဏ ဝိသေသန (၂) တဗ္ဘာဝတာ တုလျာဓိကရဏ ဝိသေသန (၃) တဗ္ဗိသေသတာ တုလျာဓိကရဏ ဝိသေသန (၄) ဓမ္မကတာ တုလျာဓိကရဏ ဝိသေသန (၅) အာဓာရေကတာ တုလျာဓိကရဏ ဝိသေသန (၆) ဖလေကတာ တုလျာဓိကရဏ ဝိသေသန အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင်--

➤ **အာသယာသယီဘာဝ** ။ ။ ဂုဏ်ဖြစ်၍ ဒြဗ်ကို အထူးပြုသော ဝိသေသနသည် အာသယာသယီဘာဝ တုလျာဓိကရဏ ဝိသေသန မည်၏။ ပြယုဂ်ကား “နီလော ပဋော” တည်း။ ဤပြယုဂ်၌ ‘နီလော’ဟူသော ဝိသေသနသည် အညိုဂုဏ်ဖြစ်၍ ပုဆိုးဒြဗ်ကို အထူးပြုတတ်သောကြောင့် အာသယာသယီဘာဝ တုလျာဓိကရဏ ဝိသေသနမည်၏။ ➤ **တဗ္ဘာဝတာ** ။ ။ ဒြဗ်ဖြစ်၍ ဒြဗ်ကို အထူးပြုတတ်သော ဝိသေသနသည် တဗ္ဘာဝတာ တုလျာဓိကရဏ ဝိသေသန မည်၏။ ပြယုဂ်ကား “ ဗုဒ္ဓေါ ဇိနော”တည်း။ ဤပြယုဂ်၌ ‘ဗုဒ္ဓေါ’ဟူသော ဝိသေသနသည် ဘုရားဒြဗ်ဖြစ်၍ ဇိနော-၏အရဖြစ်သော ဘုရားဒြဗ်ကို အထူးပြုတတ်သောကြောင့် “တဗ္ဘာဝတာ တုလျာဓိကရဏ ဝိသေသန” မည်၏။

➤ **တဗ္ဗိသေသတာ** ။ ။ အစိတ်ဖြစ်၍ အပေါင်းကို အထူးပြုတတ်သော ဝိသေသနသည် တဗ္ဗိသေသတာ တုလျာဓိကရဏ ဝိသေသနမည်၏။ ပြယုဂ်ကား “အမ္ဗော ပါနော” တည်း။ ဤပြယုဂ်၌ ‘အမ္ဗော’ဟူသော ဝိသေသနသည် အစိတ်ဖြစ်သော သရက်သီး အဖျော်ဖြစ်၍ ‘ပါနော’၏ အရဖြစ်သော အဖျော်ရှစ်ပါးတည်းဟူသော အပေါင်းကို အထူးပြုတတ်သောကြောင့် “တဗ္ဗိသေသတာ တုလျာဓိကရဏ ဝိသေသန” မည်၏။

➤ **ဓမ္မကတာ** ။ ။ ဂုဏ်တူ၍ ဝိသေသျကို အထူးပြုတတ်သော ဝိသေသနသည် ဓမ္မကတာ တုလျာဓိကရဏ ဝိသေသန မည်၏။ ပြယုဂ်ကား “နရော သီဟော”တည်း ဤပြယုဂ်၌ ‘သီဟော’ ဟူသော ဝိသေသနသည် ရဲခြင်း ဂုဏ်တူ၍ ‘နရော’ဟူသော ဝိသေသျကို အထူးပြုတတ်သောကြောင့် ဓမ္မကတာ တုလျာဓိကရဏဝိသေသနမည်၏

➤ **အာဓာရေကတာ** ။ ။ အချင်းချင်း တည်ရာတူ၍ ဝိသေသျကို အထူးပြုတတ်သော ဝိသေသနသည် အာဓာရေကတာ တုလျာဓိကရဏ ဝိသေသန မည်၏။ ပြယုဂ်

F 25-A'

http://www.dhammadownload.com



ကား "အမ္ဗိလော ဂရုကော ရသော"တည်း။ ဤပြယုဂ်၌ 'အမ္ဗိလော'ဟူသော ဝိသေသန သည် အရသာချင်း တည်ရာတူ၍ 'ရသော'ဟူသော ဝိသေသျကို အထူးပြုတတ်သော ကြောင့် "အာဓာရေကတာ တုလျာဓိကရဏ ဝိသေသန" မည်၏။

➤ **ဖလေကတာ** ။ ။ အကျိုးတူ၍ ဝိသေသျကို အထူးပြုတတ်သော ဝိသေသန သည် ဖလေကတာ တုလျာဓိကရဏ ဝိသေသန မည်၏။ ပြယုဂ်ကား "ဂဒါဟတံ သုသံ ယုတ္တံ ဩသဓံ"တည်း။ ဤပြယုဂ်၌ 'သုသံယုတ္တံ'ဟူသော ဝိသေသနသည် အနာပျောက် ခြင်း အကျိုးတူ၍ 'ဩသဓံ'ဟူသော ဝိသေသျကို အထူးပြုတတ်သောကြောင့် "ဖလေ ကတာ တုလျာဓိကရဏ ဝိသေသန" မည်၏။

➤ **တစ်နည်း ဝိသေသန ၂-ပါး** ။ ။ တစ်နည်းကား ကာရက ဝိသေသန, ကြိယာ ဝိသေသန အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ကာရက ဝိသေသန** ။ ။ ကာရကကို အထူးပြုတတ်သော ဝိသေသနသည် ကာရက ဝိသေသန မည်၏။ ပြယုဂ်ကား "တပသာ ဥတ္တမော"တည်း။ ဤပြယုဂ်၌ 'တပသာ'သည် 'ဥတ္တမော'ဟူသော ကာရကကို အထူးပြုတတ်သောကြောင့် "ကာရက ဝိသေသန" မည်၏။ ➤ **ကြိယာ ဝိသေသန** ။ ။ ကြိယာကို အထူးပြုတတ်သော ဝိသေ သန သည် ကြိယာဝိသေသန မည်၏။ ပြယုဂ်ကား "မုဒုံ ပစတိ" တည်း။ ဤပြယုဂ်၌ 'မုဒုံ'ဟူသော ဝိသေသနသည် ကျက်ခြင်းကြိယာကို အထူးပြုတတ်သောကြောင့် "ကြိယာ ဝိသေသန" မည်၏။

➤ **ကြိယာဝိသေသန ၂-ပါး** ။ ။ ထိုနှစ်ပါးတို့တွင် ကြိယာဝိသေသနသည်လည်း ဗဟိဒ္ဓ ကြိယာဝိသေသန, အဗဟိဒ္ဓ ကြိယာဝိသေသန အားဖြင့် နှစ်ပါးအပြားရှိ၏။ထိုတွင်

➤ **ဗဟိဒ္ဓ ကြိယာဝိသေသန** ။ ။ အာလုပ်အနက်အပေါင်းသည် ကြိယာမှ အပ ဖြစ်သောကြောင့် "ဗဟိဒ္ဓ ကြိယာဝိသေသန" မည်၏။

➤ **အဗဟိဒ္ဓ ကြိယာဝိသေသန** ။ ။ မုဒုံ ပစတိ အစရှိသည်၌ 'မုဒုံ' အစရှိသည် ကား ကြိယာ၏ အတွင်းဖြစ်သောကြောင့် "အဗဟိဒ္ဓ ကြိယာဝိသေသန" မည်၏။

➤ **အဗဟိဒ္ဓ ကြိယာဝိသေသန ၄-ပါး** ။ ။ ထိုနှစ်ပါးတို့တွင် အဗဟိဒ္ဓ ကြိယာ ဝိသေသနသည်လည်း ပထမာ ကြိယာဝိသေသန, ဒုတိယာကြိယာဝိသေသန, တတိယာ ကြိယာဝိသေသန, ဆဋ္ဌီ ကြိယာဝိသေသန, အားဖြင့် ၄-ပါးအပြားရှိ၏။ ထိုတွင်--

➤ **ပထမာ ကြိယာဝိသေသန** ။ ။ ပဌမာဝိဘတ် အဆုံးရှိသော ကြိယာဝိသေသန သည် ပဌမာ ကြိယာဝိသေသန မည်၏။ ပြယုဂ်ကား "သုခံ သယတိ" တည်း။ဤပြယုဂ် ၌ 'သုခံ'ဟူသော ကြိယာဝိသေသနသည် ပဌမာဝိဘတ် အဆုံးရှိသောကြောင့် "ပဌမာ ကြိယာဝိသေသန မည်၏။ ➤ **ဒုတိယာ ကြိယာဝိသေသန** ။ ။ ဒုတိယာဝိဘတ်အဆုံး ရှိသော ကြိယာဝိသေသနသည် ဒုတိယာ ကြိယာဝိသေသန မည်၏။ ပြယုဂ်ကား "မုဒုံ

http://www.dhammadownload.com



ပစတိ" တည်း။ ဤပြယုဂ်၌ 'မုဒုံ'ဟူသော ကြိယာဝိသေသနသည် ဒုတိယာဝိဘတ် အဆုံး ရှိသောကြောင့် "ဒုတိယာ ကြိယာဝိသေသန" မည်၏။

ထိုတွင် ဝိသေသျကြိယာသည် ကတ္တားဟောဖြစ်အံ့၊ ပဌမာ ကြိယာဝိသေသန ဖြစ်ရာ၏။ ဝိသေသျကြိယာသည် ကံဟောဖြစ်အံ့၊ ဒုတိယာ ကြိယာဝိသေသန ဖြစ်ရာ၏။

တစ်နည်းကား- ဝိသေသျကြိယာသည် အကမ္မကဓာတ်ဖြစ်အံ့၊ ပဌမာ ကြိယာ ဝိသေသန ဖြစ်ရာ၏။ ဝိသေသျကြိယာသည် သကမ္မကဓာတ်ဖြစ်အံ့၊ ဒုတိယာ ကြိယာ ဝိသေသန ဖြစ်ရာ၏။

➤ **တတိယာ ကြိယာဝိသေသန** ။ ။ တတိယာဝိဘတ် အဆုံးရှိသော ကြိယာဝိသေသန သည် တတိယာ ကြိယာဝိသေသန မည်၏။ ပြယုဂ်ကား "**ဧကောဟေနေဝ ပါယာသိ**"တည်း ဤပြယုဂ်၌ 'ဧကာဟေနေဝ'ဟူသော ကြိယာဝိသေသန သည် တတိယာဝိဘတ် အဆုံး ရှိသောကြောင့် "တတိယာ ကြိယာဝိသေသန"မည်၏။

➤ **ကြိယာပဝဂ္ဂ** ။ ။ "ကြိယာယ အပဝဂ္ဂေါ ကြိယာပဝဂ္ဂေါ"ဟူသော ဝစနတ္ထနှင့် အညီ ကြိယာကို လျင်စွာ ပြီးစေတတ်သောကြောင့် "ကြိယာပဝဂ္ဂ" မည်၏။

➤ **ဆဋ္ဌီ ကြိယာဝိသေသန** ။ ။ ဆဋ္ဌီဝိဘတ် အဆုံးရှိသော ကြိယာဝိသေသနသည် ဆဋ္ဌီ ကြိယာဝိသေသန မည်၏။ ပြယုဂ်ကား "ပါဒဿ ဥက္ကဋ္ဌံပနံ" တည်း။ ဤပြယုဂ်၌ 'ပါဒဿ'ဟူသော ကြိယာဝိသေသနသည် ဥ-ရှေ့ရှိသော ခိပဓာတ်၏ အရဖြစ်သော ခြေ ကြွခြင်း ကြိယာနှင့် စပ်သည်ဖြစ်၍ ဆဋ္ဌီဝိဘတ် အဆုံးရှိသောကြောင့် "ဆဋ္ဌီကြိယာ ဝိသေသန" မည်၏။ တစ်နည်းကား - ယုပစ္စည်း၏ အရဖြစ်သော ခြေကြွခြင်းကြိယာ နှင့် စပ်သည်ဖြစ်၍ ဆဋ္ဌီဝိဘတ်အဆုံးရှိသောကြောင့် ဆဋ္ဌီကြိယာဝိသေသန မည်၏။

➤ **ကြိယာဝိသေသန အမည်ထူး** ။ ။ ဤ ကြိယာဝိသေသန အပေါင်းသည် လောကီ သဒ္ဒါကျမ်း အလိုအားဖြင့် ဓာတုဝိသေသန မည်၏။ သာသနာတော်ကျမ်း အလိုအား ဖြင့် ဘာဝနပုံး မည်၏။

➤ **အစ္စန္တသံယောဂ** ။ ။ 'ပတ်လုံး'ဟူ၍ရင်း၊ 'တိုင်တိုင်'ဟူ၍ရင်း ပေးအပ်သော မပြတ်ယှဉ်ခြင်းအနက်သည် "အစ္စန္တံ နိရန္တရံ သံယောဂေါ အစ္စန္တသံယောဂေါ"ဟူသော ဝစနတ္ထကြောင့် အစ္စန္တသံယောဂ မည်၏။

➤ **အစ္စန္တသံယောဂ ၂-ပါး** ။ ။ ထို အစ္စန္တသံယောဂသည်လည်း ကာလအစ္စန္တ သံယောဂ, အဒ္ဓါ အစ္စန္တသံယောဂ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ကာလအစ္စန္တသံယောဂ** ။ ။ ကာလနှင့် မပြတ်ယှဉ်ခြင်းသည် ကာလအစ္စန္တ သံယောဂ မည်၏။ ပြယုဂ်ကား "**မာသံ မံသောဒနံ ဘုဉ္ဇတိ**"တည်း။ ဤပြယုဂ်၌ 'မာသံ' ဟူသော အစ္စန္တသံယောဂသည် ကာလနှင့် မပြတ်ယှဉ်သောကြောင့် " ကာလအစ္စန္တ သံယောဂ" မည်၏။ ➤ **အဒ္ဓါ အစ္စန္တသံယောဂ** ။ ။ အဓွန့်နှင့် မပြတ်ယှဉ်ခြင်းသည်

http://www.dhammadownload.com



အဓိ အစ္စန္တသံယောဂ မည်၏။ ပြယုဂ်ကား "ယောဇနံ ဝနရာဇိ"တည်း။ ဤပြယုဂ်၌ 'ယောဇနံ'ဟူသော အစ္စန္တသံယောဂသည် အဓွန့်နှင့် မပြတ်ယှဉ်သောကြောင့် " အဓိ အစ္စန္တသံယောဂ" မည်၏။

➤ **ကာလ အစ္စန္တသံယောဂ ၃-ပါး** ။ ။ ထိုနှစ်ပါးတို့တွင် ကာလအစ္စန္တသံယောဂသည် ဒဗ္ဗ အစ္စန္တသံယောဂ, ဂုဏ အစ္စန္တသံယောဂ, ကြိယာ အစ္စန္တသံယောဂ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **ဒဗ္ဗ အစ္စန္တသံယောဂ** ။ ။ ဒြပ်နှင့် မပြတ်ယှဉ်သော အစ္စန္တသံယောဂသည် ဒဗ္ဗ အစ္စန္တသံယောဂမည်၏။ ပြယုဂ်ကား "**မာသံ မံသောဒနံ ဘုဉ္ဇတိ**" တည်း။ ဤပြယုဂ်၌ 'မာသံ'ဟူသော အစ္စန္တသံယောဂသည် သားပြွမ်းထမင်းတည်းဟူသော ဒြပ်နှင့် မပြတ်ယှဉ်သောကြောင့် "ဒဗ္ဗ အစ္စန္တသံယောဂ" မည်၏။

➤ **ဂုဏ အစ္စန္တသံယောဂ** ။ ။ ဂုဏ်နှင့် မပြတ်ယှဉ်သော အစ္စန္တသံယောဂသည် ဂုဏ အစ္စန္တသံယောဂ မည်၏။ ပြယုဂ်ကား "**သရဒံ ရမဏီယာ နဒီ**"တည်း။ ဤပြယုဂ်၌ 'သရဒံ'ဟူသော အစ္စန္တသံယောဂသည် နှလုံးမွေ့လျော်ဖွယ်ဟူသော ဂုဏ်နှင့် မပြတ်ယှဉ်သောကြောင့် "ဂုဏ အစ္စန္တသံယောဂ" မည်၏။

➤ **ကြိယာ အစ္စန္တသံယောဂ** ။ ။ ကြိယာနှင့် မပြတ်ယှဉ်သော အစ္စန္တသံယောဂသည် ကြိယာ အစ္စန္တသံယောဂ မည်၏။ ပြယုဂ်ကား " **မာသံ သဇ္ဈာယတိ**" တည်း။ ဤပြယုဂ်၌ 'မာသံ'ဟူသော အစ္စန္တသံယောဂသည် သရဇ္ဈာယ်ခြင်းကြိယာနှင့် မပြတ်ယှဉ်သောကြောင့် "ကြိယာ အစ္စန္တသံယောဂ" မည်၏။

➤ **အဓိအစ္စန္တသံယောဂ ၃-ပါး** ။ ။ အဓိ အစ္စန္တသံယောဂသည်လည်း ဒဗ္ဗအစ္စန္တသံယောဂ, ဂုဏအစ္စန္တသံယောဂ, ကြိယာအစ္စန္တသံယောဂ အားဖြင့် ၃-ပါးအပြားရှိ၏။ ထိုတွင်-- ➤ **ဒဗ္ဗ အစ္စန္တသံယောဂ** ။ ။ ဒြပ်နှင့် မပြတ်ယှဉ်သော အစ္စန္တသံယောဂသည် ဒဗ္ဗ အစ္စန္တသံယောဂမည်၏။ ပြယုဂ်ကား "**ယောဇနံ ဝနရာဇိ**" တည်း။ ဤပြယုဂ်၌ 'ယောဇနံ'ဟူသော အစ္စန္တသံယောဂသည် တောအရေးတည်းဟူသော ဒြပ်နှင့် မပြတ်ယှဉ်သောကြောင့် "ဒဗ္ဗ အစ္စန္တသံယောဂ" မည်၏။

➤ **ဂုဏ အစ္စန္တသံယောဂ** ။ ။ ဂုဏ်နှင့် မပြတ်ယှဉ်သော အစ္စန္တသံယောဂသည် ဂုဏ အစ္စန္တသံယောဂ မည်၏။ ပြယုဂ်ကား "**ယောဇနံ ဒီဃော ပဗ္ဗတော**"တည်း။ ဤပြယုဂ်၌ 'ယောဇနံ'ဟူသော အစ္စန္တသံယောဂသည် ရှည်သောဂုဏ်နှင့် မပြတ်ယှဉ်သောကြောင့် "ဂုဏ အစ္စန္တသံယောဂ"မည်၏။

➤ **ကြိယာ အစ္စန္တသံယောဂ** ။ ။ ကြိယာနှင့် မပြတ်ယှဉ်သော အစ္စန္တသံယောဂသည် ကြိယာ အစ္စန္တသံယောဂ မည်၏။ ပြယုဂ်ကား "**ကောသံ သဇ္ဈာယတိ**"တည်း။ ဤပြယုဂ်၌ 'ကောသံ'ဟူသော အစ္စန္တသံယောဂသည် သရဇ္ဈာယ်ခြင်းကြိယာနှင့် မပြတ်ယှဉ်

http://www.dhammadownload.com



သောကြောင့် "ကြိယာ အစွန္တသံယောဂ" မည်၏။

➤ **ကမ္မပ္ပဝစနီယ ။** ။ လက္ခဏအနက်, ဣတ္ထမ္ဘူတာချာနအနက်, ဝိစ္ဆာအနက်ကို ဟောသော အဘိသဒ္ဒါ၊ လက္ခဏအနက်, ဣတ္ထမ္ဘူတာချာနအနက်, ဝိစ္ဆာအနက်, ဘာဂ အနက်ကို ဟောသော ပတိသဒ္ဒါ၊ပရိသဒ္ဒါ၊ လက္ခဏအနက်, ဣတ္ထမ္ဘူတာချာနအနက်, ဝိစ္ဆာအနက်, ဘာဂအနက်, သဟအနက်, ဟီနအနက်ကို ဟောသော အနုသဒ္ဒါ၊ ဂရဟာ အနက်ကိုဟောသော ဓိသဒ္ဒါ အစရှိသည်တို့သည် "ကရဏံ ကမ္မံ-ကမ္မံ ပဝစနီယံ ယေသံ တေတိ ကမ္မပ္ပဝစနီယာ"ဟူသော ဝစနတ္ထကြောင့် "ကမ္မပ္ပဝစနီယ" မည်၏။

➤ **လက္ခဏအနက် ။** ။ ထိုအနက်အပေါင်းတို့တွင် "လက္ခီယတိ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ"ဟူသော ဝစနတ္ထနှင့်အညီ မှတ်ကြောင်းဖြစ်သော အနက်သည် 'လက္ခဏ' အနက်မည်၏။ ပြယုဂ်ကား "ရုက္ခံ အဘိဝိဇ္ဇောတတေ စန္ဒော၊ ရုက္ခံ ပတိဝိဇ္ဇောတတေ စန္ဒော၊ ရုက္ခံ ပရိဝိဇ္ဇောတတေ စန္ဒော၊ ရုက္ခံ အနုဝိဇ္ဇောတတေ စန္ဒော"တည်း။ ဤပြယုဂ် ၌ သစ်ပင်ဟူသော အနက်သည် ထွန်းပတတ်သော အနက်ကို မှတ်ကြောင်းဖြစ်သော ကြောင့် လက္ခဏအနက် မည်၏။ ထိုလက္ခဏအနက်ကို ထွန်းပြတတ်သော အဘိ, ပတိ, ပရိ, အနုသဒ္ဒါတို့သည် ကမ္မပ္ပဝစနီယ မည်ကုန်၏။

ထို အဘိသဒ္ဒါ, ပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါ, ဟုဆိုအပ်သော ကမ္မပ္ပဝစနီယ အယှဉ်ဖြစ်သောကြောင့် "ရုက္ခံ=ရုက္ခဿ၊သစ်ပင်၏။ပရိအထက်၌။စန္ဒော၊လသည်။အဘိ ဝိဇ္ဇောတတေ၊ထွန်းပ၏။ပတိဝိဇ္ဇောတတေ၊ထွန်းပ၏။ပရိဝိဇ္ဇောတတေ၊ထွန်းပ၏။အနု ဝိဇ္ဇောတတေ၊ထွန်းပ၏။ တစ်နည်းကား "ရုက္ခံ=ရုက္ခဿ၊သစ်ပင်၌။စန္ဒော၊လသည်။အဘိ ဝိဇ္ဇောတတေ၊ထွန်းပ၏။ပတိဝိဇ္ဇောတတေ၊ထွန်းပ၏။ပရိဝိဇ္ဇောတတေ၊ထွန်းပ၏။အနု ဝိဇ္ဇောတတေ၊ထွန်းပ၏။" ဤသို့ ရုက္ခံ-ဟူသော ပုဒ်၌ ဆဋ္ဌီအနက်, သတ္တမီအနက်ဖြစ်လျက် ဆဋ္ဌီဝိဘတ်, သတ္တမီဝိဘတ် မဖြစ်မူ၍ ဒုတိယာဝိဘတ်သာ ဖြစ်သည်။

➤ **ဣတ္ထမ္ဘူတာချာန အနက် ။** ။ "ဣတ္ထံ ကိဉ္စိ ပကာရံ ဘူတော ပတ္တောတိ ဣတ္ထမ္ဘူတော၊ ဣတ္ထမ္ဘူတဿ အာချာနံ ဣတ္ထမ္ဘူတာချာနံ"ဟူသော ဝစနတ္ထနှင့်အညီ တစ်စုံ တစ်ခု အထူးသို့ရောက်သော အနက်ကိုဟောကြားတတ်သော အနက်သည် ဣတ္ထမ္ဘူ တာချာန အနက်မည်၏။ ပြယုဂ်ကား "သာဓု ဒေဝဒတ္တော မာတရ မဘိ၊ သာဓု ဒေဝ ဒတ္တော မာတရံ ပတိ၊ သာဓု ဒေဝဒတ္တော မာတရံ ပရိ၊ သာဓု ဒေဝဒတ္တော မာတရ မနု အစရှိသည်တည်း။ ဤပြယုဂ်တို့၌ အဘိ-ဟူသောအနက်သည် အလွန်ကောင်းခြင်းတည်း ဟူသော အထူးသို့ရောက်သော ဒေဝဒတ်ဟူသော အနက်ကို ဟောကြားတတ်သော ကြောင့် ဣတ္ထမ္ဘူတာချာနအနက် မည်၏။ ထို ဣတ္ထမ္ဘူတာချာနအနက်ကို ထွန်းပြတတ် သော အဘိသဒ္ဒါ, ပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါတို့သည် ကမ္မပ္ပဝစနီယ မည်ကုန်၏။

ထို အဘိသဒ္ဒါ, ပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါ, ဟုဆိုအပ်သော ကမ္မပ္ပဝစနီယ

http://www.dhammadownload.com



အယှဉ်ဖြစ်သောကြောင့် "ဒေဝဒတ္တော၊ဒေဝဒတ်သည်။မာတရံ-မာတုဿ၊အမိ၏။ဝိသယေ၊အရာ၌။အဘိသာဓု၊အလွန်ကောင်း၏။ဒေဝဒတ္တော၊ဒေဝဒတ်သည်။မာတရံ-မာတုဿ၊အမိ၏။ဝိသယေ၊အရာ၌။ပတိ သာဓု၊အလွန်ကောင်း၏။ဒေဝဒတ္တော၊ဒေဝဒတ်သည်။မာတရံ-မာတုဿ၊အမိ၏။ဝိသယေ၊အရာ၌။ပရိ သာဓု၊အလွန်ကောင်း၏။ဒေဝဒတ္တော၊ဒေဝဒတ်သည်။မာတရံ-မာတုဿ၊အမိ၏။ဝိသယေ၊အရာ၌။အနု သာဓု၊အလွန်ကောင်း၏ တစ်နည်းကား ။ ဒေဝဒတ္တော၊ဒေဝဒတ်သည်။မာတရံ-မာတရိ၊အမိ၌။အဘိ သာဓု၊အလွန်ကောင်း၏။ဒေဝဒတ္တော၊ဒေဝဒတ်သည်။မာတရံ-မာတရိ၊အမိ၌။ပတိသာဓု၊အလွန်ကောင်း၏။ဒေဝဒတ္တော၊ဒေဝဒတ်သည်။မာတရံ-မာတရိ၊အမိ၌။ပရိ သာဓု၊အလွန် ကောင်း၏။ဒေဝဒတ္တော၊ဒေဝဒတ်သည်။မာတရံ-မာတရိ၊အမိ၌။အနု သာဓု၊အလွန် ကောင်း၏။ ဤသို့ မာတရံ-ဟူသောပုဒ်၌ ဆဋ္ဌီအနက်, သတ္တမီအနက်ဖြစ်လျက် ဆဋ္ဌီဝိဘတ်, သတ္တမီဝိဘတ် မဖြစ်မူ၍ ဒုတိယာဝိဘတ်သာ ဖြစ်သတည်း။

➤ **ဝိစ္ဆာအနက်** ။ ။ "ဘိန္နေ အတ္ထေ ဗျာပိတုံ ဣစ္ဆာ ဝိစ္ဆာ"ဟူသော ဝစနတ္ထနှင့်အညီ ပြားသောအနက်တို့ကို နှံ့စေခြင်းငှာ နှစ်ကြိမ်ဆိုခြင်းသည် ဝိစ္ဆာအနက် မည်၏။ ပြယုဂ်ကား " ရုက္ခံ ရုက္ခံ အဘိဝိဇ္ဇောတတေ စန္ဒော၊ ရုက္ခံ ရုက္ခံ ပတိဝိဇ္ဇောတတေ စန္ဒော၊ ရုက္ခံ ရုက္ခံ ပရိဝိဇ္ဇောတတေ စန္ဒော၊ ရုက္ခံ ရုက္ခံ အနုဝိဇ္ဇောတတေ စန္ဒော" တည်း။ ဤပြယုဂ်တို့၌ ပြားသော သစ်ပင်ဟူသောအနက်တို့ကို နှံ့စေခြင်းငှာ ရုက္ခံ ရုက္ခံ-ဟု နှစ်ကြိမ် ဆိုခြင်းသည် ဝိစ္ဆာအနက်မည်၏။ ထိုဝိစ္ဆာအနက်ကို ထွန်းပြတတ်သော အဘိသဒ္ဒါ, ပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါတို့သည် ကမ္မပ္ပဝစနီယ မည်ကုန်၏။

ထို အဘိသဒ္ဒါ, ပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါ, ဟုဆိုအပ်သော ကမ္မပ္ပဝစနီယ အယှဉ်ဖြစ်သောကြောင့် "ရုက္ခံ ရုက္ခံ-ရုက္ခဿ ရုက္ခဿ၊သစ်ပင်တိုင်း သစ်ပင်တိုင်း။ဥပရိ အထက်၌။စန္ဒော၊လသည်။အဘိဝိဇ္ဇောတတေ၊ထွန်းပ၏။ (ပ) တစ်နည်းကား "ရုက္ခံ ရုက္ခံ ရုက္ခေ ရုက္ခေ၊သစ်ပင်တိုင်း သစ်ပင်တိုင်း၌။စန္ဒော၊လသည်။အဘိဝိဇ္ဇောတတေ၊ထွန်းပ၏။ ဤသို့ "ရုက္ခံ ရုက္ခံ"ဟူသော ပုဒ်၌ ဆဋ္ဌီအနက်, သတ္တမီအနက်ဖြစ်လျက် ဆဋ္ဌီဝိဘတ်, သတ္တမီဝိဘတ် မဖြစ်မူ၍ ဒုတိယာဝိဘတ် ဖြစ်သတည်း။

➤ **ဘာဂအနက်** ။ ။ 'အဖို့'ဟူသော အနက်သည် ဘာဂအနက်မည်၏။ ပြယုဂ်ကား " ယဒေတ္ထ မံ ပတိ သိယာ တံ ဒီယတု၊ ယဒေတ္ထ မံ ပရိ သိယာ တံ ဒီယတု၊ ယဒေတ္ထ မံ အနု သိယာ တံ ဒီယတု" တည်း။ ဤပုံစံတို့၌ 'အဖို့'ဟူသောအနက်သည် ဘာဂအနက်မည်၏။ ထိုဘာဂအနက်ကို ထွန်းပြတတ်သော ပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါတို့သည် ကမ္မပ္ပဝစနီယ မည်ကုန်၏။

ထိုပတိသဒ္ဒါ, ပရိသဒ္ဒါ, အနုသဒ္ဒါ, ဟုဆိုအပ်သော ကမ္မပ္ပဝစနီယ အယှဉ်ဖြစ်သောကြောင့် "ဧတ္ထ ဘာဂေ၊ဤအဖို့၌။မံ-မမ၊ငါ၏။ယံ ပတိ ဘာဂေါ၊အကြင်အဖို့သည်။သိယာ

http://www.dhammadownload.com



ဖြစ်ရာ၏။တံ၊ထိုအဖို့ကို။ဒိယတု၊ပေးစေသတည်း။(ပရိ, အနုသဒ္ဒါတို့၏ အယှဉ်၌လည်း နည်းတူ သမွန်) ဤသို့ 'မံ'ဟူသောပုဒ်၌ ဆဋ္ဌီအနက်ဖြစ်လျက် ဆဋ္ဌီဝိဘတ် မဖြစ်မူ၍ ဒုတိယာဝိဘတ်ဖြစ်သတည်း။

➤ **သဟအနက်** ။ ။ 'တကွ'ဟူသောအနက်သည် သဟအနက်မည်၏။ ပြယုဂ်ကား "နဒီ အန္ဝသိတာ ဗာရာဏသီ"တည်း။ ဤပြယုဂ်၌ 'တကွ'ဟူသောအနက်သည် သဟ အနက်မည်၏။ ထိုသဟအနက်ကို ထွန်းပြတတ်သော အနုသဒ္ဒါသည် ကမ္မပ္ပဝစနီယ မည်၏။ ထို အနုသဒ္ဒါဟု ဆိုအပ်သော ကမ္မပ္ပဝစနီယ အယှဉ်ဖြစ်သောကြောင့် "ဗာ ရာဏသီ၊ဗာရာဏသီပြည်သည်။နဒီ-နဒိယာ၊မြစ်နှင့်။အန္ဝသိတာ၊တကွနက် စပ်၏။" ဤသို့ 'နဒီ'ဟူသောပုဒ်၌ သဟာဒိယောဂအနက်ဖြစ်လျက် တတိယာဝိဘတ် မဖြစ်မူ၍ ဒုတိယာဝိဘတ် ဖြစ်သတည်း။

➤ **ဟီနအနက်** ။ ။ ယုတ်သောအနက်သည် ဟီနအနက်မည်၏။ ပြယုဂ်ကား "အနု သာရိပုတ္တံ ပညဝါ"တည်း။ ဤပုံစံ၌ ယုတ်သောအနက်သည် ဟီနအနက်မည်၏။ ထိုဟီန အနက်ကို ထွန်းပြတတ်သောကြောင့် အနုသဒ္ဒါသည် ကမ္မပ္ပဝစနီယ မည်၏။

ထိုအနုသဒ္ဒါဟုဆိုအပ်သော ကမ္မပ္ပဝစနီယ အယှဉ်ဖြစ်သောကြောင့် "ပညဝါ၊ပညာ ရှိသောသူသည်။သာရိပုတ္တံ-သာရိပုတ္တတော၊သာရိပုတြာအောက်။အနု ဟီနော၊ယုတ်၏ ဤသို့ 'သာရိပုတ္တံ'ဟူသောပုဒ်၌ ပဉ္စမီအနက်ဖြစ်လျက် ပဉ္စမီဝိဘတ် မဖြစ်မူ၍ ဒုတိယာ ဝိဘတ် ဖြစ်သတည်း။

➤ **ဂရဟာအနက်** ။ ။ ကဲ့ရဲ့ခြင်းအနက်သည် ဂရဟာအနက် မည်၏။ ပြယုဂ်ကား "ဓိရတ္ထု မံ ပူတိကာယံ"တည်း။ ဤပုံစံ၌ ကဲ့ရဲ့ခြင်းအနက်သည် ဂရဟာအနက် မည်၏။ ထိုဂရဟာအနက်ကို ထွန်းပြတတ်သော ဓိသဒ္ဒါသည် ကမ္မပ္ပဝစနီယ မည်၏။

ထို ဓိသဒ္ဒါဟု ဆိုအပ်သော ကမ္မပ္ပဝစနီယ အယှဉ်ဖြစ်သောကြောင့် "ဣမံ ပူတိ ကာယံ-ဣမဿ ပူတိကာယဿ၊ဤအကောင်ပုပ်၏။ဓိ၊ရွံ့ဖွယ်သည်။(ဝါ)စက်ဆုပ်ဖွယ်သည် အတ္ထု၊ဖြစ်၏။" ဤသို့ 'ဣမံ ပူတိကာယံ'ဟူသော ပုဒ်၌ ဆဋ္ဌီအနက်ဖြစ်လျက် ဆဋ္ဌီဝိဘတ် မဖြစ်မူ၍ ဒုတိယာဝိဘတ် ဖြစ်သတည်း။

➤ **နိဒ္ဓါရဏ** ။ ။ 'တို့တွင်'ဟူ၍ ပေးအပ်သော အပေါင်းမှ အသီးထုတ်ခြင်းအနက် သည် "သမုဒါယတော နီဟရိတွာ ဓာရဏံ နိဒ္ဓါရဏံ"ဟူသော ဝစနတ္ထကြောင့် နိဒ္ဓါရဏ မည်၏။ ➤ **နိဒ္ဓါရဏ ၄-ပါး** ။ ။ ထို နိဒ္ဓါရဏသည်လည်း ဇာတိနိဒ္ဓါရဏ, ဂုဏနိဒ္ဓါရဏ ကြိယာနိဒ္ဓါရဏ, နာမနိဒ္ဓါရဏ အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်--

➤ **ဇာတိနိဒ္ဓါရဏ** ။ ။ ဇာတ်အားဖြင့် ထုတ်ရာဖြစ်သော နိဒ္ဓါရဏသည် ဇာတိ နိဒ္ဓါရဏ မည်၏။ ပြယုဂ်ကား "မနုဿာနံ ခတ္တိယော သူရတမော"တည်း။ဤပုံစံ၌ 'မနုဿာနံ'ဟူသော နိဒ္ဓါရဏသည် 'ခတ္တိယော'၏ အရဖြစ်သော မင်းတို့၏ တစ်ယောက်

http://www.dhammadownload.com



သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်အားဖြင့် ထုတ်ရာဖြစ်သောကြောင့် "ဇာတိနိဒ္ဓါရဏ" မည်၏။

➤ **ဂုဏနိဒ္ဓါရဏ** ။ ။ ဂုဏ်အားဖြင့် ထုတ်ရာဖြစ်သော နိဒ္ဓါရဏသည် ဂုဏနိဒ္ဓါရဏ မည်၏။ ပြယုဂ်ကား "**သာမာ နာရီနံ ဒဿနီယတမာ**"တည်း။ ဤပုံစံ၌ 'နာရီနံ'ဟူသော နိဒ္ဓါရဏသည် 'သာမာ'၏ အရဖြစ်သော ရွှေအဆင်းတည်းဟူသော ဂုဏ်အားဖြင့် ထုတ်ရာဖြစ်သောကြောင့် "ဂုဏနိဒ္ဓါရဏ" မည်၏။

➤ **ကြိယာ နိဒ္ဓါရဏ** ။ ။ ကြိယာအားဖြင့် ထုတ်ရာဖြစ်သော နိဒ္ဓါရဏသည် ကြိယာနိဒ္ဓါရဏ မည်၏။ ပြယုဂ်ကား "**ပထိကာနံ ဓာဝန္တော သီဃတမော**"တည်း။ ဤပုံစံ၌ 'ပထိကာနံ'ဟူသော နိဒ္ဓါရဏသည် 'ဓာဝန္တော'၏ အရဖြစ်သော ပြေးခြင်းကြိယာဖြင့် ထုတ်ရာဖြစ်သောကြောင့် "ကြိယာနိဒ္ဓါရဏ" မည်၏။

➤ **နာမနိဒ္ဓါရဏ** ။ ။ အမည်နာမ ပညတ်အားဖြင့် ထုတ်ရာဖြစ်သော နိဒ္ဓါရဏသည် နာမနိဒ္ဓါရဏ မည်၏။ ပြယုဂ်ကား "**အရဟတံ အာနန္ဒော ပညဝါ**"တည်း။ ဤပုံစံ၌ 'အရဟတံ'ဟူသော နိဒ္ဓါရဏသည် 'အာနန္ဒော'၏ အရဖြစ်သော အာနန္ဒော-ဟူသော အမည်နာမ ပညတ်အားဖြင့် ထုတ်ရာဖြစ်သောကြောင့် "နာမနိဒ္ဓါရဏ" မည်၏။

➤ **နိဒ္ဓါရဏ အစိတ် ၄-ပါး** ။ ။ ထိုလေးပါးတို့တွင် တစ်ပါး တစ်ပါး၌ နိဒ္ဓါရဏ သမုဒါယ, နိဒ္ဓါရဏီယ, နိဒ္ဓါရဏဟေတု, နိဒ္ဓါရဏ အားဖြင့် အနက်သဘောသည် လေးပါးအပြားရှိ၏။ ထိုတွင်--

ထုတ်ရာအပေါင်းသည် နိဒ္ဓါရဏ သမုဒါယ မည်၏။ ထုတ်အပ်သော အနက်သည် နိဒ္ဓါရဏီယ မည်၏။ ထုတ်ခြင်း၏ အကြောင်းသည် နိဒ္ဓါရဏဟေတု မည်၏။ ထုတ်ခြင်းသည် နိဒ္ဓါရဏ မည်၏။ ပြယုဂ်ကား "**မနုဿာနံ ခတ္တိယော သူရတမော**" တည်း။ ဤပုံစံ၌ (၁) 'မနုဿာနံ'သည် ထုတ်ရာအပေါင်းဖြစ်သောကြောင့် **နိဒ္ဓါရဏ သမုဒါယ** မည်၏။ (၂) 'ခတ္တိယော'သည် ထုတ်အပ်သော အနက်ဖြစ်သောကြောင့် **နိဒ္ဓါရဏီယ** မည်၏ (၃) မင်းတို့၏ တစ်ယောက်သည် တစ်ယောက်နှင့် တူသော အခြင်းအရာဟု ဆိုအပ်သော 'ဇာတ်'သည် ထုတ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် **နိဒ္ဓါရဏဟေတု** မည်၏။ (၄) လူဒြဗ်တည်းဟူသော အပေါင်းမှ မင်းဒြဗ်တည်းဟူသော အစိတ်ကို ထုတ်ခြင်းသည် **နိဒ္ဓါရဏ** မည်၏။

➤ **အနာဒရ** ။ ။ 'စဉ်'ဟူ၍ ပေးအပ်သော မရိုသေခြင်းကြိယာသည် "*အာဒရဏံ အာဒရော၊ နတ္ထိ အာဒရော ဧတဿာတိ. အနာဒရော*"ဟူသော ဝစနတ္ထကြောင့် အနာဒရ မည်၏။ ➤ **အနာဒရ ၂-ပါး** ။ ။ ထို အနာဒရ ကြိယာသည် သာချကြိယာ, အသာချ ကြိယာ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **သာချကြိယာ / အသာချကြိယာ** ။ ။ ကတ္တားသည် ပြီးစေအပ်သော ကြိယာ

http://www.dhammadownload.com



သည် သာဓျကြိယာ မည်၏။ ကတ္တားသည် မပြီးစေအပ်သော ကြိယာသည် အသာဓျ ကြိယာ မည်၏။ ပြယုဂ်ကား " ရုဒတော ဒါရကဿ ပဗ္ဗဇိ ဘိက္ခု" တည်း။ ဤပုံစံ၌ 'ပဗ္ဗဇိ'ဟူသော ကြိယာသည် 'ဘိက္ခု'ဟူသော ကတ္တားသည် ပြီးစေအပ်သောကြောင့် သာဓျကြိယာ မည်၏။ 'ရုဒတော'ဟူသော ကြိယာသည် 'ဘိက္ခု'ဟူသော ကတ္တားသည် မပြီးစေအပ်သောကြောင့် အသာဓျကြိယာ မည်၏။

➤ **ဘာဝလက္ခဏာ** ။ ။ 'သော်'ဟူ၍ငှင်း၊ 'လတ်သော်'ဟူ၍ငှင်း ပေးအပ်သော မှတ်ကြောင်းဖြစ်သော အနက်သည် "လက္ခီယတေ လက္ခိတဗ္ဗံ အနေနာတိ လက္ခဏံ" ဟူသော ဝစနတ္ထကြောင့် လက္ခဏအနက် မည်၏။

➤ **လက္ခဏအစိတ် ၄-ပါး** ။ ။ ထို လက္ခဏအနက်၌ လက္ခဏ, လက္ခဏဝန္တ, လက္ချ, လက္ချဝန္တ အားဖြင့် အနက်၌ သဘောသည် လေးပါးအပြားရှိ၏။ ထိုတွင်--

မှတ်ကြောင်းဖြစ်သော အနက်သည် လက္ခဏ မည်၏။ ထိုလက္ခဏ၏ ဝိဘတ်တူ ကံ, ကတ္တားသည် လက္ခဏဝန္တ မည်၏။ မှတ်အပ်သော အနက်သည် လက္ချ မည်၏။ ထို လက္ချ၏ ဝိဘတ်တူ ကံ, ကတ္တားသည် လက္ချဝန္တ မည်၏။ ပြယုဂ်ကား " ဘိက္ခူသု ဘောဇီယမာနေသု ဂတော ပုရိသော " တည်း။ ဤပုံစံ၌ 'ဘောဇီယမာနေသု'သည် 'ဂတော'ဟူသော လက္ချကြိယာကို မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏ မည်၏။ 'ဘိက္ခူသု'သည် 'ဘောဇီယမာနေသု'ဟူသော လက္ခဏ၏ ဝိဘတ်တူ ကံဖြစ်သောကြောင့် လက္ခဏဝန္တ မည်၏။ 'ဂတော'သည် 'ဘောဇီယမာနေသု'ဟူသော လက္ခဏကြိယာဖြင့် မှတ်အပ်သောကြောင့် လက္ချ မည်၏။ 'ပုရိသော'သည် 'ဂတော'ဟူသော လက္ချကြိယာ၏ ဝိဘတ်တူ ကတ္တားဖြစ်သောကြောင့် လက္ချဝန္တ မည်၏။

**ကာရက ပုဒ်စစ် ပြီး၏။**

## သမာသ် ပုဒ်စစ်

➤ **သမာသ်** ။ ။ "သမသနံ သမာသော၊ သမသီယတီတိ ဝါ သမာသော" ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်အချင်းချင်းချဉ်း၍ သမာသ်ပြီးလတ်သော် ဝါကျအနက် အတွင်း ငုပ် မငုပ်သော နာမ်သည် "သမာသ်" မည်၏။

➤ **ယုတ္တ, အယုတ္တသမာသ် ၂-ပါး** ။ ။ ထိုသမာသ်နာမ်သည်လည်း "သမသနံ သမာသော၊ သမသီယတီတိ ဝါ သမာသော" ဟူသော ဝစနတ္ထနှင့်အညီ ပုဒ်အချင်းချင်း ချဉ်း၍ သမာသ်ပြီးလတ်သော် ဝါကျအနက် အတွင်း ငုပ် မငုပ်သော သာမညလက္ခဏာ အားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား ယုတ္တသမာသ်, အယုတ္တ သမာသ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ယုတ္တသမာသ်** ။ ။ စပ်အပ်သောပုဒ်နှင့် စပ်သော သမာသ်သည် ယုတ္တသမာသ်

http://www.dhammadownload.com



မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော"တည်း။ ဤ 'ရာဇပုတ္တော'ဟူသော သမာသ်သည် 'ရာဇာ'ဟူသော ပုဒ်ကို စပ်အပ်သော 'ပုတ္တ'ဟူသော ပုဒ်နှင့် စပ်သောကြောင့် ယုတ္တသမာသ် မည်၏။ ➤ **အယုတ္တသမာသ်** ။ ။ စပ်အပ်သော ပုဒ်နှင့် မစပ်မူ၍ မစပ်အပ်သော ပုဒ်နှင့် စပ်သော သမာသ်သည် အယုတ္တသမာသ် မည်၏။ ပြယုဂ်ကား " န သဒ္ဒံ အသဒ္ဒံ၊ အသဒ္ဒံ ဘောဇီ အသဒ္ဒဘောဇီ" အစရှိသည်တည်း။ ဤ အသဒ္ဒဘောဇီ-ဟူသော သမာသ်သည် 'န'ဟူသောပုဒ်ကို စပ်အပ်သော 'ဘောဇီ'ဟူသော ပုဒ်နှင့် မစပ်မူ၍ မစပ်အပ်သော 'သဒ္ဒ'ဟူသော ပုဒ်နှင့် စပ်သောကြောင့် အယုတ္တသမာသ် မည်၏။ "သဒ္ဓံ ဘောဇီ သဒ္ဓဘောဇီ၊ န သဒ္ဓဘောဇီ အသဒ္ဓဘောဇီ"ဟု ဝစနတ္ထပြုသည် ရှိသော် 'န'ဟူသောပုဒ်ကို စပ်အပ်သော 'ဘောဇီ' ဟူသော ပုဒ်နှင့် စပ်သောကြောင့် အယုတ္တသမာသ် မည်၏။

➤ **လုတ္တ, အလုတ္တသမာသ်** ၂-ပါး ။ ။ တစ်နည်းကား လုတ္တသမာသ်, အလုတ္တသမာသ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **လုတ္တသမာသ်** ။ ။ ဝိဘတ်ကျေသော သမာသ်သည် လုတ္တသမာသ် မည်၏။ ပြယုဂ်ကား " ရညော ပုတ္တော ရာဇပုတ္တော"တည်း။ ဤ 'ရာဇပုတ္တော'ဟူသော သမာသ်သည် 'ရာဇ'နောင် ဆဋ္ဌီဝိဘတ်ကျေသောကြောင့် လုတ္တသမာသ် မည်၏။

➤ **အလုတ္တသမာသ်** ။ ။ ဝိဘတ် မကျေသော သမာသ်သည် အလုတ္တသမာသ် မည်၏။ ပြယုဂ်ကား "ဒီပံ ကရောတီတိ ဒီပင်္ကရော"တည်း။ ဤ 'ဒီပင်္ကရော'ဟူသော သမာသ်သည် 'ဒီပံ'၌ ဒုတိယာ အံဝိဘတ် မကျေသောကြောင့် အလုတ္တသမာသ်မည်၏

➤ **နိစ္စ, အနိစ္စသမာသ်** ။ ။ တစ်နည်းကား နိစ္စသမာသ်, အနိစ္စသမာသ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **နိစ္စသမာသ်** ။ ။ သမာသ်သာ ရှိ၍ ဝါကျ မရှိကောင်းသော သမာသ်သည် နိစ္စသမာသ် မည်၏။ ပြယုဂ်ကား "ကုမ္ဘံ ကရောတီတိ ကုမ္ဘကာရော"တည်း။ ဤ 'ကုမ္ဘကာရော'ဟူသော သမာသ်သည် ကုမ္ဘကာရော-ဟု သမာသ်သာ ရှိ၍ ကုမ္ဘံ ကာရော-ဟု ဝါကျ မရှိကောင်းသောကြောင့် နိစ္စသမာသ် မည်၏။

➤ **အနိစ္စသမာသ်** ။ ။ သမာသ်, ဝါကျ နှစ်ပါးစလုံး ရှိကောင်းသော သမာသ်သည် အနိစ္စသမာသ် မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော"တည်း။ ဤ 'ရာဇပုတ္တော'ဟူသော သမာသ်သည် 'ရာဇပုတ္တော'ဟူ၍ရင်း၊ 'ရညော ပုတ္တော'ဟူ၍ရင်း၊ သမာသ်, ဝါကျ နှစ်ပါးစုံ ရှိကောင်းသောကြောင့် အနိစ္စသမာသ် မည်၏။

➤ **သဒ္ဒ, စသော သမာသ်** ၃-ပါး ။ ။ တစ်နည်းကား သဒ္ဒသမာသ်, အတ္ထသမာသ် သဒ္ဒတ္ထသမာသ် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **သဒ္ဒသမာသ်** ။ ။ ဝိဘတ်သာ ကျေ၍ အနက် မစပ်သော သမာသ်သည် သဒ္ဒ

http://www.dhammadownload.com



သမာသ် မည်၏။ ပြယုဂ်ကား " န သဒ္ဓိ အသဒ္ဓိ၊ အသဒ္ဓိ ဗောဓိ အသဒ္ဓဗောဓိ" တည်း။ ဤ 'အသဒ္ဓဗောဓိ'ဟူသော သမာသ်သည် သိဝိဘတ်သာ ကျေ၍ အနက် မစစ် သောကြောင့် "သဒ္ဓသမာသ်" မည်၏။

➤ **အတ္ထသမာသ်** ။ ။ ၂။ အနက်သာစစ်၍ ဝိဘတ်မကျေသော သမာသ်သည် အတ္ထသမာသ် မည်၏။ ပြယုဂ်ကား "ဒိပိ ကရောတိတိ ဒိပင်္ကရော"တည်း။ ဤ 'ဒိပင် ရော'ဟူသော သမာသ်သည် အနက်သာစစ်၍ 'ဒိပံ' ၌ အံဝိဘတ် မကျေသောကြောင့် "အတ္ထသမာသ်" မည်၏။

➤ **သဒ္ဒတ္ထသမာသ်** ။ ။ ၃။ အနက်လည်းစစ်၊ ဝိဘတ်လည်းကျေသော သမာသ် သည် သဒ္ဒတ္ထသမာသ် မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော"တည်း။ ဤ 'ရာဇပုတ္တော'ဟူသော သမာသ်သည် အနက်လည်းစစ် ဆဋ္ဌီဝိဘတ်လည်း ကျေသော ကြောင့် "သဒ္ဒတ္ထသမာသ်" မည်၏။

➤ **အာဒိပဒ—စသော သမာသ် ၃—ပါး** ။ ။ တစ်နည်းကား-အာဒိပဒလောပသမာသ်, မဇ္ဈေပဒလောပသမာသ်, ဥတ္တရပဒလောပသမာသ်အားဖြင့် သုံးပါးအပြား ရှိ၏။ ထိုတွင်

**အာဒိပဒ လောပသမာသ်** ။ ။ ၁။ အစပုဒ်ကျေသောသမာသ်သည် အာဒိပဒလောပ သမာသ် မည်၏။ ပြယုဂ်ကား "ဒေဝေန ဒတ္တော ဒတ္တော"တည်း။ ဤ 'ဒတ္တော'ဟူသော သမာသ်သည် ဒေဝေန-ဟူသော အစပုဒ်ကျေသောကြောင့် အာဒိပဒလောပ သမာသ် မည်၏။ ➤ **မဇ္ဈေပဒလောပသမာသ်** ။ ။ အလယ်ပုဒ်ကျေသော သမာသ်သည် မဇ္ဈေ ပဒလောပ သမာသ် မည်၏။ ပြယုဂ်ကား "အဿေန ယုတ္တော ရထော အဿရထော" တည်း။ ဤ 'အဿရထော'ဟူသော သမာသ်သည် ယုတ္တ-ဟူသော အလယ်ပုဒ် ကျေ သောကြောင့် "မဇ္ဈေပဒလောပ သမာသ်" မည်၏။ ➤ **ဥတ္တရပဒလောပ သမာသ်** ။ ။ အဆုံးပုဒ်ကျေသော သမာသ်သည် ဥတ္တရပဒ လောပ သမာသ် မည်၏။ ပြယုဂ်ကား "ရူပဿ ဘဝေါ ရူပံ"တည်း။ ဤ 'ရူပံ'ဟူသော သမာသ်သည် ဘဝ-ဟူသော အဆုံးပုဒ် ကျေသောကြောင့် "ဥတ္တရပဒလောပသမာသ်" မည်၏။

➤ **ပုဗ္ဗပဒတ္ထပ္ပဓာန,စသော သမာသ် ၄—ပါး** ။ ။ တစ်နည်းကား ပုဗ္ဗပဒတ္ထပ္ပဓာန သမာသ်, ဥတ္တရပဒတ္ထပ္ပဓာနသမာသ်, ဥဘယပဒတ္ထပ္ပဓာနသမာသ်, အညပဒတ္ထပ္ပဓာန သမာသ် အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်--

➤ **ပုဗ္ဗပဒတ္ထပ္ပဓာနသမာသ်** ။ ။ အဗျယီဘောသမာသ်သည် ရှေ့ပုဒ်အနက် ပြဋ္ဌာန်း သောကြောင့် ပုဗ္ဗပဒတ္ထပ္ပဓာနသမာသ် မည်၏။

➤ **ဥတ္တရပဒတ္ထပ္ပဓာနသမာသ်** ။ ။ တပ္ပုရိသ်သမာသ်သည် နောက်ပုဒ်အနက် ပြဋ္ဌာန်းသောကြောင့် ဥတ္တရပဒတ္ထပ္ပဓာနသမာသ် မည်၏။

➤ **ဥဘယပဒတ္ထပ္ပဓာနသမာသ်** ။ ။ ဒွန်သမာသ်သည် နှစ်ပုဒ်အနက် ပြဋ္ဌာန်းသော

http://www.dhammadownload.com



ကြောင့် ဥဘာယပဒတ္ထပ္ပဓာနသမာသ် မည်၏။

➤ **အညပဒတ္ထပ္ပဓာနသမာသ်** ။ ။ ဗဟုဗ္ဗီဟိသမာသ်သည် အညပုဒ်အနက်ပြဋ္ဌာန်းသောကြောင့် အညပဒတ္ထပ္ပဓာနသမာသ် မည်၏။

➤ **သမာသ် ၆-ပါး** ။ ။ တစ်နည်းကား အဗျယီဘောသမာသ်, ကမ္မဓာရည်း, ဒိဂု, တပ္ပုရိသ်, ဗဟုဗ္ဗီဟိ, ဒွန်သမာသ် အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုတွင်--

➤ **အဗျယီဘောသမာသ်** ။ ။ ရှေ့ပုဒ်၌ ပဌမာ, နောက်ပုဒ်၌ ဝိဘတ်ခုနစ်သွယ်တို့တွင် တစ်လုံးလုံးကျေ၍ ဥပသာရပုဒ်, နိပါတ်ပုဒ် ရှေ့ရှိသော သမာသ်သည် "အဗျယာနံ အတ္ထံ ဘာဝေတီတိ အဗျယီဘာဝေါ" ဟူသော ဝစနတ္ထနှင့်အညီ လိင်သုံးပါး ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မဖျက်ကောင်းသောကြောင့် အဗျယ အမည်ရှိသော ဥပသာရပုဒ်, နိပါတ်ပုဒ်တို့၏အနက်ကို ပဓာနအားဖြင့် ပြတတ်သောကြောင့် အဗျယီဘောသမာသ် မည်၏။ ပြယုဂ်ကား "နဂရဿ သမီပေ ပဝတ္တတိ ကထာ ဣတိ ဥပနဂရံ"တည်း။ ဤသမာသ်သည် 'ဥပ'ဟူသော ဥပသာရပုဒ်၏ အနက်ကို ပဓာနအားဖြင့် ပြတတ်သောကြောင့် "အဗျယီဘောသမာသ်" မည်၏။

➤ **ကမ္မဓာရည်းသမာသ်** ။ ။ တူသောအနက်ရှိသည်ဖြစ်၍ ရှေ့ပုဒ် နောက်ပုဒ်တို့၌ ပဌမာဝိဘတ်ကျေသော သမာသ်သည်ရင်း၊ ရှေ့ပုဒ် နောက်ပုဒ်၌ ပဌမာဝိဘတ်ကျေ၍ 'စ'သဒ္ဒါနှစ်လုံး, 'တ'သဒ္ဒါတို့ဖြင့် မှတ်အပ်သော သမာသ်သည်ရင်း၊ "ကမ္မမိဝ ဒွယံ ဓာရေတီတိ ကမ္မဓာရယော"ဟူသော ဝစနတ္ထနှင့်အညီ "ဩဒနံ ပစတိ"ဟူသော ပြယုဂ်၌ 'ဩဒနံ'ဟူသော ကံသည် ကျက်ခြင်းတည်းဟူသော ကြိယာ, စားခြင်းတည်းဟူသော အကျိုးနှစ်ပါးကို ဆောင်သကဲ့သို့ တစ်ခုတည်းသော အနက်၌ နှစ်ပါးသောအမည်ကို ဆောင်တတ်သောကြောင့် "ကမ္မဓာရည်းသမာသ်" မည်၏။

ပြယုဂ်ကား "မဟန္တော ပုရိသော မဟာပုရိသော, မဟန္တော စ သော ပုရိသော စာတိ မဟာပုရိသော"တည်း။ ဤ 'မဟာပုရိသော'ဟူသော သမာသ်သည် မဟန္တသဒ္ဒါသည် မြတ်သောဂုဏ်ကို အကြောင်းပဝတ္တိနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို, ပုရိသ-သဒ္ဒါသည်လည်း ယောကျ်ားတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်ကို အကြောင်းပဝတ္တိနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို ဟောသည်ဖြစ်၍ ယောကျ်ားဖြစ်တည်းဟူသော အနက်သည် 'မဟန္တ'ဟူသောအမည်, 'ပုရိသ'ဟူသော အမည်နှစ်ပါးကို ဆောင်တတ်သောကြောင့် "ကမ္မဓာရည်းသမာသ်" မည်၏။

➤ **ဒိဂုသမာသ်** ။ ။ ရှေ့ပုဒ် နောက်ပုဒ်၌ ပဌမာဝိဘတ်ကျေ၍ သင်္ချာရှေ့ရှိသော သမာသ်သည် "ဒွေ ဂါဝေါ ဒိဂု၊ ဒိဂုဝိယာတိ ဒိဂု"ဟူသော ဝစနတ္ထနှင့်အညီ 'ဒိဂု'သဒ္ဒါသည် 'ဒွိ'ဟူသော သင်္ချာသဒ္ဒါ ရှေ့ရှိသကဲ့သို့ သင်္ချာရှေ့ရှိသည်၏ အဖြစ်ဖြင့် 'ဒိဂု'သဒ္ဒါနှင့် တူသောကြောင့် "ဒိဂုသမာသ်" မည်၏။ ပြယုဂ်ကား တယော လောကာ တိလောကံ

http://www.dhammadownload.com



တည်း။ ဤ 'တိလောကံ'ဟူသော သမာသ်သည် 'ဒိဂု'သဒ္ဒါသည် 'ဒွိ'ဟူသော သချ်ာရှေ့ရှိသကဲ့သို့ 'တိ'ဟူသော သချ်ာရှေ့ရှိသော အဖြစ်ဖြင့် 'ဒိဂု'သဒ္ဒါနှင့်တူသောကြောင့် ဒိဂုသမာသ် မည်၏။

➤ **တပ္ပုရိသ်သမာသ်** ။ ။ ရှေ့ပုဒ် နောက်ပုဒ်၌ ပထမာဝိဘတ်ကျေ၍ နသဒ္ဒါ, သချ်ာသဒ္ဒါတို့ဖြင့် မှတ်အပ်သော သမာသ်သည်ငှင်း၊ ယေဘုယျအားဖြင့် ရှေ့ပုဒ်၌ ဒုတိယာ, စသော ဝိဘတ်ခြောက်သွယ်တို့တွင် တစ်လုံးလုံးကျေ၍ နောက်ပုဒ်၌ ပထမာဝိဘတ်ကျေသော သမာသ်သည်ငှင်း၊ "တဿ ပုရိသော တပ္ပုရိသော၊ တပ္ပုရိသော ဝိယာတိ တပ္ပုရိသော" ဟူသော ဝစနတ္ထနှင့်အညီ 'တပ္ပုရိသ'သဒ္ဒါသည် နောက်ပုဒ်အနက် ပြဋ္ဌာန်းသကဲ့သို့ နောက်ပုဒ်အနက် ပြဋ္ဌာန်းသောအဖြစ်ဖြင့် 'တပ္ပုရိသ'သဒ္ဒါနှင့် တူသောကြောင့် "တပ္ပုရိသ်သမာသ်" မည်၏။

ပြယုဂ်ကား " န ဗြာဟ္မဏော အဗြာဟ္မဏော၊ တယော လောကာ တိလောကံ၊ ဘူမိံ ဂတော ဘူမိဂတော"တည်း။ ဤပြယုဂ်တို့တွင် 'အဗြာဟ္မဏော'ဟူသော သမာသ်သည် 'န'သဒ္ဒါသည် သဒိသဘောကို အကြောင်းပဝတ္တိနိမိတ်ပြု၍ ပုဏ္ဏားတူဖြစ်သော လူဖြဲဖ်ကို, ဗြာဟ္မဏ သဒ္ဒါသည်လည်း သဒိသဘောကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ ပုဏ္ဏားတူဖြစ်သော လူဖြဲဖ်ကို ဟောသည်ဖြစ်၍ ထိုသို့ဟောရာ၌လည်း 'န'သဒ္ဒါသည် နိပါတ်ပုဒ်ဖြစ်၍ ဇောတကမျှသာ ဖြစ်သောကြောင့် 'ဗြာဟ္မဏ'ဟူသော နောက်ပုဒ်အနက် ပြဋ္ဌာန်းသောအဖြစ်ဖြင့် တပ္ပုရိသ-သဒ္ဒါနှင့်တူသောကြောင့် **တပ္ပုရိသ်သမာသ်** မည်၏။

'**တိလောကံ**'ဟူသော သမာသ်သည် 'တိ'ဟူသော သချ်ာသဒ္ဒါသည် ဝိသေသနမျှသာ ဖြစ်၍ 'လောကံ'ဟူသော နောက်ပုဒ်အနက် ပြဋ္ဌာန်းသော အဖြစ်ဖြင့် တပ္ပုရိသ-သဒ္ဒါနှင့်တူသောကြောင့် "တပ္ပုရိသ်သမာသ်" မည်၏။

'**ဘူမိဂတော**'ဟူသော သမာသ်သည် ဘူမိ-သဒ္ဒါသည် ဝိသေသနမျှသာဖြစ်၍ 'ဂတော'ဟူသော နောက်ပုဒ်အနက် ပြဋ္ဌာန်းသော အဖြစ်ဖြင့် တပ္ပုရိသ- သဒ္ဒါနှင့်တူသောကြောင့် "တပ္ပုရိသ်သမာသ်" မည်၏။

➤ **ဗဟုဗ္ဗီဟိသမာသ်** ။ ။ 'ယ, တ, ဧတ, ဣမ'ဟူသော အညပုဒ်အနက် ပြဋ္ဌာန်းသော သမာသ်သည် "ဗဟဝေါ ဝီဟယော ယဿာတိ ဗဟုဗ္ဗီဟိ"ဟူသော ဝစနတ္ထနှင့်အညီ 'ဗဟုဗ္ဗီဟိ'သဒ္ဒါသည် 'ယဿ'ဟူသော အညပုဒ်အနက် ပြဋ္ဌာန်းသကဲ့သို့ အညပုဒ်အနက် ပြဋ္ဌာန်းသောအဖြစ်ဖြင့် ဗဟုဗ္ဗီဟိ-သဒ္ဒါနှင့် တူသောကြောင့် ဗဟုဗ္ဗီဟိသမာသ် မည်၏။ ပြယုဂ်ကား "**ဇိတာနိ ဣန္ဒြိယာနိ အနေန သမဏေန သောယံ ဇိတိန္ဒြိယော**" တည်း။ ဤ 'ဇိတိန္ဒြိယော'ဟူသော သမာသ်သည် 'ဗဟုဗ္ဗီဟိ'သဒ္ဒါသည် 'ယဿ'ဟူသော အညပုဒ်အနက်ပြဋ္ဌာန်းသကဲ့သို့ 'အနေန သမဏေန'ဟူသော အညပုဒ်အနက် ပြဋ္ဌာန်းသော အဖြစ်ဖြင့် 'ဗဟုဗ္ဗီဟိ'သဒ္ဒါနှင့်တူသောကြောင့် "ဗဟုဗ္ဗီဟိသမာသ်" မည်၏။

http://www.dhammadownload.com



> **ဒွန်္ဒသမာသ်** ။ ။ ရှေ့ပုဒ် နောက်ပုဒ်၌ ပထမာဝိဘတ်ကျေ၍ 'စ'သဒ္ဒါနှစ်လုံးဖြင့် မှတ်အပ်သော သမာသ်သည် "ဒွေဒွေ နဝါ ဒွန္ဒာ၊ ဒွန္ဒာဝိယာတိ ဒွန္ဒော"ဟူသော ဝစနတ္ထနှင့်အညီ နှစ်ပုဒ်အနက် ပြဋ္ဌာန်းသောအဖြစ်ဖြင့် နှစ်စင်း နှစ်စင်းသော လှေနှင့်တူသောကြောင့် ဒွန်္ဒသမာသ် မည်၏။ ပြယုဂ်ကား "သမဏောစ ဗြာဟ္မဏောစ သမဏဗြာဟ္မဏာ"တည်း။ ဤ ဒွန်္ဒသမာသ်သည် 'သမဏ'ဟူသော, 'ဗြာဟ္မဏ'ဟူသော နှစ်ပုဒ်အနက် ပြဋ္ဌာန်းသောအဖြစ်ဖြင့် နှစ်စင်း နှစ်စင်းသော လှေနှင့်တူသောကြောင့် " ဒွန်္ဒသမာသ်" မည်၏။

> **ဧကတ္ထီဘော လက္ခဏာ** ။ ။ "နာမာနံ သမာသော ယုတ္တတ္ထော"ဟူသော သုတ်၌ ပေါင်းအပ် ယှဉ်အပ်သော အနက်ရှိသော ယုတ္တတ္ထ-သဒ္ဒါကို ဆိုခြင်းကြောင့် "ဧကတ္ထီဘာဝေါ သမာသလက္ခဏံ"ဟူသော ပရိဘာသာနှင့်အညီ ခပ်သိမ်းသော သမာသ်သည် ဧကတ္ထီဘော မည်၏။ [အဘယ်သို့ ဧကတ္ထီဘော ဖြစ်သနည်းဟူမူကား ထိုခြောက်ပါးသော သမာသ်တို့တွင်--]

> **အဗျယီဘော၏ ဧကတ္ထီဘောဖြစ်ပုံ** ။ ။ 'ဥပနဂရံ'ဟူသော အဗျယီဘောသမာသ်သည် မြို့ဖြစ်၏ အနီးဖြစ်သော စကားဖြစ်နှင့် သမီပီ-သမီပ အဖြစ်ဖြင့် စပ်ခြင်းသည် သမ္ဗန္ဓသကတ် မည်၏။ 'နဂရ'သဒ္ဒါသည် 'ဥပနဂရံ'ဟု သမာသ်ပြီးလတ်သော် ထိုသမ္ဗန္ဓသကတ် အနက်ကိုသာ ယူ၍ မိမိသည် ဟောအပ်သောကြောင့် မြို့ဖြစ်တည်းဟူသော အနက်ကို စွန့်၍ 'ဥပ'သဒ္ဒါသည် ဟောအပ်သော အနီးဖြစ်သော စကားဖြစ်တည်းဟူသော အနက်ကို ဟောသည်ဖြစ်၍ မြို့၏အနီးဖြစ်သော စကားဖြစ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'ဥပနဂရံ'ဟူသော အဗျယီဘောသမာသ်သည် ဧကတ္ထီဘောဖြစ်၏

> **ကမ္မဓာရည်း၏ ဧကတ္ထီဘောဖြစ်ပုံ** ။ ။ 'မဟာပုရိသော'ဟူသော ကမ္မဓာရည်းသမာသ်၌ မဟန္တ-သဒ္ဒါသည် မြတ်သောဂုဏ်ကို အကြောင်းပဝတ္တိနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို 'ပုရိသ'သဒ္ဒါသည်လည်း ယောကျ်ားတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်ကို အကြောင်းပဝတ္တိနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို ဟောသည်ဖြစ်၍ ယောကျ်ားဖြစ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'မဟာပုရိသော'ဟူသော ကမ္မဓာရည်းသမာသ်သည် ဧကတ္ထီဘော ဖြစ်၏။

> **ဒိဂုသမာသ်၏ ဧကတ္ထီဘောဖြစ်ပုံ** ။ ။ 'တိလောကံ'ဟူသော ဒိဂုသမာသ်၌ 'တိ' သဒ္ဒါသည် သုံးခုအရေအတွက် သင်္ချာတည်းဟူသော ဂုဏ်ကို အကြောင်းပဝတ္တိနိမိတ်ပြု၍ လူဖြစ်ကို၊ 'လောက'သဒ္ဒါသည်လည်း လူတို့၏ တစ်ယောက်သည် တစ်ယောက်နှင့်တူသော အခြင်းအရာဟုဆိုအပ်သော ဇာတ်ကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ လူဖြစ်ကို ဟောသည်ဖြစ်၍ လူဖြစ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် ' တိလောက'ဟူသော ဒိဂုသမာသ်သည် ဧကတ္ထီဘော ဖြစ်၏။

http://www.dhammadownload.com



➤ **တပ္ပုရိသ်၏ ကေဝဋ္ဌိဘောဖြစ်ပုံ ။ ။** 'အဗြာဟ္မဏော'ဟူသော တပ္ပုရိသ်သမာသ်၌ 'န'သဒ္ဒါသည် သဒိသဘောကို အကြောင်း ပဝတ္တနိမိတ်ပြု၍ ပုဏ္ဏားတုဖြစ်သော လူဖြစ်ကို၊ 'ဗြာဟ္မဏ'သဒ္ဒါသည်လည်း သဒိသဘောကို အကြောင်း ပဝတ္တနိမိတ်ပြု၍ လူဖြစ်ကို ဟောသည်ဖြစ်၍ ပုဏ္ဏားတုဖြစ်သော လူဖြစ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'အဗြာဟ္မဏော'ဟူသော တပ္ပုရိသ်သမာသ်သည် ဧကတ္ထိဘော ဖြစ်၏။ 'တိလောကံ'ဟူသော တပ္ပုရိသ်သမာသ်၌ 'တိ'သဒ္ဒါသည် သုံးခုအရေအတွက် သင်္ချာတည်းဟူသော ဂုဏ်ကို အကြောင်း ပဝတ္တနိမိတ်ပြု၍ လူဖြစ်ကို၊ 'လောက' သဒ္ဒါသည်လည်း လူတို့၏ တစ်ယောက်သည် တစ်ယောက်နှင့် တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်ကို အကြောင်း ပဝတ္တနိမိတ်ပြု၍ လူဖြစ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'တိလောကံ'ဟူသော တပ္ပုရိသ်သမာသ်သည် ဧကတ္ထိဘော ဖြစ်၏။ * 'ဘူမိဂတော'ဟူသော တပ္ပုရိသ်သမာသ်၌ မြေဖြစ်တည်းဟူသော ကမ္မကာရက၏ သွားခြင်းကြိယာနှင့် သာဓေ-သာဓေတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်းသည် ကြိယာကာရက သမ္ဗန်မည်၏။ 'ဘူမိ'သဒ္ဒါသည် 'ဘူမိဂတော'ဟု သမာသ်ပြီးလတ်သော် ထိုကြိယာကာရက သမ္ဗန်အနက်မျှကို ယူ၍ မိမိသည် ဟောအပ်သော မြေဖြစ်တည်းဟူသော အနက်ကို စွန့်၍ 'ဂတော'ဟူသော နောက်ပုဒ်အရဖြစ်သော သွားတတ်သော လူဖြစ်တည်းဟူသော အနက်ကိုဟောသည်ဖြစ်၍ သွားတတ်သော လူဖြစ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'ဘူမိဂတော'ဟူသော တပ္ပုရိသ်သမာသ်သည် ဧကတ္ထိဘော ဖြစ်၏။

➤ **ဗဟုဗ္ဗိဟိသမာသ်၏ ဧကတ္ထိဘောဖြစ်ပုံ ။ ။** " ဇိတိန္ဒြိယော " ဟူသော ဗဟုဗ္ဗိဟိသမာသ်၌ ဣန္ဒြေဖြစ်တည်းဟူသော ကမ္မကာရက, ရဟန်းဖြစ်တည်းဟူသော ကတ္တုကာရကတို့၏ အောင်ခြင်းကြိယာနှင့် သာဓေ-သာဓေတဗ္ဗ အဖြစ်ဖြင့် စပ်ခြင်းသည် ကြိယာကာရကသမ္ဗန်မည်၏။ 'ဇိတ'သဒ္ဒါ, ဣန္ဒြိယသဒ္ဒါတို့သည် 'ဇိတိန္ဒြိယော'ဟု သမာသ်ပြီးလတ်သော် ထိုကြိယာကာရကသမ္ဗန် အနက်မျှကိုယူ၍ မိမိသည်ဟောအပ်သော အောင်အပ်သော ဣန္ဒြေဟူသော အနက်ကိုစွန့်၍ 'အနေန သမဏေန'ဟူသော အညပုဒ်သည် ဟောအပ်သော ရဟန်းဖြစ်တည်းဟူသော အနက်ကိုဟောသည်ဖြစ်၍ ရဟန်းဖြစ်တည်းဟူသော တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'ဇိတိန္ဒြိယော'ဟူသော ဗဟုဗ္ဗိဟိသမာသ်သည် ဧကတ္ထိဘော ဖြစ်၏။

➤ **ဒွန္ဒသမာသ်၏ ဧကတ္ထိဘောဖြစ်ပုံ ။ ။** "သမဏဗြာဟ္မဏာ"ဟူသော ဒွန္ဒသမာသ်၌ 'သမဏ' သဒ္ဒါသည် ရဟန်းဖြစ်တည်းဟူသော မိမိအနက်ကို အရင်းပြုသဖြင့် 'စ'သဒ္ဒါသည် ဟောအပ်သော ပုဏ္ဏားဖြစ်တည်းဟူသော သမုစ္စေတဗ္ဗအနက်ကိုလည်းဟောသည်၊ ဗြာဟ္မဏ-သဒ္ဒါသည်လည်း ပုဏ္ဏားဖြစ်တည်းဟူသော မိမိအနက်ကို အရင်းပြုသဖြင့်

http://www.dhammadownload.com



'စ'သဒ္ဒါသည် ဟောအပ်သော ရဟာန်းဖြစ်တည်းဟူသော သမုစ္စယတဗ္ဗ အနက်ကိုလည်း ဟောသည်ဖြစ်၍ ရဟာန်းပုဏ္ဏား နှစ်ပါးစုံတည်းဟူသော အနက်သည် 'သမဏ'သဒ္ဒါ၊ 'ဗြာဟ္မဏ'သဒ္ဒါ၏ အနက်အဖြစ်ဖြင့် တစ်ခုတည်းသော အနက်ရှိခြင်းကြောင့် 'သမဏ ဗြာဟ္မဏာ'ဟူသော ဒွန်သမာသ်သည် ဧကဝုတ္တိသော ဖြစ်၏။

➤ **အဗျယီဘော ၇-ပါး** ။ ။ ထိုခြောက်ပါးသော သမာသ်တို့တွင် အဗျယီဘော သမာသ်သည် ပထမာ အဗျယီဘောသမာသ်, ဒုတိယာ, တတိယာ, စတုတ္ထီ, ပဉ္စမီ, ဆဋ္ဌီ သတ္တမီ အဗျယီဘောသမာသ်အားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ပထမာ အဗျယီဘောသမာသ်** ။ ။ နောက်ပုဒ်၌ ပထမာဝိဘတ်ကျေသော အဗျယီဘောသမာသ်သည် ပထမာ အဗျယီဘောသမာသ် မည်၏။ ပြယုဂ်ကား "ယေ ယေ ဝုဍ္ဎာ ယထာဝုဍ္ဎံ"တည်း။ ဤ 'ယထာဝုဍ္ဎံ'ဟူသော သမာသ်သည် ဝုဍ္ဎံ-ဟူသော နောက် ပုဒ်၌ ပထမာဝိဘတ်ကျေသောကြောင့် "ပထမာ အဗျယီဘောသမာသ်" မည်၏။

➤ **ဒုတိယာ အဗျယီဘောသမာသ်** ။ ။ နောက်ပုဒ်၌ ဒုတိယာဝိဘတ် ကျေသော သမာသ်သည် ဒုတိယာ အဗျယီဘောသမာသ် မည်၏။ ပြယုဂ်ကား " စိတ္တံ မဓိကိစ္စ ပဝတ္တန္တိ တေ ဓမ္မာတိ အဓိစိတ္တံ" တည်း။ ဤ 'အဓိစိတ္တံ'ဟူသော သမာသ်သည် 'စိတ္တံ' ဟူသော နောက်ပုဒ်၌ ဒုတိယာဝိဘတ် ကျေသောကြောင့် "ဒုတိယာ အဗျယီဘော သမာသ်" မည်၏။ ➤ **တတိယာ အဗျယီဘောသမာသ်** ။ ။နောက်ပုဒ်၌ တတိယာ ဝိဘတ်ကျေသော သမာသ်သည် တတိယာ အဗျယီဘောသမာသ် မည်၏။ ပြယုဂ်ကား "ကောကိလေန အဝကုဋ္ဌံ ဝနံ အဝကောကိလံ"တည်း။ "ကောကိလေန၊ဥဩသည်။ အဝကုဋ္ဌံ၊စက်ဆုပ်အပ်သော။ဝနံ၊တောတည်း။အဝကောကိလံ၊ဥဩသည် စက်ဆုပ်အပ် သော တော။" ဤ'အဝကောကိလံ'ဟူသော သမာသ်သည် 'ကောကိလ'ဟူသော နောက် ပုဒ်၌ တတိယာဝိဘတ် ကျေသောကြောင့် "တတိယာ အဗျယီဘောသမာသ်" မည်၏။

➤ **စတုတ္ထီ အဗျယီဘောသမာသ်** ။ ။ နောက်ပုဒ်၌ စတုတ္ထီဝိဘတ် ကျေသော သမာသ်သည် စတုတ္ထီ အဗျယီဘောသမာသ် မည်၏။ ပြယုဂ်ကား "ကမဿ အနုရူပံ ယထာက္ကမံ"တည်း။ ဤ 'ယထာက္ကမံ'ဟူသော သမာသ်သည် 'ကမ'ဟူသော နောက်ပုဒ် ၌ စတုတ္ထီဝိဘတ် ကျေသောကြောင့် စတုတ္ထီ အဗျယီဘောသမာသ် မည်၏။

➤ **ပဉ္စမီ အဗျယီဘောသမာသ်** ။ ။ နောက်ပုဒ်၌ ပဉ္စမီဝိဘတ် ကျေသော သမာသ် သည် ပဉ္စမီ အဗျယီဘောသမာသ် မည်၏။ ပြယုဂ်ကား "ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ" တည်း။ ဤ 'နိဗ္ဗာနံ'ဟူသော သမာသ်သည် 'ဝါန'ဟူသော နောက်ပုဒ်၌ ပဉ္စမီဝိဘတ် ကျေသောကြောင့် "ပဉ္စမီ အဗျယီဘောသမာသ်" မည်၏။

➤ **ဆဋ္ဌီ အဗျယီဘောသမာသ်** ။ ။ နောက်ပုဒ်၌ ဆဋ္ဌီဝိဘတ်ကျေသော သမာသ် သည် ဆဋ္ဌီ အဗျယီဘောသမာသ် မည်၏။ ပြယုဂ်ကား " နဂရဿ သမီပေ ပဝတ္တာတိ

http://www.dhammadownload.com



ကာယာ ဂ္ဂတိ ဥပနဂရိ" တည်း။ ဤ 'ဥပနဂရံ'ဟူသော သမာသ်သည် 'နဂရံ'ဟူသော နောက်ပုဒ်၌ ဆဋ္ဌီဝိဘတ်ကျေသောကြောင့် "ဆဋ္ဌီ အဗျယီဘာဝသမာသ်" မည်၏။

➤ **သတ္တမီ အဗျယီဘာဝသမာသ်** ။ ။ နောက်ပုဒ်၌ သတ္တမီဝိဘတ် ကျေသော သမာသ်သည် သတ္တမီ အဗျယီဘာဝသမာသ် မည်၏။ ပြယုဂ်ကား "ကုမာရီသု အဓိ ကိစ္စ ပဝတ္တတိ ကထာ ဂ္ဂတိ အဓိကုမာရိ"တည်း။ ဤ 'အဓိကုမာရိ'ဟူသော သမာသ်သည် 'ကုမာရိ'ဟူသော နောက်ပုဒ်၌ သတ္တမီဝိဘတ် ကျေသောကြောင့် " သတ္တမီ အဗျယီဘာဝသမာသ်" မည်၏။

➤ **ကမ္မဓာရည်း ၉-ပါး** ။ ။ ကမ္မဓာရည်းသမာသ်သည်လည်း ဝိသေသန ပုဗ္ဗပဒ ကမ္မဓာရည်း, ဝိသေသန ပရပဒကမ္မဓာရည်း, ဝိသေသနောဘယပဒကမ္မဓာရည်း, ဥပမာ ကမ္မဓာရည်း, သမ္ဘာဝနာကမ္မဓာရည်း, အဝဓာရဏကမ္မဓာရည်း,ကုနိပါတ ပုဗ္ဗပဒ ကမ္မ ဓာရည်း, န နိပါတပုဗ္ဗပဒကမ္မဓာရည်း, ပါဒိပုဗ္ဗပဒကမ္မဓာရည်း, အားဖြင့် ကိုးပါးအပြား ရှိ၏။ ထိုတွင်-- ➤ **ဝိသေသနပုဗ္ဗပဒ** ။ ။ ဝိသေသနပုဒ် ရှေ့ရှိသော ကမ္မဓာရည်း သမာသ်သည် ဝိသေသနပုဗ္ဗပဒ ကမ္မဓာရည်းသမာသ် မည်၏။ ပြယုဂ်ကား "မဟန္တော ပုရိသော မဟာပုရိသော"တည်း။ ဤ 'မဟာပုရိသော' ဟူသော ကမ္မဓာရည်းသမာသ် သည် 'မဟန္တ'ဟူသော ဝိသေသနပုဒ် ရှေ့ရှိသောကြောင့် "ဝိသေသနပုဗ္ဗပဒကမ္မဓာရည်း သမာသ်" မည်၏။ ➤ **ဝိသေသန ပရပဒ ကမ္မဓာရည်း** ။ ။ ဝိသေသနပုဒ် နောက်ရှိ သော ကမ္မဓာရည်းသမာသ်သည် ဝိသေသန ပရပဒ ကမ္မဓာရည်းသမာသ် မည်၏။ ပြ ယုဂ်ကား " ဂဏှော စ သော ဥတ္တမောစာတိ ဂဏှုတ္တမော"တည်း။ ဤ 'ဂဏှုတ္တမော' ဟူ သော ကမ္မဓာရည်းသမာသ်သည် 'ဥတ္တမ'ဟူသော ဝိသေသနပုဒ် နောက်ရှိသောကြောင့် "ဝိသေသန ပရပဒ ကမ္မဓာရည်းသမာသ်" မည်၏။

➤ **ဝိသေသနောဘယပဒ ကမ္မဓာရည်း** ။ ။ ဝိသေသနနှစ်ပုဒ်ရှိသော ကမ္မဓာရည်း သမာသ်သည် "ဝိသေသနောဘယပဒ ကမ္မဓာရည်းသမာသ်" မည်၏။ ပြယုဂ်ကား "သဏှော စ သော သုခုမောစာတိ သဏှသုခုမော"တည်း။ ဤ 'သဏှသုခုမော'ဟူသော ကမ္မဓာရည်းသမာသ်သည် 'သဏှ'ဟူသော 'သုခုမ'ဟူသော ဝိသေသန နှစ်ပုဒ်ရှိသော ကြောင့် "ဝိသေသနောဘယပဒ ကမ္မဓာရည်းသမာသ်" မည်၏။

➤ **ဥပမာ ကမ္မဓာရည်း** ။ ။ ဥပမာပုဒ်ရှိသော ကမ္မဓာရည်းသမာသ်သည် ဥပမာ ကမ္မဓာရည်းသမာသ် မည်၏။ ပြယုဂ်ကား "သီဟော ဣဝါတိ သီဟော၊ မုနိ စ သော သီဟောစာတိ မုနိသီဟော" တည်း။ ဤ 'မုနိသီဟော' ဟူသော ကမ္မဓာရည်းသမာသ် သည် 'သီဟ'ဟူသော ဥပမာပုဒ်ရှိသောကြောင့် ဥပမာကမ္မဓာရည်းသမာသ် မည်၏။ [ဥပမာ နုတ္တရ ကမ္မဓာရည်းဟူ၍လည်း ဆိုအပ်၏။]

➤ **သမ္ဘာဝနာ ကမ္မဓာရည်း** ။ ။ နှိုးဆွောက်ခြင်းအနက်ကို ဟောသော ဣတိ, ဟုတ္ဝာ,

F26-A

http://www.dhammadownload.com



သဒ္ဒိတ,စသော သဒ္ဒါကျေသော ကမ္မဓာရည်းသမာသ်သည် သမ္ဘာဝနာ ကမ္မဓာရည်း သမာသ် မည်၏။ ပြယုဂ်ကား "အနိစ္စံ ဣတိ သညာ အနိစ္စသညာ"တည်း။ ဤ 'အနိစ္စသညာ'ဟူသော ကမ္မဓာရည်းသမာသ်သည် ချီးမြှောက်ခြင်းအနက်ကိုဟောသော 'ဣတိ'သဒ္ဒါကျေသောကြောင့် "သမ္ဘာဝနာ ကမ္မဓာရည်းသမာသ်" မည်၏။

➤ **အဝဓာရဏကမ္မဓာရည်း** ॥ ॥ ပိုင်းခြားခြင်းအနက်ကိုဟောသော 'ဧဝ'သဒ္ဒါ ကျေသော ကမ္မဓာရည်းသမာသ်သည် အဝဓာရဏ ကမ္မဓာရည်းသမာသ်မည်၏။ ပြယုဂ်ကား "ဂုဏော ဧဝ ဓနံ ဂုဏဓနံ"တည်း။ ဤ'ဂုဏဓနံ'ဟူသော ကမ္မဓာရည်းသမာသ် သည် ပိုင်းခြားခြင်းအနက်ကိုဟောသော 'ဧဝ'သဒ္ဒါ ကျေသောကြောင့် "အဝဓာရဏ ကမ္မဓာရည်းသမာသ်" မည်၏။

➤ **ကုနိပါတပုဗ္ဗပဒ ကမ္မဓာရည်း** ॥ ॥ ကုနိပါတ်ပုဒ် ရှေ့ရှိသော ကမ္မဓာရည်း သမာသ်သည် ကုနိပါတပုဗ္ဗပဒ ကမ္မဓာရည်းသမာသ် မည်၏။ ပြယုဂ်ကား " ကုစ္ဆိတော ပုတ္တော ကုပုတ္တော"တည်း။ ဤ 'ကုပုတ္တော'ဟူသော ကမ္မဓာရည်းသမာသ်သည် 'ကု' နိပါတ်ပုဒ် ရှေ့ရှိသောကြောင့် "ကုနိပါတပုဗ္ဗပဒ ကမ္မဓာရည်းသမာသ်" မည်၏။

➤ **န နိပါတပုဗ္ဗပဒ ကမ္မဓာရည်း** ॥ ॥ နနိပါတ်ပုဒ် ရှေ့ရှိသော ကမ္မဓာရည်းသမာသ် သည် န နိပါတပုဗ္ဗပဒကမ္မဓာရည်းသမာသ်မည်၏။ ပြယုဂ်ကား "န ဗြာဟ္မဏော အ ဗြာဟ္မဏော"တည်း။ ဤ 'အဗြာဟ္မဏော'ဟူသော ကမ္မဓာရည်းသမာသ်သည် 'န'နိပါတ် ပုဒ် ရှေ့ရှိသောကြောင့် "န နိပါတပုဗ္ဗပဒကမ္မဓာရည်းသမာသ်" မည်၏။

➤ **ပါဒိပုဗ္ဗပဒကမ္မဓာရည်း** ॥ ॥ 'ပ' အစရှိသော ဥပသာရ ရှေ့ရှိသော ကမ္မဓာရည်း သမာသ်သည် ပါဒိပုဗ္ဗပဒကမ္မဓာရည်းသမာသ် မည်၏။ ပြယုဂ်ကား " ပကဋ္ဌံ ဝစနံ ပါဝစနံ"တည်း။ ဤ 'ပါဝစနံ'ဟူသော ကမ္မဓာရည်းသမာသ်သည် 'ပ'ဟူသော ဥပသာရ ရှေ့ရှိသောကြောင့် "ပါဒိပုဗ္ဗပဒကမ္မဓာရည်းသမာသ်" မည်၏။

➤ **ဒိဂု ၂-ပါး** ॥ ॥ ဒိဂုသမာသ်သည်လည်း သမာဟာရဒိဂု, အသမာဟာရဒိဂု အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **သမာဟာရဒိဂု** ॥ ॥ နပုံဧကတ်ငဲ့၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသော ဒိဂုသည် သမာဟာရဒိဂု မည်၏။ ပြယုဂ်ကား "တယော လောကာ တိလောကံ" တည်း။ ဤ 'တိလောကံ'ဟူသောသမာသ်သည် နပုံဧကတ်ငဲ့၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသောကြောင့် "သမာဟာရဒိဂု" မည်၏။ ➤ **အသမာဟာရဒိဂု** ॥ ॥ နပုံဧကတ် မငဲ့မူ၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသော ဒိဂုသည် အသမာဟာရဒိဂု မည်၏။ ပြယုဂ်ကား "ပဉ္စ ဣန္ဒြိယာနိ ပဉ္စိန္ဒြိယာနိ"တည်း။ ဤ 'ပဉ္စိန္ဒြိယာနိ'ဟူသော သမာသ်သည် နပုံဧကတ် မငဲ့မူ၍ ဗဟုဝုစ် ဝိဘတ် အဆုံးရှိသောကြောင့် "အသမာဟာရဒိဂု" မည်၏။

➤ **တစ်နည်း ဒိဂု ၂-ပါး** ॥ ॥ တစ်နည်းကား ဧကဘာဝိဒိဂု, အနေကဘာဝိဒိဂု

http://www.dhammadownload.com



အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် -- သမာဟာရဒိဂုသည် ဧကဘာဝဒိဂု မည်၏။ အသမာဟာရဒိဂုသည် အနေကဘာဝဒိဂု မည်၏။

➤ **တပ္ပုရိသ် ၂-ပါး** ॥ ॥ တပ္ပုရိသ်သမာသ်သည်လည်း မိဿကတပ္ပုရိသ်, သုဒ္ဓတပ္ပုရိသ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-- ကမ္မဓာရည်း, ဒိဂု လက္ခဏာနှင့်ရောသော တပ္ပုရိသ်သမာသ်သည် မိဿကတပ္ပုရိသ် မည်၏။ ကမ္မဓာရည်း, ဒိဂုလက္ခဏာနှင့် မရောသော တပ္ပုရိသ်သမာသ်သည် သုဒ္ဓတပ္ပုရိသ် မည်၏။

➤ **မိဿကတပ္ပုရိသ် ၂-ပါး** ॥ ॥ ထိုတွင် မိဿကတပ္ပုရိသ်သည်လည်း ကမ္မဓာရယမိဿကတပ္ပုရိသ်, ဒိဂုမိဿကတပ္ပုရိသ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ကမ္မဓာရယမိဿကတပ္ပုရိသ်** ॥ ॥ တူသောအနက်ရှိသည်၏ အဖြစ်တည်းဟူသော ကမ္မဓာရည်း လက္ခဏာနှင့်ရောသော မိဿကတပ္ပုရိသ်သည် ကမ္မဓာရယမိဿကတပ္ပုရိသ် မည်၏။ ပြယုဂ်ကား " န ဗြာဟ္မဏော အဗြာဟ္မဏော" အစရှိသည်တည်း။ ဤပြယုဂ်၌ 'န'သဒ္ဒါသည် သဒိသဘောကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ ပုဏ္ဏားတုဖြစ်သော လူဒြဝ်ကို၊ 'ဗြာဟ္မဏ'သဒ္ဒါသည်လည်း သဒိသဘောကို အကြောင်းပဝတ္တိနိမိတ်ပြု၍ ပုဏ္ဏားတုဖြစ်သော လူဒြဝ်ကို ဟောသည်ဖြစ်၍ ပုဏ္ဏားတုဖြစ်သော လူဒြဝ်တည်းဟူသော တူသောအနက်ရှိသည်၏ အဖြစ်တည်းဟူသော ကမ္မဓာရည်းလက္ခဏာနှင့် ရောသောကြောင့် "ကမ္မဓာရယမိဿကတပ္ပုရိသ်" မည်၏။

➤ **ဒိဂုမိဿကတပ္ပုရိသ်** ॥ ॥ သင်္ချာရှေ့ရှိသည်၏ အဖြစ်တည်းဟူသော ဒိဂုလက္ခဏာနှင့် ရောသော မိဿကတပ္ပုရိသ်သည် ဒိဂုမိဿကတပ္ပုရိသ် မည်၏။ ပြယုဂ်ကား "တယော လောကာ တီလောကံ" အစရှိသည်တည်း။ ဤ 'တီလောကံ'ဟူသော ဒိဂုသမာသ်သည် 'တိ'ဟူသော သင်္ချာရှေ့ရှိသည်၏ အဖြစ်တည်းဟူသော ဒိဂုလက္ခဏာနှင့် ရောသောကြောင့် "ဒိဂုမိဿကတပ္ပုရိသ်" မည်၏။

➤ **သုဒ္ဓတပ္ပုရိသ် ၆-ပါး** ॥ ॥ သုဒ္ဓတပ္ပုရိသ်သည်လည်း ဒုတိယာ သုဒ္ဓတပ္ပုရိသ်သမာသ်, တတိယာ သုဒ္ဓတပ္ပုရိသ်သမာသ်, စတုတ္ထီ သုဒ္ဓတပ္ပုရိသ်သမာသ်, ပဉ္စမီ သုဒ္ဓတပ္ပုရိသ်သမာသ်, ဆဋ္ဌီ သုဒ္ဓတပ္ပုရိသ်သမာသ်, သတ္တမီ သုဒ္ဓတပ္ပုရိသ်သမာသ် အားဖြင့် ခြောက်ပါး အပြားရှိ၏။ ထိုတွင်--

➤ **ဒုတိယ သုဒ္ဓတပ္ပုရိသ်** ॥ ॥ ရှေ့ပုဒ်၌ ဒုတိယာဝိဘတ်ကျေသော သုဒ္ဓတပ္ပုရိသ်သမာသ်သည် ဒုတိယာ သုဒ္ဓတပ္ပုရိသ်သမာသ် မည်၏။ ပြယုဂ်ကား "ဘူမိံ ဂတော ဘူမိဂတော"တည်း။ ဤ 'ဘူမိဂတော' ဟူသော သမာသ်သည် 'ဘူမိ'ဟူသော ရှေ့ပုဒ်၌ ဒုတိယာဝိဘတ် ကျေသောကြောင့် "ဒုတိယာ သုဒ္ဓတပ္ပုရိသ်သမာသ်" မည်၏။

➤ **တတိယာ သုဒ္ဓတပ္ပုရိသ်** ॥ ॥ ရှေ့ပုဒ်၌ တတိယာဝိဘတ်ကျေသော သုဒ္ဓတပ္ပုရိသ်သည် တတိယာ သုဒ္ဓတပ္ပုရိသ်မည်၏။ ပြယုဂ်ကား "သလ္လေန ဝိဒ္ဓေါ သလ္လဝိဒ္ဓေါ"တည်း။

http://www.dhammadownload.com



ဤ'သလ္လဝိဒ္ဓေါ'ဟူသော သမာသ်သည် 'သလ္လ'ဟူသော ရှေ့ပုဒ်၌ တတိယာဝိဘတ်ကျေ သောကြောင့် "တတိယာ သုဒ္ဓတပ္ပုရိသ်သမာသ်" မည်၏။

➤ **စတုတ္ထီ သုဒ္ဓတပ္ပုရိသ်** ။ ။ ရှေ့ပုဒ်၌ စတုတ္ထီဝိဘတ်ကျေသော သုဒ္ဓတပ္ပုရိသ်သည် စတုတ္ထီ သုဒ္ဓတပ္ပုရိသ် မည်၏။ ပြယုဂ်ကား "ကထိနဿ ဒုဿံ ကထိနဒုဿံ" တည်း။ ဤ 'ကထိနဒုဿံ'ဟူသော သမာသ်သည် 'ကထိန'ဟူသော ရှေ့ပုဒ်၌ စတုတ္ထီ ဝိဘတ် ကျေသောကြောင့် "စတုတ္ထီ သုဒ္ဓတပ္ပုရိသ်သမာသ်" မည်၏။

➤ **ပဉ္စမီ သုဒ္ဓတပ္ပုရိသ်** ။ ။ ရှေ့ပုဒ်၌ ပဉ္စမီဝိဘတ်ကျေသော သုဒ္ဓတပ္ပုရိသ်သည် ပဉ္စမီ သုဒ္ဓတပ္ပုရိသ် မည်၏။ ပြယုဂ်ကား "စောရာ ဘယံ စောရဘယံ"တည်း။ ဤ 'စောရဘယံ'ဟူသော သမာသ်သည် 'စောရ'ဟူသော ရှေ့ပုဒ်၌ ပဉ္စမီဝိဘတ်ကျေသောကြောင့် "ပဉ္စမီ သုဒ္ဓတပ္ပုရိသ်သမာသ်" မည်၏။

➤ **ဆဋ္ဌီ သုဒ္ဓတပ္ပုရိသ်** ။ ။ ရှေ့ပုဒ်၌ ဆဋ္ဌီဝိဘတ်ကျေသော သုဒ္ဓတပ္ပုရိသ်သည် ဆဋ္ဌီ သုဒ္ဓတပ္ပုရိသ် မည်၏။ ပြယုဂ်ကား "ရညော ပုတ္တော ရာဇပုတ္တော" တည်း။ ဤ 'ရာဇပုတ္တော'ဟူသော သမာသ်သည် 'ရာဇ'ဟူသော ရှေ့ပုဒ်၌ ဆဋ္ဌီဝိဘတ်ကျေသော ကြောင့် "ဆဋ္ဌီ သုဒ္ဓတပ္ပုရိသ်သမာသ်" မည်၏။

➤ **သတ္တမီ သုဒ္ဓတပ္ပုရိသ်** ။ ။ ရှေ့ပုဒ်၌ သတ္တမီဝိဘတ်ကျေသော သုဒ္ဓတပ္ပုရိသ်သည် သတ္တမီ သုဒ္ဓတပ္ပုရိသ် မည်၏။ ပြယုဂ်ကား "သံသာရေ ဒုက္ခံ သံသာရဒုက္ခံ" တည်း ဤ 'သံသာရဒုက္ခံ'ဟူသော သုဒ္ဓတပ္ပုရိသ်သမာသ်သည် 'သံသာရ'ဟူသော ရှေ့ပုဒ်၌ သတ္တမီဝိဘတ်ကျေသောကြောင့် "သတ္တမီ သုဒ္ဓတပ္ပုရိသ်သမာသ်" မည်၏။

➤ **ဗဟုဗ္ဗီဟိ ၂-ပါး** ။ ။ ဗဟုဗ္ဗီဟိသမာသ်သည်လည်း ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ, တုလျာဓိကရဏ ဗဟုဗ္ဗီဟိ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ** ။ ။ သမာသ်ပုဒ်ချင်းချင်း ဝိဘတ်ပြားသော ဗဟုဗ္ဗီဟိသည် ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား " ယဿ ပတ္တော ဟတ္ထေသူတိ ပတ္တဟတ္ထော" အစရှိသည်တည်း။ ဤ 'ပတ္တဟတ္ထော'ဟူသော သမာသ်သည် 'ပတ္တ' ဟူသော 'ဟတ္ထ'ဟူသော သမာသ်ပုဒ်ချင်းချင်း ဝိဘတ်ပြားသောကြောင့် " ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ" မည်၏။ ➤ **တုလျာဓိကရဏ ဗဟုဗ္ဗီဟိ** ။ ။ သမာသ်ပုဒ်ချင်းချင်း ဝိဘတ်တူသော ဗဟုဗ္ဗီဟိသည် တုလျာဓိကရဏ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "လမ္ဗော ကဏ္ဏော ယဿ သောတိ လမ္ဗကဏ္ဏော" အစရှိသည်တည်း။ ဤ 'လမ္ဗကဏ္ဏော'ဟူသော သမာသ်သည် 'လမ္ဗ'ဟူသော 'ကဏ္ဏ'ဟူသော သမာသ်ပုဒ်ချင်းချင်း ဝိဘတ်တူသောကြောင့် "တုလျာဓိကရဏ ဗဟုဗ္ဗီဟိ" မည်၏။

➤ **တစ်နည်း ဗဟုဗ္ဗီဟိ ၂-ပါး** ။ ။ တစ်နည်းကား တဗ္ဗိဓရတ္ထ ဗဟုဗ္ဗီဟိ, အညတ္ထရတ္ထ ဗဟုဗ္ဗီဟိ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

http://www.dhammadownload.com



➢ **တာဟိရတ္ထ ဗဟုဗ္ဗီဟိ** ॥ ॥ သမာသ်ပုဒ်တစ်စိတ်သည် အညပုဒ်၏ ဝိသေသနဖြစ်သော ဗဟုဗ္ဗီဟိသည် တဗ္ဗာဟိရတ္ထ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား " မာသော ဇာတော အဿာတိ မာသဇာတော" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ဇာတဿ'ဟူသော သမာသ် ပုဒ်တစ်စိတ်သည် 'အဿ'ဟူသော အညပုဒ်၏ ဝိသေသနဖြစ်သောကြောင့် "တာဟိရတ္ထ ဗဟုဗ္ဗီဟိ" မည်၏။ ➢ **အန္တောရတ္ထ ဗဟုဗ္ဗီဟိ** ॥ ॥ သမာသ်ပုဒ် တစ်စိတ်သည် အညပုဒ်၏ ဝိသေသနဖြစ်သော ဗဟုဗ္ဗီဟိသည် အန္တောရတ္ထ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "လမ္ဗော ကဏ္ဏော ယဿ သောတိ လမ္ဗကဏ္ဏော" အစရှိသည်တည်း။ ဤပြယုဂ်၌ 'ကဏ္ဏ'ဟူ သော သမာသ်ပုဒ်တစ်စိတ်သည် 'ယဿ'ဟူသော အညပုဒ်၏ ဝိသေသန မဖြစ်သော ကြောင့် "အန္တောရတ္ထ ဗဟုဗ္ဗီဟိ" မည်၏။

➢ **တစ်နည်း ဗဟုဗ္ဗီဟိ ၂-ပါး** ॥ ॥ တစ်နည်းကား တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ အတဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➢ **တဂ္ဂုဏ သံဝိညာဏဗဟုဗ္ဗီဟိ** ॥ ॥ သမာသ်ပုဒ်၏ အနက်နှင့်တကွ ရသော ဗဟုဗ္ဗီဟိသည် တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "လမ္ဗော ကဏ္ဏော ယဿ သောတိ လမ္ဗကဏ္ဏော" အစရှိသည်တည်း။ ဤသမာသ်သည် ရှည်သော နားဟူ သော သမာသ်ပုဒ်၏ အနက်နှင့်တကွ ရသောကြောင့် "တဂ္ဂုဏသံဝိညာဏဗဟုဗ္ဗီဟိ" မည်၏။ ➢ **အတဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ** ॥ ॥ သမာသ်ပုဒ်၏ အနက်နှင့်တကွ မရသော ဗဟုဗ္ဗီဟိသမာသ်သည် အတဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ် ကား "ဒိန္နော သုင်္ကော ယဿ သောတိ ဒိန္နသုင်္ကော" အစရှိသည်တည်း။ ဤသမာသ် သည် ပေးအပ်သော အခွန်တည်းဟူသော သမာသ်ပုဒ်၏ အနက်နှင့်တကွ မရသော ကြောင့် "အတဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ" မည်၏။

➢ **တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ ၂-ပါး** ॥ ॥ ထိုနှစ်ပါးတို့တွင် တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိသည်လည်း အညပဒတ္ထ တဂ္ဂုဏ သံဝိညာဏဗဟုဗ္ဗီဟိ, ပယောဂ တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➢ **အညပဒတ္ထ တဂ္ဂုဏသံဝိညာဏ ဗဟုဗ္ဗီဟိ** ॥ ॥ အညပုဒ်အားဖြင့် သမာသ်ပုဒ် ၏ အနက်နှင့်တကွ ရသော ဗဟုဗ္ဗီဟိသည် အညပဒတ္ထ တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "လမ္ဗော ကဏ္ဏော ယဿ သောတိ လမ္ဗကဏ္ဏော" အစရှိသည် တည်း။ ဤသမာသ်သည် 'ယဿ'ဟူသော အညပုဒ်အားဖြင့် ရှည်သော နားတည်းဟူ သော သမာသ်ပုဒ်၏ အနက်နှင့်တကွ ရသောကြောင့် အညပဒတ္ထ တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ မည်၏။ ➢ **ပယောဂ တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ** ॥ ॥ ယှဉ်ဖက်အားဖြင့် သမာသ်ပုဒ်၏ အနက်နှင့်တကွ ရသော တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိသည် ပယောဂ တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား " ဗုဒ္ဓေါ ပမုခေါ ယဿ သောတိ

http://www.dhammadownload.com



ဗုဒ္ဓပ္ပမုခေါ၊ ဗုဒ္ဓပ္ပမုခဿ သံဃဿ ဒါနံ ဒေတိ" အစရှိသည်တည်း။ ဤ 'ဗုဒ္ဓပ္ပမုခေါ' ဟူသော တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိသည် 'ဒေတိ'ဟူသော ယှဉ်ဖက်အားဖြင့် ဘုရားတည်းဟူသော သမာသ်ပုဒ်၏ အနက်နှင့်တကွ ရသောကြောင့် " ပယောဂ တဂ္ဂုဏ သံဝိညာဏ ဗဟုဗ္ဗီဟိ" မည်၏။

➤ **ဗဟုဗ္ဗီဟိ ၃-ပါး ။ ။** တစ်နည်းကား အာဒိ အညပဒ ဗဟုဗ္ဗီဟိ, မဇ္ဈေအညပဒ ဗဟုဗ္ဗီဟိ, အန္တ အညပဒဗဟုဗ္ဗီဟိ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **အာဒိ အညပဒ ဗဟုဗ္ဗီဟိ ။ ။** သမာသ်ပုဒ်၏ အစ၌ အညပုဒ်ရှိသော ဗဟုဗ္ဗီဟိသည် အာဒိ အညပဒ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "ယဿ ပတ္တော ဟတ္ထေသူတိ ပတ္တဟတ္ထော" အစရှိသည်တည်း။ ဤ သမာသ်သည် 'ပတ္တ'ဟူသော သမာသ်ပုဒ်၏ အစ၌ 'ယဿ'ဟူသော အညပုဒ်ရှိသောကြောင့် "အာဒိအညပဒ ဗဟုဗ္ဗီဟိ" မည်၏။

➤ **မဇ္ဈေ အညပဒ ဗဟုဗ္ဗီဟိ ။ ။** သမာသ်ပုဒ်၏ အလယ်၌ အညပုဒ်ရှိသော ဗဟုဗ္ဗီဟိသည် မဇ္ဈေ အညပဒ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "နဿ အန္တော အနန္တော"တည်း။ ဤ သမာသ်သည် 'န'ဟူသော 'အန္တ'ဟူသော သမာသ်ပုဒ်၏ အလယ်၌ 'အဿ'ဟူသော အညပုဒ်ရှိသောကြောင့် "မဇ္ဈေ အညပဒ ဗဟုဗ္ဗီဟိ" မည်၏။

➤ **အန္တ အညပဒ ဗဟုဗ္ဗီဟိ ။ ။** သမာသ်ပုဒ်၏ အဆုံး၌ အညပုဒ်ရှိသော ဗဟုဗ္ဗီဟိသည် အန္တ အညပဒ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား " လမ္ဗာ ကဏ္ဏော ယဿ သောတိ လမ္ဗကဏ္ဏော" တည်း။ ဤသမာသ်သည် 'ကဏ္ဏ'ဟူသော သမာသ်ပုဒ်၏အဆုံး၌ 'ယဿ' ဟူသော အညပုဒ်ရှိသောကြောင့် "အန္တ အညပဒ ဗဟုဗ္ဗီဟိ" မည်၏။

➤ **ဗဟုဗ္ဗီဟိ ၇-ပါး ။ ။** တစ်နည်းကား ပဌမာ ဗဟုဗ္ဗီဟိ, ဒုတိယာ, တတိယာ, စတုတ္ထီ, ပဥ္စမီ, ဆဋ္ဌီ, သတ္တမီ ဗဟုဗ္ဗီဟိ အားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ပဌမာ ဗဟုဗ္ဗီဟိ ။ ။** အညပုဒ်၌ ပဌမာဝိဘတ်ရှိသော ဗဟုဗ္ဗီဟိသည် ပဌမာ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "စက္ခုံ ဘူတော ဉာဏံ ဘူတော ယော ဘဂဝါ သောယံ စက္ခုဘူတော၊ ဘဂဝါ" အစရှိသည်တည်း။ ဤသမာသ်သည် 'ယ'ဟူသော အညပုဒ်၌ ပဌမာဝိဘတ်သက်သောကြောင့် "ပဌမာ ဗဟုဗ္ဗီဟိ" မည်၏။ [*"အညပုဒ်၌ ဒုတိယာဝိဘတ်သက်သော" အစရှိသည်ကို အစဉ်အတိုင်း ဆိုလေ။*]

၂။ အာဂတာ သမဏာ ဣမံ သံဃာရာမံ သောယံ အာဂတသမဏော။

၃။ ဇိတာနိ ဣန္ဒြိယာနိ အနေန သမဏေန သောယံ ဇိတိန္ဒြိယော။

၄။ ဒိန္နော သုင်္ကော ယဿ သောတိ ဒိန္နသုင်္ကော။

၅။ နိဂ္ဂတာ ဇနာ အသ္မာ ဂါမာ သောယံ နိဂ္ဂတဇနော။

၆။ ဆိန္နော ဟတ္ထော ယဿ သောတိ ဆိန္နဟတ္ထော။

၇။ ➤ **သတ္တမီ ဗဟုဗ္ဗီဟိ ။ ။** အညပုဒ်၌ သတ္တမီဝိဘတ်ရှိသော ဗဟုဗ္ဗီဟိသည်

http://www.dhammadownload.com



သတ္တမီ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "သမ္ပန္နာနိ သဿာနိ ယသ္မိံ ဇနပဒေ သောယံ သမ္ပန္နသဿော"တည်း။ ဤ 'သမ္ပန္နသဿော'ဟူသော ဗဟုဗ္ဗီဟိသည် 'ယ'ဟူသော အညပုဒ်၌ သတ္တမီဝိဘတ်သက်သောကြောင့် "သတ္တမီ ဗဟုဗ္ဗီဟိ" မည်၏။

➤ **ဗဟုဗ္ဗီဟိ ၁၀-ပါး** ။ ။ တစ်နည်းကား ဒွိပဒ ဗဟုဗ္ဗီဟိ, တိပဒ ဗဟုဗ္ဗီဟိ, ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ, သင်္ချောဘယပဒ ဗဟုဗ္ဗီဟိ, ဒိသန္တရာဠတ္ထ ဗဟုဗ္ဗီဟိ, ဗျတိဟာရလက္ခဏ ဗဟုဗ္ဗီဟိ, ဥပမာ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ, ကုနိပါတ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ, န နိပါတ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိ, သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိ အားဖြင့် ဆယ်ပါးအပြားရှိ၏။ ထိုတွင်-

➤ **ဒွိပဒ ဗဟုဗ္ဗီဟိ** ။ ။ နှစ်ပုဒ်ရှိသော ဗဟုဗ္ဗီဟိသည် ဒွိပဒ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "လမ္ဗော ကဏ္ဏော ယဿ သောတိ လမ္ဗကဏ္ဏော"တည်း။ ဤသမာသ်သည် 'လမ္ဗ'ဟူသော 'ကဏ္ဏ'ဟူသော သမာသ်ပုဒ် နှစ်ပုဒ်ရှိသောကြောင့် ဒွိပဒ ဗဟုဗ္ဗီဟိမည်၏။

➤ **တိပဒ ဗဟုဗ္ဗီဟိ** ။ ။ သုံးပုဒ်အဆုံးရှိသော ဗဟုဗ္ဗီဟိသည် တိပဒ ဗဟုဗ္ဗီဟိမည်၏။ ပြယုဂ်ကား "မုနိနာ ဝဏ္ဏိတာ ယဿ ဗုဒ္ဓိ သောတိ မုနိဝဏ္ဏိတဗုဒ္ဓိ"တည်း။ ဤသမာသ်သည် 'မုနိ'ဟူသော 'ဝဏ္ဏိတ'ဟူသော 'ဗုဒ္ဓိ'ဟူသော သမာသ်ပုဒ် သုံးခုရှိသောကြောင့် "တိပဒ ဗဟုဗ္ဗီဟိ" မည်၏။

➤ **ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ** ။ ။ သမာသ်ပုဒ်အချင်းချင်း ဝိဘတ်ပြားသော ဗဟုဗ္ဗီဟိသည် ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "ယဿ ပတ္တော ဟတ္ထေသူတိ ပတ္တဟတ္ထော" တည်း။ ဤသမာသ်သည် 'ပတ္တ'ဟူသော 'ဟတ္ထ'ဟူသော သမာသ်ပုဒ်အချင်းချင်း ဝိဘတ်ပြားသောကြောင့် "ဘိန္နာဓိကရဏ ဗဟုဗ္ဗီဟိ" မည်၏။

➤ **သင်္ချောဘယပဒ ဗဟုဗ္ဗီဟိ** ။ ။ ဝါ-သဒ္ဒါ၏ အနက်၌ သင်္ချာနှစ်ပုဒ်ရှိသော ဗဟုဗ္ဗီဟိသည် သင်္ချောဘယပဒ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "ဒွေဝါ တယောဝါ ပတ္တာ ယေသန္တေတိ ဒွတ္တိပတ္တာ"တည်း။ ဤသမာသ်သည် ဝါ-သဒ္ဒါ၏အနက်၌ 'ဒွိ'ဟူသော 'တိ' ဟူသော သင်္ချာနှစ်ပုဒ်ရှိသောကြောင့် "သင်္ချောဘယပဒ ဗဟုဗ္ဗီဟိ" မည်၏။

➤ **ဒိသန္တရာဠတ္ထ ဗဟုဗ္ဗီဟိ** ။ ။ တူရူဖြစ်သော အရပ်မျက်နှာကို မရမူ၍ အထောင့်ဖြစ်သော အရပ်မျက်နှာကိုရသော ဗဟုဗ္ဗီဟိသည် ဒိသန္တရာဠတ္ထ ဗဟုဗ္ဗီဟိမည်၏။ ပြယုဂ်ကား "ဒက္ခိဏဿစ ပုဗ္ဗဿစ ယဒန္တရာဠံ ဒက္ခိဏပုဗ္ဗ"တည်း။ ဤသမာသ်သည် တောင်ဟူသော, အရှေ့ဟူသော, တူရူဖြစ်သော အရပ်မျက်နှာကို မရမူ၍ အရှေ့တောင် ထောင့်ဖြစ်သော အရပ်မျက်နှာကိုရသောကြောင့် ဒိသန္တရာဠတ္ထ ဗဟုဗ္ဗီဟိ မည်၏။

➤ **ဗျတိဟာရလက္ခဏ ဗဟုဗ္ဗီဟိ** ။ ။ သမာသ်ပုဒ်အချင်းချင်း ဆန့်ကျင်သော အနက်ကိုဟောသော ဗဟုဗ္ဗီဟိသည် ဗျတိဟာရလက္ခဏ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "ကေသေသုစ ကေသေသုစ ဂဟေတွာ ဣဒံ ယုဒ္ဓံ ပဝတ္တတီတိ ကေသာကေသိ"တည်း။ ဤသမာသ်သည် တစ်ခုသော ကေသ-သဒ္ဒါသည် ဤမှာဘက် စစ်သည်၏ ဆံဟူသော

http://www.dhammadownload.com



အနက်ကို, တစ်ခုသော ကေသ-သဒ္ဒါသည် ထိုမှာဘက် စစ်သည်၏ ဆံဟူသောအနက်ကို ဟောသည်ဖြစ်၍ သမာသ်ပုဒ်အချင်းချင်း ဆန့်ကျင်သော အနက်ရှိသောကြောင့် "ဗျတိဟာရလက္ခဏ ဗဟုဗ္ဗီဟိ" မည်၏။

**➤ ဥပမာပုဗ္ဗပဒ ဗဟုဗ္ဗီဟိ ။ ။** ဥပမာပုဒ် ရှေ့ရှိသော ဗဟုဗ္ဗီဟိသည် ဥပမာပုဗ္ဗပဒ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား " စက္ခုဘူတော ဣဝ ဘူတော ယော ဘဂဝါ သောယံ စက္ခုဘူတော"တည်း။ ဤသမာသ်သည် 'စက္ခုဘူတော'ဟူသော ဥပမာပုဒ်ရှေ့ရှိသောကြောင့် "ဥပမာပုဗ္ဗပဒ ဗဟုဗ္ဗီဟိ" မည်၏။

**➤ ကုနိပါတပုဗ္ဗပဒ ဗဟုဗ္ဗီဟိ ။ ။** 'ကု' နိပါတ်ပုဒ် ရှေ့ရှိသော ဗဟုဗ္ဗီဟိသည် ကုနိပါတ ပုဗ္ဗပဒ ဗဟုဗ္ဗီဟိမည်၏။ ပြယုဂ်ကား " ကုစ္ဆိတာ ဒါရာ ယေသန္တေတိ ကုဒါရာ" တည်း။ ဤသမာသ်သည် ကုနိပါတ်ပုဒ် ရှေ့ရှိသောကြောင့် ကုနိပါတပုဗ္ဗပဒ ဗဟုဗ္ဗီဟိ မည်၏။ **➤ န နိပါတပုဗ္ဗပဒ ဗဟုဗ္ဗီဟိ ။ ။** 'န' နိပါတ်ပုဒ် ရှေ့ရှိသော ဗဟုဗ္ဗီဟိသည် န နိပါတပုဗ္ဗပဒ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား "နာဿ အန္တော အနန္တံ"တည်း။ ဤသမာသ်သည် 'န' နိပါတ်ပုဒ်ရှေ့ရှိသောကြောင့် "န နိပါတပုဗ္ဗပဒ ဗဟုဗ္ဗီဟိ" မည်၏။

**➤ သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိ ။ ။** သဟ-သဒ္ဒါ ရှေ့ရှိသော ဗဟုဗ္ဗီဟိသည် သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိ မည်၏။ ပြယုဂ်ကား " ပိတာကေန သဟ ယေ ဝတ္တန္တီတိ သပိတက္ကာ" တည်း။ဤသမာသ်သည် 'သဟ'သဒ္ဒါ ရှေ့ရှိသောကြောင့် သဟပုဗ္ဗပဒ ဗဟုဗ္ဗီဟိမည်၏

**➤ ဒွန် ၄-ပါး ။ ။** ဒွန်သည်လည်း သမုစ္စယဒွန်, အန္ဝာစယဒွန်, သမာဟာရဒွန်, ဣတရီတရယောဂဒွန် အားဖြင့် လေးပါးအပြားရှိ၏။ ထိုတွင်--

**➤ သမုစ္စယဒွန် ။ ။** ကြိယာတစ်ခုတည်း၌ ကာရကအများကိုဆည်းသော ဒွန်သည် သမုစ္စယဒွန် မည်၏။ ပြယုဂ်ကား "သတ္ထာစ သာရိပုတ္တောစ ဓမ္မံ ဒေသေတိ" တည်း။ ဤ 'သတ္ထာစ သာရိပုတ္တောစ'ဟူသော ဒွန်သည် 'ဒေသေတိ'ဟူသော ကြိယာတစ်ခုတည်း၌ 'သတ္ထာ' ဟူသော, 'သာရိပုတ္တော' ဟူသော ကာရကအများကို ဆည်းသောကြောင့် "သမုစ္စယဒွန်" မည်၏။ **➤ အန္ဝာစယဒွန် ။ ။** ကြိယာကာရက, အသီးသီးဆည်းသော ဒွန်သည် အန္ဝာစယဒွန် မည်၏။ ပြယုဂ်ကား " ဒါနဉ္စ ဒေတိ သီလဉ္စ ရက္ခတိ"တည်း။ ဤ 'ဒါနဉ္စ'ဟူသော ဒွန်သည် 'ဒေတိ'ဟူသော ကြိယာ၌ 'သီလံ'ဟူသော ကာရကကို, 'သီလဉ္စ'ဟူသော ဒွန်သည် 'ရက္ခတိ'ဟူသော ကြိယာ၌ 'ဒါနံ'ဟူသော ကာရကကို ဆည်းသည်ဖြစ်၍ ကြိယာ ကာရက အသီးသီးဆည်းသောကြောင့် "အန္ဝာစယဒွန်" မည်၏။

**➤ သမာဟာရဒွန် ။ ။** နပုံသကတ်ငဲ့သည်ဖြစ်၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသော ဒွန်သည် သမာဟာရဒွန် မည်၏။ ပြယုဂ်ကား "စက္ခုစ သောတဉ္စ စက္ခုသောတံ"တည်း။ ဤ 'စက္ခုသောတံ'ဟူသော သမာသ်သည် နပုံသကတ်ငဲ့သည်ဖြစ်၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသောကြောင့် "သမာဟာရဒွန်" မည်၏။

http://www.dhammadownload.com



သည် ကံအနက်ကိုဟောသောကြောင့် ကမ္မတ္ထဝါစကသမာသ် မည်ကုန်၏။

➤ **ကရဏတ္ထဝါစက** ။ ။ ကရိုဏ်းအနက်ကိုဟောသော တတိယာ အဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗိဟိ သမာသ်တို့သည် ကရိုဏ်းအနက်ကို ဟောသောကြောင့် ကရဏတ္ထဝါစကသမာသ် မည်၏။ ➤ **သမ္ပဒါနတ္ထဝါစက** ။ ။ စတုတ္ထီ အဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗိဟိသမာသ်တို့သည် သမ္ပဒါန်အနက်ကို ဟောသောကြောင့် သမ္ပဒါနတ္ထဝါစကသမာသ် မည်ကုန်၏။ ➤ **အပါဒါနတ္ထဝါစက** ။ ။ ပဉ္စမီ အဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗိဟိသမာသ်တို့သည် အပါဒါန်အနက်ကိုဟောသောကြောင့် အပါဒါနတ္ထဝါစကသမာသ် မည်ကုန်၏။ ➤ **သမ္ဗန္ဓတ္ထဝါစက** ။ ။ ဆဋ္ဌီ, အဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗိဟိ သမာသ်တို့သည် သမ္ဗန်အနက်ကိုဟောသောကြောင့် သမ္ဗန္ဓတ္ထဝါစကသမာသ် မည်ကုန်၏။ ➤ **အဓိကရဏတ္ထ ဝါစက** ။ ။သတ္တမီ အဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗိဟိသမာသ်တို့သည် အဓိကရဏအနက်ကို ဟောသောကြောင့် အဓိကရဏတ္ထဝါစကသမာသ် မည်ကုန်၏။

➤ **အသမာသ် လက္ခဏာ** ။ ။ "နာမာနံ သမာသော ယုတ္တတ္ထော"ဟူသော သုတ်၌ စပ်အပ်သော အနက်ရှိသော ယုတ္တတ္ထ-သဒ္ဒါကို ဆိုခြင်းကြောင့် သမာသ်ပုဒ်မှ တစ်ပါးသော ပုဒ်ကို ငဲ့သည်၏အဖြစ်, သမာသ်ပုဒ်အချင်းချင်း အလျဉ်း မငဲ့သည်၏အဖြစ်တို့၌ စပ်အပ်သောအနက် မရှိသောကြောင့် သမာသ် မဖြစ်။ပြယုဂ်ကား "ဒေဝဒတ္တဿ ကဏှာ ဒန္တာ၊ ဘဋ္ဋော ရညော ပုတ္တော ဒေဝဒတ္တဿ" တည်း။ ဤပြယုဂ်တို့တွင် "ဒေဝဒတ္တဿ ကဏှာ ဒန္တာ"ဟူသော ပြယုဂ်တို့၌ 'ဒန္တာ'သဒ္ဒါသည် 'ကဏှာ'ဟူသော သမာသ်ပုဒ်မှ တစ်ပါးသော 'ဒေဝဒတ္တဿ'သဒ္ဒါကို ငဲ့သည်ဖြစ်၍ စပ်အပ်သောအနက် မရှိသောကြောင့် 'ကဏှာဒန္တာ'ဟု သမာသ် မဖြစ်။

"ဘဋ္ဋော ရညော ပုတ္တော ဒေဝဒတ္တဿ"ဟူသော ပြယုဂ်၌ 'ရညော'သည် 'ဘဋ္ဋော'ကို, 'ပုတ္တော'သည် 'ဒေဝဒတ္တဿ'ကို ငဲ့သည်ဖြစ်၍ 'ရညော'နှင့် 'ပုတ္တော'သည် အချင်းချင်း အလျဉ်းမငဲ့သောကြောင့် 'ရာဇပုတ္တော'ဟု သမာသ် မဖြစ်ပါ။

➤ **ဂမကသမာသ်** ။ ။ "သာပေက္ခတ္တေ သတိပိ ဂမကတ္တာ သမာသော"ဟူသော ပရိဘာသာနှင့်အညီ သမာသ်ပုဒ်မှ တစ်ပါးသော ပုဒ်ကို ငဲ့ငြားသော်လည်း သမာသ် ပြီးပြီးသော် ဝါကျ၌ကဲ့သို့ အနက်ကိုသိစေတတ်သည်၏ အဖြစ်ကြောင့် သမာသ်ဖြစ်၏။ ပြယုဂ်ကား " ဒေဝဒတ္တဿ ဂရုကုလံ"တည်း။ ဤပြယုဂ်၌ 'ဂရု'သဒ္ဒါသည် 'ကုလံ'ဟူသော သမာသ်ပုဒ်မှ တစ်ပါးသော 'ဒေဝဒတ္တဿ'သဒ္ဒါကို ငဲ့ငြားသော်လည်း 'ဂရုကုလံ'ဟု သမာသ်ပြီးပြီးသော် 'ဂရုနော ကုလံ'ဟူသော ဝါကျ၌ကဲ့သို့ 'ဒေဝဒတ္တဿ'သဒ္ဒါကို 'ဂရု' ၌သာ စပ်ရခြင်းအကျိုးရှိသော အဖြစ်တည်းဟူသော အနက်ကို သိစေတတ်သည်၏ အဖြစ်ကြောင့် 'ဂရုကုလံ'ဟု သမာသ်ဖြစ်၏ ဟူလိုသော်။

**သမာသ်ပုဒ်စစ် ပြီး၏။**

http://www.dhammadownload.com



➤ **ဣတရိတရယောဂဒွန်** ॥ ॥ နပုံကေတ် မငဲ့မူ၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသော ဒွန်သည် ဣတရိတရယောဂဒွန် မည်၏။ ပြယုဂ်ကား "သမဏောစ ဗြာဟ္မဏောစ သမဏာ ဗြာဟ္မဏာ"တည်း။ ဤ'သမဏဗြာဟ္မဏာ'ဟူသော သမာသ်သည် နပုံကေတ် မငဲ့မူ၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသောကြောင့် "ဣတရိတရယောဂဒွန်" မည်၏။

➤ **ဒွန် ၄-ပါးနှင့် သမာသ်** ॥ ॥ [ထိုလေးပါးတို့တွင်] သမုစ္စယဒွန်, အန္ဝာစယဒွန် နှစ်ပါးသည် ကြိယာကို ငဲ့သည်ဖြစ်၍ စပ်အပ်သောအနက် မရှိသောကြောင့် **သမာသ်** မဖြစ်ကုန်။ သမာဟာရဒွန်, ဣတရိတရယောဂဒွန်တို့သည်ကား ကြိယာကို မငဲ့သည်ဖြစ်၍ စပ်အပ်သော အနက်ရှိသောကြောင့် **သမာသ်ဖြစ်** ကုန်၏။

➤ **ဧယာသိတ, အင်္ဂါသိတ သဉ္ဇာ ၂-ပါး** ॥ ॥ ထိုဝါကျ၌ သဉ္ဇာတို့သည် ဧယာသိတသဉ္ဇာ, အင်္ဂါသိတသဉ္ဇာ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ဧယာသိတသဉ္ဇာ** ॥ ॥ အပေါင်းကို ငဲ့သည်ဖြစ်၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသော သဉ္ဇာသည် ဧယာသိတသဉ္ဇာ မည်၏။ ပြယုဂ်ကား "သတ္ထာစ သာရိပုတ္တောစ ဓမ္မံ ဒေသေတိ"တည်း။ ဤပြယုဂ်၌ 'ဒေသေတိ'ဟူသော သဉ္ဇာသည် 'သတ္ထာ'ဟူသော, 'သာရိပုတ္တော'ဟူသော အပေါင်းကို ငဲ့သည်ဖြစ်၍ ဧကဝုစ်ဝိဘတ် အဆုံးရှိသောကြောင့် "ဧယာသိတ သဉ္ဇာ" မည်၏။ ➤ **အင်္ဂါသိတသဉ္ဇာ** ॥ ॥ အစိတ်ကို ငဲ့သည်ဖြစ်၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသော သဉ္ဇာသည် အင်္ဂါသိတသဉ္ဇာ မည်၏။ ပြယုဂ်ကား "သတ္ထာစ သာရိပုတ္တောစ ဓမ္မံ ဒေသေန္တိ"တည်း။ ဤပြယုဂ်၌ 'ဒေသေန္တိ'ဟူသော သဉ္ဇာသည် 'သတ္ထာ'ဟူသော, 'သာရိပုတ္တော'ဟူသော အစိတ်ကို ငဲ့သည်ဖြစ်၍ ဗဟုဝုစ်ဝိဘတ် အဆုံးရှိသောကြောင့် "အင်္ဂါသိတသဉ္ဇာ" မည်၏။

➤ **သမာသ်ဝါစက ၉-ပါး** ॥ ॥ တစ်နည်းကား သမုစ္စယတ္ထဝါစကသမာသ်, တုလျတ္ထဝါစကသမာသ်, ကတ္တတ္ထဝါစကသမာသ်, ကမ္မတ္ထဝါစကသမာသ်, ကရဏတ္ထဝါစကသမာသ်, သမ္ပဒါနတ္ထဝါစကသမာသ်, အပါဒါနတ္ထဝါစကသမာသ်, သမ္ဗန္ဓတ္ထဝါစကသမာသ်, အဓိကရဏတ္ထဝါစကသမာသ်, အားဖြင့် ကိုးပါးအပြားရှိ၏။ ထိုတွင်--

➤ **သမုစ္စယတ္ထဝါစက** ॥ ॥ ဒွန်သမာသ်သည် သမုစ္စယတပ္ပအနက်ကို ဟောသောကြောင့် သမုစ္စယတ္ထဝါစကသမာသ် မည်၏။ ➤ **တုလျတ္ထဝါစက** ॥ ॥ ကမ္မဓာရည်း, ဒိဂုသမာသ်တို့သည် တူသောအနက်ရှိသည်၏ အဖြစ်တည်းဟူသော တုလျအနက်ကို ဟောသောကြောင့် တုလျတ္ထဝါစကသမာသ် မည်၏။

➤ **ကတ္တတ္ထဝါစက** ॥ ॥ ပထမာ အဗျယီဘော, ဗဟုဗ္ဗိဟိသမာသ်တို့သည်ရင်း ကတ္တားအနက်ကိုဟောသော တတိယာ အဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗိဟိသမာသ်တို့သည်ရင်း ကတ္တားအနက်ကိုဟောသောကြောင့် ကတ္တတ္ထဝါစကသမာသ် မည်ကုန်၏။

➤ **ကမ္မတ္ထဝါစက** ॥ ॥ ဒုတိယာ အဗျယီဘော, တပ္ပုရိသ်, ဗဟုဗ္ဗိဟိသမာသ်တို့

http://www.dhammadownload.com



# တဒ္ဓိတ် ပုဒ်စစ်

➤ **တဒ္ဓိတ်** ॥ "တေသံ သိဿသမူဟာနံ ဟိတံ တဒ္ဓိတံ"ဟူသော ဝစနတ္ထနှင့် အညီ တပည့်သားအပေါင်းတို့၏ အကျိုးစီးပွားဖြစ်သော ပုဒ်နှင့်ပစ္စည်းချဉ်း၍ တဒ္ဓိတ် ပြီးလတ်သော် ဝါကျအနက် အတွင်းငုပ် မငုပ်သော နာမ်သည် "တဒ္ဓိတ်နာမ်" မည်၏။

➤ **တဒ္ဓိတ် ၃-ပါး** ॥ ထို တဒ္ဓိတ်နာမ်သည်လည်း "တေသံ သိဿသမူဟာနံ ဟိတံ တဒ္ဓိတံ"ဟူသည်နှင့်အညီ ဝါကျအနက် အတွင်းငုပ် မငုပ်သော သာမညလက္ခဏာ အားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာ အားဖြင့်သော်ကား သာမညတဒ္ဓိတ်, အဗျယ တဒ္ဓိတ်, ဘာဝတဒ္ဓိတ် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **သာမညတဒ္ဓိတ်** ॥ လိင်သုံးပါးတို့နှင့် ဆက်ဆံသော တဒ္ဓိတ်သည် သာမည တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော၊ ဝါသိဋ္ဌီ၊ ဝါသိဋ္ဌံ" တည်း။ ဤ ဝါသိဋ္ဌ-ဟူသော တဒ္ဓိတ်သည် ပုလ္လိင်, ဣတ္ထိလိင်, နပုလ္လိင်တည်းဟူသော လိင်သုံးပါးတို့ နှင့် ဆက်ဆံသောကြောင့် "သာမညတဒ္ဓိတ်" မည်၏။

➤ **အဗျယတဒ္ဓိတ်** ॥ လိင်သုံးပါး ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်ကောင်းသော တဒ္ဓိတ်သည် အဗျယတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "သော ပကာရော တထာ၊ တံ ပကာရံ တထာ၊ တေန ပကာရေန တထာ၊ တဿ ပကာရဿ တထာ၊ တသ္မာ ပကာရာ တထာ၊ တဿ ပကာရဿ တထာ၊ တသ္မိံ ပကာရေ တထာ"တည်း။ ဤ 'တထာ'ဟူသော တဒ္ဓိတ် သည် လိင်သုံးပါး ဝိဘတ်ခုနစ်သွယ်တို့ဖြင့် မပျက်ကောင်းသောကြောင့် "အဗျယတဒ္ဓိတ်" မည်၏။ ➤ **ဘာဝတဒ္ဓိတ်** ॥ "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတသ္မာတိ ဘာဝေါ"ဟူသော ဝစနတ္ထ နှင့် အညီ သဒ္ဒပဝတ္တိနိမိတ်ကိုဟောသော ဘာဝ-သဒ္ဒါကျေသော တဒ္ဓိတ်သည် ဘာဝ တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဂေါဿ ဘာဝေါ ဂေါတ္တံ"တည်း။ ဤ 'ဂေါတ္တ'ဟူသော တဒ္ဓိတ်သည် သဒ္ဒပဝတ္တိနိမိတ်ကိုဟောသော ဘာဝ-သဒ္ဒါ ကျေသောကြောင့် " ဘာဝ တဒ္ဓိတ်" မည်၏။

➤ **သာမညတဒ္ဓိတ် ၁၅-ပါး** ॥ [ထိုသုံးပါးတို့တွင် သာမညတဒ္ဓိတ်သည်လည်း] အပစ္စတဒ္ဓိတ်, တရတျာဒိတဒ္ဓိတ်, ရာဂါဒိတဒ္ဓိတ်, ဇာတာဒိတဒ္ဓိတ်, သမူဟတဒ္ဓိတ်, ဌာန တဒ္ဓိတ်, ဥပမာတဒ္ဓိတ်, နိဿိတတဒ္ဓိတ်, ဗဟုလတဒ္ဓိတ်, ဝိသေသတဒ္ဓိတ်, အဿတ္ထိ တဒ္ဓိတ်, ပကတိတဒ္ဓိတ်, ပူရဏတဒ္ဓိတ်, သင်္ချာတဒ္ဓိတ်, ဝိဘာဂတဒ္ဓိတ် အားဖြင့် ၁၅-ပါး အပြားရှိ၏။ ထိုတွင်--

➤ **အပစ္စတဒ္ဓိတ်** ॥ ဝါကျအခိုက်၌ အပစ္စ-သဒ္ဒါကျေသော တဒ္ဓိတ်သည် အပစ္စ တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော"တည်း။ ဤ 'ဝါသိဋ္ဌော'ဟူ သော တဒ္ဓိတ်သည် ဝါကျအခိုက်၌ အပစ္စ-သဒ္ဒါ ကျေသောကြောင့် အပစ္စတဒ္ဓိတ်မည်၏

http://www.dhammadownload.com



> **တရတ္ထာဒိတဒ္ဓိတ်** ။ ။ ဝါကျအခိုက်၌ တရတိ, အစရှိသော သဒ္ဒါ ကျေသော တဒ္ဓိတ်သည် တရတ္ထာဒိတဒ္ဓိတ်မည်၏။ ပြယုဂ်ကား "နာဝါယ တရတီတိ နာဝိကော" တည်း။ ဤ 'နာဝိကော'ဟူသော တဒ္ဓိတ်သည် ဝါကျအခိုက်၌ တရတိ-သဒ္ဒါ ကျေသော ကြောင့် တရတ္ထာဒိတဒ္ဓိတ် မည်၏။

> **ရာဂါဒိတဒ္ဓိတ်** ။ ။ ဝါကျအခိုက်၌ ရတ္တ, အစရှိသော သဒ္ဒါ ကျေသော တဒ္ဓိတ်သည် ရာဂါဒိတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ကသာဝေန ရတ္တံ ဝတ္ထံ ကာသာဝံ"တည်း။ ဤ 'ကာသာဝံ'ဟူသော တဒ္ဓိတ်သည် ဝါကျအခိုက်၌ ရတ္တ-သဒ္ဒါ ကျေသောကြောင့် ရာဂါဒိတဒ္ဓိတ် မည်၏။ > **ဇာတာဒိတဒ္ဓိတ်** ။ ။ ဝါကျအခိုက်၌ ဇာတ, အစရှိသော သဒ္ဒါ ကျေသော တဒ္ဓိတ်သည် ဇာတာဒိတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ပစ္ဆာ ဇာတော ပစ္ဆိမော"တည်း။ ဤ 'ပစ္ဆိမော'ဟူသော တဒ္ဓိတ်သည် ဝါကျအခိုက်၌ ဇာတ-သဒ္ဒါ ကျေသောကြောင့် ဇာတာဒိတဒ္ဓိတ် မည်၏။

> **သမူဟတဒ္ဓိတ်** ။ ။ ဝါကျအခိုက်၌ သမူဟ-သဒ္ဒါကျေသော တဒ္ဓိတ်သည် သမူဟ တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "မနုဿာနံ သမူဟော မာနုဿကော"တည်း။ ဤ 'မာနုဿကော'ဟူသော တဒ္ဓိတ်သည် ဝါကျအခိုက်၌ သမူဟ-သဒ္ဒါကျေသောကြောင့် သမူဟ တဒ္ဓိတ် မည်၏။ > **ဌာနတဒ္ဓိတ်** ။ ။ ဝါကျအခိုက်၌ ဌာန-သဒ္ဒါကျေသော တဒ္ဓိတ်သည် ဌာနတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "မဒနဿ ဌာနံ မဒနီယံ"တည်း။ ဤ 'မဒနီယံ'ဟူသော တဒ္ဓိတ်သည် ဝါကျအခိုက်၌ ဌာန-သဒ္ဒါကျေသောကြောင့် ဌာနတဒ္ဓိတ် မည်၏။

> **ဥပမာတဒ္ဓိတ်** ။ ။ ဝါကျအခိုက်၌ ဥပမာအနက်ကိုဟောသော ဣဝ-သဒ္ဒါကျေသော တဒ္ဓိတ်သည် ဥပမာတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဓူမော ဝိယ ဒိဿတီ အာဒိံ ဝန် တာဒိဒံ ဓူမာယိတတ္တံ"တည်း။ ဤ 'ဓူမာယိတတ္တံ'ဟူသော တဒ္ဓိတ်သည် ဝါကျအခိုက်၌ ဥပမာအနက်ကိုဟောသော ဝိယ-သဒ္ဒါ ကျေသောကြောင့် ဥပမာတဒ္ဓိတ် မည်၏။

> **နိဿိတတဒ္ဓိတ်** ။ ။ဝါကျအခိုက်၌ နိဿိတ-သဒ္ဒါကျေသော တဒ္ဓိတ်သည် နိဿိတ တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဒုက္ခံ နိဿိတံ ဒုက္ခုလ္လံ"တည်း။ ဤ 'ဒုက္ခုလ္လံ' ဟူသော တဒ္ဓိတ်သည် ဝါကျအခိုက်၌ နိဿိတ-သဒ္ဒါ ကျေသောကြောင့် နိဿိတ တဒ္ဓိတ် မည်၏။ > **ဗဟုလတဒ္ဓိတ်** ။ ။ ဝါကျအခိုက်၌ ဗဟုလ-သဒ္ဒါကျေသော တဒ္ဓိတ်သည် ဗဟုလတဒ္ဓိတ်မည်၏။ ပြယုဂ်ကား " အဘိဇ္ဈာ အဿ ဗဟုလာ အဘိဇ္ဈာလု" တည်း။ ဤ 'အဘိဇ္ဈာလု'ဟူသော တဒ္ဓိတ်သည် ဝါကျအခိုက်၌ ဗဟုလ-သဒ္ဒါ ကျေသောကြောင့် ဗဟုလတဒ္ဓိတ် မည်၏။ > **ဝိသေသတဒ္ဓိတ်** ။ ။ ဝါကျအခိုက်၌ ဝိသေသ-သဒ္ဒါ ကျေသော တဒ္ဓိတ်သည် ဝိသေသတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ပါပါနံ ဝိသေသေန ပါပေါတိ ပါပတရော"တည်း။ ဤ 'ပါပတရော'ဟူသော တဒ္ဓိတ်သည် ဝါကျအခိုက်၌ ဝိသေသ-သဒ္ဒါ ကျေသောကြောင့် ဝိသေသတဒ္ဓိတ် မည်၏။

http://www.dhammadownload.com



➤ **အဿတ္ထိတဒ္ဓိတ်** ။ ။ ဝါကျအနိုက်၌ အဿတ္ထိသဒ္ဒါကျေသော တဒ္ဓိတ်သည် အဿတ္ထိတဒ္ဓိတ် မည်၏။ ပြယုဂ်ကား " ဂုဏော အဿ အတ္ထိ, တသ္မိံ ဝါ ဝိဇ္ဇတီတိ ဂုဏဝါ"တည်း။ ဤ 'ဂုဏဝါ'ဟူသော တဒ္ဓိတ်သည် ဝါကျအနိုက်၌ အဿတ္ထိသဒ္ဒါ ကျေသောကြောင့် အဿတ္ထိတဒ္ဓိတ် မည်၏။ ➤ **ပကတိတဒ္ဓိတ်** ။ ။ ဝါကျအနိုက်၌ ပကတိ သဒ္ဒါကျေသော တဒ္ဓိတ်သည် ပကတိတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "သုဝဏ္ဏေန ပကတံ ကမ္မံ သောဝဏ္ဏမယံ"တည်း။ ဤ 'သောဝဏ္ဏမယံ'ဟူသော တဒ္ဓိတ်သည် ဝါကျအနိုက်၌ ပကတိ-သဒ္ဒါ ကျေသောကြောင့် ပကတိတဒ္ဓိတ် မည်၏။

➤ **ပူရဏတဒ္ဓိတ်** ။ ။ ဝါကျအနိုက်၌ ပူရဏ-သဒ္ဒါကျေသော တဒ္ဓိတ်သည် ပူရဏ တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ပဉ္စန္နံ ပူရဏော ပဉ္စမော"တည်း။ ဤ 'ပဉ္စမော'ဟူသော တဒ္ဓိတ်သည် ဝါကျအနိုက်၌ ပူရဏ-သဒ္ဒါ ကျေသောကြောင့် ပူရဏတဒ္ဓိတ် မည်၏။

➤ **သင်္ချာတဒ္ဓိတ်** ။ ။ သင်္ချာအရာ၌ စီရင်အပ်သော တဒ္ဓိတ်သည် သင်္ချာတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "စတုစ ဒသစ စတုဒ္ဒသ"တည်း။ ဤ 'စတုဒ္ဒသ'ဟူသော တဒ္ဓိတ် သည် သင်္ချာအရာ၌ စီရင်အပ်သောကြောင့် သင်္ချာတဒ္ဓိတ် မည်၏။

➤ **ဝိဘာဂတဒ္ဓိတ်** ။ ။ ဝါကျအနိုက်၌ ဝိဘာဂ-သဒ္ဒါကျေသော တဒ္ဓိတ်သည် ဝိဘာဂ တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဧကေန ဝိဘာဂေန ဧကဓာ"တည်း။ ဤ 'ဧကဓာ'ဟူသော တဒ္ဓိတ်သည် ဝါကျအနိုက်၌ ဝိဘာဂ-သဒ္ဒါ ကျေသောကြောင့် ဝိဘာဂတဒ္ဓိတ် မည်၏။

*(အမှာ / အဗျယတဒ္ဓိတ်၌ အပြား မရှိ။)*

➤ **ဘာဝတဒ္ဓိတ် ၅-ပါး** ။ ။ ဘာဝတဒ္ဓိတ်သည်လည်း ဒဗ္ဗ ဘာဝတဒ္ဓိတ်, ဂုဏ ဘာဝတဒ္ဓိတ်, ကြိယာ ဘာဝတဒ္ဓိတ်, ဇာတိ ဘာဝတဒ္ဓိတ်, နာမ ဘာဝတဒ္ဓိတ် အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်--

➤ **ဒဗ္ဗ ဘာဝတဒ္ဓိတ်** ။ ။ သဒ္ဒပဝတ္တိနိမိတ် အနက်ဖြစ်သော ဒြပ်ကိုဟောသော ဘာဝသဒ္ဒါကျေသော တဒ္ဓိတ်သည် ဒဗ္ဗဘာဝတဒ္ဓိတ် မည်၏။ပြယုဂ်ကား "ဝိသာဏီဿ ဘာဝေါ ဝိသာဏိတ္တံ"တည်း။ ဤ 'ဝိသာဏိတ္တံ'ဟူသော ဘာဝတဒ္ဓိတ်သည် 'ဝိသာဏီ' သဒ္ဒါသည် ဦးချိုဒြပ်ကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ နွားဒြပ်ကို ဟောသည်ဖြစ်၍ 'တ္တ' ပစ္စည်းသည်လည်း ထိုသဒ္ဒပဝတ္တိနိမိတ်အနက်ဖြစ်သော ဦးချိုဒြပ်ကို ဟောသောကြောင့် ဒဗ္ဗဘာဝတဒ္ဓိတ် မည်၏။

➤ **ဂုဏဘာဝတဒ္ဓိတ်** ။ ။ သဒ္ဒပဝတ္တိနိမိတ် အနက်ဖြစ်သော ဂုဏ်ကိုဟောသော ဘာဝ-သဒ္ဒါကျေသော တဒ္ဓိတ်သည် ဂုဏဘာဝတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "သုက္ကဿ ဘာဝေါ သုက္ကတ္တံ"တည်း။ ဤ 'သုက္ကတ္တံ'ဟူသော ဘာဝတဒ္ဓိတ်သည် 'သုက္က'သဒ္ဒါသည် ဖြူသော ဂုဏ်ကို အကြောင်းပဝတ္တိနိမိတ်ပြု၍ နွားဒြပ်ကို ဟောသည်ဖြစ်၍ 'တ္တ'ပစ္စည်း သည်လည်း ထို သဒ္ဒပဝတ္တိနိမိတ် အနက်ဖြစ်သော 'အဖြူ'ဟူသော ဂုဏ်ကိုဟောသော

http://www.dhammadownload.com



ကြောင့် ဂုဏဘာဝတဒ္ဓိတ် မည်၏။

➤ **ကြိယာဘာဝတဒ္ဓိတ်** ။ ။သဒ္ဒပဝတ္တိနိမိတ် အနက်ဖြစ်သော ကြိယာကိုဟောသော ဘာဝ-သဒ္ဒါကျေသော တဒ္ဓိတ်သည် ကြိယာဘာဝတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဂန္တုဿ ဘာဝေါ ဂန္တုတ္တံ"တည်း။ ဤ 'ဂန္တုတ္တံ'ဟူသော ဘာဝတဒ္ဓိတ်သည် 'ဂန္တု'သဒ္ဒါသည် သွားခြင်း ကြိယာကို အကြောင်းပဝတ္တိနိမိတ်ပြု၍ နွားဒြပ်ကို ဟောသည်ဖြစ်၍ 'တ္တ'ပစ္စည်းသည်လည်း ထို သဒ္ဒပဝတ္တိနိမိတ် အနက်ဖြစ်သော သွားခြင်းကြိယာကို ဟောသောကြောင့် ကြိယာဘာဝတဒ္ဓိတ် မည်၏။

➤ **နာမဘာဝတဒ္ဓိတ်** ။ ။ သဒ္ဒပဝတ္တိနိမိတ် ဖြစ်သော အမည်နာမ ပညတ်ကို ဟောသော ဘာဝ-သဒ္ဒါကျေသော တဒ္ဓိတ်သည် နာမဘာဝ တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "စိတ္တဿ ဘာဝေါ စိတ္တတ္တံ"တည်း။ ဤ 'စိတ္တတ္တံ'ဟူသော ဘာဝတဒ္ဓိတ်သည် 'စိတ္တ'သဒ္ဒါသည် 'စိတ္တ'ဟူသော အမည်နာမပညတ်ကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ နွားဒြပ်ကို ဟောသည်ဖြစ်၍ 'တ္တ'ပစ္စည်းသည်လည်း ထို သဒ္ဒပဝတ္တိ နိမိတ်အနက်ဖြစ်သော စိတ္တ အမည်နာမ ပညတ်ကို ဟောသောကြောင့် နာမဘာဝတဒ္ဓိတ် မည်၏။

➤ **ဇာတိဘာဝတဒ္ဓိတ်** ။ ။သဒ္ဒပဝတ္တိနိမိတ်အနက်ဖြစ်သော ဇာတ်ကိုဟောသော ဘာဝ-သဒ္ဒါကျေသော တဒ္ဓိတ်သည် ဇာတိဘာဝတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဂေါဿ ဘာဝေါ ဂေါတ္တံ"တည်း။ ဤ 'ဂေါတ္တံ'ဟူသော ဘာဝတဒ္ဓိတ်သည် 'ဂေါ'သဒ္ဒါသည် နွားတို့၏ တစ်ခုသည် တစ်ခုနှင့် တူသောအခြင်းအရာဟုဆိုအပ်သော ဇာတ်ကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ နွားဒြပ်ကို ဟောသည်ဖြစ်၍ 'တ္တ'ပစ္စည်းသည်လည်း ထို သဒ္ဒပဝတ္တိ နိမိတ်အနက်ဖြစ်သော နွားတို့၏ တစ်ခုသည် တစ်ခုနှင့်တူသော အခြင်းအရာဟု ဆိုအပ်သော ဇာတ်ကိုဟောသောကြောင့် ဇာတိဘာဝတဒ္ဓိတ် မည်၏။

➤ **တဒ္ဓိတ် ၅-ပါး** ။ ။ တစ်နည်းကား အပစ္စတဒ္ဓိတ်, အနေကတ္ထတဒ္ဓိတ်, သုဒ္ဓတဒ္ဓိတ်, ဧကသေသတဒ္ဓိတ်, သင်္ချာတဒ္ဓိတ် အားဖြင့် ငါးပါးအပြားရှိ၏၊ ထိုတွင်--

➤ **အပစ္စတဒ္ဓိတ်** ။ ။ အပစ္စ-သဒ္ဒါကျေသော တဒ္ဓိတ်သည် အပစ္စတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော"တည်း။ ဤ 'ဝါသိဋ္ဌော'ဟူသော တဒ္ဓိတ်သည် ဝါကျအခိုက်၌ အပစ္စ-သဒ္ဒါ ကျေသောကြောင့် အပစ္စတဒ္ဓိတ် မည်၏။

➤ **အနေကတ္ထတဒ္ဓိတ်** ။ ။ တရတိ, အစရှိသော သဒ္ဒါ ကျေသော တဒ္ဓိတ်သည် အနေကတ္ထတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "နာဝါယ တရတီတိ နာဝိကော"တည်း။ ဤ 'နာဝိကော'ဟူသော တဒ္ဓိတ်သည် 'တရတိ' အစရှိသောသဒ္ဒါ ကျေသောကြောင့် အနေကတ္ထ တဒ္ဓိတ် မည်၏။ ➤ **သုဒ္ဓတဒ္ဓိတ်** ။ ။ ပစ္စည်းအနက် မရှိသော တဒ္ဓိတ်သည် သုဒ္ဓတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဒေဝေါယေဝ ဒေဝတာ"တည်း။ ဤ 'ဒေဝတာ'ဟူသော တဒ္ဓိတ်သည် 'တာ'ပစ္စည်းအနက် မရှိသောကြောင့် သုဒ္ဓတဒ္ဓိတ် မည်၏။

http://www.dhammadownload.com



➤ **ဧကသေသတဒ္ဓိတ်** ॥ ॥ တစ်ခုကြွင်းပြုခြင်းသည် ဧကသေသ တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ပုရိသောစ ပုရိသောစ ပုရိသာ"တည်း။ ဤ 'ပုရိသာ'ဟူသော တဒ္ဓိတ်သည် ပုရိသ-သဒ္ဒါ တစ်ခုကြွင်းပြုသောကြောင့် ဧကသေသတဒ္ဓိတ် မည်၏။

➤ **သင်္ချာတဒ္ဓိတ်** ॥ ॥ သင်္ချာအရာ၌ စီရင်အပ်သော တဒ္ဓိတ်သည် သင်္ချာတဒ္ဓိတ် မည်၏။ ပြယုဂ်ကား "စတုစ ဒသစ စတုဒ္ဒသ"တည်း။ ဤ 'စတုဒ္ဒသ'ဟူသော တဒ္ဓိတ်သည် သင်္ချာအနက်၌ စီရင်အပ်သောကြောင့် သင်္ချာတဒ္ဓိတ် မည်၏။

➤ **ဧကသိသ်, ဝိစ္ဆာ, အာမေဍိတ်** ॥ ॥ နှစ်ကြိမ်ဆိုခြင်းအနက်၌ ဧကသေသ, ဝိစ္ဆာ, အာမေဍိတ် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **ဧကသိသ်** ॥ ॥ တစ်ခုကြွင်းပြုခြင်းသည် ဧကသေသ မည်၏။ ပြယုဂ်ကား "ပုရိသောစ ပုရိသောစ ပုရိသာ"တည်း။ ဤ 'ပုရိသာ'သဒ္ဒါသည် ပုရိသ-သဒ္ဒါတစ်ခုကို ချေ၍ ပုရိသ-သဒ္ဒါ တစ်ခုကြွင်းပြုသောကြောင့် "ဧကသေသ" မည်၏။

➤ **ဝိစ္ဆာ** ॥ ॥ ပြားသောအနက်တို့ကို နှံ့စေခြင်းငှာ နှစ်ကြိမ်ဆိုခြင်းသည် ဝိစ္ဆာ မည်၏။ ပြယုဂ်ကား "ဂါမေ ဂါမေ ဇလံ အတ္ထိ" တည်း။ ဤ 'ဂါမေ ဂါမေ'ဟူသော သဒ္ဒါသည် ပြားသော ရွာဟူသောအနက်ကို နှံ့စေခြင်းငှာ နှစ်ကြိမ်ဆိုခြင်းကြောင့် ဝိစ္ဆာမည်၏။

➤ **အာမေဍိတ်** ॥ ॥ တစ်ခုတည်းသော အနက်ကို ကြောက်ခြင်း အစရှိသည်ဖြင့် နှစ်ကြိမ်ဆိုခြင်းသည် အာမေဍိတ် မည်၏။ ပြယုဂ်ကား "သပ္ပေါ သပ္ပေါ" တည်း။ ဤ 'သပ္ပေါ သပ္ပေါ'ဟူသော သဒ္ဒါသည် တစ်ခုတည်းသော မြွေဟူသော အနက်ကို ကြောက်ခြင်း အစရှိသည်ဖြင့် နှစ်ကြိမ်ဆိုခြင်းကြောင့် "အာမေဍိတ်" မည်၏။

➤ **ဧကသိသ် ၂-ပါး** ॥ ॥ ထိုသုံးပါးတို့တွင် ဧကသေသ-သည်လည်း သရူပေကသေသ ဝိရူပေကသေသ, အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **သရူပေကသေသ** ॥ ॥ သုတိတူ တစ်ခုကြွင်းပြုခြင်းသည် သရူပေကသေသ မည်၏။ ပြယုဂ်ကား "ပုရိသောစ ပုရိသောစ ပုရိသာ"တည်း။ ဤ 'ပုရိသာ'ဟူသော ဧကသေသ-သည် သုတိတူ တစ်ခုကြွင်းပြုသောကြောင့် "သရူပေကသေသ" မည်၏။

➤ **ဝိရူပေကသေသ** ॥ ॥ သုတိ မတူ တစ်ခုကြွင်းပြုခြင်းသည် ဝိရူပေကသေသ မည်၏။ ပြယုဂ်ကား "မာတာစ ပိတာစ မာတရော"တည်း။ ဤ 'မာတရော'ဟူသော ဧကသေသ-သည် သုတိ မတူ တစ်ခုကြွင်းပြုခြင်းကြောင့် "ဝိရူပေကသေသ" မည်၏။

➤ **သရူပေကသိသ် ၂-ပါး** ॥ ॥ ထိုနှစ်ပါးတို့တွင် သရူပေကသေသ-သည်လည်း သဗ္ဗသရူပေကသေသ, ဧကဒေသ သရူပေကသေသ အားဖြင့် နှစ်ပါးအပြားရှိ၏။ထိုတွင်

➤ **သဗ္ဗ သရူပေကသေသ** ॥ ॥ အလုံးစုံ သုတိတူ တစ်ခုကြွင်းပြုခြင်းသည် သဗ္ဗ သရူပေကသေသ မည်၏။ ပြယုဂ်ကား "ပုရိသောစ ပုရိသောစ ပုရိသာ" တည်း။ ဤ 'ပုရိသာ'ဟူသော သရူပေကသေသ-သည် အလုံးစုံ သုတိတူ တစ်ခုကြွင်းပြုခြင်းကြောင့်

http://www.dhammadownload.com



"သဗ္ဗ သရူပေကသေသ" မည်၏။

> **ဧကဒေသ သရူပေကသေသ** ။ ။ တစိတ် သုတိတူ တစ်ခုကြွင်းပြုခြင်းသည် ဧကဒေသ သရူပေကသေသ မည်၏။ ပြယုဂ်ကား "နာမဥ္စ ရူပဥ္စ နာမရူပဥ္စ နာမရူပံ" တည်း။ ဤ နာမရူပံ'ဟူသော သရူပေကသေသ-သည် တစ်စိတ် သုတိတူ တစ်ခုကြွင်း ပြုခြင်းကြောင့် "ဧကဒေသ သရူပေကသေသ" မည်၏။

> **သရူပေကသိသ် ၃-ပါး** ။ ။ တစ်နည်းကား "သဒ္ဒ သရူပေကသေသ, အတ္ထ သရူပေကသေသ, သဒ္ဒတ္ထ သရူပေကသေသ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

> **သဒ္ဒ သရူပေကသေသ** ။ ။ သဒ္ဒါတူ တစ်ခုကြွင်းပြုခြင်းသည် သဒ္ဒသရူပေကသေသ မည်၏။ ပြယုဂ်ကား "မာသော စ မာသော စ မာသာ"တည်း။ မာသော စ၊လ လည်း။မာသော စ၊ပဲကြီးလည်း။မာသာ၊လ, ပဲကြီးတို့။ ဤ 'မာသာ'ဟူသော သရူပေကသေသ-သည် သဒ္ဒါတူ တစ်ခုကြွင်းပြုခြင်းကြောင့် "သဒ္ဒ သရူပေကသေသ"မည်၏။

> **အတ္ထ သရူပေကသေသ** ။ ။ အနက်တူ တစ်ခုကြွင်းပြုခြင်းသည် အတ္ထ သရူပေကသေသ မည်၏။ ပြယုဂ်ကား "ဝက္ကော စ ကုဋိလော စ ကုဋိလာ"တည်း။ ဝက္ကော စ၊လ,ရေးကောက်လည်း။ကုဋိလော စ၊ထွန်ကိုင်းကောက်လည်း။ကုဋိလာ၊လ,ရေးကောက် ထွန်ကိုင်းကောက်တို့။ ဤ 'ကုဋိလာ'ဟူသော သရူပေကသေသ-သည် အနက်တူ တစ်ခု ကြွင်း ပြုခြင်းကြောင့် "အတ္ထ သရူပေကသေသ" မည်၏။

> **သဒ္ဒတ္ထ သရူပေကသေသ** ။ ။ သဒ္ဒါ အနက်တူ တစ်ခုကြွင်းပြုခြင်းသည် သဒ္ဒတ္ထ သရူပေကသေသ မည်၏။ ပြယုဂ်ကား " ပုရိသော စ ပုရိသော စ ပုရိသာ " တည်း။ ပုရိသော စ၊ယောကျ်ားလည်း။ပုရိသော စ၊ယောကျ်ားလည်း။ပုရိသာ၊ယောကျ်ားတို့။ဤ 'ပုရိသာ'ဟူသော သရူပေကသေသ-သည် သဒ္ဒါ အနက်တူ တစ်ခုကြွင်းပြုခြင်းကြောင့် "သဒ္ဒတ္ထ သရူပေကသေသ" မည်၏။

> **ဝိရူပေကသိသ်** ။ ။ ဝိရူပေကသေသ-သည်လည်း ပုဗ္ဗ ဝိရူပေကသေသ, ပရ ဝိရူပေကသေသ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

> **ပုဗ္ဗ ဝိရူပေကသေသ** ။ ။ ရှေ့ပုဒ်၌ သုတိ မတူ တစ်ခုကြွင်းပြုခြင်းသည် ပုဗ္ဗ ဝိရူပေကသေသ မည်၏။ ပြယုဂ်ကား " မာတာ စ ပိတာ စ မာတရော " တည်း။ ဤ "မာတရော"ဟူသော ဝိရူပေကသေသ-သည် ရှေ့ပုဒ်၌ သုတိ မတူ တစ်ခုကြွင်းပြုခြင်း ကြောင့် "ပုဗ္ဗ ဝိရူပေကသေသ" မည်၏။

> **ပရ ဝိရူပေကသေသ** ။ ။ နောက်ပုဒ်၌ သုတိ မတူ တစ်ခုကြွင်းပြုခြင်းသည် ပရဝိရူပေကသေသ မည်၏။ ပြယုဂ်ကား "မာတာ စ ပိတာ စ ပိတရော" တည်း။ ဤ 'ပိတရော'ဟူသော ဝိရူပေကသေသ-သည် နောက်ပုဒ်၌ သုတိ မတူ တစ်ခုကြွင်းပြုခြင်း ကြောင့် "ပရ ဝိရူပေကသေသ" မည်၏။

http://www.dhammadownload.com



➢ ဝိဇ္ဇာ ၃–ပါး ॥ ॥ ဝိဇ္ဇာသည်လည်း ဒဗ္ဗ ဝိဇ္ဇာ, ဂုဏဝိဇ္ဇာ, ကြိယာဝိဇ္ဇာ အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➢ ဒဗ္ဗဝိဇ္ဇာ ॥ ॥ ဒြပ်အားဖြင့် နှံ့စေခြင်းငှာ နှစ်ကြိမ်ဆိုခြင်းသည် ဒဗ္ဗဝိဇ္ဇာ မည်၏ ပြယုဂ်ကား "ဂါမေ ဂါမေ ဇလံ အတ္ထိ"တည်း။ ဤပြယုဂ်၌ 'ဂါမေ ဂါမေ'ဟူသော ဝိဇ္ဇာ သည် ရေဟူသော ဒြပ်အားဖြင့် နှံ့စေခြင်းငှာ နှစ်ကြိမ်ဆိုခြင်းကြောင့် "ဒဗ္ဗဝိဇ္ဇာ"မည်၏

➢ ဂုဏဝိဇ္ဇာ ॥ ॥ ဂုဏ်အားဖြင့် နှံ့စေခြင်းငှာ နှစ်ကြိမ်ဆိုခြင်းသည် ဂုဏဝိဇ္ဇာ မည် ၏။ ပြယုဂ်ကား "ဂါမော ဂါမော ရမဏီယော"တည်း။ ဤပြယုဂ်၌ 'ဂါမော ဂါမော'ဟူ သော ဝိဇ္ဇာသည် မွေ့လျော်ဖွယ်ဟူသော ဂုဏ်အားဖြင့် နှံ့စေခြင်းငှာ နှစ်ကြိမ်ဆိုခြင်း ကြောင့် "ဂုဏဝိဇ္ဇာ"မည်၏။ ➢ ကြိယာဝိဇ္ဇာ ॥ ॥ ကြိယာအားဖြင့် နှံ့စေခြင်းငှာ နှစ်ကြိမ် ဆိုခြင်းသည် ကြိယာဝိဇ္ဇာ မည်၏။ ပြယုဂ်ကား "ဂါမော ဂါမော ဂမ္ဘတေ" တည်း။ ဤပြယုဂ်၌ ' ဂါမော ဂါမော ' ဟူသော ဝိဇ္ဇာသည် သွားခြင်းကြိယာဖြင့် နှံ့စေခြင်း ငှာ နှစ်ကြိမ် ဆိုခြင်းကြောင့် "ကြိယာဝိဇ္ဇာ"မည်၏။

➢ သန္ဓိ ၅–ပါး ॥ ॥ သန္ဓိသည်လည်း မိဿကသန္ဓိ, ဂုဏိတသန္ဓိ, သမ္ဗန္ဓ သန္ဓိ, သင်္ကေတသန္ဓိ, အနေကသန္ဓိ အားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင်--

➢ မိဿကသန္ဓိ ॥ ॥ ရောစ၍ယူအပ်သော သန္ဓိသည် မိဿကသန္ဓိ မည်၏။ ပြယုဂ်ကား "စတုစ ဒသစ စတုဒ္ဒသ"တည်း။ ဤ 'စတုဒ္ဒသ'ဟူသော သန္ဓိသည် စတု ဟူသော သန္ဓိကို 'ဒသ'ဟူသော သန္ဓိနှင့် ရောစ၍ ယူအပ်သောကြောင့် "မိဿက သန္ဓိ" မည်၏။ ➢ ဂုဏိတသန္ဓိ ॥ ॥ မြှောက်၍ ယူအပ်သော သန္ဓိသည် ဂုဏိတ သန္ဓိ မည်၏။ ပြယုဂ်ကား "သတဿ ဒွိကံ ဒွိသတံ"တည်း။ ဤ 'ဒွိသတံ'ဟူသော သန္ဓိသည် 'သတ'ဟူသော သန္ဓိကို 'ဒွိ'ဟူသော သန္ဓိဖြင့် မြှောက်၍ ယူအပ်သော ကြောင့် "ဂုဏိတသန္ဓိ" မည်၏။ ➢ သမ္ဗန္ဓသန္ဓိ ॥ ॥ စပ်၍ ယူအပ်သော သန္ဓိသည် သမ္ဗန္ဓသန္ဓိ မည်၏။ ပြယုဂ်ကား "အဋ္ဌသဋ္ဌိ သတသဟဿုဗ္ဗေဓော ဂိရိ ရာဇာ"တည်း ဂိရိရာဇာ၊မြင့်မိုရ်တောင်မင်းသည်။အဋ္ဌသဋ္ဌိ သတသဟဿုဗ္ဗေဓော၊ယူဇနာ တစ်သိန်း ခြောက်သောင်း, ရှစ်ထောင် အစောက်ရှိ၏။ ဤပြယုဂ်၌ 'အဋ္ဌသဋ္ဌိသတသဟဿ' ဟူ သော သန္ဓိသည် အဋ္ဌ-ဟူသော သန္ဓိ, သတ-ဟူသော သန္ဓိကို သဟဿ-ဟူသော သန္ဓိနှင့် စပ်၍ ယူအပ်သောကြောင့် "သမ္ဗန္ဓသန္ဓိ" မည်၏။

➢ သင်္ကေတသန္ဓိ ॥ ॥. လောက အမှတ်အားဖြင့် ယူအပ်သော သန္ဓိသည် "သင်္ကေတသန္ဓိ"မည်၏။ ပြယုဂ်ကား "ကာသိ နဟုတံ လက္ခံ"တည်း။ ကာသိ၊တထောင် နဟုတံ၊တသောင်း။လက္ခံ၊တသိန်း။ ဤ 'ကာသိ နဟုတံ လက္ခံ'ဟူသော သန္ဓိသည် လောက အမှတ်အားဖြင့် ယူအပ်သောကြောင့် "သင်္ကေတသန္ဓိ" မည်၏။

➢ အနေကသန္ဓိ ॥ ॥ များသောအားဖြင့် ယူအပ်သော သန္ဓိသည် အနေကသန္ဓိမည်

F27-A

http://www.dhammadownload.com



၏။ ပြယုဂ်ကား "သတတေဇော သဟာသာယံ"တည်း။ သတတေဇော၊အရာမကသော တန်ခိုး။သဟသာယံသီအထောင်မကသော ရောင်ခြည်။ ဤ 'သတတေဇော သဟာသာယံ' ဟူသော သချာသည် များသောအားဖြင့် ယှဉ်အပ်သောကြောင့် အနေကသချာ မည်၏။

➤ **တဒ္ဓိတ်ဝါစက ၈–ပါး** ။ ။ တစ်နည်းကား--- ကတ္တုဝါစကတဒ္ဓိတ်, ကမ္မဝါစက, ကရဏဝါစက, သမ္ပဒါနဝါစက, အပါဒါနဝါစက, သမ္ဗန္ဓဝါစက, အဓိကရဏဝါစက, ဘာဝ ဝါစကတဒ္ဓိတ်အားဖြင့် ၈-ပါးအပြားရှိ၏။ ထိုတွင်---

➤ **ကတ္တုဝါစက** ။ ။ ၁။ ကတ္တားအနက်ကိုဟောသော တဒ္ဓိတ်သည် ကတ္တုဝါစက တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဒါသေန ကတံ ဒါသိကံ" တည်း။ ဤ 'ဒါသိကံ'ဟူသော တဒ္ဓိတ်သည် 'ဒါသေန' ၌ 'နာ' ဝိဘတ်သည် ကတ္တားအနက်ကို ဟောသည်ဖြစ်၍ 'ဏိက' ပစ္စည်းသည်လည်း ထိုကတ္တားအနက်ကို ဟောသောကြောင့် ကတ္တုဝါစကတဒ္ဓိတ် မည်၏။

**တစ်နည်းကား**--- "အဘိဓမ္မံ အဓီတေ အာဘိဓမ္မိကော"တည်း။ ဤ 'အာဘိဓမ္မိကော' ဟူသော တဒ္ဓိတ်သည် 'အဓိတေ'သဒ္ဒါသည် ကတ္တားအနက်ကို ဟောသည်ဖြစ်၍ 'ဏိက' ပစ္စည်းသည်လည်း ထိုကတ္တားအနက်ကို ဟောသောကြောင့် ကတ္တုဝါစကတဒ္ဓိတ် မည်၏။

➤ **ကမ္မဝါစက** ။ ။ ကံအနက်ကိုဟောသော တဒ္ဓိတ်သည် ကမ္မဝါစက တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "အဘိဓမ္မံ အဓီတေ အာဘိဓမ္မိကော"တည်း။ ဤ 'အာဘိဓမ္မိကော' ဟူသော တဒ္ဓိတ်သည် 'အဘိဓမ္မံ' ၌ 'အံ' ဝိဘတ်သည် ကံအနက်ကိုဟောသည်ဖြစ်၍ 'ဏိက'ပစ္စည်းသည်လည်း ထိုကံအနက်ကိုဟောသောကြောင့် ကမ္မဝါစကတဒ္ဓိတ်မည်၏

တစ်နည်းကား- "ဒါသေန ကတံ ဒါသိကံ"တည်း။ ဤ 'ဒါသိကံ'ဟူသော တဒ္ဓိတ်သည် 'ကတ'သဒ္ဒါသည် ကံအနက်ကို ဟောသည်ဖြစ်၍ 'ဏိက'ပစ္စည်းသည်လည်း ထို ကံအနက်ကို ဟောသောကြောင့် "ကမ္မဝါစက တဒ္ဓိတ်" မည်၏။

➤ **ကရဏဝါစက** ။ ။ ကရိုဏ်းအနက်ကိုဟောသော တဒ္ဓိတ်သည် ကရဏဝါစက တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ကာယေန ကတံ ကမ္မံ ကာယိကံ"တည်း။ ဤ 'ကာယိကံ' ဟူသော တဒ္ဓိတ်သည် 'ကာယေန' ၌ 'နာ'ဝိဘတ်သည် ကရိုဏ်းအနက်ကို ဟောသည် ဖြစ်၍ 'ဏိက'ပစ္စည်းသည်လည်း ထိုကရိုဏ်းအနက်ကို ဟောသောကြောင့် " ကရဏ ဝါစက တဒ္ဓိတ်" မည်၏။ တစ်နည်းကား -- "ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော"တည်း။ ဤ 'ဝါသိဋ္ဌော'ဟူသော တဒ္ဓိတ်သည် 'အပစ္စ'သဒ္ဒါသည် "န ပစ္စတိ န ဆိဇ္ဇတိ ဝံသော ဧတေနာတိ အပစ္စံ"ဟူသော ဝစနတ္ထနှင့်အညီ ကရိုဏ်းအနက်ကို ဟောသည်ဖြစ်၍ 'ဏ' ပစ္စည်းသည်လည်း ထိုကရိုဏ်းအနက်ကို ဟောသောကြောင့် ကရဏဝါစကတဒ္ဓိတ်မည်၏

➤ **သမ္ပဒါနဝါစက** ။ ။ သမ္ပဒါန်အနက်ကိုဟောသော တဒ္ဓိတ်သည် သမ္ပဒါနဝါစက တဒ္ဓိတ်မည်၏။ ပြယုဂ်ကား "သဂ္ဂါယ သံဝတ္တတီတိ သောဝဂ္ဂိကံ"တည်း။ ဤ 'သောဝဂ္ဂိ ကံ'ဟူသော တဒ္ဓိတ်သည် ' သဂ္ဂါယ ' ၌ သဝိဘတ်သည် သမ္ပဒါန်အနက်ကို ဟောသည်

http://www.dhammadownload.com



ဖြစ်၍ 'ဏိက'ပစ္စည်းသည်လည်း ထိုသမ္ပဒါန်အနက်ကို ဟောသောကြောင့် "သမ္ပဒါန ဝါစက တဒ္ဓိတ်" မည်၏။ တစ်နည်းကား-- "ဒက္ခိဏံ အဿ အရဟတီတိ ဒက္ခိဏေယျော" တည်း။ ဤ 'ဒက္ခိဏေယျော'ဟူသော တဒ္ဓိတ်သည် 'အဿ'သဒ္ဒါသည် သမ္ပဒါန်အနက်ကို ဟောသည်ဖြစ်၍ 'ဏေယျ'ပစ္စည်းသည်လည်း ထိုသမ္ပဒါန်အနက်ကို ဟောသောကြောင့် "သမ္ပဒါနဝါစက တဒ္ဓိတ်" မည်၏။

➤ **အပါဒါနဝါစက** ။ ။ အပါဒါန်အနက်ကိုဟောသော တဒ္ဓိတ်သည် အပါဒါန ဝါစက တဒ္ဓိတ်မည်၏။ ပြယုဂ်ကား "ပဗ္ဗတော နိက္ခန္တာ နဒီ ပဗ္ဗတေယျာ" တည်း။ ဤ 'ပဗ္ဗတေယျာ'ဟူသော တဒ္ဓိတ်သည် 'ပဗ္ဗတာ' ၌ သွာဝိဘတ်သည် အပါဒါန်အနက်ကို ဟောသည်ဖြစ်၍ 'ဏေယျ'ပစ္စည်းသည်လည်း ထိုအပါဒါန်အနက်ကို ဟောသောကြောင့် အပါဒါနဝါစက တဒ္ဓိတ် မည်၏။

တစ်နည်းကား - 'ဂေါဿ ဘာဝေါ ဂေါတ္တံ'တည်း။ ဤ 'ဂေါတ္တံ'ဟူသော တဒ္ဓိတ်သည် 'ဘာဝ'သဒ္ဒါသည် "ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတသ္မာတိ ဘာဝေါ"ဟူသော ဝစနတ္ထနှင့် အညီ အပါဒါန်အနက်ကို ဟောသည်ဖြစ်၍ 'တ္တ'ပစ္စည်းသည်လည်း ထိုအပါဒါန်အနက်ကို ဟောသောကြောင့် "အပါဒါန ဝါစက တဒ္ဓိတ်" မည်၏။

➤ **သမ္ဗန္ဓဝါစက** ။ ။ သမ္ဗန်အနက်ကိုဟောသော တဒ္ဓိတ်သည် သမ္ဗန္ဓဝါစက တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "ဝသိဋ္ဌဿ အပစ္စံ ဝါသိဋ္ဌော"တည်း။ ဤ 'ဝါသိဋ္ဌော'ဟူသော တဒ္ဓိတ်သည် 'ဝသိဋ္ဌဿ' ၌ သဝိဘတ်သည် သမ္ဗန်အနက်ကို ဟောသည်ဖြစ်၍ 'ဏ'ပစ္စည်း သည်လည်း ထိုသမ္ဗန်အနက်ကို ဟောသောကြောင့် သမ္ဗန္ဓဝါစကတဒ္ဓိတ် မည်၏။

တစ်နည်းကား -- "ဗီဏာ အဿ သိပ္ပံ ဝေဏိကော"တည်း။ ဤ 'ဝေဏိကော' ဟူသော တဒ္ဓိတ်သည် 'အဿ' ၌ သဝိဘတ်သည် သမ္ဗန်အနက်ကို ဟောသည်ဖြစ်၍ ဏိက ပစ္စည်းသည်လည်း ထိုသမ္ဗန်အနက်ကို ဟောသောကြောင့် သမ္ဗန္ဓဝါစကတဒ္ဓိတ် မည်၏။

➤ **အဓိကရဏ ဝါစက** ။ ။ အဓိကရဏအနက်ကိုဟောသော တဒ္ဓိတ်သည် အဓိ ကရဏဝါစက တဒ္ဓိတ် မည်၏။ ပြယုဂ်ကား "သရီရေ သန္နိဓာနာ ဝေဒနာ သာရီရိကာ" တည်း။ ဤ 'သာရီရိကာ'ဟူသော တဒ္ဓိတ်သည် 'သရီရေ' ၌ သ္မိံဝိဘတ်သည် အဓိကရဏ အနက်ကို ဟောသည်ဖြစ်၍ ဏိကပစ္စည်းသည်လည်း ထိုအဓိကရဏအနက်ကို ဟော သောကြောင့် "အဓိကရဏဝါစက တဒ္ဓိတ်" မည်၏။ တစ်နည်းကား - "ရုက္ခော ဧတသ္မိံ ဝိဇ္ဇတီတိ ရုက္ခဝါ" တည်း။ ဤ 'ရုက္ခဝါ'ဟူသော တဒ္ဓိတ်သည် 'ဧတသ္မိံ' သဒ္ဒါသည် အဓိ ကရဏအနက်ကို ဟောသည်ဖြစ်၍ ဝန္တုပစ္စည်းသည်လည်း ထိုအဓိကရဏအနက်ကို ဟောသောကြောင့် "အဓိကရဏ ဝါစက တဒ္ဓိတ်" မည်၏။

➤ **ဘာဝဝါစက** ။ ။ သဒ္ဒပဝတ္တိနိမိတ်ဖြစ်သော ဘာဝအနက်ကိုဟောသော တဒ္ဓိတ် သည် ဘာဝဝါစကတဒ္ဓိတ် မည်၏။ပြယုဂ်ကား " ဂေါဿ ဘာဝေါ ဂေါတ္တံ" တည်း။ ဤ

http://www.dhammadownload.com



'ဂေါတ္တံ'ဟူသော တဒ္ဓိတ်သည် 'ဘာဝ'သဒ္ဒါသည် "ဘဝတ္တိ ဗုဒ္ဓိသဒ္ဒါ ဧတေနာတိ ဘာဝေါ" ဟူသော ဝစနတ္ထနှင့်အညီ သဒ္ဒပဝတ္တိနိမိတ်ဖြစ်သော ဘောအနက်ကို ဟောသည်ဖြစ်၍ တ္တ-ပစ္စည်းသည်လည်း ထိုသဒ္ဒပဝတ္တိနိမိတ်ဖြစ်သော ဘောအနက်ကို ဟောသောကြောင့် "ဘာဝဝါစကတဒ္ဓိတ်" မည်၏။

တဒ္ဓိတ် ပုဒ်စစ် ပြီး၏။

## ၆။ အာချာတ် ပုဒ်စစ်

➤ **အာချာတ်** ။ ။ "ကြိယံ အာချာယတီတိ အာချာတံ"ဟူသော ဝစနတ္ထနှင့်အညီ ကြိယာကို ပဓာနအားဖြင့် ဟောတတ်သော ပုဒ်သည် အာချာတ်ပုဒ် မည်၏။ ပြယုဂ်ကား "ပုရိသော မဂ္ဂံ ဂစ္ဆတိ" အစရှိသည်၌ 'တိ' အစရှိသည်တည်း။ဤပြယုဂ်၌ 'တိ' ဝိဘတ်သည် 'ပုရိသော'ဟူသော ကတ္တားကိုဟော၏၊ ဂမုဓာတ်သည် သွားခြင်းကြိယာကို ဟော၏၊ ထိုသို့ ဓာတ်သာ ကြိယာကို ဟောငြားသော်လည်း ဓာတ်၏ ဝိဘတ်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် နာန္တရိကနည်းအားဖြင့် 'တိ' ဝိဘတ်လည်း ဟောသည်မည်၏။ ထို့ကြောင့် "ကြိယံ အာချာယတီတိ အာချာတံ"ဟူသော ဝစနတ္ထနှင့်အညီ ကြိယာကို ပဓာနအားဖြင့် ဟောတတ်သောကြောင့် "အာချာတ်" မည်၏ဟူလိုသော်။

➤ **အာချာတ်ဝိဘတ် ၈-သွယ်** ။ ။ ထိုအာချာတ်သည်လည်း "ကြိယံ အာချာယတီတိ အာချာတံ" ဟူသော ဝစနတ္ထနှင့်အညီ ကြိယာကို ပဓာနအားဖြင့် ဟောတတ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား ဝတ္တမာန် ဝိဘတ်, ပဉ္စမီ, သတ္တမီ, ပရောက္ခာ, ဟိယျတ္တနီ, အဇ္ဇတနီ, ဘဝိဿန္တိ, ကာလာတိပတ္တိ အားဖြင့် ရှစ်ပါးအပြားရှိ၏။ ထိုတွင်-

➤ **ဝတ္တမာန်ဝိဘတ်** ။ ။ 'ဆဲ'ဟူ၍ ပေးအပ်သော အားထုတ်၍ မပြီးသေးသော ကာလသည် ပစ္စုပ္ပန်မည်၏။ ထိုပစ္စုပ္ပန်ကာလ၌ သက်အပ်သော 'တိ, အန္တိ' အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် "ဝတ္တမာန်ဝိဘတ်" မည်၏။

➤ **ပဉ္စမီဝိဘတ်** ။ ။ 'လော့'ဟူ၍ ပေးအပ်သော စေခြင်းအနက်သည် အာဏတ္တိ မည်၏။ 'စေသတည်း'ဟူ၍ရင်း၊ 'စေခြင်း၏'ဟူ၍ရင်း၊ 'စေခလို'ဟူ၍ရင်း ပေးအပ်သော တောင့်တခြင်းအနက်သည် အာသိဋ္ဌ မည်၏။ ထိုအာဏတ္တိ အာသိဋ္ဌအနက်၌ သက်အပ်သော 'တု, အန္တု' အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် "ပဉ္စမီဝိဘတ်" မည်၏။

➤ **သတ္တမီဝိဘတ်** ။ ။ 'လော'ဟူ၍ ပေးအပ်သော သူတစ်ပါးအလိုကို စုံစမ်းခြင်း အနက်သည် အနုမတိ မည်၏။ 'ရာ'ဟူ၍ရင်း, 'အံ့နည်း'ဟူ၍ရင်း ပေးအပ်သော မိမိ အလိုကို ကြံစည်ခြင်းအနက်သည် ပရိကပ္ပ မည်၏။ ထို အနုမတိ, ပရိကပ္ပအနက်၌

http://www.dhammadownload.com



သက်အပ်သော 'ယေျ, ဖေျှ' အစရှိသော (၁၂) ပုဒ်သည် "သတ္တမိဝိဘတ်"မည်၏။

➤ **ပရောက္ခာဝိဘတ်** ။ ။ 'ပြီး'ဟူ၍ ပေးအပ်သော အားထုတ်၍ ပြီးပြီးသော ကာလ သည် အတိတ် မည်၏။ ထိုအတိတ်ကာလ၌ သက်အပ်သော 'အ, ဥ' အစရှိသော (၁၂) ပုဒ်သည် "ပရောက္ခာဝိဘတ်" မည်၏။ ➤ **ဟိယျတ္တနီဝိဘတ်** ။ ။ 'ပြီး'ဟူ၍ ပေးအပ် သော လွန်လေပြီးသော ညဥ့်ထက်ဝက်မှ စ၍ ဒုတိယညဥ့်ထက်ဝက် တိုင်ရုံသော ကာလ သည် ဟိယျော မည်၏။ ထို ဟိယျော ကာလ-မှ စ၍ အတိတ်ကာလ၌ သက်အပ်သော 'အာ, ဦ' အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် "ဟိယျတ္တနီဝိဘတ်" မည်၏။

➤ **အဇ္ဇတနီဝိဘတ်** ။ ။ 'ပြီး'ဟူ၍ ပေးအပ်သော လွန်လေပြီးသော ညဥ့်ထက်ဝက်မှ စ၍ လာလတ္တံ့သော ညဥ့်ထက်ဝက်တိုင်ရုံသော ကာလသည် အဇ္ဇ မည်၏။ ထို အဇ္ဇ ကာလ-မှ စ၍ အတိတ်ကာလ၌ သက်အပ်သော 'ဤ, ဦ' အစရှိသော တစ်ဆယ့်နှစ်ပုဒ် သည် "အဇ္ဇတနီဝိဘတ်" မည်၏။ ➤ **ဘဝိဿန္တိဝိဘတ်** ။ ။ 'လတ္တံ့'ဟူ၍၎င်း, 'အံ့'ဟူ၍ ၎င်း ပေးအပ်သော မရောက်သေးသော ရှေးရှုကာမျှသည် အနာဂတ် မည်၏။ ထို အနာဂတ်ကာလ၌ သက်အပ်သော "ဿတိ, ဿန္တိ" အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် "ဘဝိဿန္တိဝိဘတ်" မည်၏။

➤ **ကာလာတိပတ္တိဝိဘတ်** ။ ။ 'ရာပြီ'ဟူ၍ ပေးအပ်သော ရခြင်း, အစရှိသော ကြိယာ၏ မဖြစ်ခြင်းမျှသည် ရခြင်း, အစရှိသော ကြိယာကို လွန်သောကြောင့် ကြိယာ တိပန္န မည်၏။ ထို ကြိယာတိပန္နအနက်၌ သက်အပ်သော "ဿာ, ဿံသု" အစရှိသော တစ်ဆယ့်နှစ်ပုဒ်သည် "ကာလာတိပတ္တိဝိဘတ်" မည်၏။

➤ **ပရဿပုဒ်** ။ ။ ထိုရှစ်ပါးတို့တွင် ဝတ္တမာနဝိဘတ်သည် ပရဿပုဒ်, အတ္တနော ပုဒ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်- "တိ, အန္တိ" အစရှိသော ရှေ့ခြောက်ပုဒ်တို့ သည် "ပရဿ အတ္ထံ ပကာသကာနိ ပဒါနိ ပရဿပဒါနိ"ဟူသော ဝစနတ္ထနှင့်အညီ 'အမှ'ဟုဆိုအပ်သော မိမိအနက်မှ တစ်ပါးသော 'နာမ, တုမှ'ဟု ဆိုအပ်သော သူတစ်ပါး အနက်ကို ပြတတ်သောကြောင့် ပရဿပုဒ်မည်၏။ ထို ပရဿပုဒ်တို့တွင် ပထမပုရိသ် မဇ္ဈိမပုရိသ်တို့သည် 'အမှ'ဟု ဆိုအပ်သော မိမိအနက်မှ တစ်ပါးသော 'နာမ, တုမှ' ဟု ဆိုအပ်သော သူတစ်ပါးအနက်ကို ပြတတ်သောကြောင့် မုချအားဖြင့် ပရဿပုဒ် မည် ကုန်၏။ ဥတ္တမပုရိသ်သည် 'အမှ'ဟု ဆိုအပ်သော မိမိအနက်ကို ပြတတ်သော်လည်း များရာသို့ လိုက်သောအားဖြင့် "ပရဿပုဒ်" မည်၏။

ထို ပရဿပုဒ်ဝိဘတ်သည် 'တတ်'ဟူ၍ ပေးအပ်သည်ဖြစ်၍ ကတ္တားအနက်ကို ဟော၏။ ထိုဟောအပ်သော ကတ္တားသည် ပထမာဝိဘတ်နှင့် ယှဉ်ရာ၏။ ကံသည် ဒုတိယာဝိဘတ်နှင့် ယှဉ်ရာ၏။ ပြယုဂ်ကား "ပုရိသော ဩဒနံ ပစတိ"အစရှိသည်တည်း

➤ **အတ္တနောပုဒ်** ။ ။ " တေ, အန္တေ " အစရှိသော နောက်ခြောက်ပုဒ်တို့သည်

http://www.dhammadownload.com



"အတ္တနော အတ္တံ ပကာသကာနိ ပဒါနိ အတ္တနော ပဒါနိ"ဟူသော ဝစနတ္ထနှင့်အညီ 'အမှ'ဟု ဆိုအပ်သော မိမိအနက်ကို ပြတတ်သောကြောင့် အတ္တနောပုဒ် မည်ကုန်၏။ ထိုအတ္တနောပုဒ်တို့တွင် ဥတ္တမပုရိသ်သည် 'အမှ'ဟု ဆိုအပ်သော မိမိအနက်ကို ပြတတ်သောကြောင့် မုချအားဖြင့် အတ္တနောပုဒ်မည်၏။ ပထမပုရိသ်, မဇ္ဈိမပုရိသ်တို့သည် 'အမှ'ဟု ဆိုအပ်သော မိမိအနက်မှ တစ်ပါးသော "နာမ, တုမှ"ဟု ဆိုအပ်သော သူတစ်ပါး အနက်ကို ပြတတ်သော်လည်း အတွင်ရှဋ္ဌီအားဖြင့် အတ္တနောပုဒ် မည်ကုန်၏။

ထို အတ္တနောပုဒ်ဝိဘတ်သည်လည်း 'တတ်'ဟူ၍ ပေးအပ်သည်ဖြစ်၍ ကတ္တားကို ဟောသည်ဖြစ်အံ့၊ ထိုဟောအပ်သော ကတ္တားသည် ပထမာဝိဘတ်နှင့် ယှဉ်ရာ၏။ ကံသည် ဒုတိယာဝိဘတ်နှင့် ယှဉ်ရာ၏။ ပြယုဂ်ကား "ပုရိသော ဩဒနံ ပစတေ" တည်း။ "အပ်"ဟု ပေးအပ်သည်ဖြစ်၍ ကံကို ဟောသည်ဖြစ်အံ့၊ ထိုဟောအပ်သော ကံသည် ပထမာဝိဘတ်နှင့် ယှဉ်ရာ၏၊ ကတ္တားသည် တတိယာဝိဘတ်နှင့် ယှဉ်ရာ၏။ ပြယုဂ်ကား "ပုရိသေန ဩဒနော ပစ္စတေ" တည်း။ "ခြင်း"ဟူ၍ရင်း, "ရာ၏"ဟူ၍ရင်း ပေးအပ်သည်ဖြစ်၍ ဘောကိုဟောသည်ဖြစ်အံ့၊ ကတ္တားသည် တတိယာဝိဘတ်နှင့် ယှဉ်ရာ၏။ ကံသည် ဆဋ္ဌီဝိဘတ်နှင့်ရင်း, ဒုတိယာဝိဘတ်နှင့်ရင်း ယှဉ်ရာ၏။ ပြယုဂ်ကား- "ပုရိသေန ဩဒနဿ ပစ္စတေ, ပုရိသေန ဩဒနံ ဝါ ပစ္စတေ" တည်း။

➤ **ပရဿပုဒ်၌ ပုရိသ် ၃-ပါးနှင့် ဝုစ် ၆-ပါး** ။ ။ ထိုနှစ်ပါးတို့တွင် ပရဿပုဒ်သည်လည်း ပထမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်-

➤ **ပထမပုရိသ်** ။ ။ တူသောအနက်ရှိသော နာမ-သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော "တိ, အန္တိ"ဟူသော အစနှစ်ပုဒ်သည် ပထမပုရိသ် မည်၏။ ပြယုဂ်ကား "ပုရိသော ဂစ္ဆတိ၊ ပုရိသာ ဂစ္ဆန္တိ"တည်း။ ဤပြယုဂ်တို့၌ ပုရိသော-သဒ္ဒါ, ပုရိသာ-သဒ္ဒါ တို့သည် ဇာတ်ကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ ယောကျ်ားဒြပ်ကို, ဂစ္ဆတိ-သဒ္ဒါ, ဂစ္ဆန္တိ သဒ္ဒါတို့သည်လည်း သွားခြင်းကြိယာကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ ယောကျ်ားဒြပ်ကို ဟောသည်ဖြစ်၍ ယောကျ်ားဒြပ်တည်းဟူသော တူသောအနက်ရှိသော ပုရိသော,ပုရိသာ ဟု ဆိုအပ်သော နာမ-သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော "တိ, အန္တိ"ဟူသော အစနှစ်ပုဒ်သည် "ပထမပုရိသ်" မည်၏။

➤ **မဇ္ဈိမပုရိသ်** ။ ။ တူသောအနက်ရှိသော 'တုမှ'သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော "သိ, ထ"ဟူသော အလယ်နှစ်ပုဒ်သည် မဇ္ဈိမပုရိသ် မည်၏။ ပြယုဂ်ကား "တွံ ဂစ္ဆသိ၊ တုမှေ ဂစ္ဆထ"တည်း။ ဤပြယုဂ်တို့၌ တွံ-သဒ္ဒါ, တုမှ-သဒ္ဒါတို့သည် တကွ ဆိုဖက်ဖြစ်သော သူတို့၏ တူသောအခြင်းအရာဟု ဆိုအပ်သော ဇာတ်ကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ တကွ ဆိုဖက်ဖြစ်သော သူဒြပ်ကို၊ ဂစ္ဆသိ-သဒ္ဒါ, ဂစ္ဆထ-သဒ္ဒါတို့သည် လည်း သွားခြင်းကြိယာကို အကြောင်း ပဝတ္တိနိမိတ်ပြု၍ တကွ ဆိုဖက်ဖြစ်သော သူဒြပ်

http://www.dhammadownload.com



ကို ဟောသည်ဖြစ်၍ တကွ ဆိုဖက်ဖြစ်သော သူဖြစ်တည်းဟူသော တူသောအနက်ရှိသော "တွံ, တုမှေ"ဟု ဆိုအပ်သော 'တုမှ'သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော "သိ, ထ"ဟူသော အလယ်နှစ်ပုဒ်သည် "မဇ္ဈိမပုရိသ်" မည်၏။

➤ **ဥတ္တမပုရိသ်** ။ ။ တူသော အနက်ရှိသော 'အမှ'သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော "မိ, မ"ဟူသော အဆုံးနှစ်ပုဒ်သည် ဥတ္တမပုရိသ်မည်၏။ပြယုဂ်ကား "အဟံ ဂစ္ဆာမိ၊ မယံ ဂစ္ဆာမ"တည်း။ ဤပြယုဂ်တို့၌ အဟံ-သဒ္ဒါ, မယံ-သဒ္ဒါတို့သည် မိမိတို့၏ တူသောအခြင်းအရာဟု ဆိုအပ်သော ဇာတ်ကို အကြောင်းပဝတ္တိနိမိတ်ပြု၍ မိမိဖြစ်ကို၊ ဂစ္ဆာမိ-သဒ္ဒါ, ဂစ္ဆာမ-သဒ္ဒါတို့သည်လည်း သွားခြင်းကြိယာကို အကြောင်းပဝတ္တိနိမိတ်ပြု၍ မိမိဖြစ်ကို ဟောသည်ဖြစ်၍ မိမိဖြစ်တည်းဟူသော တူသောအနက်ရှိသော အဟံ မယံ-ဟု ဆိုအပ်သော 'အမှ'သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော "မိ, မ"ဟူသော အဆုံးနှစ်ပုဒ်သည် "ဥတ္တမပုရိသ်" မည်၏။

ထိုသုံးပါးတို့တွင် တစ်ပါးပါးတို့၌ ဧကဝုစ်, ဗဟုဝုစ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် "တိ, သိ, မိ"ဟူသော ရှေ့ရှေ့သော ပုဒ်သည် ဧကဝုစ်မည်၏။ "အန္တိ, ထ, မ" ဟူသော နောက်နောက်သော ပုဒ်သည် ဗဟုဝုစ်မည်၏။ ဤသို့လျှင် ပရဿပုဒ်၌ ပုရိသ်အားဖြင့် သုံးပါး, ဝုစ်အားဖြင့် ခြောက်ပါးဖြစ်သတည်း။

➤ **ပရဿပုဒ်၌ ပရောပုရိသ် ၅-ပါး** ။ ။ ပရောပုရိသ်အားဖြင့်ကား ငါးပါးအပြားရှိ၏။ ငါးပါးဟူသော်ကား - "တိ, သိ, ထ"တဝါရ၊ တိ, မိ, မ, တဝါရ၊သိ, မိ, မ, တဝါရ တိ, သိ, မိ, မ, တဝါရ၊ တိ, အန္တိ, သိ, ထ, မိ, မ, တဝါရ၊ ဤသို့လျှင် ငါးပါးဖြစ်သတည်း။ ထိုငါးပါးတို့တွင်-- (၁) တိ, သိ, ထ-၏ ပြယုဂ်ကား "သောစ ဂစ္ဆတိ, တွဥ္စ ဂစ္ဆသိ, တုမှေ ဂစ္ဆထ" အစရှိသည်တည်း။ (၂) တိ, မိ, မ,၏ ပြယုဂ်ကား "သောစ ဂစ္ဆတိ, အဟဥ္စ ဂစ္ဆာမိ, မယံ ဂစ္ဆာမ"တည်း။ (၃) သိ, မိ, မ,၏ ပြယုဂ်ကား "တွဥ္စ ဂစ္ဆသိ, အဟဥ္စ ဂစ္ဆာမိ မယံ ဂစ္ဆာမ"တည်း။ (၄) တိ, သိ, မိ, မ,၏ ပြယုဂ်ကား "သောစ ဂစ္ဆတိ, တွဥ္စ ဂစ္ဆသိ, အဟဥ္စ ဂစ္ဆာမိ, မယံ ဂစ္ဆာမ"တည်း။ (၅) တိ, အန္တိ, သိ, ထ, မိ, မ,၏ ပြယုဂ်ကား "သောစ ဂစ္ဆတိ, တေစ ဂစ္ဆန္တိ, တွဥ္စ ဂစ္ဆသိ, တုမှေစ ဂစ္ဆထ, အဟဥ္စ ဂစ္ဆာမိ, မယံ ဂစ္ဆာမ " အစရှိသည်တည်း။

➤ **အတ္တနောပုဒ်၌ ပုရိသ် ၃-ပါး ဝုစ် ၆-ပါး** ။ ။ အတ္တနောပုဒ်သည်လည်း ပဌမပုရိသ်, မဇ္ဈိမပုရိသ်, ဥတ္တမပုရိသ် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်-

➤ **ပဌမပုရိသ်** ။ ။ တူသောအနက်ရှိသော 'နာမ'သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော "တေ, အန္တေ"ဟူသော အစနှစ်ပုဒ်သည် ပဌမပုရိသ် မည်၏။ ပြယုဂ်ကား "ပုရိသော ပစတေ, ပုရိသာ ပစန္တေ"တည်း။ ဤပြယုဂ်တို့၌ ပုရိသော-သဒ္ဒါ, ပုရိသာ-သဒ္ဒါတို့သည် ဇာတ်ကို အကြောင်းပဝတ္တိနိမိတ်ပြု၍ ယောကျ်ားဖြစ်ကို၊ ပစတေ-သဒ္ဒါ,

http://www.dhammadownload.com



ပစန္တေ-သဒ္ဒါတို့သည်လည်း ချက်ခြင်းကြိယာကို အကြောင်းပဝတ္တနိမိတ်ပြု၍ ယောကျ်ား ဖြစ်ကို ဟောသည်ဖြစ်၍ ယောကျ်ားဖြစ်တည်းဟူသော တူသောအနက်ရှိသော ပုရိသော ပုရိသာ-ဟု ဆိုအပ်သော 'နာမ'သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော "တေ, အန္တေ" ဟူသော အစနှစ်ပုဒ်သည် "ပဌမပုရိသ်" မည်၏။

➤ **မဇ္ဈိမပုရိသ်** ။ ။ တူသောအနက်ရှိသော 'တုမှ'သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော "သေ, ဝှေ"ဟူသော အလယ်နှစ်ပုဒ်သည် မဇ္ဈိမပုရိသ် မည်၏။ ပြယုဂ်ကား "တွံ ပစသေ, တုမှေ ပစဝှေ" အစရှိသည်တည်း။ ဤပြယုဂ်တို့၌ "တွံ-သဒ္ဒါ, တုမှေ-သဒ္ဒါ တို့သည် တကွ ဆိုဖက်ဖြစ်သော သူတို့၏ တူသောအခြင်းအရာဟု ဆိုအပ်သော ဇာတ် ကို အကြောင်းပဝတ္တနိမိတ်ပြု၍ တကွဆိုဖက်ဖြစ်သော သူဖြစ်ကို၊ ပစသေ-သဒ္ဒါ, ပစဝှေ သဒ္ဒါတို့သည်လည်း ချက်ခြင်းကြိယာကို အကြောင်းပဝတ္တနိမိတ်ပြု၍ တကွဆိုဖက်ဖြစ် သော သူဖြစ်ကို ဟောသည်ဖြစ်၍ တကွဆိုဖက်ဖြစ်သော သူဖြစ်တည်းဟူသော တူသော အနက်ရှိသော တွံ, တုမှေ-ဟု ဆိုအပ်သော တုမှ-သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက် သော 'သေ, ဝှေ'ဟူသော အလယ်နှစ်ပုဒ်သည် "မဇ္ဈိမပုရိသ်" မည်၏။

➤ **ဥတ္တမပုရိသ်** ။ ။ တူသောအနက်ရှိသော 'အမှ'သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော "ဧ, မှေ" ဟူသော အဆုံးနှစ်ပုဒ်သည် ဥတ္တမပုရိသ် မည်၏။ ပြယုဂ်ကား "အဟံ ပစေ, မယံ ပစာမှေ"တည်း။ ဤပြယုဂ်တို့၌ အဟံ-သဒ္ဒါ, မယံ-သဒ္ဒါတို့သည် မိမိတို့၏ တူသောအခြင်းအရာဟု ဆိုအပ်သော ဇာတ်ကို အကြောင်းပဝတ္တနိမိတ်ပြု၍ မိမိဖြစ်ကို၊ ပစေ-သဒ္ဒါ, ပစာမှေ-သဒ္ဒါတို့သည်လည်း ချက်ခြင်းကြိယာကို အကြောင်း ပဝတ္တနိမိတ်ပြု၍ မိမိဖြစ်ကို ဟောသည်ဖြစ်၍ မိမိဖြစ်တည်းဟူသော တူသောအနက်ရှိ သော 'အဟံ, မယံ'ဟု ဆိုအပ်သော အမှ-သဒ္ဒါကို ယှဉ်အပ်သည်ရှိသော် သက်သော 'ဧ,မှေ'ဟူသော အဆုံးနှစ်ပုဒ်သည် "ဥတ္တမပုရိသ်" မည်၏။

ထိုသုံးပါးတို့တွင် တစ်ပါး တစ်ပါး၌ ဧကဝုစ် ဗဟုဝုစ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင် 'တေ, သေ, ဧ'ဟူသော ရှေ့ရှေ့သောပုဒ်သည် ဧကဝုစ် မည်၏။ 'အန္တေ, ဝှေ, မှေ'ဟူသော နောက်နောက်သော ပုဒ်သည် ဗဟုဝုစ် မည်၏။ ဤသို့လျှင် အတ္တနောပုဒ် ၌ ပုရိသ်အားဖြင့် သုံးပါး, ဝုစ်အားဖြင့် ခြောက်ပါး ဖြစ်သတည်း။

➤ **အတ္တနောပုဒ်၌ ပရောပုရိသ် ၅-ပါး** ။ ။ ပုရောပုရိသ်အားဖြင့်ကား- ငါးပါး အပြားရှိ၏။ ငါးပါးဟူသော်ကား - 'တေ, သေ, ဝှေ' တဝါရ 'တေ, ဧ, မှေ'တဝါရ 'သေ ဧ, မှေ' တဝါရ 'တေ, သေ, ဧ, မှေ' တဝါရ 'တေ, အန္တေ, သေ, ဝှေ, ဧ, မှေ' တဝါရ ဤသို့ ငါးပါးဖြစ်သတည်း။ ထိုငါးပါးတို့တွင်--

(၁) 'တေ, သေ, ဝှေ'၏ ပြယုဂ်ကား "သောစ ပစတေ, တွဉ္စ ပစသေ, တုမှေ ပစဝှေ"တည်း။ (၂) 'တေ, ဧ, မှေ'၏ ပြယုဂ်ကား "သောစ ပစတေ, အဟဉ္စ ပစေ, မယံ

http://www.dhammadownload.com



ပစာမှေ"တည်း။ (၃) 'သေ, ဧ, မှေ'၏ ပြယုဂ်ကား "တွဥ္စ ပစသေ, အဟဥ္စ ပစေ, မယံ ပစာမှေ"တည်း။ (၄) 'တေ, သေ, ဧ, မှေ'၏ ပြယုဂ်ကား "သောစ ပစတေ, တွဥ္စ ပစသေ အဟဥ္စ ပစေ, မယံ ပစာမှေ"တည်း။ (၅) 'တေ, အန္တေ, သေ, ဝှေ, ဧ, မှေ'၏ ပြယုဂ်ကား "သောစ ပစတေ, တေစ ပစန္တေ, တွဥ္စ ပစသေ, တုမှေစ ပစဝှေ, အဟဥ္စ ပစေ, မယံ ပစာမှေ"တည်း။ ဤသို့လျှင် ဝတ္တမာန်ဝိဘတ်၌ ပုဒ်အားဖြင့် နှစ်ပါး, ပုရိသ်အားဖြင့် ၆-ပါး၊ ဝုစ်အားဖြင့် ၁၂-ပါး၊ ပရောပုရိသ်အားဖြင့် ၁၀-ပါး ဖြစ်သတည်း။

ဤအတူ ပဥ္စမီဝိဘတ် အစရှိသည်တို့၌လည်း ပုဒ်အားဖြင့် နှစ်ပါး, ပုရိသ်အားဖြင့် ခြောက်ပါး, ဝုစ်အားဖြင့် တစ်ဆယ့်နှစ်ပါး, ပရောပုရိသ်အားဖြင့် ဆယ်ပါးစီ ဖြစ်သတည်း ဤသို့လျှင် အလုံးစုံသော အာချာတ်ဝိဘတ်သည် ဓာတ်အားဖြင့် ရှစ်ပါး, ပုဒ်အားဖြင့် တစ်ဆယ့်ခြောက်ပါး, ပုရိသ်အားဖြင့် လေးဆယ့်ရှစ်ပါး, ဝုစ်အားဖြင့် ကိုးဆယ့်ခြောက်ပါး, ပရောပုရိသ်အားဖြင့် ရှစ်ဆယ် ဖြစ်သတည်း။

➤ ဇေတိ ပရာဇေတိ-ပြယုဂ်တို့၌ ဓိဓာတ်နှစ်ခုတို့၏ ထူးခြားပုံ

➤ ဓာတ် ။ ။ "သကတ္ထ ပရတ္ထံ ဓာရေတီတိ ဓာတု"ဟူသော ဝစနတ္ထနှင့်အညီ မိမိ အနက်, သူတစ်ပါးအနက်ကို ဆောင်တတ်သောကြောင့် ဓာတ် မည်၏။ ပြယုဂ်ကား "ဇေတိ ပရာဇေတိ" အစရှိသည်တည်း။ ဇေတိ-၌ 'ဇိ'သဒ္ဒါသည် အောင်ခြင်းတည်းဟူ သော မိမိအနက်ကို ဆောင်တတ်သောကြောင့် ဓာတ် မည်၏။ ပရာဇေတိ-၌ 'ဇိ'သဒ္ဒါ သည် ရှုံးခြင်းတည်းဟူသော သူတစ်ပါးအနက်ကို ဆောင်တတ်သောကြောင့် ဓာတ် မည် ၏။ တစ်နည်းကား- " ပုရိသေန ဩဒနဿ ပစ္စတေ, ပုရိသေန ဩဒနော ပစ္စတေ, ပုရိသော ဩဒနံ ပစတေ"တည်း။ 'ပုရိသေန ဩဒနဿ ပစ္စတေ' ၌ 'ပစ'သဒ္ဒါသည် 'ဘော'တည်းဟူသော မိမိအနက်ကို ဆောင်တတ်သောကြောင့် ဓာတ် မည်၏။

'ပုရိသေန ဩဒနော ပစ္စတေ' ၌ 'ပစ'သဒ္ဒါသည် 'ကံ'တည်းဟူသော သူတစ်ပါး အနက်ကို ဆောင်တတ်သောကြောင့် ဓာတ် မည်၏။ 'ပုရိသော ဩဒနံ ပစတေ' ၌ 'ပစ' သဒ္ဒါသည် 'ကတ္တား'တည်းဟူသော သူတစ်ပါးအနက်ကို ဆောင်တတ်သောကြောင့် "ဓာတ်" မည်၏။ ➤ ဓာတ် ၂-ပါး ။ ။ ထိုဓာတ်သည်လည်း ဆိုအပ်သော သာမည လက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား အကမ္မကဓာတ်, သကမ္မကဓာတ်အားဖြင့် နှစ်ပါးအပြား ရှိ၏။ ထိုတွင်--

➤ အကမ္မကဓာတ် ။ ။ ကံ မရှိသော ဓာတ်သည် အကမ္မကဓာတ် မည်၏။ ပြယုဂ်ကား "သုဒ္ဓံ သယတိ" တည်း။ ဤပြယုဂ်၌ 'သိ'ဓာတ်သည် ကံ မရှိသောကြောင့် "အကမ္မကဓာတ်" မည်၏။ ➤ သကမ္မကဓာတ် ။ ။ ကံရှိသော ဓာတ်သည် သကမ္မကဓာတ် မည်၏။ ပြယုဂ်ကား "ပုရိသော ဩဒနံ ပစတိ"တည်း။ ဤပြယုဂ်၌ 'ပစ'ဓာတ်သည် ဩဒနံ ဟူသော ကံရှိသောကြောင့် "သကမ္မကဓာတ်" မည်၏။

http://www.dhammadownload.com



➤ **တစ်နည်း ဓာတ် ၂-ပါး** ။ ။ တစ်နည်းကား ကေဝလဓာတ်, နာမဓာတ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-- ➤ **ကေဝလဓာတ်** ။ ။ စင်စစ် ကြိယာကိုဟောသော ဓာတ်သည် ကေဝလဓာတ် မည်၏။ ပြယုဂ်ကား "သုခံ သယတိ"တည်း။ ဤပြယုဂ်၌ 'သိ'ဓာတ်သည် စင်စစ် ကြိယာကိုဟောသောကြောင့် "ကေဝလဓာတ်" မည်၏။

➤ **နာမဓာတ်** ။ ။ နာမ်ဖြစ်လျက် ဓာတ်၏အနက်ကို ဟောတတ်သော ပစ္စည်းနှင့် ယှဉ်သည်ဖြစ်၍ ဓာတ်၏သဘောဖြစ်သော ဓာတ်သည် နာမဓာတ် မည်၏။ ပြယုဂ်ကား "ပဗ္ဗတာယတိ"တည်း။ ဤပြယုဂ်၌ 'ပဗ္ဗတ'သဒ္ဒါသည် နာမ်ဖြစ်လျက် ဓာတ်၏အနက်ကို ဟောတတ်သော အာယပစ္စည်းနှင့် ယှဉ်သည်ဖြစ်၍ ဓာတ်၏ သဘောရှိသောကြောင့် "နာမဓာတ်" မည်၏။

➤ **ဓာတ် ၃-ပါး** ။ ။ တစ်နည်းကား အကမ္မကဓာတ်, ဧကကမ္မကဓာတ်, ဒွိကမ္မက ဓာတ် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်-- ➤ **အကမ္မကဓာတ်** ။ ။ ကံ မရှိသော ဓာတ်သည် အကမ္မကဓာတ် မည်၏။ ပြယုဂ်ကား "သုခံ သယတိ"တည်း။ ဤပြယုဂ်၌ 'သိ'ဓာတ်သည် ကံ မရှိသောကြောင့် "အကမ္မကဓာတ်" မည်၏။

➤ **ဧကကမ္မကဓာတ်** ။ ။ ကံတစ်ခုသာ ရှိသောဓာတ်သည် ဧကကမ္မကဓာတ်မည် ၏။ ပြယုဂ်ကား "ပုရိသော ဩဒနံ ပစတိ"တည်း။ ဤပြယုဂ်၌ 'ပစ'ဓာတ်သည် ဩဒနံ ဟူသော ကံတစ်ခုသာ ရှိသောကြောင့် "ဧကကမ္မကဓာတ်" မည်၏။

➤ **ဒွိကမ္မကဓာတ်** ။ ။ ကံနှစ်ခုသာ ရှိသောဓာတ်သည် ဒွိကမ္မကဓာတ် မည်၏။ ပြယုဂ်ကား "အဇပါလော အဇံ ဂါမံ နေတိ၊ ဂေါပါလော ဂါဝိံ ခီရံ ဒုဟတိ" တည်း။ ဤ ပြယုဂ်၌ 'နီ'ဓာတ်သည် 'အဇံ'ဟူသော, 'ဂါမံ'ဟူသော ကံနှစ်ခုရှိသောကြောင့် ဒွိကမ္မက ဓာတ် မည်၏။ ထိုနှစ်ပါးသော ကံတို့တွင် 'အဇံ'ဟူသော ကံသည် ဆောင်ခြင်းကြိယာ ဖြင့် အလိုရှိအပ်သောကြောင့် ပဓာနကံ မည်၏။ 'ဂါမံ'ဟူသော ကံသည် ဆောင်ခြင်း ကြိယာဖြင့် အလို မရှိအပ်သောကြောင့် အပ္ပဓာနကံ မည်၏။

ဒုဟဓာတ်သည် 'ဂါဝိံ'ဟူသော, 'ခီရံ'ဟူသော ကံနှစ်ခုရှိသောကြောင့် ဒွိကမ္မကဓာတ် မည်၏။ ထိုနှစ်ပါးသော ကံတို့တွင် 'ခီရံ'ဟူသော ကံသည် ညှစ်ခြင်းကြိယာဖြင့် အလိုရှိ အပ်သောကြောင့် ပဓာနကံ မည်၏။ 'ဂါဝိံ'ဟူသော ကံသည် ညှစ်ခြင်းကြိယာဖြင့် အလို မရှိအပ်သောကြောင့် အပ္ပဓာနကံ မည်၏။

➤ **ကာရိတ်ပစ္စည်းနှင့် ယှဉ်သောဓာတ်** ။ ။ ကာရိုက်ပစ္စည်းနှင့် ယှဉ်သည်ရှိသော် အကမ္မကဓာတ်သည် ဧကကမ္မကဓာတ် မည်၏။ ပြယုဂ်ကား "သာမိကော ပုရိသံ သယာ ပေတိ"တည်း။ ဧကကမ္မကဓာတ်သည် ဒွိကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "သာမိကော ပုရိသံ ဩဒနံ ပစာပေတိ"တည်း။ ဤပြယုဂ်၌ 'ပုရိသံ'ဟူသော ကံသည် ကာရိုက် ဏာပေ ပစ္စည်း၏ ကံဖြစ်သောကြောင့် ကာရိုက်ကံ မည်၏။ ' ဩဒနံ ' ဟူသော ကံသည် ပစ

http://www.dhammadownload.com



ဓာတ်၏ ကံဖြစ်သောကြောင့် ဓာတ်ကံ မည်၏။

ဒွိကမ္မကဓာတ်သည် တိကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "သာမိကော အဇပါလံ အဇံ ဂါမံ နယာပေတိ, သာမိကော ဂေါပါလံ ဂါဝိံ ဒိရံ ဒုဟာပေတိ"တည်း။ ဤပြယုဂ်၌ 'အဇပါလံ'ဟူသော ကံသည် ကာရိုက်ဏာပေပစ္စည်း၏ ကံဖြစ်သောကြောင့် ကာရိုက်ကံ မည်၏။ 'အဇံ'ဟူသော, 'ဂါမံ'ဟူသော ကံသည် နီဓာတ်၏ ကံဖြစ်သောကြောင့် ဓာတ်ကံ မည်၏။ 'ဂေါပါလံ'ဟူသော ကံသည် ကာရိုက်ဏာပေပစ္စည်း၏ ကံဖြစ်သောကြောင့် ကာရိုက်ကံ မည်၏။ 'ဂါဝိံ'ဟူသော, 'ဒိရံ'ဟူသော ကံသည် ဒုဟဓာတ်၏ ကံဖြစ်သော ကြောင့် "ဓာတ်ကံ" မည်၏။

➤ **ဧကကမ္မက,စသော ဓာတ်တို့၏ ဝုတ္တကံ** ॥ ॥ ကံဟော အာချာတ်သည် ဧကကမ္မကဓာတ်၌ ထိုကံကို ဟော၏။ ပြယုဂ်ကား "ပုရိသေန ဩဒနော ပစ္စတေ" တည်း။

ဒွိကမ္မကဓာတ်၌ နီ, အစရှိသော ဓာတ်တို့၏ ပဓာနကံကို ဟော၏။ ပြယုဂ်ကား "အဇပါလေန အဇော ဂါမံ နီယတေ"တည်း။ ဒုဟ, အစရှိသော ဓာတ်တို့၏ အပဓာနကံကို ဟော၏။ ပြယုဂ်ကား "ဂေါပါလေန ဂါဝီ ဒိရံ ဒုယှတေ" တည်း။

ကာရိုက်ပစ္စည်းနှင့် ယှဉ်သည်ဖြစ်အံ့၊ ကာရိုက်ကံကိုရင်း, ဓာတ်ကံကိုရင်း ဟော၏၊ ပြယုဂ်ကား "သာမိကေန ပုရိသော ဩဒနံ ပစာပီယတေ၊ သာမိကေန ပုရိသံ ဝါ ဩဒနော ပစာပီယတေ၊ သာမိကေန အဇပါလော အဇံ ဂါမံ နယာပီယတေ၊ သာမိကေန အဇပါလံ ဝါ အဇော ဂါမံ နယာပီယတေ၊ သာမိကေန ဂေါပါလော ဂါဝိံ ဒိရံ ဒုဟာပီယတေ၊ သာမိကေန ဂေါပါလံ ဝါ ဂါဝိံ ဒိရံ ဒုဟာပီယတေ" အစရှိသည်တည်း။

**ဓာတ် ၅-ဝါး** ॥ ॥ တစ်နည်းကား အကမ္မကဓာတ်, ဧကကမ္မကဓာတ်, ဒွိကမ္မကဓာတ်, အကမ္မက ဧကကမ္မကဓာတ်, ဧကကမ္မက ဒွိကမ္မကဓာတ် အားဖြင့် ငါးပါးအပြား ရှိ၏။ ထိုတွင်-- (၁) ကံ မရှိသော ဓာတ်သည် **အကမ္မကဓာတ်** မည်၏။ ပြယုဂ်ကား "သုခံ သယတိ"တည်း။ (၂) ကံတစ်ခုတည်းသာ ရှိသောဓာတ်သည် ဧကကမ္မကဓာတ် မည်၏။ ပြယုဂ်ကား "ပုရိသော ဩဒနံ ပစတိ" တည်း။ (၃) ကံနှစ်ခုရှိသော ဓာတ်သည် ဒွိကမ္မကဓာတ် မည်၏။ ပြယုဂ်ကား "အဇပါလော အဇံ ဂါမံ နေတိ၊ ဂေါပါလော ဂါဝိံ ဒိရံ ဒုဟတိ" တည်း။

အချို့သော ဓာတ်သည် ဥပသာရနှင့် မယှဉ်သောအခါ ဧကကမ္မကဓာတ်ဖြစ်လျက် ယှဉ်သောအခါ အကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "ဂါမံ ဂစ္ဆတိ ပုရိသော၊ ရာဇာ ပုရာ နိဂစ္ဆတိ" တည်း။ အချို့သော ဓာတ်သည် ဥပသာရနှင့် မယှဉ်သောအခါ အကမ္မကဓာတ် ဖြစ်လျက် ယှဉ်သောအခါ ဧကကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "ရူပံ ဘဝတိ ဣတ္ထိယာ၊ သုခံ အနုဘဝတိ ပုညဝါ" တည်း။

အချို့သော ဓာတ်သည် ဥပသာရနှင့် ယှဉ်သော်ရင်း, မယှဉ်သော်ရင်း အကမ္မက

http://www.dhammadownload.com



ဓာတ် ဖြစ်၏။ ပြယုဂ်ကား "တိဋ္ဌတိ ပုရိသော ဂါမေ၊ လက်ာဒီပေ ပတိဋ္ဌာတိ သာသနံ" တည်း။ အချို့သော ဓာတ်သည် ဥပသာရနှင့် ယှဉ်သော်ငြား, မယှဉ်သော်ငြား ဧက ကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "ရုန္ဓ သရတိ နရိန္ဒော၊ ဓမ္မံ အနုဿရတိ သဇ္ဇနော" တည်း။ * အချို့သော ဓာတ်သည် ဘူဝါဒိဂိုဏ်းနှင့် ယှဉ်သောအခါ ဧကကမ္မကဓာတ် ဖြစ်လျက် ဒိဝါဒိဂိုဏ်းနှင့် ယှဉ်သောအခါ အကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "ပစတိ ဩဒနံ သူဒေါ၊ နရော ပစ္စတိ နိရယေ" တည်း။ * အချို့သော ဓာတ်သည် ရုဓာဒိဂိုဏ်း နှင့် ယှဉ်သောအခါ ဧကကမ္မကဓာတ် ဖြစ်လျက် ဒိဝါဒိဂိုဏ်းနှင့် ယှဉ်သောအခါ အကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "ပါကာရံ ဘိန္ဒတိ ဝေရီ၊ ဘိတ္တိ ဘိဇ္ဇတိ တံခဏေ" တည်း။ * အချို့သောဓာတ်သည် အာရုံထူးသောအားဖြင့် အကမ္မက ဧကကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "ဂါမေ စရန္တိ မုနယော၊ စရန္တိ သဇ္ဇနာ ဓမ္မံ" တည်း။

* အချို့သော ဓာတ်သည် အနက်ထူးသောအားဖြင့် ဧကကမ္မက အကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား " သုရာ ဒိဗ္ဗန္တိ ဝေရိနံ၊ ဒိဗ္ဗန္တိ ကာမဂုဏေဟိ" တည်း။ * အချို့ သော ဓာတ်သည် နိပါတ် ဥပသာရနှင့် မယှဉ်သော်ငြား, ယှဉ်သော်ငြား ဧကကမ္မက ဓာတ် ဖြစ်၏။ ပြယုဂ်ကား "မတံ ဝါ အမ္မ ရောဒန္တိ၊ ယော ဝါ ဇီဝံ န ဒိဿတိ" တည်း။

* အချို့သောဓာတ်သည် နိပါတ်ပုဒ် ဥပသာရပုဒ်နှင့် မယှဉ်သော်ငြား, ယှဉ်သော် ငြား အကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "ဣဓ နန္ဒတိ၊ ပေစ္စ နန္ဒတိ"တည်း။

* အချို့သောဓာတ်သည် ဥပသာရနှင့် မယှဉ်သောအခါ ဧကကမ္မကဓာတ်ဖြစ်လျက် ဥပသာရနှင့် ယှဉ်သောအခါ ဒွိကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "ဘရတိ မာတရံ ပုတ္တော၊ အာဘတာ ဝဏ္ဏနာယိမံ"တည်း။ * အချို့သော ဓာတ်သည် ကိယာဒိဂိုဏ်းနှင့် ယှဉ် သောအခါ ဧကကမ္မကဓာတ်ဖြစ်လျက် သွာဒိဂိုဏ်းနှင့်ယှဉ်သောအခါ ဒွိကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "ပုညံ စိနာတိ ပုရိသော၊ ပါကာရံ ဣဋ္ဌကံ စိနောတိ ဝဍ္ဎကီ"တည်း

* အချို့သောဓာတ်သည် အနက်ထူးသောအားဖြင့် ဧကကမ္မက ဒွိကမ္မကဓာတ် ဖြစ်၏။ ပြယုဂ်ကား "ဟိတံ နာထတိ ဘိက္ခုနံ၊ ဘိက္ခု ပဋိပတ္တိံ နာထတိ" တည်း။

အချို့သောဓာတ်သည် ပယောဂထူးသောအားဖြင့် ဧကကမ္မက ဒွိကမ္မကဓာတ် ဖြစ် ၏။ ပြယုဂ်ကား "ဘဏတိ ဓမ္မံ ဘိက္ခုနံ၊ ယံ မံ ဘဏတိ သာရထိ" အစရှိသည်တည်း။

➤ **ဧကဂဏိက,စသော ဓာတ် ၄-ပါး ။ ။** [တစ်နည်းကား ဧကဂဏိကဓာတ်, ဒွိ ဂဏိကဓာတ်, တိဂဏိကဓာတ်, စတုဂ္ဂဏိကဓာတ်, အားဖြင့် လေးပါးအပြားရှိ၏။ ထို တွင်-] * တစ်ဂိုဏ်းနှင့် ယှဉ်သောဓာတ်သည် ဧကဂဏိကဓာတ် မည်၏။ ပြယုဂ်ကား "ဘဝတိ" အစရှိသည်၌ ဘူဓာတ် အစရှိသည်တည်း။ * နှစ်ဂိုဏ်းနှင့် ယှဉ်သောဓာတ် သည် ဒွိဂဏိကဓာတ် မည်၏။ ပြယုဂ်ကား "သောဘတိ, သုမ္ဘတိ" အစရှိသည်၌ သုဘ ဓာတ် အစရှိသည်တည်း။ * သုံးဂိုဏ်းနှင့်ယှဉ်သောဓာတ်သည် တိဂဏိကဓာတ် မည်၏။

http://www.dhammadownload.com



ပြယုဂ်ကား "ဟိသတိ၊ ဟိသေတိ၊ ဟိသိယတိ" အစရှိသည်၌ ဟိသဓာတ် အစရှိသည်တည်း။ * လေးဂိုဏ်းနှင့်ယှဉ်သော ဓာတ်သည် စတုဂ္ဂဏိကဓာတ် မည်၏။ ပြယုဂ်ကား "ဝိဒတိ၊ ဝိန္ဒတိ၊ ဝိဇ္ဇတိ၊ ဝေဒေတိ၊ ဝေဒယတိ" အစရှိသည်၌ ဝိဒဓာတ် အစရှိသည်တည်း

➢ ဒွေဂဏိကဓာတ် ၈-ပါး ။ ။ ထိုဓာတ်လေးပါးတို့တွင် ဒွေဂဏိကဓာတ်သည်လည်း ဘူဝါဒိဂဏိကဓာတ်, ရုဓာဒိ, ဒိဝါဒိ, သွာဒိ, ကိယာဒိ, ဂဟာဒိ, တနာဒိ, စုရာဒိ ဂဏိကဓာတ် အားဖြင့် ရှစ်ပါးအပြားရှိ၏။ ထိုတွင်--

➢ ဘူဝါဒိဂဏိကဓာတ် ။ ။ "ဘူဝါဒိတော အ"ဟူသောသုတ်ဖြင့် 'အ'ပစ္စည်းသက်၍ ပြီးကောင်းသော ဘဝတိ အစရှိသည်၌ 'ဘူ'ဓာတ် အစရှိသည်ကား ဘူဝါဒိ ဂဏိကဓာတ် မည်၏။ ➢ ရုဓာဒိဂဏိကဓာတ် ။ ။ "ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဉ္စ"ဟူသော သုတ်ဖြင့် 'အ'ပစ္စည်းလည်းသက်၊ ရှေ့၌လည်း နိဂ္ဂဟိတ်လာ၍ ပြီးကောင်းသော ရုန္ဓတိ အစရှိသည်၌ 'ရုဓ'ဓာတ် အစရှိသည်ကား ရုဓာဒိဂဏိကဓာတ် မည်၏။

➢ ဒိဝါဒိဂဏိကဓာတ် ။ ။ "ဒိဝါဒိတော ယော"ဟူသောသုတ်ဖြင့် 'ယ'ပစ္စည်းသက်၍ ပြီးကောင်းသော 'ဒိဗ္ဗတိ' အစရှိသည်၌ 'ဒိဝု'ဓာတ် အစရှိသည်ကား ဒိဝါဒိ ဂဏိကဓာတ် မည်၏။ ➢ သွာဒိဂဏိကဓာတ် - "သွာဒိတော ဏုဏာ ဥဏာစ"ဟူသော သုတ်ဖြင့် ဏုပစ္စည်း ဏာပစ္စည်း ဥဏာပစ္စည်း သက်၍ ပြီးကောင်းသော အဘိသုဏောတိ အစရှိသည်၌ 'သု'ဓာတ် အစရှိသည်ကား သွာဒိဂဏိကဓာတ် မည်၏။

➢ ကိယာဒိဂဏိကဓာတ် ။ ။ "ကိယာဒိတော နာ"ဟူသောသုတ်ဖြင့် 'နာ'ပစ္စည်းသက်၍ ပြီးကောင်းသော 'ကိနာတိ' အစရှိသည်၌ 'ကီ'ဓာတ် အစရှိသည်ကား ကိယာဒိဂဏိကဓာတ် မည်၏။ ➢ ဂဟာဒိဂဏိကဓာတ် ။ ။ "ဂဟာဒိတော ပ္ပဏှာ"ဟူသောသုတ်ဖြင့် ပ္ပပစ္စည်း ဏှာပစ္စည်းသက်၍ ပြီးကောင်းသော "ဃေပ္ပတိ၊ ဂဏှာတိ" အစရှိသည်၌ 'ဂဟ'ဓာတ် အစရှိသည်ကား ဂဟာဒိဂဏိကဓာတ် မည်၏။

➢ တနာဒိဂဏိကဓာတ် ။ ။ "တနာဒိတော ဩ ယိရာ"ဟူသော သုတ်ဖြင့် ဩပစ္စည်း ယိရပစ္စည်းသက်၍ ပြီးကောင်းသော 'တနောတိ' အစရှိသည်၌ 'တနု'ဓာတ် အစရှိသည်ကား တနာဒိဂဏိကဓာတ် မည်၏။ ➢ စုရာဒိဂဏိကဓာတ် ။ ။ "စုရာဒိတော ဏေ ဏယာ"ဟူသောသုတ်ဖြင့် ဏေပစ္စည်း ဏယပစ္စည်းသက်၍ ပြီးကောင်းသော 'စောရေတိ' အစရှိသည်၌ 'စုရ'ဓာတ် အစရှိသည်ကား စုရာဒိဂဏိကဓာတ်မည်၏

➢ တိဂဏိကဓာတ် ၁၁-ပါး ။ ။ တိဂဏိကဓာတ်သည်လည်း ဘူဝါဒိ ရုဓာဒိဂဏိကဓာတ်, ဘူဝါဒိ ဒိဝါဒိဂဏိကဓာတ်, ဘူဝါဒိ သွာဒိဂဏိကဓာတ်, ဘူဝါဒိ ကိယာဒိဂဏိကဓာတ်, ဘူဝါဒိ ဂဟာဒိဂဏိကဓာတ်, ဘူဝါဒိ တနာဒိဂဏိကဓာတ်, ဘူဝါဒိ စုရာဒိဂဏိကဓာတ်, ရုဓာဒိ ဒိဝါဒိ ဂဏိကဓာတ်, ဒိဝါဒိ စုရာဒိဂဏိကဓာတ်, သွာဒိ ကိယာဒိဂဏိကဓာတ်, သွာဒိ တနာဒိဂဏိကဓာတ် အားဖြင့် ၁၁-ပါး အပြားရှိ၏။ ထိုတွင်--

http://www.dhammadownload.com



➤ **ဘူဝါဒိ ရုဓာဒိ ဂဏ်ကဓာတ်** ။ ။ "ဘူဝါဒိတော အ"ဟူသော သုတ်ဖြင့် အ-ပစ္စည်းသက်၍ 'သောဘတိ'ဟူ၍ရင်း။ "ရုဓာဒိတော နိဂ္ဂဟီတ ပုဗ္ဗဥ္စ"ဟူသော သုတ်ဖြင့် အ-ပစ္စည်းလည်းသက်၊ ရှေ့၌လည်း နိဂ္ဂဟိတ်လာ၍ 'သုမ္ဘတိ'ဟူ၍ရင်း ပြီးကောင်းသော 'သုဘ'ဓာတ် အစရှိသည်ကား ဘူဝါဒိ ရုဓာဒိ ဂဏ်ကဓာတ် မည်၏။

* ဤအတူ နှစ်သုတ် နှစ်သုတ်တို့ဖြင့် ပစ္စည်းသက်၍ နှစ်ရုပ် နှစ်ရုပ်တို့ဖြင့် ပြီးကောင်းသော 'ဗောဓတိ၊ ဗုဇ္ဈတိ' အစရှိသည်၌ 'ဗုဓ'ဓာတ် အစရှိသည်ကား **ဘူဝါဒိ ဒိဝါဒိ ဂဏ်ကဓာတ်** မည်၏။ * "ဂါယတိ၊ ဂိနောတိ၊ ဂိနာတိ" အစရှိသည်၌ 'ဂေ'ဓာတ် အစရှိသည်ကား **ဘူဝါဒိ သွာဒိ ဂဏ်ကဓာတ်** မည်၏။ * 'ဇယတိ၊ ဇိနာတိ' အစရှိသည်၌ 'ဇိ'ဓာတ် အစရှိသည်ကား **ဘူဝါဒိ ကိယာဒိ ဂဏ်ကဓာတ်** မည်၏။ * ဂဟတိ၊ ဃေပ္ပတိ၊ ဂဏှာတိ အစရှိသည်၌ 'ဂဟ'ဓာတ် အစရှိသည်ကား ဘူဝါဒိ ဂဟာဒိ ဂဏ်ကဓာတ် မည်၏။ * ဇာဂရတိ၊ ဇာဂရောတိ အစရှိသည်၌ 'ဇာဂရ'ဓာတ် အစရှိသည်ကား **ဘူဝါဒိ တနာဒိ ဂဏ်ကဓာတ်** မည်၏။ * တေဇတိ၊ တေဇေတိ၊ တေဇယတိ အစရှိသည်၌ 'တိဇ'ဓာတ် အစရှိသည်ကား ဘူဝါဒိ စုရာဒိ ဂဏ်ကဓာတ် မည်၏။ * မုဥ္စတိ၊ မုစ္စတိ အစရှိသည်၌ 'မုစ'ဓာတ် အစရှိသည်ကား **ရုဓာဒိ ဒိဝါဒိ ဂဏ်ကဓာတ်** မည်၏။

* ရုပ္ပတိ၊ ရူပေတိ၊ ရူပယတိ အစရှိသည်၌ 'ရူပ'ဓာတ် အစရှိသည်ကား **ဒိဝါဒိ စုရာဒိ ဂဏ်ကဓာတ်** မည်၏။ * ကိဏောတိ၊ ကိဏာတိ အစရှိသည်၌ 'ကီ'ဓာတ် အစရှိသည်ကား သွာဒိ ကိယာဒိ ဂဏ်ကဓာတ် မည်၏။ * သက္ကုဏာတိ၊ သက္ကောတိ အစရှိသည်၌ 'သက'ဓာတ် အစရှိသည်ကား **သွာဒိ တနာဒိ ဂဏ်ကဓာတ်** မည်၏။

➤ **တိဂဏ်ကဓာတ် ရ-ပါး** ။ ။ တိဂဏ်ကဓာတ်သည်လည်း ဘူဝါဒိ ရုဓာဒိ စုရာဒိ ဂဏ်ကဓာတ်, ဘူဝါဒိ ဒိဝါဒိ သွာဒိ ဂဏ်ကဓာတ်, ဘူဝါဒိ ဒိဝါဒိ ကိယာဒိ ဂဏ်ကဓာတ်, ဘူဝါဒိ ဒိဝါဒိ စုရာဒိ ဂဏ်ကဓာတ်, ဘူဝါဒိ သွာဒိ ကိယာဒိ ဂဏ်ကဓာတ်, ဘူဝါဒိ ကိယာဒိ စုရာဒိ ဂဏ်ကဓာတ်, ရုဓာဒိ ဒိဝါဒိ စုရာဒိ ဂဏ်ကဓာတ် အားဖြင့် ခုနစ်ပါးအပြား ရှိ၏။ ထိုတွင်--

➤ **ဘူဝါဒိ ရုဓာဒိ စုရာဒိ ဂဏ်ကဓာတ်** ။ ။ "ဘူဝါဒိတော အ"ဟူသော သုတ်ဖြင့် အ-ပစ္စည်းသက်၍ 'ဟိံသတိ'ဟူ၍ရင်း၊ "ရုဓာဒိတော နိဂ္ဂဟီတပုဗ္ဗဥ္စ"ဟူသော သုတ်ဖြင့် အ-ပစ္စည်းလည်းသက်, ရှေ့၌ နိဂ္ဂဟိတ်လာ၍ 'ဟိံသတိ'ဟူ၍ရင်း၊ "စုရာဒိတော ဏေ ဏယာ"ဟူသော သုတ်ဖြင့် ဏေပစ္စည်း ဏယပစ္စည်းသက်၍ 'ဟိံသေတိ၊ ဟိံသယတိ' ဟူ၍ရင်း ပြီးကောင်းသော 'ဟိံသ'ဓာတ် အစရှိသည်ကား ဘူဝါဒိ ရုဓာဒိ စုရာဒိဂဏ်ကဓာတ် မည်၏။ * ဤအတူ သုံးသုတ် သုံးသုတ်တို့ဖြင့် ပစ္စည်းသက်၍ သုံးရုပ် သုံးရုပ်တို့ဖြင့် ပြီးကောင်းသော "သဝတိ၊ သုယျတိ၊ သုဏောတိ၊ သုဏာတိ" အစရှိသည်၌ 'သု' ဓာတ် အစရှိသည်ကား ဘူဝါဒိ ဒိဝါဒိ သွာဒိ ဂဏ်ကဓာတ် မည်၏။

http://www.dhammadownload.com



* "ကိလိသတိ၊ ကိလိဿတိ၊ ကိလိဿာတိ" အစရှိသည်၌ 'ကိလေသ'ဓာတ် အစရှိသည်ကား ဘူဝါဒိ ဒိဝါဒိ ကိယာဒိ ဂဏိကဓာတ် မည်၏။ * "ရောစတိ၊ ရုစ္စတိ၊ရောစေတိ၊ ရောစယတိ" အစရှိသည်၌ ' ရုစ' ဓာတ် အစရှိသည်ကား ဘူဝါဒိ ဒိဝါဒိ စုရာဒိ ဂဏိကဓာတ် မည်၏။ * "သယတိ၊ သိဏောတိ၊ သိနာတိ" အစရှိသည်၌ 'သိ'ဓာတ် အစရှိသည်ကား ဘူဝါဒိ သွာဒိ ကိယာဒိ ဂဏိကဓာတ် မည်၏။ * "ပေါသတိ၊ ပုဿာတိ ပေါသေတိ၊ ပေါသယတိ" အစရှိသည်၌ 'ပုသ'ဓာတ် အစရှိသည်ကား ဘူဝါဒိ ကိယာဒိ စုရာဒိ ဂဏိကဓာတ် မည်၏။ * ဆိန္ဒတိ၊ ဆိန္ဒတိ၊ ဆေဒေတိ၊ ဆေဒယတိ" အစရှိသည်၌ 'ဆိဒိ'ဓာတ် အစရှိသည်ကား ရုဓာဒိ ဒိဝါဒိ စုရာဒိ ဂဏိကဓာတ် မည်၏။

➤ **စတုဂ္ဂဏိကဓာတ် ၂-ပါး** ။ ။ စတုဂ္ဂဏိကဓာတ်သည်လည်း ဘူဝါဒိ ရုဓာဒိ ဒိဝါဒိ စုရာဒိ ဂဏိကဓာတ်, ဘူဝါဒိ ဒိဝါဒိ သွာဒိ ကိယာဒိ ဂဏိကဓာတ်, အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-

➤ **ဘူဝါဒိ ရုဓာဒိ ဒိဝါဒိ စုရာဒိ ဂဏိကဓာတ်** ။ ။ "ဘူဝါဒိတော အ"ဟူသော သုတ်ဖြင့် အ-ပစ္စည်းသက်၍ 'ဝိဒတိ'ဟူ၍ရင်း၊ "ရုဓာဒိတော နိဂ္ဂဟီတ ပုဗ္ဗဥ္စ"ဟူသော သုတ်ဖြင့် အ-ပစ္စည်းလည်းသက်, ရှေ့၌လည်း နိဂ္ဂဟိတ်လာ၍ 'ဝိန္ဒတိ'ဟူ၍ရင်း၊ "ဒိဝါဒိတော ယော"ဟူသောသုတ်ဖြင့် ယ-ပစ္စည်းသက်၍ 'ဝိဇ္ဇတိ'ဟူ၍ရင်း၊ "စုရာဒိတော ဏေ ဏယာ"ဟူသော သုတ်ဖြင့် ဏေပစ္စည်း ဏယပစ္စည်းသက်၍ 'ဝေဒေတိ၊ ဝေဒယတိ' ဟူ၍ရင်း ပြီးကောင်းသော 'ဝိဒ'ဓာတ် အစရှိသည်ကား ဘူဝါဒိ ရုဓာဒိ ဒိဝါဒိ စုရာဒိ ဂဏိကဓာတ် မည်၏။ ဤအတူ လေးသုတ် လေးသုတ်တို့ဖြင့် သက်၍ လေးရုပ် လေးရုပ်တို့ဖြင့် ပြီးကောင်းသော "ဒဝတိ၊ ဒုယျတိ၊ ဒုနောတိ၊ ဒုနာတိ" အစရှိသည်၌ 'ဒု'ဓာတ် အစရှိသည်ကား ဘူဝါဒိ ဒိဝါဒိ သွာဒိ ကိယာဒိ ဂဏိကဓာတ် မည်၏။

**အာချာတ် ပုဒ်စစ် ပြီး၏။**

## ၇။ ကိတ် ပုဒ်စစ်

➤ **ကိတ်** ။ ။ "သိဿာနံ ကဝ် ကိရတိ အပနေတီတိ ကိတ"ဟူသော ဝစနတ္ထနှင့်အညီ တပည့်သားတို့၏ ယုံမှားခြင်းကို ဖျောက်တတ်သော- ဓာတ်နှင့်ပစ္စည်းချဉ်း၍ ကိတ်ပြီးလတ်သော် ဝါကျအနက် အတွင်းငုပ် မငုပ်သော နာမ်သည် "ကိတ်နာမ်" မည်၏။

➤ **ကိတ် ၂-ပါး** ။ ။ ထို ကိတ်နာမ်သည်လည်း "သိဿာနံ ကဝ် ကိရတိ အပနေတီတိ ကိတ"ဟူသော ဝစနတ္ထနှင့်အညီ ငုပ် မငုပ်သော သာမညလက္ခဏာအားဖြင့် တစ်ပါး၊ သာဓိသေသလက္ခဏာအားဖြင့်သော်ကား ကိစ္စကိတ်, ကိတကိတ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်-- ➤ **ကိစ္စကိတ်** ။ ။ တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ ဤငါးပစ္စည်း အဆုံး

http://www.dhammadownload.com



ရှိသော ကိတ်သည် ကိစ္စကိတ် မည်၏။ ပြယုဂ်ကား "ကတ္တဗ္ဗံ၊ ကရဏီယံ၊ ကာရိယံ၊ ဉာတေယျံ၊ ကိစ္စံ" အစရှိသည်တည်း။

➤ **ကိတကိတ်** ။ ။ တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ ဤငါးပစ္စည်းမှကြွင်းသော 'ဏ'အစရှိသော ပစ္စည်းအဆုံးရှိသော ကိတ်သည် ကိတကိတ် မည်၏။ ပြယုဂ်ကား "ကမ္မံ ကရောတီတိ ကမ္မကာရော" တည်း။

➤ **ကိတ် ၃-ပါး** ။ ။ တစ်နည်းကား ကိစ္စကိတ်, ကိတကိတ်, ကိစ္စ ကိတကိတ် အားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်--

➤ **ကိစ္စကိတ်** ။ ။ ဘော, ကံအနက်ကိုဟောသော တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ ဤငါးပစ္စည်း အဆုံးရှိသော ကိတ်သည် ကိစ္စကိတ် မည်၏။ ပြယုဂ်ကား "ကတ္တဗ္ဗံ၊ ကရဏီယံ၊ ကာရိယံ၊ ဉာတေယျံ၊ ကိစ္စံ" အစရှိသည်တည်း။

➤ **ကိတကိတ်** ။ ။ ကတ္တားအနက်ကိုဟောသော တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ ဤငါးပစ္စည်းမှကြွင်းသော 'ဏ'အစရှိသော ပစ္စည်းအဆုံးရှိသော ကိတ်သည် ကိတကိတ် မည်၏။ ပြယုဂ်ကား "ကမ္မံ ကရောတီတိ ကမ္မကာရော" တည်း။

➤ **ကိစ္စ ကိတကိတ်** ။ ။ ဘော, ကံအနက်ကိုလည်းဟော, ကတ္တားအနက်ကိုလည်း ဟောသော တဗ္ဗ, အနီယ, ဏျ, တေယျ, ရိစ္စ ဤငါးပစ္စည်းမှကြွင်းသော 'တ'အစရှိသော ပစ္စည်းအဆုံးရှိသော ကိတ်သည် ကိစ္စကိတကိတ် မည်၏။ ပြယုဂ်ကား "ဗုဇ္ဈနံ ဗုဒ္ဓံ၊ ဗုဇ္ဈိတဗ္ဗန္တိ ဗုဒ္ဓံ၊ ဗုဇ္ဈတီတိ ဗုဒ္ဓေါ" အစရှိသည်တည်း။

➤ **သာဓန ၇-ပါး** ။ ။ တစ်နည်းကား ကတ္တုသာဓန, ကမ္မ, ကရဏ, သမ္ပဒါန, အပါဒါန, အဓိကရဏ, ဘာဝ သာဓန အားဖြင့် ခုနစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ကတ္တုသာဓန** ။ ။[မဟာတ်တစ်ကောင်] "တတ်"ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော ကတ္တားကိုဟောသော သာဓနသည် "ကတ္တုသာဓန" မည်၏။ ပြယုဂ်ကား "ဗုဇ္ဈတီတိ ဗုဒ္ဓေါ၊ ဗျဉ္ဇယတိ အတ္ထော ဧတေဟီတိ ဗျဉ္ဇနာ"တည်း။ ယော ဘဂဝါ၊အကြင်မြတ်စွာဘုရားသည်၊သဗ္ဗဓမ္မေ၊ခပ်သိမ်းကုန်သော တရားတို့ကို၊ဗုဇ္ဈတိ၊ သိတော်မူတတ်၏။ဣတိ တသ္မာ၊ထိုသို့ သိတော်မူတတ်သောကြောင့်၊သော ဘဂဝါ၊ထို မြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ၊ဗုဒ္ဓမည်တော်မူ၏။ ဧတေဟိ အက္ခရေဟိ၊ထို အက္ခရာတို့သည်၊ အတ္ထော၊အနက်ကို၊ ဗျဉ္ဇယတိ၊ပြအပ်၏။ဣတိ တသ္မာ၊ထိုသို့ ပြတတ်သော သတ္တိကြောင့်၊ တေ အက္ခရာ၊ထို အက္ခရာတို့သည်၊ဗျဉ္ဇနာ၊ဗျည်းမည်ကုန်၏။

ဤပြယုဂ်တို့၌ 'ဗုဒ္ဓေါ'ဟူသော သာဓနသည် ဗုဓဓာတ် တပစ္စည်း၊ ထိုတ-ပစ္စည်းသည် "ဗုဒ္ဓေါ"ဟု ကိတ်ပြီးလတ်သော် ဗုဇ္ဈတိ-ဟူသော ဝါကျအခိုက်၌ရှိသော "ယော ဘဂဝါ"ဟူသော ကတ္တားကိုဟောသောကြောင့် ကတ္တုသာဓန မည်၏။ ဗျဉ္ဇနာ-ဟူသော သာဓနသည် ဝိရှေ့ရှိသော အဉ္ဇဓာတ် ယုပစ္စည်း၊ ထို ယုပစ္စည်းသည် ဗျဉ္ဇနာ-ဟု ကိတ်

http://www.dhammadownload.com



ပြီးလတ်သော် "ဇုဠိယတိ"ဟူသော ဝါကျအခိုက်၌ရှိသော "ဇောဟိ"ဟူသော ကတ္တားကို ဟောသောကြောင့် "ကတ္တုသာဓန" မည်၏။

➢ **ကမ္မသာဓန [အပ်တစ်စင်း]**။ ။ "အပ်"ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော ကံကိုဟောသော သာဓနသည် ကမ္မသာဓန မည်၏။ ပြယုဂ်ကား "ဗုဇ္ဈိတဗ္ဗံ ဉာတဗ္ဗန္တိ ဗုဒ္ဓံ၊ နိဿာယ နံ ဝသတီတိ နိဿယော"တည်း။ ယံ ဉာဏံ၊အကြင် သဗ္ဗညုတ ဉာဏ်တော်ကို။ဗုဇ္ဈိတဗ္ဗံ ဉာတဗ္ဗံ၊သိအပ်၏။ဣတိ တသ္မာ၊ထိုသို့ သိအပ်သော သတ္တိကြောင့်။တံ ဉာဏံ၊ထို သဗ္ဗညုတဉာဏ်တော်သည်။ဗုဒ္ဓံ၊ဗုဒ္ဓ မည်တော်မူ၏။ နံ အာစရိယံ၊ ထိုဆရာကို။နိဿာယ၊မှီ၍။ဝသတိ၊နေတတ်၏။ဣတိ တသ္မာ၊ထိုသို့ မှီ၍ နေအပ်သော သတ္တိကြောင့်။သော အာစရိယော၊ထိုဆရာသည်။နိဿယော၊နိဿယမည်၏။

ဤပြယုဂ်တို့၌ 'ဗုဒ္ဓံ'ဟူသော သာဓနသည် ဗုဓဓာတ် တပစ္စည်း၊ ထို တပစ္စည်းသည် ဗုဒ္ဓ-ဟု ကိတ်ပြီးလတ်သော် ဗုဇ္ဈိတဗ္ဗံ-ဟူသော ဝါကျအခိုက်၌ရှိသော 'ယံ ဉာဏံ'ဟူသော ကံကိုဟောသောကြောင့် ကမ္မသာဓန မည်၏။ 'နိဿယော'ဟူသော သာဓနသည် နိရှေ့ရှိသော သိဓာတ် အပစ္စည်း၊ ထို အ-ပစ္စည်းသည် 'နိဿယော'ဟု ကိတ်ပြီးလတ်သော် 'ဝသတိ'ဟူသော ဝါကျအခိုက်၌ရှိသော 'နံ အာစရိယံ'ဟူသော ကံကိုဟောသောကြောင့် "ကမ္မသာဓန" မည်၏။

➢ **ကရဏသာဓန [ကြောင်းတစ်သင်း]** ။ ။ "ကြောင်း"ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျ အခိုက်၌ရှိသော ကရိုဏ်းကိုဟောသော သာဓနသည် ကရဏသာဓန မည်၏။ ပြယုဂ် ကား "ဝိနေတိ ဧတေနာတိ ဝိနယော"တည်း။ ဧတေန-သိက္ခာပဒသမူဟေန၊ဤသိက္ခာပုဒ် အပေါင်းဖြင့်။ဝိနေတိ။ဆုံးမတတ်၏။ဣတိ တသ္မာ၊ထိုသို့ ဆုံးမကြောင်းဖြစ်သော သတ္တိ ကြောင့်။သော သိက္ခာပဒသမူဟော၊ထိုသိက္ခာပုဒ်အပေါင်းသည်။ ဝိနယော၊ဝိနယ မည်၏။

ဤ 'ဝိနယော'ဟူသော သာဓနသည် ဝိရှေ့ရှိသော နီဓာတ် အ-ပစ္စည်း၊ ထို အ-ပစ္စည်းသည် 'ဝိနယော'ဟု ကိတ်ပြီးလတ်သော် 'ဝိနေတိ'ဟူသော ဝါကျအခိုက်၌ရှိသော 'ဧတေန'ဟူသော ကရိုဏ်းကို ဟောသောကြောင့် "ကရဏသာဓန" မည်၏။

၃။ ➢ **သမ္ပဒါနသာဓန [ရာသုံးခင်း]** ။ "ရာ"ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော သမ္ပဒါန်ကိုဟောသော သာဓနသည် သမ္ပဒါနသာဓန မည်၏။ ပြယုဂ်ကား "ဒါတဗ္ဗော အဿာတိ ဒါနီယော"တည်း။ အဿ ဘိက္ခုဿ၊ထိုရဟန်းအား။ ဒါတဗ္ဗော၊ပေးအပ်၏။ဣတိ တသ္မာ၊ထိုသို့ ပေးရာဖြစ်သော သတ္တိကြောင့်။သော ဘိက္ခု၊ ထိုရဟန်းသည်။ဒါနီယော၊ဒါနီယ မည်၏။

ဤ 'ဒါနီယော'ဟူသော သာဓနသည် ဒါဓာတ် အနီယ ပစ္စည်း၊ ထို အနီယ-ပစ္စည်းသည် 'ဒါနီယော' ဟု ကိတ်ပြီးလတ်သော် ' ဒါတဗ္ဗော ' ဟူသော ဝါကျအခိုက်၌ရှိသော

F 28-A

http://www.dhammadownload.com



'အသ'ဟူသော သမ္ပဒါန်ကိုဟောသောကြောင့် "သမ္ပဒါနသာစနေ" မည်၏။

၂။ ➤ **အပါဒါနသာစနေ** ။ ။ "ရာ"ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော အပါဒါန်ကိုဟောသော သာစနေသည် အပါဒါနသာစနေ မည်၏။ ပြယုဂ်ကား **"ပဘဝတိ ဧတသ္မာတိ ပဘဝေါ"**တည်း။ ဧတသ္မာ ဟိမဝါဒိကား၊ထို ဟိမဝန္တာ အစရှိသည်မှ။ ပဘဝတိ၊စီးတတ်၏။ဣတိ တသ္မာ၊ထိုသို့ စီးရာဖြစ်သော သတ္တိကြောင့်။သော ဟိမဝါဒိကော၊ထို ဟိမဝန္တာ အစရှိသည်သည်။ပဘဝေါ၊ပဘဝ မည်၏။

ဤ 'ပဘဝ'ဟူသော သာစနေသည် ပရှေ့ရှိသော ဘူဓာတ် အ-ပစ္စည်း၊ ထို အ-ပစ္စည်းသည် 'ပဘဝေါ'ဟု ကိတ်ပြီးလတ်သော် 'ပဘဝတိ'ဟူသော ဝါကျအခိုက်၌ရှိသော 'ဧတသ္မာ'ဟူသော အပါဒါန်ကိုဟောသောကြောင့် "အပါဒါနသာစနေ" မည်၏။

၃။ ➤ **အဓိကရဏသာစနေ** ။ ။ "ရာ"ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ဝါကျအခိုက်၌ရှိသော အဓိကရဏကိုဟောသော သာစနေသည် အဓိကရဏသာစနေ မည်၏။ ပြယုဂ်ကား "ဝိနေတိ ဧတ္ထာတိ ဝိနယော"တည်း။ ဧတ္ထ သိက္ခာပဒ သမူဟေ၊ဤသိက္ခာပုဒ် အပေါင်း၌။ဝိနေတိ၊ဆုံးမတတ်၏။ဣတိ တသ္မာ၊ထိုသို့ ဆုံးမရာဖြစ်သော သတ္တိကြောင့်။သော သိက္ခာပဒသမူဟော၊ထို သိက္ခာပုဒ်အပေါင်းသည်။ဝိနယော၊ဝိနယ မည်၏။

ဤ 'ဝိနယော'ဟူသော သာစနေသည် ဝိရှေ့ရှိသော နီဓာတ် အ-ပစ္စည်း၊ ထို အ-ပစ္စည်းသည် 'ဝိနယော'ဟု ကိတ်ပြီးလတ်သော် 'ဝိနေတိ'ဟူသော ဝါကျအခိုက်၌ရှိသော 'ဧတ္ထ'ဟူသော အဓိကရဏကို ဟောသောကြောင့် "အဓိကရဏသာစနေ" မည်၏။

➤ **ဘာဝသာစနေ [ခြင်းတစ်လုံး]** ။ ။ "ခြင်း"ဟူ၍ ပေးအပ်သော ကိတ်ပြီးလတ်သော် ကြိယာဟု ဆိုအပ်သော ဘောကိုဟောသော သာစနေသည် ဘာဝသာစနေ မည်၏။ ပြယုဂ်ကား "ဗုဇ္ဈနံ ဗုဒ္ဓိ"တည်း။ဗုဇ္ဈနံ၊သိခြင်း။ဗုဒ္ဓိ၊သိခြင်း။ ဤ 'ဗုဒ္ဓိ'ဟူသော သာစနေသည် ဗုဓဓာတ် တ- ပစ္စည်း၊ ထို တ-ပစ္စည်းသည် ဗုဒ္ဓိ-ဟု ကိတ်ပြီးလတ်သော် 'သိခြင်းကြိယာ'ဟု ဆိုအပ်သော ဘောကိုဟောသောကြောင့် "ဘာဝသာစနေ" မည်၏။

➤ **ဝုတ္တ, အဝုတ္တ ကတ္တုသာစနေ ၂-ပါး** ။ ။ ထိုခုနစ်ပါးသော သာစနေတို့တွင် ကတ္တုသာစနေသည်လည်း ဝုတ္တကတ္တုသာစနေ, အဝုတ္တကတ္တုသာစနေအားဖြင့် နှစ်ပါးအပြားရှိ၏ ထိုတွင်-- ➤ **ဝုတ္တကတ္တုသာစနေ** ။ ။ ဝါကျအခိုက်၌လည်း ကတ္တားကိုဟောသော ကတ္တုသာစနေသည် ဝုတ္တကတ္တုသာစနေ မည်၏။ ပြယုဂ်ကား " ဗုဇ္ဈတီတိ ဗုဒ္ဓေါ "တည်း။ ဤ 'ဗုဒ္ဓေါ'ဟူသော ကတ္တုသာစနေသည် 'ဗုဇ္ဈတိ'ဟူသော ဝါကျအခိုက်၌လည်း 'ယောဘဂဝါ' ဟူသော ကတ္တားကိုဟောသောကြောင့် "ဝုတ္တကတ္တုသာစနေ" မည်၏။

➤ **အဝုတ္တကတ္တုသာစနေ** ။ ။ ဝါကျအခိုက်၌ ကတ္တားကို မဟောသော ကတ္တုသာစနေသည် အဝုတ္တ ကတ္တုသာစနေ မည်၏။ ပြယုဂ်ကား ဇုဠီယတိ အဏ္ဏော ဧတေဟီတိ ဇုဠနာ တည်း။ ဤ 'ဇုဠနာ' ဟူသော ကတ္တုသာစနေသည် 'ဇုဠီယတိ' ဟူသော ဝါကျအခိုက်၌

http://www.dhammadownload.com



'ဒတောဟိ'ဟူသော ကတ္တားကို မဟောသောကြောင့် "အဝုတ္တကတ္တုသာဓန" မည်၏။

➤ **သုဒ္ဓ, ဟေတု ကတ္တုသာဓန ၂-ပါး** ။ ။ တစ်နည်းကား သုဒ္ဓကတ္တုသာဓန, ဟေတု ကတ္တုသာဓန အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **သုဒ္ဓ ကတ္တုသာဓန** ။ ။ ဝါကျအဓိကတ်၌ ကာရိုက်ပစ္စည်းနှင့် မယှဉ်သော ကတ္တုသာဓနသည် သုဒ္ဓကတ္တုသာဓန မည်၏။ ပြယုဂ်ကား "ဗုဇ္ဈိတာ သစ္စာနီတိ ဗုဒ္ဓေါ"တည်း ဤ 'ဗုဒ္ဓေါ'ဟူသော ကတ္တုသာဓနသည် 'ဗုဇ္ဈိတာ'ဟူသော ဝါကျအဓိကတ်၌ ကာရိုက်ပစ္စည်း နှင့် မယှဉ်သောကြောင့် "သုဒ္ဓကတ္တုသာဓန" မည်၏။

➤ **ဟေတု ကတ္တုသာဓန** ။ ။ ဝါကျအဓိကတ်၌ ကာရိုက်ပစ္စည်းနှင့် ယှဉ်သော ကတ္တုသာဓနသည် ဟေတုကတ္တုသာဓန မည်၏။ ပြယုဂ်ကား ဗောဓေတာ ပဇာယာတိ ဗုဒ္ဓေါ တည်း။ ဤ 'ဗုဒ္ဓေါ'ဟူသော ကတ္တုသာဓနသည် 'ဗောဓေတာ'ဟူသော ဝါကျအဓိကတ်၌ ကာရိုက်ပစ္စည်းနှင့် ယှဉ်သောကြောင့် "ဟေတုကတ္တုသာဓန" မည်၏။

➤ **ဝုတ္တ, အဝုတ္တ ကမ္မသာဓန ၂-ပါး** ။ ။ ကမ္မသာဓနသည်လည်း ဝုတ္တကမ္မသာဓန, အဝုတ္တ ကမ္မသာဓနအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **ဝုတ္တ ကမ္မသာဓန** ။ ။ ဝါကျအဓိကတ်၌လည်း ကံကိုဟောသော ကမ္မသာဓနသည် ဝုတ္တကမ္မသာဓန မည်၏။ ပြယုဂ်ကား "ဗုဇ္ဈိတဗ္ဗံ ဉာတဗ္ဗန္တိ ဗုဒ္ဓံ"တည်း။ ဤ 'ဗုဒ္ဓံ'ဟူသော ကမ္မသာဓနသည် 'ဗုဇ္ဈိတဗ္ဗံ'ဟူသော ဝါကျအဓိကတ်၌လည်း 'ယံ ဉာဏံ'ဟူသော ကံကို ဟောသောကြောင့် "ဝုတ္တကမ္မသာဓန" မည်၏။

➤ **အဝုတ္တ ကမ္မသာဓန** ။ ။ ဝါကျအဓိကတ်၌ ကံကို မဟောသော ကမ္မသာဓနသည် အဝုတ္တ ကမ္မသာဓန မည်၏။ ပြယုဂ်ကား "နိဿာယ နံ ဝသတီတိ နိဿယော" တည်း ဤ 'နိဿယော'ဟူသော ကမ္မသာဓနသည် 'ဝသတိ'ဟူသော ဝါကျအဓိကတ်၌ ' နံ အာစရိယံ'ဟူသော ကံကို မဟောသောကြောင့် "အဝုတ္တ ကမ္မသာဓန" မည်၏။

➤ **သုဒ္ဓ, ဟေတု ကမ္မသာဓန ၂-ပါး** ။ ။ တစ်နည်းကား သုဒ္ဓ ကမ္မသာဓန, ဟေတု ကမ္မသာဓန အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ **သုဒ္ဓ ကမ္မသာဓန** ။ ။ ဝါကျအဓိကတ်၌ ကာရိုက်ပစ္စည်းနှင့် မယှဉ်သော ကမ္မသာဓနသည် သုဒ္ဓ ကမ္မသာဓန မည်၏။ ပြယုဂ်ကား "ဗုဇ္ဈိတဗ္ဗံ ဉာတဗ္ဗန္တိ ဗုဒ္ဓံ" တည်း။ ဤ 'ဗုဒ္ဓံ' ဟူသော ကမ္မသာဓနသည် 'ဗုဇ္ဈိတဗ္ဗံ'ဟူသော ဝါကျအဓိကတ်၌ ကာရိုက်ပစ္စည်းနှင့် မယှဉ်သောကြောင့် "သုဒ္ဓ ကမ္မသာဓန" မည်၏။

➤ **ဟေတု ကမ္မသာဓန** ။ ။ ဝါကျအဓိကတ်၌ ကာရိုက်ပစ္စည်းနှင့်ယှဉ်သော ကမ္မသာဓနသည် ဟေတု ကမ္မသာဓန မည်၏။ပြယုဂ်ကား "နိပ္ဖာဒေတဗ္ဗန္တိ နိပ္ဖာဒိတံ"တည်း ဤ 'နိပ္ဖာဒိတံ'ဟူသော ကမ္မသာဓနသည် 'နိပ္ဖာဒေတဗ္ဗံ'ဟူသော ဝါကျအဓိကတ်၌ ကာရိုက် ဏေပစ္စည်းနှင့် ယှဉ်သောကြောင့် "ဟေတုကမ္မသာဓန" မည်၏။

http://www.dhammadownload.com



➤ ဝိဂြိုဟ် (ဝိဂ္ဂဟ) ။ ။ "ဗုဇ္ဈတီတိ ဗုဒ္ဓေါ"ဟူသော ပြယုဂ်၌ 'ဗုဇ္ဈတိ'ဟူသော ဝါကျသည် "ဝိသေသေန ဂယှတိ နိပ္ဖန္နသ အတ္ထော ဧတေနာတိ ဝိဂ္ဂဟော" ဟူသော ဝစနတ္ထနှင့်အညီ 'ဗုဒ္ဓေါ'ဟူသော နိပ္ဖန္နပုဒ်၏ အနက်ကို အထူးသဖြင့် ယူကြောင်းဖြစ်သော သတ္တိကြောင့် "ဝိဂ္ဂဟ" မည်၏။ ➤ ဝိဂြိုဟ် ၂-ပါး ။ ။ထိုဝိဂ္ဂဟသည်လည်း ဓာတုဝိဂ္ဂဟ, ဓာတွတ္ထဝိဂ္ဂဟ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ ဓာတုဝိဂ္ဂဟ ။ ။ မိမိဓာတ်ရင်းဖြင့် ပြုအပ်သော ဝိဂ္ဂဟသည် ဓာတု ဝိဂ္ဂဟ မည်၏။ ပြယုဂ်ကား "ဗုဇ္ဈတီတိ ဗုဒ္ဓေါ"တည်း။ ဤပြယုဂ်၌ 'ဗုဇ္ဈတိ'ဟူသော ဝိဂ္ဂဟသည် 'ဗုဓ'ဟူသော မိမိဓာတ်ရင်းဖြင့် ပြုအပ်သောကြောင့် "ဓာတုဝိဂ္ဂဟ" မည်၏။

➤ ဓာတွတ္ထ ဝိဂ္ဂဟ ။ ။ မိမိဓာတ်၏ အနက်ရှိသော ဓာတ်တစ်ပါးဖြင့် ပြုအပ်သော ဝိဂ္ဂဟသည် ဓာတွတ္ထ ဝိဂ္ဂဟမည်၏။ ပြယုဂ်ကား "ဇာနာတီတိ ဗုဒ္ဓေါ"တည်း။ဤပြယုဂ်၌ 'ဇာနာတိ'ဟူသော ဝိဂ္ဂဟသည် 'ဗုဓ'ဟူသော မိမိဓာတ်၏ အနက်ရှိသော 'ဉာ' ဟူသော ဓာတ်တစ်ပါးဖြင့် ပြုအပ်သောကြောင့် "ဓာတွတ္ထ ဝိဂ္ဂဟ" မည်၏။

➤ တစ်နည်း ဝိဂြိုဟ် ၂-ပါး ။ ။ တစ်နည်းကား သပဒ ဝိဂ္ဂဟ, အသပဒ ဝိဂ္ဂဟ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ သပဒ ဝိဂ္ဂဟ ။ ။ ကိတ်ပုဒ်ဖြင့်ပြုအပ်သော ဝိဂ္ဂဟသည် သပဒ ဝိဂ္ဂဟ မည်၏။ ပြယုဂ်ကား "ဗုဇ္ဈန္တောတိ ဗုဒ္ဓေါ"တည်း။ ဤပြယုဂ်၌ 'ဗုဇ္ဈန္တော' ဟူသော ဝိဂ္ဂဟသည် 'အန္တ' ပစ္စည်းတည်းဟူသော ကိတ်ပုဒ်ဖြင့် ပြုအပ်သောကြောင့် "သပဒ ဝိဂ္ဂဟ" မည်၏။

➤ အသပဒ ဝိဂ္ဂဟ ။ ။ အာချာတ်ပုဒ်ဖြင့် ပြုအပ်သော ဝိဂ္ဂဟသည် အသပဒ ဝိဂ္ဂဟ မည်၏။ပြယုဂ်ကား "ဗုဇ္ဈတီတိ ဗုဒ္ဓေါ"တည်း။ ဤပြယုဂ်၌ 'ဗုဇ္ဈတိ'ဟူသော ဝိဂ္ဂဟသည် 'တိ' ဝိဘတ်တည်းဟူသော အာချာတ်ပုဒ်ဖြင့် ပြုအပ်သောကြောင့် "အသပဒ ဝိဂ္ဂဟ"မည်၏။ ➤ တစ်နည်း ဝိဂြိုဟ် ၂-ပါး ။ ။ တစ်နည်းကား သပရိယာယ ဝိဂ္ဂဟ, နိပ္ပရိယာယ ဝိဂ္ဂဟ အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုတွင်--

➤ သပရိယာယ ဝိဂ္ဂဟ ။ ။ 'သံ, အဘိ' စသော ဥပသာရလျော်က်၍ ပြုအပ်သော ဝိဂ္ဂဟသည် သပရိယာယ ဝိဂ္ဂဟ မည်၏။ ပြယုဂ်ကား "သမ္ဗုဇ္ဈတီတိ ဗုဒ္ဓေါ" တည်း။ ဤပြယုဂ်၌ 'သမ္ဗုဇ္ဈတိ'ဟူသော ဝိဂ္ဂဟသည် 'သံ'ဟူသော ဥပသာရလျော်က်၍ ပြုအပ်သောကြောင့် "သပရိယာယ ဝိဂ္ဂဟ" မည်၏။

➤ နိပ္ပရိယာယ ဝိဂ္ဂဟ ။ ။ 'သံ, အဘိ' စသော ဥပသာရ မလျော်က်မူ၍ ပြုအပ်သော ဝိဂ္ဂဟသည် နိပ္ပရိယာယ ဝိဂ္ဂဟ မည်၏။ ပြယုဂ်ကား "ဗုဇ္ဈတီတိ ဗုဒ္ဓေါ" တည်း။ ဤပြယုဂ်၌ 'ဗုဇ္ဈတိ'ဟူသော ဝိဂ္ဂဟသည် 'သံ, အဘိ'စသော ဥပသာရ မလျော်က်မူ၍ ပြုအပ်သောကြောင့် "နိပ္ပရိယာယ ဝိဂ္ဂဟ" မည်၏။

ကိတ်ပုဒ်စစ် ပြီး၏။

http://www.dhammadownload.com



# သဒ္ဒါကြီး သုတ်စစ်

➤ သုတ္တ-သုတ် ။ ။[ "သေယျထာပိကော ပဒမတော ဝိဝိစ် သုဏောယျ"ဟူသော ဥယျောဇရ်နှင့်အညီ "အတ္တော အက္ခရသညာတော"အစရှိသော သုတ်တို့ဖြင့် အက္ခရာ အဆုံးအဖြတ်ကို ပြပြီး၍ သုတ်အဆုံးအဖြတ်ကို ပြအံ့သောငှာ "ဇိနဝစနယုတ္တံဟိ" အစရှိသော သုတ်ကို မိန့်သတည်း။ ဤ ] ဇိနဝစနယုတ္တံဟိ, အစရှိသောသုတ်သည် "အတ္ထေ သူစေတီတိ သုတ္တံ"ဟူသော ဝစနတ္ထနှင့်အညီ ကွယ်ဝှက်သော အနက်တို့ကို ပြတတ်သော ကြောင့် "သုတ်" မည်၏။

➤ သုတ် ၄-ပါး ။ ။ ထိုသုတ်သည်လည်း "အတ္ထေ သူစေတီတိ သုတ္တံ"ဟူသော ဝစနတ္ထနှင့်အညီ ကွယ်ဝှက်သော အနက်တို့ကိုပြတတ်သော သာမညလက္ခဏာအားဖြင့် တစ်ပါးသာ၊ ဝိသေသလက္ခဏာအားဖြင့်သော်ကား * သညာသုတ်, အဓိကာရသုတ်, ပရိဘာသာသုတ်, ဝိဓိသုတ် အားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင်--

➤ သညာသုတ် ။ ။ အမည်ကို ပြတတ်သောသုတ်သည် သညာသုတ်မည်၏။ ပြယုဂ်ကား "အက္ခရာပါဒယော ဧကစတ္တာလီသံ" အစရှိသည်တည်း။

➤ အဓိကာရသုတ် ။ ။ ဝုတ္တိ၌ "အဓိကာရတ္တံ"ပါသော လိုက်သောသုတ်သည် အဓိကာရသုတ် မည်၏။ ပြယုဂ်ကား "ဇိနဝစနယုတ္တံဟိ" အစရှိသည်တည်း။

➤ ပရိဘာသာသုတ် ။ ။ ပရိဘာသာ ပြုသောသုတ်သည် ပရိဘာသာသုတ် မည်၏။ ပြယုဂ်ကား "အတ္တော အက္ခရသညာတော" အစရှိသည်တည်း။

➤ ဝိဓိသုတ် ။ ။ ချေခြင်း အစရှိသည်ကို စီရင်သော သုတ်သည် ဝိဓိသုတ် မည်၏ ပြယုဂ်ကား "သရာ သရေ လောပံ" အစရှိသည်တည်း။

➤ သညာသုတ် ၂-ပါး ။ ။ ထိုလေးပါးသော သုတ်တို့တွင် သညာသုတ်သည်လည်း အန္ဝတ္ထသညာသုတ်, ရုဠှီသညာသုတ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်

➤[အာဒိနယသညာသုတ် ၂-ပါး] အန္ဝတ္ထသညာသုတ် ။ ။ အနက်သို့ အစဉ် လိုက်သော အမည်ကိုပြသော သုတ်သည် "အန္ဝတ္ထသညာသုတ်" မည်၏။ ပြယုဂ်ကား "အက္ခရာပါဒယော ဧကစတ္တာလီသံ" အစရှိသည်တည်း။

➤ ရုဠှီသညာသုတ် ။ ။ အနက်သို့ အစဉ် မလိုက်သော အမည်ကိုပြသောသုတ် သည် ရုဠှီသညာသုတ် မည်၏။ ပြယုဂ်ကား "ဣဝဏ္ဏုဝဏ္ဏာ ဈလာ" အစရှိသည်တည်း

➤ တစ်နည်း သညာသုတ် ၂-ပါး ။ ။ တစ်နည်းကား ဂရုသညာသုတ်, လဟု သညာသုတ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်

၁။ အန္ဝတ္ထသညာသုတ်သည် ဂရုသညာသုတ် မည်၏။

၂။ ရုဠှီသညာသုတ်သည် လဟုသညာသုတ် မည်၏။

http://www.dhammadownload.com



➤ **တစ်နည်း သညာသုတ် ၂-ပါး** ။ ။ တစ်နည်းကား သကသညာသုတ်, ပရသညာသုတ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်

➤ **[အန္တနယသညာသုတ် ၂-ပါး] သကသညာသုတ်** ။ ။ မိမိ အမည်ကို ပြသော သုတ်သည် သကသညာသုတ် မည်၏။ ပြယုဂ်ကား "အဂ္ဂရာပါဒယော ကေစဗ္ဗာလီသံ" အစရှိသည်တည်း။

➤ **ပရသညာသုတ်** ။ ။ သူတစ်ပါး အမည်ကို ပြသောသုတ်သည် ပရသညာသုတ် မည်၏။ ပြယုဂ်ကား "ပရသမညာ ပယောဂေ" အစရှိသည်တည်း။

➤ **အဓိကာရသုတ် ၃-ပါး** ။ ။ အဓိကာရသုတ်သည်လည်း ယထာနုပုဗ္ဗိက အဓိကာရသုတ်, သီဟဂတိက အဓိကာရသုတ်, မဏ္ဍူကဂတိက အဓိကာရသုတ် အားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင်--

➤ **ယထာနုပုဗ္ဗိက အဓိကာရ** ။ ။ အစဉ်အတိုင်း လိုက်သောသုတ်သည် ယထာနုပုဗ္ဗိက အဓိကာရသုတ် မည်၏။ ပြယုဂ်ကား "ကာလေ" အစရှိသည်တည်း။

➤ **သီဟဂတိက အဓိကာရ** ။ ။ ရှေ့နောက် လိုက်သောသုတ်သည် သီဟဂတိက အဓိကာရသုတ် မည်၏။ ပြယုဂ်ကား "ဇိနဝစနယုတ္တံဟိ" အစရှိသည်တည်း။

➤ **မဏ္ဍူကဂတိက အဓိကာရ** ။ ။ ခုန်၍ လိုက်သောသုတ်သည် မဏ္ဍူကဂတိက အဓိကာရသုတ် မည်၏။ ပြယုဂ်ကား "သရာ ပကတိ ဗျဉ္ဇနေ"သုတ်၌ ဗျဉ္ဇနေ-သဒ္ဒါ အစရှိသည်တည်း။

➤ **တနည်း အဓိကာရသုတ် ၃-ပါး** ။ ။ တစ်နည်းကား နဒီသောတ အဓိကာရသုတ်, သီဟဝိလောကန အဓိကာရသုတ်, မဏ္ဍူကဂတိက အဓိကာရသုတ် အားဖြင့် သုံးပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင်--

➤ **နဒီသောတ အဓိကာရ** ။ ။ အစဉ်အတိုင်း လိုက်သောသုတ်သည် နဒီသောတ အဓိကာရသုတ် မည်၏။ ပြယုဂ်ကား "ကာလေ" အစရှိသည်တည်း။

➤ **သီဟဝိလောကန အဓိကာရ** ။ ။ ရှေ့နောက်လိုက်သော သုတ်သည် သီဟဝိလောကန အဓိကာရသုတ် မည်၏။ ပြယုဂ်ကား "ဇိနဝစနယုတ္တံဟိ"အစရှိသည်တည်း

➤ **မဏ္ဍူကဂတိက အဓိကာရ** ။ ။ ခုန်၍ လိုက်သောသုတ်သည် မဏ္ဍူကဂတိက အဓိကာရသုတ် မည်၏။ ပြယုဂ်ကား "သရာ ပကတိ ဗျဉ္ဇနေ"သုတ်၌ ဗျဉ္ဇနေ-သဒ္ဒါ အစရှိသည်တည်း။

➤ **ပရိဘာသာသုတ် ၂-ပါး** ။ ။ ပရိဘာသာသုတ်သည်လည်း ပရိဘာသာသုတ်, ဥပပရိဘာသာသုတ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်--

➤ **ပရိဘာသာသုတ်** ။ ။ မပြစ်မှု၍ ပရိဘာသာပြုသော သုတ်သည် ပရိဘာသာသုတ် မည်၏။ ပြယုဂ်ကား "အတ္ထော အက္ခရသညာတော"အစရှိသည်တည်း။

http://www.dhammadownload.com



> ဥပရိဘာသာသုတ် ။ ။ မြစ်၌ ပရိဘာသာပြုသောသုတ်သည် ဥပရိဘာသာ သုတ် မည်၏။ ပြယုဂ်ကား "တဒနုပရောဓေန" အစရှိသည်တည်း။ ဤ "တဒနုပရော ဓေန" ဟူသော သုတ်သည် ဋ္ဌိဝုစ်ကို မြစ်၌ ပရိဘာသာပြုသောကြောင့် ဥပရိဘာသာ သုတ် မည်၏။

> ပရိဘာသာသုတ် ၃-ပါး ။ ။ တစ်နည်းကား သညာဂ် ပရိဘာသာသုတ်, ဝိဓျင် ပရိဘာသာသုတ်, အန္တျင် ပရိဘာသာသုတ် အားဖြင့် သုံးပါးအပြားရှိ၏။ထိုသုံးပါးတို့တွင်

> သညာဂ် ပရိဘာသာသုတ် ။ ။ အမည်ကို ပရိဘာသာ ပြုသောသုတ်သည် သညာဂ် ပရိဘာသာသုတ် မည်၏။ ပြယုဂ်ကား " အဝ္ဘော အက္ခရသညာတော"အစရှိသည်တည်း

> ဝိဓျင် ပရိဘာသာသုတ် ။ ။ အစီအရင်ကို ပရိဘာသာပြုသော သုတ်သည် ဝိဓျင် ပရိဘာသာသုတ် မည်၏။ ပြယုဂ်ကား "တတောစ ဝိဘတ္တိယော"အစရှိသည်တည်း။

> အန္တျင် ပရိဘာသာသုတ် ။ ။ မြစ်၌ ပရိဘာသာပြုသောသုတ်သည် အန္တျင် ပရိဘာသာသုတ် မည်၏။ ပြယုဂ်ကား "တဒနုပရောဓေန" အစရှိသည်တည်း။ ဤ "တဒနု ပရောဓေန" ဟူသော သုတ်သည် ဋ္ဌိဝုစ်ကို မြစ်၌ ပရိဘာသာပြုသောကြောင့် အန္တျင် ပရိဘာသာသုတ် မည်၏။

> ဝိဓိသုတ် ၈-ပါး ။ ။ ဝိဓိသုတ်သည်လည်း လောပဝိဓိသုတ်, အာဒေသဝိဓိသုတ် အာဂမဝိဓိသုတ်, ဒီဃဝိဓိသုတ်, ရဿဝိဓိသုတ်, ပစ္စယဝိဓိသုတ်, ပဋိသေဓဝိဓိသုတ်, ဝိဘတ္တိဝိဓိသုတ် အားဖြင့် ရှစ်ပါးအပြားရှိ၏။ ထိုရှစ်ပါးတို့တွင်--

> လောပဝိဓိ ။ ။ ချေခြင်းကို စီရင်သောသုတ်သည် လောပဝိဓိသုတ် မည်၏။ ပြယုဂ်ကား "သရာ သရေ လောပံ" အစရှိသည်တည်း။

> အာဒေသဝိဓိ ။ ။ အပြုကို စီရင်သောသုတ်သည် အာဒေသဝိဓိသုတ် မည်၏။ ပြယုဂ်ကား "ကွစာသဝဏ္ဏံ လုတ္တေ" အစရှိသည်တည်း။

> အာဂမဝိဓိ ။ ။ လာခြင်းကို စီရင်သောသုတ်သည် အာဂမဝိဓိသုတ် မည်၏။ ပြယုဂ်ကား "ယဝမဒန တရလာစာဂမာ" အစရှိသည်တည်း။

> ဒီဃဝိဓိ ။ ။ ဒီဃ အပြုကို စီရင်သောသုတ်သည် ဒီဃဝိဓိသုတ် မည်၏။ ပြယုဂ်ကား "ဒီဃံ" အစရှိသည်တည်း။

> ရဿဝိဓိ ။ ။ ရဿ အပြုကို စီရင်သောသုတ်သည် ရဿဝိဓိသုတ် မည်၏။ ပြယုဂ်ကား "ရဿံ" အစရှိသည်တည်း။

> ပဋိသေဓဝိဓိ ။ ။ ပကတိပြု၍ရင်း, မြစ်၍ရင်း စီရင်သောသုတ်သည် ပဋိသေဓ ဝိဓိသုတ် မည်၏။ ပြယုဂ်ကား "သရာ ပကတိ ဗျဉ္ဇနေ၊ တေန ဝါ ဣဝဏ္ဏေ"အစရှိသည် တည်း။ > ပစ္စယဝိဓိ ။ ။ ပစ္စည်းကို စီရင်သောသုတ်သည် ပစ္စယဝိဓိသုတ် မည်၏။

http://www.dhammadownload.com



ပြယုဂ်ကား "ဣတ္ထိယမတော အာပစ္စယော" အစရှိသည်တည်း။

➤ **ဝိအတ္တဝိဓိ** ။ ။ ဝိဘတ်ကို စီရင်သောသုတ်သည် ဝိဘတ္တိဝိဓိသုတ် မည်၏။ ပြယုဂ်ကား "ကမ္မတ္ထေ ဒုတိယာ" အစရှိသည်တည်း။

➤ **ဝိဓိသုတ် ၂-ပါး** ။ ။ တစ်နည်းကား သာဝကာသဝိဓိသုတ်, အနဝကာသဝိဓိသုတ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်--

➤ **သာဝကာသဝိဓိ** ။ ။ အရာကျယ်သော သုတ်သည် သာဝကာသဝိဓိသုတ် မည်၏။ ပြယုဂ်ကား "သရာ သရေ လောပံ "အစရှိသည်တည်း။

➤ **အနဝကာသဝိဓိ** ။ ။ အရာကျဉ်းသော သုတ်သည် အနဝကာသဝိဓိသုတ် မည်၏။ ပြယုဂ်ကား "ဝါ ပရော အသရူပါ" အစရှိသည်တည်း။ စတ္တာရောမေ, အစရှိသော ပြယုဂ်၌ နှစ်ပါးသော အစီအရင် ရောက်လုလတ်သော် သာဝကာသ, အနဝကာသ နှစ်ပါးတို့တွင် အနဝကာသ အစီအရင် အားကြီးသည်ဖြစ်သောကြောင့် အနဝကာသ အစီအရင်သည် ဖြစ်၏။

➤ **တစ်နည်း ဝိဓိသုတ် ၂-ပါး** ။ ။ တစ်နည်းကား ပုဗ္ဗဝိဓိသုတ်, ပရဝိဓိသုတ် အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်--

➤ **ပုဗ္ဗဝိဓိ** ။ ။ ရှေ့စီရင်သော သုတ်သည် ပုဗ္ဗဝိဓိသုတ် မည်၏။ ပြယုဂ်ကား "သုနံဟိသုစ" အစရှိသည်တည်း။

➤ **ပရဝိဓိ** ။ ။ နောက်စီရင်သော သုတ်သည် ပရဝိဓိသုတ် မည်၏။ ပြယုဂ်ကား "သုဟိသွကာရော ဧ"အစရှိသည်တည်း။ 'ပုရိသေသု' အစရှိသော ပြယုဂ်၌ ထိုနှစ်ပါးသော အစီအရင် ရောက်လုလတ်သော် ပုဗ္ဗဝိဓိ, ပရဝိဓိ နှစ်ပါးတို့တွင် ပရဝိဓိ အစီအရင် အားကြီးသည်ဖြစ်သောကြောင့် ပရဝိဓိ အစီအရင်သည် ဖြစ်၏။

➤ **တစ်နည်း ဝိဓိသုတ် ၂-ပါး** ။ ။ တစ်နည်းကား အန္တရင်္ဂဝိဓိသုတ်, ဗာဟိရင်္ဂ ဝိဓိသုတ်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင်--

➤ **အန္တရင်္ဂဝိဓိ** ။ ။ ပုဒ်ကို စီရင်သောသုတ်သည် အန္တရင်္ဂဝိဓိသုတ် မည်၏။ ပြယုဂ်ကား "ဝေဝေါသု လောစ" အစရှိသည်တည်း။

➤ **ဗာဟိရင်္ဂဝိဓိ** ။ ။ ဝိဘတ်ကို စီရင်သောသုတ်သည် ဗာဟိရင်္ဂဝိဓိသုတ် မည်၏။ ပြယုဂ်ကား "လတော ဝေါကာရောစ" အစရှိသည်တည်း။

**သဒ္ဒါကြီး သုတ်စစ် ပြီး၏။**

**21-2-2005/10-5-2008**

http://www.dhammadownload.com



## သုတ်ကို ဝိဓိ (၈)မျိုးဖြင့် ခွဲခြားပုံ

### ဤအခန်းနှင့် ပတ်သက်၍ မေးတတ်သော မေးခွန်းများ

(က) နောက်သိဝိဘတ်နှောင်းသောကြောင့် ရှေ့ ဋ္ဌသဒ္ဒါကို အံ-ပြုသောသုတ်
[ အံပြုသောသုတ်တို့တွင် သိမှိ ဂစ္ဆန္တာဒီနံ ဋ္ဌသဒ္ဒေါ အံ-သုတ်ကို ဖြေပါ။]
(ခ) ဘောအနက်၌ ဏျ-ပစ္စည်း, တ္တ-ပစ္စည်း, တာ-ပစ္စည်းသက်သောသုတ်
[ ဏျ တ္တ တာ ဘာဝေတု-သုတ်ကို ဖြေပါ။]
(ဂ) နပုလ္လိင် အဗျယီဘောသမာသ်၏ အဆုံးသရကို ရဿပြုသောသုတ်
[ ရဿပြုသောသုတ်တို့တွင် သရော ရဿော နပုံသကေ-သုတ်ကို ဖြေပါ။]
(ဃ) ကာရကကျမ်းလာ တတိယာအနက် သတ္တမီအနက်တို့၌ ဆဋ္ဌီဝိဘတ်သက်သောသုတ် [ဆဋ္ဌီဝိဘတ်သက်သောသုတ်တို့တွင် ဆဋ္ဌီစ-သုတ်ကို ဖြေပါ။]

---

အံပြု။ ဗျည်းကြောင့် နိဂ္ဂဟိတ်ကို အံပြု။-အံဗျဥ္ဇနေ နိဂ္ဂဟိတံ၊ ပနောင် သို့ကို အံပြု, သွာကို အာပြု-အမာ-ပတော သို့၊ အာဒိသဒ္ဒါနောင် သို့ကို အံပြု, ဩပြု-အာဒိတော ဩ၊ ဂေါ-နောင် နံ-ကို အံပြု-တတော နမံ၊ သိ-ကြောင့် ဋ္ဌကို ဝိဘတ်နှင့်တကွ အံပြု-အံ နပုံသကေ၊ ဂသိ-ကြောင့် ဋ္ဌကို ဝိဘတ်နှင့်တကွ အံပြု, အဝင်္ကပြု-အဝဏ္ဏာစ ဂေ၊ အာလုပ် ဧကဝုစ်ဝိဘတ်ကြောင့် ပုမ-၏ အစိတ်အ-ကို ဝိဘတ်နှင့်တကွ အံပြု-အမာလပနေကဝစနေ၊ သမာသ်စပ်ပြီးနောက် ပုမ-၏ အစိတ်အ-ကို အချို့ အံပြု-သမာသေစ ဝိဘာသာ၊ တုမှ-အမှနောင် သ-ကို အံပြု-သသံ၊ သိ-ကြောင့် ဋ္ဌ-ကို အံပြု-သိမှိ ဂစ္ဆန္တာဒီနံ ဋ္ဌ--၊ နပုံလိင် အကာရန္တနောင် သိ-ကို အံပြု-သိ၊ အကာရန္တ အဗျယီဘော သမာသ်နောင် ဝိဘတ်တို့ကို အံ-ပြု-အံဝိဘတ္တီနမကာရန္တာ၊ မိ-မ-ဝိဘတ်တို့ကြောင့် ဒါဓာတ်၏ အဆုံး အာ-ကို အံပြု-ဒါ ဒန္တသံ မိမေသု

အံပြု, အာပြု - အမာပတော သို့သွာနံဝါ
အံပြု, ဩပြု - အာဒိတော ဩစ
အံ-ကြောင့် ဧ, မေ-မပြုရ- န အမှိ၊
အ-ပြု- သု,နံ,ဟိကြောင့် ပဥ္စ-စသော သင်္ချာသဒ္ဒါတို့၏ အဆုံးအ-ကို အ ထပ်ပြု-ပဥ္စာဒီနမတ္တံ၊ ဣနီ-ကြောင့် ပတိ-၏အဆုံးဣ-ကို အ-ပြု-ပတိ သိနီမှိ၊ သု,နံ,ဟိ,ယော-တို့ကြောင့် ဋ္ဌု-၏ အဆုံးဥ-ကို အ-ပြု-ဋ္ဌုသာ န္တော ယောသုစ၊ အံ,သ-တို့ကြောင့် ဋ္ဌုကို အ-ပြု-သဗ္ဗဿ ဝါ အံသေသု သိ-ကြောင့် ဋ္ဌု၏အဆုံးဥ-ကို အ-ပြု-သိမှိဝါ၊ ယော-ကြောင့် ဈမည်သော ဣ-ကို အ-ပြု-ယောသွကတ

http://www.dhammadownload.com



ရသော ဈော၊ ဝေ, ဝေါပြုကြောင့် လ-မည်သော ဥ-ကို အ-ပြု-ဝေဝေါ သု လောစ၊ သခ-နောင် ဂသိ-ကို အ, အာ, ဣ, ဤ, ဖြေ-သခတော ဂသော၀ါ၊ ဂသိ-ကြောင့် ဿကို အ-ပြု-အဝဏ္ဏာစဂေ၊ ယော-ကြောင့် ပဥ္စ-စသော သင်္ချာသဒ္ဒါတို့၏အဆုံး အ-ကို ဝိဘတ်နှင့်တကွ အ-ပြု-ပဉ္စာဒီနမကာရော၊ နာ-ကြောင့်-ကမ္မ-၏အဆုံးအ-ကို ဥပြု, အ-ပြု-အကမ္မန္တဿသ၊ သ, သ္မာ, သ္မိံ,သံ, သာပြုတို့ကြောင့် တ-ကို အ-ပြု-သသ္မာသ္မိံ သံသာသွတ္တံ၊ သ, သ္မာ, သ္မိံ,သံ,သာပြုတို့ကြောင့် ဣမ-ကို အ-ပြု-ဣမသဒ္ဒဿသ၊ နံ-ကြောင့် သဗ္ဗ-၏ အဆုံးဥ-ကို အ-ပြု-သဗ္ဗနတ္တဥ္စ၊ တော,ထ-ကြောင့် ဧတ-ကို အ-ပြု-သဗ္ဗဿေတဿကာ၊ တြ-ကြောင့် ဧတ-ကို အ-ပြု-တြေ နိစ္စံ၊ မုနာ-ကြောင့် ဣမ-ကို အ-ပြု-အဓုနာမှိ၊ နံ-နိပါတ်ပုဒ်ကို အ-ပြု-အတ္တံ နဿ တပ္ပုရိသေ၊ သမာသ်အဆုံးသရကို အ-ပြု-ကွစိ သမာသန္တဂတာန၊ အဗ္ဗာသ-၏ အဆုံးသရကို ဣဝဏ်ပြု, အ-ပြု-အန္တဿိဝဏ္ဏာကာရောဝါ၊ ဣမ-ကို အပြု-ပစ္စယာဒနိဋ္ဌာ နိပါတနာ။

**အ–ပစ္စည်းသက်သောသုတ်-**(အာချာတ်) ဘူ-စသော ဓာတ်တို့နောင် အ-သက်-ဘူဝါဒိတော အ၊ ရုဓ-စသော ဓာတ်တို့နောင် အ-သက်-ရုဓာဒိတော နိဂ္ဂဟိတ ပုဗ္ဗဉ္စ၊ (ကိတ်) အမည်သညာကိုဆိုလိုရာ၌ အစ၌ ကံပုဒ်ရှိသော ဓာတ်နောင် အ-သက်-သညာယမနု၊ ဒဒ-ဓာတ် နောင် အ-သက်-ပုရေ ဒဒါစ ဣံ၊ ဓာတ်အားလုံးနောင် အ-သက်-သဗ္ဗတော ဏွုတွာဝီဝါ၊ ကတ္တိလိင် ကိုဟောရာ၌ ဓာတ်အားလုံးနောင် အ-သက်-ကတ္တိယမတိယဝေါ ဝါ။

**အပစ္စည်းလည်းသက်၍ နိဂ္ဂဟိတ်လည်း လာ-** ရုဓာဒိတော နိဂ္ဂဟိတပုဗ္ဗဉ္စ

**အ–ပစ္စည်းကိုချေ-** လောပဥ္စေတ္တမကာ

**အ–လာ-** (သန္ဓိ) လောပဥ္စ တတြာကာ၊ (အာချာတ်) အကာရာဂမော--

**အကပြု-** ယု-ကို အနပြု, ဏွုကို အက ပြု-အနကာ ယုဏွူနံ၊ နုဒါဒိဟိ။

**အကာရက အမည်မှည့်သောသုတ်-** ယဿ ဝါ ပရိဂ္ဂဟော တံ သာမိ၊

**အကာရန္တအဇ္ဈယီဘောသမာသ်အရာ၌ ဝိဘတ်တို့၏အစီအရင်ကိုပြသုတ်-** အံဝိဘတ္တီနမကာရန္တာ အဗျယီဘာဝါ

**အက္ခရာအမည်-** အက္ခရာပါဒယော--

**အက္ခရာ ၈–လုံးလာ-** ယဝမဒနတရ-

**အဓေယာသမှည့်-** ပရသမညာပယောဂေ

**အစ္စန္တသံယောဂမှည့်-** ပရသမညာ ပယော

**အစီအရင်၂–မျိုးပါသော သုတ်များ**

[သန္ဓိ] ၂၂/၂၇/၄၃၊ [နာမ်] ၈၃/ ၁၈၅/၁၉၉/ ၂၀၃/ ၂၀၄၊ [တဒ္ဓိတ်] ၃၉၀ ၄၀၁/၄၀၂/၄၀၃၊ [အာချာတ်] ၄၄၆/ ၄၈၀/၄၈၀/၄၉၂/၄၉၃/၄၉၄/၄၉၅/၄၉၇/ ၄၉၈/၅၀၉/၅၁၀၊ [ကိတ်] ၅၂၅/၅၂၆/

http://www.dhammadownload.com



၅၃၈/ ၅၇၈/၅၇၉/၅၈၀/၅၈၁/၅၈၂/
၅၈၃/၅၈၄/၅၉၉/ ၆၀၀၊
[ဥဏာဒ်]၆၂၇/၆၃၁ ၆၅၉/၆၆၀/
၆၆၁/၆၆၄/၆၆၆။

**အစိအရင် ၃–မျိုးဝါသုတ်**= ဝစ ဝါ ဝု

**အဋ္ဌတနိမှည့်** = အဋ္ဌတနိ ဤဉ် (ချာတ်)

**အဋ္ဌတနိဝိဘတ်သက်သောသုတ်များ**
အတိတ်ကာလ၌ အဋ္ဌတနိသက်=
သမိပေဋ္ဌတနိ၊ မာသဒ္ဒါနှင့် ယှဉ်-
လတ်သော် အလုံးစုံသော ကာလ
၌သက်=မာယောဂေ သဗ္ဗကာလေ

**အဋ္ဌတနိဝိဘတ်ဟု သိရခြင်းအကျိုးကို**
ညွှန်ပြသော သုတ်= သမိပေဋ္ဌတနိ

**အဈပြု**= အဈော အဓိ

**အဓိုတိယပြု**= တေသမဈုပပဒေန--

**အဈုမှုပြု**= တေသမဈုပပဒေန--

**အတ–ပြု**= သုဝုသာနမူဝုသာ(ဥဏာဒ်)

**အတ္တနောပုဒ်ကို ဗရဿပုဒ်ပြုသော**
(ပြန်သော)သုတ်= အတ္တနော ပဒါ

**အတ္တနောပုဒ်မှည့်**= ပရာဏျတ္တနော

**အတ္တနောပုဒ် သက်ရာဌာနကို ပြ**=

**အတ္တနောပုဒ်ဝိဘတ်သက်သောသုတ်**
များ= ဘော,က် အနက်တို့၌ အတ္တ
နောပုဒ်ဝိဘတ်သက်=အတ္တနော -
ပဒါနိ ဘာဝေစ ကမ္မနိ၊ ကတ္တား-
အနက်၌ သက်=ကတ္တရိစ။

**အတ္တနောပုဒ်ဟု သိရခြင်းအကျိုးကို ညွှန်ပြ**
သော သုတ်=အတ္တနောပဒါနိ ဘာ
ဝေစ ကမ္မနိ

➤ **အတိဓေသသုတ်များ**

[သန္ဓိ]၁။ အနုပဒိဋ္ဌာနံ ဝုတ္တ (၂) [နာမ်]
သေသေသု န္တုဝ (၃) အမှ တုမှန္တု ရာဇ
(၄)[သမာသ်] သော နပုံသကလိင်္ဂ (၅)
ဒိဂုဿေ ကတ္တံ (၆) တထာ ဒွန္ဒေပါဏိ၊
(၇) က္လတ္တိယံ ဘာသိတပုမိတ္တိ (၈) ကမ္မ
ဓာရယသညေစ (၉) [အာချာတ်] တထာ
ကတ္တရိစ (၁၀) [ကိတ်] တဒ္ဓိတ သမာသ
(၁၁) ဒုမှိ ဂရု (၁၂) ဒီဃောစ။ (၁၃)
ကာရိတံ ဝိယ ဏာနုဗန္ဓော ။

**အဓုံပြု**= အမုဿာဒုံ

➤ **အဓိကာရသုတ်များ**

[နာမ်] (၁) ဇိနဝစနယုတ္တံဟိ (၂)
က္လတ္တိပုမ နပုံသကသဒ္ဓိ (၃) ကာလေ
[အာချာတ်] (၄) ကာလေ

**အနပြု**= နာ-ကြောင့် က္လမ-ကို အနပြု၊
က္လမိပြု=အနိမိ နာမှိစ၊ ဟိ-ကြောင့်
အတ္တ-၏အစိတ်အ-ကို အနပြု=
အတ္တန္တော ဟိသ္မိမနတ္တံ၊ ယု-ကို အန
ပြု=အနကာ ယုဏျုနံ၊ နုဒါဒီဟိ။

**အနာဒရမှည့်**= ပရသမညာ ပယောဂေ

**အန်ပြု**= သရေ အန်

**အနုပြု**= ဘိဒါဒိတော က္လနု အနု ဤ-

**အန္တပြု**= ခါဒါမဂမာနံ ခန္တန္တဂန္တာ

**အနိပ္ပန္နလိင်နောင် ဝိဘတ်သက်**=
တတောစ ဝိဘတ္တိယော၊

**အနိယ** = ၁။ဘောကံအနက်တို့၌ တဗ္ဗ,
အနီယသက်=ဘာဝကမ္မေသု တဗ္ဗာ
နီယာ၊ ၂။ဘာဝကမ္မေသု ကိစ္စတ္တ၊
၃။ပေသာတိသဂ္ဂ၊ ၄။အဝဿကာ၊

**အန္တ ပစ္စည်းသက်**= ဝတ္တမာနေ မာနန္တာ၊

**အပစ္စတဒ္ဓိတ်အနက်၌ ပစ္စည်းသက်သုတ်**
ဝါဏာပစ္စေ၊ ဏာယန ဏာန ဝစ္ဆာဒိ

http://www.dhammadownload.com



တော၊ ဏေယျော ကတ္တိကာဒီဟိ၊ အတော
ဏိ ဝါ၊ ဏာဝေါ ပက္ကာဒီဟိ၊ ဏေရ ဝိဓဝါ
ဒိတော-သုတ်တို့ ဖြစ်သည်။
**အပါဒါန်မှည့်**-၁။ ဖဲ့ခွါရာ, ကြောက်ရာ၌-
အပါဒါန်မှည့်-ယသ္မာဒပေတိ၊ (၂)
ဓာတ်, နာမ်နှင့်ယှဉ်-ဓာတုနာမာနံ၊
(၃) စောင့်ရှောက်ခြင်း, တားမြစ်
ခြင်းအနက်ရှိသောဓာတ်နှင့်ယှဉ်-
ရက္ခဏတ္ထာနံ၊ (၄) ယေနဝါဒဿနံ၊
(၅) ဒူရန္တိကဒ္ဓကာလ--
**အဗ္ဘာသမှည့်**- ပုဗ္ဗောဗ္ဘာသော
**အဗျယီဘောမှည့်** - ဥပသဂ္ဂနိပါတပုဗ္ဗကော-
**အဗျယီဘောသမာသ် လိင်အဆုံးအပြတ်
ပြုသုတ်**-သော နပုံသကလိင်္ဂေ
**အဗျယီဘောသမာသ်ကို နပုလ္လိင်ငဲ့** -
သော နပုံသကလိင်္ဂေ
**အဗ္ဘပြု**- အဗ္ဘော အဘိ
**အဗ္ဘ, အဗ္ဘ မပြုရမှာ တားမြစ်သော
သုတ်** - တေန ဝါ ဣဝဏ္ဏေ၊
**အမ**- ပုထဿပုထုပထာမောဝါ
**အယံပြု**- အနပုံသကဿာယံ သိမှိ
**အယပြု**- ဣ-ကို အယပြု-ဈလာနမိယု
ဝါ သရေဝါ၊ နောက်သရကြောင့်
ဓာတွန်ဧ-ကို အယပြု-ဧ အယ။
**အလပစ္စည်း**- ၁။ဓာတူဟိ ဏေ ဏာယ-
၂။ပဌမဓာတ်နောင် အလ-သက်-
ပဏ္ဍာဒိဟျလံ။
**အဝပြု**- အံ-ကြောင့်ဂေါ-၏ သြကို အဝ
ပြု-အဝံမှိစ၊ ပတိကြောင့် ဂေါ-၏
သြကို အဝပြု-တတော နမံ ပတိမှာ
လုတ္တေ၊သမာသ်အရာ၌ နောက်သရ
ကြောင့် ဂေါ-၏သြကို အဝပြု-
သြသရေစ၊ နောက်သရကြောင့်
ဓာတွန်သြကို အဝပြု-သြ အဝ
သရေ (အာချာတ်)
**အ-ဝဏ်ကိုချေ**- တဒ္ဓိတ်ယပစ္စည်းကြောင့်
အဝဏ်ကိုချေ-အဝဏ္ဏောယေ--
**အသပြု**- မန္တကြောင့် အာယု-၏ ဥ-ကို
အသပြု-အာယုဿု ကာရာသ၊
ဒသ-ကို အသပြု-ဂဏနေ ဒဿဿ
➢ **အဿတ္ထိတဒ္ဓိတ်အနက်၌ ပစ္စည်း
သက်သော သုတ်များ**
၁။ဓာတာဒီနမိမိယာစ၊ ၂။တဒဿတ္ထိ
တိ ဝီစ၊ ၃ ။တပါဒိတော သီ၊ ၄။ ဒဏ္ဍာဒိ
တော ဣက ဤ၊ ၅။ မဓွာဒိတော ရော၊
၆။ ဂုဏာဒိတော ဝန္တု၊ ၇။ သတျာဒိဟိ
မန္တု ၈။ သဒ္ဓါဒိတော ဏ။
**အသဓာတ်၏ အစ သရကိုချေသော
သုတ်**-သဗ္ဗတ္ထာသဿာဒိလောပေါစ
**အသဝဏ်ပြု**- ကွစာသဝဏ္ဏံလုတ္တေ
**အသဓာတ်၏ အစ-အ-သရကို ချေ**-
သဗ္ဗတ္ထာသဿာဒိလောပေါစ။
**အသရူပမှည့်**- ပရသမညာပယောဂေ
**အသဝဏ္ဏမှည့်**- ပရသမညာပယောဂေ
**အဟံပြု**- တွမဟံ သိမှိစ။
**အာပြု**- ၁။အမှာ ပတော သ္မိံသ္မာနံဝါ၊
၂။အကာရန္တနောင် ပဥ္စမာယော, နိ
ကို အာ-ပြု-သဗ္ဗယောနိန မာဧ၊ ၃။
သ္မာ-ကို အာပြု-သ္မာသ္မိံနံဝါ၊ ၄။သခ
နောင် ဂသိ-ကို အာ-ပြု-သခတော
ဂဿေဝါ၊ ၅။သိကြောင့် ဝိဘတ်နှင့်
တကွ န္တုကို အာပြု-အာ သိမှိ၊ ၆။

http://www.dhammadownload.com



